# ဗိုလ်မင်းဟဲ

## ငြိမ်းချမ်းသောဘဝကိုရှာဖွေခြင်း



ပန်းချီ ထွန်းအောင်

မဋ္ဌ ဂုဏ် အဟံဝန္ဒာမိ

**ဗိုလ်မင်းဟံ** – ငြိမ်းချမ်းသောဘဝကိုရှာဖွေခြင်း

စာမူခွင့်ပြုချက် အမှတ် ၃၂၄/၉၉(၆)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၉၄/၉၉(၆)

**ပထမအကြိမ်**

၁၉၉၉–ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ (၅၀၀)

တန်ဖိုး ၃၅၀ ကျပ်

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးကျော်စိန် (မြ–၀၂၉၀၉)

ကျောက်စိမ်းအော့ဖ်ဆက်၊

အမှတ်–၁၇၁၊ ၃၃–လမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးဝင်းမြင့်

ဝင်းမြင့်အောင်(စာပေ)

၃၁၅/၂၊ ၁–ရပ်ကွက်၊

သောက်ကြန့်၊ တိုးချဲ့။

**ဖြန့်ချိရေး**

မြိတ်စာပေ၊ ၁၉၀၊ ၃၁–လမ်း၊ ရန်ကုန်မြို့။

အထက်မြန်မာပြည်ဖြန့်ချိရေး

နဂါးစာပေ၊ မန္တလေးမြို့။

**စီစဉ်သူ**

ကိုလှနိုင်

# ဗိုလ်မင်းဟံ

## ငြိမ်းချမ်းသောဘဝကိုရှာဖွေခြင်း

**ရည်ညွှန်းချက်**

ကျေးဇူးရှင် ဆရာတော် အရှင် သူမြတ်ကြီးများ
နှင့် ဂုရုဆရာ သူတော်စင် ယောဂီကြီးများအား
ဤစာအုပ်ဖြင့် ဦးညွှတ် ကန်တော့ပါသည်။
ဗိုလ်မင်းဟံ မိသားစု

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အရှေ့နှင့်အနောက် | ၁၇ |
| ၂။ | အရဟံဂုဏ်တော်နှင့်သမ္ဗုဒ္ဓေ | ၃၉ |
| ၃။ | အရဟံဂုဏ်တော်နှင့်ထူးဆန်းသောမြွေကြီး | ၆၁ |
| ၄။ | မတော့ဆရာတော်ဘုရားကြီးဦးဝါသဝ | ၈၉ |
| ၅။ | ဇွန်းလွန်းဆရာတော်၏ ဘဝဖြစ်စဉ် | ၁၁၅ |
| ၆။ | တရားထူးကို ရတော်မူခြင်း | ၁၃၈ |
| ၇။ | ဆရာတော်ဦးကဝိ၏ ဥဒါန်းတရားတော် | ၁၅၃ |
| ၈။ | ဝိမုတ္တိယုဂနှစ်များ | ၁၇၇ |
| ၉။ | မဟာအာဋ္ဌာနာဋိယသုတ်တော် | ၁၈၉ |
| ၁၀။ | ရှင်အရဟံနှင့်အနော်ရထာဘုရင် | ၂၀၀ |
| ၁၁။ | မန္ဓုဟာမင်းနှင့် ဇွန်းလွန်းဆရာတော် | ၂၁၀ |
| ၁၂။ | နေမိန္ဒရတောင်တွင် သိမ်သမုတ်ခြင်း | ၂၃၀ |
| ၁၃။ | ဝိသုဒ္ဓိခုနစ်ပါးနှင့်ပဋ္ဌာန်းတရားတော် | ၂၅၄ |
| ၁၄။ | တောင်ပုလုဆရာတော်ဘုရားကြီး | ၂၆၄ |
| ၁၅။ | တောင်ပုလု ဆရာတော်ဘုရားကြီးနှင့် နေသဇ္ဈိကမုတင် | ၂၉၁ |
| ၁၆။ | ဓာလီတောင်ဆရာတော်ဘုရားကြီး | ၃၁၄ |
| ၁၇။ | ဓာလီတောင်နှင့် ရှင်ပြုမင်္ဂလာ | ၃၄၃ |
| ၁၈။ | ဆရာတော်ဘုရားကြီးအား ပြန်လည်ဖူးမြော်ခြင်း | ၃၆၇ |

# ကျေးဇူးတင်ရှိခြင်း

**"ငြိမ်းချမ်းသောဘဝကိုရှာဖွေခြင်း"** စာအုပ်ကို ပြုစုရေးသား ရိုက်နှိပ် ထုတ်ဝေရာတွင် စာအုပ်စာတမ်းများ ငှားရမ်းခြင်းနှင့် အခြားလိုအပ်သော အကူအညီများကို ပေးခဲ့ကြသော အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ကျေးဇူး တင်ရှိကြောင်း မှတ်တမ်းတင်ပါသည်။

၁။ ဒေါက်တာဦးအောင်သန်း၊ ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ရန်ကုန်မြို့။

၂။ ဒေါက်တာဦးမောင်မောင်ခင်၊ ဆီးနှင့် ကျောက်ကပ်ဌာန၊ ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်မြို့။

၃။ ဆရာကြီး ဦးရန်အောင်၊ (ပညာ့ဗိမာန် စာပြင် စာတည်းချုပ်)။

၄။ ဦးသိန်းအောင်၊ (မောင်သိရိ)။

၅။ ဒေါ်ခင်ကြည် (တက္ကသိုလ်ကြည်မာ)။

၆။ ဦးကြီးမြင့် (စိန်ဂျွန်းကြီးမြင့်)။

၇။ ဦးအေးမြင့် (ပန်းချီ)

၈။ ဦးအောင် (မြက်ရိုင်း)။

၉။ ဒေါ်မြမြပပ (မြကေသီ)။

၁၀။ ဦးဘရင် (ဓနသိဒ္ဓိလမ်း၊ ကမ္ဘာအေး)။

၁၁။ ဦးကျော်ဒင် (ဓနသိဒ္ဓိလမ်း၊ ကမ္ဘာအေး)။

၁၂။ ဒေါ်မြင့်ကြည် (သာသနာရေးဦးစီးဌာန)

၁၃။ မစန်းစန်းယု (ဓနသိဒ္ဓိလမ်း၊ ကမ္ဘာအေး)။

၁၄။ မတင်မိုးအောင် (အလက ၁၊ မရမ်းကုန်းမြို့နယ်)။

၁၅။ ကိုပြည်သိန်း (နတ္တလင်း)။

၁၆။ ဦးစိန်မောင်နှင့်ပညာ့ဗိမာန်ပုံနှိပ်တိုက်အဖွဲ့သားများ။

၁၇။ ဦးခင်မောင်ရွှေ (ကမ္ဘာအေး)။

၁၈။ ဒေါ်တင်တင်အုန်း

## ၃-၄-၇၈
## ကြေးမုံသတင်းစာ စာကြေးမုံတွင်
## ဆရာ ဦးကြီးမောင်၏ ဝေဖန်ချက်

နာမည်ကျော် 'ဆိုင်းဘာဘာ'ကို ပြုစုခဲ့သူ 'ဗိုလ်မင်းဟဲ'၏ ဒုတိယ လက်ရာဖြစ်၏။

ဥရုဝေလတွင် ယောဂလုပ်ငန်း၏ အထွတ်အထိပ် အထိ ကျင့်ခဲ့သော ဗုဒ္ဓသည် နောင်ခါတွင် မိမိသာသနာတော်၏ ငြိမ်းအေးမှုလုပ်ငန်းစဉ်တွင် ယောဂလုပ်ငန်းကို မပစ်ပယ်ခဲ့ပေ။ မပစ်ပယ်ရုံမျှမဟုတ်၊ လွတ်မြောက်မှုဝိပဿနာလုပ်ငန်းသို့ လှမ်းတက်ရန် ပထမအဆင့်အနေဖြင့် သတ်မှတ်သည်။ ယောဂ (သမထ) ၏ ထူးမြတ်သော ယောဂီကျင့်စဉ်၏ အကျိုးများကိုလည်း ဟောသည်။ ဝိပဿနာဖြင့် လောကမှ လွတ်မြောက်သူ တစ်ဦးသည် သမထမှတစ်ဆင့်တက်၍ လွတ်မြောက်ခဲ့သော် မြေလျှိုးမိုးပျံဖန်ဆင်းမှုမျိုးစုံတို့ဖြင့် ဘက်စုံပြည့် လွတ်မြောက်သူ ဖြစ်ကြောင်းကိုလည်း ဟောသည်။

ဤနည်းဖြင့် ယောဂလုပ်ငန်းများသည် ဗုဒ္ဓမပွင့်မီကပင် မျှော်မမှန်းနိုင်အောင် ထွန်းကားနေခြင်းဖြင့်လည်းကောင်း၊ ဗုဒ္ဓပွင့်ပြီးနောက် အရေးပါသော အလုပ်အဖြစ် တွဲဖက်ပေးထားသောကြောင့်လည်းကောင်း ထင်ရှားကျော်ကြားသည်။

ဗုဒ္ဓဘာသာဝင်များသည် ပိဋကတ်တွင် ညွှန်ပြသော ယောဂနည်း(သမထ ၄၀)များကို သိကြ၏။ သို့ရာတွင် ပိဋကတ်တွင် မညွှန်ပြသော နည်းပေါင်းများစွာ ရှိနေသေးသည်။

ယင်း ယောဂနည်းများကို ဆရာပီမိုနင်းပြုစုရေးသား ဖော်ပြခဲ့သည်။ ဟိန္ဒူအသင်းကလည်း တချိန်သော အခါက စာရေးမျိုးသန့်အား ပြန်ဆိုစေ၍ သမထလမ်းညွှန်စာအုပ်များ ထုတ်ဝေခဲ့ဖူးသည်။

ယင်းသို့ ယနေ့အထိ ပြန်ဆိုညွှန်ပြခဲ့သော စာအုပ်များ အနက် ကိုယ်တိုင်လည်း လေ့ကျင့်အားထုတ်၍ သရုပ်ဖော် ပုံပေါင်းများစွာဖြင့် ဖော်ပြသော ဗိုလ်မင်းဟဲ၏ ယခုစာအုပ်သည် အရှင်းဆုံး အကောင်းဆုံး ဖြစ်၏။

**ကြီးမောင်**

## စာရေးသူ၏အမှာ

**“နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ”**

ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးတို့အား ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါသည်။ စာရေးသူအား အစဉ် စောင့်ရှောက်လမ်းညွှန်လျက် ရှိကြကုန်သော ဆရာတော်အရှင်သူမြတ်များနှင့် ဂုရုဆရာ ယောဂီသူတော်စင်များကို ရှိသေစွာ ရှိခိုးကန်တော့ပါသည်။ မိခင် ဖခင် ကျေးဇူးရှင်များနှင့် အာစရိယနွယ်ဝင် ဆရာသခင် အပေါင်းတို့အား ဦးညွှတ်ရှိခိုးပြီးနောက် ဤစာအုပ်ကို ပြုစုရေးသားပါသည်။

“ငြိမ်းချမ်းသောဘဝကို ရှာဖွေခြင်း” စာအုပ်မှာ လွန်ခဲ့သော ၁၅–နှစ်ခန့်ကပင် စ၍ သန္ဓေတည်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ထိုနှစ်များက စာရေးသူမှာ တပ်တာဝန်များဖြင့် ပုဂံ၊ ညောင်ဦး၊ မြင်းခြံ၊ မိတ္ထီလာဒေသများသို့ ရောက်ရှိခဲ့သည်။ ထိုဒေသများသို့



ရောက်ရှိနေစဉ် ဝါသနာအလျောက် လေ့လာခဲ့ရာမှ ဤစာအုပ်ပါ အကြောင်းအရာဖြစ်ရပ် ဇာတ်လမ်းများမှာ စိတ်ကြေးမုံတွင် ရောင်ပြန်ဟပ်၍ ပေါ်လာကြသည်။

စာရေးသူ၏ ရေးသား ဖော်ပြချက်များမှာ စိတ်ကူးယဉ်သက်သက်များ မဟုတ်ပါ။ ဤမြန်မာ့မြေပေါ်တွင် ဖြစ်ပျက်သွားသော အကြောင်းအရာ ဖြစ်စဉ်များသာဖြစ်သည်။ သမိုင်းကျမ်းကိုး အထောက်အထား ပြည့်စုံစွာလည်း ရှိကြသည်။ ငြိမ်းချမ်းသောဘဝကို လိုလား တောင့်တသည့် အလျောက် ငြိမ်းချမ်းသောဘဝရှင်များ၏ ဘဝဖြစ်စဉ်ကဏ္ဍ အချို့ကို တစေ့တစောင်း လေ့လာ တင်ပြခြင်းမျှသာ ဖြစ်သည်။ အကြောင်းအရာဖြစ်စဉ်များနှင့် ဆက်နွယ်ပြီး စာရေးသူနှင့် သက်ဆိုင်သော အကြောင်းအရာများ ပါသွားရသည်ကို ခွင့်ပြုစေလိုသည်။

“ထူးခြား ဆန်းကြယ်သော ဘဝဖြစ်စဉ်များ” စာအုပ်ထုတ်ဝေပြီးနောက် စာရေးသူထံ ထိုကဲ့သို့သော စာအုပ်မျိုးကို ထပ်မံရေးသားပါဟု စာအားဖြင့်တစ်ဖုံ၊ လူကိုယ်တိုင်လာရောက်၍တစ်မျိုး ဆက်သွယ်ပြောကြား ဆွေးနွေးကြသည်။

အမှန်ဆိုရသော် ထိုစာအုပ်မှာ စာရေးသူတွင် ဖြစ်ပေါ်နေသော လူမှုဒုက္ခရောဂါဝေဒနာများကို ယောဂီကျင့်စဉ်များ လေ့ကျင့်အားထုတ်ခြင်းဖြင့် မည်သို့မည်ပုံ သက်သာပျောက်ကင်းချမ်းသာခဲ့ရသည်များကို အကြောင်းရင်းခံ၍ ရေးသားဖော်ပြခဲ့ခြင်းသာ ဖြစ်သည်။ စာအုပ်ထွက်ပြီးနောက် ယောဂီကျင့်စဉ်ကို ပိုမို စိတ်ဝင်စားလာကြသည့်အလျောက် “သင့်ဘဝ အတွက် ယောဂီကျင့်စဉ်” စာအုပ်ကို ရှာဖွေ ဖတ်ရှုကြသည်။ ယောဂီ

ကျင့်စဉ်များကို လေ့ကျင့်အားထုတ်ရင်းမှ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ရောဂါဝေဒနာများ ပျောက်ကင်း ချမ်းသာကြသဖြင့် စာရေးသူထံ ကျေးဇူးတင်စကား ဆက်သွယ် ပြောဆိုလာကြသည်။ လေ့ကျင့်ရာ၌ အချို့ အခက်အခဲတွေ့နေသူများကလည်း အကူအညီ တောင်းကြသည်။ ကိုယ်တွေ့ စာတွေ့နှင့် သင်ယူလေ့ကျင့် အားထုတ်ခဲ့ဖူးသော ကျင့်စဉ် အတွေ့အကြုံများမှ တတ်သိသလောက် ပြန်လည် ပြောပြ ကူညီရသဖြင့် ကုသိုလ်ဖြစ်ရသည်။

စာရေးသူမှာ ဖော်ပြပါ စာအုပ်များကို ပြုစုရေးသားရာ၌ အဓိက ရည်ရွယ်ချက်မှာ စာဖတ်သူများသည် စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုဖြစ်ပေါ်ပြီး အကျင့် သီလ သမာဓိ ပညာ တိုးတက်စေရန်ပင် ဖြစ်သည်။ အထူးသဖြင့် လူငယ် လူရွယ်များတွင် အကျင့်စာရိတ္တ ကောင်းမွန်ပြီး မူးယစ်ဆေးဝါးမှီဝဲခြင်းများနှင့် အခြား မကောင်းမှုဒုစရိုက်များ ကျူးလွန်ခြင်း မရှိဘဲ ဘာသာတရားအပေါ်တွင် ရှိသေကိုင်းရှိုင်းမှု ဖြစ်ပေါ်လာကာ တတ်နိုင်သလောက် လိုက်နာ လေ့ကျင့် အားထုတ်ခြင်းဖြင့် ယခုဘဝတွင်လည်း နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ပြီး တမလွန်ဘဝတွင် ကောင်းသော ဘုံဘဝ နေရာဌာနများသို့သာ ရောက်ရှိနိုင်ကြစေရန် ရည်ရွယ်ချက်ထားပြီး ရေးသားပြုစုခဲ့ခြင်း ဖြစ်သည်။

ယောဂီကျင့်စဉ်များမှာ အထူးသဖြင့် ခန္ဓာကိုယ်တွင်းရှိ ဦးနှောက် အာရုံကြောများကို ကြည်လင် လန်းဆန်းစေပြီး ကျန်းမာရေးကို အထူး အကျိုးပြုသည်။ စိတ်ပိုင်း ရုပ်ပိုင်း



ဆိုင်ရာ တိုးတက်မှုများကြောင့် လုပ်ငန်း ဆောင်ရွက်ရာတွင် ထက်မြက် အောင်မြင်စေပြီး လူမှုဒုက္ခဆင်းရဲများကို ခံနိုင်စွမ်းရှိသည်။ ကိုယ်ကျင့်တရား ကောင်းမွန်ပြီး စိတ်ဓာတ် တည်ကြည်ကာ သစ္စာရှိ လူတော်လူကောင်းများ ဖြစ်စေနိုင်သည့်သဘောသတ္တိကို ဆောင်သော သိပ္ပံနည်းကျ လက်တွေ့ ဝိဇ္ဇာ ကျင့်စဉ်များ ဖြစ်သည်။

လူ့ဘောင်ဘဝရှိ စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာ ဒုက္ခဆင်းရဲများကို တွေ့ကြုံနေကြရသူများကို ကူညီရသဖြင့် များစွာ အကျိုးရှိသည်။ "ငြိမ်းချမ်းသော ဘဝကို ရှာဖွေခြင်း" မှာလည်း ဆရာတော် အရှင်သူမြတ်များကို ကြည်ညိုသဒ္ဓါစိတ် ဖြစ်ပေါ်သည်နှင့်အမျှ ရတနာသုံးပါး အပေါ်တွင် ယုံကြည်လာပြီး ဘာသာတရားကို အားထား ကိုးကွယ်လိုသော စိတ်ဓာတ်များ ဖြစ်ပေါ်စေရန် ပြုစုရေးသားခြင်း ဖြစ်သည်။

စိတ် ဝိညာဉ်ပိုင်းဆိုင်ရာ လျှို့ဝှက်နက်နဲသော လမ်းစဉ်များကို စိတ်ဝင်စားပြီး စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှုများကို လေ့လာလိုသူများအားလည်း စာရေးသူ သိသမျှပြန်လည် ဖော်ပြလိုသောဆန္ဒ ရှိသည်။ ဆရာတော်ဘုရားကြီးများအကြောင်းကို ရေးသား ဖော်ပြရာ၌ သွားရောက် ဖူးမြော်တွေ့ဆုံစဉ်အခါက မေးမြန်း လျှောက်ထားချက်များ အနက်အကြောင်းအရာ ဖြစ်ရပ်အချို့ကိုသာ ထည့်သွင်း ရေးသားဖော်ပြခြင်း ပြုပါသည်။

ဘာသာရေး အယူဝါဒ ဆိုင်ရာ နယ်ပယ်မှာ အလွန်တရာကျယ်ပြန့်လှသည့်အလျောက် အကုန်အစင် သိရှိနိုင်အောင်

လေ့လာရန်မှာ နက်နဲလှသဖြင့် ဉာဏ်မီသလောက် တတ်စွမ်းသမျှ ကြိုးစား လေ့လာခဲ့ရသည်၊ စာရေးသူ မသိသေးသော ဒဿနပိုင်းဆိုင်ရာ အယူအဆ သဘောတရားများမှာ အများအပြားပင် ရှိနေမည်ကိုကား ကောင်းစွာ နားလည် သဘောပေါက်မိသည်။ ဘာသာတရား အယူဝါဒများမှာ သဘာဝ ရေမြေ တောတောင် ရာသီဥတု အခြေအနေကို လိုက်ပြီး သူ့ခေတ် သူ့အခါနှင့်အညီ ကြောင်းကျိုးဆက်စပ်၍ လူ့သမိုင်းတွင် ဖြစ်ပေါ်လာရသော အယူဝါဒများ ဖြစ်သည်ဟု ယူဆမိသည်။

ငယ်စဉ်ကပင် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ဖြစ်သည့်အလျောက် ရတနာသုံးပါးကို အထူးပင် ယုံကြည် လေးစား ဦးထိပ်ထားခဲ့သည်။ ထေရဝါဒ၊ မဟာယာန ဗုဒ္ဓဘာသာ အယူဝါဒများအပြင် အခြားဘာသာ အယူဝါဒများကိုလည်း ဉာဏ်မီသလောက် အခွင့်အရေးရသလို ကြိုးစားလေ့လာခဲ့ဖူးသည်။ မျက်မှောက် ကမ္ဘာတွင် ဘာသာရေး ခံယူချက်များမှာ တဖြည်းဖြည်း အားနည်းမှေးမှိန်လာကြသည်။ လူသားတို့မှာ ရုပ်ကြမ်းဝါဒကြောင့် တဖြည်းဖြည်း စရိုက်ကြမ်းလာကာ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ပေါ်များကို ယုံကြည်မှု နည်းလာကြသည်။

ဘာသာရေးခံယူချက် အားနည်းလာသည်နှင့်အမျှ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တည်းဟူသော ဗြဟ္မစိုရ် တရားလေးပါးသည်ပင် တဖြည်းဖြည်း ဆိတ်သုဉ်းလာသည်။ ဗြဟ္မဝိဟာရတရား လေးပါး မှေးမှိန်လာသည်နှင့်အမျှ အကုသိုလ် ဒုစရိုက်များ ပိုမို ထူပြောလာကြသည်။



ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်ကို အနှစ်–၅၀၀၀ အထိ တည်လိမ့်မည်ဟု အများက ယူဆထားကြသည်။ ယခုအချိန်တွင် သာသနာ နှစ်ပေါင်းမှာ ၂၅၂၄–နှစ် ရှိပြီဖြစ်၍ နောက်ထပ် သာသနာ သက်တမ်းမှာ ၂၄၇၆–နှစ်မျှသာ ကျန်တော့သည်။ ကမ္ဘာကြီး၏ သက်တမ်းမှာမူ ထိုထက်မက ရှည်ကြာဦးမည် ဖြစ်သည်။ သို့ဖြစ်၍ သာသနာတစ်ဝက်ကျော်တွင် စာရေးသူတို့ နေထိုင်လျက်ရှိသော မျက်မှောက်ခေတ်၌ လူကြီးလူငယ်မရွေး သာသနာတော်ကို သက်ဝင်ယုံကြည်မှု ရှိလာစေရန် ရည်ရွယ်၍ ဤစာအုပ်ကို ပြုစုရေးသားရခြင်း ဖြစ်သည်။

ဤစာအုပ်ကို ဖတ်ရှုရသူများမှာ ဆရာတော်ဘုရားကြီးများ အပေါ်တွင် ကြည်ညိုသဒ္ဓါစိတ်ဖြစ်ပေါ်ပြီး ဘုရား၊ တရား၊ သံဃာ ရတနာမြတ် သုံးပါး အပေါ်တွင် ယုံကြည် လေးစား ဦးထိပ်ထားပြီး စိတ် ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက် ဖြစ်ပေါ်မှုများကို လေ့လာလိုစိတ် ပေါ်ပေါက်လာမည် ဖြစ်သည်။ နောင်တမလွန်ဘဝကို ယုံကြည်လာသည်နှင့်အမျှ ဘဝသံသရာလည်ပတ်နေမှုများကိုလည်း လက်ခံကြပေမည်။ ဗုဒ္ဓမြတ်စွာ၏ ဒေသနာတော်နှင့် ဆန့်ကျင်သည့် ဘဝ မရှိ၊ သံသရာ မရှိ ဟူသော အယူအဆများကိုလည်း ပယ်သတ်နိုင်ကြပေမည်။ ကုသိုလ်၊ အကုသိုလ် တရားများကို ဆင်ခြင် သိရှိလာကြပြီး ကုသိုလ်တရားကို ပိုမိုပွားများ အားထုတ်နိုင်လာကြမည် ဖြစ်သည်။

ဘာသာတရားတွင် သက်ဝင် ယုံကြည်လာသည်နှင့်အမျှ လူသားတိုင်းမှာ ကိုယ်ကျင့်သီလ ကောင်းမွန်လာပြီး စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုကို ဖြစ်ပေါ်စေနိုင်သည်။ သို့မှသာ

## စာရေးသူ၏အမှာ

သာယာ အေးချမ်းသော ငြိမ်းချမ်းသည့် လူ့ဘောင်ဘဝကို တည်ဆောက်နိုင်ပြီး ငြိမ်းချမ်းသောကမ္ဘာကြီး ဖြစ်ပေါ်လာနိုင်ပေမည်။ ငြိမ်းချမ်းသော ဘဝရှင်များသည် ကမ္ဘာပေါ်ရှိ လူသားများအတွက် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းမှု အလင်းရောင်ကို ပေးနိုင်သော မီးရှူးတန်ဆောင်သဖွယ် ဖြစ်ပါသတည်း။

ဤစာအုပ် ပြုစုရေးသားရာတွင် စာရေးသူ၏လိုအပ်ချက်များကို ကူညီ ရေးသားပေးခဲ့သော ဇနီးဖြစ်သူ ဒေါ်မြင့်ကြည် (သာသနာရေးဦးစီးဌာန)၊ ချစ်သမီးလေး တင်မိုးအောင်၊ စာအုပ်တွင် ရေးသားခွင့်ပြုသော မိတ်ဆွေ၊ သူငယ်ချင်းများနှင့် တပည့်များကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပါသည်။

သတ္တဝါများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ။

မိုလ်မင်းဟဲ

၁၁၃၊ မနသိဒ္ဓိလမ်း၊

ကမ္ဘာအေးစာတိုက်၊ ရန်ကုန်မြို့။

ဖုန်း–၆၁၂၉၀။

(၂၇–၇–၈၀)

အခန်း (၁)

# အရှေ့နှင့် အနောက်

ပညာရပ်၊ ဘာသာရပ်တစ်ခုကို လေးလေးနက်နက် စူးစူးစိုက်စိုက် လေ့လာမည်ဆိုပါက လူများစုမှာ လေ့လာလိုစိတ် မရှိကြပေ။ သိပ္ပံပညာသည် ရုပ်ကမ္ဘာကြီး၏ တိုးတက်ဖြစ်ပေါ်မှုများကို အစွမ်းကုန် ဖော်ထုတ် လေ့လာခဲ့သော်လည်း ရုပ်ကမ္ဘာနှင့်ပတ်သက်၍ သိပ္ပံပညာ၏ လေ့လာတွေ့ရှိချက်များမှာ အပိုင်းအစမျှသာ ရှိသေးသည်။ လူသား သိပ္ပံပညာရှင်များသည် ရုပ်ပိုင်းဆိုင်ရာ သိပ္ပံပညာ၏ တိုးတက်မှုဖြင့် သဘာဝ လောကကြီးကို အောင်နိုင်အောင် ကြိုးစားကြသည်။ ရုပ်ပိုင်းဆိုင်ရာ ရုပ်ကမ္ဘာကြီးကို ကြီးစိုး လွှမ်းမိုးနိုင်အောင် ရာစုနှစ်ပေါင်း များစွာကပင် ကြိုးစားခဲ့ကြသည်။

သို့သော်လည်း သူတို့သည် သဘာဝနှင့် ရုပ်ကမ္ဘာကို ကြီးစိုးလွှမ်းမိုးနိုင်ခြင်း မရှိခဲ့ကြပေ။ ယခုခေတ် လူသားတို့သည် သိပ္ပံပညာ မည်မျှပင် ထွန်းကားနေပါသည်၊ စကြာဝဠာ အာကာသသို့ပင် သွားရောက်နေထိုင်ရန် ကြံဆတီထွင် နေကြပါသည်ဟု မည်သို့ပင်ဆိုစေကာမူ၊ ယနေ့ ကမ္ဘာမြေကြီးပေါ်တွင် ဖြစ်ပေါ်နေသော မြေငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ခြင်း၊ လေမုန်တိုင်းကျခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ တောမီး လောင်ခြင်းစသည့် သဘာဝ၏ ဘေးအန္တရာယ်ဆိုးကြီးများကိုပင် ကာကွယ်နိုင်စွမ်း မရှိဘဲ အလူးအလိမ့် ခံနေကြရပေသည်။ ဤ အချက်ကပင် လူသားတို့သည် သိပ္ပံပညာဖြင့် သဘာဝကို ကြီးစိုးလွှမ်းမိုးရန် မည်မျှပင် ကြိုးစားသော်လည်း မည်သည့်အခါမျှ အောင်မြင်နိုင်စွမ်း ရှိမည် မဟုတ်သေးသော သက်သေသာဓကများပင် ဖြစ်သည်။

လူသားတို့သည် အလွန်တရာ ရှုပ်ထွေးပွေလီလှသော နောက်ဆုံးပေါ် အသံထက်သုံးဆခန့် လျင်မြန်သော ဂျက်လေယာဉ်ပျံတစ်ခု၏ များပြားလှသော ဆက်သွယ် တည်ဆောက်ပုံ အစိတ်အပိုင်း အားလုံးကို သိရှိ လေ့လာနိုင်ကြပေသည်။ တီထွင် ဖော်ထုတ် ပြုလုပ်နိုင်ကြသည်။ သို့သော်လည်း လူ၏ ရုပ်ပိုင်းဆိုင်ရာ တည်ဆောက်မှုဖြစ်သော ဦးခေါင်းအတွင်း ဦးနှောက် အာရုံကြော အစိတ်အပိုင်းများကိုပင် ပြည့်စုံအောင် မည်သည့် ဆေးသိပ္ပံပညာကမျှ ယခု အချိန်အထိ ဖော်ထုတ် လေ့လာနိုင်စွမ်း မရှိသေးပေ။ ခန္ဓာကိုယ်၏ ရုပ်ပိုင်းဆိုင်ရာ တည်ဆောက်မှုဖြစ်သော အရေးကြီးသည့် ကိုယ်အင်္ဂါ အစိတ်အပိုင်းများ



ကိုပင် ပြီးပြည့်စုံအောင် ရှာဖွေ ဖော်ထုတ် လေ့လာနိုင်စွမ်း မရှိကြပေ။

ကမ္ဘာပေါ်ရှိ သတ္တဝါများအနက် လူသည် စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ တည်ဆောက်မှုရှိသော အမျိုးအစားတွင် ပါဝင်သည်။ စိတ်ပညာပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ တည်ဆောက်မှုများဖြင့် ဖြစ်ပေါ်လာသောသူမှာ ခန္ဓာကိုယ်၏ ရုပ်ပိုင်းဆိုင်ရာ တည်ဆောက်မှုကိုပင် ပြီးပြည့်စုံအောင် ဖော်ထုတ် လေ့လာနိုင်စွမ်း မရှိသေးသဖြင့် စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက် ဖြစ်ပေါ်မှုနယ်ပယ်ကို လေ့လာရန်မှာမူ များစွာ ခက်ခဲနက်နဲ သိမ်မွေ့လျက်ရှိနေတော့သည်။

စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှုများကို လေ့လာရာ၌ အကြောင်းအရာ ဖြစ်ရပ်တစ်ခုကို ရုပ်ပိုင်းဆိုင်ရာ သိပ္ပံနည်းဖြင့် ဖော်ထုတ်ခြင်း မပြုနိုင်သောအခါ၌ သဘာဝလွန် ဖြစ်ရပ်အကြောင်းအရာများဟု သတ်မှတ်ထားလိုက်ကြသည်။ သဘာဝကိုပင် ပြီးပြည့်စုံအောင် ဖော်ထုတ် လေ့လာနိုင်စွမ်း မရှိသောအခါ၌ သဘာဝလွန် အကြောင်းအရာ ဖြစ်ရပ်များကို ဖော်ထုတ်လေ့လာရန်မှာ သိပ္ပံပညာက မမီသော အဆင့်သို့ ရောက်ရှိနေတတ်သည်။ ထိုအခါ၌ မသိရှိ၊ ဉာဏ်မမီသော အကြောင်းအရာဖြစ်ရပ်တစ်ခုကို မဖြစ်နိုင်ဟန် ယုံတမ်းစကားများအဖြစ် သတ်မှတ်ထားတတ်ကြပေသည်။

အထူးသဖြင့် စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ တည်ဆောက်မှုမှ တိုးတက်ဖြစ်ပေါ်လာသော သဘာဝလွန် အကြောင်းအရာ ဖြစ်ရပ်များကို အရှေ့တိုင်းတွင် အများဆုံး တွေ့ရလေသည်။ ကမ္ဘာ

သမိုင်းတစ်လျှောက်၌ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှုများကို အရှေ့တိုင်းကပင် ဦးဆောင်ခဲ့သည်။ မျက်မှောက်ခေတ်ကမ္ဘာတွင်လည်း လူသားတို့၏ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှုကို အရှေ့တိုင်းကပင် ခေါင်းဆောင်လျက် ရှိသည်။ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက် ဖြစ်ပေါ်မှုသည် လူ့ဘောင်ဘဝ၏ ငြိမ်းချမ်းသာယာမှုကို အစဉ် ရှေ့ဆောင်ပြီး အလင်းရောင်ပေး လမ်းပြခဲ့သည်။

အရှေ့အရပ်မှ နေထွက်သကဲ့သို့ အရှေ့တိုင်းသည် လူသားတို့၏ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက်မှုကို ဦးဆောင်သည်။ အနောက်အရပ်သို့ နေဝင်သကဲ့သို့ အနောက်တိုင်းသည် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုကို ဦးဆောင်သည်။ တစ်နေ့တာ၏ အစကို နေထွက်ခြင်းက ကြီးစိုးလွှမ်းမိုးသကဲ့သို့ တစ်နေ့တာ၏ အဆုံးကို နေဝင်ခြင်းက ကြီးစိုးလွှမ်းမိုးလျက် ရှိလေသည်။ ဘဝ၏ အစကို အရှေ့က ဦးဆောင်ပြီး ဘဝ၏အဆုံးကို အနောက်က ဦးဆောင်သည်။ ဖြစ်ပေါ်ထွန်းကားခြင်း၊ တိုးတက်သာယာခြင်း၊ ငြိမ်းချမ်းခြင်းကို အရှေ့က နေမင်းထွက်သကဲ့သို့ ဥပမာဆောင်ပြီး ဆုတ်ယုတ်ပျက်စီးခြင်း၊ အဆုံးသတ် နိဂုံးချုပ်ခြင်းကို အနောက်သို့ နေဝင်ခြင်းဖြင့် ဥပမာဆောင်နိုင်ပေသည်။

အရှေ့သည် ငြိမ်းချမ်းမှုနှင့် စိတ်ဝိညာဉ်ပိုင်း ဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှုကို ကြီးစိုးလွှမ်းမိုးသည်နှင့်အမျှ အနောက်သည် ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုနှင့် ပျက်စီးဆုံးရှုံးခြင်းကို ကြီးစိုးလွှမ်းမိုးလျက် ရှိသည်။ ယနေ့ ကမ္ဘာတွင် ဖြစ်ပေါ် ပြောင်းလဲတိုးတက်နေမှုများကို ဤအယူအဆဖြင့် ချိန်ထိုး သိရှိနိုင်ပေ



သည်။ အရှေ့တိုင်း နေထွက်ရာ အရပ်သည် လူသားတို့၏ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှုကို အကျိုးပြုနေသကဲ့သို့ လူ့ဘောင်ဘဝ၏ ငြိမ်းချမ်းသာယာ တိုးတက်မှုကို ဖြစ်ပေါ်စေပြီး အနောက်တိုင်း နေဝင်ရာအရပ်သည် လူသားတို့၏ ရုပ်ပိုင်းဆိုင်ရာ ရုပ်ကမ္ဘာ၏ တိုးတက်မှုကို ဖြစ်ပေါ်စေကာ လူသားတို့၏ ပျက်စီးချုပ်ငြိမ်းခြင်း သင်္ခါရသဘောကို ဖြစ်ပေါ်စေသည်။

အနောက်တိုင်း သိပ္ပံပညာ၏ တိုးတက်မှုများသည် လူသားတို့အား သေကြေပျက်စီးခြင်း၊ စိတ်၏ ငြိမ်းချမ်းမှု မရခြင်း၊ အကုသိုလ် ထူပြောခြင်း၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှု၏ သာယာမှုများဖြစ်သော အာရုံငါးပါး၏ ဆွဲဆောင်ရာဖြစ်သော စည်းစိမ်ချမ်းသာများ နောက်သို့ လိုက်နေတတ်သည်။ ထိုအခါ၌ လောဘ၊ ဒေါသ၊ မောဟ တရားများ ပိုမို ဖြစ်ပေါ်စေပြီး လူ့ဘောင် ဘဝ၏ ပျက်စီး ချုပ်ငြိမ်းမှုများကို ဖြစ်ပေါ်စေခဲ့သည်။

သိပ္ပံပညာ ထွန်းကားမှုနှင့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုများနောက်တွင် ကပ်ပါလာသော လူသားတို့၏ အသက် အိုးအိမ်စည်းစိမ်ဟူသမျှကို တစ်မုဟုတ်ချင်း ပျက်စီးသွားစေသော ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်ခဲ့သည့် စစ်ပွဲကြီးများသည် အနောက်တိုင်းမှပင် စ,ခဲ့ကြလေသည်။ သိပ္ပံပညာနှင့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှု ထွန်းကားသည်နှင့်အမျှ လူသားတို့အား ပျက်စီးစေမည့် အန္တရာယ်များသည်လည်း တစ်နေ့တခြား ပိုမို များပြားလာကြသည်။ သို့ဖြစ်၍ နေဝင်ရာ အရပ် ဖြစ်သော အနောက်

တိုင်း ရုပ်ကမ္ဘာ၏ သိပ္ပံပညာ တိုးတက်မှုများသည် လူသားတို့အား တစ်စုံတစ်ခုသော အတိုင်းအတာ အထိ တိုးတက်သာယာမှု အရိပ်အရောင်ကလေးကို ပြပြီး နောက်ဆုံးတွင် သေကြေပျက်စီး ဆုံးရှုံးခြင်းသဘောကို ဆောင်ခြင်းဖြင့်သာ နိဂုံးချုပ်ခဲ့ပေသည်။

စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှုသည် လူသားတို့အား စိတ်၏ ငြိမ်းချမ်းခြင်း၊ ချမ်းမြေ့သာယာခြင်းနှင့် ဘဝလွတ်မြောက်ရေး လမ်းကြောင်းပေါ်သို့ ခေါ်ဆောင်သွားသည်။ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုသည် ပျက်စီးဆုံးရှုံးခြင်းနှင့် ဘဝသံသရာတွင် အထပ်ထပ် အခါခါ လည်ပြီး ဒုက္ခ သံသရာအတွင်း ရောက်ရှိအောင် ခေါ်ဆောင်လျှက်ရှိသည်။ ယနေ့ ကမ္ဘာရှိလူသားတို့၏ ဖြစ်ပေါ်တိုးတက်လာသော သမိုင်းစဉ်တစ်လျှောက်ကို စဉ်းစားဆင်ခြင်တုံတရားဖြင့် ပြန်လည် တွေးတောကြည့်မည်ဆိုပါက ဖော်ပြပါ ဖြစ်ရပ်နှစ်ခုကို အထင်းသား တွေ့မြင်နေရမည် ဖြစ်သည်။

ရုပ်ကမ္ဘာနှင့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုများကို အမြင့်ဆုံးအဆင့်ထိ ရောက်ရှိပြီး ရရှိခံစားနေရသော အနောက်ကမ္ဘာရှိ လူသားများမှာ စိတ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းမှုကို မရသဖြင့် ဘဝ၏ ငြိမ်းချမ်းသာယာမှုကို မတွေ့ရှိရပေ။ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုများကြောင့် လူနေမှုအဆင့်အတန်း မည်မျှပင် မြင့်မားလှပါသည်ဟုဆိုသော်လည်း စိတ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းမှုကို မရသောအခါ၌ ဒုက္ခဆင်းရဲအမျိုးမျိုး တွေ့နေကြရလေသည်။ ထိုအခါ၌ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက်မှုဖြင့်သာ စိတ်၏ငြိမ်းချမ်းရေး



နှင့် လူ့ဘောင်ဘဝ၏ စစ်မှန်သော ငြိမ်းချမ်းရေးကို ရနိုင်မည်ဟု ယုံကြည်လာကြသည်။ တွေးတောကြံစည်လာကြသည်။

စိတ်၏ငြိမ်းချမ်းရေးအတွက် ကြီးမားသော မျှော်လင့်ချက်ဖြင့် အရှေ့တိုင်း နေထွက်ရာအရပ်သို့ မျှော်၍ ကြည့်ကြသည်။ အမြင်မှန်ကို ရလိုလာသော ပညာရှင်များ၊ ဘဝ၏အမှန်တရားနှင့် ဘဝဖြစ်စဉ်များကို သိလိုသူများနှင့် ပါရမီရှင် သူတော်ကောင်းများသည် အရှေ့တိုင်းသို့ ခရီးဆန့်ကာ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှုများကို ရရှိခံစားနိုင်ရန်အတွက် လာကြသည်။ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုသက်သက်ဖြင့် လူ့ဘောင်ဘဝ၏ တိုးတက်မှုနှင့် ငြိမ်းချမ်းသာယာမှုကို ရရှိနိုင်လိမ့်မည် မဟုတ်ဟု လက်တွေ့ဖြစ်ရပ်များနှင့် လူ့သမိုင်းဖြစ်စဉ်များက သက်သေပြလျက် ရှိသည်။

ရုပ်ပိုင်းဆိုင်ရာ သိပ္ပံပညာ တိုးတက်မှုကြောင့် လူသားတို့အတွက် ရရှိခံစားရသော အကျိုးအမြတ်များမှာ ပျက်စီးဆုံးရှုံးမှုနှင့် နှိုင်းယှဉ်ကြည့်ပါက မပြောပလောက်အောင်ပင် ဖြစ်နေသည်။ ဥပမာဆိုရသော် ဆေးသိပ္ပံပညာ၏ တိုးတက်မှုကြောင့် နှလုံးရောဂါဖြစ်သူ လူတစ်သန်းကို ကုသပျောက်ကင်း၍ ရုပ်ပိုင်းဆိုင်ရာ သိပ္ပံပညာ၏တိုးတက်မှုကို ချီးကျူးထောမနာ ရေးကြ၊ သားကြ၊ ပြောဆိုကြသော်လည်း အနုမြူဗုံးတစ်လုံးက လူပေါင်းသန်းနှစ်ဆယ်ခန့်ကို စက္ကန့်ပိုင်းအတွင်း သေကြေ ပျက်စီးစေသည်။ လူတွင်မက လူသားတို့၏ နှစ်ရှည်လများ တည်ဆောက်ထားသည့် အိုးအိမ်စည်းစိမ်နှင့် ယဉ်ကျေးမှု အဆောက်အအုံ

ဟူသမျှကို တစ်မုဟုတ်ချင်း ဖျက်ဆီးဝါးမျို ပစ်လိုက်လေသည်။ သိပ္ပံပညာ၏ တိုးတက်မှုကြောင့် ရှေးခေတ်ကထက် ခရီးသွားရာတွင် မြန်ခြင်း၊ ဆက်သွယ်ရာတွင် မြန်ခြင်း၊ နေထိုင်သွားလာမှု အဆင့်အတန်း မြင့်ခြင်းနှင့် လူသားတို့၏လူနေမှုအဆင့်အတန်း တိုးတက်ပါသည်ဟု ဆိုကြပေသည်။ သို့သော်လည်း ထို သိပ္ပံပညာ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုကြောင့် ဖြစ်ပေါ်လာသော လူသတ် လက်နက်ဆန်းများနှင့် ဖျက်ဆီးရေး လက်နက်ဆန်းများကြောင့် ပထမကမ္ဘာစစ်ကြီးနှင့် ဒုတိယကမ္ဘာစစ်ကြီးများအတွင်း သန်းပေါင်းများစွာသော လူသားတို့နှင့်တကွ အိုးအိမ်စည်းစိမ် မြောက်မြားစွာ ပျက်စီးခဲ့ရသည်ကို အမှတ်ရကြမည်ဖြစ်သည်။

စာရေးသူ ဖတ်ဖူးသော ကမ္ဘာကျော် ဝတ္ထုတစ်ပုဒ်မှ ဒုတိယကမ္ဘာစစ်အတွင်း အီတလီစစ်မျက်နှာတစ်ခု၌ သေအံ့ဆဲဆဲ စစ်သားရဲဘော်တစ်ဦး၏ ညည်းတွားမှု သံဝေဂကို ပြန်လည် စဉ်းစားမိသည်။ သူ စစ်ထဲမဝင်မီ ကျောင်းသားဘဝ တက္ကသိုလ်တွင် ပညာသင်ကြားစဉ်က သမိုင်းပါမောက္ခတစ်ဦးက စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှုများကို ဆွေးနွေးသင်ပြစဉ် သူက ရုပ်ပိုင်းဆိုင်ရာ သိပ္ပံပညာ တိုးတက်မှုကိုသာ ယုံကြည်သဖြင့် ဆွေးနွေးပို့ချသော ဆရာဖြစ်သူ ပါမောက္ခ၏ စိတ်ပိုင်းဆိုင်ရာတိုးတက်မှု ဆွေးနွေးချက်ကို ဟားတိုက်၍ သရော်ခဲ့လေသည်။ ယခုအခါတွင်မူ သူ ယုံကြည်ခဲ့သော ထို ရုပ်ပိုင်းဆိုင်ရာ သိပ္ပံပညာ၏ တိုးတက်မှု လက်ချက် စနက်ကြောင့် စစ်မြေပြင်တွင် ဒဏ်ရာရကာ သေအံ့မူးမူး ဖြစ်နေဆဲကာလ ရောက်မှပင် ထို ပါမောက္ခ၏ ဆွေးနွေး



ချက်မှာ မည်မျှ မှန်ကန်နေသည်ကို သူ့ဘဝနှင့်ယှဉ်၍ ပြန်လည် အမှတ်ရမိသည်။

သေတော့မည်ဖြစ်၍ သူအချစ်ဆုံး မိဘ ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်း အပေါင်းအသင်းများနှင့် ခွဲခွာပြီး ထွက်သွားရတော့မည်ကို သိနေသည်။ သူ ယုံကြည်ကိုးစားလှသော သိပ္ပံပညာ၏ လူသတ် လက်နက်ဆန်းများက သူ့အား ဤ ကမ္ဘာကြီးမှ အပြီးအပိုင် ထွက်ခွာစေရန်အတွက် အဆုံးစီရင်လိုက်ကြပြီ ဖြစ်သည်။ သေဖော်သေဖက် သူငယ်ချင်း ရဲဘော်အချို့က သူ့အား ဝိုင်းကြည့်နေကြသည်ကို ခပ်ဝါးဝါး တွေ့မြင်နေရသည်။ သေခါနီး နောက်ဆုံးတွင် သူ ပြောသွားသော စကားလေးမှာ "နောက်ဆုံးတော့ တို့ယုံကြည်ကိုးစားတဲ့ သိပ္ပံပညာရဲ့ တိုးတက်မှု လက်နက်ဆန်းတွေက တို့ဘဝကို ဖျက်ဆီးပစ်လိုက်တာပဲ" ဟူ၍ ဖြစ်သည်။

ယခုအခါ ကမ္ဘာနှင့်အဝန်း ရုပ်ပိုင်းဆိုင်ရာ သိပ္ပံပညာ၏ တိုးတက်မှုများမှာ အံ့သြဖွယ်ရာ ကောင်းလောက်အောင် တိုးတက်လျက်ရှိသည်ကို မည်သူမျှ မငြင်းနိုင်ပေ။ သို့သော်လည်း ထို တိုးတက်မှုများမှာ လူသားတို့အား ကောင်းကျိုးပြုခြင်းထက် ဆိုးကျိုးပြုခြင်းက အလေးသာလျက် ရှိနေပေသည်။ တတိယကမ္ဘာစစ် မဖြစ်အောင် ကမ္ဘာ့နိုင်ငံကြီးများသည် အပြင်းအထန် ကြိုးစားလျက်ရှိနေကြပေသည်။ အနုမြူစစ်ပွဲ ဖြစ်ပါက ကမ္ဘာပေါ်ရှိ လူသားတို့ နှစ်ထောင်ပေါင်းများစွာက တည်ဆောက်ထားခဲ့ကြသော လူ့ယဉ်ကျေးမှု အဆောက်အအုံကြီး တစ်ခုလုံးနှင့်

လူသား အားလုံးမှာ ပျက်စီးသွားကြရမည်ဖြစ်သည်။ ထိုကဲ့သို့ ကမ္ဘာနှင့်အဝန်း သေကြေ ပျက်စီးကြမည့် ဘေးဆိုးကြီးမှ ကာကွယ်နိုင်ရန် တစ်ခုတည်းသော နည်းလမ်းမှာ စိတ်ပိုင်းဆိုင်ရာ တိုးတက် ဖြစ်ပေါ်မှုပင် ဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုကို လေ့ကျင့် ဆောင်ရွက်ခြင်း မရှိဘဲ ရုပ်ကမ္ဘာ၏ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုနောက်သို့ လိုက်ပါသွားပါက ဤကမ္ဘာကြီးမှာ မကြာမီ ပျက်စီး သွားရမည်ကို ပညာရှင်တိုင်း သဘောပေါက်လာကြသည်။

ယနေ့ ကမ္ဘာ့ဖြစ်ရပ်များကို ပြန်ကြည့်ပါက လောဘ၊ ဒေါသ၊ မောဟမီးများ တောက်လောင်ကာ လူသားအချင်းချင်း ဗြဟ္မစိုရ်တရား ကင်းမဲ့ကာ နိုင်ထက်စီးနင်း ပြုမူနေကြပေသည်။ ဤမီးများက စခဲ့သော ပထမကမ္ဘာစစ်ကြီးနှင့် ဒုတိယ ကမ္ဘာစစ်ကြီးများက ကမ္ဘာပေါ်ရှိ လူသန်းပေါင်းများစွာ၏ အသက်အိုးအိမ် စည်းစိမ်များနှင့် လူသားတို့ နှစ်ရှည်လများ တည်ဆောက်ခဲ့သော ယဉ်ကျေးမှုအဆောက်အအုံကြီးများကို ဖျက်ဆီးဝါးမျိုပစ်ခဲ့ကြပေသည်။ သို့သော်လည်း နောင်တတရား မရကြသေး။ တတိယကမ္ဘာစစ်သို့ ဆက်လက် အားပြိုင် ရှေးရှုနေကြသည်။ လောဘ၊ ဒေါသ၊ မောဟ မီးများမှာ ဆက်လက် တောက်လောင်လျက် ရှိနေကြပေသေးသည်။

မျက်မှောက်ခေတ် လူသားတို့ ငြိမ်းချမ်းသောဘဝကို ရောက်ရှိရေးအတွက် တစ်ခုတည်းသော ထွက်ပေါက်မှာ ဓမ္မဝါဒီများ ဖြစ်ဖို့ပင် ဖြစ်သည်။ တရားဓမ္မ လမ်းကြောင်းပေါ်သို့ မရောက်



သမျှ ဤကမ္ဘာကြီးမှာ ဆက်လက်၍ လက်နက်အားကိုးအနိုင်အထက် ကြီးစိုး လွှမ်းမိုးမှုများ ရှိနေကြမည်ဖြစ်ပြီး လူသားတို့ တွေ့ကြုံခဲ့ရပြီးဖြစ်သော လူသတ်စစ်ပွဲကြီးများကို ထပ်၍ တွေ့ကြုံရဦးမည် ဖြစ်သည်။

စိတ်ပိုင်းဆိုင်ရာ ကိုးတက်ဖြစ်ပေါ်မှုဖြင့် လောဘ၊ ဒေါသ၊ မောဟ တရားများကို ပယ်သတ်နိုင်ပြီး ဗြဟ္မဝိဟာရ တရားလေးပါးကို ထိန်းသိမ်းလိုက်နာခြင်း မပြုနိုင်ပါက ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုကြောင့် လူသားတို့မှာ ငြိမ်းချမ်းမှုကို ရရှိနိုင်လိမ့်မည် မဟုတ်ပေ။ အခြေခံအဆင့်ဖြစ်သော ဗြဟ္မာ့ဝိဟာရတရားလေးပါးကို လိုက်နာပြီး လောဘ၊ ဒေါသ၊ မောဟ တရားများကို တဖြည်းဖြည်း ပယ်သတ်နိုင်ခြင်း မရှိပါက ရုပ်ဝတ္ထု အခြေအနေအရ မည်မျှပင် တိုးတက်သော်လည်း ငြိမ်းချမ်းသာယာမှုကို မရနိုင်ပေ။

အနောက် ကမ္ဘာတွင် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုကြောင့် လူနေမှုအဆင့်အတန်း မြင့်မားလှပြီး လိုတရ ဖြစ်နေသော လူချမ်းသာများ၊ သူဌေးကြီးများပင် စိတ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းမှုကို မရသောအခါ၌ အိပ်မပျော်၊ စားမဝင် ရောဂါ အမျိုးမျိုး ခွဲကပ်ကာ နောက်ဆုံးတွင် ကိုယ့်ကိုယ်ကိုယ် သတ်၍ သေကြရသော ဖြစ်ရပ်များကို မကြာခဏ ကြားသိနေရသဖြင့် အထူးအထွေ အကျယ်ချဲ့၍ ဖော်ပြ ရေးသားရန်ပင် မလိုပေ။ ထိုအခါ၌ ဘဝ၏ စစ်မှန်သော ငြိမ်းချမ်းရေး စိတ်ချမ်းသာမှုကို ဖြစ်ပေါ် ရရှိနိုင်မည့် စိတ်၏ ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက်မှုများကို ရှာဖွေ လေ့လာသုတေသနပြုကြသည်။

စိတ်ငြိမ်းချမ်းမှုနှင့် ဘဝ၏ စစ်မှန်သော ငြိမ်းချမ်းရေးကို ရရှိရန်အတွက် စိတ်. ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက် ဖြစ်ပေါ်မှုကို ဦးဆောင်လျက်ရှိသော အရှေ့ကမ္ဘာသို့ အားကိုးတကြီး လှမ်း၍ ကြည့်ကြသည်။ လူသားတို့၏ တိုးတက်ဖြစ်ပေါ်မှုကို ဖန်တီးလျက်ရှိသော အရှေ့ဘက် နေထွက်ရာအရပ်မှ ထွက်ပေါ်လာသော မျှော်လင့်ချက် ရောင်ခြည်များကို တမ်းတ ရှိခိုးကြသည်။ ထိုအခါ၌ အရှေ့ကမ္ဘာမှ စိတ်၏ငြိမ်းချမ်းရေးနှင့် ဘဝ လွတ်မြောက်ရေး လမ်းစဉ်သို့ ရောက်ရှိစေမည့် သူတော်စင် ပုဂ္ဂိုလ် အရှင်သူမြတ်များ၏ အရိပ်အာဝါသကို ခိုလှုံလိုလာကြသည်။

အရှေ့တိုင်းမှ စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှုကို ဖန်တီးနိုင်သော နည်းစနစ်များ၊ ကျင့်စဉ်များကို ညွှန်ကြား ပို့ချနိုင်သော ပုဂ္ဂိုလ်သူမြတ်များထံ ချဉ်းကပ်ဆွေးနွေး နည်းယူကြသည်။ ယခုအခါတွင် စိတ်ပိုင်းဆိုင်ရာ အဆင့်မြင့် တိုးတက်မှုသည် ကမ္ဘာနှင့်အဝန်း အလွန်လိုအပ်လျက်ရှိနေပေသည်။ အရှေ့တိုင်းမှ သူတော်ကောင်း၊ သူတော်စင်များသည် ကမ္ဘာနှင့်အဝန်း စိတ်၏ ငြိမ်းချမ်းသာယာမှုနှင့် ဘဝလွတ်မြောက်ရေး လမ်းကြောင်းပေါ်သို့ ရောက်ရှိရန်အတွက် လူသားတို့အား ဘဝပါရမီဆက် ရှိသလို သိမ်းသွင်းစည်းရုံးကြသည်။

သို့သော်လည်း လောဘ၊ ဒေါသ၊ မောဟတရားတို့မှ ကင်းလွတ်ပြီး ဘဝလွတ်မြောက်ရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် ကျင့်ကြံအားထုတ်လိုသူ လူထုပရိသတ်မှာ သန်းပေါင်းများစွာသော ကမ္ဘာ့လူဦးရေနှင့်စာလျှင် အနည်းငယ်မျှသာ ရှိကြပေသည်။ သန်းပေါင်းများစွာသော ကမ္ဘာပေါ်ရှိ လူသားများမှာမူ



လောဘ၊ ဒေါသ၊ မောဟ တရားများ ဖုံးကွယ်ကာ အချင်းချင်း သတ်ဖြတ် ညှဉ်းဆဲလျက် ရှိနေကြတုန်းပင် ဖြစ်သည်။

သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီးသော မြတ်စွာဘုရားရှင် ကိုယ်တိုင် ပွင့်တော်မူခဲ့သော်လည်း မြတ်စွာဘုရားနှင့် အတူတကွ နိဗ္ဗာန်သို့ ရောက်သွားကြသူမှာ အနည်းငယ်မျှသာ ဖြစ်သည်။ မြတ်စွာဘုရားနှင့်တကွ ကျွတ်တမ်းဝင်သူ သတ္တဝါများမှလွဲပြီး ကျန်သတ္တဝါအမြောက်အမြားမှာ မောဟအမိုက်မှောင်အတွင်း ကျန်ရစ်ခဲ့ကြရပေသည်။ သို့အတွက် ယခုခေတ်တွင် သတ္တဝါများကို ကယ်တင်ရန် ထွက်ပေါ်လာသော သူတော်ကောင်း သူတော်စင်များမှာလည်း ဘဝဆက် ပါရမီရှိသူ ပုဂ္ဂိုလ် အနည်းငယ်မျှကိုသာ ဘဝလွတ်မြောက်ရေးလမ်းပေါ်သို့ ရောက်ရှိအောင် ခေါ်ဆောင်သွားနိုင်ကြမည် ဖြစ်သည်။ လူသားတိုင်းကိုကား လမ်းပြ ခေါ်ဆောင်နိုင်ကြမည် မဟုတ်ပေ။ ဘဝဆက်ပါရမီ ရှိသူများသာ သူတော်ကောင်း သူတော်မြတ်များနှင့် ဆက်သွယ်တွေ့ဆုံနိုင်ကြပြီး ကျင့်ကြံ အားထုတ်နိုင်ကြမည် ဖြစ်သည်။

ဂုရု ဆရာ သူတော်စင်များ၏ စောင့်ရှောက်ညွှန်ပြမှုသည် ဘဝ လွတ်မြောက်ရေး လမ်းကြောင်းပေါ်သို့ ရောက်ရှိလိုသူ တပည့်များအတွက် အထူး အရေးကြီးလှပေသည်။ စိတ် ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှုမှအစ လွတ်မြောက်ရေး လမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် ကျင့်ကြံ အားထုတ်လာလျှင် တပည့်များအတွက် ဂုရုဆရာ သူတော်စင်များ၊ ယောဂီများ၏ လမ်းညွှန်ပြသမှုကို မရရှိပါက အောင်မြင်နိုင်လိမ့်မည် မဟုတ်ပေ။ စာပေ၊ ကျမ်းဂန်၊ စာအုပ်စာတမ်းများတွင် ပါဝင်သော အကြောင်း

အရာများကို ဖတ်ရှုလေ့လာပြီးသူများက ပြန့်ပွားသောပြသော စာဟောပွဲသက်သက်များကို တက်၍ နာရုံမျှဖြင့် ဘဝလွတ်မြောက်ရေး လမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်လိမ့်မည် မဟုတ်ပေ။ လက်တွေ့ ကျင့်ကြံ အားထုတ်နိုင်သော နည်းစနစ်များကို ညွှန်ပြပေးနိုင်မည့် သူများသာ အထူး လိုအပ်လှပေသည်။

ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူစဉ်က မြတ်စွာဘုရားရှင်၏ တန်ခိုးတော်များသည် စကြဝဠာတစ်ခုလုံးတွင် ပျံ့နှံ့ ရောက်ရှိလျက် ရှိသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ တန်ခိုးတော်နှင့် အရိပ်အာဝါသ ဟိတ် တန်ခိုးများကို ခိုလှုံရပြီး ကျင့်ကြံအားထုတ်ရသော အခါ၌ နိဗ္ဗာန်ရောက်ရန် လွယ်ကူမည်ဖြစ်သည်။ မြတ်စွာဘုရား၏ တန်ခိုး တော်သည် ကမ္ဘာကြီးအား အလင်းရောင်ပေးလျက်ရှိသော နေမင်းကြီး ထွက်ပေါ်နေသကဲ့သို့ စကြဝဠာ တစ်ခုလုံးမှာ ငြိမ်းချမ်း သော မေတ္တာဓာတ် လင်းရောင်ခြည်များ ဖြာသန်းလျက် ရှိသည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် ငြိမ်းချမ်းသော မေတ္တာဓာတ် လင်းရောင်ခြည်များမှာ တဖြည်းဖြည်း လျော့ပါး အားနည်းလာလေသည်။ မြတ်စွာဘုရားရှင်၏ ကိုယ်စား တရား တော်များနှင့် ရဟန္တာအရှင်မြတ်များသာ ကျန်ရစ်ခဲ့လေသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးစအချိန်တွင် စကြဝဠာ လောက ကြီး၌ နေဝင်စအချိန်တွင် အလင်းရောင် အနည်းငယ်သာ ကျန်နေ သေးသကဲ့သို့ မြတ်စွာဘုရား၏ မေတ္တာဓာတ်တန်ခိုးများ အနည်းငယ် ကျန်ရှိနေသေးသည်။



ထိုအခါ၌ အနည်းငယ် ကျန်ရှိနေသေးသော သာသနာ့ အလင်းရောင် ဟိတ် တန်ခိုးများဖြင့် ဘဝ လွတ်မြောက်ရေး၊ သံသရာမှ လွတ်မြောက်ရေး၊ နိဗ္ဗာန်ရောက်ကြောင်း တရားကို ကျင့်ကြံအားထုတ် ပေါက်မြောက်နိုင်ကြသေးသည်။ ထိုစဉ်က ကျန်ရှိနေသော ရဟန်းတော်ကြီးများမှာလည်း မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော် အားလုံးကို နှုတ်တိုက် အာဂုံဆောင်နိုင်ကြပြီး တရားစည်ကြီးကို ရဟန္တာအရှင်သူမြတ် ကြီးများ၏ ခန္ဓာကိုယ်ထဲတွင် ကိန်းဝပ်ထားရှိနိုင်အောင် ဉာဏ်ပညာ ထက်မြက် အဆင့်အတန်း မြင့်လှပေသည်။

မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်များ ကိုပင် နှုတ်တိုက် အာဂုံဆောင်နိုင်အောင် ဉာဏ်ပညာထက်မြက်ကြ သဖြင့် အခြား တန်ခိုးသိဒ္ဓိအရာများတွင်လည်း လွန်စွာမြင့်မား လျက်ရှိနေမည်မှာ သံသယဖြစ်ဖွယ်ရာ မရှိပေ။ ထိုကဲ့သို့ ထူးမြတ် လှသော ရဟန္တာအရှင်သူမြတ်များ၏ မေတ္တာဟိတ်ကို ခိုလှုံ၍ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းလမ်းမြတ်ကို ကျင့်ကြံ အားထုတ်ရသည်မှာ လူသာမန်တို့အတွက် အားတက်ဖွယ်ပင် ဖြစ်သည်။ ကျင့်ကြံအားထုတ်ရာ၌ ထူးခြားထက်မြက်လှသော အရှင်သူမြတ်များ၏ အရိပ်အာဝါသကို ခိုလှုံပြီး နည်းပေးလမ်းညွှန်မှု ကို ရရှိကာ ကျင့်ကြံအားထုတ်ရသဖြင့် ပေါက်ရောက် အောင်မြင် ရန် ပိုမို လွယ်ကူပေသည်။

နှစ်ကာလ ကြာညောင်းလာသောအခါ၌ ထိုကဲ့သို့ ထူးခြား ထက်မြက်လှသော အရှင်သူမြတ်များမှာလည်း တဖြည်းဖြည်း နည်းပါးလာပြီး နေဝင်ပြီးစ တစ်နာရီခန့်အကြာတွင် နေမင်း၏

အလင်းတောက် လုံးဝ ဆိတ်သုဉ်း ပျောက်ကွယ်သွားသကဲ့သို့ ဗုဒ္ဓ ဘုရားရှင်၏ တော်များသည်လည်း ဤကမ္ဘာမြေကြီးမှ တဖြည်းဖြည်း ကွယ်ပျောက်ခဲ့ရပေသည်။

နေမင်း၏လင်းရောင်ခြည် မရှိသောအခါ၌ ကမ္ဘာကြီးမှာ မှောင်မိုက်လျက်ရှိသည်။ အမှောင်ထဲတွင် ဘာကိုမျှ မမြင်ရသဖြင့် မည်သည့်အလုပ်ကိုမျှ ထိရောက်စွာ လှုပ်ရှားလုပ်ဆောင်နိုင်ခြင်း မရှိသော အခြေအနေသို့ ရောက်ရှိသွားသည်။ ထိုအခါ၌ ဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်များမှာ လမင်းသဖွယ် ကျန်နေခဲ့သော်လည်း လ၏အလင်းရောင်မှာ မှေးမှိန် အားနည်းလှသဖြင့် သေးမွှားသော ပစ္စည်းများကို မမြင်နိုင်တော့ပေ။

လမင်း ဆိုသည်မှာ လဆန်း(၇)ရက်မှ လပြည့်ကျော် (၇)ရက်နေ့ အထိသာ အလင်းရောင်တောက် အသင့်အတင့်ရှိပြီး ကျန်သော (၁၄)ရက်တွင် ပြောပလောက်သော အလင်းရောင်ကို မပေးနိုင်ပေ။ ထိုအခါ၌ လူတို့သည် သေးငယ်သော အရာဝတ္ထုများကို မြင်နိုင်ရန်နှင့် စာဖတ်နိုင်ရန်အတွက် မီးခွက် မီးတိုင်များကို အသုံးပြုကြရသည်။

မီးခွက်၊ မီးတိုင်များ၏ အလင်းရောင်ဖြင့် အလုပ် လုပ်ကြရသည်။ စာဖတ်ကြရသည်။ အလုပ်လုပ်ခြင်း၊ စာဖတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မီးခွက်၊ မီးတိုင်များကို အားကိုး ကြရသည်။ ထို မီးခွက်၊ မီးတိုင်များမှာ အနီးကပ် လင်းရောင်ခြည်ပင် ဖြစ်သည်။ လမင်း၏ လင်းရောင်ခြည်မှာ မီးခွက် မီးတိုင်များ၏လင်းရောင်ခြည်နှင့်စာသော် အလင်းရောင်



အား ပိုမို များသော်လည်း လမှာ လူသားကမ္ဘာနှင့် အလွန် ဝေးနေသဖြင့် လရောင်အားဖြင့် သေချာစွာ မြင်နိုင်စွမ်း၊ အလုပ် လုပ်နိုင်စွမ်း မရှိပေ။ သို့ဖြစ်၍ လူသားတို့သည် အနီးကပ်တွင် ရှိသော မီးခွက် မီးတိုင်တို့၏ အလင်းရောင်ဖြင့် အလုပ်ကိစ္စများကို ဆောင်ရွက်ရပေသည်။

တစ်နည်းဆိုရသော် လမင်းကိုသာ ပွင့်တော်မူပြီး ဖြစ်သော ဘုရားရှင် အပေါင်းတို့၏ တန်ခိုးမေတ္တာတော်ဟု ယူဆပါက လမင်းမှာ ကမ္ဘာနှင့် ဝေးနေသဖြင့် အလင်းရောင်အား များသော် လည်း လူတို့ နေ့တိုင်လှုပ်ရှား သွားလာ လုပ်ဆောင်ရေး အတွက် လိုအပ်သော အလင်းတောက်ကို အပြည့်အဝ မပေးနိုင် တော့ပေ။

လူတို့သည် အနီးကပ် အလင်းရောင်များဖြစ်သော မီးခွက် မီးတိုင်များကို အားကိုးပြီး လုပ်ငန်းဆောင်ရွက်နိုင်ရန် အတွက် အသုံးပြုကြရပေသည်။ လူသားများအတွက် ထို မီးခွက် မီးတိုင် အနီးကပ် အလင်းရောင်များမှာ ဘဝလွတ်မြောက်ရေး လမ်း ကြောင်းပေါ်သို့ ရောက်ရှိစေရေးအတွက် လမ်းပြခေါ်ဆောင် သွားသော သူတော်စင်များသဖွယ် ဖြစ်ကြပေသည်။

ဘဝလွတ်မြောက်ရေး လမ်းကြောင်းကို ရှာကြံကြသူများ အတွက် သူတော်စင်များ၏ ဟိတ်တန်ခိုးများကို ခိုလှုံကျင့်ကြံ အားထုတ်ကြရပေသည်။ ဂုရုဆရာ သူတော်စင်များ၏ အခန်း ကဏ္ဍသည် ညအခါ၌ မှောင်ထဲတွင် လူသားတို့အား မြင်နိုင် အောင် အကူအညီ ပေးလျက်ရှိသော အလင်းရောင်များသဖွယ်

အရေးကြီးသော အပိုင်းမှ ပါဝင်နေပေသည်။ အလားတူပင် ကမ္ဘာလောကကြီး၌ သူဌေးစင်၊ ကယ်တင်ရှင်၊ တန်ခိုးရှင်တစ်ဦး ပေါ်ပေါက်သည့် အခါတိုင်း သူ၏ ငြိမ်းချမ်းသော မေတ္တာ ဟိတ် တန်ခိုးများမှာ ပျံ့နှံ့လျက် ရှိတတ်ပေသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်ထူးများမှာ ပေါက်မြောက် အောင်မြင်ပြီးသူများ ဖြစ် သဖြင့် အရာရာကို ထွင်းဖောက် သိမြင်နိုင်သော သတ္တိထူးများ ရှိကြသည်။ သတ္တဝါများကိုလည်း ဒုက္ခဆင်းရဲအပေါင်းမှ တစ်စုံ တစ်ခုသော အတိုင်းအတာထိ ကယ်တင်နိုင်သောအဆင့် ရှိတတ် ပေသည်။

ထို ပုဂ္ဂိုလ်မြတ်မျိုးမှာ ဘဝ အဆက်ဆက်က ကျင့်ကြံ အားထုတ်ခဲ့သော အရှိန်တန်ခိုးများက ယခုဘဝတွင် အပြည့်အဝ ရရှိလာပြီး လူသတ္တဝါများကို ကယ်တင် လမ်းပြရန်အတွက် ရောက်ရှိလာကြခြင်းပင် ဖြစ်သည်။ သူတို့တွင် စိတ်ဝိညာဉ်ပိုင်း ဆိုင်ရာ အတွေးအခေါ် ပညာပါရမီထူး တန်ခိုး သတ္တိများ ပါရှိလာကြပြီး မိုက်မဲတွေဝေလျက်ရှိနေသော လူသားတို့အား သူတို့၏ သတ္တိထူးများဖြင့် လှုပ်နှိုး မ,တင်ကာ ဘဝလွတ်မြောက် ရေး လမ်းကြောင်းပေါ်သို့ ခေါ်ဆောင် တတ်ကြပေသည်။ ကမ္ဘာနှင့်အဝန်း ထိုကဲ့သို့သော ပါရမီရှင် ပုဂ္ဂိုလ်ထူးများကို တွေ့ဆုံနိုင်ရန်မှာ မလွယ်ကူ။ အလွန် ခက်ခဲလှပေသည်။

မျက်မှောက် ကမ္ဘာရှိ လူသားတိုင်းမှာ စိတ်ဝိညာဉ်ပိုင်း ဆိုင်ရာ တိုးတက်မှုများတွင် တဖြည်းဖြည်း ယုတ်လျော့လာကြပြီး စိတ်ပိုင်းဆိုင်ရာ တွေးခေါ် မြော်မြင်မှုများကို လောဘ၊ ဒေါသ၊



မောဟတရားများ ဖုံးလွှမ်းပြီး မာယာ ခေါ် လှည့်စားမှု အမိုက် မှောင်အတွင်း ကျရောက်လျက် ရှိနေကြပေသည်။ ထိုကဲ့သို့ အမိုက်မှောင် အတွင်း ကျရောက်နေသော လူသားတို့အား ကယ်တင် လှုပ်နှိုးရန်အတွက် ပါရမီရှင် ပုဂ္ဂိုလ်ထူးများမှာ ကမ္ဘာ ကြီးအတွင်း တစ်ထောင့်တစ်နေရာမှ လျှို့ဝှက်စွာ ပေါ်ထွန်းလာ တတ်ကြပေသည်။ ဘဝဆက် ပါရမီရှိသူများမှာ ထို ပုဂ္ဂိုလ်မျိုး များနှင့် တွေ့ရှိကာ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ ဉာဏ်အလင်းရောင် ကို ရရှိနိုင်ကြပြီး စိတ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းသာယာမှုကို ရရှိကြ ရပေသည်။

စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက်မှုကိုရရှိပြီး စိတ်ပိုင်းဆိုင်ရာ ငြိမ်းချမ်း သာယာမှုကို ရရှိမှသာလျှင် လူ့ဘောင် ဘဝ၏ တိုးတက်မှုကို အမှန်တကယ် ဖြစ်ပေါ်လိမ့်မည်ဟု ယုံကြည်မိ သည့် အလျောက် ပါရမီရှင် ပုဂ္ဂိုလ်ထူးများကို ရှာဖွေခဲ့ရာမှာ 'ငြိမ်းချမ်းသော ဘဝရှင်'များကို တွေ့ရှိခဲ့ရပေသည်။ 'ငြိမ်းချမ်း သော ဘဝရှင်များ' သည် လောဘ ဒေါသ မောဟ အမိုက် မှောင် အတွင်းမှ စိတ်၏ ငြိမ်းချမ်း သာယာမှုကို မရရှိသော လူသားများအတွက် အလင်းရောင်ပေးလျက်ရှိသော ပါရမီရှင် ပုဂ္ဂိုလ်ထူးများသာ ဖြစ်ကြပေသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ် သူမြတ်များ၏ အရိပ်အာဝါသကို ခိုလှုံပြီး ကျင့်ကြံ အားထုတ် ခြင်း အားဖြင့် စိတ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းသာယာ တိုးတက်မှုကို ဖြစ်ပေါ်စေပြီး စစ်မှန်သော ဘဝ၏ ငြိမ်းချမ်းမှုကို ရရှိကြပေ လိမ့်မည်။

စာရေးသူမှာ ထို အတွေးအခေါ် အယူအဆ တစ်ရပ်ကို ဖြစ်ပေါ် ယုံကြည်လာသည်နှင့်အမျှ ငြိမ်းချမ်းသောဘဝရှင်များ အကြောင်းကို တတ်နိုင်သမျှ အခွင့်အရေးရသလို လေ့လာရန် ဆုံးဖြတ်မိသည်။ ထို့ကြောင့်ပင် သူတော်စင် သူတော်ကောင်း များထံ ချဉ်းကပ်ပြီး ဖြစ်ရပ်အချို့ကို တွေ့ရှိလေ့လာခဲ့ရာ အနှစ် နှစ်ဆယ်ကျော်မျှ ကြာရှိခဲ့ပြီ ဖြစ်သည်။ မိသားစု စားဝတ်နေရေး အတွက် ရှန်းကန်လှုပ်ရှား ဆောင်ရွက်ရင်း အခွင့်အရေးရလျှင် ရသလို လေ့လာခဲ့သည်။

လက်တွေ့ပိုင်း ဆိုင်ရာ လေ့ကျင့် အားထုတ်မှုများကိုလည်း အခါအခွင့်သင့်သလို နည်းနာနိဿယအမျိုးမျိုးကို ရှာဖွေကြံဆ လျက် လေ့ကျင့် အားထုတ်ခဲ့သည်။ ဖြစ်မြောက်သည်များ ရှိသကဲ့သို့ မဖြစ်မြောက်နိုင်သော လုပ်ငန်းများကိုလည်း တွေ့ခဲ့ ရသည်။ တစ်ခါတစ်ရံ စိတ်ဓာတ်ကျပြီး ဘာမျှ မလုပ်ချင်တော့သော အဆင့်သို့လည်း ရောက်ခဲ့ရဖူးလေသည်။

စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်အားထုတ်မှုများမှာ စာတွေ့ထက် လက်တွေ့က ပို၍ ခက်သည်။ အပြောလွယ်သလောက် အလုပ် ခက်တတ်သည်။ စစ်မှန်သော ဂုရုဆရာ သူတော်စင်များ၏ သင်ကြား ပြသမှုများမှာလည်း အထူး လိုအပ်လျက်ရှိကြောင်း လက်တွေ့ဘဝတွင် တဖြည်းဖြည်း သိရှိလာရသည်။

တစ်နေ့တွင် တပ်မှူးဖြစ်သူက စာရေးသူအားခေါ်ပြီး အထူး တာဝန်တစ်ခုဖြင့် မြင်းခြံသို့ သွားရမည့်အကြောင်း ပြောသည်။ လိုအပ်သော အသေးစိတ် ညွှန်ကြားချက်များပေးပြီး အသေးစိတ် လုပ်ငန်း စီမံချက်များ ရေးဆွဲပြီး တင်ရန် ပြောသည်။



စာရေးသူလည်း သက်ဆိုင်သူများနှင့် ညှိနှိုင်း ဆွေးနွေးပြီး လုပ်ငန်းစီမံချက်များ ရေးသားတင်ပြလိုက်သောအခါ၌ မြင်းခြံ သို့ အထူးတာဝန်ဖြင့် ခရီးထွက်ခဲ့ရပေသည်။ ဤသို့ဖြင့်ပင် ဤစာအုပ် ဓာတ်လမ်းအစ ပေါ်ပေါက်ခဲ့ရသည်။

မြင်းခြံမြို့တွင် တာဝန်ထမ်းဆောင်နေစဉ်က တပ်နှင့် မဝေး သော နေရာတစ်ခုတွင် ခေတ္တ စခန်းချနေရသည်။ အချိန်မှာ နေဝင်ခါနီး ဖြစ်နေသဖြင့် ယခင်က အကြောင်းများကို ပြန်၍ သတိရမိသည်။ ညဥ့်အချိန် မှုအိုက်လှသဖြင့် အိတ်ထဲမှ ဆောင် ထားသော ပုတီးကိုထုတ်၍ အရဟံဂုဏ်တော်ကို စိပ်နေသည်။ ပုတီးမှာ အထပ်ထပ်အခါခါ စိပ်ထားသဖြင့် အညိုရောင်သမ်းပြီး ချောမွတ် ပြောင်လက်လျက်ရှိသည်။

စာရေးသူနှင့် အတူပါလာသော ရဲဘော်တစ်ဦးက "ဗိုလ်ကြီး ဘာတွေ စိပ်နေသလဲ"ဟု စိတ်ဝင်စားစွာ မေးသည်။ "ခုလို အချိန်မှာတော့ အရဟံဂုဏ်တော်တစ်မျိုးပဲ စိပ်နိုင်တယ်ကွ၊ စိတ် တွေက ဗယောက်ဗယက်မို့ ထွေထွေပြားပြားတွေလဲ မစိပ်နိုင် ပါဘူး"ဟု လှမ်းပြောလိုက်သည်။ ပုတီးစိပ်သည်ဆိုရာမှာလည်း အလုပ်တာဝန် နားနေချိန်တွင်သာ ခေတ္တခဏမျှ စိပ်နိုင်ခြင်း ဖြစ်သည်။ တစ်ခါတစ်ရံ ရက်ပိုင်းလပိုင်းကြာအောင်လုံးဝ မစိပ် နိုင်သော ရက်များလည်း ရှိပေသည်။

အချိန်အားရသော အခါများ၌ စစ်သား အရပ်သား မရွေး မိမိ စိတ်ဝင်စားသော လုပ်ငန်းတစ်ခုခုကို ဝါသနာအလျောက် လုပ်ကိုင်ကြသည်။ လူ့သဘာဝအရ ထိုသို့ ပြုလုပ်ရာ၌ ကုသိုလ်၊

အကုသိုလ် ဖြစ်မည်၊ အကောင်းအဆိုး ပြဿနာများဖြစ်မည်ကိုမှ ထည့်သွင်း စဉ်းစားခြင်း ပြုလေ့မရှိကြပေ။

စာရေးသူအဖို့ ထိုသို့ ရရှိသော အချိန်ကို အသုံးပြုရာ၌ များသောအားဖြင့် ပုတီးစိပ်ခြင်းကို ပြုလုပ်တတ်ပေသည်။ ရဲဘော်က သူ့ကို ဆက်လက် စကားပြောလိုဟန် မရှိကြောင်း ရိပ်မိသဖြင့် စာရေးသူအနားမှ ထွက်ခွာသွားလေသည်။ အရဟံ ဂုဏ်တော် တစ်မျိုးတည်းကိုသာ စိပ်ခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီ ဖြစ်သည်။

* * *

အခန်း (၂)

## အရဟံ ဂုဏ်တော်နှင့် သမ္ဘုဒ္ဓေ

စစ်ဆင်ရေးတစ်ခုတွင် အရဟံ ဂုဏ်တော်ကို ပွားများရင်း တွေ့ကြုံခဲ့ရသော ဖြစ်စဉ်များကို ပြန်လည်စဉ်းစားမိသည်။ ထိုစဉ်က စစ်တပ်၏ သဘောသဘာဝအရ စနစ်တကျ လေ့ကျင့် အားထုတ်နိုင်သော အခြေအနေနှင့် အခွင့်အလမ်း မရှိသေးသဖြင့် စိပ်ပုတီးလေးတစ်ကုံး အိတ်ထဲထည့်ကာ အချိန်ရလျှင်ရသလို စိပ်နေရသောကာလ ဖြစ်သည်။ ထိုစဉ်က ဖြတ်ကျော်ခဲ့ရသော အခက်အခဲများကိုလည်း ပြန်လည် စဉ်းစားမိသည်။ အမှန်ဆိုရသော် အရဟံဂုဏ်တော်သည် တကယ် လက်တွေ့ ယုံယုံကြည်ကြည် ပွားများ အားထုတ်ပါက ထူးခြားသော အကျိုးထူးတရားများကို ရရှိခံစားနိုင်ပေသည်။

ယုံကြည်လေးစား စိတ်အားထက်သန်စွာဖြင့် ပုတီးစိပ်ခြင်းအားဖြင့် ဘေးအန္တရာယ်အပေါင်းမှ လွတ်မြောက်နိုင်ပြီး စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်မှုကို ဖြစ်ပေါ်စေသည်။ အကုသိုလ်တရားမှ ကင်းဝေးပြီး ကုသိုလ်တရားကို ရစေသည်။ ဤသို့ဆိုရာ၌ ပုတီးအမြဲစိပ်နေရမည်ဟု မဆိုလိုပါ။ စစ်တိုက်သည့်အခါလည်း တိုက်၊ အချိန်ရသည့်အခါလည်း ကုသိုလ်ကောင်းမှု လုပ်နိုင်သလောက်လုပ်ဟု ဆိုချင်ပါသည်။

ဘေတာတွင်း တောင်ပေါ်စစ်ဆင်ရေးတစ်ခုတွင် မူလ ရည်မှန်းထားသည်ထက် စစ်ဆင်ရေးကာလမှာ ကြာမြင့်လာသဖြင့် စားရေးသူတို့ စစ်ကြောင်းတွင် ပါလာသော ရိက္ခာများ ပြတ်လုနီးပါး ဖြစ်သွားသည်။ စစ်ကြောင်းမှူးက (၆၂)စက်ဖြင့် တပ်မဟာ(၁၁)ကို ဆက်သွယ်ပြီး ရိက္ခာပို့ပေးရန်အတွက် စီစဉ်သည်။ ထိုစဉ်က စစ်ဆင်ရေးကို တပ်မဟာ(၁၁)မှ ဦးစီးကွပ်ကဲ ဆောင်ရွက်သည်ဟု ထင်ရသည်။ တပ်မဟာ(၁၁)မှ သူ၏ လက်အောက်ခံ အရန်တပ်ခွဲ တစ်ခုအား တောင်ခြေသို့ ရိက္ခာများ လာပို့မည်ဟု အကြောင်းကြားသည်။ စာရေးသူတို့ စစ်ကြောင်း အခြေပြု နေရာယူရာအရပ် တောင်ပေါ်မှ နှစ်ညအိပ်ခရီးခန့် ဆင်းမှ တောင်ခြေရှိ ရိက္ခာလာပို့မည့်တပ်ခွဲနှင့် တွေ့ဆုံမည့် ရွာငယ်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

စစ်ကြောင်းမှူးဖြစ်သူက ရိက္ခာပြန်ယူသောအဖွဲ့ တောင်ခြေရွာသို့ ရောက်နိုင်မည့်အချိန်၊ နေ့ရက် စသည်တို့ကို ခန့်မှန်းတွက်ချက်ပြီး တပ်မဟာ(၁၁)မှ နောက်ထပ် ရိက္ခာလာပို့သော



တပ်ခွဲ စေလွှတ်ပေးရေးကို ညှိနှိုင်းစီစဉ်ပြီး အကြောင်းပြန်လိုက်သည်။ ဖိုးကံကျော်း စာရေးသူ၏တပ်စုမှာ တောင်ခြေသို့ ရိက္ခာဆင်းယူရန် တာဝန်ပေးခြင်း ခံရလေတော့သည်။

စစ်ဆင်ရေးသွားသော တပ်ဖွဲ့ဝင်တိုင်းသည် တောင်ပေါ်တက်၍ စစ်ဆင်ရေးများ ပြုလုပ်ပြီးနောက် အပြီးအပိုင် တပ်ရုပ်သိမ်းပြီးနောက်မှသာ ဂစ်ခါတည်း မိခင်တပ်ရင်းသို့ ပြန်လိုကြသည်။ စစ်ဆင်ရေး မပြီးဆုံးသေးမီ တစ်ခေါက် ပြန်ဆင်းပြီး နောက်တစ်ခေါက် ပြန်တက်ရန် လူ့သဘောအရ မည်သူမျှ မလိုလားကြပေ။ သို့သော်လည်း စစ်သားဘဝမှာ တိုင်းပြည်နှင့် လူမျိုးအတွက် အထက်မှ ပေးအပ်သော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရမည်သာ ဖြစ်သည်။

ညနေစောင်း အချိန်တွင် စစ်ကြောင်းမှူးက စာရေးသူကို ခေါ်ပြီး "ခင်ဗျား တပ်စု တောင်ခြေကိုဆင်းပြီး ရိက္ခာ ပြန်ယူရမယ်၊ နက်ဖြန်နံနက် ထွက်နိုင်အောင် တပ်စုကို အဆင်သင့်လုပ်ထားပါ၊ '၁၅၆' စက်တစ်လုံး ယူသွားပါ"ဟု ပြောသည်။ ပြောပြောဆိုဆို သူက စစ်သုံးမြေပုံကို ချပြီး ဆင်းရမည့် လမ်းကြောင်းကို ခဲတံဖြင့် ထောက်ပြကာ နှစ်ည အိပ်ရမည့် နေရာများကိုလည်း ကြိုတင် ခန့်မှန်း မှတ်သားပြသည်။ ရိက္ခာဆင်းယူစဉ် ဆက်သွယ်ရမည့် နည်းစနစ်များ၊ အထွေထွေ လိုက်နာ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း ညှိနှိုင်း ဆုံးဖြတ်ကြသည်။ အစီအစဉ်အတိုင်း သွားပါက နှစ်ရက်ခရီး နှစ်ညအိပ်ပြီး နောက်တစ်နေ့ နံနက်တွင် တပ်မဟာ(၁၁) ရိက္ခာပို့အဖွဲ့ ရောက်ရှိ စောင့်ဆိုင်း

နေမည့် နေရာသို့ စာရေးသူတို့တပ်စုက ရောက်ရှိနိုင်လိမ့်မည်ဟု ခန့်မှန်းရသည်။

စစ်ကြောင်းမှူးက စာရေးသူနှင့် အတူတကွ ရိက္ခာသယ်ယူရေးအဖွဲ့ သွားရမည့်လမ်းကြောင်းနှင့် ဆက်သွယ်ရမည့်ပုံစံများကို ညှိနှိုင်းဆွေးနွေးပြီးနောက် သူက ပြုံးဖြီဖြီနှင့် စာရေးသူ မျက်နှာကို ကြည့်ကာ "အဲဒါ လိုအပ်သလို ဆက်လုပ်ပေါ့ဗျာ" ဟု ပြောလိုက်သည်။ စာရေးသူတပ်စုမှာ လမ်းတွင် ဘာမျှ မဖြစ်ဘဲ **အစီအစဉ်အတိုင်း** သွားနိုင်ပါက အသွားအပြန် လေးညအိပ်၊ ငါးရက်ခရီးခန့် **လျှောက်ကြရဦးမည်ကို** တွေးမိသဖြင့် အနည်းငယ် **စိတ်မသက်မသာ** ဖြစ်မိသည်။ မိမိတပ်စုက ရဲဘော်များ **အထူး ပိုမို ပင်ပန်းကြဦးမည်ကိုလည်း** တွေးမိသည်။

**စာရေးသူကို စစ်ကြောင်းမှူးက** သူနှင့်အတူ ညစာထမင်း **စားပါဆိုသဖြင့် သူ့တဲပေါ်တွင်** အတူတကွ စားကြပြီး**နောက် မိမိတပ်စုရှိရာသို့** ပြန်လာခဲ့သည်။ တပ်စု တပ်ကြပ်**ကြီးနှင့် တပ်စိတ်မှူးများက** ဘာသတင်းများ ထူးလေဦးမည်လဲဟု **တဲဝမှ စောင့်မျှော်နေကြသည်။** စာရေးသူက မြေပုံလိပ်ကို ချိုင်းကြားညှပ်ကာ တောင်ပေါ် တောလမ်းအတိုင်း ခပ်ပြုံးပြုံး လျှောက်လာသည်ကို မြင်သောအခါ၌ **စစ်ဆင်ရေး** ရုပ်သိမ်းပြီး ပြန်ရတော့မည်**အထင်ဖြင့်** "ဘယ်လို အခြေအနေထူးသလဲ ဗိုလ်ကြီး" ဟု **စိတ်အားထက်သန်စွာ** လှမ်း၍မေးကြသည်။

**စာရေးသူက "စစ်ဆင်ရေးကတော့ နောက်တစ်လခန့် ကြာလိမ့်ဦးမယ်ထင်တယ်၊** တို့တပ်စု (၁)က နက်ဖြန်မနက် **လာလမ်း**



အတိုင်း တောင်ခြေကို ဆင်းပြီး ရိက္ခာယူကြရဦးမယ်"ဟု ပြောပြလိုက်သည်။ နောက်တစ်နေ့နံနက်တွင် တပ်စုထွက်နိုင်ရန်အတွက် လိုအပ်သည့် အစီအစဉ်များ ပြုလုပ်ထားကြရန်ပြောပြီး တဲပေါ်**တက်ကာ** ခေတ္တ လဲလျောင်း အနားယူနေသည်။ တပ်စုတပ်ကြပ်**ကြီးနှင့်** တပ်စိတ်မှူးများမှာ ခရီးထွက်နိုင်ရန်အတွက် လိုအပ်သည်**များကို** ရဲဘော်များနှင့် စီစဉ်နေကြသည်။ **စစ်ဆင်ရေး** ထွက်ခဲ့သည်မှာ တစ်လခွဲမျှ ကြာမြင့်ပြီဖြစ်သဖြင့် စာရေးသူတို့၏ ခြေထောက်များမှာ အချို့ သဲဝဲစားစ ပြုနေပြီဖြစ်သည်။

သဲဝဲစားသည် ဆိုခြင်းမှာ မိုးတွင်းအခါ တောတွင်း တောင်ပေါ် စစ်ဆင်ရေးများတွင် တပ်ဖွဲ့တိုင်း တွေ့ကြုံခံစားနေရသော ဝေဒနာဖြစ်သည်။ စစ်ဆင်ရေးသွားသောအခါများ၌ စာရေးသူတို့မှာ ထုံးစံအတိုင်း စစ်သုံး သိုးမွေးခြေအိတ်ရှည် အစိမ်းကို ခြေထောက်တွင် စွပ်ပြီး တောစီး ပတ္တူဖိနပ် အစိမ်းများကို ဝတ်ဆင်ထားကြပေသည်။ သားရေဖိနပ်များကို အများအားဖြင့် ရုံးတာဝန် ထမ်းဆောင်စဉ်နှင့် စစ်ရေးပြများတွင်သာ ဝတ်ဆင်အသုံးပြုကြသည်။

မိုးတွင်းအခါ စစ်ဆင်ရေးသွားရာတွင် တောင်ကျ ချောင်းများကို ဖြတ်ကူးပြီး တစ်ဖက်ကမ်းသို့ တက်လိုက်သော **အခါ၌ သဲများမှာ ဖိနပ်အတွင်းသို့ ရောက်ရှိလာကြသည်။ တစ်ခါတစ်ရံ၌လည်း လမ်းမရှိသဖြင့် ချောင်းရိုးအတိုင်း ချီတက်ရသော အခါများတွင် သဲများ ဖိနပ်ထဲသို့ ဝင်လာကြသည်။**

**ဖိနပ်အတွင်းသို့ ဝင်လာသော သဲများမှာ ဖိနပ်၊ ခြေအိတ်နှင့် ခြေထောက်များကြားတွင်** ကပ်ငြိနေတတ်သည်။ **ခြေထောက်**

များမှာလည်း တစ်နေ့လုံး ရေထဲတွင် လမ်းလျှောက်ထားသဖြင့် ရေစိမ်ထားသလို ဖြစ်နေကာ နူးပြီး ပျော့အိစွတ်စို နုဖပ်လျက် ရှိသည်။ ဖိနပ်၊ ခြေအိတ်နှင့် ခြေထောက်ကြား အတွင်းသို့ သဲများဝင်လာကြပြီးနောက် လမ်းလျှောက်သောအခါ လမ်းလျှောက်နှုန်းအတိုင်း ဖိနပ်အတွင်း ခြေထောက်၏ လှုပ်ရှားမှုအလိုက် သဲများက ခြေထောက်အရေပြားကို ကော်ပတ်တိုက်၍ စားသကဲ့သို့ ဖြစ်တော့သည်။

သဲကော်ပတ်မှာ အလွန်နုသော သဲမှုန်ကလေးများသာ ဖြစ်သော်လည်း ပွတ်တိုက်ဖန်များလာသောအခါ၌ ခြေထောက်အရေပြားနှင့် အတွင်း အသားတို့မှာ တဖြည်းဖြည်း ပွန်းပဲ့ စုတ်ပြတ်လာသည်။ မိုးရေ၊ ချောင်းရေများက သဲကော်ပတ် စားရာတွင် အသားကို ပိုမို စားနိုင်စေရန်အတွက် နူးညံ့ပျော့ပျောင်း စိုစွတ်အောင် ကူညီ ဖန်တီးပေးကြသည်။ စစ်ဆင်ရေးများ၏ သဘာဝအတိုင်း တစ်ရက် မဟုတ်၊ နှစ်ရက် မဟုတ်၊ နေ့စဉ် ရက်ဆက် လမ်းလျှောက်ရသောအခါ၌ ခြေထောက်မှာ သဲဒဏ်၊ ရေဒဏ်ကို မခံနိုင်တော့ဘဲ စုတ်ပြတ် ပွန်းပဲ့လာကြလေသည်။ ထိုကဲ့သို့ ဖြစ်ပေါ်ခြင်းကို ရဲဘော်များက သဲဝဲစားသည်ဟု အမည်ပေးထားသည်။

**ဝေဒနာခံစားရချက်မှာ မယုံလျှင် ကြုံဖူးမှသိမည် ဆိုသော စကားကဲ့သို့ အတော် ခံရခက်လှပေသည်။ စစ်ဆင်ရေးများတွင် သဲဝဲစား ခံထားရပြီဆိုပါက ညအိပ်ပြီး နောက်တစ်နေ့ ခရီးစ၍ ထွက်ရာတွင် အဆိုးဆုံး ဖြစ်သည်။ ညအိပ်ပြီး ခန္ဓာကိုယ် အနားရသော်လည်း ခြေထောက်မှ သဲဝဲစားသော ဝေဒနာမှာမူ**



မပျောက်ကင်းနိုင်ပေ။ အိပ်ရာမှထပြီး ဖိနပ်စီးကာ စတင် လမ်းလျှောက်လိုက်သောအခါ၌ ခြေထောက်များ၏ နာကျင်မှုမှာ အသည်းခိုက်အောင်ပင် ခံစားကြရသည်။

အိပ်ရာထစ သွေးအေးပြီး လေးနေသဖြင့် ဝေဒနာကို ပိုမို ခံစားရသည်။ ရဲဘော်များက "ခြေတစ်လှမ်း ကုဋေတစ်သန်း တန်သည်"ဟုပင် တစ်ဦးနှင့်တစ်ဦး ရှုံ့မဲ့ နောက်ပြောင် ပြောဆိုကြသည်။ လမ်းအနည်းငယ် လျှောက်လိုက်၍ သွေးပူသွားမှ ဝေဒနာမှာ အနည်းငယ် သက်သာသလို ရှိသွားပြီ၊ လမ်း ဆက် လျှောက်နိုင်ကြပေသည်။ မိုးတွင်းအခါ၌ စစ်ဆင်ရေးကာလ ကြာလျှင် ကြာသလို သဲဝဲရောဂါကို ရဲဘော်တိုင်း အပြင်းအထန် ခံကြရသည်။ အချိန်ရလျှင် ရသလို မိမိခြေထောက်ကို ဂရုစိုက်ပြီး ခြေအိတ် ဖိနပ် စသည်များကို ချွတ်ကာ သဲများကို စင်အောင် ဆေးပြီး ပြန်ဝတ်သူများအဖို့ အခြားသူများထက် သဲဝဲစားမှု သက်သာပေသည်။

စစ်ဆင်ရေးများတွင် တစ်နေ့လုံး အပြင်းအထန် ချီတက်ကြရသည်ဖြစ်ရာ မကြာခဏ ဖိနပ်ချွတ်၍ သဲများကို စင်ကြယ်အောင် မဆေးနိုင်ကြပေ။ အချိန်နှင့်အခွင့်အရေး ရလျှင် ရသလို သဲစင်အောင် ဆေးနိုင်သူ အရာရှိနှင့် ရဲဘော်များမှာ အခြားသူများထက် သဲဝဲစားမှု သက်သာပေသည်။ သို့သော်လည်း ရက်ကြာလာသောအခါ၌မူ လူတိုင်းပင် သဲဝဲစားမှု ဒဏ်ကို ရှောင်လွှဲ၍ မရ၊ မလွှဲမသွေ ခံစားကြရသည်။ သဲဝဲစားမှုကို ပိုမို ဆိုးရွားစေသော ဆင်ချေးဝဲစားမှုမှာ တစ်နည်းတစ်ဖုံ ပိုမို ပြင်းထန်ပေသည်။

**တောတွင်း၌ တောဆင်ရိုင်းများ** သွားထားသော လမ်းနှင့် **သစ်ဆွဲဆင်များ သွားထားသော** လမ်းများတွင် ဆင်ချေးများကို **မလွဲမရှောင်သာ** တွေ့ရတတ်ပေသည်။ ထိုချေးပုံများကို ဖြတ်**ကျော်** နင်းမိလိုက်သောအခါ၌ မိုးရေနှင့် ဆင်ချေးများ ရောပြီး **ဖိနပ်ထဲသို့** စိမ့်၍ ဝင်သွားလေသည်။ ထိုအခါ၌ **ဆင်ချေးတွင် ပါသော** အမှုန်အမွှားများက ခြေထောက် သဲဝဲစားသော **နေရာများကို** ရောက်ရှိသွားပြီး ထိလိုက်သောအခါ၌ ပိုမို ပြင်းထန်**သော** ဆင်ချေး ဝဲစားမှု ယားယံသည့် ဝေဒနာကို မချိမဆံ့ **ထပ်ဆင့်** ခံစားကြရပေသည်။

**စာရေးသူ** အထင်အားဖြင့် ဆင်ချေးတွင် ပါသော အမှုန်**အမွှား**များနှင့် မူလကရှိသော သဲများ စုပေါင်းပြီး ခြေထောက်**များကို** တိုက်စားသည်ဟု ထင်မိသည်။ အခြား တစ်နည်းမှာ **ဆင်ချေး**တွင် ပါသော ဘက်တီးရီးယားပိုး တစ်မျိုးမျိုးကပင် **ခြေထောက်ကို** စားသလားဟု တွေးမိသည်။ စာရေးသူမှာ ဆရာဝန်တစ်ယောက် မဟုတ်သဖြင့် ယင်း ကိစ္စကို အတိအကျ ဖော်မပြနိုင်ပါ။ သဲဝဲစားထားသော ခြေထောက်ကို ဆင်ချေးဝဲ ထပ်စားလိုက်သောအခါ၌ မခံမရပ်နိုင်လောက်အောင် ပြင်းထန်သော ဝေဒနာကို ခံစားကြရသည်။

ရက်ပေါင်းများစွာ သဲဝဲစားထားသော ခြေထောက်များမှာ ပွန်းပဲ့ စုတ်ပြတ်လျက်ရှိပြီး အချို့နေရာများတွင် ကွင်းကလိုင်များပင် ဖြစ်ပေါ်လျက် နေသည်။ ထို **ကွင်းကလိုင်နာများ အတွင်းသို့** ဆင်ချေးရေများ **ထပ်မံ ဝင်သွားသော အခါ၌ ယားယံနာကျင်ခြင်းဖြင့် ကသိကအောက် မခံရိုးမခံသာ ပြင်းထန်**



သော ဝေဒနာအား မည်သို့ ခံစားရကြောင်းကို စာဖြင့် ဖော်ပြရန်ပင် ခက်ခဲလှပေသည်။ စာရေးသူတို့ တပ်စု **တစ်စုလုံးမှာ** ထိုစဉ်က ရဲဘော်တိုင်းလိုလို **အနည်းနှင့်အများ သဲဝဲစားခြင်းကို** ခံစားနေကြရပေပြီ။

**တောင်ပေါ်တွင် စစ်ဆင်ရေး အခြေအနေအရ** ၂၂-ရက်ခန့် အခြေပြု နေရာယူထားရသဖြင့် သဲဝဲ၊ **ဆင်ချေးဝဲ** စားခြင်း ဝေဒနာမှ အနည်းငယ် သက်သာရုံပင် **ရှိကြသေးသည်။** တောင်ပေါ်ရွာ တစ်ရွာမှ ရရှိသော **ဆီနှင့် နနွင်းမှုန့်အချို့ကို** နယ်ပြီး ခြေထောက်များကို လိမ်းထားကြသဖြင့် ခြေထောက်များမှာ မီးနေသည်ကဲ့သို့ ဝါထိန်လျက် ရှိပေသည်။ **စာရေးသူအဖို့** သဲဝဲ စားမှုကို စတင်ရင်ဆိုင်ရသောအခါ၌ ခြေထောက်ကို ဆီလိမ်းထားပါက ရေနူးခြင်း သက်သာမည်ဟု စဉ်းစားမိသည့်အလျောက် ရရာဆီဖြင့် ခြေထောက်ကို လိမ်းပြီးမှ ဖိနပ်စီးသဖြင့် ရဲဘော်များထက် အနည်းငယ် ပိုမို ခံသာသည်။

ရဲဘော်များကို ထိုနည်းအတိုင်း ပြောပြပြီး လိုက်နာ လိမ်းစေသော်လည်း တောင်ပေါ်တွင် ဆီရရန် ခက်သဖြင့် **ထိထိရောက်ရောက်** မလိမ်းနိုင်ကြရပေ။ ဆီတစ်မျိုးမျိုးကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ရှာ၍ လိမ်းကြရခြင်း ဖြစ်သည်။ မည်သူကမျှ **ခြေထောက်လိမ်းရန်** အတွက် ဆီလာထုတ်ပေးမည် မဟုတ်ပေ။ **စားဖို့တောင် အနိုင်နိုင်** ဖြစ်နေကြရသော ရှားပါးလှသည့် ဆီကို **ခြေထောက်လိမ်းရန်** အတွက် ရှာရမှာလည်း မလွယ်ကူလှပေ။ **သို့အတွက်** ရဲဘော်အများစုမှာ သဲဝဲစားခြင်းဒဏ်ကို **ခြေထောက်ဆီလိမ်းသူ** ရဲဘော်များထက် ပိုမို ခံစားကြရလေသည်။

သဲပေါ်တွင် ပက်လက်လှန်၍ စဉ်းစားနေရင်း ရဲဘော်တွေ ခြေထောက်များ သဲဝဲဒဏ်ဖြင့် ချီတက် လမ်းလျှောက်ကြရဦးမည့် အဖြစ်ကိုတွေးပြီး စိတ်မသက်မသာ ဖြစ်ရသည်။ ထိုစဉ် တပ်စု တပ်ကြပ်ကြီး ဆရာဖိုးလှက တဲပေါ်သို့တက်လာပြီး "ဗိုလ်ကြီး၊ အားလုံးတော့ အဆင်သင့်ပဲ၊ နက်ဖြန်မနက် လင်းရောင်ပေါ်ရင် ကျွန်တော်တို့တပ်စု ထွက်နိုင်ပြီ"ဟု ပြောလိုက်မှ အတွေးအာရုံမှာ ပြတ်သွားတော့သည်။ သူသည် စာရေးသူ ဘေးတွင် လဲလျောင်း အနားယူကာ ထွေရာလေးပါး စကားစမြည် ပြောဆိုနေသည်။ ထိုစဉ် ဆရာတောက်ထွန်း၊ ဆရာ မြင့်တင်နှင့် အခြား ရဲဘော် တစ်ဦး နှစ်ဦးတို့ပါ တက်လာကြပြီး ဝိုင်းဖွဲ့ စကား ပြောနေကြသည်။

ဆရာဖိုးလှက "ဗိုလ်ကြီး၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့တပ်စု (၁)ကိုချည်းပဲ အမြဲ တာဝန်ပေးနေပါလား၊ တခြား တပ်စုတွေကျတော့ ဘာကြောင့် မလွှတ်သလဲ"ဟု မေးသည်။ စာရေးသူက သူ့ကို မကြည့်ဘဲ တဲခေါင်မိုးကို မော့်ကြည့်ပြီး "ဒါတော့ဗျာ၊ ကျွန်တော်တို့တပ်စုက အစစအရာရာ တော်လို့ ဖြစ်မှာပေါ့"ဟု ဖြေလိုက်သည်။ ထိုစဉ် တပ်စုမှ အချက်ပြ ဆက်သွယ်ရေး တပ်သား ရဲဘော် တက်လာပြီး ၁၅၆–စက် အခြေအနေ ကောင်းကြောင်း ဆရာဖိုးလှကို သတင်းပို့သဖြင့် စကားစ ပြတ်သွားကြသည်။

စာရေးသူတို့ လူစုသည် ရဲဘော်အောင်သိန်း ယူလာသော မီးဖုတ်ထားသည့် တောငှက်ပျောသီး အချို့ကို စားသောက်



ကြရင်း ပျော်ပျော်ပါးပါး ထွေရာလေးပါး စကား ပြောဆိုပြီး ည ၉–နာရီခန့်တွင် အိပ်ကြလေသည်။ နောက်တစ်နေ့ နံနက် လင်းရောင်ပေါ်ချိန်တွင် မူလ အစီအစဉ်အတိုင်း တပ်စုတစ်စုလုံး ထိုနေရာမှ စတင် ထွက်ခွာကြသည်။ စစ်ကြောင်းမှူး စခန်းချသော တဲရှေ့သို့ ရောက်သောအခါ သူက ပြုံးပြုံးရွှင်ရွှင်ဖြင့် "ဗိုလ်ကြီး မင်းဆွေအောင်၊ ဂွတ်(ဒ်)လပ်ခ် [၁] ဗျို့"ဟု လှမ်း၍ နှုတ်ဆက်လိုက်သည်။ စာရေးသူက သူ့ကို ပြုံးပြပြီး လက်ပြ နှုတ်ဆက်ကာ ထွက်ခွာသွားသည်။

စာရေးသူလည်း သဲဝဲစားစပြုနေသော ခြေထောက်များဖြင့် တပ်စုနှင့်အတူ တောင်ကြောအတိုင်း ခပ်သွက်သွက် လျှောက်သွားရင်းက တောတောင် သဘာဝ၏ သာယာမှုကို ခံစားမိသည်။ ထိုစဉ်က စစ်ဆင်ရေးတွင် ပါဝင်သော စစ်ကြောင်းများ တောင်ပေါ်တွင် ရောက်နေကြလျှင် ရန်သူများသည် အခြေအနေအရ တောင်ခြေသို့ ရှောင်ထွက် သွားတတ်ကြပေသည်။ သို့ဖြစ်၍ တပ်စု တစ်စုတည်းနှင့် လာလမ်းအတိုင်း ပြန်ရမည်မှာ စိုးရိမ်ဖွယ်ရာ အခြေအနေ ဖြစ်သည်။ အချိန်အခါ နေရာမရွေး ချုံခိုတိုက်ခိုက်ခြင်းကို ခံရဖွယ်ရှိသဖြင့် တပ်စိတ်မှူးများနှင့် ရဲဘော်တိုင်းအား အစစအရာရာ ပိုမို သတိရှိကြရန် ကြိုတင် မှာထားပြီး ဖြစ်သည်။

ကျောပိုးအိတ် ကိုယ်စီနှင့် ရှေ့တန်းတိုက်ခိုက်ရေး လက်နက်ကျည်၊ ခဲယမ်းမီးကျောက်များကို သည်ပိုးပြီး တစ်တောင်တက်

---

၁။ (Good Luck) (ကံကောင်းပါစေ)ဟု ဆိုလိုပါသည်။

တစ်တောင်ဆင်း လျှောက်ကြရသည်။ မောပန်းနွမ်းနယ် ပင်ပန်းမှုမှာ ဆိုဖွယ်ရာမရှိအောင်ပင် ဖြစ်တော့သည်။ မိုးမှာလည်း တစ်နေ့လုံး တစ်ညလုံး အပြင်းအထန် ရွာချလျက်ရှိသဖြင့် ခက်ခဲပင်ပန်းစွာ မိုးဒဏ်လေဒဏ် ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံပြီး ချီတက် ကြရသည်။

တောင်ပေါ်တွင် နှစ်ညအိပ်ပြီး နောက်တစ်နေ့နံနက် စတင်ခရီးဆက်ထွက်ကြရာတွင် တောင်ခြေသို့ ရောက်ခါနီးပြီဟု ခန့်မှန်းမိသည်။ တောမှာ တဖြည်းဖြည်း ပါးလာသဖြင့် တောင်ဆင်ခြေလျှောကလေးများအတိုင်း ကွင်းစပ်သို့ရောက်အောင် ခပ်သုတ်သုတ် လျှောက်လာကြသည်။ တောင်ခြေကွင်းစတွင် မမျှော်လင့်ဘဲ ရွာကလေးတစ်ရွာကို တွေ့လိုက်ရသည်။ နံနက် ၉း၀၀ နာရီခန့်တွင် ထိုရွာသို့ရောက်ရှိသွားရာ ရွာကလေးမှာ အိမ်ခြေ-၅၀ ခန့် ရှိမည်ဟု ခန့်မှန်းရသည်။ ရွာထိပ်တွင် ဘုန်းကြီးကျောင်းအိုကလေး တစ်ကျောင်းရှိသည်။ ကျောင်းဝင်းထရံများမှာလည်း သပ်ရပ်မှုမရှိ၊ ကျိုးတိုးကျဲတဲ ကာရံထားပြီး ကျောင်းကလေးမှာ ခနိမ့်မိုး၊ ပျဉ်ကာပျဉ်ခင်း၊ ခြေတံရှည်ကျောင်းကလေး ဖြစ်သည်။

ကျောင်းဝင်းအတွင်း ရေတွင်းငယ်တစ်ခု တွေ့ရသဖြင့် ထိုနေရာတွင် ခေတ္တ စခန်းချကာ နံနက်စာအတွက် စီစဉ်ရန် စိတ်ကူးမိသည်။ ဆရာအချို့က တပ်စိတ်တစ်စိတ်နှင့် ရွာထဲသို့ လွှတ်ပြီး ဆန်ဝယ်ခိုင်းလိုက်ကာ စာရေးသူက ဘုန်းကြီးကျောင်းပေါ်သို့ တက်သွားသည်။ ကျောင်းပေါ်တွင် ဘုန်းကြီးအိုကြီးတစ်ပါး ထိုင်နေပြီး သူ့ဘေးတွင် ကိုရင်ကလေးတစ်ပါးက စာရေးသူကို အံ့သြသည့် မျက်နှာဖြင့် ကြည့်နေသည်။



စာရေးသူက ဘုန်းကြီးဘက်သို့ လက်အုပ်ချီပြီး "တပည့်တော်တို့ ဒီကျောင်းဝင်းထဲမှာ ခေတ္တ စခန်းချခွင့်ပြုပါဘုရား၊ ရဲဘော်အားလုံးမှာ ခြေထောက်တွေ သဲဝဲစားထားလို့ ကျောင်းဝင်းအတွင်း ဖိနပ်စီးခွင့်ပြုပါဘုရား" ဟု လျှောက်ထားလိုက်သည်။

ဘုန်းကြီးအိုကြီးသည် စာရေးသူကို တစ်ချက်မျှ ကြည့်ပြီး "အိမ်း-ဒကာ၊ သက်သာသလို နေကြပါ၊ ဒကာတို့က ဘယ်က လာကြတာလဲ" ဟု မေးသည်။

စာရေးသူက "တပည့်တော်တို့ အစိုးရစစ်တပ်တွေပါ၊ စစ်ဆင်ရေး ကင်းလှည့် ထွက်လာပါတယ်" ဟု မရေမရာ မသေမချာ ဖြေကြားလိုက်သည်။ စစ်သားတစ်ယောက်အနေဖြင့် ထိုသို့ပင် ဖြေရပေမည်။ မိမိ ဘယ်ကလာသည်၊ ဘယ်သို့သွားမည်ကို အသိပေး၍ မဖြစ်ပေ။ စာရေးသူလည်း အောက်ကိုဆင်းပြီး ရဲဘော်တွေကို "သက်သာသလိုနေကြ" ဟု ပြောနေစဉ် ဆန်ဝယ်အဖွဲ့ ဆန်အချို့နှင့် ရတတ်သမျှ ချက်ပြုတ်ဖွယ်ရာများကို သယ်ပိုးပြီး ပြန်လာကြသည်။ စုဆောင်းဝယ်ယူရသမျှ ပစ္စည်းအချို့ဖြင့် ဘုန်းကြီးကျောင်းဝင်းထဲတွင် ထမင်းချက်ကြသည်။

ထမင်းဟင်း ချက်ပြီးနောက် ကိုရင်ကလေးထံမှ အစားအသောက် ထည့်စရာ ပန်းကန်များ တောင်းပြီး ထည့်ကာ ဆရာဖိုးလှနှင့်အတူ ကျောင်းပေါ်တက်၍ ဘုန်းကြီးအိုကြီးအား ဆွမ်းကပ်ကြသည်။ ဘုန်းကြီးမှာ စာရေးသူတို့လူစုကို အတော်ပင် အံ့သြသွားပုံရသည်။ စာရေးသူက ဘုန်းကြီးကိုလည်း ကပ်ရင်း ကိုယ်တိုင်လည်း ထမင်းဟင်းများကို ဟန်းကောထဲ ထည့်ကာ ဆရာဖိုးလှနှင့်အတူ တစ်ပြိုင်နက် စားကြသည်။

အချိန်ကုန်မခံနိုင်သဖြင့် ဘုန်းကြီးကိုလည်းကပ်၊ မိမိ ကိုယ်တိုင်လည်းစား၊ ပြောစရာစကားကိုလည်း ပြော၊ ခပ်သုတ်သုတ်လုပ်ရသည်။ စစ်သားအနေဖြင့် ထိုသို့ပင် ပြုမူနေထိုင် လုပ်ကိုင်ကြရပေသည်။ မြန်မြန်စားပြီး ခရီးဆက်ရဦးမည်။ စာရေးသူက "အရှင်ဘုရား၊ တစ်ပါးတည်းပါလား၊ အခြား ဦးပဉ္ဇင်း တစ်ပါး တလေမှ မရှိဘူးလားဘုရား" ဟု လျှောက်လိုက်သည်။ ဘုန်းကြီးက "မရှိပါဘူး ဒကာ၊ ကျုပ်နဲ့ ဟောဒီ ကိုရင်ကလေး တစ်ပါးပဲ ရှိတယ်၊ ကပ္ပိယတစ်ယောက်နဲ့ ကျောင်းသားကလေးကတော့ ရွာထဲ ဆွမ်းအုပ်ယူဖို့ သွားကြတယ်" ဟု ဖြေသည်။

ကျောင်းခန်းပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သောအခါ အတော်ပင် ဆင်းရဲနွမ်းပါးလှသည်ကို တွေ့ရလေသည်။ စာရေးသူက ဆက်ပြီး "ဦးပဉ္ဇင်းတစ်ပါးလောက်တော့ ရှိဖို့ကောင်းတာပေါ့ဘုရား"ဟု လျှောက်လိုက်ရာ ဘုန်းကြီးက "ဦးပဉ္ဇင်းတွေက ဒီတောင်ခြေကျောင်းမှာ ဆွမ်းကွမ်းခက်ခဲ၊ အနေအထိုင် ဆင်းရဲလို့ ရှည်ကြာမနေကြပါဘူး ဒကာ၊ ခဏ လာသီတင်းသုံးတဲ့ ဦးပဉ္ဇင်းလဲ ရက်ပိုင်း လပိုင်းအတွင်း မြို့နဲ့နီးတဲ့ ရွာတွေကို ပြန်ပြန် ပြေးကြလို့ ဘုန်းကြီး ပျံတော်မူရင်တောင် ဒီကျောင်းကို ဆက်ခံဖို့ ပုဂ္ဂိုလ် မရှိပါဘူး" ဟု ဖြေလိုက်သည်။ စာရေးသူမှာ ဘုန်းတော်ကြီး အဖြစ်ကို စဉ်းစားမိပြီး ကရုဏာသက် စိတ်မကောင်းဖြစ်ကာ မေတ္တာပို့မိလေသည်။

ကောင်ခြေ ရွာကျောင်းကလေးမှာ တိတ်ဆိတ်ငြိမ်သက်လှပြီး မြတ်စွာဘုရား၏ အဆုံးအမအတိုင်း လိုက်နာကျင့်ကြံလျက် တရား



ထိုင်ရန် အလွန်ကောင်းသောနေရာဟု ထင်မိသည်။ သို့သော်လည်း ထိုနေရာတွင် သီတင်းသုံးနိုင်သော ဘုန်းကြီး မရှိပေ။ ထမင်းစားရင်း စကားပြောပြီး စာရေးသူက ဘုန်းတော်ကြီးကို ငွေအချို့နှင့် တပ်စုတွင် ကျန်ရှိသမျှ ရိက္ခာဆန်၊ ဆီ အချို့ကို စုပုံလှူဒါန်းလိုက်သောအခါ ဘုန်းတော်ကြီးမှာ ဝမ်းမြောက်ပီတိ ဖြစ်ပြီး ဆုတောင်းပတ္တနာပြုလေသည်။ "တပည့်တော်တို့ကို ခွင့်ပြုပါဦး ဘုရား" ဟု လျှောက်ကာ ကျောင်းပေါ်မှ ဆင်းရန် ဟန်ပြင်လိုက်သည်။

ဘုန်းကြီးအိုကြီးက စာရေးသူကို စေ့စေ့ကြည့်ပြီး "ဒကာတို့ဟာ လက်နက်နှင့် အလုပ်လုပ်ကြရတဲ့လူတွေဖြစ်လို့ အသက်ဘေး အန္တရာယ်နီးပါတယ်၊ ဘုရား၊ တရား၊ သံဃာကို မမေ့နဲ့၊ တတ်နိုင်ရင် အရဟံဂုဏ်တော်လောက်တော့ အမြဲဆင်ခြင် ပုတီးစိပ်နိုင်ရင် ကောင်းမယ်"ဟု မိန့်ကြားလေသည်။ စာရေးသူကလည်း "မှန်ပါ၊ ဘုရားတပည့်တော်လဲ အရဟံဂုဏ်တော်ကိုတော့ အမြဲ တတ်အားသမျှ စိပ်ပါတယ်" ဟု လျှောက်လိုက်ပြီး ကျောင်းပေါ်မှ ခပ်သွက်သွက် ဆင်းလာခဲ့သည်။ ဘုန်းကြီးအိုကြီးမှာ "သွားလေရာ ဘေးအန္တရာယ်အပေါင်း ကင်းကြပါစေ" ဟု အကြိမ်ကြိမ် ဆုပေးရင်း ကျန်ခဲ့လေသည်။

ကျောင်းအောက်ရှိ ရဲဘော်များမှာလည်း ခရီးဆက်ရန် အသင့်ဖြစ်ပြီးကြလေပြီ။ မိုးတစိမ့်စိမ့် ရွာလျက်ရှိသည်။ တပ်စုတစ်ခုလုံး အစီအစဉ်အတိုင်း ခပ်သွက်သွက် တောလမ်းအတိုင်း လျှောက်လာကြပြီးနောက် ၁၅–မိနစ်ခန့်အကြာတွင် နောက်မှ

ဘုန်းကြီးကျောင်းသားလေးတစ်ယောက် ပြေးလိုက်လာသည်ကို တွေ့ရသည်။ စာရေးသူလည်း ဘာကြောင့် ပြေးလိုက်လာရသလဲဟု စဉ်းစား၍ကြည့်နေစဉ် နောက်ဘက်မှ ရဲဘော်များက ဘုန်းကြီးက လွှတ်လိုက်၍ လိုက်လာကြောင်း သတင်းပို့သဖြင့် သူ့ကို ခေါ်၍ မေးသည်။ သူက ရှေ့ကရွာတွင် တောလူ(သူပုန်)များ ရှိကြောင်း ဆရာတော်က ပြောခိုင်းသဖြင့် ပြေးလိုက်လာပြီး ပြောရကြောင်း ရှင်းပြသည်။ စာရေးသူကလည်း သူတို့နှင့် တောင်ပေါ်တွင် မတွေ့ရပါက တောင်အောက်တွင် တွေ့ရလိမ့်မည် ဖြစ်ကြောင်း ကြိုတင် မျှော်မှန်းထားပြီး ဖြစ်သည်။

တပ်စုကို ရပ်တန့်စေပြီး ရှေ့ဆက်ချီရာတွင် တတ်နိုင်သမျှ သတိထားပြီး တပ်ဖျောက်ကာ အကွယ်အကာယူ၍ သွားကြရန် စစ်သဘောအရ လိုအပ်သလို ကြိုတင်ပြင်ဆင်မှုများပြုလုပ်သည်။ စာရေးသူတို့တပ်စုအား ရန်သူ(၁၅၀)ခန့်က အပိုင်ထုး၍ ချုံခို တိုက်ခိုက်ကြသည်။ တိုက်ပွဲအကြောင်းများကိုမူ ရေးသားဖော်ပြရန် မရည်ရွယ်ပါ။ စာရေးသူတို့တပ်စုတွင် တစ်ဦးတစ်ယောက်မျှ ထိခိုက်မိခြင်းမရှိဘဲ ရန်သူတို့အား အောင်မြင်စွာ တိုက်ခိုက်နိုင်ကြသည်။ လက်နက်နှင့် လူအချို့ကိုပင် လက်ရ ဖမ်းဆီးရမိသည်။

တိုက်ပွဲပြီးသောအခါ၌ သစ်ပင်တစ်ပင်အောက်တွင် ထိုင်၍ အမောဖြေရင်း အရဟံဂုဏ်တော် မေတ္တာနှင့် သစ္စာတန်ခိုးကို ဆင်ခြင်မိသည်။ ဘေးအန္တရာယ်မှ ထူးခြားစွာ လွတ်မြောက်ရခြင်းများကို တွေးမိပြီး ယုံကြည်မှု ပိုမို ဖြစ်ပေါ်လာသည်။ ရန်သူတို့မှာ စာရေးသူတို့ တပ်စုထက် အင်အားများပြီး အပိုင်



ချေမှုန်းရန် ရည်ရွယ်ထားသော်လည်း နောက်ဆုံးတွင် မည်သည့်အတွက် ဆုတ်ခွာထွက်ပြေးသွားကြသည်ကို စစ်သဘောအရ စဉ်းစား၍မရအောင်ပင် ဖြစ်မိသည်။ သူတို့အထင်တွင် စာရေးသူတို့က သူတို့ထက် လက်နက်လူအင်အား များသည်ထင်ပြီး ဆုတ်သွားကြဟန် တူသည်။ အမှန်ဆိုရသော် ထိုစဉ်က ရန်သူတို့၏ လက်နက်၊ လူအင်အားမှာ စာရေးသူတို့ထက် (၁၀)ဆခန့် သာလွန်လျက်ရှိသည်ကို တွေ့မြင် သိရှိရသည်။

မူလက စီစဉ်ချိန်းဆိုထားသောရွာသို့ ညနေ လေးနာရီခန့်တွင် ရောက်ရှိပြီး ရိက္ခာလာပို့သော တပ်ခွဲနှင့် တွေ့ဆုံကာ ရိက္ခာများ လွှဲပြောင်းယူရသည်။ နောက်တစ်နေ့နံနက်တွင် အထမ်းသမား (၇၀)ခန့်နှင့် ရိက္ခာများကို သယ်ပိုးပြီး တောင်ပေါ်သို့ တက်ရလေသည်။ အပြန်တွင် ရန်သူက ကြားဖြတ် တိုက်ခိုက်ဦးလေမည်လားဟု အထမ်းသမားများက စိုးရိမ်ကြောက်လန့်လျက် ရှိကြသည်။ သို့သော်လည်း စာရေးသူတို့တပ်စု တောင်ပေါ်မှ အပြီးဆင်းလာသည်ဟု ထင်မှတ်ပြီး ထပ်မံတိုက်ခိုက်ရန် မစီစဉ်တော့ဘဲ ရန်သူသည် အခြားတစ်နေရာသို့ ထွက်ခွာသွားသည်။ အပြန်ခရီးတွင် စာရေးသူတို့၏ အခြေအနေ အမှန်ကို သိရှိပြီး ကြားဖြတ်တိုက်ခိုက်ပါက အတော်ကလေး အခက်အခဲတွေ့မည်ဖြစ်သည်။

တောင်ပေါ် ပြန်တက်စဉ် စာရေးသူက ဆရာဖိုးလှကို "ဒီကောင်တွေ အပြန်မှာ ကျုပ်တို့ကို ဖြတ်တိုက်ရင် သေချာပေါက် ရတာပေါ့ဗျ၊ ဒါပေမယ့် ဘယ်ကိုရောက်ကုန်ကြသလဲ မသိဘူး" ဟု ပြောမိသည်။ သူက "ကျွန်တော်တို့ တောင်ပေါ်က အပြီး ဆင်းလာပြီး မြို့ကိုဆက်သွားမယ်ထင်ပြီး တစ်နေရာရာကို

သွားပြီး နှပ်နေကြတယ် ထင်တယ်၊ ဒီငတိတွေ ကျွန်တော်တို့ လှုပ်ရှားမှုသတင်းကို တိတိကျကျ ရထားပုံ မရဘူး”ဟု ပြန်ပြောသည်။

မည်သို့ပင်ဖြစ်စေ၊ အဆင်းတွင်တစ်ခါ၊ အတက်တွင် တစ်ခါ စာရေးသူတို့ တပ်စုအား အပိုင်ထုနိုင်ပါလျက် မည်သို့မည်ပုံ စိတ်ကူးပေါက်ပြီး ဘယ်ရောက်သွားသည် မသိရသော ရန်သူများကို များစွာ အံ့ဩမိသည်။ လမ်းတွင် နှစ်ညအိပ်ပြီးနောက် မူလ စစ်ကြောင်း အခြေပြုထားသော စခန်းသို့ ချောမောစွာ ပြန်ရောက်ကြသည်။ တပ်စု တစ်စုလုံးမှာ စာရေးသူ အပါအဝင် ရဲဘော်များမှာ သဲဝဲနှင့် ဆင်ချေးဝဲစားခြင်းဒဏ်ကို အပြင်းအထန် ဆက်လက် ခံကြရလေသည်။ အချို့ရဲဘော်များမှာ ခြေထောက်များ ယောင်ရမ်းပင် နေကြသည်။ ၁၅–ရက်ခန့် အကြာတွင် ကံအား လျော်စွာ စစ်ဆင်ရေးများ ပြီးဆုံးသွားသဖြင့် တပ်များကို ပြန် ရုပ်သိမ်းကြရသည်။

သဲဝဲနှင့် ဆင်ချေးဝဲ စားထားသော ခြေထောက်များမှာ ပွန်းပဲ့ စုတ်ပြတ်လျက် အချို့ရဲဘော်များမှာ ခြေထောက်များ ယောင်ပြီး တောင်ဝှေးဖြင့်သွားနေကြရသော အခြေအနေသို့ပင် ရောက်၍နေသည်။ စစ်ဆင်ရေးများအတွင်းက ခရီးသိပ်မသွား ရသော စစ်ကြောင်းမှူးသည်ပင် သဲဝဲစားမှုဒဏ်ကို ခံနေရပေပြီ။ စာရေးသူတို့က သူ့ကို ဝိုင်း၍ နောက်ပြောင်စကြသည်။ နောက် ပြောင်ကြသည်မှာလည်း အကြောင်းရှိသည်။ စစ်ရေးထွက်စဉ် တွင် စာရေးသူတို့တပ်စုမှ ရဲဘော်များ အသွားအလာများသဖြင့် သဲဝဲစားစတွင် သူက “ဒီလောက်ကလေးနဲ့များ နာရကောင်း



လား”ဟု မခံချင်အောင် စခဲ့သည်။ နောက်ဆုံး စစ်ဆင်ရေး ရုပ်သိမ်းချိန်၌ သူပါ သဲဝဲစားဝေဒနာကို ခံစားရပြီး တောင်ဝှေး တစ်ချောင်းကို အားပြုလျက် ထော့နင်း ထော့နင်း သွားနေရသော အခါ စာရေးသူတို့က အချက်ရပြီး ဝိုင်း၍ နောက်ပြောင်ကြခြင်း ဖြစ်သည်။

စာရေးသူ၏တပ်စုမှာ ထုံးစံအတိုင်း ရှေ့ဖျားတပ်စုအဖြစ် ချီတက်ရသည်။ ၎င်းဆင်ရေး ရုပ်သိမ်းပြီး တပ်ကို ပြန်ကြရမည် ဖြစ်သဖြင့် ရှိသမျှအားအင်ကို အသုံးပြုကာ ပေါ့ပါးရွှင်လန်းစွာဖြင့် တောင်ကြောအတိုင်း ဆင်းလာခဲ့ကြသည်။ ရဲဘော်တိုင်း အပြန် ခရီးတွင် စိတ်အားထက်သန်စွာ လျှောက်ကြသည်ကို ကြည့်ပြီး လူ့သဘာဝကို ဆင်ခြင်စဉ်းစားမိသည်။ တအုန်းအုန်း တရုန်းရုန်း ဖြင့် တစ်မိုးတွင်းလုံး ဖန်တရာတေအောင် လမ်းလျှောက်ခဲ့ကြရ သဖြင့် အထူးပင်ပန်းနေကြသော်လည်း တပ်ရင်းကိုပြန်၍ ခေတ္တ အနားယူရမည်ကို သိသောအခါ၌ လူတိုင်းပင် တစ်နည်းတစ်ဖုံ ဝမ်းသာကြည်နူးမှု ဖြစ်ကြသည်။

တောင်ပေါ်မှဆင်း၍ ကွင်းစပ်သို့ရောက်သောအခါ ရွာငယ် ကလေးတစ်ရွာတွင် တစ်ညအိပ် ခေတ္တ ရပ်နားကြသည်။ နောက် တစ်နေ့နံနက်တွင် လယ်ကွင်းများကိုဖြတ်၍ ဆက်လက် လျှောက် သွားကြသည်။ လယ်ကွင်းများတွင် ရေလျှံပြီး စပါးပင်များ မြုပ် နေသော မိုးလယ်ကာလဖြစ်သဖြင့် ရေမှာ ဒူးဆစ်ခန့်၊ ပေါင်ရင်း ခန့်အထိ မြုပ်လျက်ရှိသည်။ ကျောပိုးအိတ်ကိုလွယ်၊ သေနတ်ကို ထမ်းပြီး တအုန်းအုန်း တရုန်းရုန်း ရေထဲတွင် လျှောက်ကြရ သည်မှာ မသက်သာလှပေ။

ကွင်းစရှိ ရွာမှ လယ်ကွင်းကိုဖြတ်၍လျှောက်လျှင် ရန်ကုန် မန္တလေး ကားလမ်းမသို့ရောက်ရန် (၅)မိုင်ခန့် ဝေးမည်ထင်ရသည်။ သို့သော်လည်း ထို (၅)မိုင်မှာ စိတ်ထဲတွင် မိုင်(၅၀) လောက် ရှိသလားဟု ထင်ရလေသည်။ စစ်ဆင်ရေးကာလတွင် ပင်ပန်းလာခဲ့ကြသဖြင့် အင်အားကုန်ခန်း ခြေကုန်လက်ပန်း ကျလျက် ရှိသောကြောင့် ဖြစ်ပေသည်။ နေမွန်းတည့်ခန့်တွင် ရန်ကုန်–မန္တလေး ကားလမ်းဘေး ရွာတစ်ရွာတွင် ခေတ္တ စခန်းချ အနားယူပြီး တပ်ရင်းမှ လာကြိုမည့် ကားများကို စောင့်နေကြသည်။ သာယာသော ညနေခင်းတွင် တပ်ရင်းသို့ ကားများဖြင့် ပြန်ရောက်ကြသည်။

ကားပေါ်မှ အသီးသီး ဆင်းကြကာ ထုံးစံအတိုင်း တန်းစီ၊ လူစစ်၊ လက်နက်အပ်ပြီး အိမ်သို့ အသီးသီးပြန်ကြသည်။ လူပျို ရဲဘော်များက ရဲဘော်တန်းများသို့လည်းကောင်း၊ အိမ်ထောင် သည် ရဲဘော်များက အိမ်ထောင်သည်လိုင်းများသို့ လည်းကောင်း ဟေးလား ဝါးလား အော်ဟစ်ဆူညံကာ စကားတပြောပြောနှင့် ပြန်ကြလေသည်။ စစ်ဝတ်စုံများသည် တောထဲ၌ မကြာခဏ မိုးကင်း၍ဝတ်ရသဖြင့် မှိုင်းစွဲကာ အရောင်ပြောင်းပြီး ဝါကြန်ကြန် ဖြစ်နေသည်။ မီးခိုးစော်၊ မှိုင်းစော်၊ ချွေးစော် အနံ့များ ပေါင်းကာ အဝတ်အစားများမှာ ရှုးရှုးဝါးဝါး နံစော်လျက်ရှိသည်။ လူများမှာ လည်း ပိန်ချုံးပြီး မျက်တွင်းဟောက်ပက် ကျလျက်ရှိကာ မုတ်ဆိတ် မွေး နှုတ်ခမ်းမွေး ဗရပျစ်နှင့် သရဲရုပ်ပေါက်နေတော့သည်။ ထိုကဲ့သို့ စုတ်ပြတ်သတ်နေသော အခြေအနေနှင့် အိမ်သို့ပြန်ခဲ့ ရသည်။



အိမ်ရောက်တော့ ခြေပစ်လက်ပစ် ကုလားထိုင်ပေါ် ထိုင်ချ လိုက်ကာ ဖိနပ်နှင့်ခြေအိတ်ကို ရှုံ့ရှုံ့မဲ့မဲ့ ချွတ်နေမိသည်။ ဇနီး ဖြစ်သူက စာရေးသူ၏ ပုံပန်းသဏ္ဌာန်နှင့် ခြေထောက်ကို တအံ့ တသြ ကြည့်ပြီး– "ဟင်...ကိုကို့ ခြေထောက်ကလဲ အခြေအနေ ဆိုးလှချည့်လား၊ ဘယ်လို ဖြစ်လာတာလဲ" ဟု စိုးရိမ်တကြီး ပြောရှာသည်။ စာရေးသူမှာ ဖိနပ် ခြေအိတ်ကို ချွတ်ပြီး ခြေ ထောက်တစ်ခုလုံးနှင့် ခြေချောင်းများကြားတွင် တွင်းကလိုင် များဖြစ်ကာ ပွန်းပဲ့ စုတ်ပြတ်နေ၍ အထိမခံနိုင်အောင် ဖြစ်နေ သော ခြေထောက်ကိုကြည့်ကာ "သဲဝဲစားတာကွ၊ ကိုက်လိုက် နာလိုက်တာလဲ မပြောပါနဲ့တော့၊ နက်ဖြန်ခါမှ ဒေါက်တာ ညွန့်ဝေကို ပြပြီး ဒီခြေထောက်ကို ကုရဦးမယ်၊ ရဲဘော်တွေ အကုန်လုံးလဲ ဒီလို ဖြစ်လာကြတာပဲ၊ သူတို့တွေလဲ ဆေးခန်းမှာ ပြပြီး ကုကြရဦးမှာ" ဟု ပြောလိုက်သည်။

နောက်တစ်နေ့ နံနက်တွင် သူငယ်ချင်းဆရာဝန် ဒေါက်တာ ညွန့်ဝေ အိမ်သို့သွားကာ ခြေထောက်ကို ပြရသည်။ ဒေါက်တာ ညွန့်ဝေမှာ စာရေးသူနှင့် (၆)တန်း၊ (၇)တန်း ဘဝကပင် တစ်ကျောင်းတည်း နေခဲ့သော ငယ်သူငယ်ချင်း ဖြစ်သည်။ ယခု အချိန်တွင် သူ ဘယ်ကိုရောက်နေပြီလဲ ဆိုသည်ကိုပင် မသိတော့ ပါ။ လူချင်းကွဲသွားကြသည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပေပြီ။ ထိုခေတ် အချိန်အခါက စာရေးသူတို့တပ်ရင်းတွင် ဆရာဝန် မရှိပါ။ အနီးအနားတွင်လည်း ဆေးတပ်ဆွယ် မရှိပါ။ ဆရာဝန် အလွန်ရှားနေသေးသော အချိန်ကာလ ဖြစ်သည်။ ဒေါက်တာ ညွန့်ဝေက ခြေထောက်ကို ကြည့်ပြီး "သူငယ်ချင်း ဘယ်လိုဖြစ်

လာတာလဲ"ဟု တအံ့တသြ မေးရှာသည်။ အဖြစ်အပျက်များကို အတိုချုံး၍ ပြန်လည် ပြောပြလိုက်သောအခါ သူက စိတ်ဝင်စားစွာ နားထောင်လေသည်။ သူ့ထံတွင် ဆေးထိုး၊ ဆေးထည့်၊ ဆေးစားခြင်း လုပ်ငန်းကို တစ်ပတ်ခန့် ပြုလုပ်ရသည်။ ထိုစဉ်က ဤခြေထောက်မှာ ယခင် နဂိုအတိုင်း ပြန်ကောင်းပါဦးတော့မလားဟုပင် သံသယဖြစ်မိသည်။

ညအိပ်ချိန်များတွင် နာကျင်ကိုက်ခဲသဖြင့် အကိုက်အခဲပျောက် ဆေးပြားများကို စားပြီးမှ အိပ်နိုင်သည်။ သို့သော်လည်း တဖြည်းဖြည်း သက်သာလာပြီး (၁၅)ရက်ခန့် အကြာတွင် ပျောက်စပြုလာတော့သည်။ တပ်ရင်းဆေးခန်းတွင် တပ်ခွဲမှ အခြားရဲဘော်များမှာလည်း ခြေထောက် သဲဝဲစားရောဂါကို ပင်နှင်စလင်ထိုးဆေး၊ လိမ်းဆေးများဖြင့် အတော် ကုယူကြရသည်။ တပ်ခွဲတစ်ခွဲလုံးမှ ရဲဘော်များမှာ လမ်းကောင်းကောင်း မလျှောက်နိုင်သဖြင့် တပ်ရင်းတွင်. နှစ်ပတ်ခန့် အနားယူကာ သဲဝဲစားခြေထောက်များကို ဆေးကုကြရသည်။

* * *

အခန်း ( ၃ )

## အရဟံဂုဏ်တော်နှင့် ထူးဆန်းသောမြွေကြီး

စာရေးသူသည် ရွှေမော်ဓောဘုရားကြီးတွင် ကံနှစ်ပါး လှူပြီးကတည်းက ကြိမ်ပုတီးကလေးတစ်ကုံး ဝယ်ကာ အရဟံဂုဏ်တော်နှင့် သမ္ဗုဒ္ဓေဂါထာတို့ကို တတ်အားသလောက် စွဲစွဲမြဲမြဲ ပုတီးစိပ်သည်။ ထို အကြောင်းများကို 'ထူးခြားဆန်းကြယ်သောဘဝဖြစ်စဉ်များ' စာအုပ်တွင် ရေးသားဖော်ပြပြီး ဖြစ်သည်။ အချိန်သတ်မှတ်ပြီး ဘုရား ရှေ့တွင် စနစ်တကျ ထိုင်၍ စိပ်သည်တော့ မဟုတ်ပါ။ ရောက်ရာနေရာတွင် အခြေအနေအရ အချိန်ပေးသလို စိပ်ခြင်းသာ ဖြစ်သည်။ မိုးကြယ်စစ်ဆင်ရေးကာလတွင် စာရေးသူတို့တပ်ခွဲ တစ်ခွဲလုံးမှာ အခြားတပ်ခွဲများနှင့်အတူ စစ်ဆင်ရေး ထွက်ကြရသည်။ စစ်ဆင်ရေးကာလများတွင် ဖြစ်

ဆေ၊ တပ်ရင်းတွင် နေရသောအခါများတွင်ဖြစ်စေ ထို စိပ်ပုတီးကလေးကို သွားလေရာ အိတ်ထဲထည့်ထားပြီး အချိန်ရတိုင်း ရောက်ရာနေရာတွင် ထုတ်၍ စိပ်တတ်သည်။

စစ်ဆင်ရေးကာလ မိုးဦးကျ ဇွန်လမှစတင် ထွက်ခဲ့ကြသည်မှာ ဩဂုတ်လကုန်မှပင် စစ်ဆင်ရေးများ ပြီးဆုံးသဖြင့် တပ်ရင်းသို့ ပြန်ကြရသည်။ မိုးတွင်းကာလ သုံးလခန့် တောင်ပေါ် တောတွင်းတွင် အရပ်အနားမရှိ တောက်လျှောက် ချီတက်သွားလာနေကြရသဖြင့် အလွန် ပင်ပန်းကြသည်။ ပဲခူးရိုးမ တစ်ကြောတောတွင်း တောင်ပေါ် မုတ်သုန်မိုးများမှာ နေ့ရောညပါ အဆက်မပြတ် ရွာသွန်းလျက်ရှိသည်။ တောင်ကျချောင်းများမှာ ရေလျှံလျက်ရှိပြီး စစ်ကြောင်းများ ချီတက်ရာတွင် ရာသီဥတုနှင့် တောတောင် မြေပြင် အနေအထားများအရ အလွန်တရာ ခက်ခဲလျက်ရှိပေသည်။

စစ်ဆင်ရေး သွားသည်ဆိုသည်မှာ အထက်မှ ညွှန်ကြားသည့်အတိုင်း လိုအပ်သလို တစ်နေရာမှ တစ်နေရာသို့ အစဉ်အမြဲချီတက် လှုပ်ရှား သွားလာနေကြရသည်၊ နေ့အခါများတွင် တစ်နေ့လုံး ချီတက်ကြရပြီး တစ်ခါတစ်ရံတွင်လည်း နေ့ရောညပါ ချီတက်လှုပ်ရှား သွားလာကြရသည်။ ညရောက်သောအခါ၌ ရွာတွေ့လျှင် ခိုကပ်၍ အိပ်ကြရသည်။ ရွာဆိုသည်မှာလည်း တောင်ပေါ်ရွာများ၏ သဘာဝအရ အိမ်ခြေ ဆယ့်လေးငါးအိမ်မျှသာ ရှိတတ်ပြီး ဝါးတဲအိမ်များမှာ ခြေတံရှည်များသာ ဖြစ်ကြပေသည်။ ကျားကြောက်သဖြင့် အိမ်ကို ခြေတံရှည်ဆောက်၍ ညအခါ လှေကားကို ဖြုတ်၍ အိပ်တတ်ကြသည်။



စာရေးသူတို့အဖို့ ယိုသို့ တွေ့ရသော တောင်ပေါ်ရွာငယ်များရှိ ခြေတံရှည် ဝါးအိမ်ငယ်ကလေးများသည်ပင်လျှင် တောတွင်းနန်းတော်များအဖြစ် ထင်မှတ်ကြရသည်။ အိမ်ရှင်များကို တောင်းပန်ပြီး အိမ်ပေါ်တွင် အချို့က တက်အိပ်ကြပြီး အိမ်အောက်တွင် ရှိသော နေရာကလေးတွင်လည်း ဖြစ်သလို စစ်သုံးမြေခင်းကို ခင်းကာ တစ်ညတာ ဝင်ရောက် နားခို အိပ်ကြရသည်။ ရွာတွေ့သော်လည်း တပ်ဖွဲ့အားလုံးအတွက် မိုးခိုအိပ်စရာ တဲအိမ်ငယ် လုံလောက်စွာ မရှိပါ။ နေရာမရသူ ရဲဘော်များမှာ အိမ်ငယ်များဘေးတွင် ရရာပစ္စည်းများဖြင့် အမိုးပြုကာ တစ်ညတာ အိပ်ရန် ပင်ပင်ပန်းပန်း စီစဉ် ဆောင်ရွက်ကြရသည်။

ရွာကိုတွေ့သဖြင့် တစ်ညတာအတွက် နားခိုရာ နေရာ ရနိုင်သောကြောင့် အနည်းငယ် စိတ်သက်သာရာ ရကြသည်။ အိမ်ရှင်များနှင့်ရောကာ တဲပေါ်တဲအောက် စသည်တို့တွင် တစ်ညတာ အိပ်ဖို့အတွက် ပြင်ဆင် ပြုလုပ်ကြရသည်။ အချို့ရဲဘော်များက ဝမ်းမီးအတွက် စားသောက်ရန် ချက်ပြုတ်ကြရသည်၊ စစ်သားဆိုသည်မှာ အမိန့်နှင့်စည်းကမ်းကို မူတည်ပြီး အလုပ် လုပ်ကြရသူများဖြစ်သဖြင့် ရွာကိုရောက်၍ စစ်ကြောင်း နေရာယူသောအခါ၌ အထက်မှညွှန်ကြားချက်အတိုင်း စနစ်တကျ နေရာယူကြရသည်။ ညအိပ်ရန်အတွက် စီစဉ် ပြင်ဆင်သူများက ပြင်ဆင်ပြီး စားသောက်ရန် ချက်ပြုတ်သူများကလည်း ချက်ပြုတ်ကြရသည်။ ကင်းတာဝန်ကျသူ ရဲဘော်များကလည်း ပတ်လည် ဝန်းကျင်ခံစစ်သဖွယ် ကင်းချကာ နေရာယူကြရသည်။

စစ်တပ်တစ်ခု၏ ထုံးတမ်းစဉ်လာ သဘောသဘာဝအရ အဆင့်ဆင့် ကွပ်ကဲ ညွှန်ကြားမှုများအတိုင်း တစ်ညတာ အိပ်စက်ရန် အတွက်ပင် စနစ်တကျ လုပ်ဆောင်ကြရသည်။ စစ်သင်တန်းများမှ သင်ကြားမှုနှင့် အတွေ့အကြုံများအရ ရဲဘော်များနှင့် အရာရှိ အားလုံးသည် လုပ်ရိုးလုပ်စဉ် လုပ်ငန်းများသဖွယ် လုပ်ဆောင်သွားကြသည်။ အမိန့်နှင့်စည်းကမ်းဖြင့် အလုပ် လုပ်သောအခါ၌ အလွယ်တကူ စနစ်တကျ ဖြစ်တတ်ပေသည်။

စာရေးသူက ရဲဘော်များနှင့် လုပ်ဆောင်နေရင်း အရပ်သားဘဝက ရပ်ကွက်ထဲတွင် သကြိန်မဏ္ဍပ် ဆောက်ခဲ့သည်ကို ပြန်၍ စဉ်းစားမိသည်။ လူ(၁၅)ယောက်ခန့် ဆောက်လုပ်ကြရာ၌ တစ်ယောက်တစ်ပေါက်နှင့် နံနက်ကစ၍ ဆောက်ကြရာ တစ်နေ့လုံး ညနေစောင်းသည်အထိ ဘာမျှ မယ်မယ်ရရ မဖြစ်ခဲ့သည်ကို မှတ်မိ နေပေသည်။ ဆောက်သူအချင်းချင်း တစ်ယောက်တစ်ပေါက် ညွှန်ကြားပေးကြရင်း တိုင်တစ်တိုင် ထူဖို့ပင် အချိန်အတော်ကုန်သည်။ တိုင်ထူပြီး အမိုး မိုးခြင်း၊ အကာ ကာခြင်းလုပ်ငန်းများ၌လည်း တစ်ယောက်တစ်ပေါက်နှင့် လုပ်ငန်း မဖြစ်သည်များကို တွေ့ရပေသည်။

စစ်တပ် ဆိုသည်မှာ အမိန့်အတိုင်း ဆောင်ရွက်ရ၍ ဗိုလ်လုပ်သူက ခေါင်းဆောင်ကာ တာဝန် ခွဲဝေပေးလိုက်လျှင် ကျရာ တာဝန်ကို လျင်မြန်ဖျတ်လတ်စွာ ဆောင်ရွက်ကြရသည်။ ထိုသို့ မဆောင်ရွက်၍လည်း မဖြစ်၊ အချိန်ကုန် မခံနိုင်ကြပေ။ စာ သောက်ပြီး မြန်မြန်အိပ်ကြရဖို့ အရေးကြီးပေသည်။ တစ်နေ့လုံ



ျီတက်လာရသောကြောင့် အလွန်တရာ အားအင်ကုန်ခန်း မောပန်းန်းဟိုက်နေကြပြီဖြစ်သဖြင့် ညမအိပ်ရပါက နောက်တစ်နေ့ ဆက်လက် ချီတက်ရန် မဖြစ်နိုင်ပေ။

ညနေမိုးချုပ်၍ ရွာမတွေ့သော နေ့များတွင် တောတွင်း သစ်ပင်များအောက်၌ မိုးရွာထဲတွင် အမိုးအကာမရှိ ဖြစ်သလို အိပ်ကြရသည်။ နေမဝင်မီ အလျင်အမြန် ချက်ပြုတ် စားသောက် ြီး စိုစွတ်နေသော မြေပြင်ပေါ်တွင် စစ်သုံး မြေခင်းကို ခင်းကာ ကာအကျီကို ခြုံပြီး အိပ်ကြရသည်။ မိုးရွာထဲတွင် အိပ်၍ ပျော် ည်ဟု တစ်ချိန်က မထင်မိခဲ့ပေ။ လက်တွေ့တွင်မူ အလွန်တရာ င်ပန်းလာ၍ မိုးရွာထဲတွင် အိပ်ပျော်ကြသည်။ အိပ်မပျော် ဖြင့် မည့်သည့် အိပ်ဆေးကိုမျှ သောက်ရန် မလိုပေ။ သဘာဝ ိပ်ဆေးက လူကို အလုံအလောက် အိပ်စေသည်။ တစ်နေ့လုံး မ်းလျှောက်ထား၍ အလွန်တရာ နွမ်းနယ်နေကြပြီ ဖြစ်သဖြင့် ရွာထဲတွင် အိပ်နိုင်ကြခြင်း ဖြစ်၏။

သစ်ပင်ကြီးများအောက်ရှိ သစ်ပင် ချုံနွယ်များပေါ်တွင် င်းထားသော စစ်သုံးမြေခင်းပေါ်သို့ လှဲပြီး အိပ်ချလိုက်သော ခါ လူအိပ်သော နေရာအောက်ရှိ မြေခင်းမှာ ချိုက်ခွင့်ဝင် ွားသည်။ မိုးက သဲသဲမဲမဲ ရွာချလိုက်သောအခါ၌ မြေခင်းပေါ် ို့ မိုးရေများ ကျပြီး လူအိပ်သောနေရာ ချိုင့်ခွက်ကလေးတွင် များ ဝင်နေတတ်သည်။ စည်ပိုင်း၊ ရေခွက် တစ်ခုထဲတွင် ကို ရေစိမ်၍ အိပ်ခြင်းသဘောဆန်ဆန် ဖြစ်သွားတော့သည်။ သို့ အိပ်ခြင်းမျိုးကို တစ်ချိန်က အိပ်နိုင်ပါမည်လားဟု စာရေး

သူက သံသယဖြစ်မိသည်။ အပေါ်ကရေ၊ အောက်ကရေနှင့် လူမှာ ပဲကြီးရေစိမ် တွန့်သကဲ့သို့ ဖြစ်နေပေသည်။

မိုးကလည်း သဲသဲမဲမဲ ရွာချသောအခါ၌ တစ်ညလုံး မိုးရေထဲတွင် အိပ်ကြရလေတော့သည်။ နံနက် လေးနာရီခန့်တွင် နံနက်ပိုင်း ကင်းကျသော ရဲဘော်များက မီးဖိုကာ လက်ဖက်ရည် ကျိုကြသည်။ အိပ်နေသူများကို လိုက်၍ နှိုးကြသည်။ ခြေကိုင်ထား သဖြင့် ရုတ်တရက် မထနိုင်၊ မလှုပ်နိုင်ကြ။ ခန္ဓာကိုယ်တစ်ခုလုံး စစ်သုံးမြေခင်းပေါ်တွင် တောင့်တင်း၍နေသည်။ ထနိုင်သူက ကြိုးစားထပြီး မထနိုင်သူကို ဆွဲယူ လှုပ်နှိုးကြရသည်။ ထသော အခါ၌ ခန္ဓာကိုယ်တစ်ခုလုံးကို ပြန်လှုပ်ရှားသွားနိုင်အောင် ခုန် ပေါက်ပြီး သွေးပူအောင် လုပ်ကြရသည်။

မိုးရေထဲတွင် အအေးဒဏ်ဖြင့် ပျက်စီးနေသော အင်ဂျင်ကြီး အား အပူပေးပြီး အတင်း နှိုးရသည့် သဘောပင် ဖြစ်သည်။ ခန္ဓာကိုယ်တွင်းရှိ ကြွက်သားများ၊ အကြောအမျှင်များနှင့် သွေး လှည့်ပတ် သွားလာမှုများမှာ ထုံထိုင်း လေးကန်လျက် ရှိနေ သဖြင့် ပြန်လည် လှုပ်ရှားနိုင်အောင် ကြိုးစားကြရပေသည်။ လက်ဖက်ရည်ပူပူကြီးကို မျိုချပြီး နွေးထွေး လှုပ်ရှားနိုင်အော ပြုလုပ်ကာ စစ်လက်နက် ပစ္စည်းများကို ပုံစံအတိုင်း ထုပ် သယ်ဆောင်၍ ဆက်လက် ချီတက်ကြရသည်။

ရှေ့တန်း ချီတက်မှုများတွင် စစ်ဝတ်စုံသာ သယ်နိုင်သ ရောက်ရာနေရာတွင် စိုနေသော ဝတ်စုံကို ရေညှစ်ပြီး မီးဖို မီးကင်ကြရသည်။ မီးကင်ရာ၌လည်း စစ်ဝတ်စုံ မီးမလော



အောင် သတိထား၍ ကင်ကြရသည်။ မီးလောင်သွားပါက စားမရ၊ တောထဲသို့ အသစ်တစ်စုံ လာပို့ပေးမည့်သူ မရှိသဖြင့် ကွပိုရောက်လိမ့်မည်။ သို့အတွက် တစ်စုံစိုပါက တစ်စုံ အခြောက် လဲအလှယ်ပြုနိုင်ရန် သတိထား၍ မီးကင်ကြရသည်။ အစိမ်း ရောင် စစ်ဝတ်စုံများမှာ နေ့စဉ် မီးကင်ပါများသောအခါ မှိုင်းခိုး များ စွဲကာ ညစ်မှုပ်ပုပ်နှင့် ယောဂီရောင် ပေါက်နေတော့သည်။ ခွနီဖောင်းများ မှိုင်းစွဲထား၍ အရောင်ပြောင်းနေသဖြင့် ရယ်စရာ ခင်ရုပ်တစ်ခုကိုလည်း ပြန်၍ သတိရမိသည်။

တစ်ကြိမ်က စစ်ဆင်ရေးများအပြီး စစ်ကြောင်းများ ပြန်လည် ပ်သိမ်းလာစဉ် စာရေးသူ၏ တပ်စုမှာ ရှေ့ဖျားတပ်စု အဖြစ် တက်ရသည်။ ရဲဘော်များမှာလည်း ၃-လခန့် တောတွင်း၌ တင်တင်အပြတ်ပြတ် ဖြစ်လာကြသဖြင့် အလွန်ဟရာ ဆာလောင် တ်သိပ်လျက် ရှိနေကြသည်။ စစ်ကြောင်းများမှ အရာရှိ၊ ရဲဘော် အားလုံးမှာ စုတ်ပြတ်သတ်ပြီး လူရုပ်ပင် မပေါ်ကြပေ။ တောင်ပေါ်မှ င်းကာ လယ်ကွင်းများအတိုင်း အရှေ့ဘက်သို့ ဦးတည် ချီတက် ရာ ရန်ကုန်-မန္တလေး ကားလမ်းတွင် တပ်ရင်းမှ ကားများဖြင့် ကြိုရန် စီစဉ်ထားသည်။

ထိုနေ့က တောင်ခြေမှ ရန်ကုန်-မန္တလေး ကားလမ်းသို့ လျှောက်သွားရမည်ဖြစ်၍ မိုင်-၂၀ မျှ ကွာဝေးမည်ဟု ခန့်မှန်း သည်။ တောင်ခြေမှစ၍ လျှောက်လာရာ လယ်ကွင်းများထဲ ွင် ရေများမှာ ဒူးလောက် ပေါင်လောက် ဖြစ်နေသဖြင့် ဝုန်းဝုန်းနှင့် ရေကို ရုန်း၍ လျှောက်ရသည်မှာ အလွန် ပင်ပန်း

လှသည်။ သို့သော်လည်း စစ်ဆင်ရေးများ ရုပ်သိမ်းခဲ့ပြီဖြစ်၍ ကားလမ်းသို့ရောက်လျှင် ကားများဖြင့် တပ်ရင်းသို့ ပြန်ကြရမည် ဟူသော အသိစိတ်ဖြင့် စိတ်အားတက်ကာ ကြိုးစား၍ လျှောက် ကြရသည်။

ထိုစဉ် ကားလမ်းမသို့ ရောက်ရန် ၁၀–မိုင်ခန့်အလို ကုန်းတစ် တွင် ရွာငယ်ကလေးတစ်ရွာကို ဖြတ်ကျော် ချီတက်ရသည် စာရေးသူ တပ်စုမှ တပ်စိတ်(၁)သည် ရွာလမ်းမအတိုင်း ရွာတွင်းသ ဦးစွာ ဝင်သွားသည်။ ထိုစဉ်က စာရေးသူမှာ တပ်စိတ်(၂)နှ အတူ လိုက်ပါလာသဖြင့် တပ်စိတ်(၁) ရွာတွင်းသို့ ဝင်သွား ၁၅–မိနစ်ခန့်အကြာတွင်မှ တပ်စိတ်(၂)နှင့်အတူ ရွာတွင်းသ ရောက်ရှိသွားသည်။ ထိုစဉ် ရွာလယ် လမ်းမဘေးရှိ ဆိုင်တစ်ဆ ရှေ့တွင် ရဲဘော်များ အုတ်အုတ်ကျက်ကျက် ဖြစ်နေကြသည် တွေ့ရသည်။

တရုတ်မကြီးတစ်ယောက် စာရေးသူတို့ဘက်သို့ ပြေးလာ "စီပုန်တွေ စီပုန်တွေ၊ ငါ့ဆိုင်တော့ ကုန်ပါပြီ" ဟု အော်လာသ ကို တွေ့ရသည်။ စာရေးသူ တရုတ်မအနားသို့ ရောက်သ သောအခါ၌ "ဟဲ့–ဘာတွေ ဖြစ်လာတာလဲ" ဟု အော်၍ မ လိုက်သည်။ ထိုအခါ တရုတ်မက "စီပုန်တွေ စီပုန်တွေ၊ ဆိုင်ကို ဝင်လုစားတာ ကုန်ပါပြီ" ဟု ပြောသည်။ သူ သည်ကို နားထောင်ရင်း ဆက်၍ လျှောက်သွားရာ ရွာလ ဘေးရှိ တရုတ်ဆိုင်တစ်ခုအတွင်း၌ တပ်စိတ်(၁)မှ ရဲဘော် ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်ကို တွေ့ရသည်။ ဆိုင်အတွ



ပစ္စည်းများကို အလုအယက် ဝယ်ယူ၍ စားသောက်ကြသည်။ အချို့ကလည်း ဖန်ပုလင်းများ၊ ဘူးများကို ဖွင့်၍ မုန့်များ၊ ဆေးလိပ်များကို ယူ၍ စားကြ သောက်ကြသည်။

ဆိုင်တွင် ထိုင်နေသော တရုတ်ကြီးမှာ ဆိုင်ရှင်ဖြစ်ဟန် တူသဖြင့် "ဟေး–ငါ့ရဲဘော်တွေပါ၊ မင်းဆိုင် တစ်ဆိုင်လုံး ကုန်အောင် စားကြပါစေ၊ ကျသမျှ ပိုက်ဆံကို ငါပေးပါ့မယ်၊ တို့ သူပုန်တွေ မဟုတ်ဘူး၊ အစိုးရစစ်သားတွေပါ"ဟု ပြောလိုက်သည်။ ဆိုင်ရှင် တရုတ်ကြီးက စာရေးသူကို မယုံသကာ အကြည့်ဖြင့် မော့်ကြည့်ပြီး "ဗိုလ်ကြီးတို့ တပ်ဟာ အစိုးရတပ်မှ မဟုတ်ဘဲ၊ ပုန်တွေပဲ၊ အစိုးရတပ်က အစိမ်းရောင်ဝတ်တာပါ"ဟု ပြန်ပြော လသည်။ သူ ပြောလိုက်မှပင် စာရေးသူလည်း ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်မိရာ စစ်ဝတ်စုံများမှာ ယောဂီရောင်ပေါက်နေကြပြီး ာ်ဆိပ်များမှာလည်း နုတ်ပြဲနေကြသည်။

စာရေးသူက "တို့ အစိုးရတပ်အစစ်ပါ၊ သူပုန်တွေ မဟုတ် ပါဘူး၊ စစ်ဝတ်စုံတွေက တောထဲမှာ အနေကြာလို့ အရောင် ပြောင်းသွားတာပါ၊ မင်းဆိုင်က ရဲဘော်တွေ စားသမျှကို စာရင်း တွက်ပေးပါ၊ ကျသမျှငွေကို ငါပေးပါ့မယ်"ဟု ပြောသောအခါ တရုတ်မှာ အလွန်တရာ ဝမ်းသာသွားပုံရသည်။ သူက ပါးစပ်ကို ဖြီကာ ရွှေသွားများ ပေါ်အောင် ပြုံးပြီး "ဗိုလ်ကြီး၊ အများကြီး ကျေးဇူးတင်ပါတယ်"ဟု ဝမ်းသာအားရ ပြောသည်။ ထွက်ပြေး နေသော တရုတ်မကိုလည်း အခြား တရုတ်ကလေးတစ်ယောက်ကို လိုက်သွားစေပြီး ပြန်ခေါ်ခိုင်းသည်။

ရဲဘော်များမှာလည်း စစ်ဆင်ရေးအတွင်း အငတ်ငတ် အပြတ်ပြတ် ဖြစ်လာကြသဖြင့် ပထမဆုံးတွေ့သော ရွာမှ ဆိုင်ကို အတင်း ဝင်ရောက် ဝယ်ယူ စားသောက်ကြခြင်း ဖြစ်သည်။ ရဲဘော်များမှာ အုတ်အုတ်ကျက်ကျက်ဖြင့် ဆိုင်တွင်းရှိ အစား အသောက် ဆေးလိပ် စသည့်ပစ္စည်းများကို အလုအယက် နှိုက်ယူ စားသောက်ကြခြင်းဖြစ်၍ ဆိုင်ရှင် တရုတ်မက ဓားပြသူပုန်များဟု ထင်ကြခြင်း ဖြစ်သည်။ နောက်ပိုင်းမှ တပ်ဖွဲ့များပါ တဖြည်းဖြည် ပ်လာပြီး ဝိုင်းဝန်း ကူညီ စားသောက်ကြရာ တစ်ဆိုင်လုံး ပြောင် သွားလေတော့သည်။

ဆိုင်ရှင်တို့၏ သဘာဝအရ မိမိဘက်မှ သာသာထိုးထိုး ပို ထည့်တွက်လိုက်ရာ ငွေနှစ်ရာကျော်ခန့် ကျသည်ဟု ထင်သည် စာရေးသူက ငွေနှစ်ရာ့ကျပ်ခန့် ပေးချေလိုက်ရာ အလွန်တရ ဝမ်းမြောက်သွားပေသည်။ ဆိုင်ရှင် တရုတ် လင်မယားနှစ်ယော က ထိုင်၍ ရှိခိုးမတတ် ကျေးဇူးတင်လျက် ရှိနေကြသည် စာရေးသူတို့ ဝတ်ဆင်ထားသော စစ်ဝတ်စုံမှာ သူပုန်တပ်များဟု ထင်ရလောက်အောင် အရောင်အသွေး ပြောင်းလျက် ရှိနေပေပြ ဆိုင်ရှင်တရုတ်မှာလည်း တန်ရာတန်ကြေး အဖိုးအခ သာသာထိုးထို လေး ရလိုက်သဖြင့် စာရေးသူတို့အား ပျော်ရွှင်စွာ ကျေးဇူးတ လျက် ကျန်ရစ်ခဲ့လေသည်။ စစ်ကြောင်းမှူးက ထိုရွာတွင် ခေတ္တ နားရန် ညွှန်ကြားသဖြင့် ခေတ္တ အနားယူကြသည်။

စာရေးသူ၏ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများကို မရိတ် သည်မှာ ကြာပြီဖြစ်သည်။ စစ်ဆင်ရေးထွက်စအချိန်တွင် ခ



ဖြစ်သူက မုတ်ဆိတ်ရိတ် ကိရိယာနှင့် ဓားများကို ထည့်ပေးလိုက် သော်လည်း ရက်ကြာလာသောအခါ၌ တောင်ပေါ် တောတွင်း၌ ချောင်းကူး မြောင်းကူး ချီတက်ကြရာတွင် တဖြည်းဖြည်း ကျပျောက် ကုန်ကြလေသည်။ တပ်ခွဲနှင့်အတူ လိုက်လာသော ဆံပင်ညှပ် သမား တစ်ဦးမှာလည်း စစ်ဆင်ရေးကာလ တစ်လခန့် အကြာ တွင် တောင်ကျချောင်းတစ်ခုကို ဖြတ်ကူးရာ၌ ဆံပင်ညှပ်ကိရိယာ များ ထည့်လာသော အိတ်မှာ ချောင်းထဲသို့ ကျပျောက်ခဲ့လေသည်။ သို့ဖြစ်၍ စာရေးသူတို့တပ်စုတွင် မုတ်ဆိတ်မွေး ဗလပျစ် ဖြစ်နေ ကြသူများ ပေါများနေသဖြင့် လူရုပ်မပေါက်၊ ဓားပြ သူပုန်ရုပ် ပေါက်နေကြခြင်း ဖြစ်သည်။

ထိုရွာတွင် ဆံပင်ညှပ်ဆိုင်ကလေးတစ်ခုကို တွေ့ရသည်။ မြို့နှင့်မနီးမဝေး ရွာကလေးဖြစ်သဖြင့် ဆံပင်ညှပ်ဆိုင် ရှိဟန်တူ သည်။ စာရေးသူ၏မုတ်ဆိတ်မွေးမှာ လက်တစ်သစ်ကျော်ခန့် ရှည်နေပြီဖြစ်သည်။ ဆံပင်မှာမူ နဂိုက ခေါင်းတုံးဆံတောက် ဖြစ်သဖြင့် ရှည်မှန်း သိပ်မသိသာလှပေ။ ခေတ္တ နားမည်ဆိုသဖြင့် စာရေးသူက ဆံပင်ညှပ်ဆိုင်အတွင်းသို့ဝင်သွားကာ မုတ်ဆိတ် ရိတ်ပေးပါရန် ပြောသည်။ ဆံပင်ညှပ်သူမှာ စာရေးသူ၏ စစ်ဝတ်စုံ အရောင်နှင့် ပုံသဏ္ဌာန်ကိုကြည့်ပြီး သူပုန်ဗိုလ်ဟု ထင်နေပုံရသည်၊ သူက ကြောက်ကြောက်လန့်လန့် တုန်တုန်ယင်ယင်ဖြင့် ဓားကိုင်ရ မလို၊ ကက်ကြေးကိုင်ရမလို ဖြစ်နေသည်ကို ရိပ်မိလိုက်သည်။

စာရေးသူက "ခင်ဗျား ဘာမှ ကြောက်မနေပါနဲ့၊ ကျုပ်တို့ အစိုးရတပ်တွေပါ၊ စစ်ဆင်ရေးက ပြန်လာတာပါ၊ မုတ်ဆိတ်ကို

စက်ကတ်ကြေးနဲ့ အရင်ထိုးပြီးမှ စားနဲ့ ရိတ်ပါ”ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။ ဆံပင်ညှပ်သူ၏ မျက်နှာမှာ စိတ်သက်သာပုံ ရသွားပြီး သွက်လက် ပေါ့ပါးစွာ ဆိုင်တွင်းရှိ စားပွဲငယ်၏ အံဆွဲ အတွင်းမှ စက်ကတ်ကြေး အဟောင်းကလေးတစ်ခုကို ထုတ်ကာ ဆီတည့်၍ ဆံပင်ညှပ်သမားတို့ လုပ်နေကျပုံစံဖြင့် လက်ကိုင်ကို ဖြိုးဖြိုးဖျပ်ဖျပ် ညှစ်ခါပြီး မုတ်ဆိတ်မွေးများကို ညှပ်ရန် ပြင်ဆင် သည်။

ဆိုင်ကလေးမှာ ဆင်းရဲနွမ်းပါးပုံရပြီး ဆံပင်ညှပ် ထိုင်ခုံ အဟောင်းအစုတ်ကြီးတစ်လုံးသာ ရှိသည်။ ထို ထိုင်ခုံဘေး၌ မှန် ဟောင်းတစ်ချပ် ထောင်ထားပြီး မှန်ရှေ့တွင် အံဆွဲနှင့် စားပွဲငယ် တစ်လုံးရှိသည်။ စားပွဲပေါ်၌ ခွက်ငယ်၊ သံဘူးငယ် တစ်ခု နှစ်ခု တင်ထားပြီး သံခွက်ငယ်တစ်ခုအတွင်း ဆပ်ပြာတုံးတစ်တုံး ထည့် ထား၍ အခြားခွက်တစ်ခုထဲတွင် အနံ့ပြယ်နေပြီဖြစ်သော အညံ့စား ပေါင်ဒါမှုန့် ထည့်ထားသည်ကို တွေ့ရသည်။ စားပွဲဘေးတွင် လက်တန်း သစ်သားကုလားထိုင်ဟောင်း နှစ်လုံး ချထားပြီး ကုလားထိုင်တစ်လုံးပေါ်၌ ကလေးငယ်တစ်ယောက်မှာ နပ်ချေး တွဲလောင်းနှင့် ထိုင်နေသည်။ ထို ကလေးငယ်က စာရေးသူနှင့် ဆံပင်ညှပ်သမားအား ကြောင်၍ ကြည့်နေသည်။

စာရေးသူက တရုတ်ဆိုင်မှ ဝယ်စားလာသော ပဲမုန့်တစ်ခုကို ကလေးငယ်အား လှမ်း၍ပေးရာ ကလေးက မယူရဲဘဲ မှုန်တေတေ ဖြင့် ထိုင်နေသည်။ ဆံပင်ညှပ်သူက “စားပါ သားရဲ့၊ ဗိုလ်ကြီးက မင်းကိုချစ်လို့ ပေးတာပါ”ဟု ပြောလိုက်မှ စာရေးသူ လက်ထဲက



မုန့်ကို မရဲတရဲ ယူ၍ စားလေသည်။ ဆံပင်ညှပ်သူသည် ရိုသေ ကျိုးနွံစွာဖြင့် သူ၏ စက်ကတ်ကြေးအဟောင်းကလေးကို တဖျပ်ဖျပ် ခါပြီး စာရေးသူ၏ မုတ်ဆိတ်မွေးကို စတင် ထိုးညှပ်သည်။ သူက မုတ်ဆိတ်ရိတ်ရင်း “ဗိုလ်ကြီးတို့ ကြည့်ရတာ အတော် ပင်ပန်းလာပုံရတယ်၊ လူတွေလည်း စုတ်ပြတ်သတ်နေတာပဲ” ဟု ပြောသည်။ စာရေးသူက “စစ်တိုက်တယ်ဆိုတာ ပင်ပန်းတာ ပေါ့ဗျာ၊ တိုင်းပြည်နဲ့ လူမျိုးအတွက် ကျရာတာဝန်ကို ထမ်းဆောင် ကြရတာပေါ့”ဟု ပြန်ပြောလိုက်သည်။ “ခင်ဗျားကော ဒီရွာမှာ တစ်ခေါင်းညှပ်ရင် ဘယ်လောက်ရသလဲ”ဟု မေးလိုက်သည်။ သူက “တစ်ခေါင်း ပြားငါးဆယ်သာ ရပါတယ်၊ တစ်နေ့ကို သုံးလေးကျပ်လောက်တော့ ရပါတယ်ဗျာ”ဟု ပြန်ဖြေသည်။

သူတို့ရွာတွင် တစ်ခုတည်းသော ဆံပင်ညှပ်ဆိုင် ဖြစ်ဟန် တူသည်။ သူတို့၏ ဆင်းရဲသော ဘဝအခြေအနေကို တွေးမိရင်း ထိုင်ခုံပေါ်တွင် စဉ်းစားနေမိသည်။ မုတ်ဆိတ်မွေးများကို ညှပ် ပြီးသောအခါ၌ သူ့တွင်ရှိသော ဆပ်ပြာတုံးကလေးကို ရေဆွတ် ပြီး စာရေးသူ၏ မုတ်ဆိတ်မွေးများကို ပွတ်လိမ်းကာ ခေါင်းရိတ် ဓားကို ထက်အောင်သွေးပြီး တရိုတသေ ရိတ်ပေးလေသည်။ ဆယ်မိနစ်ခန့်အတွင်း မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများကို ရိတ်ပြီး သွားသဖြင့် စိတ်အတော် ရှင်းသွားသည်။ ဆံပင်ညှပ်သူသည် စာရေးသူတို့၏ အခြေအနေကိုကြည့်ပြီး ကရုဏာသက်ပုံရသည်။ သူတို့ဘဝ၏ ဆင်းရဲမှုများကို စာရေးသူက တွေ့မြင်မိသဖြင့် လည်း စိတ်ထဲတွင် သနားကြင်နာမှု ဖြစ်ပေါ်ရသည်။

မှတ်ဆိတ်ရိတ်ပြီးနောက် စာရေးသူက ငွေငါးကျပ် ထုတ်ပေးလိုက်သည်။ ထိုစဉ်က ငွေငါးကျပ်မှာ အလွန်တန်ဖိုးရှိသော အချိန်အခါဖြစ်သည်။ သူသည် စာရေးသူ၏စိတ်ဓာတ်ကို ရိပ်မိလိုက်ပြီး ကြည်ညိုလေးစားခြင်း၊ ကျေးဇူးတင်ခြင်း အပြည့်အဝဖြင့် လှမ်းကြည့်ကာ ပေးသောပိုက်ဆံကို လက်နှစ်ဖက်ဖြင့် တရိုတသေ လက်ခံယူပြီး ပါးစပ်မှ "ကျေးဇူးတင်ပါတယ် ဗိုလ်ကြီး" ဟု ပြောရှာသည်။

စာရေးသူလည်း ဆိုင်ထဲမှ လှည့်ထွက်လိုက်ရာ မိမိတပ်စုမှ မှတ်ဆိတ်မွေးဗရပျစ်နှင့် ရဲဘော်နှစ်ဦးသုံးဦး ဆိုင်ရှေ့တွင် ရောက်နေကြသည်။ "ဟော့ကောင်တွေ မြန်မြန်ရိတ်ကြ၊ ဆက်ထွက်ဖို့ အချိန်နီးနေပြီ၊ ပိုက်ဆံကော ပါကြရဲ့လား" ဟု မေးလိုက်သည်။ ရဲဘော်တစ်ယောက်က "မှတ်ဆိတ်ရိတ်ဖို့တော့ ပါပါတယ်၊ တပ်ရင်းရောက်ရင် ဟိုဟာကလေးသောက်ဖို့တော့ ရှိတော့မှာ မဟုတ်ဘူး" ဟု ပြုံးဖြီးဖြီးနှင့် ပြောသည်။ စာရေးသူက "အဲဒါအတွက် ငါ တာဝန်ထား၊ မင်းတို့ စိတ်ချမ်းသာစေရမယ်" ဟု ပြောပြီး သေနတ်ကို ပခုံးပြောင်းလွယ်ကာ ရွာလမ်းအတိုင်း လျှောက်ခဲ့သည်။

ဆိုင်ရှေ့မှ ရဲဘော်များ၏ ကျေနပ်ဝမ်းမြောက်သော ရယ်သံကို ကြားလိုက်ရသည်။ သူတို့တွေက စာရေးသူကို ညီအစ်ကိုလို ရှိသေချစ်ခင်ကြသကဲ့သို့ စာရေးသူကလည်း ရဲဘော်များနှင့် ဆက်ဆံရာတွင် ညီအစ်ကိုသဖွယ် ရဲဘော်ရဲဘက်စိတ်ဖြင့် ဆက်ဆံသည်။ ကုန်စရာရှိလျှင်လည်း သူတို့အတွက်ဆိုပါက တတ်နိုင်သလောက် အိတ်ထဲမှာရှိသမျှကို အကုန်ထုတ်၍ သုံးတတ်သည်။



ထို့ကြောင့်ပင် စာရေးသူတို့တပ်ခွဲတွင် ရဲဘော်တိုင်းလိုလို စာရေးသူကို ချစ်ခင်ကြပြီး လိုချင်တာရှိလျှင်လည်း အတင်းကပ်၍ နားပူနားဆာ တောင်းတတ်ကြသည်။ စာရေးသူရသော လစာမှာ လစဉ် တစ်ပြားတစ်ချပ်မျှ မစုမိပါ။ အကုန် တက်တက်ပြောင်တတ်လေသည်။ ထိုစဉ်ကာလများက သားသမီးကလေးများ မရှိသေးသဖြင့် တော်ပေသေး၏ဟု ယူဆရပေသည်။ ရဲဘော်များ၏ ကျေနပ်သောရယ်သံများကို နားထောင်ရင်း တပ်ရင်းရောက်ရင် ဒီကောင်တွေကို အရက်တိုက်ရပေဦးမည်ဟု စဉ်းစားမိသည်။ ထိုစဉ် ယခင်အပတ် စစ်ဆင်ရေးကာလက ငွေ(၅၀၀၀)ကျပ် ပျောက်ခဲ့သော ဖြစ်ရပ်ကိုလည်း ပြန်လည် အမှတ်ရမိသည်။ စာရေးသူမှာ အပေါ့အပြော စည်းရုံးရေးကောင်းသည်ဆိုပြီး စစ်ကြောင်းမှူးက အထမ်းသမားများ ထိန်းသိမ်းရသောတာဝန်ကို မကြာခဏ ပေးတတ်သည်။

စာရေးသူတို့ စစ်ကြောင်းတွင် အထမ်းသမား(၇၀)ခန့် ငှားရမ်းခေါ်ဆောင်လာရသည်။ သူတို့အတွက် တစ်နေ့တာ လုပ်အားခ သုံးကျပ်နှုန်း၊ စားစရိတ် နှစ်ကျပ်နှုန်း ရသဖြင့် တစ်နေ့လျှင် စုစုပေါင်း လူတစ်ဦးအတွက် ငါးကျပ်နှုန်း ရသည်။ လူ(၇၀)၏ တစ်နေ့တာ စရိတ်မှာ (၃၅၀)ကျပ်ခန့် ကျသဖြင့် ဆယ်ရက်ဆိုပါက (၃၅၀၀)ကျပ်ခန့် ကျန်ကျမည်ဖြစ်သည်။ တပ်ရင်းမှငွေ အလုံအလောက် ထုတ်ပေးလိုက်ရာ အရာရှိများက ငွေကို ခွဲ၍ တာဝန်ယူကာ သယ်ဆောင်လာကြရသည်။ စာရေးသူ၏ ဘောင်းအိတ်တွင် တပ်ခွဲမှူးက ပေးသဖြင့် ငွေ(၅၀၀၀)ကျပ်ခန့် ခွဲဝေယူဆောင်လာရသည်ဟု ထင်မိသည်။ မြေပုံများ၊ ကျည်ဆန်အချို့

နှင့် ငွေအချို့ကို အိတ်တစ်လုံးဖြင့် ခွဲထည့်ကာ သယ်ဆောင်လာရာ၌ ခရီးရှည်လာသောအခါ အလေးချိန်များလှသဖြင့် ပင်ပန်းလှသည်။

စာရေးသူတို့တပ်စုတွင် ပါဝင်သော အထမ်းသမား စောကျော်စိန် ဆိုသော ကရင်အမျိုးသားကလေးမှာ စစ်ဆင်ရေး စ,ကတည်းက လိုက်ခဲ့သည်။ အထမ်းသမားများကို အရစ်ကျ အသုတ်လိုက် ပြန်လွှတ်ရာ၌ပင် သူက မပြန်တော့ဘဲ စစ်ဆင်ရေး ပြီးဆုံးသည်အထိ လိုက်မည်ဖြစ်ကြောင်း ဆန္ဒပြုကာ နေခဲ့သူ ဖြစ်သည်။ စိတ်ဓာတ်ရိုးသားဖြောင့်မတ်ပြီး သွက်လက်ဖျတ်လတ်မှုရှိ၍ သူ့ကို သဘောကျသဖြင့် မိမိတပ်စုတွင် ခေါ်ထားလိုက်သည်။ ပြေးရ လွှားရနှင့် အလွန်တရာ ပင်ပန်းသောအခါများ၌ အနည်းငယ် သက်သာစေရန် သူ့ကို သယ်စရာများ ကူညီသယ်ခိုင်းရသည်။

စာရေးသူတို့ စစ်ကြောင်း ချီတက်ရာ လမ်းကြောင်းတွင် မိုးတွင်းကာလ ဖြစ်သဖြင့် တောင်ကျချောင်းတစ်ခုမှာ ရေလျှံပြီး ဝက်ခေါင်းထိုး အရှိန်ပြင်းစွာ စီးလျက်ရှိသည်။ ချောင်းမှာ ကိုက်(၃၀)ခန့် ကျယ်မည်ဟု ခန့်မှန်းရသည်။ တစ်ဖက်ကမ်းသို့ ကူးရန်အတွက် အခက်အခဲ တွေ့နေရသည်။ စာရေးသူတို့ တပ်မှာ ချောင်းကူးရန်အတွက် ခေတ်မီပစ္စည်းများကို အသုံးမပြုနိုင်သဖြင့် ဖြစ်သလို ကြံဖန် စီစဉ်ပြီး ကူးကြရသည်။

ချောင်းထိပ်တွင် ထိုင်ကာ မည်သို့မည်ပုံ ကူးလျှင် ကောင်းမလဲဟု ဆရာအချို့နှင့် တိုင်ပင်စဉ်းစားနေမိသည်။ နောက်ဆုံးတွင် ဝါးများကိုခုတ်လှဲ၍ ဆက်ကာ ချောင်းတစ်ဖက်သို့ တန်းပြီး



နောက် ထိုဝါးတန်းကို လက်ဖြင့် အားပြုကာ ရေထဲတွင် မျှောပြီး တစ်ယောက်စီကူးရန် စီစဉ်ရသည်။ တစ်ဖက်ကမ်းသို့ တပ်စိတ် တစ်စိတ်ခန့် ရောက်သွားပြီး အသင့် နေရာယူထားကာ ချောင်းဆားရှိ ကျွန်းပင်ကြီး တစ်ပင်အား ခုတ်လှဲချရန် ရည်ရွယ်သည်။

ကျွန်းပင်ကြီးမှာ ပေ–၁၀၀ ကျော်ခန့် ရှိသဖြင့် ထိုကျွန်းပင်ကို ခုတ်လှဲချနိုင်ပါက ချောင်းတစ်ဖက်ကမ်းသို့ ပြိုလဲကျကာ တံတားသဖွယ် ဖြစ်သွားပေမည်။ ထိုကျွန်းပင်ပေါ်မှ ကျန်ရဲဘော်များနှင့် အသံဖမ်းစက်များ၊ ဝန်လေး စစ်ပစ္စည်းများကို အထမ်းသမားများနှင့်အတူ ကူးစေရန် ဖြစ်သည်။ ကျွန်းပင်ကို ခုတ်လှဲရန်အတွက် အနည်းဆုံး အချိန် သုံးနာရီခန့် ကြာမည်ဟု ထင်သည်။ ခုတ်စရာ ပစ္စည်းလက်နက်များမှာလည်း တပ်စုတွင် လုံလောက်စွာ မပါရှိသဖြင့် အတော်ကြိုးစား၍ ခုတ်လှဲပါမှ စစ်ကြောင်းတစ်ခုလုံး တစ်ဖက်ကမ်းသို့ ကူးနိုင်ပေမည်။ အခြား နည်းလမ်းလည်း လုံးဝ မရှိသဖြင့် ထိုအတိုင်း ဆောင်ရွက်ရန် တိုင်ပင် ညှိနှိုင်း ဆောင်ရွက်ကြရသည်။

ကျွန်းပင် ခုတ်လှဲနေစဉ်အတွင်း တစ်ဖက်ကမ်းသို့ တပ်စိတ်တစ်စိတ်ကို ဦးစွာ သွားရောက် နေရာယူစေရေးအတွက် ဝါးပင်များကို ခုတ်လှဲကာ ဝါးတစ်ခုနှင့်တစ်ခု ခိုင်မြဲစွာ ကြိုးများဖြင့် တုပ်နှောင် ချည်ကြရသည်။ ထိုသို့ တုပ်နှောင်ပြီးသော ဝါးတန်းကြီးကို တစ်ဖက်ကမ်းသို့ ပစ်၍ တန်းပြီး ရေကူးကျင်လည်သော ရဲဘော်တစ်ဦးကို ဝါးစကို ကိုင်စေကာ တစ်ဖက်ကမ်းသို့ ကူးစေသည်။ ထိုရဲဘော် တစ်ဖက်ကမ်းသို့ ရောက်သောအခါ၌ ဝါးစကို ကမ်းစပ်ရှိ သစ်ပင်တစ်ပင်တွင် ကြိုးဖြင့် ခိုင်ခံ့စွာ ချည်ထားစေ

သည်။ ရေစီးမှာ အလွန်သန်လှသဖြင့် ဝါးတန်းမှာ တဖျစ်ဖျစ် မြည်လျက် ရှိသည်။

ထိုစဉ် တပ်စုတပ်ကြပ်ကြီး ဆရာဖိုးလှက ကျောပိုးအိတ်ကို ဘေးချကာ စတင်းသေနတ်ကို ကျောသိုင်း လွယ်လိုက်သည်။ "ဗိုလ်ကြီး၊ ကျွန်တော် အရင် တစ်ယောက်တည်း ကူးကြည့်မယ်၊ ကျွန်တော့်အလေးချိန်ကို မခံနိုင်လို့ ရေအားနဲ့ ဝါးကျိုးသွားရင် မျောလိုက်သွားပြီး ဟိုဘက်ကွေ့မှာ ကမ်းပေါ် ပြန်တက်နိုင်တယ်"ဟု ပြောသည်။ ဆရာဖိုးလှမှာ ရေကူးကျင်လည်သူ မြစ်ဝကျွန်းပေါ်သား ဖြစ်၍ သူ့ကို အရင် ကူးစေရသော်လည်း စိတ်ထဲတွင် ရင်တမမ ဖြစ်နေသည်။ ဆရာဖိုးလှသည် ဝါးတန်းကို ဆွဲကာ တစ်ဖက်ကမ်းသို့ သွက်လက်စွာ ကူးသွားသည်။ ချောင်းလယ်ခန့်တွင် ဝါးတန်းမှာ ဖြိုးဖြိုးဖြောက်ဖြောက် မြည်လျက် ရှိသည်။

စာရေးသူက "ဆရာဖိုးလှ သတိထား၊ ဝါးဆက်တွေကိုလဲ သေသေချာချာ စစ်ဆေးပါ"ဟု လှမ်း၍ အော်ပြောသည်။ များမကြာမီ သူ တစ်ဖက်ကမ်းသို့ ရောက်သွားပြီး "တစ်ယောက်စီ ကူးရင်တော့ ဒီဝါးတန်းကခံနိုင်ပါတယ်"ဟု စာရေးသူကို လှမ်း၍ အော်ပြောသည်။ အခြား တပ်ဖွဲ့ တစ်ဖွဲ့မှာမူ အထမ်းသမားများနှင့်အတူ ကျွန်းပင်ကြီးကို စတင် ခုတ်လှဲနေကြပြီ ဖြစ်သည်။ စာရေးသူက ကူးမည့် ရဲဘော်များအား ကျောပိုးအိတ်များကို ထားကာ ဖိနပ်များကို ချွတ်ပြီး ခါးတွင်ပတ်၍ ချည်နှိုင်းသည်။ သေနတ်များကို ကျောတွင် သိုင်း၍ လွယ်စေပြီး ကျည်အိတ်များကိုလည်း ခါးတွင် မြဲမြံစွာ ပတ်နှိုင်းထား၍ ပထမ တစ်ဦးကို



စတင် ကူးစေသည်။ ထိုရဲဘော် တစ်ဖက်ကမ်းသို့ရောက်သွားချိန်၌ စာရေးသူက ကျောပိုးအိတ်နှင့် အခြား အလေးအပင် ပစ္စည်းများကို ချွတ်ကာ ဘောကျော်စိန်ကိုပေးခဲ့ပြီး တစ်ဖက်သို့ကူးရန် စီစဉ်ပြုလုပ်သည်။ ထိုစဉ် ဆရာဖိုးလှက တစ်ဖက်ကမ်းမှ စာရေးသူ လှုပ်လှုပ်ရှရှ ဖြစ်နေသည်ကို မြင်ပြီး "ဟာ–ဗိုလ်ကြီး၊ ကျွန်းပင်ကြီး လှဲပြီးမှ ကူးပါ၊ ကျွန်တော် ဒီဘက်ကမ်းမှာ စီစဉ် နေရာယူထားပါမယ်" ဟု လှမ်းပြောသည်။

စာရေးသူက ကျန် ရဲဘော်များကို "မင်းတို့ ငါစီစဉ်ထားတဲ့အတိုင်း တစ်ယောက်ပြီးတစ်ယောက် ဆက်ကူး၊ ဆရာတက်ထွန်းက စောင့်ကြည့်ပေးလိုက်"ဟု မှာပြီး ရေထဲသို့ ခုန်ချကာ စတင်ကူးတော့သည်။ တောစီးဖိနပ်ကို မချွတ်ဘဲ ကူးသည်။ မြစ်ဝကျွန်းပေါ်သား ဖြစ်သဖြင့် ရေကူး ကျင်လည်သည့်အလျောက် မိမိကိုယ်ကိုယ်လည်း ယုံကြည်သည်။ ကျန် ရဲဘော်များ မကူးမီ ဝါးတန်းသည် ခံနိုင်ရည် ရှိ–မရှိကိုလည်း ကိုယ်တိုင် စစ်ဆေး သိရှိလိုသည်။ မတော်တဆ ရဲဘော်တစ်ယောက်တလေ စစ်မတိုက်ရဘဲ ရေနစ်သေပါက စိတ်ထိခိုက်မည်ကိုလည်း တွေးတော စိုးရိမ်မိသည်။

ရေလယ်ခန့်တွင် ဝါးမှာ လူ၏အလေးချိန်နှင့် ရေစီးဆွဲအားဖြင့် တုန်ခါပြီး ညွတ်လျက်ရှိသည်။ ဝါးကို အားသိပ်မပြုဘဲ တစ်ဖက်ကမ်းသို့ အလျင်အမြန် ရောက်ရန် ခပ်သွက်သွက် လက်ဖြင့် ဆွဲကိုင်ပြီး ကူးသွားစဉ် ချည်ထားသော ဝါးတန်းတွင် အလေးချိန်ပေါ့စေရန် ခြေထောက်များဖြင့် ရေကိုလည်းယက်ပေး

သည်။ တစ်ဖက်ကမ်းသို့ ရောက်သွားသောအခါ ဆရာဖိုးလှက "ဟာ–ဗိုလ်ကြီးကလဲ ကျွန်တော် အကူးမခိုင်းဘဲ ဘာလို့ အတင်းကူးလာရလဲ၊ ပြီးတော့ ဖိနပ်လဲ မချွတ်ဘူး"ဟု မကျေမနပ် ပြောသည်။ စာရေးသူက သူ့ကို ပြုံး၍ပြပြီး "ရပါတယ်ဗျ၊ ဒီလောက်ကတော့ ဂရုမစိုက်ပါဘူး၊ ဝါးကျိုးသွားရင်လဲ မျှောလိုက်သွားပြီး ကမ်းပေါ်တင်အောင် ကိုယ့်ကိုယ်ကို ဖော့ထားလို့ ရပါတယ်၊ ဒါမှလဲ ကျန်တဲ့ ရဲဘော်တွေ ကူးရဲမှာပေါ့"ဟု ပြောလိုက်သည်။

ကျန်ရဲဘော်များကို တစ်ယောက်စီ အစီအစဉ်အတိုင်း ကူးရန် စာရေးသူက တစ်ဖက်ကမ်းမှ လှမ်းအော်ပြောသည်။ နောက်ထပ် ရဲဘော်ဆယ်ယောက်ခန့် တစ်ဦးစီ ကူးလိုက်လာကြသည်။ တစ်ဖက်ကမ်းတွင် နေရာယူပြီးနောက် အနားယူကြသည်။ ကျွန်းပင် ခုတ်သောအဖွဲ့မှာ တညည်းညည်း တညူညူဖြင့် ခုတ်ကြသည်မှာ အချိန် ငါးနာရီခန့်ကြာမှပင် လဲတော့သည်။ ကျွန်းလုံးကြီးမှာ ချောင်းတစ်ဖက်ကမ်းသို့ တံတားသဖွယ် တန်းတန်းမတ်မတ် လဲကျသွားသည်။ ကျန်ရဲဘော်များသည် အထုပ်အပိုးများ၊ အလေးအပင်များကို သယ်ဆောင်ကူးလာသော်လည်း အထမ်းသ အချို့မှာ မကူးရဲဟု ဆို၍ တစ်ဖက်ကမ်းတွင် ပေကပ်ကပ် လုပ်နေကြသည်။

စာရေးသူက တစ်ဖက်ကမ်းသို့ ကူးသွားပြီး ချော့မော့ဖျောင်းဖျ ပြောဆိုသဖြင့် အချို့ ကူးသွားကြသော်လည်း ကျန် လူအစိတ်ခန့်မှာ မကူးရဲကြောင်း အကြောက်အကန် ငြင်းဆန်နေကြသဖြင့် သူတို့လူသိုက်အား ဆရာများနှင့်အတူ ဆူပူကြိမ်း



မောင်း ခြိမ်းခြောက်၍ ကူးခိုင်းမှ ကူးကြလေသည်။ ထိုသို့ အကူးမခိုင်း၍လည်း မဖြစ်။ သူတို့အား တောင်ပေါ် တောထဲတွင် ထားခဲ့ရန်မှာလည်း မဖြစ်နိုင်ပေ။ တစ်ဖက်ကမ်းသို့ လူကုန် ရောက်သောအခါ၌ ညနေ လေးနာရီခန့် ရှိမည်ဖြစ်သည်။ တစ်ဖက်ကမ်းသို့ တပ်စုတစ်စုလုံး ရောက်ပြီးနောက် ပစ္စည်းများကို စစ်ဆေးသောအခါ၌ စောကျော်စိန်ကို အပ်ထားသည့် ငွေ(၅၀၀၀)ကျပ် ထည့်ထားသော အိတ်မှာ ရှာမတွေ့ ဖြစ်နေသည်။

စာရေးသူက "မင်း ဒီအိတ်ကို ဘယ်မှာ ထားခဲ့သလဲ" ဟု သူ့ကို ခပ်မာမာ မေးရာ မျက်စိမျက်နှာ ပျက်နေပြီး ဘယ်မှာ ထားခဲ့မိမှန်း မသိ၊ ဟိုလိုလို ဒီလိုလို ဖြစ်နေသည်။ ထိုအိတ်ထဲတွင် ငွေ(၅၀၀၀)ကျပ်ခန့် ပါသည်ဟု သူ့ကို အသိပေးထားခြင်း မဟုတ်သဖြင့် သူယူသည်ဟုတော့ ရုတ်တရက် ယူဆ၍ မဖြစ်နိုင်ပေ။ ချောင်းကူးရန်အတွက် စီစဉ် အလုပ်များနေကြစဉ်က ဖွင့်ကြည့်သဖြင့် ငွေတွေ့၍ အပျောက်ရိုက်ထားလေသလား ဟု ယူဆရန်မှာလည်း ထိုမျှလည်သော လူစားမျိုး မဟုတ်သဖြင့် အတွေးရ ခက်နေသည်။

တစ်ဖက်ကမ်း သစ်ပင်ခုတ်သော နေရာတစ်ဝိုက်နှင့် ထမင်းချက်ကြသည့်နေရာ သစ်ပင်ချုံနွယ်များ ပတ်ဝန်းကျင်သို့ ရဲဘော်အချို့နှင့် အထမ်းသမားအချို့ကို စေလွှတ်ရှာခိုင်းရာ ပျောက်ဆုံးသွားသော အိတ်ကို သစ်ပင်တစ်ပင်ရင်းမှ ပြန်တွေ့ခဲ့ရသည်။ ရဲဘော်တစ်ဦးက တစ်ဖက်ကမ်းမှ "ဗိုလ်ကြီးအိတ် ပြန်တွေ့ပြီ" ဟု အော်ပြောရင်း စာရေးသူတို့ ခင်းထားသော ကျွန်းပင်တံတားအတိုင်း အပြေးကလေး ကူးလာပြီး လာပေးသည်။ ရဲဘော်ထံမှ

အိတ်ကို လှမ်းယူပြီး အထဲမှ ပစ္စည်းများကို မသိမသာ ဖွင့်ကြည့်လိုက်ရာ လက်ဝှ့ရာခြေရာမပျက် တွေ့ရသဖြင့် စိတ်အေးသွားသည်။ စောကျော်စိန်၏ ရိုးသားမှုကိုလည်း ပိုမိုသဘောပေါက် နားလည်လာသည်။ မိမိကိုယ်ကိုလည်း ငါ လူကဲခတ် မညံ့ပါလားဟု ထင်မိသည်။ ချောင်းကူးရန်အတွက် ရတ်ရတ်သဲသဲ စီစဉ် ဆောင်ရွက်နေကြစဉ် အမှတ်တမဲ့ မေ့ကျန်ရစ်ခဲ့ဟန် တူသည်။ ငွေ (၅၀၀၀)ကျပ် စိုက်မလျော့ရသဖြင့် ထိုစဉ်က စာရေးသူအဖို့ ကံကောင်းလေသည်ဟု ယူဆရမည်ပင် ဖြစ်သည်။

ထိုည၌ တစ်ဖက်ကမ်း တောင်စောင်းပေါ်ရှိ သစ်ပင်များအောက်၌ ဖြစ်သလို အိပ်ကြရသည်။ မိုးမှာ တစ်ညလုံး တဖွဲဖွဲ ဆက်လက် ရွာသွန်းလျက်ရှိသဖြင့် ညမှာ ပိန်းပိတ်အောင် မှောင်လျက်ရှိသည်။ ထိုစဉ်က စာရေးသူတို့ အိပ်နေသော တောင်ကမ်းပါးယံနှင့် ချောင်းစပ်ကြားမှ ရှဲရှဲ-ရှဲရှဲ ဟူသော လျှောတိုက်သံကြီးကို ကြားလိုက်ရသည်။ တဖြောက်ဖြောက် ရွာနေသော မိုးသံများကြားတွင် ထိုအသံမှာ ထူးထူးခြားခြား ဆန်းကြယ်စွာ ကြားရသဖြင့် လှဲနေရာမှ ချောင်းစပ်ဆီသို့ အာရုံပြု၍ နားစွင့်ကာ ကြည့်နေမိသည်။ စာရေးသူအနားတွင် အိပ်နေသော ရဲဘော် မောင်ကြည်က "မိုလ်ကြီး၊ ကြားသလား၊ ဘာသံကြီးလဲ မသိဘူး" ဟု တိုးတိုးလေး ကပ်၍ ပြောသည်။ စာရေးသူတို့နှင့် ၁၅-ကိုက်ခန့်အကွာ တောင်ကမ်းပါးယံ ထိပ်တွင် အခြား တပ်စိတ်များက ကင်းနေရာယူ၍ အိပ်ကြသည်။

စာရေးသူလည်း နာရီကိုကြည့်လိုက်ရာ သန်းခေါင်ကျော် တစ်နာရီခန့် ရှိပြီဖြစ်သည်။ ရဲဘော် မောင်ကြည်က ပါလာသော



နှစ်တောင့်ထိုး လက်နှိပ်ဓာတ်မီးကလေးဖြင့် ကမ်းစပ်သို့ ထိုးကြည့်ရန် တိုးတိုးကပ်၍ ပြောသည်။ စာရေးသူက ရန်သူဖြစ်နေပါက မီးရောင်မြင်သွားပြီး မိမိတို့နေရာကို သိသွားမည်စိုးသဖြင့် ရှိသမျှ အလင်းရောင် အင်အားဖြင့် မျက်စိကိုအသုံးပြုပြီး ချောင်းကမ်းပါးသို့ နားစွင့် စူးစိုက်ကြည့်နေမိသည်။ သေနတ်များကို အသင့်မောင်းတင်ထားပြီး အသင့်အနေအထားဖြင့် ကိုင်ထားကာ ဒုံးသမ-၄၅ လက်ပစ်ဗုံးနှစ်လုံးကို ဘေးတွင် ချထားသည်။

ထိုစဉ် ချောင်းကမ်းပါး ရေစပ်အပေါ်နားခန့်မှ မည်းမည်း ရှည်မျောမျော သဏ္ဍာန်တစ်ခုကို တွေ့ရသည်။လုံးပတ်မှာ အုန်းပင်သာသာခန့် ရှိမည်ဟု ခန့်မှန်းရသည်။ ထိုသဏ္ဍာန်သည် ချောင်းကမ်းပါးရှိ သစ်ပင်ချုံနွယ်များကို ဗိုက်ခတ် ရွေ့လျားလျက်ရှိသည်။ စာရေးသူက မြွေကြီးဖြစ်မည်ဟု ထင်သဖြင့် "မြွေ ထင်တယ်ကွ" ဟု ပြောလိုက်သည်။ သူက "ဟာ-ဗိုလ်ကြီး၊ ဒီလောက် ကြီးတဲ့ မြွေမျိုးတော့ ကျွန်တော် တစ်ခါမှ မတွေ့ဖူးဘူး၊ နဂါး ထင်တယ်" ဟု ပြောသည်။ သူက ဓာတ်မီးနှင့် ထိုးကြည့်ပြီး ပစ်ရန် စာရေးသူကို တိုးတိုး ကပ်၍ ပြောသည်။

စာရေးသူမှာ ငယ်စဉ် သိတတ်သည့်အရွယ်မှစ၍ ယုံကြည်ချက်တစ်ခု ရှိသည်။ မြွေကို မည်သည့်အခါမျှ မသတ်ခဲ့ပေ။ စာရေးသူတို့ ဆရာဘုန်းကြီး တစ်ပါးက ငယ်စဉ်က "မင်း မြွေကို ဘယ်တော့မှ မသတ်နဲ့၊ မင်းကို တစ်သက်လုံး မြွေ ဘယ်တော့မှ မကိုက်ဘူးကွ" ဟု ပြောဆို ဆုံးမခဲ့ဖူးလေသည်။ အယူသည်းမှု တစ်ရပ် ဖြစ်သည်ဟု ယူဆမည်ဆိုပါကလည်း ယူဆနိုင်ပါသည်။

သို့သော်လည်း ထိုအချိန်ကစ၍ မြွေကို လုံးဝ မသတ်ခဲ့တော့ပေ။ မြွေတွေ့ပါက ခြောက်လွှတ်သည်သာ များသည်။ စစ်ဆင်ရေးများတွင် မြွေများကို အကြိမ်ကြိမ် တွေ့ခဲ့သော်လည်း မိမိကိုယ်တိုင်လည်း မသတ်၊ ရဲဘော်များကိုလည်း မသတ်ရန် တားမြစ်ခဲ့ပေသည်။

မြွေကြီးကို ပစ်ခတ်လိုက်ပါကလည်း အချိန်မတော်တွင် သေနတ်သံများ ထွက်သွားပြီး စာရေးသူတို့ ထိုနေရာတွင် စခန်းချနေကြောင်း ရန်သူကို အသိပေးသကဲ့သို့ ဖြစ်သွားပေမည်။ နောက်တစ်နေ့ နံနက်တွင် စာရေးသူတို့မှာ ထိုနေရာမှ ဆက်လက်ထွက်ခွာကြရမည်ဖြစ်ရာ ရန်သူက အမျိုးမျိုး ကြိုတင်စီစဉ်ပြီး စာရေးသူတို့တပ်ဖွဲ့အား အပိုင်တိုက်ခိုက်နိုင်ပေသည်။ စစ်သဘောအရ ရန်သူက မိမိ၏လှုပ်ရှားမှုကို ကြိုတင် သိရှိသွားသဖြင့် လွတ်ရာသို့ ကြိုတင်ရှောင်ပြေးနိုင်သကဲ့သို့ ချုံခိုတိုက်ခိုက်ရန်လည်း တစ်နည်းတစ်ဖုံ စီစဉ်နိုင်ပေသည်။ သို့ဖြစ်၍ ထိုမြွေကြီးကို အကြောင်းမဲ့သက်သက် ပစ်ခတ်ခြင်းအားဖြင့်လည်း မိမိတွင် စစ်ရေးအရ အကျိုးမများနိုင်သည်ကို တွေးမိသည့်အလျောက် ပစ်ခတ်ရန်အတွက် စိတ်မကူးတော့ပေ။ သူ့အား မေတ္တာပို့ပြီး မင်းလမ်း မင်းသွား ဟူသော စိတ်ဆန္ဒကိုသာ ပြုမိသည်။

တောထဲတွင် နေ့ညမရွေး သွားလာနေရသော်လည်း တပ်ဖွဲ့ဝင်များသည် တစ်ကြိမ်တစ်ခါမျှ မြွေကိုက်မခံရပေ။ တောင်ပေါ်တောထဲတွင် မြွေကိုက်ပါကလည်း မြွေဆိပ်ဖြေဆေး မပါသဖြင့် အဆင့်မသင့်လျှင် သေရုံသာရှိမည်။ သို့အတွက် မြွေတွေ့သောအခါ၌ ခြောက်လွှတ်ပြီး ကိုယ့်လမ်း ကိုယ်ဆက်သွားကြသည်။



တောတောင်ထဲတွင် သူတို့နယ်မြေ၌ သဘာဝအရ နေထိုင်ကြသော သတ္တဝါများသာ ဖြစ်သည်။ စာရေးသူတို့က စစ်ဆင်ရေးတာဝန်အရ တောတောင်များကို ဖြတ်ကျော်၍ သွားကြရသည်။ စာရေးသူတို့၏ တာဝန်မှာ ရန်သူကို ရှာဖွေတိုက်ခိုက်ရန်သာ ဖြစ်သည်။ မြွေဖမ်းသတ်ရန်အတွက် သက်ဆိုင်ရာက လွှတ်လိုက်ခြင်း မဟုတ်သဖြင့် ယင်းကိစ္စကို အထူးအထွေ ဆောင်ရွက်နေစရာ မလိုပေ။ ရဲဘော်များမှာလည်း စာရေးသူ၏ အဆုံးအမအတိုင်း လိုက်နာကြပြီး မြွေကို တွေ့လျှင် မသတ်၊ ခြောက်လွှတ်တတ်ကြသည်။ စာရေးသူတို့တပ်ဖွဲ့တွင် မြွေဒုက္ခ မရှိ။ နေ့ည အချိန်မရွေး သွားချင်သလိုသွား၊ အိပ်ချင်သလိုအိပ် ဘာမျှ မဖြစ်ခဲ့ပေ။

စာရေးသူလည်း ထိုအကောင်ကြီးကို ကြည့်နေစဉ် ရန်သူမဟုတ်သည်မှာ သေချာသွားပြီဖြစ်၍ လက်နှိပ်ဓာတ်မီးဖြင့် ထိုး၍ကြည့်သည်။ ထိုမျှ ကြီးမားသော မြွေမျိုးကို တစ်ခါမျှ မတွေ့ဖူးပေ။ သူက ပါးပျဉ်ကြီးဖြန့်၍ စာရေးသူတို့ဘက်သို့ တစ်ချက်သုံမ်း၍ ကြည့်လိုက်သည်။ "မင်းလမ်း မင်းသွား၊ မင်းကိုလဲ တို့ရန်မရှာဘူး၊ မင်းကလဲ တို့ကို ရန်မပြုနဲ့" ဟု စိတ်ထဲမှ အာရုံပြုကာ ပြောလိုက်သည်။ စာရေးသူ၏ စကားကို နားလည်သကဲ့သို့ တစ်ဖက်သို့ ဦးခေါင်း ပြန်စောင်းကာ ချောင်းရိုးအတိုင်း အောက်ဘက်သို့ လျှောတိုက် ထွက်ခွာသွားလေသည်။ ရဲဘော်မောင်ကြည်မှာ အံ့သြလွန်းသဖြင့် စကားတစ်ခွန်းမျှ မပြော။ စာရေးသူနားကပ်ပြီး မှုန်မွှားအားနည်းသော လက်နှိပ်ဓာတ်မီးရောင်အောက်တွင် တလူးလူး တလိမ့်လိမ့် ဖြတ်သွားသော သတ္တဝါကြီးကို ကြက်သေသေ၍ ကြည့်နေတော့သည်။

ထို့မျှ ကြီးမားရှည်လျားသော မြွေမျိုးကို စာရေးသူ တစ်သက်တွင် ယခုအချိန်ထိ တစ်ခါမျှ မမြင်ဘူးပါ။ မှန်ကန်သော မေတ္တာတရား ထားတတ်သူအဖို့ မလိုအပ်သော ဘေးအန္တရာယ်ကို တွေ့ရမည် မဟုတ်ပေ။

များမကြာမီ စစ်ဆင်ရေးများ ရုပ်သိမ်းကြောင်း အထက်မှ အမိန့်များ ရောက်ရှိလာသည်။ အထမ်းသမားများ အားလုံးအား တောင်ခြေတွင် စုရုံးပြီး ပြန်လွှတ်ရန် စီစဉ်ရသည်။ စောကျော်စိန်သည် စစ်ဆင်ရေးတစ်လျှောက်လုံး စစ်ကြောင်းနှင့်အတူ လိုက်ပါလာသူ ဖြစ်သည်။ သူသည် ခရစ်ယာန်ဘာသာဝင် လူငယ်တစ်ဦး ဖြစ်ပြီး စစ်ဆင်ရေးကာလများအတွင်း စာရေးသူနှင့် လက်ပွန်းတတီး နေခဲ့ရသူဖြစ်သဖြင့် ခင်မင်ရင်းနှီးသူဖြစ်သည်။ သူတို့နှင့် ခွဲရခါနီးတွင် ကျသင့်ငွေ နေ့တွက်စရိတ်များကို တစ်ဦးစီ ပေးချေပြီးနောက် သူတို့လူစုအား စာရေးသူက တပ်မတော်ကို ဤသို့ ကူညီသည့်အတွက် ကျေးဇူးတင်ကြောင်း စကားအနည်းငယ် ပြောသည်။

တပ်မတော် တစ်ခုတည်းဖြင့် စစ်တိုက်၍ မဖြစ်ပါ။ ပြည်သူအများ၏ ဝိုင်းဝန်းကူညီမှုဖြင့်သာ စစ်ဆင်ရေးများကို အောင်မြင်စွာ ဆင်နွှဲနိုင်မည် ဖြစ်ကြောင်း၊ ပြည်သူနှင့် တပ်မတော်မှာ သမိုင်း အစဉ်အလာအတိုင်း တစ်သားတည်းရှိပြီး ပြည်သူတို့၏ ငြိမ်းချမ်း သာယာရေးနှင့် လွတ်လပ်ရေးအတွက် အစဉ် လက်တွဲဆောင်ရွက်နိုင်မှသာ တိုင်းပြည်တွင် တိုးတက်မှုများ ဖြစ်ပေါ်လာနိုင်မည် ဖြစ်ကြောင်း ပြောပြသည်။



ယခုလို တောတောင်စခန်း ခရီးကြမ်းတွင် အခက်အခဲ အကျပ်အတည်း ဆင်းရဲပင်ပန်းမှုအမျိုးမျိုးဒဏ်ကို ခံပြီး စစ်ဆင်ရေးတစ်ခုလုံး တပ်မတော်နှင့် သေအတူ ရှင်မကွာ လက်တွဲပြီး ရှန်ရှန့်စားစား ကူညီကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုတော်များကို များစွာ ကျေးဇူးတင်ရှိပါသည်။ မိမိနှင့်တကွ ရဲဘော်များနှင့် ဆက်ဆံရာတွင် မပြေမလည်မှုများရှိပါကလည်း ခွင့်လွှတ်ကြပါရန် မေတ္တာရပ်ခံပါကြောင်းနှင့် အကျယ်အဝင့် ရှင်းလင်းပြောပြသည်။

စောကျော်စိန်တို့ အထမ်းသမားအဖွဲ့မှာ စာရေးသူတို့နှင့် ခွဲခွာရမည်ကိုပင် စိတ်မကောင်းဖြစ်နေပုံရကြသည်။ သူတို့အထဲမှ ခေါင်းဆောင်လူကြီး တစ်ဦးကလည်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ခွဲခွာခါနီးတွင် စာရေးသူက သူတို့ တစ်ဦးစီအား လက်ဆွဲ နှုတ်ဆက်သည်။ အများစုမှာ ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသဖြင့် လက်ဆွဲနှုတ်ဆက်ခြင်း ဓလေ့ထုံးစံ ရှိကြသည်။

စောကျော်စိန်ကို စာရေးသူက လက်ဆွဲနှုတ်ဆက်သောအခါ သူ၏မျက်နှာတွင် မျက်ရည်ဝဲနေသည်ကို သတိပြုမိသည်။ စာရေးသူမှာလည်း သူတို့တစ်တွေနှင့် သုံးလခန့် လက်တွဲပြီး လက်ပွန်းတတီး နေလာရသဖြင့် သံယောဇဉ် ဖြစ်နေမိသည်။ စောကျော်စိန်က "ဗိုလ်ကြီး၊ နောက်များ အခွင့်အခါသင့်ရင်လဲ ကျွန်တော်တို့ရွာကို လာလည်ပါ" ဟု မှာကြားသည်။

ယခုအခါ အနှစ်–၂၀ ကျော်ပြီ ဖြစ်သော်လည်း သူတို့ရွာများသို့ ပြန်မရောက်တော့ပါ။ စောကျော်စိန်တို့ လူသိုက်မှာလည်း

ယခုအချိန်တွင် လူကြီးများ ဖြစ်နေကြပြီဟု ခန့်မှန်းရသည်။ တစ်ခါတစ်ရံ ထိုအကြောင်းများကို တရားထိုင်ရင်း ပြန်လည်စဉ်းစားမိသောအခါ၌ သူတို့တစ်တွေကို မေတ္တာပို့မိပါသည်။ ဘဝ ဆိုသည်မှာ တွေ့ဆုံ ကြုံကွဲ ဖြစ်မြဲမမွတာပင် ဖြစ်သည်။ အဟောင်းတို့သည် ပျက်သုဉ်း ကြွေလွင့်သွားသောအခါ၌ အသစ်တို့သည် ဖြစ်ပေါ်လာရမြဲဖြစ်သည်။ လူတစ်ဦးတစ်ယောက်အား မုန်းတီး ရွံရှာသွားအောင် လုပ်ရန်လွယ်သလောက် ထိုသူ၏ မေတ္တာကို ရရှိအောင်လုပ်ရန်မှာ ပိုမို ခက်ခဲလှပေသည်။ မေတ္တာနှင့် ယှဉ်သောစိတ်ကို မွေးပြီး သူတို့တွေနှင့် ဆက်ဆံလုပ်ဆောင်လာရာမှ စာရေးသူတို့၏ သဘောသဘာဝကို သိရှိကြပြီး မေတ္တာထားခင်မင်လာကြခြင်း ဖြစ်သည်။

စာရေးသူတို့စစ်ကြောင်းသည် တောင်ခြေမှ တဖြည်းဖြည်း ထွက်ခွာလာကြသည်။ စောကျော်စိန်တို့ အထမ်းသမားတစ်စုသည် လက်တပြပြဖြင့် ကျန်ရစ်ခဲ့ကြသည်။ စိတ်ထဲတွင် သူတို့၏ ရိုးသားမှု၊ သစ္စာရှိမှု၊ ကူညီယိုင်းပင်းမှု စိတ်ဓာတ်များကို ချီးကျူးမိကာ ယနေ့တိုင်အောင်ပင် အမှတ်ရလျက် ရှိနေပါသေးသည်။ ငွေထုပ်ကျပျောက်ပြီး ပြန်တွေ့ရခြင်း၊ ထူးဆန်းသော မြွေကြီးကို မြင်တွေ့ရခြင်းနှင့် မြွေအန္တရာယ်များမှ ကင်းလွတ်ရခြင်း စသည်တို့မှာ အရဟံဂုဏ်တော်နှင့် သမ္ဗုဒ္ဓေဂါထာတော်တို့၏ အကျိုးကျေးဇူးတရားများပင် ဖြစ်ပေမည်ဟု စိတ်ထဲတွင် ထင်မိသည်။

* * *

အခန်း ( ၄ )

## မတော့ဆရာတော်ဘုရားကြီး ဦးဝါသဝ

ထူးခြားဆန်းကြယ်သော ဆရာတော် ဘုရားကြီးများ အကြောင်း၊ ယောဂီများ အကြောင်း၊ သူတော်စင် သူတော်ကောင်းတို့၏ အကြောင်းကို လေ့လာရခြင်းမှာ လွန်စွာ အကျိုးရှိပေသည်။ စိတ်၏ ချမ်းသာခြင်း၊ အားကိုးဖွယ်ရာ ရှိခြင်း၊ ဒုက္ခဆင်းရဲတို့မှ စိတ်သက်သာမှု ရခြင်း စသော အကျိုးတရားများကို ရရှိသည်။

လူ့ဘဝတွင် သစ္စာတရားကို ရင်ဝယ်ပိုက်ပြီး အမှန်ကို လုပ်မည်ဟု ဆုံးဖြတ်ကာ ဆောင်ရွက်တတ်သူတိုင်းမှာ အခက်အခဲ အကျပ်အတည်း အမျိုးမျိုးကို တွေ့ကြုံ ရင်ဆိုင်တတ်ပေသည်။ အနိမ့်ဆုံးအဆင့် လူ၏သိက္ခာ၊ လူ့ကျင့်ဝတ်များကို လိုက်နာပြီး

ဆောင်ရွက်သောအခါ၌ပင် ပတ်ဝန်းကျင်က လက်ခံနိုင်မှု မရှိသဖြင့် အောင်မြင်ရန် မလွယ်ကူလှပေ။ လူသားတိုင်းမှာ တရားမဲ့ကာ မောဟ အမိုက်မှောင်အတွင်း နစ်မျောလျက် ရှိကြပေသည်။

လွန်ခဲ့သော ၁၅–နှစ်ခန့်က မြင်းခြံမြို့အနီး စမ်းကျအရပ်ရှိ လိုဏ်ဂူတစ်ခုအတွင်း ထိုင်၍ ဆရာတော်ဘုရားကြီးများအကြောင်းကို စဉ်းစားနေမိသည်။ စဉ်းစားရုံသာ စဉ်းစားနိုင်သည်။ မိမိကိုယ်တိုင် ဆရာတော်ဘုရားကြီးများ၏ အဆုံးအမ အတိုင်း အနည်းငယ်မျှပင် မကျင့်နိုင်သဖြင့် အတော်ကလေး စိတ်ပျက်နေသောကာလ ဖြစ်သည်။ သူတော်ကောင်းများ အကြောင်းကို လေ့လာခဲ့သော်လည်း သူတို့ကဲ့သို့ မကျင့်နိုင် မလုပ်နိုင်သော အခါ၌ မိမိကိုယ်အား လူပျော့၊ လူညံ့၊ အသုံးမကျသော လူတစ်ယောက်အဖြစ် ထင်မြင်လာကာ စိတ်ပျက်အားလျော့မိသည်။

လိုဏ်ဂူတစ်ခုအတွင်း တွေ့မြင်နေရသော မြင်ကွင်းမှာ လွန်ခဲ့သော အနှစ်သုံးဆယ်ကျော်က ဤဂူများအတွင်း နှစ်ရှည်လများ တရား အားထုတ်ပြီး ပျံလွန်တော်မူသွားသော ဆရာတော်ဘုရားကြီး တစ်ပါး၏ ရုပ်ကလာပ်တော်တစ်ခု ဖြစ်သည်။ အလောင်းတော် တစ်ခုလုံးအား တပည့်များက ရွှေချထားသဖြင့် ရွှေရောင်ဝင်းလျက် ရှိသည်။ ဂူအတွင်း မှန်သေတ္တာတွင် ထည့်ကာ သံတံခါး အထပ်ထပ်ဖြင့် အလုံအခြုံ သော့ခတ်၍ ပိတ်ထားလေသည်။

ဆရာတော်ဘုရားကြီးအား စမ်းကျဆရာတော်ဟု ခေါ်ဝေါ် ကြကြောင်း သိရပြီး အခြားအကြောင်းအရာများကို ဆက်လက် စုံစမ်းရန် လမ်းစပျောက်လျက် ရှိသည်။ အညာဒေသ၏ လျှို့ဝှက်



ဆန်းကြယ်သော ဖြစ်ရပ်အကြောင်းအရာတို့မှ ထိုအကြောင်းအရာ များကို သိရှိသူများ ရှိပါက စာရေးသူထံ စာအားဖြင့် ဖြစ်စေ၊ တစ်နည်းနည်း ဆက်သွယ် အကြောင်းကြားကြပါရန် မေတ္တာ ရပ်ခံပါသည်။ ဤစာအုပ်ကို ဖတ်ဖူးသူ မြင်းခြံမြို့နယ်ရှိ ပုဂ္ဂိုလ် အများက ကူညီနိုင်ကြလိမ့်မည်ဟု မျှော်လင့်မိသည်။

အညာဒေသ၏ ထူးခြားသော ဖြစ်ရပ်တစ်ခုကို မျက်မြင်ဒိဋ္ဌ တွေ့နေရသော အခါ၌ စာရေးသူတို့ ဇာတိ ရေဝတီတိုင်း၊ မြစ်ဝကျွန်းပေါ်ဒေသ၊ ပုသိမ်ခရိုင်နှင့် မြောင်းမြခရိုင်အတွင်းမှ ထူးခြားဆန်းကြယ်လှသော မတော့ဆရာတော်ဘုရားကြီး ဦးဝါသဝ အကြောင်းကို ပြန်လည်စဉ်းစား သတိရမိသည်။

ဆရာတော်ဘုရားကြီး၏ ဘွဲ့တော်မှာ ဦးဝါသဝဖြစ်ပြီး ၁၂၃၈ ခုနှစ်၌ မကွေးမြို့နယ် မန်ကျည်းကန်ရွာတွင် မွေးဖွားတော်မူသည်။ ဆရာတော်ဘုရားကြီး၏ဇာတိမှာ မန်ကျည်းကန်ရွာဖြစ်သည်ဟုသာ သိရပြီး မိဘနှစ်ပါး၏အမည်နှင့် ငယ်မည်ကိုမူ အတိအကျ မသိရပေ။ ငယ်စဉ်က ကိုရင်ဘဝကပင် ထူးခြားဆန်းကြယ်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး ရပ်ရွာအတွင်းတွင် ဆွေမျိုးမိဘများ၏ လေးစားမှုကို ခံယူရသည်။ မည်သည့်အချိန်က ရဟန်းဘောင်သို့ ရောက်ရှိသည်ကိုမူ စာရေးသူ စုံစမ်း၍ မရပါ။

ရဟန်းဘဝရောက်ရှိပြီးနောက် သမထ၊ ဝိပဿနာ ဘာဝနာ များကို ကြိုးစားအားထုတ်ခဲ့ရာ အောင်မြင် ပေါက်မြောက်ခဲ့သဖြင့် ရပ်သူရွာသားများ၏ လေးစားကြည်ညိုမှုကို ခံခဲ့ရလေသည်။ ဆရာတော်ကြီးသည် သီပေါဘုရင် ပါတော်မူပြီးနောက် အောက်ပြည် အောက်ရွာသို့ ကြွရောက်လာပြီး ပုသိမ်ခရိုင်နှင့် မြောင်းမြခရိုင်

အတွင်းရှိ သစ်တောကြိုးဝိုင်းများတွင် နှစ်ရှည်လများ တစ်ပါးတည်း လှည့်လည်ပြီး တရားအားထုတ်တော်မူသည်။ ဆရာတော်ဘုရားကြီးမှာ မည်သည့်နေရာတွင် သီတင်းသုံး၍ မည်သို့ဆွမ်းဘုဉ်းပေးသည်၊ မည်သို့ နေထိုင် သီတင်းသုံးသည် ဟူ၍ပင် မသိနိုင်ကြပေ။

ဆရာတော်ဘုရားကြီးသည် ပုသိမ်ခရိုင်၊ မြောင်းမြခရိုင်နှင့် လပွတ္တာနယ်ဘက်ရှိ ပိုးလောင်း၊ အောင်လှိုင်၊ လွှစာကုန်း စသည့် သစ်တောကြိုးဝိုင်းကြီးများနှင့် မော်လမြိုင်ကျွန်းမြို့ အောက်ဘက်ရှိ လပွတ္တာနယ်၊ ဘုန်းကြီးကုန်း၊ ပိန္နဲကုန်း၊ သကျန်းကုန်း၊ ကကရံကြိုးဝိုင်း စသော တောနက်ကြီးများထဲတွင် လှည့်လည် တရားအားထုတ်တော်မူသည်ဟု သိရသည်။

ထိုနေရာ ဒေသများမှာ ရှေးခေတ်အခါက မွန်ဘုရင်တို့ ကြီးစိုးခဲ့ရာ ဒေသများ ဖြစ်ခဲ့လေသည်။ မွန်ဘုရင်တို့ ကြီးစိုးစဉ်က ဆောက်လုပ်ခဲ့သော ရှေးဟောင်းမြို့တော်ရာနှင့် နန်းတော်ပျက်များ၊ အဆောက်အအုံပျက်များ စသည်တို့ ရှိလေသည်။ တောနက်ကြီးများထဲတွင် နန်းတော်ပျက်များနှင့် ရှေးဟောင်းဘုရားပျက်များကို ထိုစဉ်က နေရာအနှံ့ တွေ့နိုင်လေသည်။

မွန်ဘုရင်မ ရှင်စောပု ဆောက်လုပ်ခဲ့သော နန်းတော်ပျက်များနှင့် တည်ခဲ့သော ဘုရားပျက်များကိုလည်း သစ်တောကြိုးဝိုင်းတောနက်ရာများတွင် တွေ့ရလေသည်။ ရှေးခေတ်အခါက လူနေအိမ်ခြေတို့ဖြင့် စည်ကားသိုက်မြိုက်စွာ တည်ရှိခဲ့သော နေရာဒေသနှင့် အဆောက်အအုံများမှာ တောဖုံး၍ တိမ်မြုပ်ပျောက်ကွယ်လျက် ရှိကြလေသည်။ ထိုနေရာ ဒေသများတွင် ဆရာတော်ဘုရားကြီး



သည် တစ်ပါးတည်း လှည့်လည် သီတင်းသုံးကာ တရားအားထုတ်လျက် ရှိသည်။ မကွေးမြို့နယ် မကျည်းကန်ရွာ ဇာတိဖြစ်သော်လည်း မည်သည့်အတွက်ကြောင့် ရှေးခေတ်အခါက မွန်တို့ဒေသဖြစ်သော နယ်မြေရှိ နန်းတော်ရာဘုရားကျောင်း၊ အဆောက်အအုံပျက်များရှိသော ဒေသတွင်မှ လာရောက် တရားအားထုတ်ရသလဲဟု စဉ်းစားစရာ ဖြစ်သည်။

ဆရာတော်ဘုရားကြီးမှာ ရှေးခေတ် မွန်တို့၏အဆက်အနွယ် ဖြစ်ပြီး ယခုခေတ်အခါ မန်ကျည်းကန်ရွာ၌ လာရောက် ဝင်စားခြင်း ဖြစ်ပေလိမ့်မည်။ ဆရာတော်ဘုရားကြီးမှာ ပါရမီရှင်တစ်ဦးဖြစ်ပြီး တောနက်ကြီးများအတွင်း တစ်ပါးတည်း သီတင်းသုံးကာ တရားအားထုတ်တော်မူသည်။ ဆရာတော်ဘုရား တရားအားထုတ်နေစဉ် နေ့ရောညပါ ကျားကြီး၊ ဆင်ကြီး၊ ဝက်ကြီးသည့် တောတိရစ္ဆာန်ရိုင်းများသည် လာရောက် စောင့်ရှောက်ကြသည်။ တစ်ခါတစ်ရံ ဆရာတော်ဘုရား အနီးအပါးသို့ လာရောက်ကြပြီး ရန်လိုစိတ်မရှိ ဖူးမြော်နေကြသည်။ ဆရာတော်ဘုရားကြီးသည် ဘုန်းကြီးကုန်းတောအနီး မတော့ချောင်းရိုးတွင် အကြိမ်က တရားအားထုတ်တော်မူသည်။ ဘုန်းကြီးကုန်းတောကြီးထဲတွင် ထွာဆိုင်သာသာခန့် အလုံးရှိသော ကွမ်းပင်ကြီးများ ရှိသည်ဟု ကြားသိရသည်။

ဆရာတော်ဘုရားကြီး၏ သတင်းမှာ တဖြည်းဖြည်း ရွာနီးချုပ်စပ်သို့ ပျံ့နှံ့ကျော်ကြားလာသည်။ မတော့ချောင်းဘေး တောင်ကုန်းငယ်များပေါ်ရှိ သစ်ပင်ကြီးများအောက်တွင် တစ်ခါတစ်ရံ တရားအားထုတ်နေသည်ကို တွေ့ကြရသည်။ ရွာနီးချုပ်စပ်မှ

ရွာသားအချို့မှာ ဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းကို ကြား သိ တွေ့မြင်ရသဖြင့် ကြည်ညိုသဒ္ဓါစိတ် ဖြစ်ပေါ်သည့်အလျောက် မိမိတို့ တတ်နိုင်သလောက် တောထမင်း၊ တောဟင်းများဖြင့် သွားရောက် ဆက်ကပ် လှူဒါန်းကြသည်။

ထိုသို့ ဆက်ကပ်လှူဒါန်းရာ၌ ဆရာတော်ဘုရားကြီးအနီးသို့ ကျားကြီး၊ ဆင်ကြီး၊ ဝက်ကြီးတို့အပါအဝင် တောတိရစ္ဆာန်ရိုင်း များနှင့် တိရစ္ဆာန်အငယ်ကလေးများသည် လာရောက်နေကြသည် ကို တွေ့ရသည်။ တိရစ္ဆာန်များမှာ ဆရာတော်ဘုရားကြီး၏ မေတ္တာတန်ခိုးတော်ကြောင့် အချင်းချင်း ရန်မမူသည့်အပြင် လာရောက် ဖူးမြော်သူများ၊ ဆွမ်းကပ်သူများကိုလည်း ရန်မမူ ကြောင်း အံ့သြဖွယ်ရာ တွေ့ကြလေသည်။

ယုန်ကလေးများ၊ ရှဉ့်ကလေးများ၊ ခွေးအ, များတို့သည် ကျားများ ရှေ့တွင် ဆော့ကစားနေကြပြီး ကျားကြီးများနှင့် ဆင်ကြီးများမှာလည်း သစ်ပင်ကြီးများအောက် တောချုံနွယ်များ ပေါ်တွင် ဝပ်စင်းလဲလျောင်းကာ တစ်ကောင်နှင့်တစ်ကောင် ရန်မပြုဘဲ ရှိနေကြသည်ကို တွေ့ရလေသည်။ ရွာနီးချုပ်စပ် စိတ်မနှံ့သူများပင် ဆရာတော်ဘုရားကြီး တရားအားထုတ်လျက် ရှိသော တောသို့ မျက်စိလည် လမ်းမှား၍ ရောက်ရှိသွားသော အခါ၌ ခံစားနေရသော စိတ်ရောဂါများမှာ အံ့သြဖွယ်ကောင်း လောက်အောင် ပျောက်ကင်း ချမ်းသာသွားသည်ကို တွေ့ကြရ သည်။

သူတော်ကောင်း သူတော်စင်များ၏ မေတ္တာဟိတ် တန်ခိုး များသည် ထို ပုဂ္ဂိုလ်မြတ်များ သီတင်းသုံး နေထိုင်ရာ ပတ်ဝန်း



ကျင်တွင် ပျံ့နှံ့ရောက်ရှိလျက် ရှိနေတတ်သည်။ အသံလွှင့်တိုင် တစ်ခုမှ လျှပ်စစ်ဓာတ်အားဖြင့် အသံလှိုင်းများကို တွန်းထုတ် လွှင့်တင်လိုက်သောအခါ၌ လျှပ်စစ်ဓာတ်နှင့် အသံလှိုင်းများသည် တိုင်ပတ်ဝန်းကျင်တွင် ပျံ့နှံ့ရောက်ရှိလျက် ရှိသည်။ ထိုအသံလှိုင်း နှင့်အတူ ပါရှိလာသော လျှပ်စစ်ဓာတ်ကို စမ်းသပ် ကြည့်ရှုနိုင် သည်။

စာရေးသူတို့ နေထိုင်လျက်ရှိသော ကမ္ဘာအေးရပ်ကွက်မှာ အသံလွှင့်တိုင်နှင့် နီးကပ်လျက်ရှိသည်။ အသံလွှင့်ရုံမှ အသံလွှင့် ချိန်များတွင် ထုတ်လွှင့်လိုက်သော ရေဒီယိုဓာတ်လှိုင်းများကို တစ်နည်းတစ်ဖုံ ပြုပြင်ထားသော ပစ္စည်းကိရိယာဖြင့် ဖမ်းယူကာ လျှပ်စစ်မီးသီး၊ မီးချောင်းများကို တပ်ဆင်ထားခြင်းအားဖြင့် အလင်းရောင်ရရှိသည်ကို တွေ့ရပေသည်။ ထိုနည်းတူစွာ သူတော် ကောင်းများ၏ မေတ္တာဓာတ်များမှာလည်း ထိုပုဂ္ဂိုလ်များ သီတင် သုံးရာ အနီးတစ်ဝိုက် အာကာသအတွင်းသို့ ထုတ်လွှင့်ပျံ့နှံ့လျက် ရှိသည်ကို တွေ့ရပေသည်။

စာရေးသူကိုယ်တိုင် ထိုကဲ့သို့ ဖြစ်ရပ်များကို လက်တွေ့ တွေ့ထိ ခံစားခဲ့ရဖူးသည်။ အလွန်တရာ စိတ်ဆင်းရဲ ပင်ပန်း နွမ်းနယ်ပြီး အားအင်ကုန်ခန်းနေသော အချိန်၌ စာရေးသူ၏ ဆရာ အရှင်သူမြတ်တစ်ပါးထံ ရောက်ရှိသွားသည်။ ကျောင်း ဝင်းဝကို ဝင်လိုက်ကတည်းက ပင်ပန်းနွမ်းနယ်မှုနှင့် စိတ်ဆင်းရဲ များမှာ ပျောက်ကင်းသွားပြီး စိတ်ကြည်နူး ချမ်းမြေ့မှုကို ခံစား ရသည်။ ဤ အကြောင်းများကို နောက်ပိုင်း သက်ဆိုင်ရာ အခန်းများတွင် ရေးသား ဖော်ပြပါမည်။ ထိုသို့ ဖြစ်ပေါ်ခြင်း

များမှာ သူတော် သူမြတ်တို့၏ မေတ္တာဟိတ် တန်ခိုးများ မည်မျှ ကြီးမားသည်ကို ခန့်မှန်းသိရှိနိုင်ပေသည်။

ဆရာတော်ဘုရားကြီးသည် သက်သတ်လွတ် ဆွမ်းကို အမြဲ ဘုဉ်းပေးတော်မူပြီး တောထဲတွင် အမြဲ တစ်ပါးတည်း တရားအားထုတ်သောအခါများတွင်လည်း မီးလွတ် သစ်သီးဆွမ်းများကိုသာ ဘုဉ်းပေးတော်မူသည်။ တောထဲတွင်နေစဉ် မည်သည့် ပုဂ္ဂိုလ်များက လာရောက် ဆွမ်းကပ်သလဲဟု မေးစရာရှိသည်။ ဤမျှ အကျင့်သိက္ခာ သမာဓိနှင့်ပြည့်စုံပြီး တောထဲတွင် တရားအားထုတ်နေသော ပုဂ္ဂိုလ်မြတ်အား သာသနာစောင့် သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များနှင့် အခြား ပုဂ္ဂိုလ်များက လာရောက်၍ ဆက်ကပ်ကြမည်မှာ ယုံမှားဖွယ်ရာ မရှိပေ။

တောနက်ရာသို့ ကြွသွားတော်မူ၍ ဆရာတော်ဘုရားကြီး တရားအားထုတ်နေစဉ် ညအချိန်များ၌ တောတောင် သစ်ပင်တို့ကို စောင့်ရှောက်သော နတ်များနှင့် မြေစောင့်နတ် စသည်တို့က ညတိုင်း လာရောက် ဖူးမြော်ကြသည်ကို ရွာနီးချုပ်စပ်မှ ရွာသူရွာသားများက အံ့သြဖွယ်ရာ တွေ့မြင်ကြရသည်။ ဆရာတော်ဘုရားကြီးသည် ရေပြင်ပေါ်တွင်ဖြစ်စေ၊ ကောင်းကင်မှဖြစ်စေ ကြွသွားတော်မူသည်ကို ရပ်သူရွာသားများက မကြာခဏ တွေ့မြင်ဖူးမြော်ကြရသည်ဟု ဆိုသည်။ အကြောင်းအားလျော်စွာ တွေ့မြင်ကြရသူများက တစ်ဆင့်စကား တစ်ဆင့်နား ဖောက်သည်ချ၍ ပြောဆိုကြသည်။ ဤ ထူးဆန်းသော ဖြစ်ရပ်များကြောင့် ဆရာတော်ဘုရားကြီး ဦးဝါသဝ၏ ဂုဏ်သတင်းမှာ အထူး ကျော်ကြားလျက် ရှိသည်။



မတော့ဆရာတော်ဘုရားကြီး၏ ထူးခြားသော ဂုဏ်ထူးဝိသေသတစ်ခုမှာ မည်သည့် ဘာသာဝင်မဆို ဆရာတော်ဘုရားကြီးအား တွေ့မြင်ကြလျှင် ရှိခိုးဦးခိုက်ခြင်း မပြုဘဲ မနေနိုင်၊ ရှိခိုးဦးချရသည်သာ ဖြစ်သည်။ ထိုကျေးရွာဒိုင်နယ်အုပ်စုများအတွင်းရှိ တရုတ်၊ ကုလား၊ ဗမာ၊ ကရင် စသော လူမျိုးအားလုံးသည် ဆရာတော်ဘုရားကြီးအား ကြည်ညိုလေးစားကြသည်။ မိမိတို့ ယခင်က ကိုးကွယ်ခဲ့သော မိရိုးဖလာဘာသာနှင့် ရိုးရာနတ်ကိုးကွယ်မှု အယူဝါဒများကို စွန့်လွှတ်လျက် ရတနာသုံးပါး အပေါ်တွင် ယုံကြည်ကိုးကွယ်သော ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြလေသည်။

တောထဲ၌ ဆရာတော်ဘုရားကြီး တစ်ပါးတည်း သီတင်းသုံးပြီး တရားအားထုတ်နေစဉ် အချို့တပည့်များက ဆွမ်းဦး သွားကပ်ကြသည်။ ဆွမ်းဦးသွားကပ်သည် ဆိုရာ၌လည်း သက်သတ်လွတ်ဆွမ်းမျှသာ ဖြစ်သည်။ မည်သို့ပင် အစောကြီးထ၍ ဆွမ်းဦးသွားကပ်သော်လည်း မိမိထက်ဦးနေသော ဆွမ်းပွဲများကို တွေ့နေရပြီး ဆွမ်းဦးကပ်၍မရအောင် ဖြစ်နေသည်။ အချို့ရပ်သူရွာသားနှင့် တပည့်များမှာ တောသို့လိုက်သွားပြီး တစ်ညလုံး မအိပ်ဘဲ စောင့်ကာ ဆွမ်းချက်၍ ကပ်သော်လည်း မိမိထက်ဦးနေသော ဆွမ်းပွဲများကို အစဉ်အမြဲ တွေ့နေရလေသည်။ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုး၊ ရုက္ခစိုးနှင့် သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များက အစဉ်အမြဲ ဆွမ်းဦးကပ်လျက် ရှိနေကြခြင်းကြောင့်ပင် ဖြစ်မည်ဟု ထင်ရသည်။ ဆရာတော်ဘုရားကြီးမှာ

ကမ္မဋ္ဌာန်းတရား အလုပ်စခန်းများ ပြီးမြောက် အောင်မြင်ပြီးသေ
အချိန်၌ တပည့်များက ဆွမ်းပင့် ဆက်ကပ်ခြင်းကို ခွင့်ပြုတော်
သည်။

တစ်ရက်တည်း၊ တစ်ချိန်တည်း၌ ရွာများစွာတို့မှ ဆွမ်းပင့်ခြ
ကို လက်ခံထားပြီး အချိန်နာရီမလွဲ တစ်ရက်တည်း၊ တစ်ချိ
တည်းမှာပင် ကြွရောက်ဘုဉ်းပေးသည်ကို တွေ့ကြရလေသည်
တပည့်ဖြစ်သူများမှာ တစ်ရွာနှင့်တစ်ရွာ ဆုံသောအခါ၌ မည်သ
နေ့၊ မည်သည့်ရက်၊ မည်သည့်အချိန်အခါက ဆရာတော်ဘုရားဖြ
အား မိမိရွာရှိ အိမ်တွင် ပင့်ဖိတ်ဆွမ်း ကပ်သည်ဟု ပြောသေ
အခါ၌ အခြားရွာ၌လည်း ထိုကဲ့သို့ပင်ဖြစ်နေသဖြင့် အချင်းချ
ပြောဆို၍ သိကြရပြီး များစွာ အံ့သြ ကြည်ညိုကြရလေသည်
ပယောဂအရှုများ ဆရာတော်ဘုရားကြီး ထံပါးသို့ ခေါ်သွားသ
အခါ မည်သည့်ဆေး ဝါးမျှမတိုက်ဘဲ အပိန့်ပေး ပြောဆိုရုံမျှ
သာ ရောဂါဝေဒနာမှ ပျောက်ကင်းသွားလေသည်။ နှစ်ရှည်လမ
တောတောင်များအတွင်း လှည့်လည်သီတင်းသုံး တရားအားထု
ပြီးနောက် ကိစ္စပြီးစီးသောအခါ၌ ရွာနီးချုပ်စပ်များသို့ ချဉ်းက
ကာ တရားဓမ္မများကို ဟောကြားဆုံးမတော်မူသည်။

အမိန့်ရှိခွင့်ပြုတော်မူထားသော တပည့်ဖြစ်သူများက မည်သ
အရပ်ကမဆို ဆရာတော်ဘုရားကြီးအား ပင့်လိုက်ပါက အချိ
ကြွရောက်လာတော်မူသည်။ မည်မျှဝေးသော အရပ်ကပင်ဖြစ်
ပင့်မိန့်ရထားသော တပည့်တစ်ဦးဦးက အကြောင်းကိစ္စရှိ၍ ပင့်လို
ပါက အချိန်မီ ကြွရောက်တော်မူလာတတ်ပေသည်။ တပ



ဒါယကာ ဒါယိကာမတိုင်းကိုမူ ပင့်မိန့်ပေးတော်မူခြင်း မပြုပေ။
အလွန် ယုံကြည်စိတ်ချရသော တပည့်ရင်းအချို့ကိုသာ ပင့်မိန့်
ပေးထားတော်မူလေသည်။

မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ် ကျုံမငေးအပိုင် ပိတ္တာ
ကလေးရွာတွင် အမတ်ဟောင်း မန်းကံအေး၊ ရွာသူကြီး ဦးကျော်
ခင်းနှင့် တရုတ်လူမျိုး ဦးစစ်အောက်တို့က မရမနေ ပင့်ဆောင်
ပြီး ကျောင်းဆောက် လှူဒါန်းကြသည်။ သက်တော်လည်း ကြီးပြီ
ဖြစ်သဖြင့် တပည့် ဒါယကာ၊ ဒါယိကာမတို့၏ တိုက်တွန်းမှု
ကြောင့် ပိတ္တာကလေးရွာသို့ ခေတ္တ ကြွရောက် သီတင်းသုံးတော်
မူသည်။

ပိတ္တာကလေးရွာရှိ ဗမာ၊ တရုတ်၊ ကုလား၊ ကရင်၊ လူမျိုး
အားလုံးတို့သည် ဆရာတော်ဘုရားကြီး ရောက်လာသည့်အချိန်မှ
စ၍ သက်သတ်လွတ် အများဆုံး စားကြပြီး ရတနာသုံးပါးကို
ကြည်းကပ် ကိုးကွယ်ကာ တရားဓမ္မ ကျင့်ကြံ အားထုတ်ကြသည်။
လယ်ထွန်၊ စပါးစိုက်၊ သမ္မာအာဇီဝ စီးပွားရေး လုပ်ငန်းများကိုသာ
လုပ်ကိုင်ဆောင်ရွက် စားသောက်ကြသည်။ ရိုးရာ နတ်ကိုးကွယ်မှု
များကို စွန့်ပယ်ပြီး ခေတ်ဟောင်းက စံပြသူတော်ကောင်း ရွာကလေး
တစ်ခု ဖြစ်ခဲ့ပေသည်။ ရွာအတွင်းရှိ ဗမာ၊ တရုတ်၊ ကုလား၊
ကရင် စသော လူမျိုးအားလုံးမှာ ရတနာသုံးပါးအပေါ်တွင်သာ
ယုံကြည်ကိုးကွယ် အားထားကြသည်။

တပည့်များက ဖြစ်စေ၊ အခြားအရပ်မှ လာရောက် ဖူးမြော်
သူများက ဖြစ်စေ ဆရာတော်ဘုရားကြီးအား တစ်ခုကောင်း

ပေးပါဟု လျှောက်ထား တောင်းပန်ကြသောအခါ၌ အောက်ပါ ဂါထာကို အစဉ်အမြဲ ချီးမြှင့်တော်မူသည်။

**ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။**
**ဝိဇ္ဇာစရဏ သမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။**

ထို ဂါထာမှာ အလွန်တရာ ကြီးကျယ် မြင့်မြတ်လှသော ဂါထာတော် ဖြစ်သည်။ 'မဟာအာဋာနာဋိယ' သုတ်တော် သာသနာစောင့်နတ်မင်းကြီး လေးပါးက ဗုဒ္ဓမြတ်စွာဘုရားအ ရှိခိုးသော အချုပ်သော့ချက် ဂါထာတော် ဖြစ်သည်။ တစ်ကြိ ကွင် မြတ်စွာဘုရားရှင်သည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံ နေတော်မူစဉ် ဝေဿဝဏ်နတ်မင်းကြီး (ခေါ်) ကုဝေရနတ်မင်းကြ က ဦးဆောင်၍ သာသနာ့စောင့် နတ်မင်းကြီးလေးပါးတို့သည ဗုဒ္ဓမြတ်စွာဘုရားရှင်အား လာရောက် ဖူးမြော်ကြသည်။

ဝေဿဝဏ်နတ်မင်းကြီးက ဗုဒ္ဓမြတ်စွာဘုရားအား ဂါထ အပိုဒ်ပေါင်း (၁၅၆)ပိုဒ် ရှိသော မဟာအာဋာဋိယ သုတ်တော်ဖြ ရှိခိုး လျှောက်ထားသည်။ ထိုသုတ်တော်မှာ သာသနာစော နတ်မင်းကြီးများကိုယ်တိုင် ဗုဒ္ဓမြတ်စွာဘုရားအား ရှိခိုးသေ ဂါထာတော်များ ပါဝင်သဖြင့် အလွန်တရာ အစွမ်းထက်မြက် ကြီးကျယ်မြင့်မြတ် တန်ခိုးရှိန်ဖော် ကြီးမားသော သုတ်တေ ဖြစ်သည်။ ထို သုတ်တော်ကို အတိုချုံ့ပြီး အာဋာနာဋိယ သု ဟူ၍ ပရိတ်ကြီး တစ်ဆယ့်တစ်သုတ်တွင် ထည့်သွင်းထ သည်။



"မဟာအာဋာနာဋိယ သုတ္တ"မှာ သာသနာစောင့် နတ်မင်းကြီး လေးပါး ဖြစ်ကြကုန်သော ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ စသော နတ်မင်းကြီးလေးပါး စောင့်ရှောက်သဖြင့် ထိုသုတ်တော်ကို မသန့်သောနေရာများ၊ သုသာန်၊ အသုဘအိမ် စသည်တို့တွင် မရွတ်ဆိုရန် ရှေး ဆရာတော်ဘုရားကြီးများက တားမြစ် ဆုံးမခဲ့သည်များကို သွား၍ သတိရမိသည်။ ထိုသုတ်ကို ရွတ်ခြင်းအားဖြင့် ဗုဒ္ဓဘုရားရှင်၏ တန်ခိုးတော်ကြောင့် သာသနာစောင့် နတ်မင်းကြီးလေးပါး၏ ဟိတ် တန်ခိုးများ ရောက်ရှိလာသဖြင့် မည်သည့် မကောင်းဆိုးရွား သတ္တဝါမျှ ဤနေရာတွင် မနေနိုင်ပေ။ မကောင်းဆိုးရွားများအား ဒုက္ခရောက်စေသဖြင့် နေရာတကာတွင် မရွတ်ဆိုရန် ဆရာတော်ဘုရားကြီးများက ဆုံးမတော်မူခဲ့ကြခြင်း ဖြစ်ဟန်တူသည်။

အမှန်ဆိုရသော် ထိုဂါထာမှာ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ စောင့်ရှောက်ပြီး နတ်ချစ်သော ဂါထာတစ်ပုဒ်ပင် ဖြစ်သည်။ ပါရမီရှင် သူတော်ကောင်းများ ဉာဏ်ရှိသလို အသုံးပြုကြပါ။ မည်သို့ သုံးရမည်ကိုမူ စာရေးသူက ဤစာအုပ်တွင် ဖော်ပြ ရေးသားရန် မရည်ရွယ်ပါ။

**မတော့ဆရာတော်ဘုရားကြီးသည် အထူးသဖြင့်– ဇာ၊ ဘော၊ ဓိ၊ ယာ၊ မ၊ မ၊ အ၊ အ၊ နိ၊ နိ ဆိုသော သရဏဂုံသုံးဆယ် ပါဠိတော်ဂါထာကို အမြဲမပြတ် ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊ ပုတီးစိပ်ခြင်းများ ပြုလုပ်ရန် အစဉ်အမြဲ တပည့်များအား မှာတော်မူသည်။**

သရဏဂုံသုံးဆယ် ပါဠိတော်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အနန္တဂုဏေ ပါကာပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
။ ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
။ ။ သံဃံ သရဏံ ဂစ္ဆာမိ။

အထက်ပါ ဂါထာကို သုံးခေါက် ရွတ်ဆိုရမည်။

အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ယနေ့မှစ၍ အသက်ထက်ဆုံးတိုင် မြတ်စွာဘုရားကို ကိုးကွယ် ဆည်းကပ်ပါ၏။ ယနေ့မှစ၍ အသက်ထက်ဆုံးတိုင် တရားတော်ကို ကိုးကွယ် ဆည်းကပ်ပါ၏။ ယနေ့မှစ၍ အသက်ထက်ဆုံးတိုင် သံဃာတော်ကို ကိုးကွယ် ဆည်းကပ်ပါ၏။

အထက်ပါ ဂါထာ သုံးပိုဒ်မှာ သရဏဂုံသုံးဆယ်၏ အညွှန်း ဖြစ်သည်။

ဇာ၊ ဘော၊ ဇိ၊ ယာ၊ မ၊ မ၊ အ၊ အ၊ နိ၊ နိ

ဇာ - ၁။ ဇာတိ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
၂။ ။ ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
၃။ ။ ။ သံဃံ သရဏံ ဂစ္ဆာမိ။
ဘော - ၄။ ဘောဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
၅။ ။ ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
၆။ ။ ။ သံဃံ သရဏံ ဂစ္ဆာမိ။
ဇိ - ၇။ ဇီဝိတ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
၈။ ။ ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
၉။ ။ ။ သံဃံ သရဏံ ဂစ္ဆာမိ။



ယာ - ၁၀။ ယာဝ ဇီဝံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
၁၁။ ။ ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
၁၂။ ။ ။ သံဃံ သရဏံ ဂစ္ဆာမိ။
မ - ၁၃။ မရဏ ကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
၁၄။ ။ ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
၁၅။ ။ ။ သံဃံ သရဏံ ဂစ္ဆာမိ။
မ - ၁၆။ မရဏ ကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
၁၇။ ။ ။ ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
၁၈။ ။ ။ ။ သံဃံ သရဏံ ဂစ္ဆာမိ။
အ - ၁၉။ အရဟတ္တ မဂ္ဂ ကာလ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
၂၀။ ။ ။ ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
၂၁။ ။ ။ ။ သံဃံ သရဏံ ဂစ္ဆာမိ။
အ - ၂၂။ အရဟတ္တ မဂ္ဂကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
၂၃။ ။ ။ ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။

၂၄။ ။ ။ ။ သံဃံ သရဏံ ဂစ္ဆာမိ။

နိ - ၂၅။ နိဗ္ဗာန ကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

၂၆။ ။ ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။

၂၇။ ။ ။ သံဃံ သရဏံ ဂစ္ဆာမိ။

နိ - ၂၈။ နိဗ္ဗာန ကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

၂၉။ ။ ။ ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။

၃၀။ ။ ။ ။ သံဃံ သရဏံ ဂစ္ဆာမိ။

## သရဏဂုံ(၃၀)၏ အနက်အဓိပ္ပာယ်

၁။ အဟံ၊ အကျွန်ုပ်သည်။ ဇာတိပရိယန္တံ၊ ပဋိသန္ဓေ ဆုံးသည့်တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၂။ အဟံ၊ အကျွန်ုပ်သည်။ ဇာတိပရိယန္တံ၊ ပဋိသန္ဓေ ဆုံးသည့်တိုင်အောင်။ ဓမ္မံ၊ တရားတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။



၃။ အဟံ၊ အကျွန်ုပ်သည်။ ဇာတိပရိယန္တံ၊ ပဋိသန္ဓေ ဆုံးသည့်တိုင်အောင်။ သံဃံ၊ သံဃာတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၄။ အဟံ၊ အကျွန်ုပ်သည်။ ဘောဂ ပရိယန္တံ၊ စည်းစိမ် ချမ်းသာ ဆုံးသည့်တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၅။ အဟံ၊ အကျွန်ုပ်သည်။ ဘောဂ ပရိယန္တံ၊ စည်းစိမ် ချမ်းသာ ဆုံးသည့်တိုင်အောင်။ ဓမ္မံ၊ တရားတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၆။ အဟံ၊ အကျွန်ုပ်သည်။ ဘောဂ ပရိယန္တံ၊ စည်းစိမ် ချမ်းသာ ဆုံးသည့်တိုင်အောင်။ သံဃံ၊ သံဃာတော် မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ် ပါ၏။

၇။ အဟံ၊ အကျွန်ုပ်သည်။ ဇီဝိတ ပရိယန္တံ၊ အသက်ဆုံး အပိုင်းအခြားတိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၈။ အဟံ၊ အကျွန်ုပ်သည်။ ဇီဝိတ ပရိယန္တံ၊ အသက်ဆုံး အပိုင်းအခြားတိုင်အောင်။ ဓမ္မံ၊ တရားတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၉။ အဟံ၊ အကျွန်ုပ်သည်။ ဇီဝိတ ပရိယန္တံ၊ အသက်ဆုံး အပိုင်းအခြားတိုင်အောင်။ သံဃံ၊ သံဃာတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၁၀။ အဟံ၊ အကျွန်ုပ်သည်၊ ယာဝဇီဝံ၊ အသက်ရှင်သမျှ ကာလပတ်လုံး။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၁၁။ အဟံ၊ အကျွန်ုပ်သည်၊ ယာဝဇီဝံ၊ အသက်ရှင်သမျှ ကာလပတ်လုံး။ ဓမ္မံ၊ တရားတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၁၂။ အဟံ၊ အကျွန်ုပ်သည်၊ ယာဝဇီဝံ၊ အသက်ရှင်သမျှ ကာလပတ်လုံး။ သံဃံ၊ သံဃာတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၁၃။ အဟံ၊ အကျွန်ုပ်သည်၊ မရဏကာလံ၊ သေသည့်ကာလ တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၁၄။ အဟံ၊ အကျွန်ုပ်သည်၊ မရဏကာလံ၊ သေသည့်ကာလ တိုင်အောင်။ ဓမ္မံ၊ တရားတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၁၅။ အဟံ၊ အကျွန်ုပ်သည်၊ မရဏကာလံ၊ သေသည့်ကာလ တိုင်အောင်။ သံဃံ၊ သံဃာတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၁၆။ အဟံ၊ အကျွန်ုပ်သည်၊ မရဏကာလ ပရိယန္တံ၊ သေသော ဘဝအဆုံးသို့ ကျသည့်တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။



၁၇။ အဟံ၊ အကျွန်ုပ်သည်၊ မရဏကာလ ပရိယန္တံ၊ သေသော ဘဝအဆုံးသို့ ကျသည့်တိုင်အောင်။ ဓမ္မံ၊ တရားတော် မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ် ပါ၏။

၁၈။ အဟံ၊ အကျွန်ုပ်သည်၊ မရဏကာလ ပရိယန္တံ၊ သေသော ဘဝအဆုံးသို့ ကျသည့်တိုင်အောင်။ သံဃံ၊ သံဃာတော် မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ် ပါ၏။

၁၉။ အဟံ၊ အကျွန်ုပ်သည်၊ အရဟတ္တ မဂ္ဂကာလံ၊ အရဟတ္တ မဂ်သို့ ရောက်သည့်တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၂၀။ အဟံ၊ အကျွန်ုပ်သည်၊ အရဟတ္တ မဂ္ဂကာလံ၊ အရဟတ္တ မဂ်သို့ ရောက်သည့်တိုင်အောင်။ ဓမ္မံ၊ တရားတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၂၁။ အဟံ၊ အကျွန်ုပ်သည်၊ အရဟတ္တ မဂ္ဂကာလံ၊ အရဟတ္တ မဂ်သို့ ရောက်သည့်တိုင်အောင်။ သံဃံ၊ သံဃာတော် မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ် ပါ၏။

၂၂။ အဟံ၊ အကျွန်ုပ်သည်၊ အရဟတ္တ မဂ္ဂကာလ ပရိယန္တံ၊ အရဟတ္တ မဂ်သို့ရောက်၍ ဆုံးသောဘဝ တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၂၃။ အဟံ၊ အကျွန်ုပ်သည်၊ အရဟတ္တ မဂ္ဂကာလ ပရိယန္တံ၊ အရဟတ္တ မဂ်သို့ရောက်၍ ဆုံးသောဘဝ တိုင်အောင်။ ဓမ္မံ၊ တရားတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၂၄။ အဟံ၊ အကျွန်ုပ်သည်၊ အရဟတ္တ မဂ္ဂကာလ ပရိယန္တံ၊ အရဟတ္တ မဂ်သို့ရောက်၍ ဆုံးသောဘဝ တိုင်အောင်။ သံဃံ၊ သံဃာတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၂၅။ အဟံ၊ အကျွန်ုပ်သည်၊ နိဗ္ဗာနကာလံ၊ နိဗ္ဗာန်သို့ ရောက်သောကာလ ဘဝတိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၂၆။ အဟံ၊ အကျွန်ုပ်သည်၊ နိဗ္ဗာနကာလံ၊ နိဗ္ဗာန်သို့ ရောက်သောကာလ ဘဝတိုင်အောင်။ ဓမ္မံ၊ တရားတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၂၇။ အဟံ၊ အကျွန်ုပ်သည်၊ နိဗ္ဗာနကာလံ၊ နိဗ္ဗာန်သို့ ရောက်သောကာလ ဘဝတိုင်အောင်။ သံဃံ၊ သံဃာတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၂၈။ အဟံ၊ အကျွန်ုပ်သည်၊ နိဗ္ဗာနကာလံ ပရိယန္တံ၊ နိဗ္ဗာန်သို့ ရောက်သောကာလ ဘဝဆုံးသည့်တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။



၂၉။ အဟံ၊ အကျွန်ုပ်သည်၊ နိဗ္ဗာနကာလ ပရိယန္တံ၊ နိဗ္ဗာန်သို့ ရောက်သောကာလ ဘဝဆုံးသည့်တိုင်အောင်။ ဓမ္မံ၊ တရားတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၃၀။ အဟံ၊ အကျွန်ုပ်သည်၊ နိဗ္ဗာနကာလ ပရိယန္တံ၊ နိဗ္ဗာန်သို့ ရောက်သောကာလ ဘဝဆုံးသည့်တိုင်အောင်။ သံဃံ၊ သံဃာတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

အထက်ပါ သရဏဂုံ(၃၀)ပါဠိတော်ကို နံပါတ်စဉ်အတိုင်း (၁)ဆုံးလျှင် တစ်လုံးချ၍ စိပ်သွားနိုင်ပေသည်။ ပုတီးစိပ်ရာ၌ ပါဠိတော်ကို စိတ်တွင် ရွတ်ကာ အနက်အဓိပ္ပာယ်ကို ဆင်ခြင်ပြီး စိပ်ခြင်းမှာ အကောင်းဆုံး ဖြစ်သည်။

စိတ်ကို သရဏဂုံ(၃၀)ပါ ပါဠိတော် ရွတ်ဆိုနေမှုတွင်သာ အာရုံ စူးစိုက်တည်ရှိစေပြီး အခြားတစ်ပါးသို့ ပျံ့လွင့်ခြင်း မရှိအောင် အထူးဂရုစိုက် ကြိုးစားရပေမည်။ ပျံ့လွင့်နေသော စိတ်အာရုံများကို အတတ်နိုင်ဆုံး ထိန်းချုပ်ပြီး မိမိစိတ်တွင် ရွတ်ဆိုနေသော သရဏဂုံ(၃၀)ပါဠိတော်များတွင်သာ ဗဟိုပြု ထိန်းချုပ်၍ ထားကာ အာရုံစိုက်ထားရပေမည်။

သရဏဂုံ(၃၀) ဂါထာမှာ စာရေးသူအား ဓမ္မမိတ်ဆွေ အချို့က ရွတ်ဖတ်သရဇ္ဈာယ် ပုတီးစိပ်ရန် တိုက်တွန်းခဲ့ဖူးသည်။ တစ်ချိန်က ကျေးဇူးရှင် ဓာလီတောင် ဆရာတော်ဘုရားကြီးကလည်း တပည့်များအား ဤနည်းအတိုင်း ပုတီးစိပ်ခိုင်းခဲ့ဖူးသည်များကို

သတိရနေမိသည်။ အမှန်ဆိုရသော် သရဏဂုံ(၃၀)ကို ပုတီးစိပ်ခြင်းဖြင့် လောကီ၊ လောကုတ္တရာ အကျိုးထူးများကို ရရှိခံစားရမည်ဟု ယုံကြည်သည်။

မတော့ဆရာတော်ဘုရားကြီးသည် တစ်ခါတစ်ရံ တပည့်တကာများက ပင့်ဖိတ်သဖြင့် ရွာနီးချုပ်စပ်သို့ ချောင်းရိုးအတိုင်း လှေဖြင့် ကြွတတ်သည်။ မြစ်ဝကျွန်းပေါ်ဒေသ ဖြစ်သဖြင့် ချောင်းမြောင်း အလွန်ပေါသော ရပ်ရွာများ ဖြစ်သည်။ တပည့်များနှင့်အတူ ချောင်းမြောင်းအတိုင်း လှေဖြင့် ကြွရာတွင် ရေကျနေသဖြင့် ကုန်းပေါ်ကာ လှေမကျော်ဖြတ်နိုင်သော နေရာများသို့ ရောက်ရှိတတ်သည်။ ထိုအခါ ဆရာတော်ဘုရားကြီးက လှေပေါ်ရှိ တပည့်များကို အခြားတစ်ပါးသို့ မမြင်စေရန် သင်္ကန်းဖြင့် လွှမ်းခြုံအုပ်ထားလိုက်သည်။ တပည့်များက ဆရာတော်ဘုရားကြီး၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်သောအခါ၌ သောင်ကုန်းကိုကျော်ပြီး လိုရာခရီးသို့ ရောက်ရှိသွားသည်ကို အံ့သြဖွယ်ရာ တွေ့ကြရသည်။

တစ်ခါတစ်ရံ လှေမကျော်ဖြတ်နိုင်သော ရေနည်းသည့် ချောင်းကောများအတွင်း ရောက်ရှိသွားသောအခါ၌လည်း အထက်ပါနည်းအတိုင်း ပြုလုပ်လိုက်ရာ လှေနှင့် လူများပါ တစ်ဖက်မြစ်သို့ ထူးဆန်းစွာ ရောက်ရှိသွားသည်ကို တွေ့ရလေသည်။ လိုရာခရီးသို့ ရောက်ရှိအောင် သွားနိုင်ပြီး ခရီးခဲများကို ချုံ့ပစ်နိုင်သော သတ္တိထူးများ ရှိတော်မူပေသည်။

မတော့ဆရာတော်ဘုရားကြီးသည် နှစ်ထပ်အိမ် အဆောက်အအုံများဖြစ်၍ အပေါ်ထပ်ရှိသော အိမ်များ၏ အောက်ထပ်သို့ မည်သည့်အခါမျှ ဝင်ကြွခြင်း မရှိပေ။ ဆရာတော်ဘုရားကြီးသည် ပုဂ္ဂိုလ်သူမြတ်တစ်ပါး ဖြစ်သဖြင့် အပေါ်ထပ်တွင် သတ္တဝါများ ရှိပါက အပြစ်ဖြစ်မည်ကို စိုးရိမ်တော်မူ၍ ဖြစ်ဟန်တူသည်။ အထူးသဖြင့် တပည့်တကာများက သဘော်ဖြင့် ပင့်ဆောင်ကြသောအခါ၌ပင် နှစ်ထပ်သင်္ဘောဖြစ်ပါက လိုက်ပါကြွလေ့ မရှိပေ။ လူနေအိမ်များတွင် အမျိုးသား၊ အမျိုးသမီး၊ လူ့ဓာတ်ပုံများ ချိတ်ဆွဲထားပါကလည်း ထိုဓာတ်ပုံများအောက်သို့ ကြွရောက်ခြင်း မရှိဟု သိရသည်။ သူတော်စင် သူတော်ကောင်းတစ်ပါး ဖြစ်သဖြင့် အခြားပုဂ္ဂိုလ်များအား ထိခိုက်စေမည်ကို ရှောင်ရှားလိုသော သဘောဖြစ်ပေမည်။

ကျေးဇူးရှင် ဖါလီတောင် ဆရာတော်ဘုရားကြီးသည်လည်း ထိုကဲ့သို့ ကြွရောက်ခြင်းမရှိကြောင်း သတိပြုမိသဖြင့် သူတော်သူမြတ်များ၏ သွားလာ ကြွရောက်မှုများကို ပညာမျက်စိဖြင့် အကဲခတ် သိရှိနိုင်ပေသည်။ အများ သတ္တဝါအား မိမိတို့နှင့် ပတ်သက်ပြီး အနည်းငယ်မျှ အပြစ်ရောက်မှုကို မလိုလားသော ဆန္ဒတော်များရှိသော ပုဂ္ဂိုလ်သူမြတ်များပင် ဖြစ်တော်မူကြသဖြင့် လွန်စွာ ကြည်ညိုဖွယ်ရာ ကောင်းလှပေသည်။

စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ တန်ခိုးသတ္တိထူးများမှာ 'ပြောမယုံကြုံဖူးမှသိ' ဟူသော စကားကဲ့သို့ ခေတ်ပေါ် သိပ္ပံပညာရှုထောင့်ဖြင့် တိုင်းတာ၍ မရပေ။ သဘာဝလွန် ဖြစ်ရပ်များသာဖြစ်သဖြင့် လူသာမန်တို့ တွေ့နိုင် ယုံနိုင်ခဲသော သဘောကို ဆောင်နေပေသည်။ ဤအကြောင်းများကို ပြန်လည် ဖော်ထုတ် စဉ်းစား

ရေးသားမိရင်း မတော့ဆရာတော်ဘုရားကြီး ဦးဝါသဝကို အကြိမ်ကြိမ် ဦးညွတ် ကန်တော့မိပါသည်။

ငြိမ်းချမ်းသောဘဝသို့ ကူးပြောင်းသွားကြသော သူတော်စင်များ၊ သူတော်ကောင်းများပင် ဖြစ်ကြပေသည်။ ဆရာတော်ဘုရားကြီးမှာ သက်တော် ၆၈–နှစ်၊ ဝါတော် ၄၉–ဝါတွင် ပိဋကကလေးရှာ၌ပင် ရုပ်ခန္ဓာချုပ်ပြီး ပျံလွန်တော်မူခဲ့လေသည်။ ပျံလွန်တော်မမူမီကပင် မိမိ ဘယ်နေ့ဘယ်ရက်တွင် ပျံလွန်တော်မူမည့်အကြောင်း၊ တပည့်ရင်းများအား ကြိုတင် မိန့်ကြားထားတော်မူခဲ့သည်။ ပျံလွန်တော်မူသော အခါ၌လည်း မိမိ ရုပ်အလောင်းကို မီးသဂြိုဟ်ခြင်းမပြုဘဲ ဤအတိုင်း ထားရှိရန် မှာကြားထားတော်မူသည်။

ဆရာတော်ဘုရားကြီး ရုပ်ခန္ဓာချုပ်ပြီးနောက် တပည့်များက အလောင်းတော်မြတ်ကို ဤအတိုင်း ထားရှိကြသည်။ နှစ်ရှည်လများ ကြာသည့်တိုင်အောင် ပုပ်သိုးနံစော်ခြင်းမရှိဘဲ ပကတိ အိပ်ပျော် ကျိန်းစက်နေသကဲ့သို့ပင် ရှိကြောင်း အံ့သြဖွယ်ရာ တွေ့ကြရလေသည်။

ဒုတိယ ကမ္ဘာစစ်ဖြစ်ပွားပြီး ဂျပန်အဝင် တိုင်းပြည် ပျက်သောအချိန်တွင် တပည့်အချို့က ဆရာတော်ဘုရားကြီး၏ အလောင်းတော်ကို မီးမသဂြိုဟ်လိုက်ရမည်ကို စိုးရိမ်လာကြသည်။ တိုင်းပြည်ကလည်း မငြိမ်မသက်ဖြစ်နေ၍ သာမန် ဘုန်းတော်ကြီးပျံများကဲ့သို့ ထုံးတမ်းစဉ်လာအရ သရဏဂုံတင်ပြီး မီးသဂြိုဟ်ခြင်း မပြုလိုက်ရမည်ကို အစိုးရိမ်လွန်ပြီး အချို့သော တပည့်



ကာ သူ့ထက်ငါ ဦးအောင် သဘောဖြင့် မီးသဂြိုဟ်လိုက်ကြသည်။

ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို မီးသဂြိုဟ်နေ တပည့်ဖြစ်သူ ဦးစစ်အောက်က ခြေမတော်ကို ကွမ်းညှပ်ဖြင့် ယူထားလိုက်လေသည်။ ခြေမတော်ကို ဖန်ဘူးဖြင့် ထည့်ကာ ဦးခန်း ဘုရားကျောင်းဆောင်ဘေးတွင် ထားရှိပြီး ပူဇော် ရာ မပုပ်မသိုး ပကတိအတိုင်း ရှိနေသည်ကို တွေ့ရပြန်လေသည်။ ဦးစစ်အောက်မှာလည်း ဆရာတော်ဘုရားကြီး ပျံလွန်တော် နောက် ရဟန်းဘောင်သို့ ဝင်ကာ ရဟန်းဘဝဖြင့်ပင် ပျံတော် ကြောင်း သိရသည်။

စာရေးသူမှာ မတော့ဆရာတော်ဘုရားကြီး ဦးဝါသဝ ကြောင်းကို သိသမျှ ပြန်လည် သတိရမိရင်း လိုဏ်ဂူထဲတွင် အတော်ပင် ကြာညောင်းသွားခဲ့သည်။ သစ်ပင် တောရိပ် အောက် မြေလိုဏ်ထဲတွင် ဖြစ်သဖြင့် မြင်းခြံမြို့၏ အပူရှိန်မှာ တော်ပင် သက်သောင့်သက်သာ ဖြစ်လျက် ရှိပေသည်။ ပါလာ အဖော်ဖြစ်သူ ရဲဘော်အချို့မှာ အခြားနေရာများသို့ သွား က်နေကြပြီးနောက် ပြန်လာကြသော ခြေသံများကို ကြားလိုက် သည်။

ရဲဘော်တစ်ဦးက စာရေးသူ ထိုင်နေသော လိုဏ်ခေါင်းဝသို့ က်လာပြီး “ဗိုလ်ကြီး၊ ဘာတွေများ စဉ်းစားနေသလဲ၊ အချိန် င် ညနေစောင်းသွားပြီ” ဟု ပြောလိုက်တော့မှ အတွေး ကာ “အေး၊ မင်းတို့ကော ရေနေရာအနှံ့ ရောက်ခဲ့ပြီလား၊

ဘာများ အကြောင်းထူးသေးသလဲ"ဟု မေးလိုက်မိသည်။ သူက "ကျွန်တော်တို့ ကြည့်စရာ၊ လေ့လာစရာတွေကို အတော်ကလေး စုံအောင်တော့ တွေ့ခဲ့ပြီးပါပြီ" ဟု ပြန်ပြောသည်။

ညနေစောင်းပြီဖြစ်၍ တပ်သို့ ပြန်ခဲ့ကြသည်။ ကားပေါ်တွင် စမ်းကျဆရာတော်ဘုရား အကြောင်းကို သိလိုစိတ် ဖြစ်ပေါ်သော်လည်း အချိန်မရ၊ အခြားတာဝန်များက ရှိနေသေးသဖြင့် လေ့လာစုံစမ်းခြင်း မပြုနိုင်တော့ဘဲ ပြန်ခဲ့ရလေသည်။

* * *

အခန်း (၅)

## စွန်းလွန်းဆရာတော်၏ ဘဝဖြစ်စဉ်

မြင်းခြံမြို့ အပူပိုင်းဇုံ ဒေသတွင် တည်ရှိပြီး နွေရာသီတွင် ထိုင်ရ အတော်ခက်သောမြို့ ဖြစ်သည်။ ပူအိုက်လှသဖြင့် ချိုးပါကလည်း ရေချိုးပြီးပြီးချင်း ချွေးတစ်ပြိုက်ပြိုက်ကျကာ အိုက်လာသည်။ တစ်ခါတစ်ရံ တိုက်လိုက်သော လေမှာလည်း ပူပြင်း သက်သက်သာ ဖြစ်သည်။ ဆောင်းရာသီ ဖြစ်သော် ည အခါ၌သာ အေးပြီး နေ့လယ်တွင်မူ အလွန်ပူအိုက်လျက်ပင် သည်။

တစ်နေ့တွင် စွန်းလွန်းဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ် ရှိရာ ဂန္ဓကုဋိ စေတီတော်ကြီးသို့ မိတ်ဆွေများနှင့် သွား ဖူးမြော်ကြသည်။ နံနက်ပိုင်း ဖြစ်သော်လည်း မြင်းခြံ

မြို့၏ နေပူရှိန်မှာ ပြင်းထန်လျက် ရှိနေပြီ ဖြစ်သည်။ ဈေးသို့ ခေတ္တ ဝင်ပြီး ခရီးဆက်ထွက်ခဲ့ရာ စွန်းလွန်းဆရာတော်ဘုရားကြီး ရုပ်ကလာပ်ထားရာ နေရာသို့ ရောက်ရှိသွားသည်။ ဆရာတော် ဘုရားကြီး၏ ရုပ်ကလာပ်ထားရှိရာ ခန်းမအတွင်း လှည့်လည် ဖူးမြော်နေစဉ် မိတ်ဆွေတစ်ဦးက ဂန္ဓကုဋိတိုက် ဖွင့်သည့် သော့ကို သက်ဆိုင်ရာတို့ထံ သွားရောက် ဆွေးနွေး တောင်းယူလျက် ရှိသည်။ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော် ထားရှိသော အခန်းမှာ သံဇကာ၊ သံတိုင်များနှင့် ခိုင်ခံ့စွာ ကာရံထားပြီး သော့ အထပ်ထပ် ခတ်ထားသည်။ လူထုပရိသတ် ဝင်ရောက် ကိုင်တွယ် နှောင့်ယှက်ခြင်း မပြုနိုင်ရန်နှင့် လုံခြုံမှု ရှိစေရန် ဖြစ်သည်။

စာရေးသူလည်း သံတံခါး သံတိုင်များကြားမှ ဆရာတော် ဘုရားကြီး၏ ရုပ်ကလာပ်ကို ဖူးမြော် ကြည့်မိသည်။ ဆရာတော် ဘုရားကြီး ရုပ်ကလာပ်မှာ ပြင်ဆင်ထားသော ရွှေသင်္ကန်း ညော စောင်းပေါ်တွင် ပကတိ ကျိန်းစက်နေသည်ဟုပင် ထင်ရသည် ထိုကဲ့သို့ ထူးထူးဆန်းဆန်း ဖြစ်ရပ်များကို လေ့လာလိုသော ဗိဇ္ဇဝါသနာမှာ မူလက ပါရှိခဲ့သဖြင့် စဉ်းစားဆင်ခြင် လေ့လာ နေမိသည်။

မကြာမီ သံတံခါးများကို ဖွင့်သည့်သော့ ရရှိလာပြီး ပါလာ သော မိတ်ဆွေအချို့က စာရေးသူကို သော့ကိုင်သော ပုဂ္ဂိုလ် များနှင့် မိတ်ဆက်ပေးပြီး သော့များကို ဖွင့်ကြသည် ဆရာတော်ဘုရားကြီး ရုပ်ကလာပ်ထားရှိရာ ဂန္ဓကုဋိတိုက်ခန်း ဆောင်အတွင်းသို့ ဝင်လိုက်သည်။ သင်းပျံ့မွှေးကြိုင်သော ရ



တစ်ခုကို ထူးဆန်းစွာ ရှူရှိုက်မိလိုက်သည်။ ဆရာတော်ဘုရားကြီး ၏ အလောင်းတော်ထားရှိရာ သလွန်ညောင်စောင်း အနားသို့ ကပ်သွား၍ ဖူးမြော်ကြည့်ရှုပြီး ခေတ္တမျှ ငြိမ်သက်စွာ ထိုင်ကာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ထုံးတမ်းစဉ်လာအရ ကြည်ညို သဒ္ဓါစိတ် အပြည့်အဝဖြင့် ဝတ်ပြည့် ရှိခိုးသည်။ ငြိမ်သက်စွာ ထိုင်နေပြီး ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်ကို အာရုံပြုကာ စဉ်းစား ဆင်ခြင်နေမိသည်။

ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသွားသည်မှာ (၁၃၁၄) ခုနှစ်၊ ကဆုန်လပြည့်ကျော်(၉)ရက်၊ စနေနေ့ညနေ ငါးနာရီ၊ (၁၇-၅-၅၂)ခုနှစ်က ဖြစ်သည်။ စာရေးသူ ရောက်သွားသော အချိန်မှာ (၁၉၆၆)ခုနှစ် ဖြစ်သဖြင့် ဆရာတော်ဘုရားကြီး ပျံလွန် တော်မူသည်မှာ (၁၄)နှစ်ခန့် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ ဤမျှ ပူပြင်းခြောက်သွေ့သော ရာသီတွင် ဆရာတော်ဘုရားကြီး၏ ရုပ်ခန္ဓာမှာ ပျက်စီးယိုယွင်းခြင်း မရှိ၊ ပကတိအတိုင်း ရှိနေသည်မှာ အလွန်တရာ အံ့ဩဖွယ်ရာ ဖြစ်သည်။ သာမန်လူသား တို့၏ ခန္ဓာကိုယ်မှာ အသက်ဝိညာဉ် မရှိသည့် နောက်ပိုင်းတွင် ဤမျှ ကြာကြာ မပုပ်မသိုး ပျက်စီးယိုယွင်းခြင်း မရှိဘဲ တည်နိုင်လိမ့် မည် မဟုတ်ပေ။

ပူပြင်းသော ရာသီဥတုတွင် သွေးသားဖြင့် တည်ဆောက်ထား သော ရုပ်ခန္ဓာမှန်လျှင် ကြာရှည်စွာ မတည်တံ့နိုင်ခြင်းမှာ သဘာဝ နိယာမ တရားတစ်ခု ဖြစ်ပေသည်။ ဆရာတော်ဘုရားကြီးအား တစ်နိုင်ငံလုံးက ရဟန္တာဟု သတ်မှတ်ခဲ့သည်မှာလည်း ထို

အကြောင်းတရားက သက်သေပြုလျက်ရှိသည်။ တရားကျင့်သော သူတော်စင် သူတော်ကောင်းများ ရုပ်ခန္ဓာကိုယ်ကို စွန့်ခွာသွား သောအခါ၌ ကြွင်းကျန်ရစ်သော ခန္ဓာကိုယ် ရုပ်ကြွင်းမှာ မပုပ် မသိုး မပျက်စီးဘဲ ကျန်ရှိနေကြောင်းကို စာအုပ်စာတမ်းများတွင် သာ တွေ့မြင် ဖတ်ရှုခဲ့ရဖူးသည်။

ခရစ်ယာန်သူတော်စင် 'စိန့်ဇေဗီယား' သည် သီဟိုဠ်ကျွန်း တွင် ပျံတော်မူစဉ်က သူ၏ ရုပ်ကြွင်းမှာ မပုပ်မသိုး တည်ရှိ ကြောင်း မှတ်တမ်းများတွင် လေ့လာသိရှိခဲ့ရဖူးသည်။ အိန္ဒိယ ယောဂီ သူတော်စင်များ ရုပ်ခန္ဓာချုပ်သွားသော အခါ၌လည်း ထိုကဲ့သို့ မပုပ်မသိုး မပျက်မစီး ကျန်ရှိနေကြောင်းကို စာအုပ် စာတမ်းများတွင် တွေ့ခဲ့ရဖူးသည်။ စာရေးသူ ရေးသားပြုစု သည့် "ထူးခြားဆန်းကြယ်သော ဘဝဖြစ်စဉ်များ" စာအုပ်တွင် ပါရှိသော ဆွာမိဝယာဂနန္ဒာသည် အမေရိကန်ပြည်ထောင်စုတွင် (၇-၃-၅၂)နေ့၌ ရုပ်ခန္ဓာ ချုပ်ခဲ့လေသည်။ သူ၏ ရုပ်ခန္ဓာကို သုံးလတိုင်တိုင် တပည့်များက မူလအတိုင်း ထားရှိခဲ့ရာ လုံးဝ ပုပ်သိုး ပျက်စီးခြင်း မရှိခဲ့သည်ကို တွေ့ရသည်။ အမေရိကန် ပြည်ထောင်စုရှိ သူ၏ ယောဂီတပည့်များမှာ အလွန်တရာ အံ့ဩ ခြင်း ဖြစ်ခဲ့ကြရသည်။

စာရေးသူမှာ ထူးခြားအံ့ဩဖွယ်ရာ သဘာဝလွန် ဖြစ်ရပ် တစ်ခုကို ယခု လက်တွေ့မြင်ရသောအခါ၌ စိတ်ထဲတွင် ကြည်နူး ချမ်းမြေ့မှုတစ်ရပ် ဖြစ်ပေါ်မိသည်။ တိတ်ဆိတ်ငြိမ်သက်စွာထိုင်၍ ဖူးမြော်ပြီးနောက် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်



အား သက်ဆိုင်ရာ ပုဂ္ဂိုလ်များထံ ခွင့်တောင်းပြီး ကိုင်တွယ် စမ်းသပ်ကြည့်သည်။ နဂို ပကတိအတိုင်းပင် ရှိနေသည်ကို တွေ့ရသည်။ အသားအရေတို့မှာ တင်းမာင်းရင်းရင်း ရှိနေပြီး အနည်းငယ် ခြောက်နေသည်မှလွဲ၍ ထူးခြားမှု မရှိပေ။

ဘုန်းကြီးပျံများတွင် ကြုံတွေ့ခဲ့ရဖူးသော အူအသည်းထုတ်ခြင်း၊ ဆေးစိမ် ဆေးထိုးခြင်းများ ပြုလုပ်ထားခြင်း မရှိကြောင်းကိုလည်း သေချာစွာ လေ့လာ သိရှိခဲ့ရသည်။ အလွန်တရာ မြင့်မြတ်လှသော ရဟန္တာသူမြတ် ဖြစ်ကြောင်း ယုံကြည်မိသည့် အလျောက် အကြိမ်ကြိမ် ဝတ်ဖြည့်ဆုတောင်းကာ ဆရာတော် ဘုရားကြီး အကြောင်းကို လေ့လာလိုစိတ် ဖြစ်ပေါ်ခဲ့သည်။ အလောင်းတော်မြတ်၏ ဘေးတွင် ထိုင်ကာ ပရိတ်ရွတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ ဆုတောင်းပတ္ထနာပြုခြင်း လုပ်ငန်းများဆောင်ရွက် ပြီးနောက် ပန်း၊ ဖယောင်းတိုင်၊ အမွှေးတိုင် စသည်တို့ဖြင့် ပူဇော်ကာ ပြန်လည် ထွက်ခွာခဲ့သည်။

တပ်ကို ပြန်ရောက်သောအခါ၌ တွေ့ကြုံ လေ့လာခဲ့ရသော ဆရာတော်ဘုရားကြီး၏ အကြောင်းကိုသာ အဖန်တလဲလဲ စဉ်းစား ဆင်ခြင် သုံးသပ်နေမိသည်။ ဆရာတော်ဘုရားကြီးနှင့် သထုံပြည်မှ မနူဟာမင်းတို့မှာ တစ်ကြိမ်က တပည့် တကာ ဆရာများ ဖြစ်ခဲ့ ဖူးကြကြောင်းကိုလည်း ပြန်လည် စဉ်းစားမိသည်။

ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်ကို တစေ့တစောင်း သိရှိလိုသော ဆန္ဒ ပြင်းပြစွာ ဖြစ်ပေါ်ခဲ့သဖြင့် သိမှီလိုက်သူ ပုဂ္ဂိုလ်များထံ ချဉ်းကပ် မေးမြန်း စုံစမ်းခြင်းများကို ထိုစဉ်ကပင်

ပြုလုပ်ခဲ့သည်။ ထိုသို့ လေ့လာစုံစမ်းမှုကို ပြုလုပ်သောအခါ၌ ပိုမို ထူးခြား စိတ်ဝင်စားဖွယ်ရာကောင်းသော ဘဝဖြစ်စဉ်များကို သိခဲ့ရသည်။

ဆရာတော်ဘုရားကြီးမှာ ဤကမ္ဘာတွင် ပွင့်တော်မူကြကုန် သော ဘုရားငါးဆူအနက် ကဿပဘုရားရှင် လက်ထက်တော် အခါ၌ ကျေးသား ကြက်တူရွေး အမျိုးဇာတ်၌ ဖြစ်ခဲ့ရလေ သည်။ တစ်နေ့သောအခါ၌ ကဿပ မြတ်စွာဘုရားရှင် သီတင်း သုံးလျက်ရှိစဉ် ဆရာတော်ဘုရား ဖြစ်တော်မူမည့် အလောင်း တော် ကြက်တူရွေးက တိရစ္ဆာန်ဘဝပင် ဖြစ်သော်လည်း မြတ်စွာ ဘုရားရှင်၏ ထူးမြတ်သော ကိုယ်တော်ကို မြင်တွေ့ရသောအခါ ဘဝအဆက်ဆက်မှ ပါရမီအရှိန်အဟုန်ကြောင့် ကြည်ညိုသဒ္ဓါစိတ် များ ဖြစ်ပေါ်လာသည်။

ကျေးသားဘဝက သစ်သီးဆွမ်းကို လှူဒါန်းကာ အတော် နှစ်ဖက်ကို ထိပ်မှာ ယှက်မိုးလျက် ရှိခိုးပူဇော်ခြင်း ပြုခဲ့သည် ကဿပဘုရားရှင်က သစ်သီးဆွမ်းကို လက်ခံတော်မူပြီး "ဤဒါန ၏ ကောင်းမှုကြောင့် သင် လိုလားတောင့်တတဲ့ ဆုအတိုင်း ပြည့်ပါစေ"ဟု ဆုတော်မြတ်ကို ပေးတော်မူလိုက်သည်။ ကျေးသား ကလေးမှာ ဘုရားရှင်အား သစ်သီးဆွမ်းဒါန ဆက်ကပ်လှူဒါန်း ရသဖြင့် အလွန်တရာ ရွှင်မြူး ကြည်နူးကာ စေတနာ ထက်သန်လျက် ရှိနေတော့သည်။

အလှူခံ ပုဂ္ဂိုလ်မှာလည်း သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီး ဖြစ်သည့် မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဖြစ်နေသဖြင့် ကျေး



သားဘဝမှ စုတေသောအခါ၌ ကာမသုဂတိ ခုနစ်ဘုံ၌သာ ကျင်လည် လျက် ရှိခဲ့ပေသည်။ သုတထူးနှင့် မတူအောင် စည်းစိမ်ချမ်းသာ များကို ခံစားရပြီးနောက် လူ့ပြည်တွင် လူ့ဘဝအဖြစ်သို့ ရောက် ရှိသောအခါ၌လည်း တိကိစ္ဆက ပါမောက္ခဆရာကြီး ဖြစ်လာ လေသည်။ ဆေးဆရာကြီးဘဝတွင် တွေ့ကြုံဆက်ဆံဖူးသူများ ယခုအခါတွင် မိမိထံ လာရောက်ကြလိမ့်မည်ဟု စွန်းလွန်း ဆရာတော်ဘုရားကြီးက မိန့်ကြားခဲ့ဖူးလေသည်။

ဆေးဆရာကြီးဘဝမှ စုတေ၍ သံသရာကျင်လည်ခဲ့ပြန်သော် လည်း ဂေါတမမြတ်စွာဘုရား သာသနာတော်အတွင်း၌ သုဝဏ္ဏ ဘုမ္မိ သထုံပြည်ကြီးကို စိုးမိုးအုပ်ချုပ် မင်းလုပ်တော်မူခဲ့သော သာသနာ့ဒါယကာ မနူဟာမင်းကြီး ဆည်းကပ် ကိုးကွယ်ဖူးသော ဆရာတော်ကြီးတစ်ပါး ဖြစ်ခဲ့ရပြန်လေသည်။ ဆရာတော်ဘဝမှ စုတေ ပျံလွန်တော်မူပြီး သံသရာ၌ ကျင်လည်ခဲ့ပြန်ရာ မြင်းခြံမြို့ တောင်ဘက်ရှိ စွန်းလွန်းရွာ၌ ခမည်းတော် ဦးသန့်၊ မယ်တော် ဒေါ်တုတ်တို့ ဝမ်းတွင် ကိန်းအောင်း၍ မွေးဖွားလာရပြန်လေသည်။

ပဋိသန္ဓေ ယူသောအချိန်တွင် ဖခင်ဖြစ်သူထံ ကြန်အင် လက္ခဏာနှင့် ပြည့်စုံသော လူရည်သန့် တစ်ဦး လာပြီး ဦးသန့် အိမ်တွင် နေပါရစေဟု တောင်းပန်ကြောင်း အိပ်မက် မြင်မက် သည်။ ဦးသန့်က မိမိတို့မှာ ဆင်းရဲလှသောကြောင့် မနေချင် ပါနဲ့ဟု တောင်းပန်သော်လည်း မရသဖြင့် လက်ခံလိုက်ရ ကြောင်း သူ၏မိတ်ဆွေများအား ပြောပြဖူးလေသည်။ ထိုသို့ အိပ်မက်ရပြီး မကြာမြင့်မီ ဖနီး ဒေါ်တုတ်တွင် ပဋိသန္ဓေရရှိပြီး

ကိုးလလွန်မြောက် ဆယ်လပိုင်းရောက်သောအခါ၌ ဆရာတော်ဘုရားကြီး အလောင်းအလျာ သားကောင်းရတနာကို မင်းတုန်းမင်းကြီးလက်ထက် (၁၂၃၉)ခု တပေါင်းလဆန်း(၂)ရက် တနင်္လာနေ့ မြန်မာနာရီ နံနက် လေးချက်တီး အချိန်ခန့်တွင် ဖွားမြင်တော်မူသည်။

ထူးခြားကောင်းမွန်သော အတိတ်နိမိတ်များကြောင့် ကလေးငယ်အား ဦးခေါင်းဆေးမင်္ဂလာ ပြုသောအခါ မောင်ကျော်ဒင်ဟု ကင်ပွန်းတပ် အမည်ပေးခဲ့လေသည်။ အသက် ရှစ်နှစ်သားအရွယ်တွင် သီပေါဘုရင် ပါတော်မူလေရာ မြင်းခြံနယ် တစ်ခုလုံးမှာလည်း မြန်မာမျိုးချစ် အာဇာနည် သူရဲကောင်းများက နယ်ချဲ့အင်္ဂလိပ်တို့အား ဆန့်ကျင်တော်လှန် တိုက်ခိုက်သဖြင့် မငြိမ်မသက် ဖြစ်လျက်ရှိသည်။

မောင်ကျော်ဒင်ကို မိဘများက မြင်းခြံမြို့ မင်းကျောင်းဆရာတော်ဘုရားထံ အပ်နှံ၍ စာပေ ပညာများကို သင်ကြားစေသော်လည်း ဉာဏ်ထုံထိုင်းလှသဖြင့် စာပေကို ကောင်းစွာ မတတ်ပေ။ စာသင်၍မရသောအခါ၌ မိဘများမှာ စိတ်ပျက်လှသဖြင့် မြင်းခြံ အရေးပိုင်မင်းရုံး၌ (၁၅)နှစ်သား အရွယ်တွင် မင်းစေအဖြစ် ဝင်ရောက် အမှုထမ်းစေသည်။ ထိုစဉ်က ဖခင် ဦးသန့်မှာလည်း အရေးပိုင်ရုံးတွင် သားနှင့်အတူ မင်းခစားအဖြစ် အမှုထမ်းလျက် ရှိသည်။ မောင်ကျော်ဒင်မှာ ငယ်စဉ်ကပင် ဉာဏ်ထုံထိုင်းလှသဖြင့် စာတစ်လုံးမျှ ဖြစ်မြောက်အောင် မတတ်ခဲ့သောကြောင့် မိဘများက သားအတွက် စိတ်မကောင်းဖြစ်ခဲ့ရလေသည်။



အချိန်အရွယ်ရောက်သောအခါတွင် မိမိရွာသူ ဖြစ်သော မရွှေရီနှင့် အိမ်ထောင်ကျကာ သားသမီး လေးယောက် ထွန်းကားခဲ့လေသည်။ သားသမီးသုံးယောက်မှာ ငယ်စဉ်ကပင် သေဆုံးကြပြီး ကိုရှိန် ခေါ် ကိုကံညွန့်သာ အသက်ကြီးသည်အထိ နေရလေသည်။ ကိုကျော်ဒင်မှာ ဉာဏ်ထုံထိုင်းပြီး စာပေမတတ်သဖြင့် မင်းစေအဖြစ် ၁၅–နှစ်ခန့် ဆောင်ရွက်သော်လည်း တိုးတက်ရန် လမ်းစ မပေါ်ခဲ့ပေ။

အသက် ၃၀–ခန့်တွင် အလုပ်မှ နုတ်ထွက်ပြီး နေရင်းရွာသို့ ပြန်ကာ မိဘတို့၏ လက်ငုတ်ဖြစ်သော တောင်ယာအလုပ်ကို လုပ်ကိုင် စားသောက်လျက်နေသည်။ တောင်ယာလုပ်ရင်းဖြင့် သားမယား ကျွေးမွေး လူမှုဒုက္ခများကို ဆောင်ရွက်နေရင်းက ကုသိုလ်ကောင်းမှု လုပ်လိုသော စိတ်များ မကြာခဏ ပေါ်ပေါက်လာသည်။

ဦးကျော်ဒင်၏ ငယ်သူငယ်ချင်းဖြစ်သူ ဦးစံတင်မှာ သမာဓိမျော် အောင်ပြီး တစ်ခါတစ်ရံ ကမ္ဘာစောင့်နတ်ကြီးများ ပူးကပ်သည်ဟု ရပ်သူ ရွာသားများက ယူဆကြသည်။ တစ်နေ့သော အခါ၌ ဦးကျော်ဒင်နှင့် အတူထိုင်ပြီး ထွေရာလေးပါး စကားပြောနေကြစဉ် ဦးစံတင်က အောက်ပါအတိုင်း ရွတ်ဆိုလိုက်လေသည်။

"တစ်လိမ်နှစ်လိမ်၊ လိမ်လို့ရှုပ်၊ အမယ်ဘုတ်တဲ့ သူ့ချည်ခင်၊ ဘယ်သူငင်မှ သည်ရှုပ်ထွေး၊ ရှင်းနိုင်ပါ့မလေး။ ချည်ခင်ကြို ချည်ခင်ကြား၊ လွန်းကလေးနဲ့သွား။ ဘုရားငုတ်တို၊ ရောင်တော်

လွှတ်ပါလို့ ပုံတော်ဝတ်တဲ့ မခွေးရယ်၊ အနားစိမ်းရောင်ခြယ်၊ အလယ်ပြာဘောင်ကွက်နဲ့၊ လက်ခတ်သံ ကျွန်းဖိုသား၊ သောင်းတိုက်ကကြား”

တဘောင်ကို ရွတ်ပြပြီးနောက် ဦးစံတင်က “တစ်လိမ်နှစ်လိမ်လိမ်လို့ရှုပ် အမယ်ဘုတ်ကဲ့ သူ့ချည်ခင်ဆိုတာ ယက်ကန်းစင်ကျတော့ မရှင်းဘူးလား”ဟု မေးရာ ဦးကျော်ဒင်က “ရှင်းတာပေါ့”ဟု ဖြေလိုက်သည်။

“ဒီတော့ အမယ်ဘုတ် သူ့ချည်ခင်ထက် ရှုပ်တဲ့ အဝိဇ္ဇာလို့ခေါ်တဲ့ ချည်ခင်ကြီးကို ခင်ဗျား သတိတစ်လုံးနဲ့ ရှင်းရလိမ့်မယ်၊ သတိ တစ်လုံးနဲ့ ရှင်းတဲ့အခါ ဇွန်းလွန်းရွာ တောင်ဘက်မှာ ယက်ကန်းစက် ပေါ်လိမ့်မယ်၊ ယက်ကန်းစက် ပေါ်တဲ့အခါ ကျွန်းဖိုပင်ကုန်းမှာ ခင်ဗျား သာသနာပြုရလိမ့်မယ်၊ သာသနာပြုတဲ့အခါ ကျွန်းတိုင်နှစ်လုံး ပါလိမ့်မယ်။

“ဘုရားငုတ်တို ရောင်တော်လွှတ်ပါလို့ ဆိုတာက ပဋိပတ္တိသာသနာတော်ကြီး ငုပ်နေရာက ပြန်ပေါ်လာလိမ့်မယ်လို့ ဆိုလိုတယ်” ဟု ဦးစံတင်က ရှင်းပြလေသည်။

ဦးကျော်ဒင်က “ခင်ဗျား တောက်တီး တောက်တဲ့တွေ လျှောက်ပြောမနေစမ်းပါနဲ့ဗျာ” လို့ ပြောလိုက်သောအခါ ဦးစံတင်က ခပ်ဝေးဝေးသို့ စိုက်ကြည့်ပြီး “အေးဗျာ၊ ကျုပ် ပြောတာ မှန်မမှန် စောင့်ကြည့်ကြသေးတာပေါ့” ဟု ပြောလိုက်လေသည်။

ဦးကျော်ဒင်မှာ ဦးစံတင်၏ နိမိတ်ဖတ်သော တဘောင်ကို စဉ်းစားရင်း အဖြေရှာသည်။ မီးခဲပြာဖုံး ရှေးဘဝက ပါရမီ



အခြေခံရှိခဲ့သူ ဖြစ်သဖြင့် ကုသိုလ်ကောင်းမှု လုပ်လိုစိတ်များ ပေါ်လာသည်။ ကုသိုလ်–အကုသိုလ် တရားများကိုလည်း ဆင်ခြင်သုံးသပ်မိသည်၊ လူ့ဘဝတွင် စားဝတ်နေမှုအတွက် ယာထွန်၊ ယာလုပ် လုပ်ရှားရုန်းကန် ဆောင်ရွက်နေရသော လူမှု ဒုက္ခဆင်းရဲများကိုလည်း တွေးမိပြီး စိတ်ပျက်လာသည်။ မိုးဦးကျအချိန် တစ်နေ့တွင် ဇနီး ဒေါ်ရွှေရီကိုပါ ခေါ်ပြီး ယာရှင်းသွားကြသည်။ ယာတဲသို့ရောက်သောအခါ၌ ဦးကျော်ဒင်က “ဒီနှစ်တို့ယာတဲမှာ နှမ်းကြဲမယ်၊ နှမ်းအတင်း–၅၀ ထွက်ရင် ဘုရားမှာ ဆီမီးတစ်ထောင်ပြည့် ပူဇော်ကြရအောင်” ဟု ပြောသည်။

အချိန်တန်သောအခါ၌ ယာသစ်ထဲတွင် နှမ်း ကြဲသည်။ မကြာမီ မိုးခေါင်သဖြင့် နှမ်းပင်ကလေးများမှာ ညှိုးနွမ်း၍ သေတော့မည့်ပုံ ပေါက်နေကြသည်။ ဦးကျော်ဒင်ကလည်း မိမိအဓိဋ္ဌာန်အတိုင်း ဆုတောင်းသည်။ များမကြာမီ မိုးရွာလာသဖြင့် နှမ်းပင်များ ရှင်သန် ကြီးထွားကာ မူလ ရည်မှန်းထားသည့်အတိုင်း နှမ်းထွက် ကောင်းလာသည်ကို တွေ့ရသည်။ အခြားသူများ၏ နှမ်းခင်းများမှာမူ မိုးခေါင်သဖြင့် ပျက်စီးသွားကြသည်။

ထွက်ပြီးသော နှမ်းများကို ဆီကြိတ်ပြီး နှမ်းဆီ ကိုးပိဿာကို ဘုရားအားလှူပြီး သံဃာတော်များအတွက် ကိုးပိဿာလှူရန် ဇနီးမောင်နှံ တိုင်ပင်လုပ်ဆောင်ကြသည်။ (၁၂၈၁)ခု၊ သီတင်းကျွတ်လပြည့်နေ့တွင် အဓိဋ္ဌာန်အတိုင်း လှူဒါန်းမှုများ ပြုပြီးနောက် ရွာ၏ အရှေ့တောင်ဘက်ရှိ စေတီတော်တွင် ညအချိန်၌ ဆီမီး

တစ်ထောင် ပူဇော်လေသည်။ ဦးကျော်ဒင်သည် စေတီတော်အနီးကပ်ပြီး ဆီမီးများကိုကြည့်နေရာ ဆီများ ဆူပွက်ပြီး မီးညွန့်များတက်နေသည်ကို မြင်ရလေသည်။ သူ၏စိတ်ထဲတွင် တစ်ကိုယ်လုံးကြက်သီးများ ထကာ တုန်လှုပ်ခြင်း ဖြစ်မိသည်

'ငါ ဘာများ ဖြစ်ပါလိမ့်မလဲ' ဟု ဆင်ခြင်နေစဉ် ယခုအချိန်ခါ၌ ဆုတောင်းမှု တစ်ခုခု ပြုလုပ်ပါက ပြည့်စုံလိမ့်မည်ဟု သူ့စိတ်တွင် ထင်မြင်လာသည်။ သို့ဖြစ်၍ ဘုရားကို ဦးချပြီး "ရဟန်းဖြစ်ရပါလို၏၊ ရဟန်းဖြစ်သောအခါ၌ တရားဟောရပါလို၏၊ သတ္တဝါများသည် မိမိ ဟောသည့်အတိုင်း ကျင့်ကြံအားထုတ်နိုင်ကြပါစေသတည်း" ဟု ဆုတောင်းလိုက်သည်။

ဆုတောင်းပြီးနောက် 'ငါ့မှာ စာဆိုလို့ တစ်လုံးမျှ မတတ်၊ ရဟန်းဖြစ်ပြီးတဲ့နောက် ဘယ်လို တရား ဟောရပါ့မလဲ' ဟု တွေးတော ပူပန်မိပြန်သည်။ ထိုနှစ်တွင် ဥစ္စာပစ္စည်း တိုးတက်ကြီးပွားလာသည်၊ စီးပွားဥစ္စာ တိုးတက်လျှင် လူ့ပျက်စီးတတ်ကြောင်း ဆင်ခြင်မိပြန်သည်။ ထိုစဉ်က မြင်းခြံနယ်တွင် ကပ်ရောဂါများ ကျရောက်နေချိန် ဖြစ်သည်။

မိမိ ဇာတာမှာလည်း စနေဂြိုဟ် အစီးအနင်း ကြုံနေသဖြင့် စနေဂြိုဟ်စီးလျှင် ပျက်စီးတတ်သည်ဟု ဟောပြောချက်များကိုလည်း ကြားဖူးနေသည်။ ထိုအခါ၌ 'ခုနေ ငါများ သေသွားရင် ကုသိုလ်တရား နည်းပြီး အကုသိုလ်များနေချိန် ဖြစ်ပါကလား' ဟု သေရမည်ကို အလွန်တရာ ကြောက်လန့်လျက် ရှိသည်။ (၁၂၈၁)ခုတပေါင်းလ၏ ညတစ်ညတွင် ဦးကျော်ဒင်သည် သေရမည်ကို



ကြောက်လန့် စိုးရိမ်လျက် အိပ်ပျော်သွားလေသည်။ ထိုစဉ်ဘုရားဆင်းတုတော် တစ်ဆူသည် မိမိ အိမ်ရှေ့ရှိ အလှူမဏ္ဍပ်သို့ကြွလာပြီး ပြုံးတော်မူသည်။ ဦးကျော်ဒင်က မရွှေရီ လက်မှဆွမ်းအုပ်ကို လှမ်းယူပြီး ဆွမ်းကပ်သည်။ ဘုရားဆင်းတုတော်က "ငါ ယခုသာ စကားပြောမယ်၊ နောက် မပြောတော့ဘူး" ဟု မိန့်ကြားကာ ပျောက်သွားသည်ဟု အိပ်မက် မြင်မက်လေသည်။

အိပ်ရာမှ လန့်နိုးသောအခါ၌ ရင်တဒိတ်ဒိတ် ခုန်ကာ သေရ မည်ကို ကြောက်လန့်စိုးရိမ်လျက် ရှိသည်။ ဇနီးဖြစ်သူ မရွှေရီကို လှုပ်နှိုးပြီး အိပ်မက်အကြောင်း ပြောကာ ဖခေယာင်းတိုင် တောင်းပြီး ဘုရားမီး ပူဇော်ရန် ရွာဦးစေတီတော်ရှိရာသို့ ထွက်သွားလေသည်။

ဘုရားစေတီတော် အရောက်တွင် သူငယ်ချင်းဖြစ်သူ ဗေဒင်ဆရာ ဦးချည်တိုင်နှင့် တွေ့လေသည်။ ဦးချည်တိုင်က "မင်းဘာလာလုပ်တာလဲ" ဟု မေးသည်။ "ငါ သေရမှာကြောက်လို့ ဘုရားမီး ပူဇော်ဖို့ လာတာပါ" ဟု ပြန်ဖြေသည်။ ဦးချည်တိုင်က ခုနှစ် သက္ကရာဇ်ကို မေးမြန်း တွက်ချက်ကြည့်ပြီး "ဒီနှစ် မင်းတို့အိမ်က ခြေနှစ်ချောင်း ထွက်ကိန်းရှိတယ်" ဟု ဟောလိုက်လေသည်။

ဦးကျော်ဒင်မှာ နဂိုကပင် သေရမည်ကို ကြောက်နေသူဖြစ်သဖြင့် "ဟာ–မပြောစမ်းပါနဲ့၊ နဂိုကမှ ကြောက်နေရတဲ့အထဲ"ဟု ပြောလိုက်လေသည်။ ထိုအခါ ဦးချည်တိုင်က "ငါ

ပြောတာ မဟုတ်ပါဘူး၊ ဗေဒင်က ပြောတာပါကွ” ဟု ပြန်ပြော လေသည်။

ဦးကျော်ခင်မှာ “သူငယ်ချင်းရယ်၊ ငါလဲ ဘုရားဝတ်တက် လိုက်စမ်းပါရစေ၊ နေ့တိုင်း ခေါ်စမ်းပါ” ဟု ပြောနေစဉ် သူငယ် ချင်းတစ်ဦးဖြစ်သူ ဦးစံတင်ပါ ဘုရားစေတီသို့ ရောက်လာပြန် သဖြင့် သူ့ကိုပါ ဘုရားဝတ်တက်လျှင် နေ့စဉ် ခေါ်ပါရန် ထပ်မံ မှာကြားပြန်လေသည်။

များမကြာမီ တစ်ညတွင် ဦးကျော်ခင်နှင့် ဦးစံတင်တို့သည် အိမ်ရှေ့ ကြမ်းပြင်ပေါ်တွင် စကားပြောရင်း အိပ်ပျော်သွားကြ သည်။ အချိန်မှာ ညဉ့်နက်ပြီဖြစ်သော်လည်း ကောင်းကင်တွင် လမင်းမှာ ထိန်ထိန်သာလျက် ရှိသည်။ ထိုသို့ အိပ်ပျော်နေစဉ် ဦးစံတင်က ရုတ်တရက် “သတ္တဝါတွေဟာ အလွန် သနားစရာ ကောင်းတယ်၊ သတ္တန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ်၊ ရောဂန္တရကပ်- ကပ်ကြီးသုံးပါး ဆိုက်နေပြီ၊ သတ္တဝါတွေဟာလဲ မျက်စိလည် လမ်းမှားပြီး လောဘ၊ ဒေါသ၊ မောဟ အမိုက်မှောင်ဖုံးလို့ ချောက်ကမ်းပါးကြီးထဲ ကျကုန်ကြပြီ၊ အလွန်သနားစရာကောင်း တယ်” ဟု ညည်းတွားလိုက်လေသည်။

ဦးကျော်ခင်က “မျက်စိလည် လမ်းမှားလို့ မောဟမိုက်မှောင် ချောက်ကမ်းပါးထဲတော့ ကျမှန်းတော့သိတယ်၊ ခုနေအခါများ လမ်းမှန်တွေ့လို့ ပြနိုင်သူရှိရင် လိုက်ချင်ပါတယ်ဗျာ” ဟု ပြော လိုက်သည်။



ထိုအခါ ဦးစံတင်က “လမ်းမှန်လိုက်ချင်ရင် မခက်ပါဘူး၊ လမ်းဆုံ လမ်းမ လမ်းလေးခွက စောင့်နေပါ၊ လမ်းမှန်ပြတတ်သူ ပေါ်လာပါလိမ့်မယ်” ဟု ပြောလိုက်သည်။

ဦးကျော်ခင်က စိတ်ထဲတွင် ထိုအဖြေကို ကောင်းစွာ နား လည်သဖြင့် ဦးစံတင်ကို ထပ်မံ မေးမြန်းလေသည်။ သို့သော် လည်း အဖြေမရသဖြင့် အိပ်မှုန်စုံမွှားနှင့် လှုပ်နှိုးပြီး မေးတော့ သည်။ ထိုအခါ ဦးစံတင်က “ကျုပ် ဘာပြောလို့တုံး”ဟု အိပ် ချင်မူးတူးနှင့် ပြန်မေးသည်။ ဦးကျော်ခင်က စောစောက သူ့ကို ပြောသော အကြောင်းများကို ရှင်းပြလိုက်သည်။

ဦးစံတင်က “ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာသုံးပါး ရှိသားပဲ” ဟု အားပေးစကား ပြောလိုက်လေ သည်။ ဦးကျော်ခင်၏စိတ်ထဲတွင် သေရမည်ကို အကြောက်ကြီး ကြောက်နေသဖြင့် ထိုဥပါဒါန်စိတ်ကြောင့် တကယ် ဘေးတွေ့ တော့မည်ဟုပင် ထင်မိလေသည်။ သူ၏စိတ်ကို တစ်နည်းတစ်ဖုံ ပြောင်းကုသမှသာ ဖြစ်တော့မည်ဟု ယုံကြည်လာသည်။ သူ ယခင် က အိပ်မက် မက်သကဲ့သို့ ပြုလုပ်ပြီး သူ့စိတ်ကို ဆေးကုချင်စိတ် ပေါက်လာသဖြင့် “ကျုပ် တစ်ခါတုန်းက အိပ်မက် မက်ခဲ့သလို ကျုပ် အိမ်ရှေ့မှာ မဏ္ဍပ်ထိုး၊ ဘုရားပင့်ပြီး ဝတ်တက်ဝတ်ကပ် ပြုရလျှင် ကျုပ် စိတ်ချမ်းသာမှာပဲ” ဟု ပြောလိုက်လေသည်။

ဦးစံတင်က “ခင်ဗျား သဘောရှိသလို ပြုလုပ်ပါ” ဟု ပြော သဖြင့် “နက်ဖြန် စောစော လာစမ်းပါဗျာ၊ မဏ္ဍပ် ထိုးကြ အောင်” ဟု ဦးကျော်ခင်က မှာလိုက်လေသည်။

နောက်တစ်နေ့ နံနက်တွင် အိမ်ရှေ့မှ လူစု မဏ္ဍပ်ထိုး ဘုရားပင့်ကာ ထားကြသည်။ ညအချိန်တွင် အနီးအနား ရပ်ရွာလူကြီးများ တွေ့ဆုံကာ စိတ်စေတသိက် စသည်တို့ ငြင်းခုံ ဆွေးနွေးကြကာ ဆူညံနေတော့သည်။ ကြွရောက်လာ သော ပရိသတ်များကိုလည်း ဇနီးဖြစ်သူ ဒေါ်ရွှေရီက ကွမ်းဆေး လက်ဖက်ဖြင့် ဧည့်ခံသည်။

သုံးရက်မြောက် ညတွင် စတီးဘရားသား စက်ဝင်းထဲ စာရေးကြီး ဦးဘစံ ဆိုသူမှာ ဦးကျော်ဒင်၏ မဏ္ဍပ်အတွင်းသို့ မပင့်မဖိတ်ဘဲ ရောက်လာသည်။ လယ်တီဆရာတော်ဘုရားကြီး ဝိပဿနာ အာနာပါန အကြောင်းကို ပြောပြ ဆွေးနွေး သည်။ ထိုအကြောင်းကို ဦးကျော်ဒင် ကြားလိုက်ရသောအခါ မူလက ပါရမီရှိခဲ့သူဖြစ်သဖြင့် ကြက်သီးတဖြန်းဖြန်း ထလာ တော့သည်။

ဦးကျော်ဒင် စိတ်ထဲတွင် ကြည်နူးနှစ်သိမ့်မှု ဖြစ်ပေါ်လာကာ ထိုတရားကို အားထုတ်လိုစိတ် ပေါက်လာသည်။ ဦးဘစံ ဆို မှာလည်း မည်သူမျှ မပင့်ဖိတ်ရဘဲ မဏ္ဍပ်သို့ရောက်လာပြီး ပြော လိုက်ခြင်းဖြစ်သဖြင့် ထူးဆန်းသောအကြောင်းတစ်ခု ရှိနေသည် ထင်မိသည်။ သူယခင်က အိပ်မက်ခဲ့သည့်အတိုင်း လမ်းဆုံလမ်း လမ်းလေးခွတွင် မဏ္ဍပ်ထိုးပြီး စောင့်နေခဲ့သည်။ ယခုအခါတွင် တရားပြမည့်သူတစ်ဦး ပေါက်လာပြီး လယ်တီဆရာတော်ဘုရား ကြီး၏ ဝိပဿနာ အာနာပါန အကြောင်းများကို ဟောပြော နေသည်ကို ကြားလိုက်ရသဖြင့် မိမိ မျှော်လင့်သည့်အတိုင်း ဖြစ် လာလေပြီဟု စိတ်ထဲတွင် တွေးမိသည်။



နောက်တစ်နေ့ညတွင် စာရေးကြီး ဦးဘစံ လာသောအခါ၌ ကျော်ဒင်က မဏ္ဍပ်အဝကစောင့်ပြီး "စာရေးကြီး ခင်ဗျား၊ င်ဗျားတို့ တရားအလုပ်ဟာ စာမတတ်ရင် ဖြစ်ပါ့မလား" ဟု းလိုက်တော့သည်။ ထိုအခါ ဦးဘစံက "အို-စာတတ်တာ တတ်တာ လိုရင်းမဟုတ်ပါဘူးဗျာ၊ သဒ္ဓါနဲ့ ဝီရိယသာ လိုရင်း " ဟု ဖြေလိုက်လေသည်။ ဦးကျော်ဒင်က ဆက်လက်ပြီး ါဖြင့် ဘယ်လိုလုပ်ရ၊ ကျင့်ရမလဲဗျ" ဟု ထပ်မေးသောအခါ ွက်သက်ဝင်သက် အာနာပါနပေါ့ဗျာ" ဟု ဖြေလိုက်ပြီး ဘစံ က မဏ္ဍပ်ထဲ ဝင်သွားလေသည်။

ဦးကျော်ဒင်မှာ မီးခဲပြာဖုံး ပါရမီရှင်တစ်ဦးသာ ဖြစ်သည်။ တစ်လုံးမျှ မတတ်သော်လည်း ဘဝက အကြောင်းကံပါရမီဆက် ာသော ထူးခြားဆန်းကြယ်သူတစ်ဦး ဖြစ်သည်။ စာပေကျမ်း ကို သေချာစွာ လေ့လာတတ်မြောက်ကြသော်လည်း ဘဝ ကြောင်းကံ ပါရမီဆက်မရှိလျှင် လက်တွေ့ ကျင့်ကြံ အားထုတ် ကို မပြုနိုင်ကြပေ။

ဆရာတော်ဘုရား အလောင်းအလျာဖြစ်သူ ဦးကျော်ဒင်မှာ သာအားရနှင့် ထိုနေ့ညက မဏ္ဍပ်ထဲတွင် ဆွေးနွေးနေကြ ာ တရားဝိုင်းသို့ မဝင်တော့ပေ။ အိမ်ဘေး အဖီထဲသို့ ပြီး ဂုန်နီအိတ် ပက်လက်ကုလားထိုင်ကြီးပေါ်တွင် ထိုင်ကာ င်တယ်၊ ထွက်တယ်' ဟူ၍ မှတ်ကာ ရှုရှိုက်နေရင်း အာနာပါန ာန်း အလုပ်ကို ဖွဲသန်သန်ဖြင့် အားထုတ်ကြည့်လေတော့ ည်။

အလွန် ထက်မြက်လှသော သဒ္ဓါဝီရိယနှင့် အားထုတ်ခဲ့ရ
တစ်နေ့တွင် မုချအောင်မြင်ရမည်ဟု သူ့စိတ်ထဲတွင် ယုံကြည်လျက်
ရှိသည်။ နဂိုက ပါရမီအခံ ရှိခဲ့သဖြင့်လည်း ထိုသို့ ကျင့်ကြ
အားထုတ်နိုင်ခြင်း ဖြစ်နိုင်လိမ့်မည်ဟု ခန့်မှန်းရသည်။ ထွက်လေ
ဝင်လေကို မှတ်ပြီး အာနာပါနကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်
နေစဉ် သူငယ်ချင်းဖြစ်သူ ဦးရွှေလုပ် ရောက်ရှိလာပြီး 'အသိ'ကို
လည်း လိုက်ရသေးကြောင်း သတိပေးလေသည်။ ဦးကျော်ဒင်က
"ဘယ်လို အသိလိုက်ရမှာလဲဗျ" ဟု ဆက်မေးသော အခါ
"ဘာကိုလုပ်လုပ် အသိစိတ်ဖြင့် လိုက်၍လုပ်ရန်" ရှင်းပြသည်
ထိုသို့ ပြုလုပ်ခြင်းအားဖြင့် ကုသိုလ်ရပါသည် ဟု လွယ်လွယ်
ဆက်ပြောလိုက်လေသည်။

အမှန်ဆိုရသော် ဦးကျော်ဒင်ကဲ့သို့ စာတစ်လုံးမှ မတတ်
တို့ကို စာပေကျမ်းဂန် အကိုးအကားများဖြင့် ရှင်းပြနေ၍လည်
နားလည်မည် မဟုတ်ပေ။ အာနာပါန တရားထိုင်သော အလု
နှင့် တွဲဖက်ပြီး လူမှုကိစ္စ လုပ်ရှားမှုများကို ဆောင်ရွက်ရင်း
အသိစိတ်ကို ယှဉ်၍ အားထုတ်သည်။ ပြောင်းရိုးစင်းရင်း၊ နွ
ကျောင်းရင်း၊ ထင်းခုတ်ရင်း အသိစိတ်နှင့် အမြဲယှဉ်၍ ဆော
ရွက်သည်။

စိတ်ကို တခြားတပါးသို့ ပျံ့လွင့်မှုမရှိစေအောင် အစွမ်းကု
ကြိုးစား အားထုတ်လေတော့သည်။ လမ်းလျှောက် လမ်းသွ
သောအခါ၌ပင် သတိကို ကပ်ပြီး လမ်းလျှောက်ရင်း လှုပ်
မှုကို မှတ်၍သွားသည်။ အာနာပါန ထွက်လေ ဝင်လေ



ရှုရှိက်သောအခါ၌လည်း နှာသီးဖျားတွင် တိုးသွားသော လေ အဟုန်ကို ထိသိစိတ်ဖြင့် ယှဉ်၍ ရှုရှိက်မှုပြုလေတော့သည်။

ဦးကျော်ဒင်သည် အိမ်တွင်ဖြစ်စေ၊ ယာခင်းထဲတွင် ဖြစ်စေ လူမှုကိစ္စများကို ဆောင်ရွက်ရင်း နေ့ညမပြတ် ထိုတရားကို ဆင်ခြင်မှတ်သား လေ့ကျင့်ပွား၍ အပြင်းအထန် အားထုတ်လေ တော့သည်။ တစ်ခါတစ်ရံ မောင်ရင်ပေါ် ချောက် တောထဲသို့ ညဉ့်အိပ်ညဉ့်နေ သွားကာ သဒ္ဓါဝီရိယ ထက်သန်စွာဖြင့် အာနာ ပါန ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်လေတော့သည်။ သမာဓိအား ကောင်းလာသောအခါ၌ အညို၊ အပြာ၊ အနီ၊ အရွှေ၊ အဖြူ၊ အမောင်း အစရှိသော အလင်းရောင်တန်းများကို မြင်တွေ့လာရ သည်။ မိမိ တရားအားထုတ်သဖြင့် မြတ်စွာဘုရား၏ရောင်ခြည် တော်များကို ဖူးမြင်ရလေတယ်ဟု ဝမ်းသာအားရဖြင့် ပိုမို ကြိုးစား အားထုတ်လေတော့သည်။

မကြာခင်တစ်ည တရားအားထုတ်နေစဉ် အလုံးကလေးတစ်ခု သည် မျက်နှာအနားတွင် လည်လျက် ပေါ်ပေါက်လာသည်ကို မြင်တွေ့ရလေသည်။ ထိုအလုံးကလေးမှာ မည်သည့်အရာဝတ္ထု များ ဖြစ်လေမည်လဲဟု အာရုံစိုက်လိုက်ရာ အလုံးကလေးမှာ အပေါ်သို့ တက်၍ တက်၍ သွားလေသည်။ ဦးကျော်ဒင်လည်း စိတ်အတွင်းမှ အလုံးကလေးနှင့်အတူ လိုက်၍ တက်သွားရာ တဖြည်းဖြည်း တိမ်များပေါ်သို့ ရောက်သွားလေသည်။ ထိုအခါ၌ သူ၏စိတ်ထဲတွင် 'အောင်မယ်၊ ငါ တယ်နေရာကျနေပါလား၊ တိမ်ပေါ်တောင် ရောက်နေပြီ'ဟု ဝမ်းသာအားရ ဖြစ်နေတော့ သည်။

နောက်တစ်နေ့တွင် ဆက်လက်၍ တရားအားထုတ်ပြန်ရာ ပိုးစုန်းကြူးလောက်ရှိသော အလုံးကလေးတစ်ခုသည် သူ၏ရှေ့တွင် တဖြတ်ဖြတ်နှင့် အရောင်တွေထွက်နေသည်ကို မြင်ရပြန်လေသည်။ ကြည့်လိုက်သောအခါ၌ အလုံးကလေးသည် အပေါ်သို့ တက်၍ သွားလေသည်။ ဦးကျော်ဒင်လည်း ထိုအရောင်လက်နေသော အလုံးကလေးနောက်သို့ စိတ်ဖြင့် လိုက်ကာ တက်သွားလေသည်။ ထိုအခါ၌ ဘုံဆောင် ပြာသာဒ်များကို အဆင့်ဆင့် မြင်တွေ့ရလေသည်။ ‘ငါသေရင် ဒီနေရာတွေကို ရောက်မှာပဲ’ ဟု စိတ်ထဲတွင် အောက်မေ့ပြီး သေရမည်ကို ကြောက်လန့်သော စိတ်များ တဖြည်းဖြည်း လျော့နည်းလာကာ အားတက်ဝမ်းသာ ကြည်နူးမှု ဖြစ်ပေါ်မိလေသည်။

ထိုကဲ့သို့ လေ့ကျင့်အားထုတ်ခဲ့ရာ သမာဓိအား ကောင်းလာပြီး စကားပြောသောအခါ၌လည်း သဘာဝအကျဆုံး အကြောင်းကိုသာ ပြောတော့သည်။ စကားနည်းပြီး မှန်ရာကိုသာ ပြောတတ်သဖြင့် ရပ်ရွာထဲ၌ လူသာမန်များနှင့် ပေါင်းသင်း၍ မရအောင် ဖြစ်လာသည်။ ထိုအခါ အရပ်ထဲကလူတွေက “ဦးကျော်ဒင် တစ်ယောက်တော့ ရူးပြီ” ဟု ပြောကြလေသည်။ အမှန်ဆိုရသော် ထူးခြားသော ပါရမီရှင်များမှာ ပထမဦးစွာ လူများစုက အရူး ဟု သတ်မှတ်ခြင်း ခံရသည်မှာ မဆန်းလှပေ။

ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီးများ၊ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ ဘာသာရေးခေါင်းဆောင်များ၏ ဘဝဖြစ်စဉ်များကို လေ့လာဖူးပါက ထိုကဲ့သို့သော ဖြစ်ရပ်များကို တွေ့ရမည်ပင် ဖြစ်သည်။ စွန်းလွန်း ဆရာတော်ဘုရားကြီးကဲ့သို့ ပါရမီရှင် သူတော်စင်



အလောင်းအလျာ တစ်ဦးကို အရူးဟု လူသာမန်များက သတ်မှတ်သည်မှာ မဆန်းလှပေ။

လူအများမှာ လူကောင်းကို သူခိုး ထင်တတ်ကြပြီး မိမိတို့၏ အဇ္ဈတ္တ သန္တာန်တွင် လောဘ၊ ဒေါသ၊ မောဟ တရားများ ဖုံးလွှမ်းနေသဖြင့် အမှန်ကို အမှန်ဟု မမြင်နိုင်။ အကောင်းကို အကောင်းဟု မမြင်နိုင်ကြပေ။ အကုသိုလ်စိတ် လှုံ့ဆော်ချက်ကြောင့် လူသာမန်များမှာ အမြင်ကြည်လင်မှု မရှိနိုင်ကြပေ။

ဦးကျော်ဒင်မှာ ‘ရူးတာ ကောင်းတယ်’ ဟု သဘောထားပြီး မည်သူ့ကိုမျှ စကားမပြောဘဲ နေလေသည်။ သူ၏စိတ်ထဲတွင် ‘ခေါ်သူ ပြောသူ မရှိတော့ စကားလည်း မပြောရသဖြင့် နေရာကျလိုက်လေခြင်း’ ဟု ယူဆကာ တရားထိုင်သော အလုပ်ကို နေ့ညမအား အဆက်မပြတ် အားထုတ်နေတော့သည်။

တရားအားထုတ်နေရင်း လူသတ္တဝါအများသည် စိတ်ပျံ့လွင့်ခြင်းနှင့် စိတ်၏ ဆွဲဆောင်မှု အာရုံများနောက်သို့ တကောက်ကောက် လိုက်၍သာနေကြောင်း တွေ့ရလေသည်။ အကုသိုလ်စိတ် များလှသော ရွာက လူတွေနှင့်လည်း စကား မပြောတော့ဘဲ တစ်ဦးတစ်ယောက်တည်း ဝစီနှုတ်ပိတ် ဆိတ်ဆိတ် နေကာ တရားကျင့်ခြင်း အလုပ်ကိုသာ အပြင်းအထန် ဆောင်ရွက်လေသည်။

တစ်ခါတစ်ရံ လူတစ်ဦးတစ်ယောက်ကို တွေ့၍ ‘မင်း ခုနစ်ရက်လောက် ကြာရင် သေတော့မယ်’ ဟု လွှတ်ခနဲ ပြောလိုက်မိလေသည်။ သတိပေးခံရသူမှာ ဦးကျော်ဒင် ပြောသည့်အတိုင်း

သေသွားတတ်လေသည်။ သူ၏ ပြောပြချက်များမှာ တစ်ခါမဟုတ်၊ နှစ်ခါမဟုတ် အမြဲ မှန်နေတတ်လေသည်။

တစ်ခါတစ်ရံ ဦးကျော်ဒင်က 'လူတွေရဲ့ ဗိုက်ထဲက အသည်းနှလုံးကစပြီး ကိုယ်အင်္ဂါအစိတ်အပိုင်းတွေကိုပါ မြင်နေရတယ်' ဟု ပြောလေသည်။ အောက်ကို ကြည့်လိုက်ပြန်လျှင်လည်း မြေသေကောင်ပုပ်မှာ လောက်တွေ တိုးဝှေ့နေသလို ငရဲသူ ငရဲသားများကို မြင်တွေ့ရကြောင်း ပြောပြတတ်လေသည်။ ရပ်သူရွာသားများမှာ ဦးကျော်ဒင် ပြောပြချက်များကို တအံ့တသြ ဖြစ်ကြလေသည်။ ဦးကျော်ဒင် ပြောပြချက်များမှာ မှန်နေတတ်သဖြင့် နွားပျောက်၊ ကျွဲပျောက်ကစပြီး လူမမာ ဓာတ်စာနှင့် ဆေးဝါး မှီဝဲရန်ကိစ္စများကိုပင် လာ၍ မေးတတ်ကြလေသည်။

ဦးကျော်ဒင်မှာ 'မဖြစ်ချည်ဘူး၊ ကြာရင် ငါတော့ ပျောက်ဗေဒင်ဆရာကြီး ဖြစ်တော့မှာပဲ' ဟု တွေးမိကာ လူသူကင်းဝေးသော မောင်ရင်ပေါ်ချောက် တောထဲသို့သွားပြီး တစ်ဦးတည်း တရားအားထုတ် နေထိုင်တတ်လေသည်။ စွန်းလွန်းဆရာတော်ဘုရားကြီး အဖြစ်သို့ ရောက်သောအခါ၌ 'လောကီဟာ အင်မတန် ကောင်းတာ၊ ငါ ကံကောင်းထောက်မလို့ ဟိုဘက် ကူးနိုင်တာ' ဟု အမိန့်ရှိတော်မူခဲ့ဖူးလေသည်။

ထိသိ သတိနဲ့ မပြတ် ရှုရှိက်ပြီး အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်ပါ များလာသောအခါ ခန္ဓာကိုယ်ပေါ်၌ ဝေဒနာများ ပေါ်လာသည်ကို တွေ့ရလေသည်။ ဝေဒနာပေါ်မှာ သတိ ကပ်ပြီး လိုက်ပါများလာသောအခါ၌ မိမိ ခန္ဓာကိုယ်ကို မှန်ထဲတွင် မြင်ရသလို ဉဒယဗ္ဗယဉာဏ် အမြင်သန်လာပြီး အူအသည်း



နှလုံး စသည်တို့ကို ရင်ခွဲပြသကဲ့သို့ သေချာစွာ မြင်ရလေသည်။

စွန်းလွန်း ဆရာတော်ဘုရားကြီး ဘဝတွင် "ခန္ဓာကိုယ်၏ ဖြစ်ခြင်း ပျက်ခြင်းဟာ အစိုဖြစ်ဖြစ်၊ အခြောက်ဖြစ်ဖြစ် အမျိုးမျိုး ဖြစ်တတ်ကြတယ်၊ နောက် ဆက်လက်ပြီး သဒ္ဓါဝီရိယ ဖွဲသန်သန်နဲ့ နေ့ညမပြတ် တရားအားထုတ်သွားရင် စိတ်၊ စေတသိက်၊ ရုပ်တို့၏ ဖြစ်ပျက်ခြင်းကို ပိုင်းပိုင်းခြားခြား မြင်ရလိမ့်မယ်၊ ဉဒယဗ္ဗယဉာဏ်ကျရာမှာ အကြမ်းစား၊ အလတ်စား၊ အနုစား သုံးမျိုးရှိတယ်၊ ကိုယ်တိုင်ကြိုးစား အားထုတ်ပါမှလဲ သိနိုင်လိမ့်မယ်" ဟု ဆရာတော်ဘုရားကြီးက မိန့်တော်မူခဲ့သည်။

* * *

## အခန်း ( ၆ )

# တရားထူးကို ရတော်မူခြင်း

ဦးကျော်ဒင်မှာ ထိုကဲ့သို့ အစဉ်တစိုက် အပြင်းအထန် တရားအားထုတ်ခဲ့ရာ (၁၂–၈–၂၀) ၁၂၈၂–ခု၊ ဝါဆိုလပြည့်ကျော် ၁၃–ရက်၊ ကြာသပတေးနေ့ ည ၁၀–နာရီအချိန်လောက်တွင် ပထမအကြိမ် တရားထူးကို ရလေသည်။ ဆက်လက်ပြီး တရားအားထုတ်ရာတွင် ဇနီးဖြစ်သူ ဒေါ်ရွှေရီက အိမ်အလုပ်ပျက်သည်ဟု ဆိုပြီး တရားအားထုတ်နေတုန်း စူဆောင့်၍ ဆူပူလေသည်။

တစ်ကြိမ်တွင် ခုတင်ပေါ်တွင် ဦးကျော်ဒင် တရားထိုင်နေစဉ် ဒေါ်ရွှေရီက ခုတင်ပေါ်မှ အတင်းတွန်းချပြီး ကြမ်းခင်းပြားများကို တစ်ချောင်းစီ အကုန် ဆွဲနုတ်လေသည်။ နောက်ဆုံး



ကြမ်းပြားတစ်ချောင်းမှ မကျန်တော့သော်လည်း ဦးကျော်ဒင်က မလှုပ်မယှက် ဆင့်ပေါ်တွင် တရားအားထုတ်နေလေသည်။

ထိုအခါ ဇနီးဖြစ်သူ ဒေါ်ရွှေရီမှာ လက်လျှော့ပြီး ကြမ်းပြားများကို ပြန်ခင်းပေးရလေသည်။

ဦးကျော်ဒင်က ဒေါ်ရွှေရီအား မည်သည့်အတွက်ကြောင့် နှောင့်ယှက်ရလဲဟု မေးရာ "ထရိုက်အောင် လုပ်တာပါ" ဟု ပြောလေသည်။ ဦးကျော်ဒင်က "မယ်မင်းကြီးမရယ်၊ မရိုက်ပါဘူး" ဟု ပြန်ပြောလိုက်လေသည်။ ထိုအခါ ဒေါ်ရွှေရီက ဦးကျော်ဒင်ကို "ဘာမှ အသုံးမကျဘူး၊ တေမိလိုပဲ ဒါလောက်တောင် တရားအားထုတ်ချင်ရင် ကျောင်းသွားပြီး ဘုန်းကြီးလုပ်ပါလား" စသည်ဖြင့် နေ့စဉ်ပင် မြည်တွန်တောက်တီးနေတော့သည်။

ထိုစဉ်က အခြေအနေ အရ ရဟန်းမဝတ်နိုင်သေးသဖြင့် ဦးကျော်ဒင်မှာ သည်းခံပြီး နေရလေသည်။ တစ်ကြိမ်တွင် ဦးကျော်ဒင် တရားအားထုတ်နေစဉ် ဒေါ်ရွှေရီသည် ချည်တိုင်က နွားမကို ကြိုးဖြေလွှတ်လိုက်ပြီး ဦးကျော်ဒင်အား နွားနောက်သို့ အတင်းလိုက်ခိုင်းလေသည်။ ထိုနွားမမှာ တွေ့သည့်လူတိုင်း ဝှေ့တတ်၍ အလွန်ဆိုးသော်လည်း ထိုအချိန်၌ မည်သူ့ကိုမျှ မဝှေ့ဘဲ ရပ်နေလေသည်။ ဒေါ်ရွှေရီမှာလည်း နွားမက ငြိမ်နေသဖြင့် အားမလိုအားမရဖြစ်ကာ ကြမ်းပြင်ကို ဆောင့်နင်း ဆူပူကြိမ်းမောင်းကာ အမျိုးမျိုး နှောင့်ယှက်လေသည်။

ဦးကျော်ဒင်မှာ နောက်ပိုင်းများ၌ ဘာကိုမျှ မဖြန့်တော့ဘဲ လျှော့သော လုံ့လ ဝီရိယဖြင့် တရားကိုသာ ကြိုးစားအားထုတ်

နေလေတော့သည်။ ဦးကျော်ခင်မှာ တရားအားထုတ်ရင်း သမာဓိအား ပိုမို ကောင်းလာကာ အာရုံနောက်သို့ လိုက်သော စိတ်များကို တဖြည်းဖြည်း ထိန်းချုပ်နိုင်လာသည်။ ဒေါသဖြစ်မည့်အစား သည်းခံနိုင်လာပြီး လောကီသာယာမှု ဟူသမျှကို တဖြည်းဖြည်း ဖြတ်တောက်နိုင်လာသည်။

ညတစ်ညတွင် သတိကပ်ပြီး တရားအားထုတ်နေစဉ် အိပ်ပျော်သွားလေသည်။ အိပ်မက်ထဲ၌ ဘူတာရုံတစ်ခုသို့ ရောက်သွားပြီး လက်မှတ်တစ်စောင်ဝယ်ရာ ရောင်းသူက လေးစောင် ပေးလိုက်သည်။ ရထားထွက်ခါနီး ဖြစ်နေသဖြင့် လက်မှတ်များကို အိတ်ထဲထည့်ကာ ရထားပေါ်တက်၍ လိုက်ပါသွားရလေသည်။ ထိုနောက် များမကြာမီ ယာတဲ၌ နွားတစ်ကောင် ပြေးလာသည်ကို လိုက်ဆွဲရာ အမြီးကိုဆွဲမိသဖြင့် အမြီးရင်းက ပြုတ်ပါလာသည်ဟု အိပ်မက် မြင်မက်ပြန်လေသည်။

ဦးကျော်ခင်က ရထားလက်မှတ် လေးစောင်ကို မဂ်လေးတန် ဖိုလ်လေးတန်ဟု ယူဆပြီး နွားမြီးပြတ်နေသည်ကို အပြတ်ကျင့်မည်ဟု မှတ်ယူ နိမိတ်ကောက်ပြီး တရားအားထုတ်ခြင်းလုပ်ငန်းကို အပြင်းအထန် ဆက်လက် အားထုတ်လေသည်။ (၁၁-၉-၂၀) (၁၂၈၂) ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃-ရက် စနေနေ့ ည ၁၀-နာရီ အချိန်လောက်တွင် ဒုတိယအကြိမ် တရားထူးကို ရတော်မူလေသည်။

တရားထူး နှစ်ကြိမ်ရပြီးနောက် ဦးကျော်ခင်မှာ အသိဉာဏ် ကြီးကျယ်လာပြီး ယခင်က မိမိ မသိသော သဘာဝအကြောင်း တရားများကို အလိုအလျောက် သဘောပေါက် ဝေဖန်နိုင်လာ



သည်။ သမာဓိအား ပိုမိုကောင်းလာသဖြင့် လူတစ်ဦး တစ်ယောက်၏ ရှေ့ဖြစ်ကို တပ်အပ်ပြောနိုင်လာသည်။ လူတစ်ဦးတစ်ယောက် နေမကောင်း၍ ရှင်ရေးသေရေးကိစ္စကို လာမေးပါက ဦးကျော်ခင်က သေမည်ဆိုပါက သေတတ်ပြီး၊ ရှင်မည်ဆိုပါက ရှင်တတ်လေသည်။

ရပ်သူရွာသားများမှာ ဦးကျော်ခင်နှင့် စကားမပြောရဲကြတော့ဘဲ ကြောက်လန့်လာကြသည်။ တရား အားထုတ်ခြင်း လုပ်ငန်းကို ကြိုးစားပြီး မလျှော့သောဇွဲဖြင့် ဆက်လက် အားထုတ်ရာ (၁၁-၁၀-၁၉၂၀) ၁၂၈၂-ခု တော်သလင်းလပြည့်ကျော် ၁၃-ရက် တနင်္လာနေ့ ည ၁၀-နာရီအချိန်တွင် တတိယအကြိမ် တရားထူးကို ရတော်မူပြန်လေသည်။

တစ်နေ့တွင် မောင်ရင်ပေါ် ချောက် တောထဲ၌ တရားထိုင်နေစဉ် မိမိရှေ့၌ မိုးကြိုးပစ်ချသည်ကို တွေ့ရသော်လည်း တုန်လှုပ်ထိတ်လန့်ခြင်း မရှိတော့ပေ။ ဦးကျော်ခင်၏စိတ်ထဲတွင် သတ္တဝါတွေမှာ စိတ်ဆွဲဆောင်ရာ အာရုံနောက်သို့သာ တကောက်ကောက် လိုက်နေကြသည်ကို တွေ့မြင်ရသဖြင့် လူတွေကြားထဲတွင်လည်း မနေလိုတော့ပေ။ ရဟန်းပြုလိုစိတ်ကသာ အစဉ် လွှမ်းမိုးလျက် ရှိသည်။

ရန်သူကို ရှာသောအခါ၌ လောဘ၊ ဒေါသ၊ မောဟ၊ မာန ဆိုသော တရားများကို သိမြင်လာရသည်။ လောဘ၊ ဒေါသ၊ မောဟ၊ မာနများကို စိစစ်လိုက်သောအခါ၌ ဒုက္ခအပေးဆုံး တရားမှာ လောဘ ဖြစ်သည်။ လောဘသည် အဓိက ရန်သူ ဖြစ်ပြီး သူ့ကိုသတ်ရန်အတွက် စိတ်အာရုံကို ထိသိ အပေါ်တွင်

သတိထားပြီး တင်လိုက်ပါများသောအခါ၌ လောဘတရားမှာ တဖြည်းဖြည်း အားနည်းသွားကြောင်း တွေ့ရသည်။ နောက်ဆုံး၌ မိမိရန်သူမှာ မည်သူများ ကျန်သေးသလဲဟု ထပ်ပြီး လိုက်ရှာလိုက်သောအခါ၌ အနီးကပ်ဆုံးဖြစ်သော ဇနီး သားမယားနှင့် ဥစ္စာပစ္စည်းများ ဖြစ်သည်ကို သိရှိရပြန်လေသည်။

ကျိုးကြောင်းဆက်စပ် တွေးခေါ်လိုက်သောအခါ၌ ဘဝသံသရာတစ်ခုလုံးကို ကြွေးမရှင်းခဲ့မိသဖြင့်သာ ထိုသို့ ဖြစ်ပေါ်ရသည်။ သို့အတွက် ဇနီးဖြစ်သူအား "မင်းနဲ့ငါဟာ ဘဝကရေစက်ဆုံလို့ တွေ့ကြုံခဲ့ရတယ်၊ ငါ့ကြွေးကိုလဲ မင်းတို့ မဆပ်ပါနဲ့၊ မင်းတို့ကြွေးကိုလဲ ငါ မဆပ်ပါရစေနဲ့တော့" ဟု တောင်းပန်ပြောဆိုသည်။ "ကနေ့ကစပြီး မင်းနှင့် ငါဟာ မောင်နှမအရင်းလို အောက်မေ့ပြီး နေပါရစေ၊ ငါ့ကိုလဲ ရဟန်းပြုခွင့်ပေးပါ" ဟု ခွင့်တောင်းလိုက်တော့သည်။ ထိုအခါ ဒေါ်ရွှေရီက "ကျွန်မအပေါ် ရှင်ရှိတဲ့ ကြွေးတွေလဲ မဆပ်ပါနဲ့၊ ဦးကျော်ဒင်လည်း ဘယ်မှ မသွားဘဲ ရဟန်းလဲ မခံပါနဲ့၊ အိမ်ဦးခန်းမှာနေပြီး မောင်ကြီးအရာထားကာ ဝတ်ကြီးဝတ်ငယ် ပြုစုပါရစေ" ဟု တောင်းဆိုလေသည်။

ဒေါ်ရွှေရီက ဆက်လက်ပြီး လောကမှာ "ရှောင်ရှိမှ ဆံထုံးတင့်တယ်၊ ဆံထုံးရှိမှ ရှောင်တင့်တယ် ဆိုသော စကားကဲ့သို့ မိန်းမတို့မှာ အုပ်ထိန်းမှု မရှိပါက သူတကာတွေက အမျိုးမျိုး ပြောဆို နှိပ်စက်ပါလိမ့်မယ်" ဟု ရှင်းပြလေသည်။ အမှန်ဆိုရသော် ဦးကျော်ဒင် အိမ်မှ ထွက်မသွားအောင် ပရိယာယ်ဖြင့် ဆွယ်ခြင်း ဖြစ်ပေသည်။ ဦးကျော်ဒင် စိတ်ထဲတွင် သားမယားက



ခွင့်ပြုမှ သာသနာ့ဘောင်ဝင်နိုင်သည်ဟု ထင်မိသဖြင့် သာသနာ့ဘောင် မဝင်ရတော့ဘူး ဟု ထင်ပြီး အကြီးအကျယ် စိတ်ဆင်းရဲခဲ့ရလေသည်။

လူ့ဘဝတွင် အသက်ရှင် နေထိုင်နိုင်မှုနှင့် စားဝတ်နေရေးအတွက် ရန်းကန်လှုပ်ရှားရာတွင် အပြစ်ကင်းသော အလုပ်ကို ရှာ၍မတွေ့သဖြင့် အကြံရခက်နေလေသည်။ ရဟန်းခံဖို့ကလည်း မဖြစ်နိုင်တော့သဖြင့် အရူးလုပ်နေရန် စိတ်ကူးမိသည်။ ဂုန်နီအိတ်တစ်ထည်ကို နှစ်ဖက်ဖောက်ပြီး အလယ်ကလည်း တစ်ပေါက်ဖောက်ကာ ခေါင်းလျှိုဝတ်၍ ခွက်တစ်လုံး ကိုင်ကာ အိမ်စဉ်လျှောက် တောင်းစားပြီး အရူးကြီးလိုနေကာ တရားဆက်ကျင့်ရန် စိတ်ကူးမိသည်၊ ထိုအကြံမှာလည်း ရုတ်တရက် မဖြစ်နိုင်သေးသဖြင့် မည်သို့ လုပ်ရမည်မသိ အလွန်တရာ စိတ်ဒုက္ခရောက်လျက်ရှိသည်။

လူတွေနှင့် ဆက်လက်နေလိုစိတ် မရှိတော့သဖြင့် စိတ်ဆင်းရဲလျက် စားမဝင် အိပ်မပျော် အင်အားကုန်ခန်းကာ မိမိကိုယ်ကို သတော့မည်ဟုပင် ထင်မြင်မိလာသည်။ အိမ်နီးနားချင်းများမှာ ဦးကျော်ဒင်၏အဖြစ်ကိုမြင်ပြီး သနားလာကြသဖြင့် ဒေါ်ရွှေရီအား ရဟန်းခံခွင့်ပြုလိုက်ပါရန် ဝိုင်းဝန်းတောင်းပန် ပြောဆိုကြသည်။ ဦးကျော်ဒင်မှာလည်း ရဟန်းခံချင်သောစိတ်ဖြင့် မစားနိုင် မသောက်နိုင်ဖြစ်ကာ ပိန်ချုံးချည့်နဲ့ လာလေတော့သည်။ ဒေါ်ရွှေရီ၏စိတ်ထဲတွင် ခင်ပွန်းဖြစ်သူအား သူ့မျက်စိအောက်တွင် ရဟန်းအဖြစ် မတွေ့လိုပေ။ ရဟန်းမပြုရသဖြင့် စိတ်ဆင်းရဲပြီး

မစားနိုင် မသောက်နိုင် သေသွားတာကပင် ကောင်းလိမ့်မည်ဟု ထင်နေမိသည်။

အိမ်နီးနားချင်းများမှာ ဦးကျော်ဒင်နှင့် ဒေါ်ရွှေရီတို့၏ အဖြစ်ကို လုံးဝဥဿုံ သိနေကြသဖြင့် ဦးကျော်ဒင်အား သနားလာကြသည်။ ဒေါ်ရွှေရီကို ဦးကျော်ဒင် စိတ်ချမ်းသာစေရန် ဆယ့်လေးငါးရက်လောက်ဖြစ်ဖြစ် ရဟန်းပြုခွင့်ပေးလိုက်ပါရန် ဝိုင်းဝန်းနားချကြသည်။ ဦးကျော်ဒင်ကလည်း ဆယ့်လေးငါးရက် ရဟန်းပြု၍မှ မပျော်လျှင် ပြန်လာခဲ့ပါမည်ဟု ဒေါ်ရွှေရီကို ပြောပြသည်။

ရဟန်းမခံမီ ယာထဲတွင် ပဲကြဲပေးခဲ့ပါဦးဟု ဒေါ်ရွှေရီက တောင်းပန်သဖြင့် ၁၂၈၂–ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် ၅–ရက်နေ့တွင် ပဲကြဲရန် နွားတစ်ရှဉ်းနှင့် ယာထဲသို့ ဆင်းရပြန်သည်။ ယာထဲသို့ ရောက်သောအခါ ထွန်ပေါ်တက်ပြီး နွားနှစ်ကောင်ကို ငေါက်၍ နှင်လေသည်။ ထိုစဉ် နွားနှစ်ကောင်မှာ ဦးကျော်ဒင်အား လှည့်ကြည့်၍ မသွားဘဲ ရပ်နေကြလေသည်။

နွားများ ရပ်နေသည်ကိုကြည့်၍ ဦးကျော်ဒင်က စဉ်းစားမိသည်မှာ နွားများသည် ယခင်က ထွန်ပေါ်တက်လိုက်ပါက ဟဲ့လို့တောင် မငေါက်ရဘဲ သူ့ထက်ငါ သာအောင် ရုန်းကြလေသည်။ ယခုအခါတွင်မူ နွားနှစ်ကောင်ကပင် မိမိကို သတိပေးနှင်နေသကဲ့သို့ ဖြစ်နေလေပြီဟု တွေးမိသည်။

ဦးကျော်ဒင်မှာ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာ ချလိုက်လေသည်။ စိတ်ကိုတင်းပြီး ထွန်ပေါ်က ဆင်းကာ ထွန်ကလန့်ကို ဖြုတ်ချ၊ ထွန်ကိုင်းကို ကိုင်ကာ ထွန်တုံးကို ထောင်ပြီး နွားနှစ်



ကောင်ကို ကြိုးဖြတ်ကာ လွှတ်လိုက်လေသည်။ နွားများကိုလည်း 'ဖေ့သားကြီးတို့၊ မင်းတို့ကို ဒီနေ့ကစပြီး ငါ ဘေးမဲ့ပေးလိုက်ပြီ' ဟု ပြောလိုက်လေသည်။

ရွာဦးရှိ ဘုန်းကြီး ဦးကျောက် ကျောင်းသို့ ရေးရှု ထွက်ခွာသွားရာ လမ်းတွင် ဒေါ်တင်ဆိုသူနှင့် တွေ့လေသည်။ သာမဏေဝတ်ရန် သွားကြောင်း သိရသဖြင့် ဒေါ်တင်က ကေသီနွမ်းအလေးတစ်ထည်ကို အမြန်ရှာ၍ ပေးလိုက်လေသည်။ ဘုန်းတော်ကြီးကျောင်း ရောက်သောအခါ၌ ဘုန်းကြီး ဦးကျောက် ခေါ်ဦးဝိရိယက သင်းပိုင်တစ်ထည် စွန့်ပြီး ရှင်ကဝိ ဆိုသော ဘွဲ့အပ်ကာ ရှင်သာမဏေအဖြစ် ချီးမြှင့်ပေးလိုက်လေသည်။ ထွန်တုံးကို ထောင်၍ စ,ပြီး ထွက်ခဲ့သည်ကို အကြောင်းပြု၍ 'ထွန်ထောင်ကိုယ်တော်' ဟု ခေါ်ဝေါ်သမုတ်ကြသည်။

ရှင်ကဝိသည် သာမဏေဖြစ်သည်နှင့် တစ်ပြိုင်နက် စွန့်လွှန်းရွာ တောင်ဘက် မောင်ရင်ပေါ်ချောက်သို့ တစ်ပါးတည်းသွားကာ တရား အားထုတ်နေလေသည်။ သင်္ကန်းဝတ်သွားပြီး ၅–ရက်ခန့် အကြာတွင် ကျောင်းဘေးနား၌ မှိုကြီးတစ်ပွင့် ပေါက်နေသည်ကို တွေ့မြင်၍ ဆွဲနုတ်လိုက်ရာ မှိုငုံကလေးများပါ တစ်အုံလုံး ပါလာသည်။ သံသရာဝဋ်ဒုက္ခမှ ကျွတ်လွှတ်တော့မည့် အတိတ်နိမိတ်ဟု ယူဆပြီး တရားအားထုတ်ခြင်း လုပ်ငန်းကို အပြင်းအထန်ကြိုးစား အားထုတ်လေတော့သည်။

(၁၂၈၂)ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၁၃)ရက်၊ အင်္ဂါနေ့ည ဆယ်နာရီအချိန်လောက်တွင် တိတ်ဆိတ် ငြိမ်သက်စွာ

တရားထိုင်နေလေသည်။ ထိုစဉ် ဝိဝိဝိဝိ ဟု အသံကြားပြီး ဓောင်းတန်းကြီးတစ်ခုကို မြင်လာရသည်။ ရထားပျံတစ်စင်း အလွန် အရှိန်ပြင်းစွာနှင့် မိမိထံသို့ တည့်တည့်ကြီး လာနေသည်ကို တွေ့ရလေသည်။ ရှင်ကဝိမှာ ထိုမြင်ကွင်းကို ဂရုမစိုက်ဘဲ တရားကိုသာ အားထုတ်မြဲ အားထုတ်နေလေသည်။ ထိုစဉ် ခန္ဓာကိုယ်ကြီးမှာ ပေါ့ပါးလာ၍ အထက်သို့မြောက်သွားပြီး ငြိမ့်ခနဲ ဖြစ်သွားကာ ရထားပျံက မိမိအောက်သို့ ရောက်ရှိနေလေသည်။ ဘေးသို့ ကြည့်လိုက်ရာ ထောင့်လေးထောင့်တွင် သာသနာစောင့်နတ်မင်းကြီး လေးပါးကို တွေ့ရပြီး သိကြားမင်းကို လက်ယာဘက်တွင် မြင်ရလေသည်။

ရှင်ကဝိ စိတ်ထဲတွင် တရားထူးရတော့မည် ဖြစ်သည့်အတွက် အစောင့်အရှောက်များ ရောက်လာသည်ဟု ထင်မိကာ ဣရိယာပုထ်ကို မပြင်ဘဲ တရားကို ဆက်လက် အားထုတ်မြဲ အားထုတ်လျက်နေသည်။ ထိုအချိန်တွင် စတုတ္ထအကြိမ် တရားထူးကို တွေ့ရလေသည်။ ရှင်ကဝိသည် မိမိကိစ္စပြီးသဖြင့် သတိရ၍ ကြည့်လိုက်သောအခါ၌ သိကြားမင်းနှင့်တကွ နတ်မင်းကြီးလေးပါးနှင့် ရထားပျံပါ ပျောက်ကွယ်လေတော့သည်။

ထိုကဲ့သို့ စတုတ္ထမဂ်ကို ရရှိပြီးသည့်နောက်တွင် အထက်ဘဝဂ်၊ အောက်အဝီစိတိုင်အောင် ဟင်းလင်းဖြစ်ကာ အကုန်အစင် မြင်ရလေသည်။ သိကြားမင်းနှင့် နတ်ကြီးလေးပါးတို့လည်း နတ်ပြည်သို့ ပြန်သွားကြပြီး လူ့ပြည်တွင် ရဟန္တာတစ်ပါး ပေါ်ထွန်းနေပြီ၊ သွားဖူးကြဟု တစ်ခဲနက် ကြွေးကြော်နေသည်ကို တွေ့မြင်ရလေသည်။



ထို့နောက် အနီးဆုံးဖြစ်သော သတ္တဝါအမျိုးမျိုးကို မြင်တွေ့ရပြီး ဘုမ္မစိုး၊ ရုက္ခစိုး နတ်တွေနှင့်တကွ အထက် နတ်ဗြဟ္မာများ ဖူးမြော်လာကြသည်ကို ကြည့်၍ မဆုံးအောင် မြင်ရလေသည်။ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက တည်းဟူသော လောကသုံးပါးကို တွေ့မြင်ရလေသည်။ သတ္တဝါတွေ ဖြစ်ပေါ်လျက်ရှိသော သတ္တလောက၊ သတ္တဝါများကို ပြုပြင်ဖန်တီးပေးနေသော သင်္ခါရလောက၊ သတ္တဝါတွေ၏ တည်ရာမှီရာ ဘုံဗိမာန်ဖြစ်သော ဩကာသလောက စသည်ဖြင့် လောကသုံးပါးကို မြင်ရလေသည်။

အတွင်းလောက သုံးပါးဖြစ်သော စိတ်၊ စေတသိက်၊ ရုပ်ဆိုသော တရားသုံးပါးကိုလည်း ပိုင်းပိုင်းခြားခြား သိမြင်လာသည်။ ဘုရားရှင်တို့၏ဂုဏ်တော်၊ တရားတော်များကိုလည်း သိမြင်လာရလေသည်။ အမှန်ဆိုရသော် ရှင်ကဝိမှာ မဂ်ဆိုက် ဖိုလ်ဆိုက် အမြင်ပေါက်နေပြီဖြစ်သော ပုဂ္ဂိုလ်ထူး တစ်ပါး ဖြစ်သွားခဲ့လေပြီ။ မိမိဘဝကို ပြန်၍ စဉ်းစားလိုက်သောအခါ၌လည်း တိရစ္ဆာန်ဘဝ၊ လူ့ဘဝ အမျိုးမျိုး ဖြစ်ခဲ့ရသည့် ဘဝသံသရာများကို ပြန်၍ မြင်ယောင်လာသည်။

ရှင်ကဝိ သာမဏေပြုပြီး လုံးလခန့်အကြာတွင် မိတ္ထီလာမြို့ ရေလယ်တိုက် ဆရာတော်သည် ထိုညတွင် ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်တော်မူသည်။ ဆင်ဖြူတော်နှစ်စီး ကောင်းကင်မှ ပျံလာပြီး ကျောင်းဝင်းထဲသို့ ဝင်လာသည်ဟု မြင်မက်လေသည်။ များမကြာမီ မြင်းခြံမြို့မှ ဦးဖြူးသာနှင့် စတီးဘရားသား

ကုမ္ပဏီ စာရေးကြီး ဦးဘစံတို့နှစ်ဦး ဆရာတော်ကျောင်းသို့ ရောက်လာကြသည်။ စွန်းလွန်းရွာအနီး မောင်ရင်ပေါ်ချောက်မှာ အလွန်ထူးတဲ့ ကိုရင်ကြီးနှစ်ပါး ပေါ်နေပြီး အရိယာအဖြစ်သို့ ရောက်ရှိနေသော်လည်း စာတောင် မတတ်ရှာကြဘူးဟု လျှောက်ထားလေသည်။

ဆရာတော်က အရိယာ ဖြစ်လျှင် ပညတ်နှင့် ပရမတ်တို့ သဘာဝတို့ကို သိရလိမ့်မည်ဟု မိန့်တော်မူပြီး အပင့်ခိုင်းလိုက်လေသည်။ မိတ္ထီလာမြို့ ရေလယ်ကျောင်းတိုက်သို့ ရှင်ကဝိနှင့် ရှင်ဝိဇယတို့ ရောက်ရှိလာသောအခါ၌ ဆရာတော်က သာမဏေနှစ်ပါး ရရှိသော တရားထူးများကို ကျမ်းဂန်များနှင့် တိုက်ဆိုင်ပြီး စုံစမ်းစစ်ဆေး မေးမြန်းကြည့်သည်။ ရှင်ကဝိမှာ ရဟန်းကိစ္စပြီးစီးကြောင်းကို ရေလယ်ဆရာတော်က ကောင်းစွာသိရှိ ယုံကြည်တော်မူလေသည်။

ရေလယ်ဆရာတော်က ရှင်ကဝိအား ကသိုဏ်းပွားများနည်းများကို ကျမ်းဂန်အတိုင်း ညွှန်ပြပြီး ပွားများခိုင်းရာ တစ်နေ့တည်းဖြင့် ကသိုဏ်း-၁၀ ပါးကို ပွားများပြီး တွေ့ရသည့်အချက်များကို လျှောက်ထားနိုင်လေသည်။ နောက်တစ်နေ့ညတွင် ရှင်ကဝိသည် "ဉာဏဒဿနံ ဝိဝိဓံ" ဟု မေးသံတစ်ခုကို ကြားလိုက်ရသည်။ 'ဉာဏ' ဆိုသည်မှာ ဉာဏ်၊ 'ဝိဝိဓံ' ဆိုသည်မှာ အထူးထူးအပြားပြား ဟု ဖြေလိုက်လေသည်။ မေးသောအသံက သာဓု ခေါ်ပြီး ပျောက်သွားလေသည်။ ထိုကဲ့သို့ပင် ရှင်ကဝိ ဘဝမှာ ထူးခြား၍ အံ့ဩဖွယ်ရာ ကောင်းလှပေသည်။



ရှင်ကဝိသည် တစ်ညတွင် တရားထိုင်နေစဉ် "အာယုသင်္ခါရ လွှတ်ပါ" ဟု ဆိုသောအသံကို ကြားလိုက်ရလေသည်။ ရှင်ကဝိက "မလွှတ်ဖူးဟယ်" ဟု ပြောလိုက်သောအခါမှ အသံမှာ ပျောက်သွားလေသည်။ နံနက်မိုးလင်းသော် မိတ္ထီလာရေလယ်ဆရာတော်ကို လျှောက်ထားရာ ဆရာတော်က "ရှင်ကဝိ အာယုသင်္ခါရ လွှတ်လိုက်သလား" ဟု မေးမြန်းရာ "မလွှတ်ပါဘုရား" ဟု ပြန်လျှောက်ထားသည်။

ဆရာတော်က "မလွှတ်လိုက်နဲ့ ရှင်ကဝိ၊ သူတို့ မနေသေးဘူး၊ လာလိမ့်ဦးမယ်၊ သတိထားနေ"ဟု သတိပေးလိုက်လေသည်။ ...က်များမကြာမီ တစ်စုံတစ်ဦးက ကိုယ်ထင်ပြပြီး "အရှင်ဘုရား၊ ...စွာလေးပါး တရားကို မဟောပါနဲ့" ဟု လျှောက်လေရာ ...င်ကဝိက "ဟောမှာယ်" ဟု ပြန်ဖြေလိုက်လေသည်။ ထိုအခါ အသံရှင်က "ကိုယ်တော်၊ ပြောတာ မရဘူးလား" ဟု ပြန်လျှောက်...သည်။ ရှင်ကဝိက မေတ္တာပို့မှ ဖြစ်တော့မည်ဟု ယုံကြည်သည့်အလျောက် ဩဒိသမေတ္တာ ပို့တော်မူသည်။ "ငါပို့တဲ့ မေတ္တာ ရဘူးလား"ဟု မေးရာ အသံရှင်က "ရပါတယ်ဘုရား" ဟု ပြန်လျှောက်ပြီး ဝမ်းနည်းသံဖြင့် "ဟယ်-သတ္တဝါတွေတော့ ကျွတ်...န်တော့မှာပဲ"ဟု ပြောကာ ပျောက်ကွယ်သွားလေသည်။

နံနက်မိုးလင်းသောအခါ ရေလယ်ဆရာတော်ကို ရှင်ကဝိက ...ကျိုးအကြောင်း ရှင်းလင်း လျှောက်ထားသည်။ ဆရာတော်က ...င်ကဝိကို သူ၏ဉာဏ်စဉ်ဖြင့် လိုက်ကြည့်ခိုင်းရာ "မာရ်နတ်သား ...တော့ မဟုတ်ပါဘူး၊ သူ့အခြွေအရံထဲကပါ ဘုရား" ဟု ...လည်း လျှောက်ထားလေသည်။

ရက်များမကြာမီ ညအချိန် ရှင်ကဝိ တရားထိုင်နေစဉ် ပန်းအနီကို ပန်ဆျက် မိန်းကလေးနှစ်ဦး ရောက်လာကြပြန်ရာ ရှင်ကဝိက "ဘာလို့ လာရသလဲ"ဟု ကြိမ်းမောင်းလွှတ်လိုက်မှ ထွက်ခွာသွားကြောင်း သိရလေသည်။ ရေလယ်ဆရာတော်မှာ ရှင်ကဝိ၏ ပညာဉာဏ်အမြင်နှင့် အတွေ့အကြုံများကို လက်တွေ့ သိရှိရသောအခါ၌ အထူးလေးစားမှု ဖြစ်ပေါ်လာရသည်။

မိတ္ထီလာတောင် ကန်အရှေ့ဘက် ကန်ပေါင်ရိုးပေါ်တွင် ရွှေသင်္ကန်း ကပ်လှူထားသော ရွှေမြင်တင် စေတီတော်ကြီးတစ်ဆူ ရှိသည်။ သီပေါဘုရင် ပါတော်မူစဉ်က မြန်မာ့မျိုးချစ် နယ်ချဲ့ တော်လှန်ရေး ခေါင်းဆောင်များသည် အင်္ဂလိပ်တို့အား ခုခံ တိုက်ခိုက်ခဲ့ကြသည်။ ထိုစဉ်က ဘုရားစေတီတော် အထက်ပိုင်း တစ်ဝက်တွင် အင်္ဂလိပ် စစ်တပ်များက မှန်ပြ၊ မီးပြ၊ အချက်ပြ မျှော်စင် အဖြစ် အသုံးပြုသဖြင့် စေတီတော်ကြီးမှာ ပျက်စီး ယိုယွင်းလျက် ရှိသည်။

တစ်နေ့တွင် ရေလယ်ဆရာတော်က ရှင်ကဝိကို ထိုဘုရားပျက် စေတီတော်ကြီးကို ပြင်ဆင်မည့်သူ ရှိပါဦးမည်လားဟု မေးမြန်း အကြည့်ခိုင်းသည်။ ရှင်ကဝိက "ရှိပါသည်" ဟု ဖြေပြီး ထိုသူမှာ လှူဒါယကာဖြစ်ပြီး ယခုအချိန်၌ တိုက်ရှေ့တွင် လမ်းလျှောက် နေ၍ ဝတ်ထားသော ပုဆိုးအဆင်ကိုပင် ပြောပြနိုင်သည်။ ဆရာတော်က လူလွှတ် အကြည့်ခိုင်းပြီး အမည်နာမနှင့်တကွ မှတ်သားထားခိုင်းသည်။ နောင်အခါ၌ ထိုဘုရားကို ပြင်ဆင် ရာတွင် အလှူ့ဒါယကာ အဖြစ် ရှင်ကဝိ ပြောထားသော မိတ္ထီလာ မြို့မှ သူဌေး ဦးကျော်ဇောနှင့် ဒေါ်ရွှေးတို့ ဖြစ်ကြပေသည်။



ရှင်ကဝိ၏ ဉာဏ်စဉ်တွင် မြင်သော အမြင်များမှာ ထိုမျှပင် မှန်ကန်လျက်ရှိသည်။ စာရေးသူမှာ ထိုအကြောင်းဖြစ်ရပ်များကို စဉ်းစားမိပြီး စိတ်ထဲတွင် ပါရမီရှင် သူတော်ကောင်း ပုဂ္ဂိုလ် တို့၏ ဘဝဖြစ်စဉ်များမှာ လူသာမန်တို့နှင့်မတူ တမူထူးခြား လျက်ရှိကြောင်း စဉ်းစားဆင်ခြင်မိသည်။ မိတ္ထီလာ ရေလယ် ဆရာတော်မှာလည်း ထိုခေတ်က နာမည်ကျော်ကြား စာပေ ကျမ်းဂန် တတ်သော ပုဂ္ဂိုလ်ကျော်တစ်ပါး ဖြစ်သည်။

စာရေးသူမှာ ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်မှ ဖြစ်ရပ် အချို့ကို စဉ်းစားမိရင်း ထိုနေ့က ဤအကြောင်းများကို တစ်နေ့ တွင် ပြန်လည်ရေးသား ဖော်ပြလိုစိတ် ပေါ်ခဲ့ပါသည်။ ဖြစ်ရပ် များမှာ ဆန်းကြယ်လှပြီး သဘာဝလွန် ဖြစ်ရပ်တစ်ချို့ကိုလည်း တွေ့ရမည် ဖြစ်သည်။ အချို့ ပုဂ္ဂိုလ်များက ယုံချင်မှ ယုံပေလိမ့် မည်။ သိပ္ပံပညာနှင့် တိုင်းတာ၍မရနိုင်သော စိတ္တဗေဒပညာလွန် ကယ်ပယ်မှ ဖြစ်ရပ်များဖြစ်သည်၊ ဘဝသံသရာကို ယုံကြည်ခြင်း နှင့် ကံ-ကံ၏ အကျိုးဆက်တရားများကို ယုံကြည်သော ဗုဒ္ဓ ဘာသာဝင်တစ်ဦး ဖြစ်သဖြင့် စာရေးသူက ယုံကြည်သည်။ ထို ဖြစ်ရပ်များမှာ ဘုရားဟော ဒေသနာနှင့်လည်း ဆန့်ကျင်မှု မရှိပေ။

ရုပ်ကြမ်း ဝါဒသမားများက ဆိုရှယ်လစ် ဝါဒီများသည် ဘာသာရေးခံယူချက် မရှိရဟု တစ်ချိန်က ကြွေးကြော်ရေးသား ကြသည်။ အချိန်ကြာလာသောအခါ ထိုသူများပင် ဘာသာ ရေး ယုံကြည်မှုဘက်သို့ ခုန်ကူးလာကြကြောင်း တွေ့နေရသည်။ စာရေးသူတို့ငယ်ငယ်က ဆိုရှယ်လစ်စနစ်ကို သမာသမဂ္ဂ စနစ်ဟု

ခေါ်သည်။ သမာ၊ ကောင်းသော။ သမဂ္ဂ၊ စုပေါင်းဖွဲ့စည်းထား ခြင်းဟု ဆိုသည်။ “သမာ သမဂ္ဂ” စနစ်မှာ အများကောင်းကျိုး အတွက် ကောင်းစွာ စုပေါင်းလုပ်ဆောင်ကြခြင်း သဘောကို ဆောင်နေပေသည်။

ဘာသာရေး ယုံကြည်ချက် ရှိသော်လည်း ဆိုရှယ်လစ်စနစ် ကိုမူ ငယ်ငယ်ကပင် ‘ယုံကြည်မှု ရှိခဲ့ပေသည်။ အများကောင်းကျိုး အတွက် စုပေါင်းလုပ်ဆောင်ခြင်း စနစ်မှာ ဘာသာရေး အယူ ဝါဒနှင့်လည်း ဆန့်ကျင်မှု မရှိပေ။ ထိုစနစ်ကို မကောင်းဘူး ဟု ပြောနိုင်သူများမှာ ဤကမ္ဘာ၌ တစ်ကိုယ်ကောင်း သမားများ၊ ဖောက်ပြန်ရေးသမားများ၊ အများကောင်းကျိုးကို မလိုလားသူ များ၊ အဓမ္မဝါဒီများသာ ဖြစ်ကြပေမည်။ မြင်းခြံမြို့တွင် ရှိနေစဉ် ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ် အကြောင်းကို အချိန်ရသလို ဓာတ်နိုင်သမျှ ရှာဖွေလေ့လာရန် ဆုံးဖြတ်လိုက်သည်။

* * *

အခန်း (၇)

## ဆရာတော် ဦးကဝိ၏ ဥဒါန်းတရားတော်

ရေလယ်ဆရာတော်မှာ ဓာတတ် ပုဂ္ဂိုလ်တစ်ပါး ဖြစ်ပြီး အဂ္ဂိရတ်ပညာ ဝါသနာပါသည့်အလျောက် တစ်ခါတစ်ရံ ဖိုထိုးလေ့ ရှိသည်။ သူ့ကျောင်းတွင် ဓာတ်လုံးဖမ်းခြင်း၊ ပြဒါးဖမ်းခြင်း စသည်တို့ကို ပြုလုပ်တတ်သည်။ တစ်နေ့တွင် မိတ္ထီလာ ရေလယ် ဆရာတော်က ရှင်ကဝိအား အမိန့်ရှိသည်မှာ “ရှင်ကဝိ၊ မိတ္ထီလာ ကန်ကြီးကိုမြင်ရဲ့လား၊ ဒီကန်ကြီးမှာ အင်းလေးအင်း ပေါ်နေပြီ၊ အဲဒီတော့ တပေါင်ကလဲ ‘မိတ္ထီလာနယ်အတွင်းမှာလ၊ လေးအင်း တိုင်အောင်ပေါ်လို့ ရှစ်သောင်းကျော် ဝိဇ္ဇာထွက်ပါလိမ့်၊ လိုချင်သူ ဖိုခွင်တက်ကြလော့’ လို့ ဆိုတယ်၊ အဲဒါ ရှင်ကဝိ ဘယ်လို ကောက်သတုံး” ဟု မေးလိုက်သည်။

"ဆရာတော်ဘုရား ယူတဲ့ ဝိဇ္ဇာက ဘယ်လိုဝိဇ္ဇာပါလဲဘုရား။ ဖိုကကော ဘယ်လိုဖိုပါလဲဘုရား" ဟု ပြန်မေးလိုက်လေသည်။ "ရှင်ကဝိရဲ့၊ ဝိဇ္ဇာကတော့ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ မန္တာန်ဝိဇ္ဇာပေါ့၊ ဖိုကလဲ ဖားဖိုပါ" ဟု ရေလယ်ဆရာတော်က အမိန့်ရှိပြန်သည်။ "ဆရာတော်ဘုရား၊ ဝိဇ္ဇာက အရိယာဝိဇ္ဇာပါ ဘုရား၊ ဖိုက အာနာပါန ဖိုပါ ဘုရား" ဟု ဖြေကြား လျှောက် ထားလိုက်လေသည်။ "အေး-အေး၊ ရှင်ကဝိ ဟုတ်တယ်၊ ဟုတ်တယ်၊ ဆရာတော် ဒီနေရာမှာ အယူအဆ လိုနေတယ်" ဟု ဆရာတော်က သဘောပေါက် ဝန်ခံလေသည်။

ရေလယ်ကျောင်း ဆရာတော်မှာ ထိုစဉ်ကစ၍ မိမိ၏ ဓာတ်လုံးများနှင့် ဖားဖိုတို့ကို အပြီး စွန့်လွှတ်လိုက်ကာ အာနာပါန တရားကို အားထုတ်တော်မူရှာလေသည်။ အမှန်ဆိုရသော် ရဟန်း အဖြစ်နှင့် အင်္ဂါရတ်ထိုးခြင်းအလုပ်ကို မပြုလုပ်နိုင်။ သိက္ခာချ၍ ဖြစ်စေ၊ ရသေ့ဘဝနှင့်ဖြစ်စေ အင်း၊ ဆေး၊ ပြဒါး စသည့် ဝိဇ္ဇာ မဟာဒ္ဓိလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်ဟု ဆရာတော်ကြီး များ ဆုံးမသွန်သင်ခဲ့ဖူးသည်ကို မှတ်သားမိသည်။ မြတ်စွာဘုရား ဟောကြားတော်မူသော ရဟန်းတော်များ လိုက်နာရမည့် (၂၂၇) ပါးသော သိက္ခာပုဒ်တော်များတွင်လည်း ရဟန်းတို့အား အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့ထိုးခြင်းနှင့် အင်္ဂါရတ်ထိုးခြင်း အလုပ် များကို မပြုလုပ်နိုင်အောင် တားမြစ်တော်မူခဲ့ကြောင်း သိရလေသည်။

တစ်နေ့တွင် ရှင်ကဝိအား ရေလယ်ကျောင်း ဆရာတော် ဘုရားက "နှစ်ထောင်ကျော်တိုး၊ ဈေးပေါင်ကျိုး၊ တိုး၍ ဝယ်



လိုက်ကြ၊ ငါးထောင်ကျမှ ပိတ်သောစ၊ မရလေ၏ မင်း" ဆိုတာ ကကော ဘယ်လို အဓိပ္ပာယ်လဲလို့ မေးလိုက်သည်။

ရှင်ကဝိက "ဆရာတော်ဘုရား၊ ယခု သာသနာတော်နှစ် (၂၀၀၀)ကျော် ရောက်နေပါပြီ ဘုရား၊ အဲဒီတော့ ဈေးပေါင်ကျိုး တာနဲ့ တူနေပါတယ်၊ ခေတ်ကလဲ ဝိမုတ္တိခေတ်ကို ရောက်နေ ပါပြီ ဘုရား၊ အဲဒါကြောင့် ယခုနေ တရားများ အားထုတ်ကြ ပါက မိမိတို့ ပါရမီရှိသလောက် ပေါက်ရောက် အောင်မြင်နိုင် ကြောင်းပါ ဘုရား" ဟု ပြန်လည် ဖြေကြား လျှောက်ထားလိုက် လေသည်။

ရေလယ်ဆရာတော်က ဆက်လက်ပြီး "အင်းခန်းတော့ ငှက်ကျ၊ ငှက်ကျတော့ လယ်တီ၊ လယ်တီတော့ ထွန်ဆင်း" ဆိုနေကြတာကော ဘယ်လိုတုံး ရှင်ကဝိရဲ့" ဟု ဆက်၍ မေးမြန်း လိုက်ပြန်လေသည်။

ရှင်ကဝိက "မှန်လှပါ ဘုရား၊ အင်းခန်းဆိုတာက ပထမ အင်းခန်းဆရာတော် ပေါ်တာပါ ဘုရား၊ ဒုတိယ ငှက်ကျဆိုတာက ငှက်တွင်းဆရာတော် ပေါ်တာကို ပြောတာပါဘုရား၊ တတိယ လယ်တီဆိုတာက လယ်တီဆရာတော်ကို ပြောတာပါ ဘုရား၊ နောက်ဆုံး ထွန်ဆင်း ဆိုတာက တပည့်တော် တောထွက်တုန်းက ထွန်ပေါက ဆင်းလာလို့ ထွန်ထောင် ကိုယ်တော်လို့ ခေါ်ကြ တယ် ဘုရား၊ အဲဒီတော့ ခေါ်ချင်ရာခေါ်၊ ကောက်ချင်ရာ ကောက်ပေါ့ ဘုရား၊ ထွန်ဆင်းတော့ အမှိုက်ရှင်းတာပေါ့ ဘုရား" ဟု ပြန်လည် လျှောက်ထားလိုက်ရာ ရေလယ်ဆရာတော်က

"အေး-အေး-သဘာဝကျလိုက်တာဗျာ" လို့ အမိန့်ရှိတော်မူလေသည်။

ရှင်ကဝိက ဆက်လက်၍ "ကသိုဏ်းများကို နောက် နောင်တွင် မပွားများလိုတော့ပါ ဘုရား၊ ပွားများက တော်တော်ကြာ လူပျောက် နွားပျောက်ကအစ အကြည့်ခိုင်းနေကြရင် ဗေဒင်ဆရာ ဖြစ်မှန်းမသိ ဖြစ်နေတော့မယ်" ဟု လျှောက်ထားလိုက်သည်။ လောကီသိဒ္ဓိတန်ခိုးကို ရရှိနေသူ သူတော်ကောင်းများလည်း ဗေဒင်ဆရာများ မဟုတ်ကြပေ။ ဗေဒင် ဟောလိုသောစိတ်လည်း မရှိကြပေ။ စာရေးသူ တွေ့ကြုံဖူးသော သူတော်စင်ပုဂ္ဂိုလ်ထူးများသည် မိမိတို့ အကြားအမြင်ဖြင့် ရှေ့ဖြစ် ဟောသည်ကို မတွေ့ရပေ။ အကြောင်းတိုက်ဆိုင်၍ တစ်ခါတစ်ရံမျှသာ တပည့်ဖြစ်သူများအား သတိပေး ဆုံးမဖူးသော ဖြစ်ရပ်များကိုသာ ကြားသိခဲ့ရဖူးသည်။

မိတ္ထီလာရေလယ်ဆရာတော်နှင့် ညောင်လွန့်ဆရာတော်တို့သည် တရားထူးများရလျှင် တစ်ဦးကိုတစ်ဦး ပြောကြစတမ်းဟု ရှေးအခါက ကတိကဝတ် ပြုထားကြသည်။ ရေလယ်ဆရာတော်က ညောင်လွန့်ဆရာတော်ထံသို့ မိမိ တရားထူး မရသေးသော်လည်း တရားထူးရသော သာမဏေကြီးတစ်ပါး ကျောင်းတွင် ရောက်နေသဖြင့် အမြန်ကြွလာပါ ဟု စာရေး လျှောက်ထားလိုက်သည်။

ညောင်လွန့်ဆရာတော်လည်း မိတ္ထီလာမြို့ ရေလယ်ကျောင်းတိုက်သို့ ကြွလာပြီးနောက် ရှင်ကဝိအား မေးမြန်းစစ်ဆေးရန်



စိတ်ကူးလိုက်လေသည်။ ရှင်ကဝိက စတင်၍ "ဆရာတော်ဘုရား မေးမြန်းမိ လျှောက်ထားလိုပါတယ် ဘုရား၊ လောကီ လောကုတ္တရာ နှစ်လမ်း ရှိပါတယ်၊ လောကီကို မေးလျှင် လောကီ သက်သက်ကိုသာ မေးမြန်းစိစစ်တော်မူပါ၊ လောကုတ္တရာဘက် မကူးပါနဲ့ ဘုရား၊ လောကုတ္တရာ မေးရင်လည်း လောကီဘက် မကူးပါနဲ့ ဘုရား၊ "လောကီနှင့် လောကုတ္တရာ ရောမေးလျှင် တပည့်တော် ဖြေလိုစိတ် မရှိပါဘုရား" ဟု လျှောက်ထားလိုက်သည်။

ညောင်လွန့်ဆရာတော် စိတ်ထဲတွင် 'အင်း-တော်တော်ကြီးကြီးကျယ်ကျယ် ပြောတဲ့ ကိုရင်ပါကလား' ဟု အောက်မေ့မိလိုက်သည်။ ညောင်လွန့်ဆရာတော်က ပထမနေ့တွင် လောကုတ္တရာသက်သက်ကို မေး၍ ဒုတိယနေ့တွင် လောကီသက်သက်ကိုသာ မေးမြန်းလေသည်။

ညောင်လွန့်ဆရာတော်က စတင်ပြီး 'ရှင်ကဝိ၊ လောကီဈာန်အင်္ဂါငါးပါးကို ပြောစမ်းပါ' ဟု မေးလေသည်။

"ဆရာတော် အမိန့်ရှိတဲ့ ဈာန်ကို တပည့်တော် မပြောတတ်ပါဘုရား၊ တပည့်တော် ပြောတတ်သလိုသာ ပြောပါရစေ"

ဆရာတော်က ပြောတတ်သလို ပြောရန် အမိန့်ရှိရာ ရှင်ကဝိက ဆက်လက်ပြီး-

"ဆရာတော်ဘုရား ပြောတာက ကသိုဏ်းဝန်းပါ ဘုရား၊ ပထမကသိုဏ်းဝန်း ပေါ်ကို အာရုံသိမ်းပြီး တင်လိုက်တယ်၊ ပြီးတော့ ဆင်ခြင်တယ်၊ ကြက်သီးထပြီး တုန်လာတယ်၊ ချမ်းလာနေတယ်၊ တည်ငြိမ်နေတယ်"

ညောင်လွန့်ဆရာတော်က "ဘာဇျ ရှင်ကဝိရဲ့၊ ပြန်ပြောစမ်းပါဦး"

"ဟောဒါက ကသိုဏ်းဝန်းပါ ဘုရား၊ အဲဒီ ကသိုဏ်းဝန်းပေါ်ကို အာရုံသိမ်းပြီး တင်လိုက်တယ်၊ ပြီးတော့ ဆင်ခြင်တယ်၊ ကြက်သီးထပြီး ချမ်းသာနေတယ်၊ တည်ငြိမ်နေတယ်၊ အဲဒါပါပဲ ဘုရား၊ အရှင်ဘုရားတို့ အမည်မှည့်ချင်သလို မှည့်၊ ခေါ်ချင်သလို ခေါ်တော်မူပါ၊ တပည့်တော် နားလည်သလိုပဲ ဖြေပါတယ် ဘုရား" ဟု လျှောက်ထားလိုက်သည်။

ညောင်လွန့်ဆရာတော်က "အေး–ဟုတ်ပြီ၊ ကသိုဏ်းဝန်းပေါ် အာရုံသိမ်းတင်လိုက်တာက ဝိတက်၊ ဆင်ခြင်တာက ဝိစာရ၊ ကြက်သီးထပြီး တုန်လာတာက ပီတိ၊ ချမ်းသာတာက သုခ၊ တည်ငြိမ်နေတာက ဧကဂ္ဂတာ၊ ကဲ–ကဲ–သဘောကျပါပြီဗျာ၊ ရှေ့ဆက်ပြီး ပြောပါ" ဟု ခိုင်းသည့်အတိုင်း ပဌမဈာန်အထိ ဆက်လက် လျှောက်ထားလေသည်။

ဈာန်ပိုင်းဆိုင်ရာ အကြောင်းအရာများကို ညောင်လွန့်ဆရာတော်က ဆက်လက် မေးမြန်းရာ–

"ဒါဖြင့် နေပါဦး၊ အာကာသာနဉ္စာယတနဈာန်ဟာ ပညတ် အာရုံပြုပါသလား၊ ပရမတ် အာရုံပြုသလား"

"ပညတ် အာရုံပြုပါသည် ဘုရား"

ဝိညာဏဉ္စာယတနဈာန်ဟာကော ပညတ် အာရုံပြုသလား၊ ပရမတ် အာရုံပြုသလား"

"ပရမတ် အာရုံပြုပါတယ် ဘုရား"



"အာကိဉ္စညာယတန ဈာန်ဟာကော ပညတ် အာရုံပြုသလား၊ ပရမတ် အာရုံပြုသလား"

"ပညတ် အာရုံပြုပါတယ် ဘုရား"

"နေဝသညာ နာသညာယတန ဈာန်ဟာကော ပညတ် အာရုံပြုသလား၊ ပရမတ် အာရုံပြုသလား"

"ပရမတ် အာရုံပြုပါတယ် ဘုရား"

"အာကာသာနဉ္စာယတန ဈာန်က ဝိညာဏဉ္စာယတန ဈာန်ကိုတက်တော့ အောက် အာရုံပြုသလား၊ အထက် အာရုံပြုသလား"

"အောက် အာရုံပြုပြီး တက်ပါတယ် ဘုရား"

"ဟင်–ဘယ့်နှယ် မဟုတ်တာ၊ အထက် တက်တာ ဘာကြောင့် အောက် အာရုံပြုရမှာတုံးဗျာ"

"အောက် အာရုံပြုပါတယ်ဘုရား၊ တပည့်တော် ဥပမာနှင့် လျှောက်ထားပါမည် ဘုရား၊ ဥပမာ–ဟောဟိုနားက မစင်ပုံကြီးရှိတယ်၊ အဲဒီ မစင်ပုံကြီးထဲ ကျမှာစိုးလို့ အထက် တွယ်တက်ရတာပါ၊ အဲဒါကြောင့် အောက်ကို အာရုံပြုပြီး အထက်ကို တွယ်တက်ရတာပါ ဘုရား" လို့ လျှောက်ထားတော့မှ ညောင်လွန့်ဆရာတော်မှာ ကျေနပ်သွားလေသည်။

ညောင်လွန့်ဆရာတော် စိတ်ထဲတွင် ကျမ်းဂန်အရ ဤမျှနက်ခဲနက်နဲသော အကြောင်းအရာများကို တောထွက် ကိုရင်ကြီးတစ်ပါးက လက်တွေ့ဘဝနှင့် ယှဉ်တွဲပြီး ဖြေဆိုနိုင်သည်ကို များစွာ အံ့ဩမိသည်။

ညောင်လွန့်ဆရာတော် ဦးမေဓာဝီသည် နှစ်ရက် တိုင်တိုင် လောကီလောကုတ္တရာ အကြောင်းများကို တောထွက် ကိုရင်ကြီး ရှင်ကဝိအား စုံစမ်းမေးမြန်းပြီးနောက် ရေလယ်ဆရာတော်အား နှုတ်ဆက်ကာ တတိယမြောက်နေ့တွင် မိမိ သီတင်းသုံးရာ ညောင်လွန့်ကျောင်းသို့ ပြန်ကြွတော်မူလေသည်။

ညောင်လွန့်ဆရာတော် ဦးမေဓာဝီသည် မိမိ ကျောင်းသို့ ရောက်သောအခါ ရှင်ကဝိ၏ ဖြေဆိုချက်များကို ဘုရားဟော ပါဠိတော် ကျမ်းအစောင်စောင်တို့ဖြင့် ၃–ရက်ကြာမျှ အချိန် ယူ၍ တိုက်ဆိုင်ကြည့်ရာ ကိုက်ညီနေကြောင်း တွေ့ရလေသည်။ ဆရာတော်၏ စိတ်ထဲတွင် စာမတတ် ပေမတတ် သာမဏေကြီး တစ်ပါးက ဤမျှ အမြင်ဉာဏ် ပေါက်နေသည်ကို အံ့သြ ဝမ်းသာ ကြည်နူးမှု ဖြစ်ပေါ်ရလေသည်။ ကျောင်းတိုက် အတွင်း တုံး ခေါက်သံများ ဆူညံ၍ သွားလေသည်။ စာသင်သား အားလုံးကို ဆရာတော်က ဆင့်ခေါ်ခြင်း ဖြစ်သည်။ ရှင်ကဝိ ရရှိသော တရား များကို ပြန်လည် ပြောကြားပြီး ထိုအတိုင်း ကြိုးစား အားထုတ် ကြရန် စာသင်သားများကို တိုက်တွန်းတော်မူသည်။

တစ်နေ့တွင် မိတ္ထီလာ ရေလယ်ဆရာတော်က သာမဏေကြီး ရှင်ကဝိကို ရဟန်းဝတ်ရန် ပြောကြားလေသည်။ ရှင်ကဝိက မိမိမှာ စာမတတ်သဖြင့် သင်လည်း မသင်လိုတော့ကြောင်း ဝိနည်းဝိနက်ကိုလည်း မသိကြောင်း၊ ရပြီး သိမြင်ပြီးသော တရား များကို ဆက်လက် နှလုံးသွင်း၍ အားထုတ်လိုတော့ကြောင်း လျှောက်ထားလိုက်လေသည်။ အမှန်ဆိုရသော် ရှင်ကဝိက ဆရာ



တော်ထံ ပဉ္စင်းမတက်လိုတော့ကြောင်း လျှောက်ထားလိုက်ခြင်း ပင် ဖြစ်သည်။

ရေလယ်ဆရာတော်က ဝိနည်းကိုသင်ဖို့ မလိုပါဘူး၊ ဆရာ တော်ပြောတဲ့ စကားကို နားထောင်ပြီး ရှင်ကဝိကဲ့သို့ ပုဂ္ဂိုလ် တစ်ဦးဟာ ရဟန်းဘောင်ကို ရောက်သင့်ပါသည်။ ရဟန်းတစ်ပါး သောက် ကံဆောင်ပေးရသည်ဖြစ်စေ၊ သိမ်တစ်ခုမျှ သမုတ်ပေးရ သည်ဖြစ်စေ သာသနာတော်မှာ အလွန် အကျိုးကြီးကြောင်း ပြောဆို တိုက်တွန်းလေသည်။

ရှင်ကဝိက ဆရာတော် တိုက်တွန်းချက်ကို အတန်ကြာ ...ား သဘောတူပြီးနောက် ၁၂၈၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် ...–ရက်၊ တနင်္လာနေ့ ညနေ ၄–နာရီ ၉–မိနစ် အချိန်တွင် ...ထီလာမြို့ ရေလယ်ကျောင်းတိုက် ခဏ္ဍာသိမ်တွင် ရဟန်းဝတ် ...တော်မူသည်။ ယင်း ရန်ကုန်ဆရာတော်က ဥပဇ္ဈာယ်ဆရာတော် ...ဖြစ် ဆောင်ရွက်၍ ရေလယ်ဆရာတော်၊ ညောင်လွန့်ဆရာတော် ...တကွ ရဟန်းတစ်ကျိပ်ကျော်တို့က ကမ္မဝါ ဆရာများအဖြစ် ...သီးသီး လျာထားလျက် ရဟန်းဘောင်သို့ သွတ်သွင်း ...မြှောက်တော်မူကြလေသည်။

ထိုစဉ်က မိတ္ထီလာမြို့နယ် ပွဲစားကြီး ဦးပေါနှင့် ဒေါ်ကျီးညို ...က ရှင်ကဝိ၏ ရဟန်းဒါယကာနှင့် ဒါယိကာမများအဖြစ် ...ကြလေသည်။ စာရေးသူမှာ စာမတတ် ပေမတတ်ဖြင့် ဘဝ ...မ်အလျောက် တရားထူးရပြီး ရဟန်းဖြစ်ခဲ့သော ရှင်ကဝိ၏ ...ကိုတွေးမိရင်း စိတ်ထဲတွင် ကြည်ညိုသဒ္ဓါ ပွားများမှု ဖြစ်ပေါ်

ရသည်။ ဆရာတော်ဘုရား၏ ရုပ်ကလာပ်တော်ကို ကြည့်၍ အကြိမ်ကြိမ်လည်း ဦးချမိခဲ့ပါသည်။

တပ်သို့ပြန်ရောက်သောအခါ၌ ဆရာတော်ဘုရားကြီး၏ဘဝ အကြောင်းကို ဆက်လက် စဉ်းစားနေမိသည်။ မိတ္ထီလာမြို့၏ ညနေစောင်းမှာ အပူရှိန်ကျသွားပြီဖြစ်သဖြင့် အတော်ကလေး နေသာထိုင်သာ ရှိလာသည်။ တပ်မှ အရာရှိ သူငယ်ချင်းများက ထမင်းစားရန် ခေါ်သဖြင့် အရာရှိရိပ်သာ ထမင်းစားခန်းမတွင် ထမင်းစားကြသည်။ စိတ်ထဲတွင် ဆရာတော်ဘုရားကြီး၏ ဘဝ အကြောင်းကိုသာ တွေးတောနေမိသည်။

ထမင်းစားပြီးနောက် ရိပ်သာရှေ့ သစ်ပင်ရိပ်များအောက် တွင် ခင်းထားသော ကုလားထိုင်များပေါ်တွင် ထိုင်၍ ကားလမ်းမ ပေါ်မှ ဖြတ်သွားသော ကားတစ်စီးတလေကို ကြည့်နေမိသည်။ တပည့်ဖြစ်သူ ရဲဘော်စစ်နိုင်က 'ဗိုလ်ကြီး သောက်ဖို့' ဆိုပြီး အအေး အဖျော်ရည်များ လာချပေးသည်။ တစ်နေ့တွင် ထို အကြောင်းအရာများကို စာပြန်ရေးမည်ဟု စိတ်ကူးခဲ့သည်မှာ ယခုမှပင် ရေးဖြစ်တော့သည်။ လွန်ခဲ့သော ၁၅-နှစ်ကျော် ကာလက ဖြစ်သည်။

ဆရာတော် ဦးကဝိက ရဟန်းဘောင်သို့ တက်ရောက်ပြီး နောက် မိတ္ထီလာရေလယ်ကျောင်းတိုက်၌ ကမ္မဋ္ဌာန်းဘာဝနာများ စီးဖြန်း အားထုတ်ကာ ခေတ္တ သီတင်းသုံးနေတော်မူသည်။ ၁၂၈၃-ခုနှစ်တွင် မြင်းခြံမြို့ရှိ စွန်းလွန်းရွာသို့ ခေတ္တ ပြန်ကြွ လာတော်မူသည်။ စွန်းလွန်းရွာမှ ရပ်သူ ရွာသားများကလည်း မိမိတို့ မိတ်ဆွေကြီး ဦးကျော်ဒင်တစ်ယောက် ဘုန်းကြီးဘဝဖြင့်



မည်သို့မည်ပုံ နေထိုင်သလဲဟု သိလို စူးစမ်းလိုကြသည်။ ရပ်သူ ရွာသားများက "ဦးကဝိ အရှင်ဘုရား၊ တပည့်တော်များကို အန္တရာယ်ကင်း ပရိတ်ရွတ်၊ ကမ္မဝါဖတ်ပြီး တရားလဲ ဟောစေ ချင်ပါတယ်၊ တရားဟော ချီးမြှင့်တော်မူပါဘုရား" ဟု ဝိုင်းဝန်း လျှောက်ထားကြလေသည်။

ထိုအခါ ဦးကဝိက ဝန်ခံတော် မူလိုက်ပြီးလျှင် 'အင်း- ပရိတ်ရွတ် ကမ္မဝါဖတ်တာကတော့ အများနဲ့ ရောယောင်ပြီး သံဝါးဝါး လိုက်ရွတ်လိုက်ရင် ပြီးပါရဲ့၊ တရားဟောတာက တော့ တစ်ပါးသွားဖြစ်နေလို့ ခပ်ခက်ခက်ပဲ' ဟု တွေးနေမိသည်။ ပရိတ်တရားဟောရန်အတွက် မိမိတွင် ကျက်မှတ်ထားသည် လည်း မရှိဟု စဉ်းစားပြီး အကြပ်ရိုက်နေသည်။

စွန်းလွန်း ရွာသူရွာသားများမှာ မိမိတို့ရွာမှ တောထွက်ကြီး ဦးကဝိ တရားဟောမည်ဆိုသဖြင့် အုန်းအုန်းကျက်ကျက် ဖြစ်နေ ကြသည်။ ဦးကဝိ ရဟန်းမဝတ်မီဘဝက ဦးကျော်ဒင်-ဒေါ်ရွှေရီ တို့ ဇာတ်လမ်းကိုလည်း တစ်ရွာလုံးက သိထားကြသဖြင့် အထူး စိတ်ဝင်စားလျက်ရှိသည်။

ထိုစဉ် သံဃာစင်အနီးသို့ ရပ်သူရွာသားများက ပရိတ်အိုး ကိုယ်စီ သယ်၍ သူ့အိုး ငါ့အိုး သတ်မှတ်ကာ လာထားကြသည်ကို တွေ့ရသည်။ ထိုအခါမှ 'ငါတော့ တရားအစတော့ ရပြီ၊ ဒီ ပရိတ်အိုးတွေကို အကြောင်းပြုပြီး တရားဟောရတော့မှာပဲ' ဟု စိတ်ကို ဆုံးဖြတ်ကာ တရားဟောတော်မူလေသည်။

ဦးကဝိ ပထမဦးစွာ စွန်းလွန်းရွာ၌ ဟောပြောသော တရား မှာ ရိုးရိုးရှင်းရှင်းနှင့် အဓိပ္ပာယ် နက်နဲလှသည်။ "သတ္တဝါများ

မှာ ကုသိုလ်၊ အကုသိုလ်နှစ်ပါး ရှိတယ်၊ ကုသိုလ်က အကျိုးပေ
တော့ ကိုယ့်အလိုပြည့်ပြီး ပြုံးပြုံး ပြုံးပြုံးနဲ့ နေတာပေါ့လေ
အကုသိုလ်က အကျိုးပေးတော့ ရှုံ့ရှုံ့မဲ့မဲ့နဲ့ နေတာပေါ့၊ ဥပမာ-
'ဟော့-ဟောဟိုအနားမှာ ကန်ကြီးရှိတယ် မဟုတ်လား'၊ 'ရှိပါ
ဘုရား'၊ 'အဲဒီကန်ကြီးဟာ ကျိုးနေရင် ကောင်းပါ့မလား'
'မကောင်းပါ ဘုရား'၊ 'ပေါက်နေရင်ကော ကောင်းပါ့မလား'
'မကောင်းပါ ဘုရား'၊ 'အဲဒီတော့-အဲသည်ကန်ကြီး ကျိုးနေတာ
ကို ဆယ်လိုက်စမ်း၊ ပေါက်နေတာကို ဖာလိုက်စမ်း'၊ 'က
ကောင်းသွားတာပေါ့ ဘုရား'၊ 'သတ္တဝါ တစ်ဦးတစ်ယောက်ဟာ
အကုသိုလ်ကံ ဖိစီးနှိပ်စက်လာရင် ကံကျိုးတာနဲ့ တူတယ်၊ က
ပေါက်တာနဲ့ တူတယ်၊ အဲသည်တော့ ကန်ကျိုးလျှင် ကန်ဆယ်
ကံပေါက်လျှင် ကံဖာ၊ ကံဆင့်တော့ ကံမြင့် ဆိုသလိုပေါ့"။

"ဘယ်လိုများ ပြုရပါမလဲဆိုရင် ပရိတ်တရား နာယူခြင်း
ဘုရားကိုးဆူ ကပ်ခြင်း၊ သဲပုံစေတီ တည်ခြင်း၊ ညောင်ရေသွန်
ခြင်း၊ တံတားခင်းခြင်း၊သံဃာတော်များ ဆွမ်းကပ်လှူခြင်း၊ အဲသည်
ကုသိုလ်ကောင်းမှုများ ပြုလုပ်တော့ ကံကျိုးလျှင် ကံဆယ်၊ ကံ
ပေါက်လျှင် ကံဖာ၊ ကံဆင့်တော့ ကံမြင့် ဆိုသလိုပေါ့၊ အဲသည်
ယုံယုံကြည်ကြည်နဲ့ အဟုတ် ဘုရားကိုလဲ အားကိုးမယ်၊ အဟုတ်
သံဃာကိုလဲ အားကိုးမယ်ဆိုပါလျှင် ကိုးဆယ့်ခြောက်ဖြာ ရောဂါ
ဝေဒနာများ ကွယ်တတ်တယ်၊ ပျောက်တတ်တယ်၊ စည်းစိမ်ဥစ္စာ
တိုးတက်ပါတယ်"ဟု ဟောကြားလိုက်လေသည်။ ပရိသတ်
ပြန်ကြည့်လိုက်သောအခါ၌ ငြိမ်နေကြသဖြင့် အားတက်လာကာ
ဆက်၍ ဟောလိုက်ပြန်လေသည်။



"အားကိုးလဲ မှားကြဦးမယ်၊ တို့တော့ နောက်တုန်းက
အားကိုးမှားတဲ့ အကြောင်းတွေ ပြန်ပြောရဦးမှာပေါ့၊ ဘယ်လိုများ
အားကိုးမှားခဲ့သလဲ ဆိုပါလျှင် မြတ်စွာဘုရား ဂုဏ်ကျေးဇူးတော့
ရှိပါရဲ့၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ
ဂစ္ဆာမိ လို့ ဆိုတယ်၊ ဘုရား ရတနာကိုလဲ အားကိုးရမယ်၊ တရား
ရတနာကိုလဲ အားကိုးရမယ်၊ သံဃာ ရတနာကိုလဲ အားကိုးရမယ်
လို့ ဆိုတယ်၊ တို့တော့ ဟုတ်ပေါင်၊ သား-သရဏံ ဂစ္ဆာမိ၊
သမီး-သရဏံ ဂစ္ဆာမိ၊ အဖော် ခင်ပွန်း-သရဏံ ဂစ္ဆာမိ၊ သားကိုလဲ
အားကိုးလိုက်တာ၊ သမီးကိုလဲ အားကိုးလိုက်တာ၊ အတူနေတဲ့
အဖော်ခင်ပွန်းကိုလဲ အားကိုးလိုက်တာ၊ အဲဒီလို အားကိုးမှားတော့
ဘာကွယ်သတုံး၊ "ဘုရားရတနာ ကွယ်တယ်၊ တရား ရတနာ
ကွယ်တယ်၊ သံဃာ ရတနာ ကွယ်တယ်၊ တို့ ကွယ်တာ ပြော
တာနော်၊ သူတကာ ကွယ်တာ ပြောတာမဟုတ်ဘူး၊ အဲသည်လို
အားကိုးမှားတုန်းက ကိုယ်လုပ်ခဲ့တဲ့ အလုပ်တွေကို ပြန်ပြောရဦး
မှာပေါ့၊ မိမိမှာ သားသမီးကလဲရှိတော့ လက်ဝတ်တန်ဆာ
အလွန်ဆင်ချင်တာပေါ့၊ အဲသည်လို ဆင်ချင်တော့ သူတကာ
အိတ်ကပ်ထဲက ရှိတဲ့ ပိုက်ဆံကို မရ၊ ရအောင်ကြံ၊ ကြံလို့များ
ရတော့ ငါ ပါးလို့၊ ငါ လယ်လို့ ရတယ်လို့ အောက်မေ့တယ်။

"အဲသည်လိုများရတော့ သားသမီးကလေးတွေကို လက်ဝတ်
တန်ဆာ ဆင်ပေးတာပေါ့၊ လက်ဝတ်တန်ဆာ ပြည့်စုံလာတော့
အလွန်ပျော်တာပေါ့၊ ဘယ်လောက်များ ပျော်တယ် မပျော်တယ်
မပြောပါနဲ့တော့ သားကလေးနဲ့ပျော်၊ သမီးကလေးနဲ့မော် ဆိုသလို
ပေါ့လေ၊ ဘုရားသွား အတူတူ၊ ကျောင်းသွား အတူတူ၊ ပွဲလမ်း

သဘောင်သွား အတူတူ၊ ပျော်လိုက်တာ ပါးလိုက်တာ၊ မော်လို[illegible] တာ၊ ကြွားလိုက်တာ၊ ဝါလိုက်တာ။

"အဲဒီတုန်းကလေ ကိုယ် မလုပ်ချင်ဘဲနဲ့ လုပ်ခဲ့ရတဲ့ အလု[illegible] တွေကို ပြန်ပြီး ·မြောရဦးမှာပေါ့၊ မနက်စောစောကြီး [illegible] မကြောက်၊ ကင်းမကြောက်နဲ့ ယာထွန်သွားရတယ်၊ အဲဒီတော[illegible] လယ်ကိုလဲ မထွန်ချင်ဘဲနဲ့ ထွန်ရတယ်၊ ယာကိုလဲ မထွန်ချ[illegible] ဘဲနဲ့ ထွန်ရတယ်၊ အဲဒါ ဘာကြောင့်တုံး၊ ကာမဂုဏ်မွဲ ရာဂ [illegible] အားကိုးမှားလို့ဗျ၊ အားကိုးမှားလို့၊ လယ် မရိတ်ချင်ဘဲ ရိ[illegible] ရတယ်၊ ပြောင်းကိုလဲ ဇရိတ်ချင်ဘဲ ရိတ်ရတယ်၊ အဲဒါ ဘာ[illegible] ကြောင့်တုံး၊ ကာမဂုဏ်မွဲ ရာဂစွဲ၍ အားကိုးမှားလို့ဗျ၊ အား[illegible] မှားလို့"

ထိုသို့ ဟောနေစဉ် ရုတ်တရက် ဘာဆက်ဟောရမည်မသိ[illegible] အကြံရခက်နေစဉ် တရားနာပရိသတ်ကို ရုတ်တရက် လှမ်းကြ[illegible] လိုက်ရာ သူကြီးကတော်နှင့် သူကြီးသမီးကို မြင်မိလေရာ အောက်[illegible] အတိုင်း ဆက်၍ ဟောချလိုက်လေသည်။

"ဆူးတားကြီး မလုပ်ချင်ဘဲနဲ့ လုပ်ရတယ်၊ ကင်းတဲ[illegible] ပေါ်မှာလေ ကင်းမစောင့်ချင်ဘဲနဲ့ စောင့်ရတယ်၊ သူကြီးအိမ်[illegible] မောင်းကြီးကလေ ဒူ–ဒူ–ဒူ နဲ့ ထုပြီးခေါ်တော့လဲ မသွားချင်ဘဲ[illegible] သွားရတယ်၊ အဲဒါ ဘာကြောင့်တုံး၊ ကာမဂုဏ်မွဲ ရာဂ[illegible] အားကိုးမှားလို့ဗျ၊ အားကိုးမှားလို့၊ တို့ အားကိုးမှားတာ ပြော[illegible] သူတကာ အားကိုးမှားတာ ပြောတာ မဟုတ်ဘူး၊ ဘာကြော[illegible] အားကိုးမှားသလဲ၊ မသိလို့ အားကိုးမှားတယ်၊ အဲဒါကြော[illegible]



[illegible]သိလို့ လိုချင်၊ လိုချင်လို့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်၊ ပြုလုပ်တော့ ရရှိ၊ ရရှိတော့ ခံရဖြစ်တယ်။

"မသိတာက အဝိဇ္ဇာ၊ လိုချင်တာက တဏှာ၊ စွဲလမ်းတာကဥပါဒါန်၊ ပြုလုပ်တာက သင်္ခါရ၊ ရရှိတာက ဘဝ၊ အဝိဇ္ဇာနဲ့ တဏှာ နှစ်ပင်ပူးလို့ အကြောင်းပြုလိုက်တော့ ဇာတိ တရားကြီး ရတယ်၊ ဇာတိတရားကြီးရတော့ ဝဋ်ကောင်ကြီး ရတယ်၊ ဝဋ်ကောင်ကြီးရတော့ ခံရတာပေါ့၊ တို့ ခံရတာကို ပြော တာနော်၊ သူတကာ ခံရတာကို ပြောတာ မဟုတ်ဘူး၊ ခံရမှာပေါ့၊ သညာက လိမ်ထားတာကို။

"အဲဒါကြောင့် 'မြင်တာကို သညာဖုံးတယ်၊ သညာကို သက်ာရှင်းမှ သက်ာကင်းမယ်'၊ 'မြင်တာကို သညာမရှင်းတော့ သက်ာမကင်း ဖြစ်တယ်၊ မြတ်စွာဘုရားက အနိစ္စလို့ ဟောတယ်၊ သညာက နိစ္စလို့ လိမ်ထားတယ်၊ မြတ်စွာဘုရားက ဒုက္ခလို့ ဟောတယ်၊ သညာက သုခလို့ လိမ်ထားတယ်၊ မြတ်စွာဘုရားက အနတ္တလို့ ဟောတယ်၊ သညာက အတ္တလို့ လိမ်ထားတယ်၊ မြတ်စွာဘုရားက အသုဘလို့ ဟောတယ်၊ သညာက သုဘလို့ လိမ်ထားတယ်၊ သညာရဲ့အလိမ်ကို မြတ်စွာဘုရား ကိုယ်တော်မြတ် ကြီးက သတိပဋ္ဌာန် လေးပါးနဲ့ သက်ာရှင်းရင် သက်ာကင်း တယ်လို့ ဟောတယ်၊

"ဘယ်လိုများ ရှင်းပေးပါသလဲဆိုလျှင် ကာယာနုပဿနာ သတိပဋ္ဌာန်က သုဘသညာကို ရှင်းပေးတယ်၊ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်က သုခသညာကို ရှင်းပေးတယ်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်က နိစ္စသညာကို ရှင်းပေးတယ်၊ ဓမ္မာနုပဿနာ

သတိပဋ္ဌာန်က အတ္တသညာကို ရှင်းပေးတယ်၊ မိမိ၏ခန္ဓာကိုယ် ကာယတံခါးကို ထိတော့ သိတယ်၊ သိတဲ့အပေါ်မှာ သတိထား နေမှဖြင့် သတိပဋ္ဌာန်တရား လေးပါး ပြည့်စုံနေတယ်၊ ဘယ်လို များ ပြည့်စုံပါသလဲဆိုရင် ထိမှုသက်သက်ကို သတိပြုနေတာက ကာယာနုပဿနာ သတိပဋ္ဌာန်လို့ ခေါ်တယ်၊ ထိတော့ ဖဿ ဝေဒနာခံစားမှုသဘောကို သတိပြုနေတာက ဝေဒနာနုပဿနာ သတိပဋ္ဌာန်လို့ ခေါ်တယ်၊ သိမှုသက်သက်ကို သတိပြုနေတာက စိတ္တာနုပဿနာ သတိပဋ္ဌာန်လို့ ခေါ်တယ်၊ နိဝရဏ တရားတွေ ငြိမ်းပြီး သူ့သဘောကို သူဆောင်တာကို သတိပြုနေတာက ဓမ္မာ နုပဿနာ သတိပဋ္ဌာန်လို့ ခေါ်တယ်၊ အဲသည်လို သတိပဋ္ဌာန် လေးပါးနဲ့ သက်ာရှင်းလိုက်တော့ သက်ာကင်းသွားတာပေါ့။

"အနိစ္စကို အနိစ္စမှန်း သိတယ်၊ ဒုက္ခကို ဒုက္ခမှန်းသိတယ် အနတ္တကို အနတ္တမှန်း သိတယ်၊အသုဘကို အသုဘမှန်း သိတယ် အဲသည်လို သက်ာရှင်းသွားတော့ ကြားချင်တယ်၊ ဝါချင်တယ် မော်ချင်တယ်၊ မောက်ချင်တယ် ဆိုတာဟာလေ အဝိစိတ်လို့ ခေါ်တယ်၊ အဝိစိတ် ဆိုတော့ အဝိဇ္ဇာပေါ့၊ သူတကာအိတ်ထဲက ပိုက်ဆံကို မရ၊ ရအောင် ကြံ၊ ကြံလို့များရတော့ ငါ ပါးလို့ ရတယ်၊ အပါး လယ်တော့ အပါယ်လားမှာပဲ၊ အဝိစိတ်- အဝိဇ္ဇာ၊ အပါး လယ်တော့ အပါယ်လား"

"ငါတော့ နေရာမကျဘူး၊ အားကိုးပြောင်းမှပဲ၊ သားကိုလဲ အားမကိုးပေါင်၊ သမီးကိုလဲ အားမကိုးပေါင်၊ အတူနေတဲ့ အဖော်ခင်ပွန်းကိုလဲ အားမကိုးပေါင်၊ ဘာကို အားကိုးမလဲ ဘုရား အားကိုးပါ၏၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ



သံဃံ သရဏံ ဂစ္ဆာမိ။ ဘုရားကို အားကိုးခြင်းကြောင့်၊ တရားကို အားကိုးခြင်းကြောင့်၊ သံဃာကို အားကိုးခြင်းကြောင့်၊ လယ်ထွန် မှုကြီး ကွယ်ပြီဗျ၊ ယာထွန်မှုကြီးလဲ ကွယ်ပြီ၊ လယ်ရိတ်မှုကြီးလဲ ကွယ်ပြီ၊ ပြောင်းရိတ်မှုကြီးလဲ ကွယ်ပြီဗျာ။ ဆူးတား လုပ်မှု ငြိမ်းပြီ၊ သူကြီးအိမ်က မောင်းကြီးဟာလေ ဒူ-ဒူ-ဒူ နဲ့ ထုချင် တိုင်းထု ကွဲသာကွဲမယ် ငါမသွားဘူးဆိုပြီး နေလို့ရပြီဗျ"

"ယခု သာသနာ့ဘောင် ရောက်တော့လေ အေးလိုက်တာ၊ မြလိုက်တာ၊ ချမ်းသာလိုက်တာ၊ ကျီကိုလဲ မီးလောင်စရာ မရှိ၊ ကျကိုလဲ မီးလောင်စရာမရှိ၊ စိုးပိုင်သူလဲ မရှိထသော၊ ဆူပူသူလဲ မရှိထသော၊ စောင်းသူမြောင်းသူလဲ မရှိထသော၊ ငိုသူ ယိုသူလဲ မရှိထသော၊ ဆောင့်သူ အောင့်သူလဲ မရှိထသော၊ ချော့သူ မော့သူလဲ မရှိထသော၊ အေးလိုက်တာ၊ မြလိုက်တာ၊ ချမ်းသာ လိုက်တာ အဲဒါကြောင့် 'ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဓာတ်သိမ်း ပြည်နိဗ္ဗာန်' စေ့စေ့တွေးတော့ ရေးရေးမေါ် ဆိုသလိုပေါ့လေ' ဟု တရားဟော ချီးမြှင့်တော်မူလေသည်။

ထိုတရားမှာ စွန်းလွန်းရွာတွင် ဦးကဝိ ပထမဦးဆုံး ဟော သော တရား ဖြစ်လေသည်။ ဆရာတော်ဘုရား ဟောခဲ့သော တရားကို ပြန်လည် ကူးယူမှတ်သားပြီး သူ့စကားလုံးအတိုင်း ကူးယူဖော်ပြခြင်း ဖြစ်သည်။ မြတ်စွာဘုရား ဟောကြားတော် မူခဲ့သော တရားတော်အတိုင်းကို တိုတိုရှင်းရှင်းနှင့် လိုရင်းကို ချုပ်ပြီး အများသူတကာ နားလည်အောင် အညာလေဖြင့် စာမတတ် ပေမတတ် ရဟန်းကြီးတစ်ပါးက ပြန်လည် ဟောပြခြင်း ဖြစ် သည်။ ဆရာတော် ဦးကဝိသည် မိမိ ပတ်ဝန်းကျင် အတွေ့

အကြံနှင့် ယှဉ်ပြီး လက်တွေ့ လေ့ကျင့် အားထုတ်ခဲ့ရသော အမြင်များကို ပူးပေါင်းပြီး ဟောခဲ့ရသော တရား ဖြစ်သည်။

ဦးကဝိ ရဟန်းအစတွင် ရေလယ်ကျောင်းတွင်သာ သီတင်းသုံးပြီး တရားအားထုတ်လျက် ရှိနေသည်။ ဇနီးဖြစ်သူမှာလည်း သာသနာ့ဘောင်တွင် မပျော်၍ လူထွက်လာနိုးဖြင့် စောင့်မျှော်ခဲ့ရသည်မှာ လပေါင်းများစွာ ကြာညောင်းလာသည်။ တစ်နေ့တွင် မိတ္ထီလာမြို့ ရေလယ်တိုက်သို့ လိုက်သွားပြီး ဦးကဝိရှေ့တွင် အမျိုးမျိုး လူးလိမ့် ငိုယိုပြီး လူဝတ်လဲရန် လျှောက်ထားလေသည်။ ဘေးတွင် ရှိသော ရေလယ်ဆရာတော်က မိမိ ကိုယ်တိုင်ပင် ဝမ်းနည်းပြီး ငိုချင်စိတ် ပေါက်လာပါသည်ဟု အမိန့်ရှိခဲ့ဖူးလေသည်။

ဒေါ်ရွှေရီက ဦးကဝိကို လူဝတ်လဲရန် အမျိုးမျိုး လျှောက်ထား၍ မရသောအခါ ပစ္စည်းလေးပါး ဒါယိကာမ ပြုခွင့်ပေးရန်၊ တရားဟောပြ ဆုံးမတော်မူပါရန်၊ ကျောင်းဆောက်ကိုးကွယ်ပင့်ဆောင်နိုင်သည့်အခါ စွန်းလွန်းရွာသို့ ပြန်ကြွရန်၊ မိမိအားလည်း မိမိ သဘောအတိုင်း နေခွင့်ပြုရန် စသည့် တောင်းဆိုမှုများကို ပြောဆို လျှောက်ထားလေသည်။ဦးကဝိမှာ မည်သို့ပြန်၍ အမိန့်ရှိရမည်ကိုပင် မသိအောင် အကျပ်ရိုက်လျက် ရှိနေတော့သည်။ ဒေါ်ရွှေရီမှာ မည်သို့မျှ လျှောက်ခေါ်၍ မရသောအခါ မိတ္ထီလာမြို့နယ် စွန်းလွန်းရွာသို့ ပြန်သွားလေသည်။

များမကြာမီ ၁၂၈၄–ခုနှစ်တွင် မိတ္ထီလာမြို့ ရေလယ်ကျောင်းတိုက်သို့ သူငယ်ချင်းဖြစ်သူ ဦးစံတင် လိုက်လာပြီး



“ဆရာတော်ဘုရား၊ အရှင်ဘုရား လူ့ဘဝတွင်ရှိစဉ်က တပည့်တော် ရွတ်ပြခဲ့သည့် တဘောင်အတိုင်း ယခု စွန်းလွန်းရွာ တောင်ဘက်မှာ ချည်စက်ကြီး ပေါ်နေပါပြီ၊ ယခုနှစ်ကစ၍ ပဋိပတ္တိသာသနာပြုဖို့ အချိန်ရောက်ပါပြီ ဘုရား၊ စွန်းလွန်းရွာသို့ ပြန်ကြွတော်မူပါ၊ အရှင်ဘုရား ကြွလာပါက တပည့်တော် မရွှေရီနှင့် တိုင်ပင်ပြီး ကျောင်းဆောက်ပါမယ်၊ ကျောင်းဆောက်ပြီးလျှင် တပည့်တော် ကိုယ်ပိုင်လဲ ရဟန်းဝတ်ပါမယ်ဟု လျှောက်ထားလိုက်သည်။ ဆရာတော်ဦးကဝိလည်း ခပ်မဆိတ်နေကာ အတန်ကြာ စဉ်းစားပြီးနောက် ဦးစံတင်ကို ပဋိညာဉ် ကတိ ပေးလိုက်လေသည်။

ဆရာတော်ဦးကဝိ၏ ကတိကို ရရှိပြီးနောက် ဦးစံတင်လည်း စွန်းလွန်းရွာသို့ပြန်ကာ ဒေါ်ရွှေရီနှင့် တိုင်ပင်ပြီး မောင်ရင်ပေါ်ချောက်တွင် ကျောင်းဆောက်ကြလေသည်။ ဦးစံတင်လည်း ရဟန်းခံပြီး မောင်ရင်ပေါ်ချောက်ကပင် စောင့်ဆိုင်းကာ ဒေါ်ရွှေရီကို မိတ္ထီလာသို့ စေလွှတ်ပြီး ဆရာတော် ဦးကဝိကို ပင့်ခိုင်းလိုက်လေသည်။ ဒေါ်ရွှေရီလည်း မိတ္ထီလာမြို့သို့ လိုက်သွားပြီး ဦးကဝိအား စွန်းလွန်းရွာသို့ ပြန်လည် ကြွမြန်းရန် လျှောက်ထားပြီး ပင့်လာခဲ့သည်။

၁၂၈၄–ခုနှစ်၊ ဝါဆိုလဦးတွင် ဆရာတော် ဦးကဝိသည် မိတ္ထီလာမြို့ ရေလယ်ကျောင်းတိုက်မှ စွန်းလွန်းရွာ အရှေ့ မောင်ရင်ပေါ်ချောက်သို့ ကြွကာ ဝါကပ်၍ ကျောင်းထိုင်လေသည်။ထိုနှစ် ဝါတွင်း၌ အနီးအနား ရပ်သူရွာသားများကို သမထ

ဝိပဿနာဖြစ်သော အာနာပါန ကမ္မဋ္ဌာန်း တရားများကို လက်တွေ့နည်းပြ ဆုံးမသွန်သင် သာသနာပြုတော်မူလေသည်။

ဆရာတော်ဦးကဝိ၏ ဂုဏ်သတင်းမှာ တဖြည်းဖြည်း ကျော်ကြားလာသည်။ ၁၂၈၇–ခု၊ ကဆုန်လဆုတ် ၄–ရက်နေ့တွင် ပဲခူးမြို့ အဖျားရွာသို့ ဆရာတော် ဦးကဝိ ကြွတော်မူသည်။ ဖက်ပင်အိုင် ဆရာတော်ဘုရားကြီးက တရားဓမ္မပိုင်း ဆိုင်ရာ လေးနက်သော အကြောင်းအရာများကို ဆရာတော်ဦးကဝိအား မေးမြန်းတော်မူသည်။ ဖက်ပင်အိုင် ဆရာတော်ဘုရားကြီးမှာလည်း စာပေကျမ်းဂန်တတ် ပုဂ္ဂိုလ်ကျော်တစ်ပါး ဖြစ်သည်။ ဆရာတော်ဘုရားကြီးက စတင်ပြီး ဆရာတော် ဦးကဝိအား အောက်ပါအတိုင်း မေးမြန်းလိုက်လေသည်။

"စက္ခုနဲ့ ရူပါရုံ ပြိုင်သောအခါ စက္ခုက ရူပါရုံထံ သွားသလား၊ ရူပါရုံက စက္ခုထံ လာသလား"

"စက္ခုကလဲ မသွားပါ၊ ရူပါရုံကလဲ မလာပါဘုရား"

"ဒါဖြင့် ဘယ့်နှယ် မြင်နိုင်သတုံးဗျ"

"သူ့သတ္တိက ရှေးရှုသောအခါ မြင်ခြင်းငှာ စွမ်းနိုင်ပါတယ်ဘုရား"

"ဒါဖြင့် ရူပါရုံက လာတာကောဗျား"

"မလာပါဘုရား၊ ဥပမာဆိုရရင် နေကို ကြည့်တဲ့ သူဟာ နေရဲ့သတ္တိကို အရောင်အလင်းကြောင့် မျက်စိကျိန်းခြင်းသာ ရှိပါတယ် ဘုရား၊ နေဝန်းကြီးက မျက်စိထဲ ဝင်လာတာ မဟုတ်ပါ၊ မျက်စိကလဲ နေဝန်းထဲ ဝင်သွားတာ မဟုတ်ပါ ဘုရား"



"ဒါဖြင့် နေပါဦးဇတော့ဗျာ၊ နိဗ္ဗာန်အကြောင်း ပြောစမ်းပါ"

"နိဗ္ဗာန်ဆိုတာ ဘုရား၊ ဥပမာ ပြောရရင် ယောဂီ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဝိပဿနာ အားထုတ်လို့ စိတ်၊ စေတသိက်၊ ရုပ်တရားတို့ရဲ့ ဖြစ်ခြင်း ပျက်ခြင်းကို အလွန် ကြီးမားသော ဆင်းရဲကြီးလို့ ငြီးငွေ့ပြီး ဆင်းရဲခြင်း အကြောင်းကို ရှာတော့ တဏှာကို သိရပါတယ်၊ အဲဒီလို သိရလို့ တစ်ပြိုင်နက် မဂ်က တဏှာကို ပယ်လိုက်တော့ အကြောင်းအကျိုး ပြတ်သွားပါရော၊ အဲဒီ ရှေးဦး မဂ်က မပယ်မီ ဖြစ်ပျက်နေတာက သခ်တပါ ဘုရား၊ နောက်တော့ အကြောင်းအကျိုးပြတ်၍ ဘာမှ မရှိတာကတော့ အသခ်တ နိဗ္ဗာန်ပါပဲ ဘုရား"

"နိဗ္ဗာန်မှာ နေဝန်း လဝန်း သဏ္ဍာန်များလို အရောင်တွေများ ရှိသလား"

"အရောင်တွေ မရှိပါ ဘုရား"

"ဒါဖြင့် ဘယ့်နှယ်နေသတုံး ပြောစမ်းပါဗျာ"

"ပြောစရာ မရှိပါ ဘုရား"

"ဒါဖြင့် နိဗ္ဗာန် မရှိဘူးလား"

"ရှိပါရဲ့ ဘုရား"

"စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်လို့ ပရမတ်တရားလေးပါးရှိ မဟုတ်လားဗျ"

"ရှိပါတယ် ဘုရား"

"အဲဒီ ပရမတ် ပြောပါဗျား"

"ဆရာတော်ဘုရား၊ ဦးကဝိက ပမေတ်ဆိုရင် ဘာမျှ ပြောစရာ မရှိ လက်ပိုက်ထိုင်နေရုံပဲ"

"နေစမ်းပါဦးဗျ၊ ဟောဒီ ရွှေတုံးကြီးကို ခဲလို့ ပြောဆိုရုံမျှနဲ့ ဒီ ရွှေတုံးကြီးဟာ ခဲဖြစ်သွားမှာလားဗျာ–ပြောစမ်းပါဦး"

"ခဲ မဖြစ်ပါ ဘုရား၊ ဒါပေမယ့် ပညတ်တရားကြီးလို ဒြပ်ဝတ္ထုနဲ့ ထင်ရှားမပြနိုင်ပါ၊ နာမ် ရုပ်တို့ ဥပါဒ်, ဌီ, ဘင် မရှိ ချုပ်ငြိမ်းသွားတာကို နိဗ္ဗာန်လို့ ခေါ်တာပဲ ဘုရား"

"ဉာဏ်ဆယ်ပါး ပွားများတာ ပြောစမ်းပါဗျာ"

"ယောဂီပုဂ္ဂိုလ် တစ်ယောက်ဟာ အာနာပါနနှင့် သမာဓိရင့်သောအခါ မိမိကိုယ်ပေါ်မှာ ဖြစ်ပေါ်တဲ့ ဝေဒနာကို သတိနဲ့ လိုက်ပါရော ဘုရား။ အဲဒါနဲ့ ပထမကတော့ သညာအားဖြင့် ဝေဒနာပေါ်ပြီး နောက် ဖြစ်ခြင်း၊ ပျက်ခြင်း ဓမ္မကို ဟုတ်တိုင်း မှန်စွာ မြင်ပါရော၊ ဒါနဲ့ ကြောက်ခြင်း၊ ရွံရှာခြင်း ဖြစ်ပါရော ဘုရား"

"ဉာဏ်ဆယ်ပါးဟာ တစ်ခုစီ ပွားရမယ် မဟုတ်လားဗျ"

"တစ်ခုစီ ပွားတာက ကိုယ့်အလိုပါ ဘုရား"

"တစ်ခုစီ မပွားရင် ဘယ့်နှယ်လုပ်မှာတုံးဗျ"

သမ္မသနဉာဏ် သုံးသပ်ရုံမျှနှင့် ဖြစ်ပျက်ခြင်း၊ ကြောက်ခြင်း၊ ရွံ့ခြင်း စတဲ့ အကြောင်းတွေ ဖြစ်သွားပါရော ဘုရား"

"နေစမ်းပါဦးဗျာ၊ အင်း–ဒီဟာက သမ္မသနဉာဏ် သုံးသပ်လိုက်တော့ ဖြစ်ပျက်တာက ဥဒယဗ္ဗယဉာဏ်၊ ပျက်တာက ဘင်္ဂဉာဏ်၊ ကြောက်တာက ဘယဉာဏ်၊ ရွံ့တာက အာဒီနဝဉာဏ်၊ အေး–ဟုတ်ပေတယ်ဗျ၊ ဟုတ်ပေတယ်"



"ဦးကဝိရဲ့၊ လောကမှာ ပညတ်အားဖြင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာလို့ ရှိကြတယ် မဟုတ်လား"

"ရှိပါရဲ့ ဘုရား"

"အဲဒီ ပုဂ္ဂိုလ်များဟာ အစဉ်အတိုင်း တောက်လျှောက် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာလို့ တက်သွားသလား"

"မတက်ပါ ဘုရား"

"ဒါဖြင့် ဘယ်လို တက်ရတုံးဗျ၊ တက်ပုံ ပြောစမ်းပါဗျာ"

"ယောဂီပုဂ္ဂိုလ်တစ်ယောက်ဟာ သမ္မသနဉာဏ်ကို သုံးသပ်လို့ ဉာဏ်ဆယ်ပါး ကုန်သွားပြီးနောက် ပညတ်အားဖြင့် ထိုပုဂ္ဂိုလ်ကို သောတာပန် ဟု ခေါ်ကြပါတယ် ဘုရား၊ ဒီနောက် သမ္မသနဉာဏ် သုံးသပ်ဦး၊ ဉာဏ်ဆယ်ပါး ကုန်ပြန်တော့ သကဒါဂါမ်လို့ ခေါ်ကြပါတယ် ဘုရား" ဟု ဆရာတော် ဦးကဝိက ဖြေကြားတော်မူလိုက်လေသည်။

ဤသို့ဖြင့် ဖက်ပင်အိုင်ဆရာတော်ဘုရားကြီး၏ ခဲရာခက်ဆစ် အမေးများကို စာမတတ် ပေမတတ် တောထွက်ကြီး ဦးကဝိက ဖြေဆိုတော်မူသွားလေသည်။

ဆရာတော်ဘုရား၏ လက်တွေ့ဘဝ ကျင့်ကြံ အားထုတ်ခဲ့ရာမှ တွေ့မြင် သိရှိခဲ့ရသော တရားဓမ္မပိုင်းဆိုင်ရာ အတွေ့အကြုံများကို ဉာဏ်စဉ်တွင် ပေါ်သမျှ ဖြေသွားနိုင်သည်ကို တွေ့ရသဖြင့် အံ့ချီးဖွယ်ရာ ကြည်ညိုဖွယ်ရာပင် ဖြစ်ပါသည်။

စာရေးသူမှာ ဆရာတော်ဘုရား၏ ဘဝနှင့် ဟောပြောသွားသော တရားများကို စဉ်းစားရင်း ထိုညက အတော်ညဥ့်နက်မှပင် အိပ်ပျော်မိတော့သည်။ ရှေ့ကို ခရီးဆက်ရဦးမည် ဖြစ်သည်။

နောက်တစ်နေ့ နံနက်တွင် တပ်တာဝန်တစ်ခုဖြင့် မလှိုင်မြို့သို့ ခေတ္တ သွားရောက်ရသည်။ လုပ်ငန်းကိစ္စဆောင်ရွက်စရာ ရှိသည်များကို ဆောင်ရွက်ပြီး ညနေစောင်း နှစ်နာရီခွဲခန့်တွင် မြင်းခြံမြို့သို့ ပြန်လည်ရောက်ရှိသည်။ ခေတ္တ အနားယူပြီးနောက် ရေမိုးချိုး အဝတ်အစားလဲကာ တပ်ရှေ့သို့ အညောင်းပြေ လမ်းလျှောက်ထွက်ခဲ့သည်။

* * *

အခန်း ( ၈ )

## ဝိမုတ္တိယုဂနှစ်များ

ညနေစောင်းလာပြီ ဖြစ်သဖြင့် မြင်းခြံမြို့၏ အပူရှိန်မှာ တဖြည်းဖြည်း လျော့နည်းသွားပြီ ဖြစ်သည်။ စာရေးသူလည်း တပ်ရှေ့ ကားလမ်းမကြီးဘေးရှိ သစ်ပင်ရိပ်များကိုခို၍ အညောင်းပြေ လမ်းလျှောက်လျက်ရှိသည်။ ကားလမ်းမှာ ကတ္တရာလမ်းမကြီးဖြစ်ပြီး လမ်းမကြီးဘေး တစ်ချက်တစ်ချက်တွင် လှည်းလမ်းနှင့် မြေနီလမ်း ရှိသည်။ ကားလမ်းမှာ မိတ္ထီလာ၊ တောင်သာ၊ မြင်းခြံ၊ မြို့သာ၊ တံတားဦးမြို့များသို့ သွားသော ကားလမ်းမကြီး ဖြစ်သည်။

ကားလမ်းမပေါ်တွင်ကား အသွားအလာနည်းပြီး တပ်မှ ကား တစ်စီးတလေနှင့် အရပ်ကား အချို့သာ သွားနေသည်ကို တွေ့ရသည်။ လမ်းဘေး တစ်လျှောက်တွင် သစ်ပင်ကြီးများ

အုံ့ဆိုင်းလျက် ပေါက်ရောက်နေကြသည်။ သစ်ပင်ကြီးများ ပေါ်တွင် ကျေးငှက်များမှာ အိပ်တန်းတက်ရန်အတွက် သာယာစွာ အော်မြည် နေကြသည်။ မြင်းခြံမြို့၏ ညနေခင်းမှာ တစ်နည်းတစ်ဖုံ သာယာ လျက်ရှိသည်ဟု ဆိုရပေမည်။ အညာဒေသ သဘာဝ၏ လှပသော ရှုခင်းကို ကြည့်ရင်း လမ်းလျှောက်ရသည်မှာ နွမ်းနယ်နေသော စိတ်ကို အပန်းပြေစေသည်။

မိတ္ထီလာ ရေလယ်ဆရာတော်က ဆရာတော်ဦးကဝိကို ရွတ်ပြ သော ‘နှစ်ထောင်ကျော်တိုး၊ ဈေးပေါင်ကျိုး” ဟူသော တဘောင် ကို စာရေးသူက ပြန်လည် သတိရမိသည်။ တဘောင်မှာ မရှည် လှသော်လည်း အဓိပ္ပာယ်တွင် လေးနက်မှု ရှိသည်။ စာရေးသူတို့ ယခု ရောက်ရှိနေသော ခေတ်မှာ သာသနာသက္ကရာဇ် နှစ်ထော ကျော်ပြီး နှစ်ထောင့်ငါးရာကျော်အတွင်းသို့ ချင်းနင်းဝင်ရော လျက်ရှိပြီ ဖြစ်သည်။

ဘုရား သာသနာတော်မှာ တစ်ဝက်သို့ ရောက်ရှိနေပြီဖြ သဖြင့် သာသနာနှစ်အားဖြင့် ပိုင်းခြားပါက အလယ်ဗဟိုသို့ ရောက်ရှိနေပြီ ဖြစ်သည်။ လူ့ဘဝ၏ သက်တမ်းနှင့် ဘဝ ပြန်လည် သုံးသပ် ဆင်ခြင်မည်ဆိုပါက လူ့သက်တမ်း၏တစ်ဝ တွင် လူတစ်ယောက်အဖို့ တရားဓမ္မပိုင်းဆိုင်ရာ လုပ်ငန်းတစ် ကို မလွဲမသွေ လုပ်သင့်ပြီဟု ထင်သည်။ လောကနီတိဆရာများ လူ့ဘဝကို အရွယ်သုံးပါး ပိုင်းခြားကာ ပထမအရွယ်တွင် ပည ရှာ၊ ဒုတိယအရွယ်တွင် ဥစ္စာရှာ၊ တတိယအရွယ်တွင် တရား စသည်ဖြင့် သတ်မှတ်ထားသော ဆိုထုံးစကား ရှိပေသည်။



ဆချက်များမှာ သာမန် ယေဘုယျအားဖြင့် မှန်ကန်သော်လည်း က်တွေ့ဘဝတွင်မူ မှန်ကန်မှု ရှိကောင်းမှ ရှိပေလိမ့်မည်ဟု ွးစရာ ဖြစ်နေသည်။

မျက်မှောက်ခေတ် လူ့ဘောင်ဘဝကို ပြန်ကြည့်မည်ဆိုပါက ဘာက ဆင်းရဲသောကြောင့် အောက်တန်းလွှာတွင် နေကြရသော လေးများမှာ ကျောင်းမနေနိုင်ကြသဖြင့် ပထမအရွယ်တွင် ညာ မရှာနိုင်ကြပေ။ စားဝတ်နေရေး ကျပ်တည်းမှုများကြောင့် ဘနှင့်အတူ လူတန်းစား အလွှာအလိုက် ဝမ်းရေးကို ကူညီ ပ်ကိုင် ဆောင်ရွက်ပေးကြရသည်။ အချို့မှာလည်း မိဘနှင့် တူ ဝမ်းရေးအတွက် လှုပ်ရှားရုန်းကန် ဆောင်ရွက်ရင်း ည်းဖြည်း အချိန်ကုန်သွားရာ ဒုတိယအရွယ်သို့ပင် ချဉ်းနင်း င်ရောက်သွားသည်။ ပထမအရွယ်တွင် ပညာ မရှာနိုင်သည့် ပြင် ဒုတိယအရွယ် ရောက်သောအခါ၌ ဥစ္စာရှာရန် ဝေးစွ ခင်း ဝ,ရန်အတွက်ပင် မနည်းကြိုးစားနေကြရသည်။

ပထမအရွယ်တွင် စားဝတ်နေရေး မပြေလည်သဖြင့် ပညာ ာနိုင်၊ ဒုတိယအရွယ်၌ အတတ်ပညာ မရှိသဖြင့် ဥစ္စာ မရှာ ခဲ့ပေ။ ထမင်းတစ်နပ် ဝဖို့အရေး ရှာဖွေ လုပ်ကိုင်ရင်းဖြင့် ယအရွယ်တွင် အိမ်ထောင်ကျပြီး ဇနီး သားသမီး မိသားစု၏ ဝန်များကို ထမ်းဆောင်ရင်း ဒုတိယအရွယ် လွန်ခဲ့လေသည်။ သို့ဖြင့်ပင် အချိန်တို့သည် တရွေ့ရွေ့ ကုန်မှန်းမသိ ကုန်ဆုံး တတိယအရွယ် ရောက်သောအခါ၌လည်း မိမိနှင့် တကွ သားသမီး ဆွေမျိုးတို့၏ စားဝတ်နေမှုအတွက် ဆက်လက်

ရှန်းကန် လှုပ်ရှားနေရသောကြောင့် တရားရှာနိုင်သော၊ တရ
ကျင့်နိုင်သော အခြေအနေသို့ပင် မရောက်ရှိတော့ပေ။

လူသားတို့သည် လူဖြစ်လာကတည်းက ဘဝကို အသ
သဏ္ဍာန် အမျိုးမျိုး၊ အခြေအနေ အမျိုးမျိုးတို့ဖြင့် ရင်ဆိုင်ခဲ့
ရသည်။ ဆင်းရဲသော မိဘ၏ဝမ်း၌ ဝင်စားသူရှိသကဲ့သို့ လူလ
တန်းစား၊ (သို့မဟုတ်) အထက်တန်းလွှာ မိဘများ၏ ဝမ်
ဝင်စားလာရသူများလည်း ရှိပေသည်။ ထို့ပြင် မွေးစ အချိ
ကတည်းကပင် မိဘများ ဆုံးပါးသွားသဖြင့် တစ်ပါးသူ
လက်ကြိုလက်ကြား ကြီးပြင်းလာရပြီး ခြေသလုံးအိမ်တိုင် အ
နှင့် ဆင်းရဲဒုက္ခ အမျိုးမျိုး ရင်ဆိုင်တွေ့ကြုံကြရသူများလည်
ရှိပေသည်။

လူ့ဘဝသည် ပန်းခင်းသောလမ်း မဟုတ်ပေ။ ချမ်းသ
ဆင်းရဲ မည်သို့ပင်ဖြစ်စေ၊ အခက်အခဲ အကျပ်အတည်း အမျိုး
ကို တွေ့ပြီး စိတ္တဒုက္ခ၊ ကာယဒုက္ခတည်း ဟူသော စိတ်ပို
ရုပ်ပိုင်းဆိုင်ရာ ဆင်းရဲဒုက္ခများကို တစ်နည်းမဟုတ် တစ်နည်
တွေ့ကြရပေသည်။ ဤဒုက္ခဆင်းရဲတို့မှ လွတ်ကင်းရန်မှာနည်းလ
တစ်လမ်းသာ ရှိသည်ဟု မြင်သည်။ ထိုနည်းလမ်းမှာ မြတ်
ဘုရား ဟောကြားတော်မူသော တရားဒေသနာအတိုင်း လိုက်
ကျင့်ကြံ အားထုတ် နေထိုင်ရေးပင် ဖြစ်သည်။ သို့မှသာ ယ
ဘဝတွင်သာမက ဘဝသံသရာတွင်လည်း ကောင်းကျိုးသု
ရရှိလိမ့်မည် ဖြစ်သည်။

လောကနီတိ အဆိုအရ 'ပထမအရွယ် ပညာရှာ' ဆိုသည်
အသက်မွေးဝမ်းကျောင်း ပညာရပ်များအပြင် လူဖြစ်လာ



လူ့ဘဝနှင့်ပတ်သက်၍ တတ်သိအပ်သော ပညာရပ်များကို ဆိုပေ
လိမ့်မည်ဟု ထင်မြင်မိသည်။ ဒုတိယအရွယ် ဥစ္စာရှာ ဆိုသည်မှာ
လည်း မိမိ ရနိုင်သော ဥစ္စာကို တတ်အားသရွေ့ ရှာဖွေခြင်းကို
ဆိုလိုပေမည်။ တတိယအရွယ် တရားရှာ ဆိုသည်မှာလည်း
တတိယအရွယ်၌ ဘဝသံသရာအတွက် တရား အားထုတ်ရန်
ဆိုခြင်းပင် ဖြစ်ပေမည်။

တရားသဘောနှင့် ဆင်ခြင်မည်ဆိုပါက မည်သည့်အရွယ်တွင်
ဆို တရားကို စ,သိသောအချိန်၌ တတ်နိုင်သမျှ အားထုတ်ခြင်း
သည်သာ အကောင်းဆုံး ဖြစ်သည်။ လူ့ဘဝ၏ သက်တမ်း
တစ်ဝက်ကို ရောက်လာပြီဆိုပါက နောင်တမလွန်ဘဝနှင့် ဘဝ
သံသရာအတွက် စဉ်းစား ချင့်ချိန်ပြီး တရားဓမ္မပိုင်းဆိုင်ရာ
ကျင့်စဉ် လုပ်ငန်း တစ်ခုခုကို လေ့ကျင့် အားထုတ်ရန် အချိန်
တန်ပြီ ဖြစ်သည်။ ဤအယူအဆမှာ ယေဘုယျ အယူအဆ
တစ်ရပ်သာ ဖြစ်သည်။

အတက်သည် ကြာသကဲ့သို့ အကျတွင် မြန်တတ်သည်မှာ
သဘာဝ နိယာမ တရား တစ်ခု ဖြစ်သည်။ စာရေးသူ လေ့လာ
ဖတ်ရှုလျက်ရှိသော လက္ခဏာပညာ၌ ရှေးခေတ်က လူတို့၏
အသက်ပိုင်းကို နှစ်-၉၀ ခန့် ပိုင်းခြား သတ်မှတ်ထားသည်။
လူ့သက်တမ်းကို နောက်ပိုင်းများ၌ နှစ်-၇၀ ခန့်သာ ပိုင်းခြား
သတ်မှတ်ကြကြောင်း တွေ့ရှိ လေ့လာရသည်။ အသက် လမ်း
ကြောင်း၏ တစ်ဝက်ကို ၃၅-နှစ် ထားပြီး ကျန် တစ်ဝက်ကို
၃၅-နှစ် ထားသည်။

သို့သော်လည်း အသက် လမ်းကြောင်းကို ပိုင်းခြားရာ
တစ်ဝက်တိတိ ဖြတ်မပိုင်းဘဲ လက်ဝါးပြင်၏ အရှည် အလျာ
အကျယ်အဝန်းနှင့် အနေအထားကို လိုက်ပြီး ပထမ ၃၅–နှစ်
အသက်လမ်းကြောင်း တစ်ဝက်ကျော်သည်အထိ ပိုင်းခြား သတ်မှတ်
ရလေသည်။ ကျန်သော အပိုင်းကို အသက်တစ်ဝက်ကျော်ပြီ
နောက်ထပ် ၃၅–နှစ်ခန့် ခွဲခြား၊ ပိုင်းခြား သတ်မှတ်သည်
ပထမပိုင်း ၃၅–နှစ် အသက်လမ်းကြောင်းကို ထပ်မံ ပိုင်းခြာ
ရာ၌ ၅–နှစ်စီ ခပ်ကျဲကျဲ ပိုင်းခြားသွားပြီး ဒုတိယပိုင်း ၃၅–
တွင်မူ ၅–နှစ်စီ ခပ်စိပ်စိပ် ပိုင်းခြားသွားရပေသည်။ အသ
လမ်းကြောင်းကို ၇–နှစ်စီ ပိုင်းခြားသော စနစ်လည်း ရှိသည်

စာရေးသူ ဆိုလိုသည်မှာ ပထမပိုင်း အသက်တစ်ဝက်သ
ကျဲပြီး ဒုတိယပိုင်း အသက်တစ်ဝက်မှာ စိပ်၍သွားခြင်းပင်
သည်။ အတက်မှာကြာ၍ ဖြည်းဖြည်းတက်သကဲ့သို့ အဆင်း
မြန်၍ ခပ်သွက်သွက် ဆင်းတတ်ပေသည်။ သို့ဖြစ်၍ အသ
တစ်ဝက်သို့ ရောက်ပြီဆိုပါက ဘဝသံသရာ၏ ကောင်း
ကောင်းကျိုးနှင့် ငြိမ်းချမ်းသာယာမှုအတွက် တစ်ခုခုကို ဆုံးဖြ
လုပ်ကိုင်သင့်ပေသည်။ သို့မှသာ စိတ်၏ ငြိမ်းချမ်းမှုကို ရ
ဘဝကူး ကောင်းနိုင်ကြပေမည်။

သာမန်အားဖြင့် သက်တမ်းစေ့နေသူ တစ်ဦးအဖို့ သ
တရားကို ရင်ဆိုင်ရန်အတွက် တစ်ဝက်ခရီးသို့ ရောက်ရှိပြီ
သည်။ လူ့ဘဝသက်တမ်း၏ တစ်ဝက်တွင်မှ တရားဓမ္မ
ဆိုင်ရာ လုပ်ငန်းကျင့်စဉ်များကို တတ်နိုင်သမျှ စောက်ချ
ဆောင်နိုင်ခြင်း မရှိသောသူကား ဤသာသနာတော်အတွင်း လူ



ဖြစ်ရသည်မှာ အခွင့်ကောင်းကြုံလျက် ဘာမျှ အဓိပ္ပာယ် မရှိသကဲ့သို့ ဖြစ်နေပေသည်။

လူ့ဘဝသက်တမ်း တစ်ဝက်တွင် ဘဝသံသရာ အတွက် ကောင်းကျိုးတစ်ခုခုကို စတင် ပြုလုပ်သင့်သကဲ့သို့ သာသနာ၏ သက်တမ်း တစ်ဝက်တွင်လည်း သာသနာနှင့် ပတ်သက်သော ကောင်းကျိုးတစ်ခုခု ဖြစ်ပေါ်လိမ့်မည်ဟု ထင်မြင်မိသည်။ ကောဇာ သက္ကရာဇ်–၁၃၁၈၊ ခရစ်နှစ်–၁၉၅၆ ခုနှစ်တွင် သာသနာသက္ကရာဇ် တစ်ဝက် ၂၅၀၀ သို့ ရောက်ရှိခဲ့ပြီး ဖြစ်သည်။

သာသနာတစ်ဝက်တွင် တရားဓမ္မပိုင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် အကျိုးဖြစ်ထွန်းမည်ဟု ယူဆမိသည်။ ရှေးဟောင်း စာပေများကို အထူးဝါသနာပါသဖြင့် အခြေအနေ အခွင့်အရေးနှင့် အချိန်ရလျှင် ရသလို ဖတ်ရှုလေ့လာတတ်သည်။ မြန်မာ့ရှေးဟောင်းပညာ ကျမ်းစာအုပ်အချို့၌ ရှေးပညာရှိကြီးများ ပြုစုရေးသားခဲ့သော သာသနာခေတ်များ အကြောင်းကို သွား၍ စဉ်းစားမိသည်။ ထိုအကြောင်းများကို အာဒိကပ္ပကမ္ဘာဦးကျမ်းနှင့် ဘုရင်လုပ်နည်း နိဿယည်းခေါ် လောကီပညာ လက်စွဲကျမ်းနှင့် အခြားကျမ်းတို့တွင် အကျယ်တဝင့် ရှင်းလင်း ရေးသားထားသည်များကို သိလိုသူများ ရှာဖွေလေ့လာနိုင်ပေသည်။

မြန်မာရှေးဟောင်း ပညာများမှ သာသနာ့ခေတ်များကို သွား၍ စဉ်းစားမိသည်။ အရှင်ဖုဿရဟန္တာ မထေရ်မြတ်သည် အနာဂတံသဉာဏ်ဖြင့် သာသနာတော် ခေတ်အား ငါးပိုင်း ပိုင်းခြားပြီး ဝေဖန် ဟောတော်မူခဲ့လေသည်။ ဆရာ အရှင်သူမြတ်၏ ဟောကြားချက်များမှာ မျက်မှောက်ခေတ်နှင့် ပြန်လည် တိုက်ဆိုင်

နေသဖြင့် စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ သာသနာခေတ် နှစ်ပေါင်း–၅၀၀၀ ကို နှစ်ပေါင်း–၂၅၀၀ စီ ခွဲခြား သတ်မှတ် ပိုင်းခြားကာ ဟောတော်မူခဲ့လေသည်။

| | | |
|---|---|---|
| ၁။ | ဝိမုတ္တိယုဂခေတ် | အနှစ် – ၅၀၀ |
| ၂။ | သမာဓိယုဂခေတ် | အနှစ် – ၅၀၀ |
| ၃။ | သီလယုဂခေတ် | အနှစ် – ၅၀၀ |
| ၄။ | သုတယုဂခေတ် | အနှစ် – ၅၀၀ |
| ၅။ | ဒါနယုဂခေတ် | အနှစ် – ၅၀၀ |
| | သာသနာတစ်ဝက် | နှစ်ပေါင်း –၂၅၀၀ |

သာသနာသက္ကရာဇ် နှစ်ပေါင်း–၂၅၀၀ လွန်သော် သာသနာ သက္ကရာဇ် နှစ်ပေါင်း–၂၅၀၀ နှစ်မှစ၍ အထက်ပါ အစီအစဉ် အတိုင်း ဝိမုတ္တိယုဂခေတ်မှ ပြန်လည် စ,ပေမည်ဟု ဟောကြားခဲ့ လေသည်။

၁။ ဝိမုတ္တိယုဂခေတ်အတွင်း၌ မဂ်ပေါက် ဖိုလ်ဝင် ပုဂ္ဂိုလ် များ အားကြီးသည်။

၂။ သမာဓိယုဂ ခေတ်အတွင်း၌ ဈာန်ရသော ပုဂ္ဂိုလ်များ အားကြီးသည်။

၃။ သီလယုဂခေတ်အတွင်း၌ အကျင့်ကောင်းသော ပုဂ္ဂိုလ် များ အားကြီးသည်။

၄။ သုတယုဂခေတ်၌ စာပေတတ်သော၊ ဗဟုသုတ များပြားသော ပုဂ္ဂိုလ်များ အားကြီးသည်။



၅။ ဒါနယုဂခေတ်အတွင်း၌ ပေးကမ်းစွန့်ကြဲ လှူဒါန်းမှု ပြုလုပ်သော ပုဂ္ဂိုလ်များ အားကြီးသည်။

ယခုအခါ၌ သာသနာသက္ကရာဇ် (၂၅၀၀)ကျော်ပြီ ဖြစ်သဖြင့် ဝိမုတ္တိယုဂခေတ်ထဲသို့ ပြန်လည် ဝင်ရောက်ရှိလာပြီ ဖြစ်သည်။ သာသနာ(၂၅၀၀)ကျော်သော် ယုဂခေတ်များကို အောက်ပါအတိုင်း ခွဲခြား သိရှိနိုင်ပေသည်။

၁။ ဝိမုတ္တိယုဂခေတ်– သာသနာသက္ကရာဇ် (၂၅၀၀)၊
ကောဇာသက္ကရာဇ် (၁၃၁၈)၊
ခရစ်သက္ကရာဇ် (၁၉၅၆) မှ စ၏။

၂။ သမာဓိယုဂခေတ်– သာသနာသက္ကရာဇ် (၃၀၀၀)၊
ကောဇာသက္ကရာဇ် (၁၈၁၈)၊
ခရစ်သက္ကရာဇ် (၂၄၅၆) မှ စ၏။

၃။ သီလယုဂခေတ်– သာသနာသက္ကရာဇ် (၃၅၀၀)၊
ကောဇာသက္ကရာဇ် (၂၃၁၈)၊
ခရစ်သက္ကရာဇ် (၂၉၅၉) မှ စ၏။

၄။ သုတယုဂခေတ်– သာသနာသက္ကရာဇ် (၄၀၀၀)၊
ကောဇာသက္ကရာဇ် (၂၈၁၇)၊
ခရစ်သက္ကရာဇ် (၃၄၅၆) မှ စ၏။

၅။ ဒါနယုဂခေတ်– သာသနာသက္ကရာဇ် (၄၅၀၀)၊
ကောဇာသက္ကရာဇ် (၃၃၁၈)၊
ခရစ်သက္ကရာဇ် (၃၉၅၆) မှ စ၏။

၅။ ဒါနယုဂခေတ်– သာသနာသက္ကရာဇ် (၅၀၀၀)၊
ကောဇာသက္ကရာဇ် (၃၈၁၈)၊
ခရစ်သက္ကရာဇ် (၄၄၅၆) တွင် ဆုံး၏။

သာသနာနှစ်(၂၅၀၀)၊ ကောဇာသက္ကရာဇ်(၁၃၁၈)ခု၊ ခရစ်သက္ကရာဇ်(၁၉၅၆)ခုနှစ် မရောက်မီ နှစ်ပိုင်းများက စာရေးသူတို့ ငယ်စဉ်ကစပြီး ဒါနခန်းတွေ များနေသည်ကို သတိပြု လေ့လာမိကြမည် ဖြစ်သည်။ ဒါနမှာ နိဗ္ဗာန်သို့ မရောက်နိုင်ပေ။ ရိက္ခာထောက် လုပ်ငန်းသက်သက်မျှ ဖြစ်သည်ကို သတိပြုသင့်ပေသည်။ နိဗ္ဗာန်ရောက်ကြောင်းတရားကို ကျင့်ကြံအားထုတ်ရာ၌ ဒါန၊ သီလ၊ ဘာဝနာ ဟူ၍ အဆင့် သုံးဆင့် ရှိသည်။ ဒါနကို အခြေခံပြီး သီလကို တည်ဆောက်ရသည်။ သီလမှတစ်ဆင့် ဘာဝနာစခန်းဖြင့်သာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေသည်။ ဒါနသီလ သက်သက်ဖြင့် နိဗ္ဗာန်ကို မရောက်ရှိနိုင်။ ဘာဝနာ တည်းဟူသော ကမ္မဋ္ဌာန်းတရား ကျင့်စဉ်နည်းလမ်းများဖြင့်သာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေသည်။

အရှင်ဖုဿ ရဟန္တာမထေရ်မြတ်၏ အနာဂတ်သ ဉာဏ်ဖြင့် ဆင်ခြင်ဝေဖန် ဟောကြားချက်အရ သာသနာနှစ်(၂၅၀၀)၊ ကောဇာသက္ကရာဇ်(၁၃၁၈)၊ ခရစ်သက္ကရာဇ် (၁၉၅၆)ခုနှစ် လွန်သော် ဝိမုတ္တိယုဂခေတ်သို့ ပြန်လည် ရောက်ရှိမည်၊ ဘုရားတစ်ဖန် ပြန်၍ ပွင့်သကဲ့သို့ ဖြစ်မည်။ မဂ်ပေါက် ဖိုလ်ဝင် အရိယာ တွေ များပြားသောခေတ်သို့ ရောက်မည်။ သာသနာတော်သည် နေဝန်း



လဝန်းသဖွယ် အလွန့်အလွန် ထွန်းလင်း တောက်ပပေမည်ဟု ဟောကြားခဲ့လေသည်။

ဝိမုတ္တိယုဂခေတ်၌ သာသနာအပင်ပေါက်၍ မဂ်သီးဖိုလ်သီး သီးဖို့ရန်အတွက် ဝိပဿနာမျိုးစေ့များကို ကြဲဖြန့်စိုက်ပျိုးလျက် ရှိနေကြလေပြီ ဖြစ်သည်။ သို့သော်လည်း အောင်သောမျိုးစေ့၊ ပိုးမထိုးသောမျိုးစေ့ ဖြစ်ပါမှ သန်စွမ်းသောအပင် ပေါက်နိုင်မည်ကို သတိပြုကြစေလိုသည်။ မျိုးစေ့ကောင်းလျှင် အပင်ပေါက်မြန်မည်။ အသီးသီး မြန်မည်။ စိုက်ပျိုးသောသူကလည်း မျိုးစေ့မှန်, မမှန်၊ ကောင်း, မကောင်းကို သိရန် အရေးကြီးသည်။ စိုက်ပျိုးသောသူသည်သာလျှင် ပဓာနအချက်အချာ ဖြစ်သည်ကို သတိပြုကြစေလိုသည် စသည်ဖြင့် အနာဂတ်ကို ကြိုတင်ခန့်မှန်း ဝေဖန်ခဲ့သည်များကို တွေ့ရှိ လေ့လာရပေသည်။

သစ်ပင်တစ်ပင် ဖြစ်ပေါ်လာရေးအတွက် မျိုးစေ့ကောင်းရုံသက်သက်ဖြင့် မဖြစ်နိုင်သကဲ့သို့ စိုက်သူကောင်းရုံမျှဖြင့်လည်း မအောင်မြင်နိုင်ပေ။ သစ်ပင်၏ ရှင်သန်ရာအကြောင်းဖြစ်သော ရေမြေ သဘာဝ ရာသီဥတုတည်း ဟူသော ပတ်ဝန်းကျင်ကောင်းမှုမှာလည်း အထူးအရေးပါပေသည်။ မျိုးစေ့ကောင်းခြင်း၊ ရေမြေ သဘာဝ ရာသီဥတု ကောင်းခြင်း၊ စိုက်သူ၏ ကောင်းခြင်း စသော အကြောင်းတရားများ ပေါင်းဆုံ ကောင်းမွန်မှသာလျှင် သစ်ပင် တစ်ပင်သည် ရှင်သန်ကြီးထွား ပေါက်မြောက်နိုင်မည် ဖြစ်သည်။

စိုက်သူမှာ ပဓာန အကျဆုံးဖြစ်သဖြင့် လူသည် ပထမအရေးအကြီးဆုံး ဖြစ်သည်။ ကျန်သည့်အခြေအနေများကို စိုက်ပျိုးမည့်သူ လူက ရှာဖွေဖန်တီး တီတွင်ရယူရမည်ဖြစ်သည်။ ထိုသို့တီထွင် ဖန်တီး ရယူရာ၌ သီလ၊ သမာဓိ၊ ပညာကို အခြေခံပြီး ခွဲ လုံ့လဖြင့် ကိုယ်တိုင် ကျင့်ကြံ အားထုတ်မှသာ လိုအပ်သော အပင်ကို စိုက်ပြီး အသီးကို စားနိုင်ကြမည် ဖြစ်ပေသည်။

* * *

အခန်း ( ၉ )

## မဟာအာဠာနာဋိယသုတ်တော်

ညောင်ဦးမြို့၏ ညနေခင်းမှာ သာယာလျက်ရှိသည်။ သူငယ်ချင်း ဗိုလ်ကြီးတစ်ဦးက သူ၏ဂျစ်ကားကလေးဖြင့် လာခေါ်၍ နတ်သမီးကမ်းပါးသို့ ထွက်ခဲ့ကြသည်။ ဘုရားစေတီအချို့ကို တွေ့ရပြီး ထုံးဖြူဖြူ ဖွေးလျက်ရှိသည်။ အချို့စေတီများမှာ ပြုပြင်မည့်သူမရှိ၍ ပျက်စီး ယိုယွင်းနေကြပြီ ဖြစ်သည်။ နတ်သမီးကမ်းပါးမှာ မတ်စောက်လျက်ရှိပြီး ဧရာဝတီမြစ်ကြီးကို စီး၍ မြင်နေရသည်။ မြစ်ပြင်မှာ ကျယ်ပြောလှပြီး လှေငယ်အချို့၊ ရွက်လှေအချို့နှင့် သင်္ဘောတစ်စင်းတလေ သွားလာနေကြသည်ကို တွေ့နေရသည်။ ညနေစောင်း၏ သာယာသော ရှုခင်းကို မြင်ရသဖြင့် စိတ်ဓာတ်ကို ကြည်နူးလန်းဆန်းစေသည်။

မြစ်ရော၏ သာယာသော ရှုခင်းကို နတ်သမီးကမ်းပါးထိပ်မှ ကြည့်ရင်း စာရေးသူ စိတ်ဝင်စားနေသော 'မဟာ အာဋာနာဋိယ' သုတ်တော်ကို သတိရမိပြန်သည်။ ထို သုတ်တော်ကို စွဲလမ်းနှစ်သက်မှုရှိသဖြင့် အချိန်ရသလို စိတ်တွင် ရွတ်ဆိုနေသော ကာလ ဖြစ်သည်။ အထက်အခန်းများတွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း မတော့ဆရာတော်ဘုရားကြီး ဦးဝါသဝကလည်း ထို သုတ်တော်လာ ဂါထာတော်တစ်ပုဒ်ကို အမြဲ ရွတ်ဖတ်ကြရန် တပည့်များကို ညွှန်ကြားတော်မူခဲ့ဖူးသည်။ ဤနေရာတွင် အကြောင်းတိုက်ဆိုင်နေသဖြင့် 'မဟာ အာဋာနာဋိယ' သုတ်တော် အကြောင်းကို ရှင်းလင်း ရေးသားလိုသော ဆန္ဒ ဖြစ်ပေါ်လာသည်။

စာရေးသူ၏ ဆရာတစ်ဆူ ဖြစ်တော်မူသော ကျေးဇူးရှင် ဓာလီတောင် ဆရာတော်ဘုရားကြီးသည် 'မဟာ အာဋာနာဋိယ' သုတ်တော်ကို အမြဲမပြတ် ရွတ်ဖတ် သရဇ္ဈာယ်တော်မူသည်။ ဆရာတော်ဘုရားကြီး ရွတ်ဖတ်တော်မူသည်များကိုလည်း အခါအခွင့် သင့်သလို ကြားနာခဲ့ရဖူးသည်။ ဆရာတော်ဘုရားကြီး ရွတ်ဖတ်သရဇ္ဈာယ်ရာ၌ အခြားပုဂ္ဂိုလ်များ ရွတ်ဖတ်သည်နှင့်မတူတမူ ထူးခြားပြီး အလွန့်စိတ်ကြည်နူးဖွယ်ရာ ကြည်ညိုသဒ္ဓါစိတ်များ ဆထက်ထမ်းပိုး တိုးတက် ဖြစ်ပေါ်မိသည်။ တစ်ချိန်တွင် စာရေးသူက ဆရာတော်ဘုရားကြီးအား 'မဟာ အာဋာနာဋိယ' သုတ်တော်အကြောင်းကို သိလို၍ လျှောက်ထားခဲ့သည်။ ဆရာတော်ဘုရားကြီးက ထိုသုတ်တော်မှာ အလွန်တရာ တန်ခိုးအစွမ်းထက်မြက်ပြီး သာသနာစောင့် နတ်မင်းကြီးများ စောင့်သော သုတ်တော်ဖြစ်ကြောင်း ရှင်းလင်း မိန့်ကြားခဲ့ဖူးသည်။



ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် အနီး ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူသည်။ ညဥ့်သန်းခေါင်ယံအချိန်တွင် သာသနာစောင့် နတ်မင်းကြီးလေးပါး ဖြစ်ကုန်သော ဝေဿဝဏ် (ကုဝေရ) နတ်မင်းကြီးသည် နတ်ဘီလူးစစ်သည်ကုဋေတစ်သိန်း၊ ဓတရဋ္ဌနတ်မင်းကြီးသည် ဂန္ဓဗ္ဗစစ်သည် ကုဋေတစ်သိန်း၊ ဝိရုဠှကနတ်မင်းကြီးသည် ကုမ္ဘဏ်စစ်သည် ကုဋေတစ်သိန်း၊ ဝိရူပက္ခနတ်မင်းကြီးသည် နဂါးစစ်သည် ကုဋေတစ်သိန်းတို့ဖြင့် ရောက်ရှိလာကြသည်။ နတ်မင်းကြီးတို့၏ ကိုယ်ရောင်ကိုယ်ဝါ တန်ဆာအရောင်တို့ဖြင့် ဂိဇ္ဈကုဋ်တောင် တစ်ခုလုံးမှာ ထွန်းလင်း တောက်ပလျက်ရှိသည်။ ဝေဿဝဏ်နတ်မင်းကြီးက ခေါင်းဆောင်ပြီး ဗုဒ္ဓမြတ်စွာ ဘုရားရှင်အား ရိုသေစွာ ရှိခိုး၍ အောက်ပါအတိုင်း လျှောက်ထားတော်မူသည်။

"ဘုန်းတော်ခြောက်ပါးတို့ဖြင့် ပြည့်စုံသော မြတ်စွာဘုရား။ ဤကမ္ဘာမြေပြင်၌ များစွာသော နတ်ဘီလူးအပေါင်းတို့ ရှိနေကြပါတယ်။ များစွာသော နတ်ဘီလူးအပေါင်းတို့အနက် အချို့သော နတ်ဘီလူးတို့မှာ ကိုယ်တော် အရှင်မြတ်ကို ကြည်ညိုကြပါတယ်။ အချို့သော နတ်ဘီလူးတို့မှာကား ကိုယ်တော်အရှင်မြတ်ကို မကြည်ညို မနှစ်သက်ကြပါ။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်အရှင်မြတ်သည် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာ ခိုးခြင်း စသောမကောင်းမှုများမှ ရှောင်ကြဉ်ရန် ဟောကြား၍ ဘီလူးတို့မှာ သဘာဝအရ များသောအားဖြင့် ထို မကောင်းမှုများမှ မရှောင်ကြဉ်တတ်သူများ ဖြစ်သောကြောင့် ဖြစ်ပါတယ် ဘုရား။

"ကိုယ်တော်အရှင်မြတ်၏ သာသနာတော်ကို ကြည်ညိုတဲ့ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ လူယောကျ်ား၊ လူမိန်းမ၊ ဤလေးပါးသော ပရိသတ်တို့သည် ကိုယ်တော်အရှင်မြတ်၏ ဩဝါဒကို နာခံပြီး တော၊ တောင်၊ သစ်ပင် အစရှိတဲ့ ဆိတ်ငြိမ်ရာ အရပ်တွေမှာ သူတော်ကောင်းတရားကို ပွားစေသည် ရှိသော် ကိုယ်တော်အရှင်မြတ်ကို မကြည်ညို မနှစ်သက်သော နတ်ဘီလူးတို့က ညှဉ်းပန်းနှိပ်စက် နှောင့်ယှက်ခြင်းကို ပြုပါတယ်။ ပရိသတ်လေးပါးကို နတ်ဘီလူးတို့ မညှဉ်းဆဲ မနှိပ်စက်စေခြင်းငှာ 'အာဋာနာဋိယ' အမည်ရှိသော အရံအတား အစောင့်အရှောက်ကို တပည့်သားတော်တို့အား သင်ကြားလေ့ကျက် ရွတ်ဖတ်သရဇ္ဈာယ်ပါစေ" ဟု လျှောက်ထားလိုက်သည်။

ဗုဒ္ဓမြတ်စွာ ဘုရားရှင်သည် ဝေဿဝဏ် နတ်မင်းကြီး လျှောက်ထားချက်ကို ဆိတ်ဆိတ်နေတော်မူခြင်းဖြင့် နတ်မင်းကြီး၏ စကားကို လက်ခံတော်မူသည်။ ထိုအခါ ဝေဿဝဏ် နတ်မင်းကြီးက 'မဟာ အာဋာနာဋိယ' မည်သော ပရိတ် အရံအတားကို ရွတ်ဆို လျှောက်ထား၍ ရှိခိုး ပူဇော်တော်မူသည်။

နံနက်မိုးသောက် အလင်းရောက်သော် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ရဟန်းအပေါင်းတို့ကို ခေါ်တော်မူ၍ ဝေဿဝဏ် နတ်မင်းကြီးက ခေါင်းဆောင်၍ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးက လျှောက်ထားသည့် အကြောင်း ဖြစ်ရပ်များကို ရှင်းပြတော်မူသည်။



ဗုဒ္ဓမြတ်စွာဘုရားရှင်က ရဟန်းတို့အား "ချစ်သားတို့၊ ယနေ့မှစ၍ ပရိသတ်လေးပါးတို့ကို နတ်ကြမ်း၊ ဘီလူး၊ သရဲတို့ ညှဉ်းဆဲ မနှိပ်စက်စေခြင်းငှာ 'မဟာ အာဋာနာဋိယ' အမည်ရှိသော သုတ်တော်အရံအတား အစောင့်အရှောက်ကို သင်ကြား လေ့ကျက် ရွတ်ဖတ် သရဇ္ဈာယ်ကြကုန်" ဟု မိန့်ကြားတော်မူသည်။

'မဟာ အာဋာနာဋိယ' သုတ်တော်၏ အကြောင်းများကို လေ့လာ သိရှိခဲ့သည့် အချိန်မှစ၍ စာရေးသူလည်း ဘုရား ရှိခိုးတိုင်း 'အာဋာနာဋိယ သုတ်ကို အမြဲ သတိထား၍ ရွတ်ဆိုသည်။ အချိန်များစွာ မရရှိခဲ့သဖြင့် ရှည်လျားသော 'မဟာ အာဋာနာဋိယ' သုတ်တော်ကိုမူ မရွတ်ဆိုနိုင်ပါ။ ပရိတ်ကြီး ၁၁-သုတ်တွင် ပါသော 'အာဋာနာဋိယ'သုတ်ကိုသာ ရွတ်နိုင်သည်။ ၁၉၆၆-ခုနှစ်က မတော့ ဆရာတော်ဘုရားကြီး ဦးဝါသဝ အကြောင်းကို သိရှိ လေ့လာရင်းမှ ဆရာတော်ဘုရားကြီးက တပည့်များအား တစ်ခုကောင်း ပေးခဲ့သော "ဇိနံဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ၊ ဝိဇ္ဇာစရဏ သမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ" ဆိုသော ဂါထာမန္တရာန်ကို ပြန်လည် စဉ်းစားမိသည်။ ထို ဂါထာမန္တရာန်မှာ 'မဟာ အာဋာနာဋိယ' သုတ်တော်၌ ပါရှိပြီး သာသနာစောင့် နတ်မင်းကြီးများက ဗုဒ္ဓဂေါတမ မြတ်စွာဘုရားရှင်အား ရှိခိုးသော ဂါထာပင် ဖြစ်သည်။ ဖော်ပြပါ ဂါထာဖြင့်ပင် ဗုဒ္ဓဂေါတမ မြတ်စွာဘုရားရှင်အား သာသနာစောင့် နတ်မင်းကြီးလေးပါးက အထပ်ထပ် ရှိခိုးသည့်အနေဖြင့် သုတ်တော်တွင် အကြိမ်ကြိမ် ဖော်ပြထားသည်ကို တွေ့ရသည်။ မန္တရ ယောဂီ

ကျင့်စဉ် နည်းများအရ လေ့လာ သုံးသပ်မည်ဆိုပါက ထိုဂါထာ
သုတ်တော် တစ်ခုလုံး၏ အသည်းနှလုံးပင် ဖြစ်ပေလိမ့်မည်
ယူဆမိသည်။

မတော့ဆရာတော်ဘုရားကြီးသည် သူ၏တပည့်များအ
ဤဂါထာ မန္တာန်ကို တစ်ခုကောင်းအဖြစ် ပေးခြင်းမှာလည်
အစွမ်းထက်မြက်လှသောကြောင့် ဖြစ်ပေလိမ့်မည်ဟု စွဲမြဲ
ယုံကြည်မိပေသည်။ မန္တရ ယောဂီ ကျင့်စဉ်များတွင် ထိုကဲ့
သော ဂါထာမန္တာန်များကို သတ်မှတ်ထားသော စည်းကမ်းနည်
လမ်းအတိုင်း လိုက်နာရွတ်ဆို လေ့ကျင့်အားထုတ်မှု ပြုနိုင်ပါ
လိုရာကိစ္စ ပြီးစီးသည်ဟု ဆိုသည်။

"ဇိနံ ဝဏ္ဏထ ဂေါတမံ" – အစချီသော ဖော်ပြပါ ဂါထာသ
ပရိသတ်ကြီး ၁၁–သုတ်တွင် ပါသော 'အာဋာနာဋိယသုတ်'
မပါရှိဘဲ 'မဟာ အာဋာနာဋိယသုတ်တော်' တွင်သာ ပါရှိ
သည်။ မည်သို့ပင်ဖြစ်စေ 'အာဋာနာဋိယသုတ်'အပြင် 'မဟာ
အာဋာနာဋိယသုတ်တော်' တစ်ခုလုံးကို မရွတ်နိုင်ပါက ထို သု
တွင်ပါသော 'ဇိနံ ဝဏ္ဏထ ဂေါတမံ' ဂါထာ၏ တန်ခိုးထက်မြ
မှုကို စွဲမြဲ ယုံကြည်မှုရှိသည့်အလျောက် မိတ်ဆွေများကိုလည်
ရွတ်ဆိုကြပါရန် တိုက်တွန်းခြင်း ပြုခဲ့ဖူးသည်။

ပရိသတ်ကြီး ၁၁–သုတ်ပါ 'အာဋာနာဋိယသုတ်တော်'
'ဝိပဿိဿစနမတ္ထု' မှစ၍ 'မဟန္တံ ဝီတသာရဒံ' အထိ ဖြစ်
ဂါထာ ၆–ပုဒ်၊ ၁၉၂–လုံးမျှပါသော အစဦးပိုင်းသည် 'မ
အာဋာနာဋိယသုတ္တ'တွင် ပါဝင်ပြီး ဘုရားဟော ဖြစ်သည်။
ဂါထာများမှာ နောက်ပိုင်းများမှ သီဟိုဠ်ရဟန်းတော်များ



အဋ္ဌကထာ ဆရာကြီးများက ထပ်ဖြည့်ထည့်ထားခြင်း ဖြစ်သည်။ သို့ဖြစ်၍ စိတ်ထဲတွင် 'မဟာအာဋာနာဋိယသုတ်' ပါ အပေါ် ၆–ဂါထာကို ပိုမို အာရုံပြု စိတ်ဝင်စားလျက် ရှိသည်။ သို့သော်လည်း 'မဟာ အာဋာနာဋိယသုတ်တော်'၏ အဓိကကျသော 'ဇိနံဝဏ္ဏထဂေါတမံ၊ ဇိနံဝဏ္ဏာမဂေါတမံ' ဆိုသော ဂါထာတော်မှာမူ ပရိတ်ကြီး ၁၁–သုတ်ပါ အာဋာနာဋိယသုတ်တွင် မည်သည့်အတွက် မပါသနည်း။ ရှေးဆရာကြီးများ တမင် ချန်ထားခဲ့သလား။ အကြောင်းတိုက်ဆိုင်မှု မရှိ၍ ထည့်သွင်းခြင်း မပြုဘဲ ချန်ထားခဲ့သလား စသည်များကို ဆင်ခြင် စဉ်းစားမိသည်။ မည်သို့ပင်ဖြစ်စေ ပရိတ်ကြီး ၁၁–သုတ်ပါ အာဋာနာဋိယသုတ်ကို ရွတ်တိုင်း သုတ်တွင် မပါသော ဖော်ပြပါ ဂါထာကို မကြာခဏ ထည့်သွင်း ရွတ်ဆိုတတ်သည်။ မတော့ဆရာတော်ဘုရားကြီး ညွှန်ကြားခဲ့သော ထိုဂါထာတော်ကို အထူးပင် စွဲလမ်း နှစ်သက်လျက်ရှိသဖြင့် အကြိမ်ကြိမ်အခါခါ ရွတ်ဆို ပွားများမိသည်။

စာရေးသူ၏ လိုချင်တောင့်တမှု ဆန္ဒတစ်ခုမှာ တစ်နေ့တွင် မမျှော်လင့်ဘဲ ပြည့်ဝသွားလေသည်။ မဟာအာဋာနာဋိယသုတ်ပါ ထူးဆန်းသော ဂါထာမန္တာန်တော်တစ်ခုကို ရရှိလိုက်လေသည်။ မည်သို့မည်ပုံ ရရှိသည်ကိုမူ ရှင်းလင်းရေးသားရန် မဖြစ်နိုင်သဖြင့် ချန်လှပ်ထားခဲ့ပါသည်။

ထိုမန္တာန်တော်ကို စာရေးသူ ရရှိဖော်ပြထားသည့် အစီအစဉ် အတိုင်း မည်သည့်ကျမ်းစာအုပ် ပေစာပုရပိုက်များတွင်မှ ရှာဖွေ တွေ့ရှိနိုင်လိမ့်မည် မဟုတ်ပါ။ စာရှုသူများက အကြောင်းအား

လျော့စွာ ဖော်ပြပါ အစီအစဉ်အတိုင်း တွေ့ရှိပါက သက်သေ အထောက်အထားများနှင့်တကွ စာရေးသူထံ ဆက်သွယ် အကြောင်းကြား စေလိုပါသည်။ ထို ဂါထာ မန္တာန်တော်မှာ မဟာအာဋာနာဋိယသုတ်ပါအတိုင်း ဖြစ်ပြီး ဝိပဿိဿ စ နမတ္ထု မှစပြီး…ဓိန တေဇသာ အထိ ဆယ်ပိုဒ် ရှိသည်။ တစ်ပိုဒ်လျှင် ၃၂ လုံးစီ အတိအကျ ပါဝင်ပြီး ဆယ်ပိုဒ်တွင် စာလုံးရေပေါင်း ၃၂၀–လုံး ရှိသည်။

## မဟာအာဋာနာဋိယ မန္တာန်တော်

၁။ ဝိပဿိဿ စ နမတ္ထု၊ စက္ခုမန္တဿ သိရီမတော။
သိခိဿပိ စနမတ္ထု၊ သဗ္ဗဘူတာ နုကမ္ပိနော။
၂။ ဝေဿဘုဿ စ နမတ္ထု၊ နှာတကဿ တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊ မာရသေနာ ပမဒ္ဒိနော။
၃။ ကောဏာဂမနဿ နမတ္ထု၊ ဗြာဟ္မဏဿ ဝုသီမတော။
ကဿပဿ စ နမတ္ထု၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။
၄။ အင်္ဂီရသဿ နမတ္ထု၊ သကျပုတ္တဿ သိရီမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ၊ သဗ္ဗဒုက္ခာ ပနူဒနံ။
၅။ ယေစာပိ နိဗ္ဗုတာ လောကေ၊ ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာအပိသုဏာထ၊ မဟန္တာ ဝီတ သာရဒါ။
၆။ ဟိတံ ဒေဝမနုဿာနံ၊ ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာ စရဏသမ္ပန္နံ၊ မဟန္တံ ဝီတသာရဒံ။
၇။ ဓိနံ ဝန္ဒထ ဂေါ တမံ၊ ဓိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏ သမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။



၈။ ဇဝေ စသေ့ စ သမ္ဗုဒ္ဓါ၊ အနေက သတ ကောဋိယော။
သဗ္ဗေ ဗုဒ္ဓါ သမ သမာ၊ သဗ္ဗေ ဗုဒ္ဓါ မဟိဒ္ဓိကာ။
၉။ တေသံ မေတ္တာ နုဘာဝေန၊ သဗ္ဗေရောဂါ သုသိတလာ။
သဗ္ဗေ ဘယာ ဝိနဿန္တု၊ သဗ္ဗေ နဿန္တု ပဒ္ဒဝါ။
၁၀။ သုခံ ဘဂျံ ဗလံ ဓေယျံ၊ ယသံ တေဇော လာဘံ အာယု။
အထဝရာ နိမာနေဝ ဝဖုန္တု ဓိန တေဇသာ။

## အနက်အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ စက္ခုငါးပါးရှိ၍ ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော ဝိပဿီမြတ်စွာဘုရားအား ကျွန်ုပ် ရှိခိုးပါသည်။ သတ္တဝါ အားလုံးကို သနားတော်မူတတ်သော သိခိမြတ်စွာဘုရား အားလည်း ကျွန်ုပ် ရှိခိုးပါသည်။
၂။ ကိလေသာတို့ကို ဆေးကြောပြီးဖြစ်၍ ခြိုးခြံသော အကျင့်ရှိသော ဝေဿဘူ မြတ်စွာဘုရားအား ကျွန်ုပ် ရှိခိုးပါသည်။ မာရ်စစ်သည်တို့ကို ဖျက်ဆီးတတ်သော ကကုသန် မြတ်စွာဘုရားအား ကျွန်ုပ် ရှိခိုးပါသည်။
၃။ မကောင်းမှုတို့ကို ပယ်ထုတ်ပြီးဖြစ်၍ ကျင့်သုံးပြီးသော အကျင့်မြတ်ရှိသော ကောဏာဂုံ မြတ်စွာဘုရားအား ကျွန်ုပ် ရှိခိုးပါသည်။ ဝိမုတ္တိငါးပါး၏ အစွမ်းအားဖြင့် အခါခပ်သိမ်း လွတ်မြောက်တော်မူပြီးသော ကဿပ မြတ်စွာဘုရားအား အကျွန်ုပ် ရှိခိုးပါသည်။
၄။ သာကီဝင် မင်းသားဖြစ်သော အကြင်မြတ်စွာဘုရားသည် ဆင်းရဲခပ်သိမ်းကို ပယ်ဖျောက်တတ်သော တရားကို

ဟောတော်မူ၏။ ကိုယ်တော်မှထွက်သော ရောင်ခြည်တော်တို့ဖြင့် ဘုန်းကျက်သရေနှင့်လည်း ပြည့်စုံတော်မူ၏။ ထို မြတ်စွာဘုရားအား ကျွန်ုပ် ရှိခိုးပါသည်။

၅။ လောကဦ အကြင်ဝိပဿီ အစရှိသော မြတ်စွာဘုရားတို့သည် ကိလေသာ ငြိမ်းပြီးကုန်သည်ဖြစ်၍ မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ မြင်တော်မူကြကုန်၏။ ထို မြတ်စွာဘုရားတို့သည် သိမ်မွေ့သောစကားတို့ကို ပြောဆိုခြင်း၊ ကြောက်ခြင်းတို့မှလည်း ကင်းကြကုန်၏။

၆။ နတ်လူတို့၏ အကျိုးစီးပွားကို ဆောင်တော်မူတတ်သော အသိဉာဏ် ဝိဇ္ဇာ အကျင့် စရဏတို့နှင့် ပြည့်စုံတော်မူသော ကြီးမြတ်တော်မူ၍ ကြောက်ရွံ့ခြင်း ကင်းတော်မူသော ဂေါတမ မြတ်စွာဘုရားကို နတ် လူတို့သည် ရှိခိုးကြကုန်၏။ ထိုဂေါတမမြတ်စွာဘုရားအား ကျွန်ုပ် ရှိခိုးပါသည်။

၇။ မာရ်ငါးပါးကို အောင်မြင်တော်မူ၍ ယောကျ်ားအာဇာနည် ဖြစ်တော်မူသော မြတ်စွာဘုရားအား ကျွန်ုပ်တို့သည် ရှိခိုးပါကုန်၏။ မာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရားအား ကျွန်ုပ် ရှိခိုးပါ၏။ ဝိဇ္ဇာ သုံးပါး၊ ဝိဇ္ဇာ ရှစ်ပါး၊ စရဏ တစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ကျွန်ုပ် ရှိခိုးပါသည်။

၈။ ထို ဆိုအပ်ခဲ့ပြီးသော ဘုရားရှင်တို့သည် တစ်ပါးမက ကုဋေ ကုဋာ များလှစွာ၏။ ခပ်သိမ်းကုန်သော ဗုဒ္ဓမြတ်စွာဘုရားရှင်တို့သည် အတုမရှိသောဘုရားရှင်တို့သာ ဖြစ်တော်မူကုန်၏။ ခပ်သိမ်းကုန်သော ဗုဒ္ဓမြတ်စွာ



ဘုရားရှင်တို့သည် ကြီးကျယ် မြင့်မြတ်သော တန်ခိုးတော်များ ရှိကုန်သည်။

၉။ ထို ဘုရားရှင်အပေါင်းတို့၏ မေတ္တာ အာနုဘော်ကြောင့် အလုံးစုံကုန်သော ကိုးဆယ့်ခြောက်ဖြာ အနာရောဂါတို့သည် အလွန် ငြိမ်းအေးကြစေကုန်သတည်း။ အလုံးစုံသော ကြောက်မက်ဖွယ်ရာ ဘေးမျိုးတို့သည် ပျောက်ကွယ် ကြပါစေသတည်း။ အလုံးစုံသော နှိပ်စက်တတ်သော ဘေးအန္တရာယ် ဟူသမျှသည် ပျက်စီးကြပါစေကုန်သတည်း။

၁၀။ ချမ်းသာခြင်း၊ ကျန်းမာခြင်း၊ ခွန်အား ကြီးခြင်း၊ အောင်မြင်ခြင်း၊ အခြွေအရံ ပေါခြင်း၊ ဘုန်းတန်ခိုး ကြီးခြင်း၊ စီးပွားဥစ္စာ ပေါများခြင်း၊ အသက်ရှည်ခြင်း စသော ဆုရှစ်ပါးတို့သည် ရှိ၏။ ထို ရှစ်ပါးသော ဆုတို့သည် မာရ်ငါးပါးကို အောင်မြင်တော်မူသော ဘုရားရှင်တို့၏ တန်ခိုးတော်ကြောင့် တိုးပွားပါစေသတည်း။

စာရေးသူမှာ မဟာအာဋာနာဋိယ သုတ်မှ ဖော်ပြပါ ဂါထာဒေသနာတော်ကို တတ်အားသမျှ ပွားများ အားထုတ်နေသောကာလ ဖြစ်သည်။ ပညာရှိ ပါရမီရှင် သူတော်ကောင်းများ ကောင်းကျိုးသုခ ရရှိစေရန်အတွက် ဉာဏ်ရှိသလို ပွားများ ရွတ်ဆိုနိုင်ကြစေရန် ကောင်းမြတ်သော စေတနာဖြင့် ရေးသား ဖော်ပြပါသည်။ ဉာဏ်ပါရမီရှိသလို ကောင်းကျိုးသုခအတွက် အသုံးပြုနိုင်ကြပါသည်။

* * *

အခန်း (၁၀)

## ရှင်အရဟံနှင့် အနော်ရထာ

တစ်နှစ်ခန့်ကြာသောအခါ စာရေးသူမှာ မမျှော်လင့်ဘဲ တ
တာဝန်တစ်ခုဖြင့် ညောင်ဦးမြို့သို့ ခရီးထွက်ခဲ့ရလေသည်။ ညော
ဦးမြို့သို့ ရောက်ခါနီးတွင် ဧရာဝတီမြစ်အကွေ့ စာရေးသူ စီးနင်
လိုက်ပါလာသော သင်္ဘောပေါ်မှ ပုဂံမြို့ဟောင်းကို လှမ်း
မြင်နေရသည်။ လည်ပင်းတွင် ဆွဲထားသော စစ်သုံးမှန်ပြောင်း
ကိုင်၍ ချိန်ကြည့်လိုက်ရာ နံနက်ခင်း နေခြည်နုအောက်တွင် ပု
မြို့ဟောင်းကို ပိုမို ထင်ရှားစွာ မြင်နေရသည်။ စိတ်ထဲတွ
လွမ်းဆွတ်ဖွယ် ကြည်နူးခြင်း ဖြစ်ပေါ်မိသည်။

ညောင်ဦးမြို့သို့ ရောက်ရှိပြီးနောက် ဆောင်ရွက်ဖွယ်ရ
လုပ်ငန်းတာဝန်များ ဆောင်ရွက်ရင်း အချိန်အားရလျှင် ပု



မြို့ဟောင်းကို သွားရောက် လေ့လာလိုသောဆန္ဒ ရှိသည်။ ကံအား
လျော်စွာ ညောင်ဦးတွင် ဆောင်ရွက်ဖွယ်ရာကိစ္စများမှာ တစ်ပတ်
ခန့်ကြာမည်ဟု မူလက ခန့်မှန်းထားသော်လည်း သုံးရက်ခန့်ဖြင့်
ပြီးစီးသလောက် ဖြစ်သွားသည်။

လုပ်ငန်းတာဝန်များ ဆောင်ရွက်ရင်း နောက်တစ်နေ့ နံနက်
ပိုင်းတွင် အချိန်အားရသဖြင့် နံနက်စောစောအချိန်တွင် ရွှေစည်းခုံ
ဘုရားရှိရာသို့ ကားတစ်စီးဖြင့် ထွက်ခဲ့လေသည်။

ရွှေစည်းခုံဘုရားမှာ အနော်ရထာမင်းက ရှင်အရဟံနှင့်
တိုင်ပင်ပြီး တည်ထားခဲ့သော ဘုရား ဖြစ်သည်။ ထိုစဉ်က
သရေခေတ္တရာပြည်မှ သူပုန်သူကန်တို့ ဌာနချုပ်ပြုလုပ်၍ ပုန်ကန်
ထကြွသည်။ အနော်ရထာသည် ဆင်တပ်၊ မြင်းတပ်၊ ကြည်းတပ်၊
ရေတပ် စသည်တို့ဖြင့် ရေကြောင်း၊ ကြည်းကြောင်းဖြင့် သရေ
ခေတ္တရာသို့ ချီတက်ပြီး သူပုန်များကို နှိမ်နင်း တိုက်ခိုက်သည်။
ထိုဒေသတစ်ဝိုက်မှ နောက် သူပုန်များ ထပ်မံ စုရုံး ပုန်ကန်မည်
ကို စိုးရိမ်သဖြင့် သရေခေတ္တရာမြို့ကို ဖျက်ဆီးပစ်ရလေသည်။

သရေခေတ္တရာမြို့သို့ ချီတော်မူရာ၌ ဒွတ္တဘောင်မင်းကြီး
တည်ထား ကိုးကွယ်ခဲ့သော စေတီတော်ကို ဖျက်၍ အတွင်း၌
ဌာပနာထားသော မြတ်စွာဘုရား၏ နဖူးသင်းကျစ် ဓာတ်တော်ကို
ယူဆောင်ခဲ့လေသည်။ ပုဂံသို့ ရောက်သောအခါ ရဟန္တာမြတ်
ရှင်အရဟံကို လျှောက်ထား တိုင်ပင်ပြီး နဖူးသင်းကျစ်တော်ကို
ရတနာဆင်တော်ထက်၌ တင်ပြီးနောက် ထို ဓာတ်တော် ကိန်းဝပ်
တော်မူလိုသောအရပ်၌ ဆင်ဖြူတော်ဝပ်ပါစေသတည်း ဟု
အဓိဋ္ဌာန်ပြု လွှတ်တော်မူသည်။

ဆင်ဖြူတော်လည်း ယခု ရွှေစည်းခုံဘုရား တည်ထားရာ သဲဝဲခုံ၌ ဝပ်လေသည်။ မင်းကြီးမှာ သာသနာ ငါးထောင်ပတ်လုံး တည်စေလိုသော ဆန္ဒဖြင့် ဆင်ဖြူတော်ကို လွှတ်ခဲ့သော်လည်း အောက်ခြေ ခိုင်မာမှုမရှိသော ဧရာဝတီမြစ်ကမ်းဘေး သဲဝဲခုံ၌ ဆင်ဖြူတော် ဝပ်သဖြင့် စိတ်မကောင်းဖြစ်ရလေသည်။

ထိုညတွင် အနော်ရထာမင်း အိပ်စက်သောအခါ၌ ဘိုးတော် သိကြားမင်းသည် ကိုယ်ထင်ပြပြီး ထိုနေရာမှာ သာသနာတော် ငါးထောင်ပတ်လုံး တည်မည့်နေရာ ဖြစ်ပေသည် ဟူ၍ အိပ်မက်တော်ပေးလေသည်။ အနော်ရထာမင်းမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီး ထိုနေရာတွင် ရွှေစည်းခုံဘုရားကို တည်ခဲ့ကြောင်း ရာဇဝင် သမိုင်းများတွင် လေ့လာ ဖတ်ရှုရဖူးသည်။ ရွှေစည်းခုံဘုရားမှာ အလွန်တရာ ကြည်ညိုဖွယ်ရာပင် ဖြစ်သည်။ မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် ဧရာဝတီမြစ်မှာ တဖြည်းဖြည်း ဆုတ်၍ ကွေ့ပတ် စီးဆင်းသွားရာ ကာလကြာသောအခါ၌ ရွှေစည်းခုံဘုရား တည်ထားသော သဲဝဲခုံနေရာမှာ မြစ်နှင့် အလွန် ဝေးသွားပြီး ခိုင်ခံ့ တောင့်တင်းလှသော တောင်ကုန်း မြေမြင့်အရပ် ဖြစ်နေတော့သည်။ ဤသည်မှာလည်း မျက်မြင်သက်သေ အံ့ဖွယ်ရာ တစ်ပါးပင် ဖြစ်တော့သည်။

ရွှေစည်းခုံဘုရားကို ဖူးမြော်ပြီးနောက် ရှင်အရဟံ ဗုဒ္ဓသာသနာနှင့် အနော်ရထာမင်းအကြောင်းကို စာရေးသူက စဉ်းစားမိသည်။ ရှင်အရဟံနှင့် အနော်ရထာမင်းစော တွေ့ပုံကလည်း ခပ်ဆန်းဆန်း ဖြစ်ပေသည်။ တစ်နေ့တွင် အနော်ရထာသည် မြင်းကမ္ဘားဘုရားမှ မြင်းစီး၍ ထွက်ခဲ့လေသည်။ သူ့စိတ်ထဲတွင်



တရားစစ် တရားမှန်ကို တွေ့လိုသောဆန္ဒက ပြင်းပြလျက်ရှိသည်။ သူသည် အစိတ်စိတ်အမြွာမြွာ ကွဲ...နေသော နိုင်ငံတော်အား စည်းနိုင်ရန်အတွက် တိုက်ခိုက် စည်းရုံးရသည်။ တိုင်းပြည် စည်းလုံးပြီး စည်ပင်သာယာတိုးတက်ရေးအတွက်လည်း လမ်းညွှန် ရပေသည်။ ကောင်းမြတ်သော တရားစစ် တရားမှန်နှင့် သစ္စာ တရားကို ရှာဖွေလိုသော ဆန္ဒကလည်း ရှိသည်။

သူ တွေ့နေရသော အရည်းကြီး ရဟန်းများမှာလည်း မိရိုးဖလာ ရှိခိုးမှုနှင့် ပူဇော်ပသမှုများကိုသာ ဟောပြော သင်ကြား ပြသနိုင်ပြီး ဘဝသံသရာအကြောင်းနှင့် နက်နဲသည့် သစ္စာတရား ကို ရှင်းလင်း ပြောပြနိုင်ခြင်း မရှိသဖြင့် စိတ်ပျက်လျက် ရှိလေသည်။ တရားစစ် တရားမှန်နှင့် သစ္စာတရားကို ဟောပြနိုင်သော ရဟန်းများ ရှိသည်ဟူ၍ကား ကြားဖူးသည်။ ထို ရဟန်းများ မှာလည်း တောနက်ရာ၌သာ တစ်ပါးတည်း သီတင်းသုံးနေထိုင် တတ်ပြီး လူတွေနှင့် ရောနှော မနေတတ်ကြောင်း ကြားသိရ ပြန်သည်။ တောထဲ၌ တစ်ပါးတည်း တရားအားထုတ်နေသော ထိုကဲ့သို့သော ပုဂ္ဂိုလ်သူမြတ် ရဟန်းမျိုးကို ဘယ်မှာ ရှာရပါမည် လဲဟု တွေးတောကြံဆ စိတ်ကူးရင်း မြင်းစီး၍ ထွက်လာခြင်း ဖြစ်သည်။

များမကြာမီ တိတ်ဆိတ်ငြိမ်သက်သော တောအုပ်တစ်ခုသို့ ရောက်ရှိသွားသည်။ သစ်ပင်ကြီးတစ်ပင်အောက်တွင် မြင်းပေါ်မှ ဆင်းကာ ခေတ္တ အနားယူသည်။ မြက်ခင်းပေါ်တွင် ပက်လက် လှဲကာ မျက်စိနှစ်လုံး စုံမှိတ်လျက် ခေတ္တ အနားယူရင်း သူ့ဘဝ သူ့အကြောင်းများကို စဉ်းစားနေမိသည်။ သူသည် သစ္စာတရား

ကို ရှာဖွေလိုသော စိတ်ဆန္ဒ အတွေးတို့ဖြင့် နစ်မျောလျက် ရှိသည်။

ထိုစဉ် မြက်ပင်များနှင့် ချုံနွယ်ပိတ်ပေါင်းများကို ညင်သာစွာ နင်းလာသော ခြေသံကို ကြားလိုက်ရသည်။ သူ၏စိတ်ကို ခေတ္တအားဖြင့် ငြိမ်းချမ်းသာယာ ကြည်နူးနှစ်သိမ့်မှု ဟိတ်တစ်မျိုးက လွှမ်းမိုးသွားလေသည်။ တောထဲတွင် ဤသို့ ခြေသံကြားပါက သဘာဝအရ ရန်သူထင်ပြီး ရုတ်တရက်အားဖြင့် ဘေးတွင် ချထားသော လှံကို ကောက်ကိုင်ရမည် ဖြစ်သည်။ ယခုအချိန်တွင်မူ သူ၏စိတ်ထဲတွင် ရန်ရှာလို၍လာသော ရန်သူဟု မထင်မိသဖြင့် မျက်စိနှစ်လုံးကို ဖွင့်ကာ ခြေသံကြားရာဘက်သို့ စောင်းငဲ့ကြည့်လိုက်သည်။

သူ၏ဘေး မြက်ခင်းပေါ်ရှိ တောရိုင်း ပန်းပွင့်ကလေးများပေါ်တွင် ရပ်နေသော ဖိနပ်မပါသည့် ခြေတော်အစုံကို တွေ့လိုက်ရသည်။ မော့၍ ကြည့်လိုက်သောအခါ သင်္ကန်းဝါကြီးကို စနစ်တကျ ရုံထားသော ရဟန်းတစ်ပါး ရပ်တော်မူနေသည်ကို အံ့သြဖွယ်ရာ တွေ့လိုက်ရပေသည်။ ရဟန္တာမြတ်၏ မေတ္တာ ဟိတ်တန်ခိုးကြောင့် အနော်ရထာ၏ စိတ်ထဲတွင် ကြည်ညိုသဒ္ဓါစိတ်များ ဖြစ်ပေါ်လာသည်။

ရဟန္တာ အရှင်မြတ်က သင်္ကန်းကို ပြင်ရုံ၍ လဲလျောင်းနေသော အနော်ရထာဘုရင်အား တစ်ချက် စူးစိုက်ကြည့်ပြီး သူ့လမ်းအတိုင်း ဆက်လက် ကြွသွားတော်မူလေသည်။ အနော်ရထာဘုရင်သည် လဲလျောင်း အနားယူနေရာမှ ရုတ်တရက် ထပြီး



ရဟန်းတော်နောက်သို့ ခပ်သုတ်သုတ်လိုက်ကာ "အရှင်ဘုရားဟာ ဘယ်လို ပုဂ္ဂိုလ်များလဲ၊ ဘယ်မှာ သီတင်းသုံးပါသလဲဘုရား" ဟု လက်အုပ်ချီ၍ လျှောက်ထား မေးမြန်းလိုက်သည်။

ရဟန်းက "ငါ့ရဲ့ဘွဲ့တော်ကတော့ ရှင်အရဟံလို့ ခေါ်ပါတယ်၊ ဒီတောအုပ်ထဲမှာ သီတင်းသုံးပါတယ်" ဟု ဖြေလိုက်သည်။ အနော်ရထာဘုရင်မှာ ရုတ်တရက် ဘာပြန်လျှောက်ရမည်ကို မသိဘဲဖြစ်နေပြီးမှ "မေတ္တာ ကရုဏာရှင် ဘုရား၊ အရှင်ဘုရားဟာ ဘယ်အမျိုးအနွယ်က ဖြစ်ပါသလဲ၊ အရှင်ဘုရား သိသော တရား တစ်ခုခုကို တပည့်တော်ကို ဟောပြခဲ့ပါ" ဟု လျှောက်ထားလိုက်လေသည်။ ရှင်အရဟံက "ငါ့ရဲ့ အမျိုးအနွယ်ဟာ ဂုဏ်တော်ကိုးပါးနဲ့ ပြည့်စုံတော်မူတဲ့ အစိန္တေယျ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ရဲ့ အမျိုးအနွယ် ဖြစ်တယ်၊ ငါ့ဆရာနဲ့ သီတင်းသုံးဖော်များဟာ သထုံပြည်မှာ ရှိကြတယ်၊ ငါဟာဆိုရင် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ရဲ့ အဆုံးအမအတိုင်း ကျင့်ကြံ အားထုတ်နေတယ်" ဟု ဖြေလိုက်သည်။ ရှင်အရဟံ မထေရ်က ဆက်လက်ပြီး မြတ်စွာဘုရား ဟောကြားတော်မူသော အဆုံးအမ တရားဒေသနာများကို ဒါန သီလ ဘာဝနာတို့နှင့် ယှဉ်ပြီး ဟောကြားဆုံးမလေသည်။

အနော်ရထာမင်းသည် ရှင်အရဟံ၏ နေထိုင်ပြုမူပုံများကို လေ့လာရ၍လည်း အလွန်တရာ သိမ်မွေ့နူးညံ့လျက် ဣန္ဒြေသိက္ခာ ရှိတော်မူသည်ကို တွေ့ရပြန်လေသည်။ သူ၏စိတ်ထဲတွင် မိမိတွေ့ကြုံနေရသော အရည်းကြီး ရဟန်းများနှင့် ရှင်အရဟံမထေရ်

မြတ်၏ ကွာခြားချက်များကို တွေ့ရသောအခါ ကြည်ညိုသဒ္ဓါစိတ်များ ပိုမို ဖြစ်ပေါ်ရလေသည်။ အချို့ ရာဇဝင်ကျမ်းများကလည်း မုဆိုးတစ်ယောက်က တောလိုက်ရင်း ရှင်အရဟံမထေရ်မြတ်ကို တွေ့ရှိပြီး နန်းတော်သို့ ပင့်ဆောင်လာသည်ဟု ဆိုသည်။

အနော်ရထာဘုရင်သည် ရှင်အရဟံကို တွေ့သောအခါ၌ ထိုပုဂ္ဂိုလ်သည် မြတ်သောသူဖြစ်ပါက မြတ်သောနေရာ၌ နေလိမ့်မည်ဟု စိတ်တွင် ကြံပြီး "သင့်တင့်လျောက်ပတ်သော နေရာ၌ နေပါ"ဟု ပြောလိုက်သည်။

ရှင်အရဟံသည် အနော်ရထာဘုရင်၏ စိတ်အကြံကိုသိနေပြီး ဖြစ်သည့်အလျောက် မြတ်သော ရာဇပလ္လင်ပေါ်သို့ တက်၍ မျက်လွှာချကာ တည်ကြည်ငြိမ်သက်စွာ ဣန္ဒြေသိက္ခာဖြင့် သီတင်းသုံး နေတော်မူသည်။ အနော်ရထာဘုရင်မှာ သူ၏ စိတ်အကြံကို သိနေပေသည်ဟု ထင်ပြီး အံ့သြတွေဝေသွားလေသည်။

အနော်ရထာဘုရင်က ဆက်လက်ပြီး တရားဓမ္မပိုင်းဆိုင်ရာ သူသိလိုသော အကြောင်းအရာများကို မေးမြန်းပြန်ရာ ရှင်အရဟံမထေရ်မြတ်က မင်းကြီး သဘောပေါက်အောင် ဖြေဆိုတော်မူလေသည်။ ရှင်အရဟံမထေရ်မြတ်သည် သီရိဓမ္မာသောကမင်းကြီးအား နိဂြောဓသာမဏေ ဟောတော်မူအပ်သော အပ္ပမာဒ အစရှိသော တရားတော်ကို ဟောကြားတော်မူလေသည်။ အနော်ရထာဘုရင်က "အရှင်ဘုရား၊ သမ္မာသမ္ဗုဒ္ဓ အမည်တော်ရှိသော ဘုရားရှင်သည် မည်သည့်အရပ်တွင် ရှိတော်မူသနည်း" ဟု မေးလျှောက်သည်။



ရှင်အရဟံမထေရ်မြတ်က "လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး၊ လက္ခဏာတော်ငယ် ရှစ်ဆယ်၊ ရောင်ခြည်တော် ခြောက်ပါးတို့နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားရှင်ဟာ အလွန်တင့်တယ်တော်မူပါတယ်။

"ဘုရားရှင်ဟာ မနှိုင်းယှဉ်အပ်တဲ့ ကျက်သရေကို ဆောင်တော်မူပြီး ဉာဏ်တော်အား ဆယ်ပါးနဲ့ ပြည့်စုံတောမူပါတယ်၊ သဗ္ဗညုတ ဉာဏ်တော်ကို ရရှိပြီးဖြစ်တဲ့ ဘုရားရှင်ဟာ မဟာဗောဓိပင်အနီးမှာ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးတဲ့နောက် လေးဆယ့်ငါးဝါပတ်လုံး လူ၊နတ်၊ဗြဟ္မာ သတ္တဝါခပ်သိမ်းကို ကြီးမြတ်တဲ့ မဟာကရုဏာတော်နဲ့ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့ပါတယ်။ အဲဒီလို သတ္တဝါတွေအကျိုးအတွက် လမ်းညွှန်ပြသတော်မူပြီးတဲ့နောက် ကုသိနာရုံပြည်မှာရှိတဲ့ မလ္လာမင်းတို့ မင်္ဂလာပြုရာ အင်ကြင်းဥယျာဉ်တော်မှာ ပရိနိဗ္ဗာန် ပြုတော်မူပါတယ်။

"မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတဲ့အခါမှာ မြတ်စွာဘုရားရဲ့ တန်ခိုးတော်ကြောင့် လောကဓာတ်ကြီးတစ်ခုလုံး တုန်လှုပ်သွားစေခဲ့တယ်၊ မြတ်စွာဘုရားရှင်ရဲ့ ကြွင်းကျန်တဲ့ သရီရ ဓာတ်တော်တွေကို တစ်ဆယ့်တစ်ပြည်ထောင်မှာ ရှိတဲ့ မင်းတွေက ဆောင်ယူပြီး အသီးသီး ကိုးကွယ်ကြတယ်" ဟု ရှင်းပြ မိန့်ဆိုတော်မူသည်။

ထို့နောက် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ပြုပြီးသည့်နောက်တွင် သင်္ဂါယနာတင်ခဲ့သည့် အကြောင်းအရာများနှင့် တက္ကမ္မကွစန္ဒာ ရှစ်သောင်းလေးထောင် ရှိခဲ့သည့် အကြောင်းများကို

ရှင်းပြသည်။ ရှင်အရဟံမထေရ်က ဗုဒ္ဓသာသနာဖြစ်စဉ် သမိုင်းနှင့် တကွ ဗုဒ္ဓ၏ အဆုံးအမ ဩဝါဒများကို ဟောကြားပြီးသော အခါ၌ အနော်ရထာဘုရင်သည် ရှင်အရဟံမထေရ်မြတ်၏ ပစ္စည်းလေးပါး ဒါယကာအဖြစ် ခံယူကာ ရတနာများ စီခြယ် မွမ်းမံထားသော ကျောင်းကို ဆောက်လုပ် လှူဒါန်းတော်မူလေသည်။

အနော်ရထာဘုရင်သည် ရှင်အရဟံနှင့်တွေ့ပြီးနောက် မြတ်စွာဘုရား ဟောကြားတော်မူသော တရားစစ် တရားမှန်နှင့် ဘဝသံသရာမှ လွတ်မြောက်စေသော ကြောင်းကျိုး ဆက်စပ်သည့် တရားတော်များကို သိမြင်လာသည်။ ပင်ကိုယ်ကပင် ထက်မြက်သော မင်းတစ်ပါး ဖြစ်၍ ကြောင်းကျိုးဆက်စပ်မှု မရှိသော အယူအဆ သဘောတရားများကို လက်မခံလိုသော စိတ်ဓာတ်ရှိသည့်အလျောက် ရှင်အရဟံ၏ ဟောကြားချက်များကို သက်ဝင်ယုံကြည်လာသည်။

အနော်ရထာမင်းသည် ထိုစဉ်က ပုဂံပြည်တွင် ထွန်းကားလျက်ရှိသော အရည်းကြီးဝါဒကို အပြီးအပိုင် စွန့်ပယ်ပြီး ကောင်းမြတ်သော ဗုဒ္ဓသာသနာတော်ကို သက်ဝင်ယုံကြည်ကာ ချီးမြှောက်ပူဇော်လေသည်။ ရှင်အရဟံ၏ဘွဲ့အမည်မှာ အရှင်ဓမ္မဒဿီ ဖြစ်ပြီး သူ၏ဆရာမှာ အရှင်သီလဗုဒ္ဓိ ဘွဲ့မည်သော ရဟန္တာ အရှင်မြတ် ဖြစ်တော်မူသည်။ ရှင်အရဟံမထေရ်မြတ်သည် ဗေဒင်လေးပုံနှင့်တကွ ပိဋကတ်ကျမ်းဂန်များကို တတ်မြောက်တော်မူ၍ ရဟန္တာ ဖြစ်တော်မူသည်။

ရှင်အရဟံမထေရ်မြတ်သည် အနော်ရထာမင်း၏ ဆရာတော်မြတ် ဖြစ်သကဲ့သို့ စွန်းလွန်းဆရာတော်ဘုရားကြီးမှာလည်း



ချိန်က မနူဟာမင်း၏ ဆရာတော် ဖြစ်ခဲ့ရလေသည်။ ရှင်အရဟံ အနော်ရထာမင်းတို့မှာ မည်သည့်ဘဝသို့ ရောက်နေကြပြီကို ရေးသူက မသိနိုင်သော်လည်း စွန်းလွန်းဆရာတော်ဘုရားကြီး မနူဟာမင်းတို့မှာမူ စာရေးသူတို့ခေတ်၌ ဘဝသံသရာခရီး မ်းကြောင်းတွင် ပြန်လည် ဆုံတွေ့ကြသည်။ ဤဖြစ်ရပ်မှာ တ်ဝင်စားစရာ ကောင်းလှပြီး ဘဝသံသရာ၏ ထူးခြား ဆန်း ယ်သော ပြောင်းလဲမှုကို ဖော်ပြလျက်ရှိသည်။

* * *

## အခန်း ( ၁၁ )

## မန္တလေးမင်းနှင့် စွန်းလွန်းဆရာတော်

နောက်တစ်နေ့နံနက် ၄–နာရီခန့်တွင် ပုဂံမြို့သို့ တ
ထွက်ခဲ့ရာတွင် မဟာအာဋ္ဌာနာဋိယမန္တာန်တော်ကို ရွတ်ဆို ပွားမျ
သွားသည်။ ထိုစဉ်က ယင်း မန္တာန်တော်ကို စွဲမြဲယုံကြည
ပွားများ ရွတ်ဆိုနေဆဲကာလ ဖြစ်သည်။ ဆောင်းရာသီ ဖြစ်သ
အတန်ငယ် အေးချမ်းလျက်ရှိသည်။ အာနန္ဒာဘုရားကို နံ
အရုဏ်မတက်မီ ရောက်ရှိသွားသည်။ ဘုရားလိုဏ်ဂူအတွင်း ဝ
ပန်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ကာ စိတ
အေးချမ်းငြိမ်သက်စွာ ထားပြီး ဘုရားဝတ်ပြုသည်။ ပါလာသေ
ဖယောင်းတိုင်မီးဖြင့် ပရိတ်ကြီးပါဠိတော်၊ စက်ပရိတ်၊ ဓာရ
ပရိတ်၊ ပဋ္ဌာန်းပါဠိတော် စသည်များကို ရွတ်ဆိုသည်။



ဘုရားတွင် လူသူမရှိ တိတ်ဆိတ်လျက် ရှိသည်၊ ပရိတ်များ ရွတ်ဆိုပြီးသောအခါ၌ ငြိမ်သက်စွာ ထွက်လေဝင်လေကို မှတ်ပြီး တရားထိုင်သည်။ ဘုရားလိုဏ်ဂူအတွင်း လူသူမရှိ တစ်ဦးတည်း တရားထိုင်ရသည်မှာ အလွန်တရာ ငြိမ်းချမ်းလှသည်။ ပျံ့လွင့်နေသော စိတ်အာရုံများကို တည်ငြိမ်အောင် ကြိုးစားပြီး ဆရာတော်ဘုရားကြီးများ ဆုံးမသွန်သင် နည်းပြခဲ့သည့်အတိုင်း ထွက်လေဝင်လေကို သတိချပ်ကာ အသက်မှန်မှန် ရှူရှိုက်လျက်ရှိသည်။ ၁၀–မိနစ်ခန့်ကြာသောအခါ၌ ခန္ဓာကိုယ်တစ်ခုလုံး တည်ငြိမ်သွားပြီး ပျံ့လွင့်နေသော စိတ်အာရုံများကို ထိန်းချုပ်နိုင်ကာ မိမိအာရုံပြုထားသော ထွက်လေ ဝင်လေ ရှူရှိုက်မှုတွင် စိတ်ကို တည်ငြိမ်စွာ ထားနိုင်လာသည်။

တရားထိုင်နေစဉ်ခဏ၌ ထူးဆန်းသော အမွှေးနံ့တစ်မျိုးကို ရရှိလိုက်သည်။ ထိုအမွှေးနံ့မှာ ထွန်းထားသော အမွှေးတိုင် အနံ့များနှင့်မတူ တမူထူးခြားကာ သင်းပျံ့မွှေးကြိုင်လျက် ရှိသည်။ ခန္ဓာကိုယ်တစ်ခုလုံး ကြက်သီးများ ဖြန်းဖြန်းထကာ စိတ်မှာ ကြည်နူးနှစ်သိမ့် တည်ငြိမ်လျက်ရှိသည်။

ထိုအချိန်၌ စိတ်အာရုံတွင် အလွန်ထူးဆန်းသော မြင်ကွင်းတစ်ခုကို မြင်လိုက်ရသည်။ လျှပ်စီးလက်သကဲ့သို့ အရောင်များ ဝင်းဝင်းတောက်သွားပြီး လှပသော ချပ်ဝပ်တန်ဆာများကို ဝတ်ထားသည့် ပုဂ္ဂိုလ်ထူးတစ်ဦး မတ်တတ်ရပ်လျက် ဘုရားကို အာရုံပြုနေပုံ တွေ့မြင်ရသည်။ အဝတ်တန်ဆာများမှာ တောက်ပြောင် သစ်လွင်လှသည်။ ရွှေငွေ ကျောက်သံပတ္တမြား စသည့် ရတနာကိုးပါးဖြင့် စီခြယ်ထားသည်ဟု ထင်ရသည်။ အရောင်

များ ပြိုးပြိုးပြက်ပြက် ထွက်လျက်ရှိသည်။ အရပ်မှာ ခုနစ်ပေခန့် ရှိမည်ဟု ခန့်မှန်းရပြီး အသားရောင်မှာ ဖြူနီရောင်ဖြစ်၍ ကြေးနီရောင် သမ်းနေသည်ဟု ထင်ရသည်။ မျက်နှာမှာ အချိုးအဆစ်ကျ၍ ကျက်သရေရှိလှပြီး မည်းနက်ကော့ပြောင်သော နှုတ်ခမ်းမွေးလည်း ရှိသည်။ ခန္ဓာကိုယ်မှာ အချိုးအစား ပြေပြစ်လှပြီး လူသာမန်တို့နှင့် လုံးဝမတူ တစ်မူထူးခြားလျက် ရှိသည်။

တွေ့ရသော အမြင်ကြောင့် အံ့သြစိတ် လှုပ်ရှားမှုဖြစ်နေစဉ် သွားရောက် ကိုင်တွယ် ထိတွေ့ကြည့်လိုသော စိတ်ဆန္ဒ ပေါ်ပေါက်လာသည်။ သို့သော်လည်း ထိုသို့ စိတ်ကူးမိစဉ် စာရေးသူ၏ ခန္ဓာကိုယ်မှာ လှုပ်ရှား၍မရ။ အခင်းပေါ်တွင် ကပ်နေသကဲ့သို့ ဖြစ်နေသည်။ အားယူ၍ ရုန်းကန်လှုပ်ရှားပြီး ထို ပုဂ္ဂိုလ်အား ကိုင်တွယ် စမ်းသပ်ကြည့်ရန် ကြိုးစားသော်လည်း မရဘဲ ဖြစ်နေသည်။ ထိုစဉ် မြင်တွေ့ရသော ပုဂ္ဂိုလ်ထူးမှာ မြင်ကွင်းအတွင်း၌ပင် အခိုးအငွေ့များသဖွယ် ဖြစ်ပြီး အရောင်တလက်လက်နှင့် ပျောက်ကွယ်သွားသည်ကို တွေ့ရသည်။

ထို ထူးခြားသော မြင်ကွင်းကို အာရုံပြု စိုက်ကြည့်နေရင်း မလှုပ်မယှက် ဖြစ်နေမိသည်။ သင်းပျံ့မွှေးကြိုင်သော အမွှေးနံ့သာများမှာလည်း ရုတ်တရက် ပျောက်ကွယ်သွားပြီး စာရေးသူ ထွန်းညှိထားသော အမွှေးတိုင်နံ့များသာ ဘုရားပတ်ဝန်းကျင်တွင် ကျန်ရှိနေတော့သည်။

ရုတ်တရက် သတိရလာပြီး ခန္ဓာကိုယ်ကို လှုပ်ရှားနိုင်လာသည်။ ပဒုမ္မာကြာပွင့်သဏ္ဌာန် ထိုင်နေရာမှ တင်ထားသော ခြေထောက်များကို ဖြုတ်လိုက်သည်။ စိတ်၏ လှည့်စားချက်ဆေ



လားဟု အမျိုးမျိုး ဆင်ခြင်စဉ်းစားမိသည်။ ထိုအချိန်၌ နံနက်လင်းအရုဏ် ပေါ်လာသည်။ လိုဏ်ဂူပေါက်မှ အလင်းရောင်ပျိုးလာသည်ကို လှမ်းမြင်ရသည်။ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ လူသူမရှိ တိတ်ဆိတ် ငြိမ်သက်လျက်ရှိသည်။

စိတ်၏ကြည်နူးနှစ်သိမ့်မှုကြောင့် စိတ်ပိုင်းဆိုင်ရာ လှည့်စားဖြစ်ပေါ်မှုကြောင့် ထိုကဲ့သို့ စိတ်အာရုံတွင် မြင်တွေ့ရသည်ဟု ယူဆရန်မှာလည်း အသေအချာ မြင်တွေ့ခဲ့ရသဖြင့် အတွေးရခက်နေသည်။ ရုတ်တရက် ပျောက်သွားသော အမွှေးနံ့ကလည်း အံ့ဖွယ်တစ်ရပ် ဖြစ်နေပြန်သည်။ အမွှေးတိုင်အနံ့ ဆိုပါကလည်း တဖြည်းဖြည်းသာ ပျောက်ကွယ်သွားဖို့ရှိသည်။

တက္ကသိုလ် ကျောင်းသားဘဝက သိပ္ပံပညာကို ယူခဲ့ဖူးသဖြင့် လက်တွေ့မပါသော သဘောတရားကို လက်ခံနိုင်စွမ်းမရှိခဲ့ပေ။ သို့ကြောင့်ပင် ထိုင်နေရာမှ ထ၍ ကိုင်တွယ်ကြည့်ရန် စိတ်ကူးမိခြင်း ဖြစ်သည်။ ခြေလျင်စာပ်ရင်း-၆ တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ညဉ့်နက်သန်းခေါင်အချိန်တွင် ဥစ္စာစောင့်ကို လိုက်ဖမ်းခဲ့သည့်အကြောင်းများ 'ထူးခြားဆန်းကြယ်သော ဘဝဖြစ်စဉ်များ' တွင် ရေးသားဖော်ပြခဲ့ပြီး ဖြစ်သည်။

ထိုင်ရသည်မှာ ကြာပြီဖြစ်သဖြင့် မတ်တတ်ရပ်ကာ ခါးဆန့်၍ အညောင်းအညာ ဖြေလိုက်သည်။ နေထွက်လာပြီဖြစ်၍ ဘုရားဖူးများ တစ်ဦးစ နှစ်ဦးစ ဝင်လာကြသည်ကိုတွေ့ရသည်။ ဘုရားလိုဏ်အတွင်းပတ်၍ ရုပ်ပွားတော်များကို လှည့်လည် ဖူးမြော်ပြီးနောက် အာနန္ဒာဘုရားမှ ထွက်ခဲ့လေသည်။ ထိုမှတစ်ဆင့် ကားဖြင့် အခြား ဘုရားများရှိရာသို့ လှည့်လည် ဖူးမြော်သည်။

ပျက်စီးယိုယွင်းနေပြီဖြစ်သော အုတ်တံတိုင်းကြီး အလယ်တွင် 'ထီးလိုမင်းလို' ဘုရားကို ဖူးမြော်ရသည်။ နံနက်စောစောဖြစ်သဖြင့် လူရိပ်လူခြည်မရှိ ခြောက်သွေ့ တိတ်ဆိတ် ငြိမ်သက်လျက်ရှိသည်။ အရှေ့ မိုးကုတ်စက်ဝိုင်းမှ နေထွက်စဖြစ်သဖြင့် မြင်ကွင်းမှာ စိတ်ဓာတ်ကို အထူးပင် ကြည်နူးစေသည်။ တစ်ကြိမ်တစ်ခါက ထိုနေရာတစ်ဝိုက်တွင် ဘုရင်နှင့်တကွ မင်းညီမင်းသားမှူးမတ် ခြွေရံများ တီးမှုတ်ကခုန်ကာ ဘုရားပွဲများ ခြိမ့်ခြိမ့်သဲကျင်းပလျက် ရှိခဲ့ကြမည်ကို တွေးနေမိသည်။

ယခုအချိန်တွင်မူ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာဖြင့် လူသူမရှိ ထီးကည်းကြီး တည်ရှိနေသော ပျက်စီးယိုယွင်းနေသည့် ဘုရားစေတီတော်ကြီးအား တွေ့မြင်ရသည်။

တစ်ချိန်က ထိုနေရာတစ်ဝိုက်တွင် ကြက်ပျံမကျ စည်ကားခဲ့ကြသည်။ ယခုမူ ယိုလူကွေလည်း မရှိတော့ပြီ။ နှစ်ကာလ၊ ခေတ်ကာလ ကြာသောအခါ အချိန်က ဝါးမျိုသွားခဲ့ပြီ ဖြစ်သည်။ သခၤါရသဘောကို ဆင်ခြင်မိသည်။ ပျက်စီးရွေ့လျား ပြောင်းလဲနေသော ဘဝများကိုလည်း တွေးမိသည်။ ဘုရားစေတီတော်အတွင်းသို့ ဝင်ကြည့် ဖူးမြော်သောအခါ၌ ဆင်းတုတော်များ၊ လိုဏ်ဂူများမှာ အတော်ပင် ပျက်စီးယိုယွင်းလျက် ရှိနေကြပေပြီ။ ဘုရားကို တည်ခဲ့သူ ဆောက်ခဲ့သူများလည်း မရှိကြတော့ပေ။ သူတို့၏ အရိုးများမှာလည်း ယခုအချိန်မှာ ဆွေး၍ မြေမှုန့်အဖြစ်ရောက်ရှိနေပြီဖြစ်သည်။

သူတို့တစ်တွေ ဘယ်ဘဝကို ရောက်နေကြသလဲဟု စာရေးသူက သိလိုလှသည်။ သို့သော်လည်း ထိုကဲ့သို့ သိမြင်နိုင်သော ဉာဏ်စွမ်း



း်အားကား မရှိ။ တစ်ကြိမ်တစ်ခါက ထိုနေရာတွေကို
ာက်ဖူးခဲ့သလိုလို အတွင်းစိတ်က ပြောပြလျက်ရှိသည်။ ပုဂံမြို့
ာင်းသို့ ရောက်စကပင် ထိုနေရာများသို့ တစ်ချိန်က ရောက်ဖူးခဲ့
သိုလို စိတ်ထဲတွင် ဖြစ်ပေါ်မိသည်။ တစ်ချိန်က 'ဒီနေရာတွေမှာ
ငါ လူဖြစ်ခဲ့ဖူးလေသလား'ဟု စိတ်ထဲတွင် တွေးမိသည်[၁]။

စာရေးသူလည်း 'ထီးလိုမင်းလိုဘုရား' လိုဏ်အတွင်း၌
း၊ အမွေးတိုင်၊ ဖယောင်းတိုင်တို့ဖြင့် ကပ်လှူပူဇော်ပြီး ဘုရား
ာ်ပြီကာ မနူဟာဘုရားသို့ ဆက်၍ ထွက်ခဲ့လေသည်။ အနော်
ာမင်းက မနူဟာမင်းကို ပုဂံသို့ ဖမ်းဆီးခေါ်ဆောင်ခဲ့ပြီး
ျယ်ချုပ်ထားစဉ်က ဤဘုရားကို တည်ခဲ့သည်ဟု ရာဇဝင်
မ်းများက ဆိုသည်။

မနူဟာဘုရား[illegible] မြင်းကပါအရပ်တွင် တည်ရှိပြီး သီရိဓေယျ
အမည်ရှိ ကုန်း[illegible]င့်ပေါ်တွင် တည်ဆောက်ထားသည်။ မဈိမ
သမှ ဘုရားကျောင်း ပုံစံအတိုင်း လိုဏ်ဂူအောက်ခံနှင့် ဖြစ်
ည်။ လိုဏ်ဂူ၏ အထက်ပစ္စယာတွင် ဗောဓိပက္ခိယတရား(၃၇)ပါး
သရုပ်ဖော်ထားသော စေတီရံ(၃၇)ဆူကို ပတ်လည် ဝန်းရံ၍
ည်ထားသည်။ ဘုရားကြီး၏ လိုဏ်ဂူ အရှေ့ဘက် မျက်နှာစာ
ွင် 'ဘူမိဖဿမုဒြ' ခေါ် ဝသုန္ဒြေ မြေစောင့်နတ်အား
က်သေပြုသော ပုံသဏ္ဌာန်ဖြစ်သည့် ဘုရား ဆင်းတုတော်ကြီး

**[၁] စိတ်ဝိညာဏ်ပိုင်းဆိုင်ရာ ထိုအကြောင်းဖြစ်ရပ်များကို "ထူးခြားဆန်းကြယ်သော ဘဝဖြစ်စဉ်များ" စာအုပ် စာမျက်နှာ–၄၃၆၊ ၄၃၇ တွင် ရေးသားခဲ့ပြီးဖြစ်သည်။**

တစ်ဆူ တည်ထားသည်။ ဆင်းတုတော်ကြီး၏ ဝဲယာတွင် အ
ဆင်းတုငယ် နှစ်ဆူ ရှိသည်။

အနောက်ဘက် မျက်နှာစာတွင်မူ လျောင်းတော်မူပုံသဏ္ဍာ
ရုပ်ပွားတော်ကြီးတစ်ဆူ တည်ထားသည်။ ဗုဒ္ဓဂေါတမ မြတ်စွာ
ဘုရား လက်ျာနံတောင်းဖြင့် လျောင်းစက်နေတော်မူပုံ သရုပ်ဖော်
တည်ထားသည်။ ဘုရားဆင်းတုတော် ရုပ်ပွားတော်ကြီး၏ ဥာဏ်
တော်အမြင့်နှင့် ကိုယ်လုံးတော်မှာ အဆမတန် ကြီးမားနေပြီ
လိုဏ်ဂူတော်က ကျဉ်းလွန်းလှသည်။ လျောင်းတော်မူ ကိုယ်တော်
ကြီးကိုလည်း လိုဏ်ဂူအတွင်း ကျဉ်းကျဉ်းကျပ်ကျပ် တည်ထား
သည်ကို တွေ့ရသည်။

မနုဟာမင်းသည် စစ်ရှုံးခဲ့ရသော မင်းတစ်ပါးအဖြစ် ဖမ်းဆီး
ချုပ်နှောင်ခြင်း ခံနေရသော သူ၏ဘဝကို ဤဘုရားဖြင့် သက်သေ
ပြခဲ့သည်။ အနော်ရထာမင်းနှင့်တကွ ပုဂံသူ ပုဂံသားများ၊ နောင်လာ
နောင်သားများ သိအောင် သရုပ်ဖော်ခဲ့လေသလားဟု စဉ်းစား
တွေးတောမိသည်။ ဤဘုရားကို မနုဟာမင်းသည် သူ၏ ပတ္တမြား
လက်စွပ်ကို ပုဂံမြို့မှ သူဌေးကြီးတစ်ဦးအား တန်ဖိုးငွေသား
လှည်းခြောက်စီးတိုက်ဖြင့် ရောင်းချပြီး တည်ထားခဲ့သည်ဟု ရာဇဝင်
ကျမ်းများက ဆိုသည်။ မနုဟာမင်း တည်ထားခဲ့သော ဘုရားကို
ပန်း၊ အမွှေးတိုင်၊ ဖယောင်းတိုင်တို့ဖြင့် ပူဇော်ကာ ရှိခိုးဝတ်ပြု
သည်။

မနုဟာဘုရားအနီးရှိ သစ်ပင်ကြီး တစ်ပင်အောက်တွင် ထိုင်၍
အပန်းဖြေ အနားယူရင်း မနုဟာမင်း တည်ခဲ့သော ဘုရား



ကျောင်းများကို လှမ်းမျှော်ကြည့်ရင်းဖြင့် ထိုခေတ်က ဖြစ်ပေါ်ခဲ့သော သမိုင်းဖြစ်ရပ်များကို စိတ်ကူးရုံတွင် ပြန်လည် မြင်ယောင်နေမိသည်။

အနော်ရထာမင်းစောသည် သထုံကို တိုက်ရန်အတွက် ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး စသော လူစွမ်းကောင်း လေးယောက်အား တပ်များကို ဦးစီးစေ၍ ရှေ့ဖျားမှ ချီစေသည်။ အနော်ရထာ ကိုယ်တိုင်က နောက်ခြေကို တပ်မပြု၍ ရေကြောင်း၊ ကြည်းကြောင်း ချီတော်မူသည်။ ကျန်စစ်သား၏ တပ်တွင် ဗျတ္တ ဆိုသူ သူရဲကောင်းတစ်ယောက် ပါရှိသည်။ သူ၏ အကြောင်းမှာလည်း သထုံနှင့်ပတ်သက်ပြီး ထူးခြား ဆန်းကြယ် စိတ်ဝင်စားဖွယ် ကောင်းပေသည်။

ဗျတ်ဝိနှင့် ဗျတ္တမှာ အိန္ဒိယပြည်မှ ကုန်သင်္ဘောတစ်စင်းဖြင့် ပင်လယ်ခရီးလိုက်လာရာတွင် မုန်တိုင်းမိ၍ သင်္ဘောပျက်သည်။ ညီအစ်ကိုနှစ်ယောက် ပျဉ်တစ်ချပ်ကိုစီးပြီး ကူးခပ်ရင်းဖြင့် သထုံပြည်သို့ ရောက်လာကြသည်။ ထို ကုလားညီနောင်မှာ သထုံမင်း ဆရာတော်ထံ ဝင်၍ ခစားကြလေသည်။ သထုံမင်း ဆရာတော်သည် ဒုက္ခရောက်လာသော ကုလားငယ် ညီနောင်တို့ကို ချစ်ကြည်လေးမြတ်တော်မူသဖြင့် သူ့အပါးတွင် အမြဲမပြတ်စေပါး ထားရှိတော်မူသည်၊ သထုံမင်း၏ ဆရာတော် ဘုန်းကြီးသည် ပိဋကတ်ဗေဒင် ဆေးဝါးမန္တန်ရားတို့ကို တတ်မြောက်တော်မူပြီး လေ့လာလိုက်စားလျက် ရှိသည်။ တစ်ချိန်သောအခါ၌ ဗျတ်ဝိနှင့် ဗျတ္တတို့ကို ခေါ်၍ ဆေးမြစ်တူးရန် သွားလေသည်။

တောသို့ရောက်ရာတွင် တောထဲ၌ ဝိဇ္ဇာမိုရ် ဖော်ဂျီတစ်ဦး သေနေသည်ကို တွေ့ရလေသည်။ သထုံမင်း ဆရာတော်က ဖော်ဂျီသေကို မြင်သောအခါ၌ ဖုတ်ကင် ချက်ပြုတ်၍ စားရသော် အနာရောဂါ အမျိုးမျိုးပျောက်၍ အသက်ခန္ဓာရှည်သည့်ပြင် ခရီးကို ချုံ့နိုင်ပြီး ခွန်အားကြီးကာ ဆင်ပြောင်ကို သော်လည်း အစွယ်ကို ကိုင်၍ လှဲနိုင်သော အင်အားနှင့် ပြည့်စုံနိုင်သည်ဟု အမိန့်ရှိလေသည်။ ထို ဖော်ဂျီကောင်ကို ဆေးဖြင့် စိမ်ထားပါကလည်း အသက်ရှည်သရွေ့ ဖော်ဂျီ၏ ကျေးဇူးကို ခံစားရပြီး အကျိုးများမည်ဟု ထင်မြင်မိသည့်အလျောက် ဝိဇ္ဇာမိုရ် ဖော်ဂျီသေကို ဗျတ်ဝိနှင့် ဗျတ္တတို့အား ထမ်းဆောင်ယူငင် လာစေသည်။

ဆရာတော်၏ စိတ်ထဲတွင် ကျောင်းသို့ ရောက်သောအခါ၌ ဆေးဝါး စုဆောင်းပြီး စီရင်မည်ဟု ကြံစည် စိတ်ကူးခဲ့သည်။ ဖော်ဂျီတို့၏သဘောမှာ အသက်မရှိလျှင် ပကတိ လူခုနစ်လသားခန့် အရွယ်မျှသာရှိပြီး ပေါ့ပါးလှ၏။ ဖော်ဂျီတို့သည် အဇ္ဈတ္တ ရ သရက်သီး၊ ဇမ္ဗူသပြေသီး စသည့် သက်သတ်လွတ် သစ်သီးများနှင့် ဆေးဝါး ဆေးမြစ်တို့ကိုသာ စားသုံးတတ်ကြသဖြင့် သူတို့၏ အနံ့မှာ နံ့သာပုဂ္ဂက်ပျောနံ့ကဲ့သို့ အလွန်တရာ မွှေးကြိုင်လှသည်။

ကျောင်းသို့ရောက်သောအခါ၌ ဆရာတော်က ထိုဖော်ဂျီကောင်ကလေးကို ကောင်းမွန်စွာ သိမ်းဆည်းခိုင်းလေသည်။ သထုံမင်း၏ ဆရာတော်သည် နန်းတော်သို့ ခေတ္တ ကြွသွားခိုက် ဆရာတော်၏ အဆိုအမိန့်ကို ကြားသိလိုက်ရသော ဗျတ်ဝိနှင့်ဗျတ္တတို့သည် ဖော်ဂျီကောင်ကို တိတ်တဆိတ် ဖုတ်ကင် စားသောက်



လိုက်ကြလေသည်။ အချို့ကလည်း ဖော်ဂျီဖိုဝင်သား စားသည်ဟု ဆိုကြသည်။ စာရေးသူ လေ့လာမိသမျှ အနောက်တိုင်း စာရေးဆရာမကြီး အလက်ဇန္ဒရာဒေးဗစ်နီးလ် ရေးသော တိဗက်ပြည်မှ သို့ဝှက်နက်နဲသော [1] ဆိုသော စာအုပ်တွင် ထိုကဲ့သို့သော ဖြစ်ရပ်များ အကြောင်းကို သုတေသနပြု၍ ရေးသားဖော်ပြထားသည်ကို ဖတ်ရှုခဲ့ရဖူးသဖြင့် ဤအကြောင်းအရာမှာ လုံးဝ မဖြစ်နိုင်ဟု ယူဆရန် မလွယ်ကူလှပေ။

ဖော်ဂျီကောင်ကို စားသောက်ပြီးနောက် ဆရာတော် ဆိုသည့်အတိုင်း မှန် မမှန် စမ်းသည့် သဘောဖြင့် အလျား ဆယ်တောင်၊ အနံ ရှစ်တောင် ရှိသော ကျောက်ဖျာကို ညီအစ်ကိုနှစ်ယောက် ချီမ,ပြီး ကျောင်းလှေကားရင်းတွင် ချထားလေသည်။ သထုံမင်း ဆရာတော်သည် နန်းတော်က ပြန်လာသောအခါ၌ ဤမျှ လေးလံသော ကျောက်ဖျာကြီးကို ကျောင်းလှေကားရင်းတွင် တွေ့လိုက်ရသောအခါ၌ ဗျတ်ဝိနှင့် ဗျတ္တတို့ ဖော်ဂျီကောင်ကို ဖုတ်ကင်စားသောက်ပြီးကြပြီ ဖြစ်ကြောင်း သိလိုက်လေသည်။

ဆရာတော်က သူတို့နှစ်ယောက်ကို ခေါ်၍မေးတာ ဟုတ်မှန်ကြောင်း ဝန်ခံကြသဖြင့် ဆရာတော်က ...ပ်မဆိတ် နေတော်မူသည်။ ဆရာတော်ဘုရားမှာ ပညာဉာဏ် ကြီးကျယ်သူတစ်ဦးဖြစ်သဖြင့် ရှေ့ဖြစ်တော့မည့် အကြောင်းအရာများကို ကြိုတင်

---

၁။ Magic and Mystery in Tibet by Alexandra David Neel

မှန်းဆ သိမြင်လျက်ရှိသည်။ ဇျတ်ဝိနှင့် ဇျတ္တတို့၏ အင်အားနှင့် အစွမ်းသတ္တိကို သိသောအခါ သထုံမင်းက သူတို့နှစ်ဦးကို ဖမ်းဆီးရန် အမိန့်ထုတ်လိုက်လေသည်။

အစ်ကိုဖြစ်သူ ဇျတ်ဝိကို သူ၏ချစ်သူ မယ်အိုဇာ အိမ်တွင် ဖမ်းမိ၍ ကွပ်မျက်တော်မူလိုက်လေသည်။ ခွန်အား အစွမ်းသတ္တိ ကြီးလှသဖြင့် မယ်အိုဇာအိမ်သို့ အလာတွင် ဘုန်းနိမ့်ပြီး အစွမ်း သတ္တိ ပြယ်အောင် ကြိုတင်စီမံ ထောင်ချောက်ပြုလုပ်၍ ဖမ်းဆီး ရသည်ဟု ရာဇဝင်ကျမ်းများတွင် တွေ့ရသည်။ သူ့ကို သတ်ပြီး သောအခါ ခန္ဓာကိုယ်တစ်ခုလုံးကို အစိတ်စိတ်အမွှာမွှာ ဖြတ်၍ သထုံမြို့ ပတ်ဝန်းကျင်တွင် မြှုပ်နှံထားပြီး သူ၏ဝိညာဉ်အား သထုံမြို့ကို စောင့်ခိုင်းစေသည်။ သွေးများကို မြို့တံတိုင်းပတ်လည် စည်းချ၍ လောင်းစေပြီး မှော်ပညာဖြင့် စီရင်ကာ မြို့တံတိုင်းကို အစောင့်အဖြစ် ထားသည်ဟု ဆိုသည်။

သထုံမင်း ဆရာတော်ကပင် စီမံပေးသည်ဟု ရာဇဝင်ကျမ်း များက ဆိုသည်။ ဗုဒ္ဓသာသနာ ထွန်းကားသော တိုင်းပြည် ဖြစ်သဖြင့် မင်းဆရာနှင့် မင်းဖြစ်သူက ဤသို့ စီမံသည် ဆိုသည် မှာ သဘာဝမကျ၊ ဖြစ်နိုင့်ပါ့မလားဟု သံသယဖြစ်မိသည်။

ဇျတ္တမှာမူ သထုံပြည်မှ ပုဂံသို့ ထွက်ပြေးပြီး အနော်ရထာ မင်းထံ ခစားသည်။ ဇျတ္တမှာ အနော်ရထာမင်း၏ မြှောက်စား ခြင်းကို ခံရပြီး ပုပ္ပားတောင်မှ ပန်းများကို ယူ၍ ဘုရင့်ထံဆက်ရ သည်။ အပြေးအလွှား စွမ်းပကား ကောင်းသဖြင့် ထိုသို့ တာဝန် ပေးသည်ဟု ခန့်မှန်းရသည်။ တစ်နေ့တွင် ပုပ္ပားတောင်၌ ပန်းများ ခူးနေစဉ် အလွန်တရာ ချောမောလှပသော အမျိုးသမီး



တစ်ယောက်နှင့် တွေ့လေသည်။ ထို အမျိုးသမီးမှာ ပုပ္ပားတောင် ကို စောင့်သော ဘီလူးမ မယ်ဝဏ္ဏ ဖြစ်သည်။ ဇျတ္တနှင့် မယ်ဝဏ္ဏ တို့ မေတ္တာမျှကြပြီး သားနှစ်ယောက် ထွန်းကားလာသည်။ ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ်ဟု အမည်ရပြီး သူတို့နှစ်ယောက်ကို အနော်ရထာမင်းအား ဆက်သရာ သနားတော်မူသဖြင့် အပါးတွင် အမြဲ ခစားစေသည်။

ဇျတ္တမှာ ကျန်စစ်သားတပ်တွင် ကျန်စစ်သား၏ ယုံကြည် ကိုးစားခြင်းခံရသော တပ်ဗိုလ်တစ်ဦး ဖြစ်သည်။ အနော်ရထာ မင်း သထုံကို ချီတက် တိုက်ခိုက် သိမ်းပိုက်ရာ၌ ကျန်စစ်သား ခေါင်းဆောင်သော ရှေ့ပြေးတပ်မကြီးတွင် ဇျတ္တသည် ထက်ကြပ် မကွာ လိုက်ပါပြီး ကျိုးကျိုးနွံနွံ အမှုတော်ထမ်းသည်။ သထုံကို ရေကြောင်း၊ ကြည်းကြောင်းဖြင့် ဝိုင်းဝန်း ပိတ်ဆို့ တိုက်ခိုက် ရာတွင် မြို့တွင်းမှ အခိုင်အမာယူ၍ ခုခံမှု ပြင်းထန်လှသဖြင့် ရုတ်တရက် မအောင်နိုင်ဘဲ ဖြစ်နေသည်။

ဇျတ်ဝိ၏ဝိညာဉ်က သထုံမြို့ကို ကာကွယ်ထားသည်ဆိုသော အကြောင်းကလည်း နှစ်ဖက်တပ်များအဖို့ စိတ်ဓာတ် စစ်ဆင်ရေး ကဲ့သို့ ဖြစ်နေသည်။ မနူဟာမင်းဘက်မှ တပ်များကလည်း ထိုဝိညာဉ်ကြောင့် သထုံမြို့ မကျနိုင်ဟု ယုံကြည်နေသကဲ့သို့ အနော်ရထာ တပ်များကလည်း တိုက်ရာတွင် ခပ်ရွံ့ရွံ့ ဖြစ်နေ ကြသည်။

ဇျတ္တက မယ်အိုဇာနှင့် ညဥ့်အချိန် တိတ်တဆိတ် ဝင်ရောက် ဆွေးနွေးကာ သူ့အစ်ကို ဇျတ်ဝိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများ မြှုပ်ထားသော နေရာကို လိုက်ပြစေသည်။ မယ်အိုဇာ၏ ညွှန်ပြ

ချက်အရ ဗျတ္တက ရန်သူ့တပ်အတွင်းသို့ ညအချိန် တိတ်တဆိတ် အတင်း ထိုးဖောက် ဝင်ရောက်ပြီး ထို စီရင်ထားသော ကိုယ်အင် အစိတ်အပိုင်းများကို တူးဖော် ယူလာပြီး ပင်လယ်တွင် ပစ် သည်။ ချသော နေရာတွင် ပင်လယ်ရေများ ထန်းတစ်ဖျား ထိုး၍ တက်သည်ဟု ဆိုသည်။

ဗျတ္တက မယ်အိုဇာကို စစ်မေးသဖြင့် အစ်ကိုဖြစ်သူ ဗျတ်ဝိ ကြက်မတစ်ဝပ်စာ သွေးစက်လွတ်သော နေရာဟု သိရှိသွားသည် ထိုနေရာမှာ သထုံမြို့၏ တောင်ဘက်မြို့ရိုးတွင်ရှိပြီး ထိုနေရာ ချောင်းငယ်တစ်ခုမှာ မြို့ရိုးအတွင်းသို့ စီးဝင်လျက်ရှိသည်။ ရာသီတွင် ရေသည် ခါးလောက်အယိသာ နက်သည်။ ဗျတ္တ လူစွမ်းကောင်းအချို့ ထိုနေရာမှ ညဥ့်အချိန် တိတ်တဆိ ဝင်ရောက် တိုက်ကြသည်။ ကျန်စစ်သား ဦးဆောင်သော တ များက မြောက်ဘက်မှ အင်အား အလုံးအရင်းဖြင့် ဖိတိုက် စစ်ရောင်ပြ၍ စစ်ရေးမြှူထားသည်။ သထုံတပ်များ မြောက်ဘ သို့ အာရုံစိုက်၍ အပြင်းအထန် တိုက်နေစဉ် တောင်ဘက် အလစ် ဝင်ရောက် ထိုးဖောက် တိုက်ခိုက်ခြင်း ဖြစ်သည်။

မနူဟာမင်းသည်လည်း နေမိန္ဒရ တောင်ကုန်းမှ သူ နန်းတော်သို့ ဥမင်လိုဏ်ခေါင်းတစ်ခု ဖောက်၍ လျှို့ဝှက်သွားလ အဖြစ် အသုံးပြုထားသည်။ နေမိန္ဒရ တောင်ကုန်းမှ လှမ်းမျှ ကြည့်လိုက်လျှင် သမီးတော်ကုန်းကို မြင်နေရသည်။ သမီးတော် ကုန်းတွင် မနူဟာမင်း၏ သားတော် အိမ်ရှေ့ဥပရာဇာမင်းသား အခိုင်အမာပြုကာ အနော်ရထာ၏တပ်များကို အပြင်းအထန်



တိုက်ခိုက်သည်။ နေမိန္ဒရ တောင်ကုန်းမှာ မနူဟာမင်း၏ စိတ်ကြိုက် ရွေးချယ်ထားသော ဌာနချုပ် ဖြစ်သည်။

မနူဟာမင်းသည် နေမိန္ဒရတောင်ကုန်းကို ထိုစဉ်ကပင် နှစ်သက်စွဲလမ်းလျက်ရှိသည်။ စာရေးသူမှာ မနူဟာဘုရားတွင် ထိုင်နေရင်း အနော်ရထာမင်း၏တပ်များနှင့် မနူဟာမင်း၏ တပ်များ သထုံမြို့ ပတ်ဝန်းကျင်တွင် အကြိတ်အနယ် ထိုးစစ် ပစ်ခတ် တိုက်ခိုက်ခဲ့သည်များကို မြင်ယောင်မိလာသည်။ နောက်ဆုံး တိုက်ပွဲမှာ နံနက်အရုဏ်တက်တွင် ပြီးဆုံးခြင်းသို့ ရောက်သည်။ ထို တိုက်ပွဲတွင် အနော်ရထာဘက်မှ ဗျတ္တနှင့် မယ်အိုဇာ၊ မယ်အိုဇာ၏ အစ်ကိုဗိုလ်ကြီးတို့ ကျဆုံးကြသည်။

နံနက် နေထွက်စအချိန်တွင် အနော်ရထာမင်းသည် မနူဟာမင်း၏ နန်းတော်အတွင်းသို့ ဝင်ရောက် သိမ်းပိုက်သည်။ နန်းတော်ဝမှ ကျန်စစ်သားက ဆီးကြိုသည်။ မနူဟာမင်း၏ မိသားစုမှာ နန်းတော်ခန်းမအတွင်း စစ်ရှုံးသူများပီပီ မျက်နှာညှိုးငယ်စွာနှင့် ထိုင်နေကြသည်။ မနူဟာမင်းမှာမူ ခန်းမဆောင်ဘေးရှိ ဘုရားကျောင်းဆောင် အခန်းထဲတွင် ရွှေဆင်းတုတော်ရှေ့၌ ဘုရားဝတ်ပြုလျက် ရှိသည်။ စစ်ရှုံးဘုရင် ဖြစ်ရသည်မို့ အောင်နိုင်သူကိုလည်း ခရီးကြို ပြုလိုစိတ် မရှိ၊ ပြုချင်ရာ ပြုတော့ဟု စိတ်ကို ပိုင်းဖြတ်ကာ ဘုရားခန်းအတွင်း ဝင်နေခြင်း ဖြစ်သည်။

အနော်ရထာသည် သူ၏ စစ်သည်များကို အချက်ပြပြီး ဘုရားကျောင်းဆောင် အတွင်းသို့ တစ်ဦးတည်း ဝင်လိုက်သွားသည်။ ရွှေဆင်းတုတော်ရှေ့၌ ပန်းများ၊ ဖယောင်းတိုင်များ၊ အမွှေးနံ့သာများဖြင့် ပူဇော်ပြီး ဘုရားဝတ်ပြုနေသော မနူဟာမင်း

ကို တွေ့လိုက်ရသည်။ အနော်ရထာသည် တည်ငြိမ်စွာဖြင့် ကိုင်ဆောင်လာသော ဓားလှံလက်နက် ဒိုင်းမြား စသည့် စစ်ဝတ်တန်ဆာ ပစ္စည်းများကို ဘုရားခန်းထောင့် တစ်နေရာတွင် စုပုံချထားလိုက်သည်။

ရုတ်တရက်သော် ဘာလုပ်ရမည်မသိ၊ ခေတ္တမျှ တွေဝေရပ်ကြည့်နေမိသည်။ သူ၏စိတ်ထဲတွင် စစ်၏သတ်ဖြတ်ညှဉ်းဆဲဖျက်ဆီး နှိပ်စက်မှု ဒုက္ခဆင်းရဲများနှင့် မြတ်စွာဘုရားရှင်၏ ကြီးမားသော တန်ခိုးတော်နှင့် မေတ္တာတော်များကို ခံယူ ရရှိသော ငြိမ်းချမ်းသည့် ဘဝကို နှိုင်းယှဉ် စဉ်းစားမိသည်။ ဖြစ်ခဲ့ရသည့် အကြောင်းများပေါ်တွင် ပြန်၍ သံဝေဂရမိသည်။

ဘုရားခန်း အခန်းထောင့် တစ်နေရာသို့ ကြည့်လိုက်ရာ ဝတ်ဖြူစင်ကြယ် တစ်စုံကို သပ်ရပ်စွာ ချိတ်ထားသည်ကို တွေ့ရသည်။ မနုဟာမင်းသည် ထိုကဲ့သို့သော ဝတ်စုံကို ဝတ်လျက် ငြိမ်သက်စွာ ဘုရားဝတ်ပြုနေသည်ကို သတိပြုမိသည်။ အနော်ရထာ၏စိတ်ထဲတွင် ထိုဝတ်စုံမှာ ဘုရားဝတ်ပြုစဉ် ဝတ်သောဝတ်စုံ ဖြစ်လိမ့်မည်ဟု ထင်မိသည်။ သူသည် ရုတ်တရက် ထိုဝတ်စုံကို ကောက်၍ ဝတ်လိုက်သည်။ သူ့တွင် စစ်နိုင်သော ဘုရင်တစ်ပါးတွင် ရှိရမည့် မာန်မာန တရားများသည်လည်း မရှိတော့ပေ။ မနုဟာမင်း၏ဘေးတွင် တိတ်ဆိတ် ငြိမ်သက်စွာ ဝင်၍ ထိုင်ကာ ဘုရားရှင်အား ရည်မှန်း၍ ကြည်ညိုသဒ္ဓါ အပြည့်အဝဖြင့် ဝတ်ပြုနေတော့သည်။

မနုဟာမင်းသည် ဘုရားဝတ်ပြုပြီးနောက် ခါးဆန့်ကာ သူ့ဘေးသို့ ကြည့်လိုက်သောအခါ သူကဲ့သို့ ဝတ်ဖြူစင်ကြယ် ဝတ်



ကာ ဘုရားဝတ်ပြုနေသော လူစိမ်းတစ်ယောက်ကို တွေ့လိုက်ရသည်။ အနော်ရထာသည် ဘုရားဝတ်ပြုပြီးနောက် သူ့လက်ကို ဆန့်တန်းကာ "ကြီးကျယ်မြင့်မြတ်လှသော မနုဟာမင်း၊ ကျွန်ုပ်ကာ ပုဂံပြည်မှ အနော်ရထာမင်းဖြစ်ပြီး တမ္ဗဒီပတိုင်းကို စိုးပိုင်သူဖြစ်ပါတယ်" ဟု ပြောလိုက်သည်။

မနုဟာမင်းမှာ စစ်ရှုံးရသူဖြစ်သဖြင့် ရုတ်တရက်သော် ဒေါသဖြစ်ကာ ရာဇမာန်ဖြင့် စကားမပြောနိုင်အောင် ဖြစ်သွားသည်။ သူ၏မျက်လုံးများမှာ ဒေါသဖြင့် စူးရှတောက်ပြောင်လျက်ရှိသည်။ အနော်ရထာသည် ကမ်းပေးလိုက်သော သူ၏ လက်ကို ပြန်မရုပ်ဘဲ "တကယ်တော့ ကျုပ် အစက စိတ်ကူးခဲ့တာက ကျွန်ုပ်တို့ နှစ်ဦးဟာ လက်နက် ဓားလှံ မကိုင်ဘဲ ဝတ်ဖြူစင်ကြယ်ဝတ်ပြီး ဘုရားရှင်ရှေ့မှာ တွေ့ကြဖို့ပဲ၊ ဒါပေမယ့် အခြေအနေတွေက အဲဒီလို ဖြစ်မလာဘူး၊ ဒါကြောင့်မို့ စစ်တိုက်ခဲ့ရတဲ့ အခြေအနေအထိ ဖြစ်လာတာကို ခွင့်လွှတ်ဖို့ ကျုပ် တောင်းပန်ပါတယ်၊ ခုအချိန်မှာဆိုရင် ကျုပ်တို့နှစ်ယောက်ဟာ ဘုရင်တွေအနေနဲ့ သဘောမထားဘဲ သဗ္ဗညုတဉာဏ် ရရှိတော်မူသော ဘုရားရှင်ရဲ့ တပည့်သားမြေးများအဖြစ် ဆွေးနွေးကြတာပေါ့" ဟု ပြောလိုက်သည်။

မနုဟာမင်းသည် အနော်ရထာမင်း၏ အပြုအမူနှင့် ပြောဆိုမှုများကို ကြည့်ပြီး အလွန်တရာ အံ့သြခြင်း ဖြစ်မိသည်။ တစ်ချိန်က သူ ထင်ခဲ့သည်မှာ အနော်ရထာသည် အလွန်တရာ ရက်စက်ကြမ်းကြုတ်ကာ သတ်ဖြတ်ညှဉ်းဆဲမည့် စစ်ဘုရင်တစ်ပါးဟု ထင်ခဲ့သည်။ သို့သော်လည်း မနုဟာမင်းမှာ တိုင်းပြည်လည်း

ဆုံး၊ စစ်လည်းရှုံး ဖြစ်ခဲ့ရသဖြင့် ယူကျုံးမရ နောင်တဖြစ်ကာ အလွန်တရာ စိတ်ထိခိုက်လျက်ရှိသည်။

ထိုစဉ် ခရုသင်းမှုတ်သံတစ်ချက်နှင့် ခန်းမဆောင်အတွင်းသို့ ဝင်လာသော ခြေသံများကို ကြားလိုက်ရသည်။ အနော်ရထာမင်းက ဘာသံများပါလဲဟု နားစွင့်နေစဉ် မနူဟာမင်းက "ဆရာတော်ဘုရားကြီး ကြွလာပြီ ဖြစ်တဲ့အကြောင်း အချက်ပြတာ ဖြစ်ပါတယ်၊ ကျုပ်တို့သွားပြီး ခရီးဦးကြိုပြုရအောင်" ဟု ပြောလိုက်လေသည်။

ဘုရားဝတ်ပြုဆောင်မှ ခန်းမဆောင်ကြီးအတွင်းသို့ မနူဟာမင်းက လှမ်း၍ ထွက်လိုက်သောအခါ အနော်ရထာမင်းသည်လည်း နောက်မှ ထွက်လိုက်သွားလေသည်။ ခန်းမဆောင်အတွင်း၌ ကျန်စစ်သားနှင့် ဗိုလ်ချုပ်၊ တပ်ဗိုလ်၊ တပ်မှူးများလည်း စုံညီစွာ ရောက်ရှိနေကြသည်။ မနူဟာမင်း၏ မိသားစုများနှင့် မောင်းမိဿံ အခြွေအရံများလည်း မျက်နှာညှိုးငယ်စွာဖြင့် ပုဆစ်တုပ်၍ ထိုင်နေကြသည်၊ ဘုရင်နှစ်ပါးက သာသနာပိုင် ဆရာတော်ဘုရားကြီးအား ခရီးဦးကြိုပြုပြီး ပလ္လင်ပေါ်သို့ ကြွရောက် စံမြန်းစေသည်။

ညီလာခံ ခန်းမဆောင်အတွင်း ရောက်ရှိနေသော စစ်နိုင်သူများနှင့် စစ်ရှုံးသူများ အားလုံးက ပလ္လင်ပေါ်တွင် စံနေတော်မူသော ဆရာတော်ဘုရားကြီးအား ဦးချ ဝတ်ပြုကြသည်။ အနော်ရထာနှင့် မနူဟာမင်းတို့သည်လည်း သက်ဆိုင်ရာ ပရိသတ်များ ရှေ့မှ ပုဆစ်ထုပ် ထိုင်ကာ ဝတ်ပြုလေသည်။ အောင်နိုင်သူ နှင့် ရှုံးနိမ့်သူများ ဖြစ်ကြသော်လည်း ယုံကြည်မှု တူညီကာ ဘုရား



တရား သံဃာ အပေါ်တွင် လေးစားကြည်ညိုကြသည့် အလျောက် အတူတကွ ထိုင်ကာ ဝတ်ပြုနိုင်ကြခြင်း ဖြစ်သည်။

ခန်းမကြီးအတွင်း တိုက်ခိုက်သတ်ဖြတ် ဖျက်ဆီးခြင်း ဟူသော စစ်ရိပ်စစ်ငွေ့နှင့် ဒေါသမီးများ ချုပ်ငြိမ်းကာ မုန်တိုင်းကျပြီး နောက် ငြိမ်သက်သွားသော ပင်လယ်ပြင်ကဲ့သို့ ငြိမ်းချမ်းရေး ရောင်ခြည်များ ကွန့်မြူးလျက်ရှိသည်။ စာရေးသူမှာ မနူဟာ ဘုရားတွင် ထိုင်၍ ဤအကြောင်းများကို စဉ်းစားမိရင်း စွန်းလွန်း ဆရာတော်ဘုရားကြီးမှာ ထိုဆရာတော်ဘုရားကြီးများ ဖြစ်လေ သည်လားဟု စိတ်ထဲတွင် တွေးတော စဉ်းစားနေမိသည်။ အမှန် ဆိုရသော် အနော်ရထာမင်းသည် သထုံကို စစ်ရေးအရ တိုက်ခိုက် သိမ်းပိုက်လိုသော ဆန္ဒ မရှိခဲ့ပေ။ ရှင်အရဟံနှင့်တွေ့ပြီး နောက် ပိဋကတ်သုံးပုံကို လိုချင်သော ဆန္ဒက ပြင်းပြလျက် ရှိသည်။

သာသနာပြုရန်အတွက် ပိဋကတ်သုံးပုံကို လိုချင်သဖြင့် သထုံပြည်သို့ လက်ဆောင်ပဏ္ဏာများ ပေးပို့ကာ အနူးအညွတ် တောင်းခံခဲ့သည်။ သထုံပြည်မှ မင်းနှင့်တကွ မှူးမတ်များက ယူအဆ လွဲမှားကာ ခါးသီးစွာ ငြင်းဆိုလိုက်သဖြင့် ရာဇာဒန် ကာ ပိဋကတ်သုံးပုံကို လိုချင်ဇောဖြင့် စစ်ခင်းခဲ့ရခြင်း ဖြစ်ပေ သည်။

အနော်ရထာသည် ပုဂံသို့ မနူဟာမင်း၊ မိဖုရားနှင့်တကွ မောင်းမမိဿံ မင်းညီမင်းသား အားလုံးကို ဖမ်းဆီး ခေါ်ဆောင်သွား သည်။ ပုဂံသို့ရောက်သောအခါ၌ ပိဋကတ်သုံးပုံကို ဆင်များ ပေါ်တွင် တင်၍ ရွှေထီးများ ဆောင်းကာ ရှေ့က သွားစေပြီး

နောက်မှ သံဃာတော်များက မြတ်စွာဘုရား၏ သုတ်တော် ပရိတ်တော်များကို ရွတ်ဆို၍ တည်ငြိမ်စွာ တန်းစီ လိုက်ကြ သည်။ ထိုနောက်မှ မင်းနှစ်ပါးက ဆင်မစီး မြင်းမရံဘဲ ခြေကျင် လျှောက်ကာ လိုက်ခဲ့ကြသည်။

ပုဂံသူ ပုဂံသားများမှာ လမ်းဘေးနှစ်ဖက်မှ အမွှေးနံ့သာ ပန်းတို့ဖြင့် ပူဇော်ကာ ကြီးကျယ်စွာ ကြိုဆိုကြလေသည်။ ပုဂံ အကျော်အမော် တေးဂီတဝိုင်းများကလည်း ဘာသာအလျောက် တီးမှုတ် ကခုန်လိုက်ကြသကဲ့သို့ သထုံမှပါလာသော မွန်ယဉ် ကျေးမှု အနုပညာ ဂီတဝိုင်းများကလည်း တီးမှုတ် ကခုန်ကာ ပိဋကတ်တော်များကို ပူဇော်ပသမှု ပြု၍ လိုက်ကြလေသည်။

ပုဂံသူ ပုဂံသားများမှာ စစ်နိုင်လာသဖြင့် သိမ်းပိုက်ရမိသော ရွှေငွေရတနာ အဖိုးထိုက် အဖိုးတန် ပစ္စည်းများကို ဆင်ပေါ် တင်၍ စစ်သုံ့ပန်းများကို ဖမ်းဆီးချုပ်နှောင် ရိုက်နှက်ညှဉ်းပန်း ကာ ခေါ်ဆောင်လာလိမ့်မည်ဟု ထင်ခဲ့ကြသည်။ တကယ့်ဖြစ်ရပ် မှာမူ ပိဋကတ် ၃-ပုံကို ဆင်များပေါ်တင်၍ ရှင်ဘုရင်ကိုယ်တိုင် ခြေကျင် လျှောက်၍ လိုက်လာသောအခါ၌ အထူးတလည် ကြည်ညိုသဒ္ဒါပွားကာ ဝမ်းမြောက် ကြည်နူးမှု ဖြစ်ကြရလေ သည်။

မွန်ကျေးမှုအဖွဲ့များကလည်း မြတ်စွာဘုရား၏ ဇာတ် နိပါတ်တော် ပုံပြင်များကို သရုပ်ဖော်အဖွဲ့များဖြင့် ရုပ်သွင် ဖော်ကာ တေးသီချင်း အတီးအမှုတ် အကအခုန်များနှင့် လိုက်ပါ လာကြလေသည်။ ပုဂံသူ ပုဂံသားများမှာ ထိုမြင်ကွင်း အဆန်း များကြောင့် ကြည်နူးဝမ်းသာကြရလေသည်။ စာရေးသူမှာ



ထိုအကြောင်းဖြစ်ရပ် မြင်ကွင်းများကို ပြန်လည် သတိရမိရင်း မနူဟာဘုရားတွင် အချိန်အတော် ကုန်သွားလေသည်။

နံနက် ထမင်းစားချိန်ရောက်ပြီဖြစ်၍ ပုဂံနေမှာ ပူပြင်းလျက် ရှိသည်။ အနီးရှိ ထမင်းဆိုင် တစ်ဆိုင်တွင် ဝင်၍ ထမင်းစားသည်။ သစ်ပင်ရိပ်တွင် အမောဖြေသည်။ ဘဝ ဆိုသည်မှာ ဖြစ်ပျက် ပြောင်းလဲနေသည်။ သမိုင်းဖြစ်ရပ်များမှာလည်း ဘဝဇာတ်ခုံတွင် တစ်ခုပြီးတစ်ခု ဖြစ်ပေါ် ပြောင်းလဲလျက်ရှိသည်။ ဘဝသည် တရားမရှိက ငြိမ်းချမ်းမှုမရနိုင်။ ငြိမ်းချမ်းမှုမရှိပါက တရားဓမ္မ ပိုင်းကိုလည်း ကျင့်ကြံအားထုတ်နိုင်လိမ့်မည် မဟုတ်ပေ။

ဘုရားပျက်များ၊ မြို့ရိုးပျက်များမှာ ချုံနွယ်ပိတ်ပေါင်းများ ကြားတွင် ထမျှော်တခေါ်ကြီး ညှိုးငယ်စွာ နေရောင်အောက်တွင် တည်ရှိနေကြသည်။ ယခင်က စည်ကားလှပြီး တောက်ပြောင် ဝင့်ကြွားလျက်ရှိသော အဆောက်အအုံများမှာ မှေးမှိန် ပျက်စီး ယိုယွင်းလျက် ရှိနေကြပြီ။ ဤအဖြစ်များကပင် မမြဲသော သင်္ခါရ သဘောကို ဆောင်နေသည်။ ခရီးဆက်၍ ထွက်ရပေဦးမည်။ ပုဂံမှ ညောင်ဦးသို့ ပြန်ရောက်သောအခါ ခေတ္တ အနားယူပြီးနောက် ညနေစောင်းတွင် ရေမိုးချိုးကာ ထမင်းစားသည်။ ထမင်းစားပြီး နောက် တပ်တာဝန် ထမ်းဆောင်စဉ် ကိစ္စအချို့ကို ဆောင်ရွက် ပြီး ဆရာတော်ကြီး၏ ဘဝဖြစ်စဉ် အကြောင်းများကို ဆက်၍ စဉ်းစားမိသည်။

* * *

## အခန်း ( ၁၂ )

## နေမိန္ဒရတောင်တွင် သိမ်သမုတ်ခြင်း

သထုံမြို့အနီး နေမိန္ဒရတောင်မှာ အထူး နာမည်ကျော်ကြားသော တောင်တစ်လုံး ဖြစ်သည်။ နေမိန္ဒရတောင်ပေါ်တွင် သိမ်သမုတ်၍ သာသနာပြုလိုသော အနီးအနား ရပ်ရွာဒေသများမှ ရပ်သူရွာသားများသည် အကျင့်သီလ သိက္ခာနှင့် ပြည့်စုံသော စာတတ်ပေတတ် ပုဂ္ဂိုလ်ကျော် ဆရာတော်ကြီးတစ်ပါးကို ပင့်ဆောင်၍ လျှောက်ထားကြသည်။ ဆရာတော်ကြီးသည် နောက်ပါ သံဃာတော်များနှင့် နေမိန္ဒရတောင်ခြေသို့ ရောက်ရှိလာပြီး ဒကာ ဒကာမများနှင့် ပူးပေါင်းကာ သိမ်သမုတ်ရန်အတွက် စီစဉ်ဆောင်ရွက်ရသည်။ တောင်ခြေရှိ တဲကျောင်းတွင် ခေတ္တ သီတင်းသုံးပြီး သိမ်သမုတ်ရန်အတွက် နယ်နိမိတ် ကျောက်တိုင်များ



စိုက်ရန် ပြုဖွယ်ကိစ္စများ ဆောင်ရွက်နိုင်ရေးအတွက် သစ်၊ ဝါး၊ အုတ် စသည်များကို တောင်ပေါ်သို့ သည်ပိုး တင်ဆောင်ကြသည်။

ဆောင်ရွက်ဖွယ် ကိစ္စအတွက် တောင်ပေါ်သို့ တင်ထားသော ပစ္စည်းများမှာ နောက်တစ်နေ့နံနက်တွင် တောင်အောက်သို့ အလိုအလျောက် ပြန်ရောက်နေကြလေသည်။ ဒါယကာ ဒါယိကာမများမှာ ဤ ထူးဆန်းသော ဖြစ်ရပ်ကြောင့် တအံ့တဩ ဖြစ်ကြရသည်။ ဆရာတော်ကြီးက စိုးရိမ်ဖွယ်ရာမရှိကြောင်း အားပေးစကား မိန့်ကြားလျက် လိုအပ်သောပစ္စည်းများကို တောင်ပေါ်သို့ တစ်ဖန် ထပ်မံ တင်ဆောင်စေပြန်သည်။ ထိုညတွင် စိတ်မချသဖြင့် တင်ဆောင်ထားသော ကျောက်တိုင် သစ်ဝါး ပစ္စည်းများနှင့်အတူ လူအချို့ကိုပါ စောင့်ကြပ် အိပ်ခိုင်းစေသည်။

နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ၌ တောင်ပေါ်သို့ တင်ထားသော ပစ္စည်းများနှင့် စောင့်ကြပ် အိပ်နေသူများပါ တောင်အောက်သို့ အလိုအလျောက် ပြန်ရောက်နေကြသည်ကို ထူးဆန်းစွာ တွေ့ရပြန်လေသည်။ ရပ်သူရွာသားတို့မှာ ဤကဲ့သို့ ထူးထွေဆန်းပြား နှောင့်ယှက်မှုများကြောင့် တုန်လှုပ် ချောက်ချားကာ တောင်အနီးသို့ပင် ချဉ်းကပ်ရဲသူ မရှိအောင် ဖြစ်လာတော့သည်။

တပည့် တကာများ၊ ရပ်သူရွာသားများမှာ စိုးရိမ် ကြောက်လန့်နေကြသော်လည်း ဦးစီးနာယက ဆရာတော်ကြီးကမူ သိမ်သမုတ်ရန်အတွက် ထပ်မံ ကြိုးစား စီစဉ်ပြန်လေသည်။ သို့သော်လည်း နေမိန္ဒရတောင်ရှိ အစောင့်အရှောက်များက နှောင့်ယှက်

ဖျက်ဆီး ခြောက်လန့်မှုများကို ဆရာတော်ကြီးမှာ မကာကွယ်နိုင်တော့ပေ။ ဆရာတော်ကြီးမှာ နောက်ဆုံး၌ မည်သို့မျှ မတတ်နိုင်တော့သဖြင့် လက်လျှော့ကာ နေရင်းဌာနသို့ ပြန်ကြွရာတွင် လမ်း၌ အသက်ဆုံးပါး ပျံလွန်တော်မူသွားရရှာလေသည်။

နေမိန္ဒရတောင်တွင် သိမ်သမုတ်၍ သာသနာပြုရန် ကိစ္စမှာ အဖျက်အဆီး အနှောင့်အယှက် များလှသဖြင့် မအောင်မြင်ဘဲ ပျက်ပြားသွားရလေသည်။ မည်သူမျှ နေမိန္ဒရတောင်ပေါ်တွင် သိမ်သမုတ်ခြင်း မပြုနိုင်ဟု သတင်းကြီး၍ နေတော့သည်။ သထုံမြို့ပေါ်မှ လူအများနှင့် အနီးအနား ရပ်သူရွာသားများမှာ ထိုဖြစ်ရပ်များကြောင့် များစွာ အံ့သြခြင်း ဖြစ်ကြရလေသည်။

ရသေ့ကြီး ဦးခန္တီ သထုံမြို့သို့ ရောက်လာသောအခါ၌ မြို့ပေါ်ရှိ လူကြီးများနှင့် ရပ်သူရွာသားများက နေမိန္ဒရတောင်ပေါ်တွင် သိမ်သမုတ်၍ သာသနာပြုရန် ဝိုင်းဝန်း လျှောက်ထားကြသည်။ ဦးခန္တီအား တာဝန်အပ်နှင်းပြီး သိမ်သမုတ်ရန်ကိစ္စအတွက် ဝိုင်းဝန်း တောင်းပန်ကြသည်။ ထိုအခါ ဦးခန္တီက "အဆောက်အအုံတွေ အတွက်တော့ ကျုပ် တာဝန်ယူပါမယ်၊ သိမ်သမုတ်ဖို့ဆိုတာကတော့ ကျုပ်က ရသေ့ဖြစ်နေလို့ တာဝန် မယူနိုင်ဘူး၊ ခင်ဗျားတို့ ညောင်လွန့်ဆရာတော် ဦးမေဓာဝီကို အကျိုးအကြောင်း လျှောက်ထားပြီး ပင့်ဆောင်ကြပါ" ဟု မိန့်ကြားလေသည်။ သထုံမြို့ပေါ်မှ လူကြီးလူကောင်းများသည် ရသေ့ကြီး ဦးခန္တီ ညွှန်ကြားသည့်အတိုင်း ညောင်လွန့်ဆရာတော်အား ပင့်ဆောင်ရန် လိုက်သွားကြလေသည်။



လာရောက်ပင့်ဆောင်သော ဒါယကာ၊ ဒါယိကာမများက ညောင်လွန့်ဆရာတော်အား အကျိုးအကြောင်း လျှောက်ထားကြသည်။ ညောင်လွန့်ဆရာတော်သည် လက်ခံတော်မမူသေးဘဲ စဉ်းစား ဆင်ခြင်ပြီးနောက် စွန်းလွန်းရွာရှိ မောင်ရင်ပေါ်ချောက်က ဆရာတော် ဦးကဝိကို အမြန်ကြွရောက်ပါရန် အပင့်လွှတ်လိုက်လေသည်။ လာရောက်ပင့်ဆောင်သူများ ရောက်လာသောအခါ ဆရာတော် ဦးကဝိက အကျိုးအကြောင်း သိရသောအခါ၌ အဓိဋ္ဌာန်ပြု၍ ဆင်ခြင်ကြည့်သည်။

ထိုအခါ ဘေးတွင်ရှိသော ဦးစံတင်က "အရှင်ဘုရား-ရှေးက အကြောင်းတွေကို ပြန်ကြည့်နေသလား၊ ကြွသာ ကြွပါ၊ အရှင်ဘုရား ပြုလုပ်ထားခဲ့တာတွေပါ၊ တနင်္ဂနွေထောင့်မှာ မြေကမ္ဘာကလေး ရှိပါလိမ့်မယ်၊ အဲဒီနေရာက ပရိက် တည်ပါ၊ အောင်မြင်ပါလိမ့်မယ် ဘုရား" ဟု လျှောက်ထားလိုက်သည်။ ဆရာတော် ဦးကဝိသည် အမျိုးမျိုး အဓိဋ္ဌာန်ပြု၍ စဉ်းစားဆင်ခြင်ပြီးနောက် ညောင်လွန့်သို့ ပင့်ဆောင်သူများနှင့်အတူ လိုက်ကြွသွားတော်မူလေသည်။

ညောင်လွန့်သို့ရောက်သောအခါ ညောင်လွန့်ဆရာတော်နှင့် သထုံမှ လိုက်လာသော ဒါယကာ ဒါယိကာမများက အသင့်စောင့်နေကြလေသည်။ ညောင်လွန့်ဆရာတော်ကပင် စတင်ပြီး "ဦးကဝိ၊ သထုံမြို့ နေမိန္ဒရတောင်မှာ သိမ်သမုတ်ဖို့ လာပင့်နေကြတယ်၊ လက်ခံလိုက်ရမှာလား" ဟု မေးမြန်းသည်။

ဆရာတော် ဦးကဝိက ကြိုတင် သိမြင်ထားပြီး ဖြစ်သည့်အလျောက် 'ဆရာတော် ဘုရား၊ လက်ခံလိုက်တော်မူပါ' ဟု

ရဲတင်းစွာ လျှောက်ထားလိုက်လေသည်။ ညောင်လွန့်ဆရာတော်သည် ဆရာတော်ဦးကဝိ၏ အာမခံချက်ကို ရသဖြင့် လာရောက်ပင့်ဆောင်ကြသော သထုံမှ ဒါယကာ ဒါယိကာမများကို ရက်သတ်မှတ်ကာ သိမ်သမုတ်ပေးမည့်အကြောင်း ကတိပေးလိုက်လေသည်။

ညောင်လွန့်ဆရာတော်မှာ ဦးကဝိကို ယုံကြည်သဖြင့် လက်ခံလိုက်ရသော်လည်း စိတ်ထဲတွင် ခပ်လေးလေး ဖြစ်နေသည်။ စိတ်လေးလောက်အောင်လည်း နေမိန္ဒရတောင်မှာ သတင်းကြီးလှပေသည်။ ညောင်လွန့်ဆရာတော်က "ဦးကဝိ၊ လက်တော့ခံလိုက်ပြီ၊ ဟိုကျတော့ အရှင်ဘုရားပဲ စီစဉ်ရလိမ့်မယ်၊ ခုနယ်က လိုလေသေးမရှိအောင် စီစဉ်ပါ၊ လိုတာကိုလဲ ပြောပါ၊ ပြည့်စုံအောင် ဆောင်ရွက်ပေးပါ့မယ်" ဟု ပြောကြားသည်။ ထိုအခါ ဦးကဝိက "ကြက်လျှာတိုင် များများ အလိုရှိပါတယ်ဘုရား" ဟု လျှောက်ထားလိုက်လေသည်။ ညောင်လွန့်ဆရာတော်က "ကြက်လျှာတိုင်တွေ ဘာလုပ်ဖို့တုန်း ဦးကဝိရဲ့" ဟု မေးမြန်းလိုက်လေသည်။ ဆရာတော် ဦးကဝိက "သူတို့ကို လက်ဆောင်ပေးဖို့ပါ ဘုရား"ဟု လျှောက်ထားသည်။ ညောင်လွန့်ဆရာတော်မှာ ထိုအခါမှ သဘောပေါက်သွားပြီး "ကောင်းပါပြီဗျာ" ဟု ဆိုလျက် တပည့် တကာများကို ကြက်လျှာတိုင် ခပ်များများ လုပ်နိုင်းစေလေသည်။

ညောင်လွန့်ဆရာတော်က ဆက်လက်ပြီး "ဟိုကျတော့ အရှင်ဘုရားပဲ ကမ္မဝါ ဖတ်ရလိမ့်မယ်" ဟု အမိန့်ရှိလေသည်။



"တပည့်တော် ကမ္မဝါမဖတ်တတ်လို့ ဆရာတော်က ပြောပြပါ" ဟု ဦးကဝိက လျှောက်ထားလိုက်လေသည်။

ညောင်လွန့်ဆရာတော်က "ကမ္မဝါဖတ်ရင် လုံးကြီးတင်သံတို့၊ တစ်ချောင်းငင်သံတို့၊ ဝစ္စပေါက်သံတွေ မပါစေနဲ့" ဟု သဲတိမေး ပြောဆိုကာ ကမ္မဝါဖတ်နည်းကို သူကိုယ်တိုင် ဒွာန်ကရိုဏ်းကျကျနှင့် ပီသစွာ ရွတ်ဖတ်ပြလေသည်။ ဆရာတော်ဖတ်ပြ၍ ပြီးဆုံးသောအခါ၌ ဦးကဝိက ကမ္မဝါစာကို ကိုင်ပြီး ညောင်လွန့်ဆရာတော် ဖတ်ပြသည့်အတိုင်း တစ်လုံးမှ မလွဲမမှားစေဘဲ ဖတ်ပြလိုက်လေသည်။ စာမတတ်ပေမတတ် တောထွက်ရဟန်းကြီးက ဤသို့ တစ်ခေါက်တည်းနှင့် ဖတ်ပြနိုင်သည်မှာလည်း လက်တွေ့ကျင့်ကြံ အားထုတ်မှုမှ ရရှိလာသော ဉာဏ်စဉ်များနှင့် ဘဝဆက် ပါရမီအဟုန်ကြောင့်ပင် ဖြစ်ရပေလိမ့်မည်။

ဆရာတော်ဦးကဝိက "ဆရာတော်ဘုရား မကြိုက်သေးရင်လဲ အခုပြင်ပါ၊ ပရိသတ်ထဲကျမှ အော်ဟစ် မပြင်ပါနဲ့ဘုရား" ဟု လျှောက်ထားလိုက်လေသည်။ ညောင်လွန့်ဆရာတော်မှာ ဦးကဝိ၏ ပါရမီဉာဏ်ကို စိတ်ထဲတွင် ကြိတ်၍ သဘောကျမိပြီး "ဒီအတိုင်းသာ ဖတ်ရင် သဘောကျပါပြီဗျာ" ဟု ပြန်၍ အမိန့်ရှိလိုက်သည်။ ညောင်လွန့်တိုက်မှ စာသင်သားအချို့ ရဟန်းတပည့်ကြီးများက သထုံမြို့သို့ သိမ်သမုတ်သွားရာတွင် ဆရာတော်ဦးကဝိ လိုက်ပါမည်ကို သဘောမကျနိုင်ကြပေ။ ညောင်လွန့်ဆရာတော်ကို "စာမတတ် ပေမတတ်တဲ့ တောထွက်ရဟန်းကြီးကို ခေါ်မသွားပါနဲ့ ဘုရား၊ ဟိုကျတော့ အရှက်ကွဲနေပါ့မယ်" ဟု ဝိုင်း၍ လျှောက်ထားကြသည်။

ဆရာတော်ဦးကဝိမှာ ထိုမျှပင် အခြားရဟန်းများ၏ အထင်သေး အမြင်သေးမှုကို ခံရရှာလေသည်။ စာမတတ် ပေမတတ် သော်လည်း လက်တွေ့ ကျင့်ကြံ အားထုတ်မှုဖြင့် ဉာဏ်စဉ်ပေါက် နေသည်ကို ထိုရဟန်းများ မသိကြပေ။ ညောင်လွန့်ဆရာတော်က ဦးကဝိအား အထင်သေး အမြင်သေး ဖြစ်နေကြသော ရဟန်းများကို နှစ်သိမ့်ပြီး "ဒါကတော့ အမြင်တစ်မျိုးစီကိုး"ဟု အမိန့်ရှိလိုက် လေသည်။ တပည့် ဒါယကာ ဒါယိကာမများက သထုံမြို့ နေမိန္ဒရတောင်သို့ ကြွတော်မူကြရန်အတွက် မီးရထား တွဲလုံး ငှား၍ ပေးကြလေသည်။

၁၂၈၄ ခုနှစ် တပေါင်းလတွင် သိမ်သမုတ်ရန် သထုံမြို့ နေမိန္ဒရတောင်သို့ ကြွတော်မူကြသည်။ သိမ်သမုတ်ရန် ကြွကြရာ၌ ရထားသီးသန့်တွဲပေါ်တွင် ပုဂ္ဂိုလ်ကျော် ဆရာတော်ကြီးများ လိုက်ပါ ကြသည်။

ညောင်လွန့်ဆရာတော် ဦးမေဓာဝီ၊ မိတ္ထီလာ ရေလယ်ဆရာ တော်၊ ငရုတ်ပင်ဆရာတော် ဦးတိက္ခ၊ ညောင်လွန့်တိုက်မှ ဆရာ တော် ဦးကဝိန္ဒ၊ မောင်ရင်ပေါ်ချောက် ဆရာတော် ဦးကဝိ၊ မောင်ရင်ပေါ်ချောက်မှ ဦးကဝိနှင့် ရဟန်း အတူဝတ်သော ဦးဝိဇယ၊ ရွှန်းလွန်းရွာမှ ဆရာတော် ဦးကောသလ္လ၊ စုစုပေါင်း ဆရာတော် ၇-ပါး ဖြစ်သည်။ ထိုစဉ်က ပဲခူးမြို့မှတစ်ဆင့် သထုံသို့ ရထားဖြင့် သွားကြရသည်ဟု ထင်သည်။

ဆရာတော် ၇-ပါးမှာ သီးသန့်တွဲဖြင့် ကြွသွားတော်မူကြရာ ပဲခူးမြို့အလွန်တွင် မီးရထားသည် အရှိန်ပြင်းစွာ ခုတ်မောင်းနေ သည်။ ထိုစဉ် ဆရာတော်များ စီးနင်းလိုက်ပါလာသော တွဲပေါ်



သို့ ရဟန်းတစ်ပါး ရုတ်တရက် ခုန်တက် တွယ်ကပ် လိုက်လာ သဖြင့် ဆရာတော်များက ထိုတွဲမှာ သီးသန့်တွဲဖြစ်၍ မတက်ပါရန် တားမြစ်ကြလေသည်။

တွယ်ကပ် လိုက်လာသော ရဟန်းက "ဘယ်သူပိုင်ပိုင်" ဟု ဆိုပြီး ပြတင်းပေါက်မှ ဇွတ်အတင်းပင် တွဲအတွင်းသို့ ဝင်ရောက် လာသည်။ ဆရာတော်များကို စေ့စေ့ကြည့်ပြီး ထိုပုဂ္ဂိုလ်က "အင်း၊ ရှင်မဟိန္ဒတို့လို သီဟိုဠ်ကို သာသနာပြု သွားကြမလို့ကိုး၊ အေးလေ၊ မဟုတ်ပါဘူး၊ သထုံကို သာသနာပြု သွားကြမလို့ကိုး၊ အောင်ပဓာတ်၊ အောင်ပဓာတ်"ဟု အော်ဟစ်ကာ လက်ထဲတွင် ဆုပ်ကိုင်လာသည့် ခေါင်းလောင်း ခလောက်ကလေးကို မြှောက်ယမ်း ပြသည်။ သူက ဆက်လက်ပြီး "ဒီမှာကြည့်၊ ခလောက် ခလောက်၊ အဆန်မပါဘူး" ဟု ပြောရင်း ဆရာတော်များဘက်သို့ လက်ညှိုး ငေါက်ငေါက် ထိုးကာ "တစ်ပါး၊ နှစ်ပါး၊ သုံးပါး၊ လေးပါး၊ ငါးပါး၊ ခြောက်ပါး၊ ခုနစ်ပါး၊ ငါပါ ရှစ်ပါး" ဟု ပြောလေ သည်။

ဆရာတော်များမှာ အလွန်တရာ အံ့သြလျက် ရှိနေကြသည်။ ဤမျှ အရှိန်ပြင်းသော ရထားပေါ်သို့ မည်သို့မည်ပုံ ခုန်တွယ် တက်လာသည်ကိုလည်း စဉ်းစား၍ မရကြပေ။ ဆရာတော် များကို ထိုပုဂ္ဂိုလ်က "ဘယ်က ကြွလာကြသတုံး" ဟု မေးလိုက် လေသည်။ ဆရာတော်များက "ညောင်လွန့်ကပါ" ဟု ဖြေကြား လိုက်သည်။ "ညောင်ချဉ်လား၊ ညောင်ကြပ်လား၊ အေးလေ- ဗောဓိညောင်" ဟု သူ့ဘာသာသူ ဖြေကြားပြီး အရှိန်ပြင်းစွာ

ခုတ်မောင်းနေသော မီးရထားတွဲပေါ်မှ ရုတ်တရက် ခုန်ဆင်းသွားလေသည်။

ဆရာတော်များမှာ ဤအဖြစ်ဆန်းကြောင့် မည်သို့ အဓိပ္ပာယ်ရှိလေမလဲဟု တွေးတောနေမိကြသည်။ ထိုစဉ် ဆရာတော်ဦးကဝိန္ဒက ညောင်လွန့်ဆရာတော်အား "ဆရာတော်ဘုရား၊ ခုနက ရသေ့လိုလို ရဟန်းလိုလိုက ပြောသွားတဲ့ ခလောက်၊ ခလောက် အဆံမပါဘူး ဆိုတာဟာ သိမ်သမုတ်ရာမှာ သံဃာက နှောင့်ယှက်ပါလိမ့်မယ် ဘုရား၊ ဒါပေမယ့် အဆံမပါလို့ ပျက်အောင်တော့ မဖျက်နိုင်ပါဘူး ဘုရား" ဟု ကောက်ကာငင်ကာ နိမိတ်ဖတ်၍ လျှောက်ထားလိုက်သည်။

ညောင်လွန့်ဆရာတော်က "သံဃာ့ကိစ္စမို့ သံဃာက နှောင့်ယှက်လိမ့်မယ် မထင်ပါဘူး ဦးကဝိရဲ့" ဟု အမိန့်ရှိလိုက်သည်။ ဦးကဝိက ဆက်လက်ပြီး ဆရာတော်ဘုရား မယုံရင် စောင့်ကြည့်တော်မူပါ၊ သံဃာကလဲ နှောင့်ယှက်ပါလိမ့်မယ်၊ ဒါပေမယ့် သိမ်သမုတ်တာကတော့ အောင်မြင်ပါလိမ့်မယ် ဘုရား" ဟု လျှောက်ထားလိုက်လေသည်။

သထုံဘူတာသို့ ရထားဆိုက်လျှင် ဦးဘိုး၀၊ ဦးကျော်ဒွန်းစသည့် အစိုးရအရာရှိ မြို့ခံ ဒါယကာ ဒါယိကာမများက ဆရာတော် (၇)ပါးအား သောင်းသောင်းဖြဖြ ခရီးဦးကြိုဆိုကြသည်။ ထို့နောက် နေမိန္ဒရဇတောင်ခြေရှိ တည်းကျောင်းသို့ မော်တော်ကားဖြင့် ပင့်ဆောင်သွားကြသည်။

ညအချိန်သို့ ရောက်လျှင်ရောက်ချင်း တည်းကျောင်းရှိ ဆရာတော်များထံ လာရောက် လှူဒါန်းထားသည့် ဖယောင်းတိုင်



များ စုစည်းယူငင်ပြီး နေမိန္ဒရတောင်ပေါ်သို့ တက်ကြွသွားသည်။ တောင်ပေါ်သို့ ရောက်လျှင် ယူဆောင်လာသော ကြက်လျှာတိုင်များကို အနှံ့အပြား စိုက်ထူပြီးနောက် ဖယောင်းတိုင် အားလုံးကိုလည်း ထွန်းညှိထားရာ နေမိန္ဒရ တစ်တောင်လုံးမှာ ထိန်ထိန်လင်းလျက် ရှိသည်။

ထို့နောက် တောင်စောင့်နတ်အပေါင်းကို တိုင်တန်းလျက် 'အသင်တို့ကို ဖယောင်းတိုင် ကြက်လျှာတိုင်များ ငါ ပေးအပ်တယ်၊ သင်တို့ဆန္ဒအတိုင်း သင်တို့ ကြ[illegible]ညိုသောဘုရားကို ပူဇော် ကန်တော့ကြပါ၊ သင်တို့ ပူဇော်နိုင်ရန်အတွက် ငါ ပေးအပ်ထားပါတယ်"ဟု ဆိုကာ တနင်္ဂနွေထောင့် အရပ်တွင် မတ်တတ်ရပ်လျက် ပရိကံပြုပြီး မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းကာ တရားကို နှလုံးသွင်းလျက် နေတော်မူသည်။

တိတ်ဆိတ်ငြိမ်သက်သော ညဉ့်တွင် ဆရာတော် ဦးကဝိသည် တောင်ပေါ်၌ တစ်ပါးတည်း ထိုင်ကာ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းနေသည်။ တောင်ပေါ်တွင် ရှိကြသော ပုဂ္ဂိုလ်အမျိုးမျိုးတို့က ဆရာတော်အား လာရောက် ဖူးမြော် ကန်တော့ကြသည်။ လာရောက်ဖူးမြော်သူများကို တရားဒေသနာများ ဟောကြားဆုံးမတော်မူသည်။ နောက်ဆုံး၌ တစ်တောင်လုံး လင်းသွားပြီး ပုဂ္ဂိုလ်ထူး တစ်ဦးသည် မင်းမြောက်တန်ဆာ ငါးပါးကို ၀တ်ဆင်လျက် ဆရာတော်အား လာရောက် ဖူးမြော် ကန်တော့သည်။

ဆရာတော် ဦးကဝိက မိမိဉာဏ်အမြင်ဖြင့် ဘ၀သံသရာကို ဆင်ခြင်လိုက်သောအခါ ထိုပုဂ္ဂိုလ်မှာ မနူဟာမင်းပင် ဖြစ်ကြောင်း သိတော်မူသည်။ သူ၏စိတ်ထဲတွင် "အရင်းလဲရင် အဖျား ထင်း

ဖြစ်တာပေါ့" ဟု သတိသံဝေဂ ရကာ တရားဒေသနာများကို ထပ်မံ ဟောကြား ဆုံးမတော်မူသည်။ ဆရာတော်က "အသင် နတ်မင်း၊ ဒီတောင်မှာ ထူပါရုံစေတီတော် ရှိတယ်၊ ဓာတ်တော်များလဲ ကိန်းဝပ်တော်မူတယ်၊ လူအများ ဖြတ်သန်းသွားလာတဲ့အခါ အပြစ်အနာ ရာယ်ရှိမယ်၊ ဒါကြောင့် ဒီတောင်မှာ ငါတို့ သာသနာပြုဖို့ ဆုံးဖြတ်ပြီး ကြွလာကြတာပဲ၊ သင်နှင့်တကွ ဆိုင်ရာ ပိုင်ရာ ပုဂ္ဂိုလ်များ ခေတ္တခဏ ဖယ်ပေးကြပါ၊ ငါတို့ သိမ်သမုတ်ပြီးတဲ့အခါမှ သင်တို့ပဲ ပြန်ပြီး စောင့်ရှောက်ကြပါ၊ အသင့်အိမ်တော်ကိုလဲ မဖျက်ဆီးပါဘူး၊ အသင် အလိုရှိသော နေရာကိုပြပါ၊ အိမ်တော် ဆောက်လုပ်ပေးခဲ့ပါဦးမယ်" ဟု အမိန့်ရှိလိုက်လေသည်။

မနုဟာမင်းသည် ဆရာတော်ဘုရား၏ မိန့်တော်မူချက်များကို တိတ်ဆိတ်ငြိမ်သက်စွာ နာခံတော်မူပြီး တစ်လုံးတစ်ပါဒမျှ ပြန်လည်ပြောဆိုခြင်း မပြုဘဲ တနင်္ဂနွေထောင့် အရှေ့မြောက် အရပ်မှ မျက်နှာမသာမယာဖြင့် ဝမ်းနည်း ပူဆွေးကာ ဆင်းသွားလေသည်။ ဆရာတော် ဦးကဝိက မနုဟာမင်း သဘောကျသော နေရာဌာနကို သိရှိသည့်အလျောက် အရှေ့မြောက်ထောင့် သစ်ပင်ကြီး တစ်ပင်အနီးတွင် အိမ်တော်နတ်ကွန်း ဆောက်လုပ်ပေးစေသည်။ ထိုနတ်ကွန်းမှာ နေမိန္ဒရတောင်၏ တနင်္ဂနွေထောင့်ရှိ သစ်ပင်ကြီး တစ်ပင်အောက်တွင် ယခုတိုင် ရှိနေလေသည်။

ဆရာတော် ဦးကဝိနှင့် မနုဟာမင်းတို့မှာ ဘဝသံသရာများလှစွာက တပည့်ဒါယကာ ဆရာများ ဖြစ်ခဲ့ကြသည်။ ယခုအချိန်တွင် ဘဝခြားပြီး ပြန်လည်တွေ့ဆုံရသောအခါ၌ ရှေး



ဘဝများက အဖြစ်အပျက်များကို ပြန်လည်တွေးတောမိသဖြင့် နုဟာမင်းသည် ဝမ်းနည်းကြေကွဲ ပူဆွေးမှု ဖြစ်ရလေသည်။ မြတ်စွာဘုရား၏ ဒေသနာတော်များကို ကြားနာရသဖြင့်လည်း မ်းသာ ဝမ်းနည်း ကြေကွဲမှု ဖြစ်ရလေသည်။ ဆရာတော် ဦးကဝိသည် တစ်ညတာလုံး တောင်ပေါ်တွင် ပြုဖွယ်ကိစ္စများကို ဆောင်ရွက်ပြီးစီးသောအခါ၌ နံနက် မိုးလင်းမှပင် တောင်အောက် ဘည်းကျောင်းသို့ ဆင်းကြွတော်မူလေသည်။

အံချို့သော သံဃာတော်များက ဆရာတော် ဦးကဝိ၏ ဆောင်ရွက်မှုများကို လောကီ အလုပ်တွေသာ ဖြစ်သည်ဟု အတင်းပြောကြလေသည်။ ထိုကိစ္စများကို ညောင်လွန့်ဆရာတော် ကြားသိသောအခါ ဦးကဝိက "ဆရာတော်ဘုရားရဲ့ ကျောင်း ရိဝုဏ်ကို မင်းအာဏာနဲ့ အတင်းသိမ်းပြီး လာနှင်လို့ရှိရင် အားမတန်လို့ မာန်လျှော့ရပေမယ့် ဆရာတော် ကျေနပ်ပါ့မလား ဘုရား" ဟု မေးမြန်းသည်။

ဆရာတော်က "ဘယ် ကျေနပ်နိုင်ပါမတုံး ဦးကဝိရဲ့" ဟု ဖြေလိုက်ရာ ဦးကဝိက ဆက်လက်ပြီး "ဒီလိုဆို ပြောရရင် အရှင်ဘုရားတို့ ဒီနေရာက အခြားတစ်နေရာကို ခေတ္တ ကြွနေကြပါဦး ဘုရား၊ တပည့်တော်တို့ ဒီနေရာမှာ အရေးကြီးတဲ့ အကြောင်း တစ်ခုရှိလို့ ဆောင်ရွက်စရာ ရှိနေပါတယ်၊ ကိစ္စပြီးတော့ အရှင်ဘုရားတို့နေရာ အရှင်ဘုရားတို့ ပြန်ပြီး သီတင်းသုံးကြတာပေါ့လို့ လျှောက်ရင် ပိုကျေနပ်မယ် မဟုတ်လား" ဟု မေးလိုက်လေသည်။ ညောင်လွန့်ဆရာတော်က "ဒီလိုဆိုရင်တော့ ကျေနပ်တာပေါ့"ဟု အမိန့်ရှိလိုက်လေသည်။ ဆရာတော် ဦးကဝိ၏ ဖြေရှင်း

ချက်ကို ဆရာတော်နှင့်တကွ သံဃာအားလုံး ကြားရသောအခါ သဘောပေါက်၍ ကျေနပ် နှစ်သက်သွားကြလေသည်။

သထုံမြို့သားများနှင့် ရပ်သူရွာသား ဒါယကာ ဒါယိကာမ များမှာ ဆရာတော်များ စီမံ ဆောင်ရွက်နေကြသည်များကို အထူး သတိပြု၍ စိုးရိမ်မကင်း ဖြစ်နေကြသည်။ ယခင်က ထို လုပ်ငန်းကို အကြီးအကျယ် ဖျက်ဆီးနှောင့်ယှက်ခဲ့ဖူးပြီး တောင် ပေါ်သို့ သိမ်နယ်နိမိတ် ကျောက်တိုင် သစ် ဝါး စသည်များကိုပင် အတင်မခံ ဆွဲချခြင်း ခံခဲ့ရသည်။ ယခုအချိန်တွင် တောင်ခြေ ကုဋီတစ်လုံးပင် ဆောက်လုပ်ထားရှိပြီးဖြစ်သော်လည်း မည်သို့မျှ အနှောင့်အယှက် မပြုသည့်အဖြစ်ကို တွေ့ရှိကြရသဖြင့် အား ရွှင်လန်း ဝမ်းမြောက်လျက် ရှိကြသည်။ တောင်ပေါ်တွင်ရှိသော ပြုဖွယ်ကိစ္စများကို ဆောင်ရွက်ရာ၌ သက်ဆိုင်ရာများက လွှက်ခံပြီ ယခင်ကကဲ့သို့ တောင်ကြီး မကြမ်းတော့ဘူးဟု တစ်ယောက်နှင့် တစ်ယောက် ပြောဆိုကြကာ ဝမ်းမြောက် အားတက်လျက် ရှိ ကြသည်။

သိမ်ဆောက်ခြင်း လုပ်ငန်းများ ပြီးစီးသွားသောအခါ၌ သိမ် နုတ်မည့်နေ့တွင် သံဃာများကို စည်းဝေးစေသည်။ ညောင်လွန့် ဆရာတော်က ဦးဆောင်ပြီး ရှေးဦးစွာ ဆရာတော် ဦးကဝိ လက်သို့ ကမ္မဝါကို ထည့်လျက် အရင်ဆုံး ဖတ်ခိုင်းလေသည် ဆရာတော် ဦးကဝိသည် ကမ္မဝါကို ဌာန်ကရိုဏ်းကျစွာဖြင့် ပီသစွာ ဖတ်တော်မူနိုင်သည်။

ထိုနောက် ညောင်လွန့်ဆရာတော်က သူ၏ တပည့်သံဃာများ ကို ဖတ်ခိုင်းရာ ဖတ်ကြရာ၌ ဆရာတော် ဦးကဝိကဲ့သို့ မှန်က



ကျနစွာ မဖတ်နိုင်သည်ကို တွေ့ရသောအခါ၌ အင်း– မင်းတို့ ကျောင်းတုန်းကတော့ စာမတတ် ပေမတတ်နဲ့ တောထွက်ကြီးကို ခေါ်သွားရင် လူထဲကျတော့ အရှက်ကွဲနေလိမ့်မယ် ဆိုပြီး ခုတော့ မင်းတို့က တောထွက်ကြီးလောက်မှ နေရာကျအောင် မဖတ်နိုင် ဘူးဟု အမိန့်ရှိလိုက်လေသည်။

ထို့နောက် ညောင်လွန့်ဆရာတော်၊ ရေလယ်ဆရာတော်တို့ အသီးသီး ဖတ်ကြပြီး သိမ်းနုတ်ခြင်းကိစ္စ ပြီးမြောက်သွားလေ သည်။ သိမ်နယ်နိမိတ်တိုင်များကို တောင်ပေါ်သို့ တင်ပို့စေလေ သည်။

နောက်တစ်နေ့၌ သိမ် မသမုတ်မီ ဘုန်းကြီးတစ်ပါးက လာ ရောက်ပြီး အရှင်ဘုရားတို့ ဒီသိမ်ကို ဘယ်လို သမုတ်မှာတုံးဟု မေးလေသည်။ ညောင်လွန့်ဆရာတော်က နယ်သိမ်သမုတ်မည်ဟု ဖြေကြားရာ၌ ထိုဘုန်းကြီးက မရေမရာ တောင်ပြော မြောက်ပြော နှင့် မဖြစ်နိုင်သကဲ့သို့ ပြောနေပြန်သည်။ ထိုအခါ ငရုတ်ပင် ဆရာတော် ဦးတိက္ခက “အရှင်ဘုရားတို့က မအပ်ဘူးထင်ရင် မအပ်တဲ့အကြောင်း အကိုးအကားနဲ့တကွ ပြပါ၊ ကျုပ်တို့ဘက် ကလဲ အပ်တဲ့အကြောင်း အကိုးအကား ကျမ်းစာများနဲ့ ကြည့် ချင်ရင်လဲ ပြပါမယ်၊ တိုက်ဆိုင်ကြည့်ကြမလား” ဟု ဝင်ပြော လိုက်သောအခါမှ ထိုဘုန်းကြီးလည်း ပြန်ကြွသွားလေသည်။

သိမ်သမုတ်ရန် နယ်ပယ်အတွင်း ဆန္ဒ တောင်းသင့်သော ပုဂ္ဂိုလ်များအား ဆန္ဒတောင်းခြင်း၊ ပင့်သင့်သော ပုဂ္ဂိုလ်များအား ပင့်ခြင်း ကိစ္စအဝဝကို ပြုလုပ် ဆောင်ရွက်ကြသည်။ ထိုနေ့ ည

၁၀–နာရီခန့်တွင် ကျောက်စည်၊ ခေါင်းလောင်း၊ အုန်းမောင်းများ တီးခတ်၍ နယ်စောင့်သော ပုဂ္ဂိုလ်များအား အချက်ပေးကာ သိမ် သမုတ်ကြလေသည်။

ထိုည၌ပင် ဆရာတော် ဦးကဝိသည် သိမ်သမုတ်ခြင်း ကိစ္စ အောင်မြင်ခြင်း ရှိ မရှိကို သိလိုသဖြင့် တရားထိုင်ရင်း အာရုံပြု၍ ဆင်ခြင်ကြည့်လေသည်။ သိမ်သမုတ်စဉ်က ရဟန်းတစ်ပါး ဤနယ် အတွင်းသို့ ဝင်နေကြောင်းနှင့် ထိုရဟန်းနှင့် အခြား တစ်ပါးသို့ အချင်းချင်း ပြောနေကြသည့် စကားများကိုပါ မြင် ကြား သိရှိ ရလေသည်။ ဆရာတော် ဦးကဝိသည် ညောင်လွန့်ဆရာတော် အား "တပည့်တော်တို့ သိမ်သမုတ်စဉ်က သတ်မှတ်ထားသော သိမ်နယ်နိမိတ်အတွင်း ရဟန်းနှစ်ပါး ရောက်ရှိနေပါတယ်" ဟု လျှောက်ထားသည်။

ဦးကဝိက ဆက်လက်ပြီး "သူတို့အချင်းချင်း ပြောနေကြ တယ်၊ သူတို့ သမုတ်တဲ့ သိမ်ဟာ မအောင်မြင်ဘူး၊ ဝဂ်ဖြစ်သွား တယ်၊ သိမ်သမုတ်နေတုန်းက ဘယ်အချိန်၊ ဘယ်နာရီမှာ တပည့် တော်တို့ သူတို့နယ်အတွင်းသို့ ရောက်ရှိနေတယ်၊ ဒါကြောင့် သူတို့ သိမ်ဟာ မအောင်မြင်ဘူးလို့ ပြောနေကြတာကို တပည့် တော် မြင်ကြားလိုက်ရတယ် ဘုရား" ဟု လျှောက်ထားလိုက်လေ သည်။

ညောင်လွန့်ဆရာတော်က "ဒီလိုဆို သိပ်မအောင်ဘူးပေါ့" ဟု ပြောလျက် ထိုအဖြစ်အပျက်ကို ရဟန်းများအား ရှာဖွေ စုံစမ်း စိစစ် မေးမြန်းကြည့်စေသည်။ သိမ်သမုတ်ချိန်က အခြား နယ်



တစ်ခုမှ ရဟန်းတစ်ပါး သိမ်နယ်နိမိတ်အတွင်းသို့ ရောက်ရှိနေ ကြောင်း သိရှိရလေသည်။

နောက်တစ်နေ့ညတွင် သိမ်နယ်နိမိတ်များ ထပ်မံသတ်မှတ် ကြသည်။ ဒါယကာ ဒါယိကာမများနှင့် အစိုးရပိုင်း အကူအညီ ကို ရယူကာ ဆန္ဒများ တောင်းခံပြီး ဝိုင်းဝန်း ကူညီ စောင့်ရှောက် စေသည်။ ဒုတိယအကြိမ် ရေးနည်းအတိုင်း ထပ်မံ ဆောင်ရွက် ကြရာ နေမိန္နရတောင်၌ သိမ်သမုတ်ခြင်းကိစ္စ ကောင်းစွာ အောင်မြင် ခြင်းသို့ ရောက်ရှိလေသည်။

သိမ်သမုတ်ခြင်းကိစ္စ ထမြောက် အောင်မြင်သွားသောအခါ တပည့် ဒါယကာ ဒါယိကာမများမှာ ဝမ်းမြောက် ကြည်နူး၍ နှစ်ထောင်းအားရ ဖြစ်ကာ က,ခုန် ရွှင်မြူးကြသည်။ အစိုးရ အရာရှိကြီးဖြစ်သူ ဦးကျော်ဒွန်းက ခေါင်းဆောင်လျက် ဆရာတော် ဦးကဝိကို ထမ်းစင်ဖြင့် တင်ကာ လှည့်လည်ပြီး ရဟန္တာကြီး အစစ် ဖြစ်လေသည်ဟု ဟစ်အော် ကြွေးကြော်ကြလေသည်။ နောက်တစ်နေ့ တရားပွဲ ကျင်းပရာတွင် ဆရာတော် ဦးကဝိက လက်တွေ့ဘဝနှင့်ယှဉ်ပြီး မိမိကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရသော လူမှုဒုက္ခများ အကြောင်းကို ဖော်ထုတ်၍ တရားဟောကြားတော် မူသည်။ သထုံနယ်သူ နယ်သားများမှာ ဆရာတော်ဦးကဝိ၏ တရားကို ကြားနာရပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။

ညဉ့်မှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ ဆရာတော် ဦးကဝိ တည်းကျောင်းပေါ်၌ သီတင်းသုံးနေစဉ် ကျောင်းအောက်မှ ဘုန်းကြီးတစ်ပါး၏ ခေါ်သံကို ကြားရသည်။ ကျောင်းအောက်

သို့ ဆင်းပြီး အတွေ့ခံရာ ထိုဘုန်းကြီးက "ဟိုနား ခဏ လိုက်ခဲ့စမ်းပါ" ဟု ခေါ်ဆောင်လေသည်။ ဆရာတော်ဦးကဝိ၏ စိတ်ထဲတွင် "အချိန်မတော် လာခေါ်သူနောက်သို့ မလိုက်ပြန်ကလည်း ထိုသူ ဒုက္ခရောက်လိမ့်မယ်၊ သူခေါ်ရာသို့ ငါလိုက်ပြန်ကလည်း ငါပဲ ဆင်းရဲတော့မယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ငါပဲ အဆင်းရဲခံတော့မယ်" ဟု ဆုံးဖြတ်ကာ ထိုသူစိမ်းဘုန်းကြီး ခေါ်ရာနောက်သို့ လိုက်သွားလေသည်။

ဘုန်းကြီးကို ရှေ့ကထား၍ နောက်မှလိုက်သွားရာ ည အချိန်မတော် တောကြီးမျက်မည်းထဲသို့ တဖြည်းဖြည်းရောက်သွား လေသည်။ တောနက်ထဲသို့ရောက်သောအခါ ခေါ်သွားသော ဘုန်းကြီးက "ပြန်လိုလျှင် ပြန်ပါတော့ဘုရား၊ တပည့်တော် လိုက်ပို့ပါမည်" ဟု လျှောက်ထားသည်၊ ဆရာတော် ဦးကဝိ "နေပါစေ၊ တပည့်တော်ဘာသာ တပည့်တော် ပြန်ပါမယ်" ပြောလျက် မှောင်ကြီးမည်းမည်း တောနက်ထဲမှ ဟိုစမ်းသည် နှင့် ပြန်လာရာ တောကျောင်းသို့ လွယ်လင့်တကူ ပြန်လ ရောက်ရှိသည်။ အသွားတုန်းကလောက်လည်း မဝေးဟု ခန့် ရသည်။ ထိုသို့ပင် ဆရာတော်ဦးကဝိ၏ သီလ သမာဓိ ပည အမျိုးမျိုး စမ်းသပ်ခြင်း ခံခဲ့ရပေသည်။

ဆရာတော်ဦးကဝိ၏ သတင်းမှာ ရပ်ဝေးရပ်နီး ကျော်ကြ သွားရာ သထုံမြို့နယ် ခရွဲရွာ ဆရာတော်က တွေ့လိုလှသ နေမိန္ဒရတောင်ခြေသို့ ကြွလာတော်မူလေသည်။ ခရွဲရွာဆရာ မှာ လောကီဘက်တွင် ဆည်းပူးလေ့လာထားကြောင်း ကြ ထားသဖြင့် ညောင်လွန့်ဆရာတော်က ဆရာတော် ဦးကဝိ



ခရွဲဆရာတော်ကို စုံစမ်းကြည့်ခိုင်းလေသည်၊ ဆရာတော် ဦးကဝိအား ဦးစွာပထမ ခရွဲဆရာတော်ကို ပရိကံတည်ပုံနှင့် ပတ်သက်၍ အမိန့်ရှိတော်မူပါရန် လျှောက်ထားမေးမြန်း စုံစမ်းလေသည်။

ခရွဲဆရာတော်က ပထမ ကသိုဏ်းဝန်း နိမိတ်ယူ၍ ပရိကံ တည်ပုံ အကြောင်းများကို ရှင်းလင်းဝေဖန် ပြောဆိုသွားလေသည်။ ထိုအခါ ဆရာတော် ဦးကဝိက "အရှင်ဘုရား၊ ခုနက ကွမ်းအစ်အကြောင်းကို အမိန့်ရှိသွားပါတယ်၊ တပည့်တော်က ဟောဒီ ကွမ်းအစ်ထဲမှာ ကွမ်းဘယ်နှစ်ရွက် ရှိတယ်ဆိုတာ သိလိုပါတယ် ဘုရား" ဟု မေးမြန်း လျှောက်ထားလိုက်လေသည်။

ထိုအခါ ခရွဲဆရာတော်က "ဒီအထိတော့ ဉာဏ်စဉ်အာရုံ မလိုက်နိုင်တော့ဘူး" ဟု အမိန့်ရှိလေသည်။ ဆရာတော်ဦးကဝိက ခေတ္တမျှ တည်ငြိမ်စွာနေပြီး အာရုံပြုကာ ကွမ်းအစ်ထဲ၌ ကွမ်း ဘယ်နှစ်ရွက် ရှိသည်ကို တိတိကျကျ ဖြေကြားလိုက်လေသည်။ ကွမ်းအစ်ကိုဖွင့်၍ ကွမ်းရွက်များကို ရေကြည့်ရာ ဆရာတော် ဦးကဝိ အမိန့်ရှိသည့်အတိုင်း ရွက်ရေ အတိအကျကို တွေ့ရသည်။

ထိုမျှပင် ဆရာတော်ဦးကဝိ၏ ဉာဏ်စဉ်မှာ ထက်မြက်လှပေသည်။ ခရွဲဆရာတော်က ပရိကံတည်ပုံနှင့်တကွ တရားအားထုတ် နည်း နိသျှည်းများကို မေးမြန်းသဖြင့် ဆရာတော်ဦးကဝိက ရှင်းလင်း ဖြေကြားတော်မူလိုက်လေသည်။ ဆရာတော် ဦးကဝိ အား "အရှင်ဘုရား အသက်ငယ်ပါသေးတယ်၊ ရှေ့ဆက်ပြီး ကြိုးစားပါ ဘုရား၊ ကပည့်တော်တော့ သွက်ချာပါဒ စွဲကပ်နေလို့ ဒီအထိ လေ့ကျင့်အားထုတ်မှု မပြုနိုင်တော့ဘူး၊ ဟိုတုန်းက တပည့်တော်ရယ်၊ ဦးဥတ္တမရယ်၊ သစ်ချတောင် ဦးတိလောက

ရယ်၊ သတ္တဝါတွေကို ကောင်းကင်မှနေပြီး တရားဟောနိုင်မှ ပြန်ကြတော့မယ်လို့ စိတ်ပိုင်းဖြတ်ပြီး တောထွက် တရားရှာခဲ့ ကြတယ်၊ နောက်တော့ ဒုက္ခတွေ အမျိုးမျိုးတွေ့ပြီး လိုရင်းကိစ္စ မပြီးမြောက်နိုင်တာနဲ့ ပြန်ခဲ့ကြရတယ် ဘုရား” ဟု အမိန့်ရှိလေ သည်။

ဆရာတော် သစ်ချတောင် ဦးတိလောကမှာလည်း 'ပဏ္ဍိတ ဝေဒနီယ'ကျမ်းကို ပြုစုခဲ့သော ပဋိပတ်နှင့် ပရိယတ်ပညာ စွယ်စုံ ရသော ပုဂ္ဂိုလ်အကျော်အမော် ဆရာတော်အရှင်သူမြတ်တစ်ပါး ဖြစ်သည်။

နေမိန္ဒရတောင်တွင် သိမ်သမုတ်ခြင်းလုပ်ငန်းကိစ္စများ ပြီးစီး သောအခါ၌ သထုံမြို့မှ ဆရာတော် ဦးကဝိ အပါအဝင် ဆရာ တော် ၇-ပါးတို့သည် မီးရထားစီးနင်း၍ ပြန်လည် ကြွလာခဲ့ ကြသည်။ ရထားပေါ်တွင် ဆရာတော် ဦးကဝိက ညောင်လွန် ဆရာတော်ကို “တပည့်တော်တို့ ရထားစီးပြီး ကြွလာတုန်းက ရသေ့လိုလို ရဟန်းလိုလို ပုဂ္ဂိုလ်တစ်ယောက်က ပြောကြားသွား ခဲ့တဲ့ စကားတွေကို တပည့်တော် နိမိတ်ဖတ်ခဲ့တဲ့အတိုင်း သံဃာ ကပဲ နှောင့်ယှက်တာ ထင်ရှားပြီ မဟုတ်ပါလား၊ ဒါပေမယ့် ခလောက်က အဆန်မပါလို့ ပျက်အောင်တော့ သူတို့ မဖျက်နိုင် ပါဘူး၊ အောင်မြင်မှာပါလို့ လျှောက်ခဲ့ဖူးတဲ့ အတိုင်းပဲ သူတို့ ဖျက်ပေမယ့် သိမ်ကိစ္စ ထမြောက်အောင်မြင်သွားတယ် မဟုတ် ပါလား ဘုရား”ဟု လျှောက်ထားလိုက်လေသည်။ ညောင်လွန် ဆရာတော်က “မှန်လိုက်လေ ဦးကဝိရယ်၊ ဒါကြောင့်လဲ ကိုယ်



တော့်ကို အားကိုးပြီး ကျုပ် ပင့်ခဲ့တာပေါ့” ဟု ဝမ်းမြောက် အားရစွာ ပြန်လည် မိန့်ကြားလေ  ည်။

စာရေးသူမှာ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကြောင်း များကို စဉ်းစားရင်း မှတ်တမ်း မှတ်စုများကို ဖတ်ရင်းဖြင့် ထိုညက ညဥ့်နက်သွားသည်။ နောက်တစ်နေ့ ပုဂံသို့ သွားရောက် ပြီး ထပ်မံ လေ့လာလိုသေးသည်။

နောက်တစ်နေ့နံနက်တွင် ညောင်ဦးမှ ပုဂံသို့ နံနက်စောစော ထွက်ခဲ့လေသည်။ နံနက်လင်းပြီဖြစ်သဖြင့် ပုဂံမြို့ရိုးဟောင်း သရပါ တံခါးကို ကားလမ်းက ဖြတ်၍ မောင်းသွားရသည်။ မြို့ရိုးပျက်ကြီးများက ရှေးခေတ်လူသားတို့၏ လက်ရာကို သရုပ် ဖော်လျက်ရှိသည်။ ထိုနေ့က အလောင်းစည်သူမင်း တည်ထား ခဲ့သော သဗ္ဗညုစေတီတော်ကို ဦးစွာ သွားရောက် ဖူးမြော် သည်။

စေတီတော် တည်ထားပုံမှာ အနုပညာ လက်ရာမြောက်လှပြီး အလွန်တရာ သပ္ပာယ်ကြည်ညိုဖွယ်ရာပင် ဖြစ်သည်။ စာရေးသူ လည်း သဗ္ဗညုစေတီတော် လိုဏ်အတွင်းသို့ ဝင်၍ ပန်း အမွေး တိုင်၊ ပယောင်းတိုင် စသည်တို့ဖြင့် ပူဇော်ပသမှုပြုကာ လိုဏ် ပေါက်က ထွက်လိုက်သည်။ လိုဏ်ပေါက်များအတိုင်း သပြေ ပန်းအိုးကို ကိုင်၍ အကွေ့အကောက် လမ်းများအတိုင်း တက် သွားရာ စေတီတော်ထိပ်သို့ ရောက်ရှိသွားသည်။

ပစ္စယာအဆင့် လှေကားထစ်များမှာ တဖြည်းဖြည်း သေးငယ် သွားသဖြင့် တက်ရသည်မှာ ခက်၍လာသည်။ လည်ပင်းတွင်

ပုတီးတစ်ကုံး ဆွဲထားပြီး ခါးကြားတွင် ပရိတ်ကြီး ပဋ္ဌာန်း စသည်တို့ပါသော စာအုပ်ငယ်တစ်အုပ်ကို ယူဆောင်သွားသည်။ အဖော်လိုက်လာသော ရဲဘော်က "ဗိုလ်ကြီး၊ ကျွန်တော်တော့ ဆက်မတတ်နိုင်တော့ဘူး၊ ခေါင်းတွေမူးပြီး မျက်စိတွေ ပြာလာပြီ" လှမ်းအော်ပြောသည်။

သူ့ကို လှမ်းကြည့်လိုက်ရာ စာရေးသူ၏အောက် နှစ်ဆင့်သုံးဆင့်လောက်တွင် အုတ်နံရံကို ကိုင်ကာ ထိုင်နေသည်ကို တွေ့ရသည်။ စာရေးသူက "အေး၊ မင်း ဆက်မတတ်နိုင်ရင်လဲ အဲဒီနားက စောင့်နေ၊ ငါတော့ တက်နိုင်သလောက် တက်ပြီး ပရိတ်ရွတ်လိုက်ဦးမယ်" ဟု ပြောလိုက်သည်။

သဗ္ဗညုစေတီတော် လိုဏ်အထက် ကြာဖူးနား မရောက်မီအဆင့်တစ်ခုတွင် ခြေထွ ကပ်၍ ထိုင်ချကာ အမောဖြေရင်း ပုဂံမြို့ဟောင်း အရပ်လေးမျက်နှာကို လှည့်ပတ် ကြည့်ရှုမိသည်။ အလွန် ကြည်နူးလွမ်းဆွတ်ဖွယ်ရာကောင်းသော ဒေသနှင့် မြင်ကွင်းပင် ဖြစ်သည်။ သပြေပန်း ထည့်ထားသော မြေပန်းအိုးကလေးကို အထက် အထစ်ကလေးပေါ်တွင် ချပြီး စိတ်ဖြင့်ရည်စူးကာ ဘုရားကို တင်လိုက်သည်။ ခါးကြားမှ ရေဘူးကိုထုတ်ကာ တစ်ငုံစာမျှ မော့သောက်လိုက်ပြီး ခေတ္တ အနားယူလိုက်သည်။ ထိုဘုရားပေါ်တွင် ပရိတ်ရွတ်လိုသော ဆန္ဒက ပြင်းပြလျက်ရှိသည်။

အလောင်းစည်သူမင်းတရား တည်ထားခဲ့သော သဗ္ဗညုစေတီတော်ကို ဦးညွတ် ကန်တော့ပြီး ပရိတ်ကြီး ပါဠိတော် စက်



ပရိတ်၊ ဓာရဏပရိတ်၊ ဆဒ္ဒိသာပါ[illegible]၊ ပရိမိတ္တဇာလသုတ် စသည်များကို ရွတ်ဖတ်သည်။ အလောင်းစည်သူမင်းကြီး၊ သဗ္ဗညုဘုရားနှင့် စာရေးသူ၏ ဆရာအရင်းဖြစ်သော ပုဂ္ဂိုလ်အကျော် ဆရာတော် အရှင်သူမြတ်ကြီးတစ်ပါး အကြောင်းကို စဉ်းစားဆင်ခြင်မိသည်။ ထိုအကြောင်းများကြောင့်ပင် ဤဘုရားပေါ်သို့ ခက်ရာခက်ဆစ် တက်၍ ပရိတ်ရွတ်လိုသော ဆန္ဒ ဖြစ်လေသလားဟု တွေးမိသည်။

နာရီဝက်ခန့် ပရိတ်များ ရွတ်ပြီးသောအခါ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် သမာဒေဝ နတ်ကောင်းနတ်မြတ် ဟူသမျှတို့အား အမျှပေးဝေ သက်သေထူပြီး ခေတ္တမျှ ထိုင်ကာ ပုဂံ၏ ရှုခင်းကို လေ့လာနေမိသည်။ ထိုစဉ်က စဉ်းစားခဲ့သော သမိုင်းကြောင်းဖြစ်ရပ်များကို တစ်ကြိမ်တွင် ပြန်လည် ရေးသားရန် ရည်ရွယ်မိခဲ့သည်။ နောက် စာအုပ်တွင် ဖော်ပြနိုင်ကောင်းလိမ့်မည်ဟု မျှော်လင့်ရပေသည်။

သဗ္ဗညုစေတီတော်မှ နံနက် ၈–နာရီခန့်တွင် ထွက်ခွာခဲ့ပြီး နေမမြင့်မီ အချို့ တန်ခိုးကြီးဘုရားများကို ဆက်လက် လေ့လာဖူးမြော်ကာ ညောင်ဦးသို့ နံနက် ထမင်းစားချိန်အမီ ပြန်ခဲ့လေသည်။ နေ့လယ်တွင် ခေတ္တ နားမှ ဖြစ်သည်။ ပုဂံနေသည့် မှုပြင်းလှသဖြင့် နေ့လယ်တွင် အပြင်ထွက်ရန် စိတ်ကုန်စရာ ကောင်းလှသည်။

ငြိမ်းချမ်းသောဘဝကို တည်ဆောက်ခဲ့ကြသော ဆရာတော်ဘုရားကြီးတို့၏ ဘဝ ဖြစ်စဉ်များကို မငြိမ်းမချမ်း လေသော

ဒေါသ၊ မောဟမီးများ တောက်လောင်လျက်ရှိသော စာရေးသူတို့၏ ဘဝနှင့် နှိုင်းယှဉ်စဉ်းစားမိသည်။ စားဝတ်နေမှုအတွက် ရုန်းကန် လှုပ်ရှားရင်း သားတာဝန်၊ မယားတာဝန်၊ သမီးတာဝန်၊ ဆွေမျိုးအာဝန်တို့ဖြင့် ပိပြီး စိတ်၏ ငြိမ်းချမ်းမှုကို မရသော လူ့ဘဝ၏ လူမှုဒုက္ခ ဆင်းရဲခြင်းများကိုလည်း မြင်မိသည်။

ဘာသာအယူဝါဒ ခံယူမှု၌ပင် ဂိုဏ်းဂန ဝါဒစွဲများ ပြင်းထန်လှပြီး သူ့ဂိုဏ်းက ကောင်းသည်၊ ငါ့ဂိုဏ်းက ကောင်းသည်၊ ငါ့ဘာသာက မှန်သည်၊ သူ့ဘာသာက မှားသည်၊ မိစ္ဆာ အယူဝါဒ ဖြစ်သည်ဟု အမျိုးမျိုး စွပ်စွဲငြင်းခုံနေကြသော အကြောင်းများကိုလည်း ကြားသိနေရပြန်သည်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တည်းဟူသော ဗြဟ္မဝိဟာရတရား လေးပါးကိုပင် လိုက်နာနိုင်ခြင်း မရှိကြသောကြောင့် လူ့ဘောင်လောကတွင် ငြိမ်းချမ်းမှု ကင်းမဲ့နေသည်များကို တွေ့မြင်နေရပေသည်။

စိတ်၏ ငြိမ်းချမ်းမှုကို မရသောအခါ၌ ရုပ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုများ ဖြစ်ပေါ်လာကာ စိတ်ပူပင် သောကရောက်ခြင်း၊ ရောဂါဝေဒနာ အမျိုးမျိုး ဖြစ်ပေါ်ခံစားရခြင်း စသည့် ဒုက္ခဆင်းရဲများကို တွေ့ကြုံ ရင်ဆိုင်ကြရပေသည်။ ထိုအခါ၌ ဆရာတော် အရှင်သူမြတ်များ၏ ငြိမ်းချမ်းသော ဘဝဖြစ်စဉ်များကို လေ့လာရင်းမှ ကုသိုလ်တရားကို ဖြစ်ပေါ်စေပြီး စိတ်၏ ငြိမ်းချမ်းမှုကို တဖြည်းဖြည်း ရရှိလာနိုင်ပေသည်။



စိတ်၏ ငြိမ်းချမ်းမှု ရရှိလာသည်နှင့်အမျှ ကုသိုလ်တရားကို ပွားများလိုစိတ်များ ပေါ်ပေါက်လာပြီး စိတ်နှလုံး ငြိမ်းချမ်းမှု၏ အနှောင့်အယှက် အဆီးအတားဖြစ်သော လောဘ၊ ဒေါသ၊ မောဟ တရားများကို တဖြည်းဖြည်း ပယ်သတ်နိုင်လာသည်။ ဤအတွေးများကြောင့်ပင် မြင်းခြံနယ်သို့ ရောက်ရှိစဉ်က ဆရာတော် ဘုရားကြီး၏ဘဝကို တစေ့တစောင်း လေ့လာမိခဲ့ခြင်း ဖြစ်သည်။

* * *

အခန်း ( ၁၃ )

## ဝိသုဒ္ဓိခုနစ်ပါးနှင့် ပဋ္ဌာန်းတရားတော်

စွန်းလွန်းဆရာတော် ဦးကဝိက ငရုတ်ပင်ဆရာတော် မေးသဖြင့် ဝိသုဒ္ဓိ ၇–ပါးနှင့် ပတ်သက်၍ ဖြေကြားသော အကြောင်းအရာများကို စာရေးသူက ဤသို့ လေ့လာဖူးခဲ့သည်။ မှတ်တမ်းမှတ်စုများဖြင့် ရေးမှတ်ထားခဲ့ဖူးသည်။ တစ်နေ့တွင် ငရုတ်ပင်ဆရာတော်က ဆရာတော် ဦးကဝိကို ဝိသုဒ္ဓိ ၇–ပါးနှင့် ပတ်သက်ပြီး မေးရာ ဆရာတော် ဦးကဝိက "တပည့်တော်က စာမတတ်တော့ ပြောတတ်သလိုသာ ပြောပါရစေဘုရား" ဟု စကားပလ္လင်ခံပြီး အောက်ပါအတိုင်း လျှောက်ထားခဲ့လေသည်။

"တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ ရှေးဦးစွာ ဘုရားကန်တော့၊ မေတ္တာပို့၊ အမျှဝေပြီး အားထုတ်ဆဲ အခါမှာ မိမိ



ခန္ဓာကိုယ် ရုပ်နာမ် နှစ်ပါးကို ဘုရားကိုလှူ၊ အချိန်မပိုင်းဘဲ မိမိစွမ်းသမျှ တတ်နိုင်သလောက် အားထုတ်ရပါတယ်။

"သမာဓိရလာတော့မှ ခန္ဓာကိုယ်ပေါ်မှာ ပူမှုအေးမှု စသောဝေဒနာတွေ ပေါ်လာတာကို သိလာနိုင်လိမ့်မည်၊ အဲဒီ ပေါ်လာတဲ့ဝေဒနာကို ရှုဆဲအခါမှာလဲ မျက်စိကလဲ တောင်ကြည့် မြောက်ကြည့် မကြည့်ရပါဘူး၊ ပါးစပ်ကလဲ စကား မပြောရပါဘူး၊ လက်ကလဲ ကိုးယို့ကားယား မလုပ်ရပါဘူး၊ အဲဒီအခါမှာတော့ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ ဟူသော ဣန္ဒြေငါးပါး ထုံနေတယ်၊ အဲဒါကို သီလ စင်ကြယ်တယ်၊ သီလဝိသုဒ္ဓိ လို့ ခေါ်တယ်။

"ဝေဒနာပေါ်မှာ စိတ်တည်နေတော့ စိတ်စင်ကြယ်တယ်၊ အာရုံ စူးစိုက်မှုပေါ်မှာ စိတ်တည်နေတော့ စိတ်စင်ကြယ်တဲ့သဘော ဖြစ်တယ်၊ အဲဒါကို စိတ္တဝိသုဒ္ဓိလို့ ခေါ်တယ်၊ သီလကလဲ စင်ကြယ်၊ စိတ်ကလဲ စင်ကြယ်တော့ မှန်တာကို မြင်လာတာပေါ့၊ မှန်တာကို မြင်တယ်ဆိုတာ ဘယ်လိုလဲဆိုတော့ မိမိ ခန္ဓာကိုယ်ပေါ်မှာ မွေးတွင်းပေါက်က မီးခတ်နဲ့ မီးခတ်ကျောက် ခတ်လိုက်တော့ မီးပွင့်ကလေးတွေ ဖွားဖွား ဖွားဖွားနဲ့ မြင်ရသလို မြင်ရတယ်၊ အဲဒီလိုမြင်ရတော့ ငါ့မှာ ခြေလဲမရှိ၊ လက်လဲမရှိ၊ ကိုယ်လဲမရှိ၊ ဦးခေါင်းလဲမရှိ၊ ခန္ဓာကိုယ်ကြီး သုဉ်းသွားတယ်၊ အဲဒီတော့ အမြင်စင်ကြယ်လာတယ်၊ အဲဒါကို ဒိဋ္ဌိဝိသုဒ္ဓိ လို့ ခေါ်တယ်။

"အဲဒီလို မြင်ရတော့ ဟုတ်ပါပေတယ်၊ မှန်ပါပေတယ်လို့ ဘုရားကို ယုံကြည်ခြင်း ဖြစ်လာတယ်၊ အဲသည်တော့ ယုံမှား

ကုင်းသွားတယ်၊ ကခါဝိတရဏ ဝိသုဒ္ဓိလို့ ခေါ်တယ်၊ အဲဒီလို မြင်ရ တွေ့ရတော့ ဝမ်းသာတာပေါ့၊ ဝမ်းသာတော့ အလင်းဓာတ်ကြီးဟာ မိမိရှေ့မှာ ပေါ်လာတယ်. ဒီ အလင်းဓာတ်ကြီးထဲမှာ သွားပြီး တွယ်နေတယ်၊ အဲဒီလို အလင်းဓာတ်ကြီးထဲမှာ သွားပြီး တွယ်နေတော့ ခန္ဓာကိုယ်ပေါ်မှာ ဝေဒနာတွေ ချုပ်ပြီး အေးနေတယ်၊ အဲဒါကို အန္တရာယ် ၁၀-ပါးထဲမှာ နစ်နေတယ်လို့ ခေါ်တယ်။

"အဲဒီလို အလင်းဓာတ်ကြီးထဲမှာ တွယ်နေရာက ငါ့ဟာ မဟုတ်ပါဘူးဆိုပြီး ခန္ဓာကိုယ်ပေါ်ကို အာရုံပြန်ပြီး သိမ်းလိုက်တယ်၊ အဲဒါ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိလို့ ခေါ်တယ်၊ အဲဒီလို ခန္ဓာကိုယ်ပေါ်ကို အာရုံရောက်လာတော့ ဝေဒနာတွေ ပြန်ပေါ်လာတယ်၊ အဲဒီတော့ အာရုံက အထက်လွန်သွားလိုက်၊ အောက်ပြန်ကျသွားလိုက်နဲ့ နေတယ်၊ မဇ္ဈိမပဋိပဒါ မကျသေးဘူး၊ အဲဒီတော့ ဓာကိုတင်းပြီး တဖြည်းဖြည်း ချလာတော့ မဇ္ဈိမပဋိပဒါ ကျသွားတယ်၊ အဲဒါကို ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိလို့ ခေါ်တယ်။

"အဲဒီလို ပဋိပဒါလဲ ကျသွားရော သေနတ်ကို ယမ်းတောင့်ထည့်ပြီး ဓိက ကိုင်ဖြုတ်လိုက်သလို ဒိုင်းဆို ပြတ်သွားရော၊ အဲဒါ ဉာဏဒဿန ဝိသုဒ္ဓိလို့ ခေါ်တယ်" ဟု ရှင်းပြလေသည်။

ငရုတ်ပင်ဆရာတော်မှာ ဆရာတော် ဦးကဝိ ရှင်းပြသော ဝိသုဒ္ဓိ ၇-ပါးကို သဘောကျသဖြင့် "အရှင်ဘုရား၊ ဝိသုဒ္ဓိက သာ၍ပင် ကောင်းသေးတယ်" ဟု မှတ်ချက်ချလိုက်လေသည်။

ဆရာတော်ဘုရားကြီးသည် တစ်ကြိမ်တွင် ရန်ကုန်မြို့သို့ ခေတ္တကြွနေစဉ် နိုင်ငံကျော်ပုဂ္ဂိုလ်ကြီး တစ်ဦးက လျှောက်ထားသဖြင့်



ဒွှာန်းတရားတော်ကြီးကို အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပေသည်။

ဒကာဖြစ်သူအား "ဘုန်းတော်ကြီး ဦးကဝိရှိတယ်လို့ မကြားဖူးဘူးလား" ဟု ဆရာတော်ကြီးက မေးသည်။ "ကြားပါ၏ဘုရား" ဟု ဒကာက ဖြေဆိုသည်။

"အဲဒါ ဟိတ်ခတ်တာ၊ ဟေတုပစ္စယော-လို့ ခေါ်တယ်"

ထိုနောက် ဆရာတော်ဘုရားက "သွားပါဦးမှပါလေလို့ အာရုံက မဆန္ဒ့ဘူးလား"

"ဆန္ဒ့ပါတယ် ဘုရား"

"အဲဒီ အာရုံဆန္ဒ့တာကို အာရမ္မဏပစ္စယောလို့ ခေါ်တယ်၊ မိမ်မှာ ကျိုးစားစား၊ ခွေးစားစား၊ ဘုန်းတော်ကြီး ခြေရင်းကိုတော့ ရောက် ရောက်အောင် သွားဦးမှပဲလို့ ခန္ဓာကိုယ်ကြီးကို အာရုံက ဆွဲလာလို့ ယခု ဘုန်းတော်ကြီး ခြေရင်းကို ရောက်လာတာဟာ ကာကြီး လာချင်လို့ လာတာ မဟုတ်ဘူး၊ ခန္ဓာကိုယ်ကြီးကို အာရုံက အဓိပတိကပ်ပြီး ဆွဲလာခြင်းကြောင့် အဓိပတိ ပစ္စယောလို့ ခေါ်တယ်"

"မှန်လှပါ ဘုရား"

"အဲဒါ ဘာကြောင့် လာရသလဲဆိုတော့ ရှေးက ဘုန်းတော်ကြီးနဲ့ တွေ့ခဲ့ရဖူးလို့ ခု တွေ့ချင်တယ်၊ ခု တွေ့ချင်လို့ တွေ့ရပြန်တယ်၊ နောင်ကိုလဲ တွေ့ရပေဦးမယ်"

"ဒကာကြီး ဝက်သားများ စားဖူးသလား"

"စားဖူးပါတယ် ဘုရား"

"အဲ–ရှေးက ဝက်သားကို စားဖူးလို့ ခု စားချင်တာ၊
စားချင်လို့ စားရပြန်တယ်၊ နောင်ကိုလဲ စားရလေဦးမယ်"

"ခွေးသားကော စားဖူးသလား"

"မစားဘူးပါ ဘုရား"

"အဲ–ရှေးက ခွေးသားမစားလို့ ခု မစားချင်ဘူး၊ ခု မ
ချင်လို့ ခုမစားဘူး၊ နောင်ကိုလဲ စားရမှာ မဟုတ်ဘူး"

"ရှေးက သည်တရားမျိုးကို နာခဲ့ရဖူးလို့ ခု–နာချင်တ
ခု နာချင်လို့ နာရပြန်တယ်၊ နောင်ကိုလဲ နာရလေဦးမယ်"

"အနန္တ ရ၊ သမနန္တ ရ၊ သဟဇာတ၊ အညမည ပစ္စည်း
မသွားသေဘူးလား"

"သွားပါတယ် ဘုရား"

"ဘုန်းကြီးရဲ့ ခြေရင်း ရောက်တော့ ဘုန်းကြီးက ရှေ့ဦး
ဘုရားကန်တော့၊ မေတ္တာပို့၊ အမျှဝေ၊ မိမိ ခန္ဓာကိုယ်ကို ဘု
လှူ၊ နှာသီးဖျားမှာ စိတ်ကိုထား၊ လေတိုးထိတော့ သိလိမ့်
သိတဲ့အပေါ် သတိထားရမယ်၊ ပြောတော့ နိဿယပစ္စ
ဥပနိဿယပစ္စယောလို့ ခေါ်တယ်"

"အားထုတ်ဆဲ အခိုက်အတန့်မှာ မျက်စိကကော
ကြည့် မြောက်ကြည့် ကြည့်သေးရဲ့လား"

"မကြည့်ပါ ဘုရား"

"နားကကော ဟိုထောင် သည်ထောင် ထောင်သေးရဲ့လ"

"မထောင်ပါ ဘုရား"

"နှာခေါင်းကကော ဟိုရှူ သည်ရှူ ရှူသေးရဲ့လား"

"မရှူပါ ဘုရား"



"ပါးစပ်ကကော ဟိုစားချင် သည်စားချင် ရှိသေးရဲ့လား"

"မရှိပါ ဘုရား"

"ခန္ဓာကိုယ်ကြီးကကော ဟိုသွားချင် သည်သွားချင် ရှိသေးရဲ့လား"

"မရှိပါ ဘုရား"

"အဲ–စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ ဆိုတဲ့ ဣန္ဒြေ ငါးပါး မလုံဘူးလား"

"လုံပါတယ် ဘုရား"

"အဲဒါ ဣန္ဒြိယပစ္စယော–လို့ ခေါ်တယ်"

"မိမိ နှာသီးဖျားမှာ လေတိုးထိတာကို သတိနဲ့ သုံးသပ်ပါများတော့ ဈာန်ရဲ့ သတ္တိ ဖြစ်ပေါ်လာလိမ့်မယ်၊ ဈာန် ဆိုတာ ကိလေသာ လောင်ကျွမ်းခြင်းကို ဈာန်လို့ ခေါ်တယ်၊ အဲဒါ–ဈာနပစ္စယော–လို့ ခေါ်တယ်"

"မှန်လှပါ ဘုရား"

"အဲဒီ မဂ်ခရီးကို သွားပါများတော့ သမာဓိ ကြီးထွားလာတဲ့အခါ ဥဒယဗ္ဗယဉာဏ် အမြင်သန်လာတဲ့အတွက် မရှိတာကို ကျေးဇူးပြုလိမ့်မယ်၊ ရှိတာကိုလဲ ကျေးဇူးပြုလိမ့်မယ်"

"မရှိတာက ငါ့ခြေ၊ ငါ့လက်၊ ငါ့ခေါင်း၊ ရှိတာက စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထ တရားပဲ"

"ကင်းတာကိုလဲ ကျေးဇူးပြုလိမ့်မယ်၊ မကင်းတာကိုလဲ ကျေးဇူးပြုလိမ့်မယ်၊ မကင်းတာက–သင်္ခတဓာတ်၊ ကင်းတာက–အသင်္ခတဓာတ် မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အဲဒါ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယော လို့ ခေါ်တယ်" စသည်ဖြင့် ဟောကြားခဲ့သည်။

ဆရာတော်ဘုရားကြီး၏ တရားမှာ ရှင်းသည်၊ တိုသည်၊ ပြတ်သည်။ လူသာမန်များ နားလည်အောင် ပါဠိ ပါဌ်သာ မပါလှဘဲ ခဲရာခက်ဆစ်များကို လွယ်ကူအောင် ဟောပြောရှင်းပြနိုင်လေသည်။ စာရေးသူမှာ ဆရာတော်ဘုရား၏ ဘဝဖြစ်စဉ်နှင့် ဟောသော တရားများကို စဉ်းစားမိရင်း ကြည်ညိုသဒ္ဓါစိတ်များ တိုးတက်ဖြစ်ပေါ်လာမိသည်။

၁၂၈၅–ခုနှစ် ဝါကျွတ်သောအခါတွင် ဆရာတော် ဦးကာ... သည် အတူနေ ဦးဝိဇယ ကိုယ်တော်အား ကျောင်းနှင့် ပရိသတ်များကိုပါ အကုန် လွှဲအပ်တော်မူသည်။ သီတင်းကျွတ်လပြည့်ကျော်–၁ ရက်နေ့တွင် ယခု စွန်းလွန်းဂူကျောင်း တည်ရှိရာ စွန်းလွန်းချောင်းကမ်းဘေး ရှားပင်အောက်သို့ ဆရာတော် ဦးကာ... သည် တစ်ပါးတည်း ကြွသွားတော်မူသည်။ ဝါးကွပ်ပျစ်တစ်ခုပေါ်၌ နေထိုင် သီတင်းသုံးကာ တစ်ပါးတည်း တရားအားထုတ်နေတော်မူသည်။

ဆရာတော်ဘုရားကြီး၏ အဖြစ်ကို မြင်တွေ့ရသော နတ်ညွှန့်ရွာမှ ဦးဘိုး ဆိုသူက သုံးပင်နှစ်ဆောင်ပြိုင် ကျောင်းတစ်ကျောင်းနှင့် ကုဋီတစ်လုံးကို ဆောက်လုပ် လှူဒါန်းသည်။ ပထမတွင် စွန်းလွန်းချောက်ကျောင်းဟု အမည်တွင်ပြီး နောက်ပိုင်း၌ တရားအားထုတ်နေသော ဂူတွေ များလာသဖြင့် စွန်းလွန်းဂူကျောင်းဟု ယခုထက်တိုင် အမည်တွင်လေသည်။



ယခုထက်တိုင်အောင်ပင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး သီတင်းသုံး နေထိုင်သွားတော်မူသော ကျောင်းတော်ကြီးနှင့် တကွ တရားအားထုတ်ကြသော ဂူကျောင်းများသည် သာယာ ကြည်နူးဖွယ် ကောင်းလှစွာ တည်ရှိနေတော့သည်။ ကျေးဇူးရှင် စွန်းလွန်းဂူကျောင်း ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့မှ တပည့်ကြီး ဦးတင်ဖေ၊ ဒေါ်သိန်းခင်၊ ဦးအောင်မြတ်၊ ဒေါ်အေးခင်တို့ ကြိုးစားအားထုတ် တည်ထောင်သော ဘောက်ထော် စွန်းလွန်းဂူ ကျောင်းတိုက်ခွဲသို့ လေယာဉ်ဖြင့် ကြွလာတော်မူသည်။ ရန်ကုန်မြို့ရှိ ဒါယကာ ဒါယိကာမများကို ဝန်ကြီးဟောင်း ဦးဘဂျမ်းက ခေါင်းဆောင်ပြီး အခမ်းအနားဖြင့် ကြိုဆို ပင့်ဆောင်ကြသည်။

စွန်းလွန်းဆရာတော်ဘုရားကြီးနှင့် တိုက်အုပ်ဆရာတော် ဦးသောဘဏတို့၏ စေခိုင်းချက်အရ သိမ်သမုတ်ရန် အတွက် လိုအပ်သော ပြုဖွယ်ကိစ္စ အဝဝတို့ကို ရန်ကုန်မြို့ ဗဟန်းလစ်လမ်း သိရိမင်္ဂလာကျောင်းတိုက် နေဖြူဆရာတော် ဦးကုသလသာမိက ခေါင်းဆောင်ပြီး ရန်ကုန်မြို့မှ ဒါယကာ ဒါယိကာမများနှင့် စီစဉ် ဆောင်ရွက်တော်မူသည်။ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဦးဆောင်၍ ၁၃၁၃–ခုနှစ် တပေါင်းလပြည့်ကျော် ၁၄–ရက် တနင်္လာနေ့ ညနေ ၂–နာရီအချိန်တွင် သံဃာတော် ၂၄–ပါး နှင့်တကွ ခမ်းနားသိုက်မြိုက်စွာ သိမ်သမုတ်တော်မူသည်။

သိမ်သမုတ်ပြီးနောက် ဘောက်ထော် စွန်းလွန်းဂူကျောင်း တိုက်ခွဲတွင် သီတင်းသုံး နေတော်မူစဉ် ဆရာတော်ဘုရားကြီးသည် ၆–ရက်တိုင်တိုင် လာရောက်ဖူးမြော် ကန်တော့ကြသော တပည့်

ဒါယကာ ဒါယိကာမတို့၏ အဖူးအမြော် အပူဇော်ခံပြီး တရားဓမ္မများ ဟောပြ သွန်သင် ဆုံးမတော်မူသည်။ နေ့ပိုင်းတွင် တရားဟောတော်မူ၍ ညပိုင်းတွင် သမထဝိပဿနာ တရားများကို လက်တွေ့ ပြသတော်မူသည်။

နောင်းတန်ခူးလဆန်း ၃–ရက် သောကြာနေ့ နံနက်တွင် ရန်ကုန်မြို့ သာသနရိပ်သာသို့ ကြွတော်မူ၍ ဒါယကာ ဒါယိကာမ အပေါင်းတို့အား တရားဓမ္မ ဟောပြ ဆုံးမတော်မူကာ တစ်ည သီတင်းသုံး နေတော်မူသည်။ နောက်တစ်နေ့ နံနက် နောင်းတန်ခူးလဆန်း ၄–ရက် စနေနေ့တွင် မြင်းခြံသို့ ပြန်ကြွတော်မူသည်။

ဆရာတော်ဘုရားကြီး ရန်ကုန်သို့ ကြွခြင်းမှာ နောက်ဆုံး ကြွခြင်းပင် ဖြစ်သည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ကြည်ညိုသဒ္ဒါ ထက်သန်စွာဖြင့် ရှိခိုးပူဇော်တော်မူသည်။ ဖခင်ဖြစ်သူ ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်များကို ဌာပနာပြီး အထိမ်းအမှတ် အဖြစ် တည်ထားသော စေတီတော်မြတ်ကြီးပင် ဖြစ်သည်။ များမကြာမီ ရုပ်ခန္ဓာချုပ်ရတော့မည်ကို ကြိုတင် သိနေပုံရသည်။ မြင်းခြံမြို့သို့ ပြန်လည် ရောက်ရှိပြီးနောက် တပည့် ဒါယကာ ဒါယိကာမ အပေါင်းတို့အား တရားဓမ္မ ဟောကြား ဆုံးမ နေတော်မူသည်။

၁၃၁၄–ခုနှစ် ကဆုန်လပြည့်ကျော် ၉–ရက် စနေနေ့ ညနေ ငါးနာရီအချိန်ခန့်တွင် ရုပ်ခန္ဓာချုပ်၍ ပျံလွန်တော်မူလေသည်။ ဆရာတော်ဘုရားကြီးက ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား မီးသဂြိုဟ်ပစ်ရန် မှာထားခဲ့သော်လည်း အချို့ တပည့်များနှင့်



ပုဂ္ဂိုလ်များက မီးသဂြိုဟ်ခြင်း မပြုဘဲ လွမ်းစေတီ တည်ကာ ဌာပနာထားခဲ့သည်ဟု အဆိုရှိသည်။ ထိုအရာသည် စာရေးသူအဖို့ အကြောင်းမဟုတ်ပါ။ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်ကို ဖူးမြော်ရင်းမှ သဘာဝလွန် ဖြစ်ရပ်များကို တွေ့ခဲ့ရသည်။

စာရေးသူ၏ ရေးသားဖော်ပြချက်များကို သံသယရှိပါက မြင်းခြံမြို့သို့ သွားရောက်၍ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို ဖူးမြော် ကြည့်ပါလျှင် တကယ့်ဖြစ်ရပ်အမှန်ကို ကိုယ်တိုင် ကိုယ်ကျ တွေ့ကြရမည် ဖြစ်ပေသည်။ ဤကဲ့သို့ ဖြစ်ရပ်ဆန်းများကို ယခုခေတ်အခါတွင် လက်တွေ့ ရှာဖွေလေ့လာရန် အတော်ပင် ခက်ခဲလျက် ကြုံတောင့်ကြုံခဲ ဖြစ်နေပေသည်။

* * *

## အခန်း (၁၄)

# တောင်ပုလု ဆရာတော်ဘုရားကြီး

၁၉၆၈–ခုနှစ် ဇန်နဝါရီလတွင် တောင်ပုလုဆရာတော်ဘုရားကြီးနှင့် တွေ့ဆုံ ဖူးမြော်ရပြီးနောက် ဆရာတော်ဘုရားကြီး၏ မွေးနေ့ သက္ကရာဇ် အချိန်နာရီ စသည်များကို ကူးလာပြီး အိမ်တွင် ဇာတာတော်ဖွဲ့ကာ တွက်ချက်ကြည့်သည်။ ဆရာတော်ဘုရားမှာ ဝေဘူဆရာတော်ဘုရားထက် တစ်နှစ်ခန့်ငယ်ပြီး ယခု စာရေးနေသည့် အချိန်တွင် သက်တော်(၈၃)နှစ်ရှိပြီ ဖြစ်ပါသည်။ တစ်ပတ်ခန့်ကြာသောအခါ ဆရာတော်ဘုရားကြီးအား နံနက် ၁၀–နာရီခန့်တွင် ဒေါက်တာ ဆာကား၏ တိုက်၌ သွားရောက် တွေ့ဆုံ ဖူးမြော်ရသည်။ ဆရာတော်ဘုရားကြီးက စာရေးသူကို တွေ့ဆုံသောအခါ "ဒကာ၊ အေးအေးဆေးဆေးပဲ မဟုတ်လား" ဟု မေးတော်မူသည်။



စာရေးသူက "ဆရာတော်ဘုရားကြီးကို စိတ်အေးချမ်းသာစွာ ဖူးမြော်ရအောင် ယနေ့ ခွင့်ယူလာခဲ့ပါတယ် ဘုရား" ဟု လျှောက်ထားပြီး ဘေးတွင် ဝင်ထိုင်နေလိုက်သည်။ လူထုပရိသတ်များမှာ အစုလိုက် အစုလိုက် လှူဖွယ်ပစ္စည်းများဖြင့် ဝင်လာပြီး ဆရာတော်ဘုရားကြီးအား ကြည်ညိုလေးစားစွာ လှူဒါန်း ဖူးမြော်နေကြသည်။ တိုက်ရှင်၏ညီဟု ထင်ရသော အိန္ဒိယအမျိုးသားတစ်ဦးက ပလတ်စတစ်အိတ်နှင့် ထည့်ထားသော ကွမ်းယာထုပ်များကို ဆရာတော်ကြီးဘေး စားပွဲငယ်ပေါ်တွင် ချထားလိုက်သည်။

ဆရာတော်ဘုရားသည် ထို ကွမ်းယာထုပ်များကို ယူပြီး လာရောက် ဖူးမြော်ကြသူများကို တစ်ထုပ်ချင်း ဝေပေးနေသည်။ တချို့လူများသည် ပုလင်းများတွင် ရေများထည့်၍ ယူလာကြပြီး ဆရာတော်ဘုရားကိုအပ်ရာ ဘေးမှ ဒကာအချို့က ထိုရေပုလင်းများကို အခန်းထောင့် တစ်နေရာတွင် စုပုံထားသည်။ ရေပုလင်းများတွင် အပ်သူ၏ အမည်၊ နေရပ်လိပ်စာ စသည်များကို စာကလေးများ ရေးထိုး ကပ်ထားကြောင်း တွေ့ရသည်။

ဆရာတော်ဘုရားအား အန္တရာယ်ကင်း ပရိတ်ရေ ချီးမြှင့်ရန်အတွက် လှူဒါန်း ဆက်ကပ်ထားခဲ့ကြဟန် တူသည်။ ရောဂါဝေဒနာရှင် လူအချို့ကိုလည်း ခေါ်ဆောင်လာကြပြီး ဆရာတော်ဘုရားကြီးအား ဖူးမြော်စေသည်။ ဆရာတော်ဘုရား၏ လုပ်ဆောင်မှုဟူသမျှကို အာရုံစူးစိုက် ဖူးမြော်ကာ ဘေးမှ ထိုင်ကြည့်နေသည်။ ဒါယကာ ဒါယိကာမများအား ဆရာတော်ဘုရားက မြတ်စွာဘုရား၏ ဟောကြားဆုံးမသော တရားတော်အတိုင်း ကျင့်ကြံ အားထုတ်

နေထိုင်ကြရန် အဆုံးအမ ပြုတော်မူသည်။ ဆရာတော်ဘုရား၏ ဟောကြားတော်မူသော တရားတော်များမှာ ရိုးရိုးရှင်းရှင်းနှင့် လူတိုင်း နားလည် သဘောပေါက်နိုင်သော ဓမ္မကြောင်းဆိုင်ရာ တရားတော်များသာ ဖြစ်သည်။

ထိုစဉ် ဆွမ်းစားချိန် ရောက်လာသဖြင့် ဒကာ အချို့က ဆရာတော်ဘုရားအား ဆွမ်းဘုဉ်းပေးရန် လာရောက် ပင့်ဆောင်ကြသည်။ စာရေးသူကို တိုက်ရှင်များက အောက်ထပ်တွင် ထမင်း သုံးဆောင်ပါရန် ဖိတ်ကြားလေသည်။ ထိုစဉ်က အဓိဋ္ဌာန်ဝင်ပြီး သက်သတ်လွတ် စားနေသော ကာလဖြစ်သဖြင့် အိမ်မှ ပါလာသော ထမင်းချိုင့်ကို ယူကာ သူတို့ ခေါ်ဆောင်ရာ အောက်ထပ်သို့ ဆင်းလိုက်သွားသည်။

ထမင်းစားခန်းအတွင်း လူ အစိတ် သုံးဆယ်ခန့် ရှိမည်ဟု ထင်ပါသည်။ စာရေးသူကို စားပွဲရှည်တစ်လုံး ထိပ်တွင် နေရာပေးသဖြင့် ဝင်ထိုင်ကာ ပါလာသော ထမင်းချိုင့်ကို ဖွင့်လိုက်၍ ထမင်းစားရန် ပြင်ဆင်သည်။ ဖိတ်ကြားသူ မိတ်ဆွေအချို့က သက်သတ်လွတ် ဟင်းများနှင့် ပန်းကန်များ ယူလာကာ သူတို့ ဟင်းများကိုလည်း သုံးဆောင်ပါရန် ပြောဆိုကြသည်။ မိတ်ဆွေ တစ်ယောက်က ထမင်းပန်းကန်တစ်ချပ်တွင် ထမင်းတွေ အပြည့် အမောက်ကြီး ထည့်လာပြီး စာရေးသူရှေ့တွင် ချပေးသည်။ "ကျွန်တော် ဒီလောက် အများကြီး မစားပါဘူး၊ ဝမှာစိုးလို့ အစားအသောက်ကို လျှော့စားတာ ကြာပါပြီ" ဟု ပြောလိုက်သည်။



စာရေးသူက သက်သတ်လွတ် ဟင်းများဖြင့် ထမင်းကို အေးဆေးစွာ စားပြီးသောအခါ "ဗိုလ်ကြီး ထမင်းစားတာ နည်းလှချည့်လား" ဟု ဘေးမှ မိတ်ဆွေက လှမ်း၍ မေးလိုက်သည်။ "ကျွန်တော် အစားလျှော့စားတာ ကြာပါပြီ" ဟု ဖြေလိုက်သည်။ မိတ်ဆွေတစ်ဦးက ထမင်းစားပြီး ရေသောက်ရန် ဖန်ခွက်ကြီး တစ်လုံးဖြင့် သောက်ရေခပ်ကာ စာရေးသူ အနီးတွင် လာ၍ ချပေးသည်။ စာရေးသူမှာ ထမင်းစားပြီးစတွင် ရေသောက်သော အလေ့အကျင့်ကို မပြုခဲ့သည်မှာ ကြာပြီဖြစ်သဖြင့် သူ ခပ်ပေးသော ရေကို မသောက်တော့ပေ။

ဆရာတော်ဘုရားကြီး ဆွမ်းစားပြီးနောက် မူလ သီတင်းသုံးသော အခန်းသို့ ပြန်ကြွသွားသဖြင့် စာရေးသူလည်း လိုက်ဝင်သွားသည်။ လာရောက် ဖူးမြော်သော ပရိသတ် အတန်ငယ် ရှင်းသွားသောအခါ၌ ဆရာတော်ဘုရားသည် ထိုင်နေရာမှ ခေတ္တ ထကာ သင်္ကန်းကို ရုံပြီး ကုဋီဘက်သို့ ကြွသွားတော်မူသည်။ ကုဋီမှ ပြန်ထွက်လာသောအခါ စာရေးသူအား အခန်းတံခါးမကြီးကို ပိတ်ခိုင်းသဖြင့် ဖပိတ်ကာ ဂျက်ထိုးလိုက်သည်။ ဆရာတော်ဘုရား၏ ဘေးတွင် ရှိသေစွာ ထိုင်ပြီး မှတ်စုစာအုပ်ကို ထုတ်ကာ ဆရာတော်ဘုရား၏ ဓာဘာတော်ပါ အချက်အလက်များကို အိမ်မှ တွက်ချက်လာသည့်အတိုင်း လျှောက်ထ..လိုက်သည်။ ဆရာတော်ဘုရားသည် စာရေးသူ၏ လျှောက်ထားချက်များကို တည်ကြည် ငြိမ်သက်စွာ နားထောင်တော်မူသည်။

စာရေးသူလည်း သမထ ဝိပဿနာ တရားများ လက်တွေ့ အားထုတ်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို ဆက်လက်

တင်ပြ လျှောက်ထားသည်။ ထိုစဉ် စာရေးသူ၏ တက္ကသိုလ် ကျောင်းသားဘဝ ဆရာတစ်ဦး ဖြစ်ခဲ့ဖူးသော ဆရာဦးလှမောင် ဝင်လာသဖြင့် စာရေးသူက နေရာပေးကာ နောက်ဆုတ်ပေး လိုက်သည်။ ဆရာက သူတို့ ရေးသားပြုစုနေသော စာတန်း ကျမ်းများ အကြောင်း ဆရာတော်ကြီးကို လျှောက်ထား မေးမြန်း နေသည်ဟု ထင်ပါသည်။ တစ်နာရီခန့် လျှောက်ထား ဆွေးနွေး ပြီးနောက် ဆရာ ပြန်လည် ထွက်ခွာသွားသဖြင့် စာရေးသူနှင့် ဆရာတော်ဘုရားကြီးသာ ကျန်နေတော့သည်။ ထိုစဉ် ဆရာတော် ဘုရားကြီးက "ငါ့ကို တိုက်ရှင် ဒကာက အိန္ဒိယပြည်ကို လိုက်ကြွပြီး ဗုဒ္ဓဂါယာမှာ ဘုရားဖူးဖို့အတွက် ပင့်ဖိတ်နေကြ တယ်၊ ငါ ကြွနိုင်ပါ့မလားတော့ မသိဘူး၊ ကြွလို့ရှိရင်လဲ သူတို့ စကားလဲ ငါ နားမလည်တော့ တရားဟောလို့လဲ ဖြစ်မှာ မဟုတ် ဘူး" ဟု မိန့်တော်မူသည်။

စာရေးသူက "အိန္ဒိယပြည်ကို ကြွပြီး မြတ်စွာဘုရား ပွင့်တော် မူရာ စတဲ့ နေရာဌာနများကို ဖူးမြော်ရတဲ့အတွက် ထူးခြားမှု တော့ ရှိမှာပေါ့ ဘုရား၊ တပည့်တော်တောင် မချွိမဒေသ မြတ်စွာ ဘုရား ပွင့်တော်မူသော ဗုဒ္ဓဂါယာသို့ သွားရောက် ဖူးမြော်လို သော ဆန္ဒ ရှိနေပါတယ်၊ ဒါပေမယ့် အခြေအနေအရ ယခု အချိန်မှာတော့ သွားနိုင်လိမ့်ဦးမယ် မဟုတ်ပါဘူး ဘုရား၊ ဆရာ တော် ဘုရား ကြွနိုင်မယ်ဆိုပါက အလွန် ကောင်းပါတယ်" ဟု ပြန်လျှောက်လိုက်သည်။

ဆရာတော်ဘုရားက "အေး–ဒကာ၊ ငါလဲ တခြားတိုင်းပြည် ကိုတော့ သိပ်ပြီးတော့ မရည်ရွယ်ပါဘူး၊ ဗုဒ္ဓဂါယာကိုတော့



တစ်ကြိမ်တစ်ခါ သွားရောက်ဖူးမြော်လိုတဲ့ဆန္ဒရှိပါတယ်" ဟု အမိန့်ရှိသည်။ စာရေးသူက "ဒါကတော့ ဘာဖြစ်သလဲ ဘုရား၊ သူတို့ပင့်တဲ့ဆီ လိုက်ပြီး အဖူးမြော် ခံခြင်းအားဖြင့် သာသနာ ပြုတဲ့သဘောလဲ ရောက်ပါတယ်" ဟု ပြန်လည်လျှောက်ထား လိုက်သည်။ စာရေးသူက မိမိ လေ့ကျင့် အားထုတ်နေသော ကသိုဏ်းရှုခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ ဆရာတော်ဘုရား အား ဆက်လက် မေးမြန်း လျှောက်ထားသည်။

ဆရာတော်ဘုရားသည် ကသိုဏ်း(၁၀)ပါးနှင့် ပတ်သက်ပြီး လိုရင်းအချက်များကို ရှင်းလင်း ပြောပြလေသည်။ စာရေးသူ နားမလည်၍ မေးမြန်း လျှောက်ထားသော အချက်များကိုလည်း စိတ်ရှည်လက်ရှည် ရှင်းလင်း မိန့်ကြားတော်မူလေသည်၊ ဆရာတော် ဘုရား ရှင်းလင်း ဟောကြားသော အကြောင်းအရာမှာ လက်တွေ့ သဘောတရားများကို တစ်ဆင့်ပြီး တစ်ဆင့် ရှင်းပြ ဟောပြခြင်း ဖြစ်သည်။

ဆရာတော်ဘုရားက ကသိုဏ်း ၁၀–ပါး၊ ကမ္မဋ္ဌာန်း–၄၀ တို့နှင့် ပတ်သက်၍ ရှင်မဟာဗုဒ္ဓဃောသ ရေးသော "ဝိသုဒ္ဓိမဂ် အဋ္ဌကထာသည် လက်တွေ့ ကျင့်ကြံအားထုတ်လိုသူများအတွက် အားကိုးလောက်သော ကျမ်းတစ်စောင်ဖြစ်ကြောင်း ပြောပြသည်။ ဆရာတော်ဘုရား အမိန့်ရှိချက်များကို စိတ်ဝင်စားစွာ မှတ်သား နားထောင်နေရသည်မှာ အလွန် အကျိုးရှိလှပေသည်။ 'ဝိသုဒ္ဓိမဂ် အဋ္ဌကထာ' နှင့် ဆင်တူသော 'ဝိမုတ္တိမဂ္ဂကျမ်း' တစ်စောင် ရှိသည်ကို သတိရမိသည်။ ထိုကျမ်းမှာ 'ဥပတိဿ' ရေးသား ပါသည်။ ကျမ်းနှစ်ခုမှာ ညီအစ်ကိုသဖွယ် ဖြစ်နေပြီး တစ်ကျမ်းနှင့်

တစ်ကျမ်း အလွန်တူညီလျက်ရှိသည်။ 'ဝိမုတ္တိမဂ္ဂ'ကျမ်းမှာ လူသိနည်းပြီး အိန္ဒိယပြည် သီဟိုဠ်ကျွန်းမှ ခရစ်သက္ကရာဇ်-၄၃၅ ခန့်တွင် တရုတ်ပြည်သို့ရောက်၍သွားပြီး တရုတ်ဘာသာဖြင့်သာရှိနေကြောင်း၊ ထိုကျမ်းကို ၁၉၃၂-ခုနှစ်တွင် ပါမောက္ခ ဆပတ်ဆိုသူက တရုတ်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ပြီးမှ လူသိများလာပါသည်။ ကျမ်းနှစ်စောင်မှာ တစ်ခုနှင့်တစ်ခု အလွန်တူညီကြပြီး 'ဝိမုတ္တိမဂ္ဂ' ကျမ်းမှာ မဟာယာနဗုဒ္ဓဘာသာ နယ်ပယ်မှ ပေါ်ထွက်လာပြီး 'ဝိသုဒ္ဓိမဂ္ဂ'ကျမ်းမှာ ဟီနယာနခေါ် ထေရဝါဒဗုဒ္ဓဘာသာ နယ်ပယ်မှ ပေါ်ထွက်လာသည်။ သို့ဖြစ်၍ ယောဂီကျင့်စဉ်နှင့် ဆင်တူသော ကျင့်စဉ်သဘောတရားများ အရိပ်အငွေ့ကို 'ဝိမုတ္တိမဂ္ဂ' ကျမ်းတွင် တွေ့ရှိရပေသည်။

ဆရာတော်ဘုရားက ဆက်လက်ပြီး မဟာသတိပဋ္ဌာန်တရားတွင် ပါဝင်သော ၃၂-ကောဋ္ဌာသ တရားရှုနည်းနှင့်ပတ်သက်၍ ရုပ်၊နာမ်၊ခန္ဓာ ပျက်အောင် ရှုသောနည်းကို စာရေးသူအား ရှင်းပြလေသည်။ ဘုရားရှေ့တွင်ဖြစ်စေ၊ လူသူကင်းရှင်းပြီး တရားထိုင်၍ သင့်တော်သော နေရာတစ်ခုတွင် ထက်ဝယ်ဖွဲ့ခွေ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်ပြီး အောက်ပါအတိုင်း ခန္ဓာကိုယ်တွင်းရှိသော ၃၂-ကောဋ္ဌာသတွင် တစ်ခုစီ စိတ်ကိုတင်ပြီး ရှုရမည်ဟု အမိန့်ရှိသည်။

ကေသာ၊ ဆံပင်။ လောမာ၊ အမွေး။ နခါ၊ လက်သည်းခြေသည်း။ ဒန္တာ၊ သွား။ တစော၊ အရေ။ မံသံ၊ အသား။ နှာရုအကြော။ အဋ္ဌိ၊ အရိုး။ အဋ္ဌိမိဉ္ဇံ၊ ခြင်ဆီ။ ဝက္ကံ၊ အညို့။ ဟဒယံနှလုံး။ ယကနံ၊ အသည်း။ ကိလောမကံ၊ အမြှေး။ ပိဟကံ၊ အဖျဉ်း



ပပ္ဖါသံ၊ အဆုတ်။ အန္တံ၊ အူမ။ အန္တဂုဏံ၊ အူသိမ်၊ ဥဒရိယံ၊ အစာသစ်။ ကရီသံ၊ အစာဟောင်း။ မတ္ထလုင်္ဂံ၊ ဦးနှောက်။ ပိတ္တံ၊ သည်းခြေ။ သေမှံ၊ သလိပ်။ ပုဗ္ဗာ၊ ပြည်။ လောဟိတံ၊ သွေး။ သေဒေါ၊ ချွေး။ မေဒေါ၊ အဆီခဲ။ အဿု၊ မျက်ရည်။ ဝသာ၊ ဆီကြည်။ ခေဠော တံတွေး။ သိင်္ဃာဏိကာ၊ နှပ်။ လသိကာ၊ အစေး။ မုတ္တံ၊ ကျင်ငယ် စသည်တို့ဖြစ်ကြောင်း ဆရာတော်ဘုရားက အသေးစိတ်ရှင်းပြတော်မူလေသည်။

စာရေးသူက ပါဠိ အဋ္ဌကထာကျမ်းများတွင် ပါဝင်သော ၃၂-ကောဋ္ဌာသအနက် အကျယ်ကို စာရှုသူများ အနည်းငယ်သဘောပေါက်အောင် ရှင်းလင်း ဖော်ပြလိုပါသည်။ သို့မှသာ ဆရာတော်ဘုရားကြီး၏ ဆိုလိုချက်ကို ပိုမို သဘောပေါက်နားလည်နိုင်မည် ဖြစ်ပေသည်။

ဣမ သို့ ကာယေ၊ တွင်းပ ဝန်းကျင် မစင်ပြည့်မွမ်း အရေလွှမ်းထ ဤကာယ၌။ ကေသာ၊ အဆင်းမည်းဖြူ ချိန်တူသဏ္ဌာန် ချက်ဌာန်ဥပရိ ဦးမှာရှိသား ဒွိပရိစ္ဆေ နှစ်ကုဋေငါးသန်း ဂဏန်းများဖြင့် ဆံပင် အစုတို့သည်။ အတ္ထိသံဝိဇ္ဇန္တိ၊ ရှိချေကုန်၏။ လောမာ၊ စဉ်းငယ်မည်းနက် ထန်းမြစ်သက်သို့ အောက်ထက်ကိုယ်ရေ အနှံ့နေသော တွက်ရေကိုးသောင်း ကိုးထောင်ပေါင်းဟု အမွေးစုတို့သည်။ အတ္ထိသံဝိဇ္ဇန္တိ၊ ရှိချေကုန်၏။ နခါ၊ ဖြူရောင်အဆင်း ငါးကြင်းကြေးနှယ် နှစ်ဆယ်သော လက်သည်းခြေသည်းတို့သည်၊ အတ္ထိသံဝိဇ္ဇန္တိ၊ ရှိချေကုန်၏။ ဒန္တာ၊ အလယ်လေးရုံ ဖူးစေ့ပုံသို့ ပန်းငုံသို့ပြင် လှည်းယာဉ် ထောက်ခွ ခွေးကြများမြစ် လေးမြစ်လေးဖျား နှစ်ပါးစီပေါင်း နှစ်ချောင်း စွန်းကယ်

သုံးဆယ်သော သွားအစုတို့သည်။ အတ္ထိသ်ံဝိစ္ဆန္တိ၊ ရှိချေကုန်၏။ တစော၊ ကိုယ်လုံးပတ်ခြုံ ကိုယ်ပုံဟန်တူ အဆင်းမှုသော အရေထူ အစုသည်။ အတ္ထိသံဝိဇ္ဇတိ၊ ရှိချေ၏။

မံသံ၊ အဆင်းနီရင့် ကကစ်ပွင့်ဟန် သဏ္ဍာန်ထွေလာ ကိုးရာသော သားတစ်သည်၊ အတ္ထိသံဝိဇ္ဇတိ၊ ရှိချေ၏။

နှာရု၊ အဆင်းဖြူစွာ လည်ဂီဝါမှ၊ ဝဲယာရှေ့နောက် ရှေ့နောက် ခြေလက် ငါးစီသက်၍ တွယ်ဖက်ရစ်ရုံ ခတ္တာငုံလို ကိုယ်ကို ဆောင်တွယ် ခြောက်ဆယ်ကြောမ စသည်များစွာ ကွန်ရက်ဖြာသို့ ကိုးရာသော အကြောသည်။ အတ္ထိသံဝိဇ္ဇတိ၊ ရှိချေ၏။

အဋ္ဌိ၊ အဆင်းဖြူစွာ နှာနှလုံးဦး နဖူးတပါး မျက်နှာမေးရိုး ညှပ်ရိုးပခုံး လက်ရုံးပေါင်ခါး ဒူအားခြေနောက် ရောက်သည် နှစ်ချက် ဖမျက်မြင်းခေါင်း မောင်းဖျားလေးမည် လည်ခုနစ်ရိုး ခေါင်းခွံကိုးတည်း ရင်ရိုးစုဒ္ဒသ်ဌာရသ်ကျောက်မှန် နံနှစ်ဆယ် လေး ခြောက်ဆယ့်လေးထွေ လက်ခြေရိုးနှ သုံးရာသော အရိုးစု သည်။ အတ္ထိသံဝိဇ္ဇတိ၊ ရှိချေ၏။

အဋ္ဌိမိဉ္ဇံ၊ ဖြူရောင်အဆင်း ဝါးဆစ်တွင်း၌ မီးသင်းပျောင်းညံ့ ကြိမ်ညွန့်တူပြီ ခြင်ဆီအစုသည်။ အတ္ထိသံဝိဇ္ဇတိ၊ ရှိ၏။ ဝက္ကံ၊ ကာသစ်စေ့နှယ် စဉ်းငယ်နီမှု တန္တုတညှာ နှစ်ဖြာသရက် လည်မှ တက်သည့် အချက်နှစ်ခု ကြောဖွဲ့ပြုလျက် ဝတ္ထုပတ်လည် ရံ၍ တည်သော အညှို့နှစ်ခုသည် အတ္ထိ၊ ရှိ၏။ ဟဒယံ၊ ဆင်းရွက်ပဒုံ ကြောပြင်ပုံတည်း ကြာငုံအောက်ရှု ဉာဏ်ရှိသူဝယ် စဉ်းငယ် ပွင့်တုံ့ စုငုံမန္တ အပသန့်ရှင်း တွင်းသပွတ်အူ နှစ်ဆူဓာတ်မှီ နီသည် ရာဂ ဒေါသမည်းပြား သားဆေးရည် မောဟ တက္ကပဲရည်



ဝါသည် သဒ္ဒါ ပညာပြိုးပြက် ဓောတမြက်သွင် ဖြူစင်ပွန်ကဲလက် ဆွဲ့ခွဲမှု လောဟိတသည် ပုန္နာဂဋ္ဌိ တွင်းမှာရှိလာတ် သားမြတ် လယ်ဗွေ ရင်မှာနေသော နှလုံးသားသည် အတ္ထိ၊ ရှိ၏။

ယကနံ၊ ကုမုဒြာ ကြာချပ်ကျောက်နှယ် စဉ်းငယ်နီလျက် ကသစ်ရွက်သဏ္ဍာန် ဉာဏ်မဲ့ကြီးကြီး တစ်ခုတည်းသာ ပညာ ရှိဝယ် နှလုံးငယ်လတ် ထနဗ္ဗန္တရေ ညာမှာနေသော အသည်း သည်၊ အတ္ထိ၊ ရှိ၏။ ကိလောမကံ၊ ဆင်းဘွဲ့ဖြူသို့ နှလုံးညို့ကို ဖုံးဆို့ ကန့်နေ အရေအသား အကြားမှာတည် နှစ်မည်သော ပဋိစ္ဆန္န ပဋိစ္ဆဒ အမြှေးသည် အတ္ထိ၊ ရှိ၏။ ပိဟကံ၊ ကြောင်ပန်း ပွင့်သွင် ညိုရောင်ထင်သော သတ္တဂုံလာ နွားလျှာပုံတူ ဝတ္ထုဝဲဘက် သရက်ရွက်ဝမ်းလျာ ဘေးသညာတွင်သော အဖျင်းအစုသည် အတ္ထိ၊ ရှိ၏။

ပပ္ဖာသံ၊ သွန်းမည့်သဖန်း နီမြန်းဆင်းဟန် သဏ္ဍာန်စုတ်ပဲ့ မုန့်ယှက်ကဲ့နှမ်း သည်းနှလုံးကို အုပ်ဖုံးတွဲရရွဲ အစာနဲ့က ထန်သဲ တောဇာ ပူလောင်လာ၍ သြဇာမကပ် နွားဝါးဖတ်နှယ် သုံးဆယ် နှင့်နှစ် သားတစ်ဟူသော အဆုတ်အစုသည်။ အတ္ထိ၊ ရှိ၏။

အန္တံ၊ ယောကျ်ား ဒွတ္တိံသ မိန်းမဋ္ဌဝီ အတောင်ရှည်သား ဖြူသည်အဆင်း ကတောအင်းသို့ သွေးကျင်းမှာခွေ ခေါင်းပြတ် မြွေလို လည်မျိုဝစွ ပဒေသဝယ် နှစ်ဆယ့်တတွန့် လိပ်တွန့်ရစ် နေသော အူမခွေအစုသည်။ အတ္ထိ၊ ရှိ၏။ အန္တဂုဏံ၊ ကြာသိမ် မြစ်ဟန် ဆင်းသဏ္ဍာန်နေ အူမခွေကို နေရာတကျ မလျောရ အောင် ဖွဲ့နှောင်လျှိုထိုး ခြေသုတ်ကြိုးဝယ် ကြိုးငယ်အလား အကြားမှာတည်သော အူသိမ် အုနသည်။ အတ္ထိ၊ ရှိ၏။

ဥဒရိယံ၊ စားသည့်အစာ သွင်လျှာရှုပ အူမ ထက်ဖျား ဆန်ထုပ်လားသို့ ပ,ကားသန့်ရှင်း တွင်းပိန္နဲခွဲ ရွံဖွယ်ဘိခြင်း ကမ် တွင်းနယ် သုံးဆယ့်နှစ်မျိုး ပိုးတို့နေရာ အူထုံးမှာဝယ် လျှာရည် တံတွေး သွားချေးအာစေး ထိုထိုချေးကို သိမ်းထွေးပေါင်းရု ထောင်းထုဝါးချေ မျိုလေဆင်းသက် ဓာတ်မီးချက်၍ ပရမ္မက်အူ ကျိုက်ကျိုက်ဆူပွ အမြှုပ်ထကာ ပိုးစားလောင်းမီး ကျင်ကြီး ကျင်ငယ် တသွယ်သွေးသား ငါးပါးတွဲလျက် ခွေးစားခွက်ဝယ် ထွေးဟက်စွန့်လတ် ခွေးအနီဖတ်အတူ အစာသစ် အစုသည်။ အတ္ထိ၊ ရှိ၏။

ကရိသံ၊ ယေဘုယျအား အစာလားတည်း အလျားရှစ်သစ် ဝါးကျည်ဆစ်သို့ ချက်ပြစ်ကျောက်ကုန်း အူအဆုံး၌ သုံးစာ သမျှ မွမွကြေညက် ဦးခေါင်းသက်၍ လျှော့လျက်စုနေ ဖြော့တော သော မြေညက်အတူ အစာဟောင်း အစုသည်။ အတ္ထိ၊ ရှိ၏။ မတ္ထလုင်္ဂ၊ ဦးခေါင်းထဲချောင် မှိုခဲလှောင်သို့ ဆင်းရောင်ဖြူဖွာ ဦးချာလေးဆက် လေးပုံဝက်တည်း မုံ့ညက်စိုင်အတု ဦးနှောက် အစုသည်။ အတ္ထိ၊ ရှိ၏။

ပိတ္တံ၊ ဆုတ်နှလုံးကြား အသည်းနား၌ ထွားထွားကြီးကြီး သပွတ်သီးနှယ် အအိမ်ဝယ်တည်း မည်းစည်ဆိုက်ဆဲ့ အိမ်ဖွဲ့သည်းခြေ စိုလေရာရာ ရေမှာဆီဆမ်း ပမာလွမ်းသား ညှိုးနွမ်းပျဉ်းပျ ကဓေဇာ့ပွင့်တောင်ကြာ ပန်းဆင်းဝါသို့ အိမ်မှာမနေ နှစ်ပါးသော ဗဒ္ဓါဗဒ္ဓသည်းခြေသည်။ အတ္ထိ၊ ရှိ၏။

သေမှံ၊ ဝက်ချေးပနဲ ပျစ်ချွဲရွဲကျစ်ရည် ပုံပမည်သို့ မြှေးသည် အဆင်း အခွက်ခင်းမျှ ချွဲတွင်းစာထက် စားနံ့သက်ကို ဆို့လျက်



ဖုံးပိတ်သော သလိပ်အစုသည်။ အတ္ထိ၊ ရှိ၏။ ပုဗ္ဗာ၊ ဆူးငြောင့် ခလုတ် အိုင်းမန်းဟုတ်၍ သွေးပုပ်စုပျော် မွက်ရော်အဆင်း သူသေတွင်းမှ ထမင်းချိုးရောင် ပုပ်ဟောင်နံညှီသော ပြည်အစုသည်။ အတ္ထိ၊ ရှိ၏။

လောဟိတံ၊ ချိပ်ရည်ဖြစ်ဆင်း တလက်ခင်းမျှ ရင်းတွင်းဆုတ် ညှို့ နှလုံးတို့ထက် တစက်စက်ကျ ယကနအောက်နေ ဤလေး ထွေကို စိုစေလျက် စုဝေးသောသွေး၊ ကျဲသောချိပ်ရည် ပမည် ပိုက်ကျူး ကိုယ်လုံးနှံ့ရောက် အကြောလျှောက်သော သွေးအား ဖြင့် နှစ်ပါးသော သန္နိဝိတ သံသရဏ သွေးသည်။ အတ္ထိ၊ ရှိ၏။ သေဒေါ၊ ဓာတ်ဝိပရိ ပူမညီ၍ နမ်းဆီအဆင်း ဆံမွေးတွင်းမှ သက်ဆင်းယိုကျသော ချွေးသည်။ အတ္ထိ၊ ရှိ၏။

မောဓော၊ ထက်ခြမ်းခွဲသည့် နနွင်းခဲအတူ ဆူသောသူအား ရေသားကြား၌ ကြံသူအားမှာ ဆူရာရာမှိသော အဆီခဲအစုသည်။ အတ္ထိ၊ ရှိ၏။ အဿု၊ မီးခိုးမြူဝင် ရယ်ရွှင်ငိုကြွေး ဝမ်းပူရေးကြောင့် ချွေးသို့အဆင်း မျက်စိတွင်းမှ သက်ဆင်းယိုကျသော မျက်ရည် သည်။ အတ္ထိ၊ ရှိ၏။

ဝသာ၊ သဘောမတူ၊ ရှိန်ပူလျှောဆင်း နှိပ်စက်ခြင်းကြောင့် အဆင်းအုန်းဆီ ရေပေါ်ဆီသဏ္ဌာန် ပြန်ဟန်မသွေ လက်ခြေ နှာစွန်း ပခုန်းစွန်းမှီ ခြင်ဆီအစုသည်။ အတ္ထိ၊ ရှိ၏။ ခေဠော၊ ချဉ်ငန်စပ်ခါး မြင်စားကြမိ စိုးစိတ်ဆုပ် နှလုံးလှုပ်၍ ရေမြုပ် မယွင်း ပါးမှဆင်းလျက် လျှာရင်းပြစ်ချွဲ လျှာဖျားကျဲသည် လျှာ၌ တည်သော တံတွေးသည်။ အတ္ထိ၊ ရှိ၏။ သိင်္ဃာဏိကာ၊ ငိုယိုသောက်စား ဓာတ်ချောက်ချား၍ ဖောက်ကားသိမ်းအုပ်

ကြာရွက်ထုပ်မှ နို့ခမ်းကျသို့ နုလှဆန်ဆန် ဆင်းဟန်မယုတ် သလိပ်ပုပ်အဖြစ် စင်စစ်ဖြစ်မြောက် ဦးနှောက် ရည်လျှဉ်း ဦးခေါင်းတွင်းမှ သက်ဆင်းအာစောက် အထက်ပေါက်ဖြင့် လျှောလျှောက်နှာပူ တည်ယိုစူသော နှပ်အစုသည်၊ အတ္တိ၊ ရှိ၏။

လသိကာ၊ မဟာလှေကား စေးလားသဖွယ် ရာရှစ်ဆယ်ဆက် အရိုးဆက်၌ ဆွတ်လျက်တည်လစ် ပျစ်ချွဲသော အစေးပုပ်သည်။ အတ္တိ၊ ရှိ၏။ မုတ္တံ၊ ပဲငံပြာရည်ဆင်း ဆီးစတွင်း၌ သက်ဆင်း ကိုယ်မှ မရဝင်ပေါက် ထွက်ပေါက်သာထင် စိမ့်၍ဝင်သော ကျင်ငယ်အစုသည်။ အတ္တိ၊ ရှိချေ၏။ စသည်တို့ ဖြစ်သည်။

၃၂-ကောဋ္ဌာသကို ဆင်ခြင်ရာ၌ ဦးစွာပထမ ပညတ်ဖြစ်သော ရုပ်ပိုင်းဆိုင်ရာ သက်သက်ကို စိတ်ဖြင့် ဆင်ခြင်ရခြင်း ဖြစ်သည်။ အာရုံငါးပါးတွင် ပြန့်လွင့်လျက်ရှိသော စိတ်များကို ပြန်လည် ထိန်းချုပ်ပြီး ခန္ဓာကိုယ်တွင်းသို့ ပြန်လည် ရောက်ရှိစေကာ ခန္ဓာကိုယ်တွင်းရှိ ကိုယ်အင်္ဂါ အစိတ်အပိုင်းများ ဖြစ်သော ၃၂-ကောဋ္ဌာသတွင် အစီအစဉ်အတိုင်း ကေသာ=ဆံပင်မှစပြီး မုတ္တံ=ကျင်ငယ်အထိ ခန္ဓာကိုယ်တွင်း၌ရှိသော အင်္ဂါ အစိတ်အပိုင်း ဟူသမျှကို အပြတ်အလတ်မရှိ ရှုမှတ်ရသော တရား ဖြစ်သည်။

ထိုအခါ၌ စိတ်မှာ အာရုံငါးပါးနောက်သို့ ပျံ့လွင့်ခြင်း မရှိတော့ဘဲ ခန္ဓာကိုယ်တွင်း၌ ရောက်ရှိနေကာ စိတ်တည်ငြိမ်မှု သမာဓိတရားကို ဖြစ်ပေါ်လေသည်။ သမာဓိတရားကို ဖြစ်ပေါ် စေသော ကနဦးအစ လုပ်ငန်းမှာ သမထဘာဝနာ ပွားများခြင်းပင် ဖြစ်သည်။



၃၂-ကောဋ္ဌာသကို ဓာတုသမ္မဟနည်းဖြင့် ပြန်လည် ဆန်းစစ် သောအခါ၌ ပထဝီ မြေဓာတ် နှစ်ဆယ်နှင့် အာပေါ ရေဓာတ် ဆယ့်နှစ်ခုသာ ပါဝင်ပေသည်။ တေဇောဓာတ် လေးပါးနှင့် ဝါယောဓာတ် ခြောက်ပါး၊ အာကာသဓာတ်နှင့် မနောဝိညာဉ် ဓာတ်တို့ မပါဝင်သေးပေ။ ထိုဓာတ်များမှာ စိတ်ဝိညာဉ်ပိုင်း ဆိုင်ရာ တန်ခိုးသတ္တိ စွမ်းအားများဖြင့် ဆက်စပ်လျက်ရှိပြီး ပညတ်နယ်ပယ်မှ ပရမတ်နယ်ပယ်သို့ ရောက်ရှိအောင် ပို့ဆောင် နိုင်သော ဓာတ်များ ဖြစ်ကြလေသည်။ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ နယ်ပယ်သည် ကျယ်ပြန့်သည်နှင့်အမျှ လျှို့ဝှက်နက်နဲ ခက်ခဲ သော သဘောကိုလည်း ဆောင်နေပေသည်။

ပထဝီဓာတ်၏ သဘောမှာ ခန္ဓာကိုယ်ရုပ်၌ ခိုင်မာတောင့်တင်း ခြင်း သဘောလက္ခဏာနှင့် ကျန်းတန်းခြင်းသဘောကို ဆောင် သည်၊ တောင့်တင်း ကျန်းတန်းခြင်းသဘောမှာ ပထဝီ ဓာတု၊ ပထဝီ(မြေ) ဓာတ်သဘော ဖြစ်ပေသည်။

တေဇောဓာတ်၏သဘောမှာ ခန္ဓာကိုယ်တွင်း အရွယ်အိုမင်း အရေတွန့်လိပ်ခြင်းနှင့် ရင့်ကျက်စေခြင်း၊ ခန္ဓာကိုယ်တွင်း ဖြစ် ပေါ်သော သဘောများတွင် အခိုးအရှိန် ပူအေးခြင်း သဘော လက္ခဏာ ဖြစ်သည်။ အရွယ်အိုမင်း အရေတွန့်လိပ်ခြင်း စသည့် လောင်ကျွမ်း ရင့်ကျက်စေတတ်သော အခိုးအရှိန် သဘောမှာ တေဇောဓာတု တေဇော(မီး)ဓာတ်ပင် ဖြစ်သည်။

အာပေါဓာတ်၏ သဘောမှာ ခန္ဓာကိုယ်တွင်း ဖွဲ့စေးသော အခြင်းအရာ ကိစ္စတွင် ဖွဲ့စေးယိုတွဲ ရှိချွဲ ပြောင်းအိခြင်းသဘောကို ဆောင်ပြီး အာပေါဓာတု အာပေါ၊ (ရေ) ဓာတ် ဖြစ်သည်။

ဝါယောဓာတ်၏ သဘောမှာ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း စသည်တို့၌ တောင့်တင်းခိုင်ခံ့ ထောက်ပံ့ခြင်း သဘောလက္ခဏာကို ဆောင်ပြီး ရွေ့တွား လှုပ်ရှားခြင်း ဖြစ်ပေါ်မှုများမှာ အာပေါဓာတ် သဘောကို ဆောင်၏။ ခန္ဓာကိုယ်၌ တောင့်တင်းခိုင်ခံ့ ထောက်ပံ့ ရွေ့တွား လှုပ်ရှားခြင်းသဘောမှာ ဝါယောဓာတု၊ ဝါယော(လေ) ဓာတ် သဘောပင် ဖြစ်သည်။

စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ လေ့ကျင့်အားထုတ်မှုများကို ပြုလုပ်လာသောအခါ၌ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ အာကာသနှင့် မနောဝိညာဉ် တည်းဟူသော ဓာတ် ၆–ပါးကို ထိန်းချုပ်လာနိုင်သောအခါ၌ ပြီးမြောက်အောင်မြင်ခြင်းသို့ ရောက်သည်။ ၃၂–ကောဋ္ဌာသ ရှုမှတ်နည်းဖြင့် ရုပ်ပိုင်းဆိုင်ရာ အခြေခံအားဖြင့် ပထဝီ(မြေ)ဓာတ်နှင့် အာပေါ(ရေ)ဓာတ်ကို ချုပ်ကိုင်နိုင်လာပြီ ဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်မှုကို ဖြစ်ပေါ်စေပြီး သမာဓိတရား ရလာသောအခါ၌ သမထဘာဝနာ ဖြစ်ပေါ်လာပြီး ဝိပဿနာဘာဝနာသို့ တစ်ဆင့် တက်လှမ်းနိုင်မည် ဖြစ်ကြောင်း ဆင်ခြင်စဉ်းစားမိသည်။

စာရေးသူမှာ ယောဂီကျင့်စဉ်ကို စာတွေ့လက်တွေ့ ကျင့်ကြံအားထုတ်နေသူတစ်ဦး ဖြစ်သဖြင့် ဓာတ် ၆–ပါးနှင့် ယောဂီကျင့်စဉ် မည်သို့ ဆက်စပ်လျက်ရှိသည်။ ဓာတ် ၆–ပါးကို ထိန်းချုပ်ပြီး ယောဂီကျင့်စဉ်ဖြင့် ဝိဇ္ဇာ သိပ္ပံနည်းကျ မည်သို့ လက်တွေ့ကျင့်ကြံ အားထုတ်မည် ဆိုသည်များကို စဉ်းစား တွေးတောမိသည်။ သို့သော်လည်း ဤစာအုပ်နှင့် မဆိုင်သေးသဖြင့် နောက်



ရေးမည့် စာအုပ်များတွင်မှ လက်တွေ့ကျင့်ကြံ အားထုတ်နိုင်ရန် နည်းစနစ်များကို ဖော်ထုတ် ရေးသားရန် ရည်ရွယ်ပါသည်။

စာရေးသူမှာ မဟာသတိပဋ္ဌာန်တရား လေးပါးဖြစ်သော ကာယာနုပဿနာ သတိပဋ္ဌာန်တရားတွင် ပါဝင်သည့် (၃၂) ကောဋ္ဌာသ တရားကို ဆင်ခြင်မိသည်။ ထိုတရားကို မြတ်စွာဘုရားသည် ညီတော်မင်းနန် ချွတ်ခန်းတွင် ဟောခဲ့သည်ဟု လူကြီးသူမများ ပြောဆိုသော တရားပိုင်းများတွင် ကြားနာခဲ့ရဖူးလေသည်။

မြတ်စွာဘုရား၏ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် သားတော် သိဒ္ဓတ္ထမင်းသား နန်းစည်းစိမ်ကို စွန့်ပယ်ပြီး တောထွက်ရဟန်းပြုကာ ဂေါတမ မြတ်စွာဘုရားရှင် ဖြစ်သွားပြီ ဖြစ်သဖြင့် မိမိ၏ နန်းမွေကို ဆက်ခံရန် မြတ်စွာဘုရား၏ညီတော် ဖြစ်သော နန္ဒမင်းသားကို နန်းတင်ရန် စီစဉ်သည်။

မြတ်စွာဘုရားရှင် ကြွရောက်ပြီး သုံးရက်မြောက် နေ့တွင် ညီတော် နန္ဒမင်းသား၏ အိမ်တက်မင်္ဂလာ၊ ဥသျှောင်ထုံးမင်္ဂလာ၊ ဆင်းကျစ်ဆောင်းမင်္ဂလာ၊ ထိမ်းမြားမင်္ဂလာ၊ အိမ်ရှေ့ထီးဆောင်းမင်္ဂလာ ဟူ၍ ငါးဖြာသော မင်္ဂလာကို ကျင်းပသည်။ ထိုအခါ၌ မြတ်စွာဘုရားရှင်သည် ဆွမ်းခံဝင်တော်မူ၍ မင်္ဂလာမဏ္ဍပ်၌ ထူးမြတ်သော မင်္ဂလာတရားကို ဟောကြားပြီးသော် ညီတော် နန္ဒမင်းသားအား သပိတ်တော်ကို ကမ်းလိုက်သည်။

မြတ်စွာဘုရားရှင်လည်းဖြစ်၊ အစ်ကိုလည်း ဖြစ်နေ၍ အလွန်အရာ ရှိသေလှသောကြောင့် သပိတ်တော်ကို သူတစ်ပါးအား ပေးဝံ့ဘဲ ပခုံးထက် ထမ်းကာ နောက်တော်က လိုက်၍ သွားရ

လေသည်။ ဇနီးဖြစ်သူ ဇနပဒကလျာဏီလည်း ထိုသတင်းကို ကြားသော် လျှင်စွာထ၍ မျှော်ကြည့်ရာ ခင်ပွန်းဖြစ်သူ၏ အ ... အရာကို မြင်လျှင် ရင်အုံထဲ၌ ရေဝဲလှိုက်သကဲ့သို့ ခံစားရပြီး စီးကျသော မျက်ရည်ဖြင့် "အရှင်သား၊ ရှည်လျားစွာ မနေပါနှင့် လျှင်စွာ ပြန်ခဲ့ပါလော့" ဟု လျှောက်လိုက်၏။ နန္ဒမင်းသားမှာ လည်း စိတ်နှလုံး မကြည်မသာဖြင့် သပိတ်ကိုထမ်း၍ ဘုရားရှင်၏ နောက်တော်ပါးမှ လိုက်သွားရလေသည်။ နန်းတော်ကို ကျော်၍ မြို့ပြင်ကို ရောက်သောအခါ၌ မြတ်စွာဘုရားရှင်က သူ့အား ပြန်လွှတ်လိမ့်နိုးနိုးဖြင့် လိုက်ပါသွားရာ ကျောင်းတော်ကို ရောက်သည် အထိ ပြန်မလွှတ်တော့ပေ။

မြတ်စွာဘုရားရှင်သည် ကျောင်းတော်သို့ ရောက်လျှင် ညီတော် နန္ဒမင်းသားကို ရဟန်းပြုနိုင်ပါမည်လောဟု မေး၏ ... ညီတော် နန္ဒမင်းသားက မြတ်စွာဘုရားရှင်အား ရိုသေ ကြော ... ရွံ့ခြင်းကြောင့် မပြုလိုပါဟု မဆိုဝံ့သဖြင့် ပြုပါမည်ဟု လျှော ... လိုက်ရလေသည်။ မြတ်စွာဘုရားရှင်သည် ရှင်သာရိပုတ္တရာ ... ခေါ်တော်မူ၍ ညီတော်ကို ရဟန်းပြုစေသည်။

ညီတော်မှာ မြတ်စွာဘုရားရှင်၏ အမိန့်အတိုင်း ရဟန်းပြု ... သော်လည်း ဇနီးဖြစ်သူ မင်းသမီးကို အစဉ် သတိရပြီး ... မပျော်နိုင်အောင် ရှိသည်။ အခြားရဟန်းများကိုလည်း လူထွက် ... ထီးဆက်နန်းရာကို ဆက်ခံတော့မည်ဖြစ်ကြောင်း ပြော ... လေသည်။ ထိုအကြောင်းများကို မြတ်စွာဘုရားရှင် သိ ... ညီတော်ရဟန်းအား ခေါ်ယူ၍ မေးတော်မူသည်။ နန္ဒမင်းသား ... နမတော်က ငိုယိုကာနှင့် အမြန်လာပါဟု မှာလိုက်သော ...



ကြောင့် စိတ်နှလုံး မရွှင်နိုင်ပါသောကြောင့် လူထွက်လိုပါသည်ဟု လျှောက်လိုက်၏။ မြတ်စွာဘုရားရှင်က ဤကဲ့သို့ သင် ငြီးငွေ့ နေလျှင် ဒေဝစာရီ ကြွချီတော်မူရာသို့ ငါနှင့် လိုက်ခဲ့ဟု မိန့်တော်မူလျက် ညီတော်ကို တာဝတိံသာ နတ်ပြည်သို့ ခေါ်၍ ကြွတော် မူသည်။

တောလမ်းခရီး၌ မီးလောင်ပြင်ရှိ သစ်ငုတ်တို တစ်ခုပေါ်၌ အိုမင်းဆိုးရွား မေးပါးရှုံ့တွန့် အရိုးပြိုင်းပြိုင်း ခါးကိုင်းကိုင်းနှင့် လှုတိုင်း စက်ဆုပ်ဖွယ်ရှိသော မျောက်မတစ်ကောင်ကို မြင်သည်။ မြတ်စွာဘုရားရှင်က ထို မျောက်မကို လက်ညှိုးညွှန်ပြီး ထို မျောက်မနှင့် ငါ့ညီနှမ ဇနပဒကလျာတို့သည် သွင်ပြင်မှုရာ ဘယ်သူက သာသနည်းဟု မေးတော်မူသည်။ ညီတော်လည်း အလွန် ဝမ်းနည်းရကား သည်းစွာ ငိုကြွေးလျက် ရဟန်းမင်းသည် ကိုယ်ချင်းမစာ. မိန့်တော်မူဘိသည်ဟု လျှောက်လိုက်သည်။ ကိုယ်တော်မြတ်က ငါ့ညီသဘောကို သိလို၍သာ ငါ ကျီစယ် သည်၊ စိတ်မငယ်နှင့်ဟု မိန့်တော်မူပြီးလျှင် တာဝတိံသာ နတ် ပြည်သို့ တက်ကြွတော်မူလေသည်။

နတ်လမ်းမသို့ ရောက်သောအခါ ဝေဇယန္တာ နန်းရင်ပြင်၌ သိကြားမင်းအား ခစားလျက်ရှိသော အလွန်လှပ ချောမွေ့လှ သည့် နတ်သမီးငါးရာနှင့် တွေ့ကြသည်။ ထိုအခါ မြတ်စွာ ဘုရားရှင်က ထိုနတ်သမီးများနှင့် ညီချစ်နှမ ဇနပဒကလျာဏီ သည် ဘယ်သူကသာ၍ ဆင်းဝါလွန်ကျူး အထူးတင့်တယ်ဘိ သနည်းဟု မေးမြန်းတော်မူ၏။ ထိုအခါ ညီတော်က ရွှေဘုန်း တော်ရှင် သခင်ဘုရား၊ ငါးရာမျှလောက်သော ဤနတ်သမီး

တို့နှင့်စာလျှင် ဇနပဒကလျာသည် မီးလောင်ပြင်တွင် ယခင်ပြတော်မူခဲ့သော မျောက်အိုမနှင့် တူပါတော့သည် ဘုရား ဟု လျှောက်ထားလိုက်သည်။

မြတ်စွာဘုရားရှင်လည်း ညီတော် နန္ဒ၊ ငါ့ သာသနာ၌ ကောင်းစွာ ကျင့်လော့၊ ဤနတ်သမီးများသည် သင့်ထံပါးသို့ ခစားလာစေတတ်သော အတတ်ပညာကို ငါ ပေးတော်မူအံ့ဟု ဆို၍ ထိုနတ်ပြည်မှ ပြန်လည် ကြွတော်မူခဲ့လေသည်။ ကျောင်းတော်သို့ ရောက်သောအခါ၌ လက္ခဏာရေးသုံးပါး ၃၂-ကောဋ္ဌာသနှင့်စပ်သော တရားဒေသနာတို့ကို ဂါထာဖွဲ့သီ၍ ပေးတော်မူသည်။ ညီတော် နန္ဒလည်း နေ့ညမပြတ် တိုင်လျက်သာလျှင် နတ်ကလျာတို့လာအောင် ရည်မှန်း၍ စီးဖြန်း သရဇ္ဈာယ်လေသည်။

ထိုအခါ ရဟန်းတို့က ညီတော်မြတ်ဖြစ်၍ နတ်သမီး လာစေတတ်သော ကဗျာကို မြတ်စွာဘုရားက သနားတော်မူပေသည်။ မင်းနန္ဒလည်း နတ်သမီးကို ရစိမ့်သောငှာ သာသနာတော်၌ ရဟန်းပြု၍ ဤအကျင့်ဖြင့် နတ်သမီးကို ဝယ်မည် ကြံလေသည် ဟု ပြက်ရယ်ပြု၍ ကျီစယ်ကြလေသည်။ ညီတော်ရဟန်းလည်း ထိုသို့ ပြက်ရယ် ကျီစယ်မှုများကို ရှက်ရကား ကွယ်ဝှက်ရာ နေရာ၌ တိတ်တဆိတ် စီးဖြန်း၏။ ထိုသို့ စီးဖြန်းဖန်များသောအခါ တရားတော်၏ အနက်အဓိပ္ပာယ်ကို မျက်စိဝယ် မြင်သကဲ့သို့ ထင်ရကား မကြာမီ တစ်ညတွင် အရဟတ္တဖိုလ်သို့ ရောက်လေသည်။

နန္ဒမင်းသားလည်း ထိုည၌လွန်လျှင် ဘုရားသခင် ထံသို့ ကပ်၍ နတ်သမီးများကို အကျွန်ုပ် မလိုပါပြီ။ ဤမျှလောက်သော



ကာလပတ်လုံး အဆုံးမရှိသော ဒုက္ခ ဘဲ ရခြင်း၏အကြောင်း၌သာလျှင် ပျော်ရွှင်နေမှားမိပါသည်။ ယခုမှ ဒေသနာဖြင့် လမ်းမှန်ကို မြင်သောကြောင့် သံသရာ၏ အဆုံးသို့ ရောက်ပေသည် ဟု လျှောက်ထားလေသည်။ ထိုအခါ မြတ်စွာဘုရားက "ယဿ ကာမပင်္ကော တိဏ္ဏော" စသော ဥဒါန်းကို ကျူးရင့်တော်မူသည်။

ယဿ၊ အကြင်ရဟန္တာသည်။ ကာမပင်္ကော၊ ကာမဂုဏ်တည်းဟူသော ညွန်ပျောင်းကို။ တိဏ္ဏော၊ ကူးမြောက်ပြီ။ ကာမကဏ္ဍကော၊ ကာမဂုဏ် အာရုံတည်းဟူသော ဆူးငြောင့်ကို။ မဒ္ဒိတော၊ ချိုးနှိမ်အပ်ပြီ။ မောဟက္ခယံ၊ မောဟ၏ ကုန်ရာဖြစ်သော နိဗ္ဗာန်သို့။ အနုပ္ပတ္တော၊ အစဉ်ရောက်ပြီ။ သော၊ ထိုရဟန္တာသည်။ သုခဒုက္ခေ၊ ချမ်းသာ ဆင်းရဲ၌။ နဝေဓတိ၊ မတုန်မလှုပ်ဟု အဓိပ္ပာယ် ဖွင့်ဆိုလေသည်။

စာရေးသူမှာ ထိုအကြောင်းအရာများကို ဆက်စပ် စဉ်းစားမိရင်း ဆရာတော်ဘုရားသည် သမထဘာဝနာမှ ဝိပဿနာဘာဝနာသို့ တစ်ဆင့်တက်ပြီး ကျင့်ကြံ အားထုတ်နိုင်ကြောင်း ပညာနှင့် ယှဉ်ပြီး ဟောပြောဆုံးမခြင်း ဖြစ်မည်ကို တွေးမိသဖြင့် ဆရာတော်ဘုရား၏ ပညာဉာဏ် ကြီးကျယ်မှုကို ကြည်ညိုသဒ္ဓါစိတ် ဖြစ်ပေါ်ရလေသည်။

ဆရာတော်ဘုရား၏ ငယ်မည်မှာ မောင်ထွန်းပေါ်ဖြစ်ပြီး ဝမ်းတွင်းမြို့နယ် သဲစုရွာ၌ ဖွားမြင်တော်မူကြောင်း သိလိုက်ရသည်။ ဆရာတော်ဘုရား၏ မိဘများမှာ ဆင်းရဲကြသဖြင့်

ယယ်စဉ်က စာတာမဖွဲ့နိုင်ခဲ့ကြောင်း စာရေးသူကို မိန့်ကြားပြောဆိုလေသည်။

"ဆရာတော်ဘုရား၊ တပည့်တော် စာတာတစ်စောင် ထန်းဖူးမှာရေးပြီး ဆက်ကပ် လှူဒါန်းပါရစေ***** ၇-ရက်အတွင်း တပည့်တော် လာရောက် လှူဒါန်းပါမည် ဘုရား" ဟု လျှောက်ထားလိုက်သည်။ ဆရာတော်ဘုရားသည် ဆိတ်ဆိတ် နေတော်မူသည်။ စာရေးသူက ဝတ်ဖြည့်ပြီး လက်ဆွဲအိတ်ကို ယူကာ ဆရာတော်ထံပါးမှ ထွက်ခွာခဲ့လေသည်။

အိမ်သို့ ပြန်ရောက်ပြီးနောက် ညဉ့်ဦးယံအချိန် ဘုရားရှိခိုးဝတ်ပြုနေစဉ် နေ့လယ်က ဆရာတော်ဘုရားကြီး အမိန့်ရှိတော်မူခဲ့သော ၃၂-ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ပြန်လည် စဉ်းစားဆင်ခြင်နေမိသည်။ မိမိ ခန္ဓာကိုယ်ရှိ ၃၂-ကောဋ္ဌာသ အစုအဝေးကို ဆင်ခြင်သုံးသပ်ခြင်းသည် ကိလေသာရာဂမီး တောက်လောင်သူများ၊ ကာမဂုဏ်စိတ် ထကြွသောင်းကျန်းသူများ စီးဖြန်းအားထုတ်သင့်သော ကမ္မဋ္ဌာန်းတရား ဖြစ်ပေသည်။ ဒွတ္တိံသကမ္မဋ္ဌာန်းကို ဆင်ခြင် အားထုတ်ခြင်းဖြင့် ခန္ဓာကိုယ်၏ စက်ဆုတ်ဖွယ်ရာ မတင့်တယ်မှုများကို ထင်ထင်ရှားရှား ပေါ်လွင်သိမြင်လာပြီး သမာဓိတရား ရရှိကာ ဉာဏ်စဉ်အဆင့်ဆင့် တိုးတက်ပွားများသည်အထိ ဆက်လက် ကျင့်ကြံ အားထုတ်ပါက ကိလေသာကင်းစင်သော အရဟတ္တမဂ်သို့ပင် ဆိုက်ရောက်နိုင်ပေသည်။

အစွမ်းထက်မြက်ပြီး အကျိုးသက်ရောက်မှုရှိသော ကမ္မဋ္ဌာန်းတရား ဖြစ်သဖြင့် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါများက သတ္တဝါတို့၏ စရိုက်နှင့် လျော်ညီစွာ ၃၂-ကောဋ္ဌာသ



ဆင်ခြင်သည့် ဒွတ္တိံသကမ္မဋ္ဌာန်းကို စီးဖြန်းရန် မိန့်ကြားတော်မူခဲ့သည့် သာဓက များစွာ ရှိခဲ့ပေသည်။ ပဋိဘာနတေဒဂ်ရ ရဟန္တာ အရှင်မြတ်တစ်ပါး ဖြစ်တော်မူသော ရှင်ဝင်္ဂီသကို မြတ်စွာဘုရားရှင်က ဒွတ္တိံသကမ္မဋ္ဌာန်း စီးဖြန်းရန် မိန့်ကြားတော်မူခဲ့ဖူးသည်။ ပဋိဘာနတေဒဂ် ဆိုသည်မှာ ဆန်းကြယ်သော စိတ်ကူးဉာဏ်မွင့် ပြည့်စုံသူတို့တွင် အထူးချွန်ဆုံး ဖြစ်သူဟု အဓိပ္ပာယ်ရလေသည်။

ရှင်ဝင်္ဂီသ၏ ဘဝဇာတ်လမ်းမှာ တမူထူးခြား စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်နှင့် မတွေ့မီ ရှင်ဝင်္ဂီသ အလောင်းအလျာမှာ ထိုခေတ်အခါ မန္တန်ဝိဇ္ဇာပင် ဖြစ်သည်။ သူ၏မန္တန်မှာ အလွန်တရာ အစွမ်းထက်လှပြီး ကွယ်လွန်သူတို့ မည်သည့်ဘဝကို ရောက်နေသည်ကိုပင် ပြန်လည် ပြောပြနိုင်သည်။ ဝင်္ဂီသ ပုဏ္ဏားပျို၏ မိခင်ဖခင်တို့မှာ ပညာရှင် ပရိဗိုဇ်များဖြစ်ကြပြီး ဝင်္ဂီသသည် မိခင်ဘက်မှ ဝါဒငါးရာ၊ ဖခင်ဘက်မှ ဝါဒငါးရာ စုစုပေါင်း ဝါဒတစ်ထောင်ကို သင်ယူတတ်မြောက်ခဲ့သည်။ ဗေဒင်သုံးပုံနှင့်တကွ ထူးခြား အစွမ်းထက်သော မန္တန်များကိုပါ တတ်မြောက်ခဲ့သဖြင့် လုလင်ပျို ငါးရာတို့၏ ဆရာတစ်ဆူ ဖြစ်လာလေသည်။

ဝင်္ဂီသသည် မန္တာန်ကို ရွတ်ဆိုပြီးနောက် ကွယ်လွန်သူတို့၏ ဦးခေါင်းခွံကို လက်ဖြင့် ခေါက်ကြည့်ပါက "ဤသူသည် နတ်ပြည်သို့ ရောက်၏၊ ဤသူကား ငရဲပြည်သို့ ရောက်၏ စသည်ဖြင့် ကွယ်လွန်သူတို့၏ လားရာဘဝကို အတပ် ဟောနိုင်လေသည်။ ကွယ်လွန်သူတို့၏ လားရာဘဝကို အတတ် ဟောပြောနိုင်သော

ကြောင့် ဝင်္ဂီသ၏ ဂုဏ်သတင်းမှာ အထူးကျော်ကြားလျက် ရှိသည်၊ အခြား မြို့ရွာများမှပင် လူအများ၏ ပင့်ဖိတ်ခြင်းကိုပင် ခံရလေသည်။ သူ၏တပည့်များနှင့် နယ်လှည့် ထွက်သည့်အခါ ရောက်ရှိသည့် မြို့ရွာတိုင်း၌ပင် သူ၏ဂုဏ်သတင်းမှာ တမုဟုတ်ချင်း ကျော်ကြားသွားသည်။

လူအများသည် ကွယ်လွန်ပြီးသော မိမိတို့ ချစ်ခင်မြတ်နိုးသည့် မိဘမောင်ဘွား သားမယား စသူတို့၏ ဦးခေါင်းခွံများကို ယူဆောင်လာကာ ဝင်္ဂီသအား မေးမြန်း ဟောပြောစေကြသည်။ ဤသို့ဖြင့် ဝင်္ဂီသ ရောက်ရာ မြို့ရွာများတွင် လူထုပရိသတ်မှာ အလွန်စည်ကားလျက်ရှိသည်။ တစ်နေ့တွင် ဝင်္ဂီသသည် သူ၏ တပည့်များနှင့်အတူ မြတ်စွာဘုရားရှင် ခေတ္တ သီတင်းသုံးလျက် ရှိသော သာဝတ္ထိပြည်သို့ ဆိုက်ရောက်လာကြသည်။ တစ်ညနေတွင် များစွာသော လူအုပ်ကြီးသည် ပန်းနံ့သာ စသည်တို့ကို ကိုင်ဆောင်လျက် လာကြသည်ကို တွေ့ရသည်။ ဝင်္ဂီသက မိမိထံသို့ လာရောက်ကြသည် အထင်ဖြင့် စောင့်မျှော်နေသော်လည်း မိမိ တည်းခိုနေသော ဇရပ်ကို လွန်၍ သွားကြလေသည်။ ထိုအကြောင်းကို တပည့်များအား စုံစမ်းမေးမြန်းစေရာ မြတ်စွာဘုရားရှင်ထံသို့ တရားနာရန် သွားခြင်းဖြစ်ကြောင်း သိရလေသည်။

ဂုဏ်သတင်း ကျော်ကြားလှသော မိမိကို ကျော်လွန်၍ ဗုဒ္ဓ ဆိုသူထံသို့သာ သွားကြခြင်းမှာ ဗုဒ္ဓသည် မိမိထက် သာလွန် ထူးမြတ်၍သာ ဖြစ်ရမည်ဟု စဉ်းစားမိသည်။ သို့ဖြစ်၍ တပည့် ငါးရာနှင့်အတူ ဇေတဝန်ကျောင်းတော်သို့ လိုက်သွားရာ၌ ဗုဒ္ဓ



ဘုရားရှင်က မေတ္တာကရုဏာတော်ဖြင့် လက်ခံ ကြိုဆိုတော်မူသည်။ မြတ်စွာဘုရားရှင်က ဝင်္ဂီသအား သူ တတ်မြောက်ထားသော မန္တန်၏ အစွမ်းသတ္တိများကို မေးမြန်း စုံစမ်းတော်မူသည်။

ဝင်္ဂီသသည် လူသေ၏ ဦးခေါင်းခွံကို ခေါက်၍ မန္တန်အတတ်ဖြင့် ထိုသူ၏ လားရာဘဝကို သိရှိနိုင်ကြောင်း မြတ်စွာဘုရားအား ဝန်ခံလျှောက်ထားခြင်း ပြုသည်။ ထိုအခါ ဗုဒ္ဓရှင်တော်မြတ်က ဦးခေါင်းခွံ ငါးခုကို ယူဆောင်လာစေပြီး လူထုပရိသတ်ရှေ့၌ ထိုသူတို့၏ ရောက်ရှိရာဘဝကို ဟောပြောစေသည်။ ဝင်္ဂီသသည် မန္တန်၏ အစွမ်းသတ္တိဖြင့် ဦးခေါင်းခွံများကို အစဉ်အတိုင်း ခေါက်ပြီးလျှင် နတ်ပြည်၊ လူ့ပြည်၊ ငရဲပြည် စသည်တို့တွင် ရောက်ရှိနေကြောင်း တစ်ခုစီ ခွဲခြားလျက် ဟောပြောခြင်း ပြုရာ ဦးခေါင်းခွံ လေးခုအထိ မှန်ကန်နေပေသည်။ ငါးခုမြောက် ဦးခေါင်းခွံကို ယူ၍ ရှေးနည်းအတိုင်း ဟောပြောစေသောအခါ၌မူ ဝင်္ဂသသည် ဦးခေါင်းခွံကို အကြိမ်ကြိမ်ခေါက်လျက် မန္တန်ကို အထပ်ထပ်အခါခါ ရွတ်ဆိုခြင်း ပြုသည်။ သို့သော်လည်း မည်သို့မျှ ပြောဆိုခြင်း မပြုနိုင်တော့ဘဲ ချွေးသီးချွေးပေါက်များပင် ကျလာတော့သည်။ နောက်ဆုံးတွင် ထိုဦးခေါင်းခွံရှင်၏ ဘဝကို မိမိ မသိနိုင်ပါကြောင်း မြတ်စွာဘုရားအား ဝန်ခံ ပြောကြားရလေတော့သည်။

ဗုဒ္ဓဘုရားရှင် "အချင်းဝင်္ဂီသ၊ ဤဦးခေါင်းခွံကား ဘဝသုံးပါးမှ လွတ်မြောက်၍ နိဗ္ဗာန်သို့ ဆိုက်ရောက်သွားသော ရဟန္တာဘုက္ကိုလ်မြတ်၏ ဦးခေါင်းခွံ ဖြစ်ပေသည်" ဟု ထုတ်ဖော်

မိန့်ကြားလိုက်သည်။ ထိုအခါ ဝင်္ဂီသက ရဟန္တာတို့၏ ဖြစ်ရာဘဝကို သိမြင်နိုင်သော မန္တန်ကို မိမိအား သင်ကြားပေးပါရန် ဘုရားရှင်အား တောင်းပန် လျှောက်ထားလေတော့သည်။ ဗုဒ္ဓဘုရားရှင်က မိမိထံတွင် ရဟန်းပြုမှသာ ထိုမန္တန်ကို သင်ကြားပေးမည့်အကြောင်းကို မိန့်ကြားတော်မူပေရာ ဝင်္ဂီသလည်း မန္တန်ကို ရလိုဇောဖြင့် မဆိုင်းမတွပင် ရဟန်းပြုလေသည်။ မိမိ၏ တပည့်များအားလည်း မန္တန်ရလျှင် မိမိ ပြန်လာမည်ဖြစ်၍ သာဝတ္ထိပြည်ရှိ တည်းခိုဇရပ်၌ပင် စောင့်ဆိုင်းနေကြရန် မှာကြား ပြောဆိုသည်။ ဗုဒ္ဓဘုရားရှင်သည် ဝင်္ဂီသအား "ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော" စသော (၃၂)ကောဋ္ဌာသ ဒွတ္တိံသ ကမ္မဋ္ဌာန်းတရားကို သင်ကြား အားထုတ်စေသည်။ ဒွတ္တိံသကမ္မဋ္ဌာန်းကို အားထုတ်ပြီးမှ သူ အလိုရှိသော မန္တန်ကို သင်ကြားပေးမည်ဟု မိန့်တော်မူလေသည်။ ဝင်္ဂီသသည် ဗုဒ္ဓဘုရားရှင်၏ညွှန်ကြားချက်အတိုင်း (၃၂)ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို စီးဖြန်းရွတ်ဆိုနေသော်လည်း ဘုရားရှင် မိန့်ကြားတော်မူသော မန္တန်ကို ရရှိပါက ဇမ္ဗူဒိပ်ကျွန်းတွင် ပြိုင်ဖက်ကင်းသော ဆရာတစ်ဆူ ဖြစ်ရတော့မည့်အရေးကို တွေးတောလျက် သမာဓိမရ ဖြစ်နေတော့သည်။ ဇေတဝန်ကျောင်းတော်တွင် နေ့စဉ်အခါများ၌ဖြစ်စေ၊ ဆွမ်းခံကြွသည့်အခါများ၌ ဖြစ်စေ ချောမောလှပသော မိန်းမပျိုများကို တွေ့မြင်ရသည့် အခါ၌ ကိလေသာစိတ်များ ထကြွ လွှမ်းမိုးလာသဖြင့် ကမ္မဋ္ဌာန်း အာရုံတွင် ထက်သန်ခြင်း မရှိတော့ဘဲ နှောင့်နှေး ကြန့်ကြာခြင်း ဖြစ်ရလေသည်။



သို့ရာတွင် ရှင်ဝင်္ဂီသသည် မိမိ တွေ့ရှိရသည့် အခက်အခဲများကို ချိုးနှိမ်လျက် ဇွဲသန်သန်ဖြင့် ကမ္မဋ္ဌာန်းတရားကို ဆက်လက်အားထုတ်တော် မူသည်။ ထိုအခါ၌ ခန္ဓာကိုယ်၏ စက်ဆုပ်ဖွယ်ရာ မတင့်တယ်သော အခြင်းအရာတို့ကို သူ၏ဉာဏ်အမြင်၌ ထင်ရှားပေါ်လွင်၍လာသည်။ တဖြည်းဖြည်း သမာဓိတရား ရပြီး ဉာဏ်စဉ် အဆင့်ဆင့် တိုးတက်ပွားများကာ နောက်ဆုံး၌ ကိလေသာကင်းစင်သော ရဟန္တာ ပုဂ္ဂိုလ်မြတ်ကြီးအဖြစ်သို့ ရောက်ရှိသွားလေတော့သည်။

ရဟန္တာတို့၏ လားရာဂတိကို သိလိုဇောဖြင့် ကျင့်ကြံအားထုတ်ခဲ့သော ရှင်ဝင်္ဂီသမှာ မိမိကိုယ်တိုင် ရဟန္တာဖြစ်ပြီးနောက် ရဟန္တာတို့၏ လားရာဂတိကို သိနိုင်သော ဉာဏ်အမြင် ရရှိခဲ့သည်။ စောင့်ဆိုင်းနေသော သူ့တပည့်များကိုလည်း မိမိ အလိုရှိသော မန္တန်ပင်မက မြင့်မြတ်သော အရိယာဘဝကို ရရှိပြီးဖြစ်သဖြင့် ထိုဘဝကိုစွန့်ပြီး တပည့်တို့ထံ ပြန်လာတော့မည် မဟုတ်ကြောင်း မိန့်ကြားလိုက်လေသည်။

ရှင်ဝင်္ဂီသသည် ဗေဒင်သုံးပုံနှင့်တကွ ဝါဒတစ်ထောင်ကို ထူးချွန်စွာ တတ်မြောက်ထားပြီးနောက် ရဟန္တာဖြစ်လာသဖြင့် ဗုဒ္ဓဘုရားရှင်အား မြတ်နိုး ကြည်ညိုလှသည့်အလျောက် ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော်များကို နေလ သမုဒ္ဒရာ စသည်တို့ဖြင့် တင်စား၍ မကြာခဏ ဂါထာဖွဲ့ဆို ချီးကျူး ပူဇော်ခြင်းများ ပြုခဲ့လေသည်။ အရှင်မြတ်၏ အဖွဲ့အနွဲ့များမှာ ပြေပြစ် ကောင်းမွန်နက်နဲ ဆန်းကြယ်လှသဖြင့် ဗုဒ္ဓဘုရားရှင်က ရှင်ဝင်္ဂီသအား "ဆန်းကြယ်သော စိတ်ကူးဉာဏ်နှင့် ပြည့်စုံသူတို့တွင် အထူး

ချွန်ဆုံး ဖြစ်သည်”ဟူ၍ “ပဋိဘာန တေဒဂ်” ဘွဲ့ထူးကို ပေးအပ် ချီးကျူးတော်မူခဲ့လေသည်။

စာရေးသူမှာ (၃၂)ကောဋ္ဌာသ ကမ္မဋ္ဌာန်း၏ ထိရောက်မှုနှင့် ဆန်းကြယ်သော ဖြစ်ရပ်များကို စဉ်းစား ဆင်ခြင်မိသည်။ လူ သတ္တဝါတို့၏ စရိုက်ကိုလိုက်၍ ထိုကမ္မဋ္ဌာန်းတရားကို ဗုဒ္ဓဘုရား ရှင်ကိုယ်တိုင် ချီးမြှင့်ခဲ့ဖူးကြောင်း သမိုင်းကြောင်း ဖြစ်ရပ်များကို တွေးမိရင်း ဆရာတော်ဘုရားကြီး၏ ဉာဏ်ပညာကြီးကျယ်မှုနှင့် အကျင့်သီလ စင်ကြယ်မှုများအပေါ် သဒ္ဓါကြည်ညိုစိတ်များ ဖြစ်ပေါ်လာရလေသည်။

ဗုဒ္ဓဘုရားရှင် လက်ထက်တော်ကပင် အစွမ်းထက်သော မန္တန်များ ရှိခဲ့ကြပေသည်။ သို့ဖြစ်၍ ရှေး ဆရာအရှင်မြတ်များ က မြတ်စွာဘုရား၏ သုတ်တော် ပရိတ်တော်များကို မန္တန်သဖွယ် ဂါထာဖွဲ့၍ အန္တရာယ်ကင်း ရွတ်ဆိုကြရန် စီစဉ်ခဲ့ကြသည်ဟု ထင်မြင်မိပေသည်။ မန္တန်သည်ပင် ထိုမျှ အစွမ်းထက်ပါက မြတ်စွာဘုရား၏ တန်ခိုးတော် ဂုဏ်တော်များကို ထူးခြား ဆန်း ကြယ်စွာ ဖွဲ့ဆိုထားသော ဂါထာမန္တန်များမှာ အတိုင်းအဆ မရှိ အကျိုးသက်ရောက်မှု ရှိပေလိမ့်မည်ဟု ယုံကြည်မိပေသည်။

* * *

အခန်း ( ၁၅ )

## တောင်ပုလုဆရာတော်ဘုရားကြီးနှင့် နေသဇ္ဇိကဓုတင်

စာရေးသူသည် တောင်ပုလု ဆရာတော်ဘုရားကြီးအား ဖူးမြော်ပြီးနောက် ဆရာတော်ကြီးတွင် ထန်းဖူးဓာတ်တော် မရှိသေးကြောင်း သိရသည်။ ဓာတ်တော် လှူဒါန်းနိုင်ရန် ကန်တော် ကလေးရပ်ကွက် မန္တလေးလမ်းရှိ စာရေးသူ၏ ဆရာတစ်ဦး ဖြစ်ခဲ့ဖူးသော ဗေဒင်နက္ခတ်ဗလ ဆရာကြီး ဦးဗိုလ်ထွေးထံ သွားသည်။ ထိုစဉ်က ဆရာကြီး ဦးဗိုလ်ထွေးမှာ မန္တလေးသို့ ခေတ္တ ပြန် သွားသဖြင့် သူနှင့် မတွေ့၊ တူဖြစ်သူ ဦးအောင်ခင်ကိုသာ တွေ့ရ သည်။

"ဒါ–တောင်ပုလု ဆရာတော်ဘုရားရဲ့ ဇာတာတော်ပဲ၊ အကောင်းဆုံး ထန်းဖူးမှာ ဇာတာတော်ကို ကျကျနန သေသေသပ်သပ် ဖွဲ့ရေးပေးပါ၊ ကျသလောက် ပေးပါ့မယ်" ဟု ပြောလိုက်သည်။ သူကလည်း "ဆရာတော်ကြီး ဇာတာဆိုရင် ကျွန်တော်လဲ ဒါနပြုလိုပါတယ်၊ ထုံးစံအတိုင်း အားလုံး အဖိုးအခ ၅၀–ကျပ်ခန့် ကျပါမယ်" ဟု ပြောသည်။

စာရေးသူက မိမိတစ်ဦးတည်း အကုန်အကျခံမည်ဟု စိတ်ကူးသော်လည်း သူက အတင်းငြင်းဆိုပြီး ငွေ ၃၀–ကျပ်သာ ယူထားလိုက်သည်။ ၃–ရက်အတွင်း အမြန်ရေးပေးရန် မှာပြီး စာရေးသူ စိတ်ကြိုက် အကောင်းဆုံး ထန်းဖူးကို ရွေးပေးထားခဲ့သည်။ ၃–ရက်ခန့် ကြာသောအခါ၌ ဆရာတော်ဘုရားကြီးထံ နောက်တစ်ခေါက် ရောက်သွားပြန်သည်။ ထိုစဉ်က ဆရာတော်ဘုရား အသုံးပြုနိုင်ရန်အတွက် မြန်မာဘယဆေးအချို့နှင့် ပရုတ်ဆီဘူးများကို လှူဒါန်းရန် ဝယ်သွားသည်။ လာရောက် ဖူးမြော်သူများ ပြန်သွားကြပြီး နံနက် ဆွမ်းစားပြီးချိန်လောက်တွင်မှ ဆရာတော်ဘုရားအား တွေ့ဆုံဖူးမြော် လျှောက်ထားခွင့် ရပြန်သည်။

စာရေးသူက "ဆရာတော်ဘုရားကို အထူးလျှောက်လို သောအကြောင်းအချက်တစ်ရပ် ရှိနေပါတယ်၊ ဒီကိစ္စကို မေးရ လျှောက်ရခက်နေလို့ တပည့်တော် မှားပါကလည်း ခွင့်ပြုတော်မူပါ ဘုရား၊ ဆရာတော်ဘုရားဟာ ကျောချ လဲလျောင်း အိပ်စက်ခြင်း မပြုသည်မှာ အနှစ် ၂၀–လောက် ကြာမြင့်ပြီလို့ သိရှိရပါတယ်၊ ဒီလိုကျင့်ကြံ နေထိုင်နိုင်ခြင်းဟာ ဘယ်ကစပြီး ဘယ်လိုကျင့်တယ်



ဆိုတာ တပည့်တော် သိခွင့်ရှိပါက သိလိုပါတယ် ဘုရား" ဟု လျှောက်ထားလိုက်သည်။

ဆရာတော်ဘုရားသည် ရုတ်တရက် တည်ကြည် ငြိမ်သက်သွားပြီး တစ်ခုခုကို စဉ်းစားနေပုံရသည်။ စာရေးသူကလည်း တိတ်ဆိတ်ငြိမ်သက်စွာ ဆရာတော်ဘုရား မည်သို့ မိန့်ကြားလေမည်လဲ၊ ဖြေကော ဖြေပါ့မလားဟု စိတ်ထဲတွင် ဒွိဟ သံသယဖြစ်ကာ စောင့်မျှော်နေသည်။ ဆရာတော်ဘုရားက အမေးကို ရုတ်တရက် မဖြေသေးဘဲ ရှေ့တူရူသို့ စိုက်ကြည့်ကာ ခေတ္တမျှ ငြိမ်သက်စွာ ထိုင်နေတော်မူသည်။ ထိုမေးခွန်းကို ဖြေသင့် မဖြေသင့်၊ ဖြေထိုက် မဖြေထိုက် စဉ်းစားနေသလားဟု စိတ်ထဲတွင် ထင်မိသည်။ တစ်ခန်းလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိပြီး အပြင်လမ်းမကြီးပေါ်မှ ကားတစ်စီးတလေ ဖြတ်သွားသံကိုသာ သဲ့သဲ့မျှ ကြားနေရသည်။

ထိုစဉ် ဆရာတော်ဘုရားသည် စာရေးသူကို တစ်ချက်ကြည့်လိုက်ပြီး "အေး–ဒကာ၊ ဒီကိစ္စတွေက ဖြေရတာ အခက်သား၊ လေ့ကျင့်အားထုတ်ရတာလဲ မလွယ်ဘူး၊ ဒါတွေက ဓုတင်ကျင့်စဉ်တွေလို့ ခေါ်တယ်၊ ဒကာနဲ့ ယခင်က လျှောက်ဖူးတဲ့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာထဲမှာလဲ ပါတယ်" ဟု မိန့်ကြားတော်မူသည်။ ဆရာတော်ဘုရားသည် ဓုတင် ၁၃–ပါးနှင့် ပတ်သက်၍ စာရေးသူအား အကျယ်တဝင့် ရှင်းလင်း ဟောကြားတော်မူပေးသည်။ ဓုတင် ၁၃–ပါးနှင့် ပတ်သက်၍ "သင့်ဘဝအတွက် ယောဂီကျင့်စဉ်" စာအုပ်တွင် ရှင်းလင်း ဖော်ပြ ရေးသားထားပြီး

ဖြစ်သည်။ စာရေးသူလည်း ဆရာတော်ဘုရား၏ မိန့်ကြားချက်များကို စိတ်အားထက်သန်စွာ နားထောင်လျက် ရှိသည်။

ဆရာတော်ဘုရားက "ဒီကျင့်စဉ်ကို ပထမ ကျင့်စမှာ အအိပ်ကို တဖြည်းဖြည်း လျှော့ပြီး လာရတယ်၊ တစ်နေ့ အိပ်ချိန်ကို လျှော့နိုင်သမျှ လျှော့ပြီး တရားထိုင်ရတယ်၊ အဲဒီလို ကျင့်လာလို့ လပေါင်း အတော်ကြာလာတဲ့အခါမှာ အိပ်ချိန်ဟာ တဖြည်းဖြည်း နည်းသွားတယ်။

"အဲဒီလို အိပ်ချိန်နည်းသွားပေမယ့် ခန္ဓာကိုယ်မှာ ကျန်းမာရေးလဲ မထိခိုက်၊ ဘာမျှ မဖြစ်တဲ့အခါကျတော့ နောက်ပိုင်းမှာ မအိပ်ဘဲ နေနိုင်လာအောင် ဆက်ကျင့်ရတယ်၊ မိမိကိုယ်ကို မအိပ်ဘဲ နေနိုင်လာတဲ့အခါ မလဲလျောင်းဘဲ နေနိုင်အောင် တစ်ဆင့်တက်ပြီး ကျင့်ရတယ်၊ အဲဒီလို တဖြည်းဖြည်း ကျင့်လို့ ခံနိုင်ရည်ရှိလာတော့ ငါ ဒီနေ့ကစပြီး ကျောချ လဲလျောင်း အိပ်စက်ခြင်း မပြုတော့ဘူးလို့ အဓိဋ္ဌာန်တင်ပြီး ကျင့်ရတယ်။

"မအိပ်ဘဲ နေနိုင်လာတဲ့အခါမှာ ကိုယ်ကို ဆန့်လျောင်းစင်း လှဲအိပ်ခြင်း၊ ကိုယ်ကို ဆန့်လျက် ပက်လက်အိပ်ခြင်း၊ လျောင်းအိပ်ခြင်း၊ စောင်းအိပ်ခြင်း၊ မှောက်အိပ်ခြင်း စတဲ့ အိပ်ခြင်း ဣရိယာပုထ်နဲ့ စပ်ဆိုင်တဲ့ အမူတွေကို မပြုလုပ်ဘဲ နေနိုင်အောင် ခန္ဓာကိုယ်ကို တဖြည်းဖြည်း ထိန်းသိမ်း ကျင့်ကြံ အားထုတ်လာရမယ်။

"နေသဇ္ဇိက ဓုတင် ဆိုတာက ပါဠိလို သေယျံပဋိက္ခိပါမိ၊ နေသဇ္ဇိကင်္ဂံ သမာဒိယာမိ လို့ ဆိုတယ်၊ မြန်မာလိုပြောရရင်တော့ 'ကိုယ်ဆန့် လျောင်းစင်း၊ လှဲအိပ်ခြင်းကို ပယ်ပါ၏၊



သွားခြင်း ဣရိယာပုထ်၊ ရပ်ခြင်း ဣရိယာပုထ်၊ ထိုင်ခြင်း ဣရိယာပုထ်ဖြင့် နေလေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ်စေတနာကို ဆောက်တည်ပါ၏' လို့ အဓိပ္ပာယ် ရတယ်။

"အိပ်ခြင်းကို ပယ်နိုင်ပြီးတဲ့အခါမှာ အိပ်ခြင်း ဣရိယာပုထ်နဲ့ စပ်ဆိုင်တဲ့ ကိုယ်ကို ဆန့်ပြီး ပက်လက်အိပ်ခြင်း၊ လျောင်းအိပ်ခြင်း၊ စောင်းအိပ်ခြင်း၊ မှောက်အိပ်ခြင်း စတဲ့ အနေအထိုင်တွေကိုလဲ တဖြည်းဖြည်း ပယ်စွန့်ပြီး နေနိုင်အောင် ထိန်းသိမ်း ကျင့်ကြံမှု ပြုလာရတယ်။

"ဒီကျင့်စဉ်တွေဟာ လွယ်လွယ်နဲ့တော့ မဖြစ်ဘူးပေါ့ ဒကာ၊ တဖြည်းဖြည်း စနစ်တကျ လေ့ကျင့်အားထုတ်လာတဲ့ ယောဂီပုဂ္ဂိုလ်တွေဟာ နောက်ဆုံးအဆင့်မှာ ရုပ်ခန္ဓာကိုယ်ကို ထိန်းသိမ်းနိုင်ပြီး မိမိ မူလ ရည်မှန်းထားတဲ့ အခြေအနေကို ရောက်ရှိလာတယ်။

"အဲဒီအခါကျတော့ မိမိ ခန္ဓာကိုယ်ကို ထိန်းသိမ်းပြုပြင် လေ့ကျင့်လာရာမှာ အောင်မြင်ပြီလို့ ယူဆနိုင်လာတဲ့ အဆင့်မှာ အဓိဋ္ဌာန်တင်ပြီး တစ်ခါတည်း "သေယျံပဋိက္ခိပါမိ၊ နေသဇ္ဇိကင်္ဂံ သမာဒိယာမိ"လို့ အာမဘာသာ္ဓေခံပြီး ဓုတင် ဆောက်တည်တော့တယ်။ ဓုတင် ဆောက်တည်တယ်ဆိုတာ ဆောက်တည်ပြီးတဲ့ ဓုတင်ကို မဖျက်ရဘူး၊ ဒါမှသာ အကျိုးရှိတယ်" ဟု ရှင်းလင်း မိန့်ကြားတော်မူလေသည်။

ဆရာတော်ဘုရားကြီး၏ မိန့်ကြားချက်များကို နားစိုက်ထောင်ရင်း မည်မျှ ခက်ခဲ နက်နဲသော ကျင့်စဉ် ဖြစ်သည်ကိုလည်း

ကောင်းစွာ နားလည် သဘောပေါက်လာလေသည်။ ဆရာတော်ဘုရား၏ ကျင့်ကြံ အားထုတ်နိုင်မှုကိုလည်း အလွန်တရာ လေးစားကြည်ညိုမှု ဖြစ်ရပါသည်။ သာမန်ပုဂ္ဂိုလ်တို့ မည်သည့်နည်းနှင့်မျှ မကျင့်ကြံနိုင်သော ကျင့်စဉ်မျိုး ဖြစ်သည်။ လူတစ်သန်းမှာ တစ်ယောက်၊ တစ်ကုဋေမှာ တစ်ယောက်ပင် ကျင့်နိုင်လိမ့်မည် မဟုတ်ကြောင်း ကောင်းစွာ နားလည် သဘောပေါက်မိသည်။

လူသာမန်တို့မှာ တစ်နေ့လျှင် အနည်းဆုံး ၆–နာရီ၊ ၇–နာရီမျှ မအိပ်ရလျှင်ပင် မနေနိုင်ကြသော အခြေအနေရှိသည်။ ဆေးသိပ္ပံနည်းအရ စဉ်းစားမည်ဆိုပါကလည်း သာမန်လူတစ်ယောက် အား ၃–ရက်ခန့် လုံးဝ မအိပ်ရအောင် လုပ်ထားနိုင်ပါက ထိုလူသည် ရူးသွပ်သွားနိုင်ပေသည်။

လူတစ်ယောက်အတွက် လိုအပ်သော တစ်နေ့တာ အိပ်စက်ချိန် အပြည့်အဝကို မရရှိသူတစ်ဦးမှာ ကြာလာသောအခါ စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာ ရောဂါဝေဒနာ တစ်ခုခု စွဲကပ်လာပြီး အသက်အန္တရာယ်ကို စိုးရိမ်ရမည် ဖြစ်သည်။ လူ့လောကတွင် အခက်အခဲ အကျပ်အတည်းများဖြင့် စားဝတ်နေရေး လူမှုဒုက္ခများကြောင့် အိပ်မပျော်သော ရောဂါဝေဒနာရှင်များ တဖြည်းဖြည်း များပြားလာသဖြင့် ယခုခေတ်တွင် အိပ်ဆေးများ သောက်ကာ အိပ်နေကြရသည့် သန်းပေါင်းများစွာသော ကမ္ဘာသူ ကမ္ဘာသားများကိုလည်း ပြန်၍ တွေးမိသည်။

စာရေးသူ၏ မိတ်ဆွေ သူငယ်ချင်း အတော်များများသည်ပင် အိပ်မပျော်သော ရောဂါ စွဲကပ်နေသဖြင့် ဗေလီယံ၊ လစ်ဘရီယံ၊ ရီလီဆင်၊ ထရန်ကွိုင်း၊ ဖီနိုဘာဘီတုံ[၁] စသည့် စိတ်ငြိမ်ဆေး၊ အိပ်ဆေးအမျိုးမျိုးကို သောက်ကာ အိပ်နေကြရသော အဖြစ်များကို ပြန်လည် စဉ်းစားမိသည်။ လူသာမန် တစ်ယောက်အတွက် သတ်မှတ်ထားသော အိပ်ချိန် အတိုင်းအတာ အတွင်း မအိပ်ရပါက မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ပေ။



စာရေးသူ၏ မိတ်ဆွေတစ်ဦးမှာ အိပ်မပျော်သော ရောဂါ စွဲကပ်သဖြင့် ဆရာဝန်များကို ပြသရာ၌ အိပ်ဆေးများပေးကာ အိပ်စေရသည်။ ခန္ဓာကိုယ်တွင်းရှိ အာရုံကြောများမှာ အိပ်ဆေးကို တဖြည်းဖြည်း ခံနိုင်ရည်ရှိလာပြီး ပထမအစတွင် အိပ်ဆေး နှစ်မီလီဂရမ်မျှ သောက်ရုံဖြင့် အိပ်ပျော်သော်လည်း နောက်ဆုံးအဆင့်တွင် ဆယ်မီလီဂရမ် သောက်မှပင် အိပ်ပျော်တော့သည်။ အိပ်မပျော်သော အခါများ၌ သူသည် လုပ်ငန်း တာဝန်များကို မဆောင်ရွက်နိုင်တော့ဘဲ ကတုန်ကယင်ဖြစ်ကာ အိပ်ရာထဲ လဲနေတော့သည်။

စာရေးသူနှင့် တွေ့သောအခါ၌ သူ့မှာ ဗေလီယံ ၁၀–မီလီဂရမ် သောက်မှပင် အိပ်ပျော်သော အခြေအနေသို့ ရောက်ရှိနေတော့သည်။ စာရေးသူက "ခင်ဗျား ဗေလီယံ ဝယ်မရရင် ဘယ့်နှယ့်လုပ်မလဲ၊ ဒီဆေးတွေဟာ စွဲသောက်လို့ မကောင်းဘူး၊ ကြာလာတဲ့ အခါမှာ ဆေးစွဲရောဂါ ဖြစ်သွားပြီး ဆေးမသောက်ရင် ဘာမှ လုပ်လို့မရအောင် ဖြစ်သွားလိမ့်မယ်" ဟု ပြောလိုက်သောအခါ သူ့ခမျာ မည်သို့မျှ မဖြေနိုင်အောင် ဖြစ်နေတော့

၁။ Valium. Librium. Releasan. Tranquile. Phenobarbiton.

သည်။ သူငယ်ချင်းဖြစ်သူက သူ့တွင် ဖြစ်ပေါ်ခံစားနေရသော အခက်အခဲများကို အကျယ်တဝင့် ဖွင့်ဟ ရှင်းလင်း ပြောပြသည်။ စာရေးသူက သဘာဝအလျောက် ဆေးမစားဘဲ လူကို အိပ်စေသော ယောဂီကျင့်စဉ်များမှ အကောင်းဆုံး နည်းစနစ် သုံးမျိုးကို ရှင်းလင်း ပြောပြလိုက်သည်။ [၁]

"ခင်ဗျား အသက်ရှည်ရှည် နေချင်ရင် အဲဒီ ကျင့်စဉ် လေ့ကျင့်ခန်းတွေကို ကျင့်ပြီး တဖြည်းဖြည်း မှူဉ်းဖြတ်ပစ်ပါ၊ ၃–လ လောက် ကြာရင် ကျွန်တော်နဲ့ လာတွေ့ပါ" ဟု မှာလိုက်သည်။ ကျင့်စဉ် လေ့ကျင့်ခန်းများကိုလည်း မည်သို့မည်ပုံ လေ့ကျင့်ရသည်ကို သူ့အား လက်တွေ့ ပြသပေးလိုက်သည်။ လေ့ကျင့်စဉ်တွင် အခက်အခဲတွေ့နေမှုများကို စာရေးသူထံ တစ်ကြိမ် နှစ်ကြိမ် လာရောက် မေးမြန်းသဖြင့် ပြန်လည် ဆွေးနွေး ရှင်းလင်း ပြောပြရသည်။ ခြောက်လခန့် လေ့ကျင့်ပြီးသော အခါ၌ ဗေလီယံ သောက်ဘဲ အိပ်နိုင်သော အခြေအနေသို့ ရောက်ရှိသွားသည်။

မအိပ်ပါက လူသတ္တဝါတို့အား များစွာ ဒုက္ခပေးနိုင်သော ထို အိပ်ခြင်းတရားကို ဆရာတော်ဘုရားသည် သီလ သမာဓိ ပညာဖြင့် အပြတ် စွန့်ပယ်နိုင်လေသည်။ မည်မျှ အံ့သြစရာ ကောင်းပါသနည်း၊ ဆေးသိပ္ပံပညာဖြင့် အကဲဖြတ်၍မျှ ရနိုင် ကောင်းပါမည်လားဟု တွေးမိသည်။ လူသာမန်တို့ ကျင့်နိုင်ခဲ့သော အကျင့်တရားကို ကျင့်ကြံအားထုတ်နိုင်သော သူတော်စင် ပုဂ္ဂိုလ် မှုမြတ် ဖြစ်ကြောင်း လေ့လာမိသည်။

၁။ ထိုကျင့်စဉ်များ အကြောင်းကို 'သင့်ဘဝအတွက် ယောဂီကျင့်စဉ်'စာအုပ် တွင် ရေးသား ဖော်ပြထားပြီး ဖြစ်သည်။



ထိုစဉ် ဆရာတော်ဘုရားက "ဒကာကော ဘယ်လို လမ်းစဉ် တွေ လေ့ကျင့် အားထုတ်နေသလဲ" ဟု မေးမြန်းတော်မူသည်။ စာရေးသူက "တပည့်တော်ကတော့ သမထပိုင်းဆိုင်ရာ ယောဂီ ကျင့်စဉ်များကို အခြေခံပြီး လေ့ကျင့် အားထုတ်နေပါတယ်။ (အင်း) ပညာကိုလည်း နည်းနည်းပါးပါး လေ့လာနေပါတယ်" ဟု ဖြေလိုက်သည်။

မြန်မာ ရှေးဟောင်း ပညာများတွင် အင်းပညာမှာ အထူး ဆန်းကြယ်ပြီး ခက်ခဲ နက်နဲ ကျယ်ပြန့်လှသည်။ အင်းပညာ များကို ရှာဖွေ လေ့လာရာ၌ တိဗက် တန္တရဝါဒနှင့် ဟိန္ဒူ တန္တရ ဝါဒ အပြင် အခြား တန္တရဝါဒများတွင် အင်းများကို တွေ့ရ သော်လည်း မြန်မာအင်းများထက် ခက်ခဲ ဆန်းကြယ်သော အင်းများကို မတွေ့ရပေ။ သူတို့ အယူအဆ နည်းလမ်းများအရ အင်းသဘောဆန်သော အစီအရင် အရေးအသား ယန္တရားများ ကို တွေ့ရသော်လည်း မြန်မာ ရှေးဟောင်း အင်းပညာကဲ့သို့ ကျယ်ပြန့် ဆန်းကြယ်သော နည်းစနစ်များကို မတွေ့ရပေ။

မြန်မာ့ ရှေးဟောင်း အင်းပညာများမှာ အလွန် အဆင့် အတန်း မြင့်လှပြီး ဝိဇ္ဇာသိပ္ပံနည်းကျသော အစီအရင် နည်းစနစ် များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုထားသည်ကို တွေ့ရသည်။ အခြား တန္တရဝါဒ အယူအဆများတွင် ပါဝင်သော အင်းပညာ ထက် မြန်မာရှေးဟောင်း အင်းပညာမှာ ဝိဇ္ဇာသိပ္ပံနည်းကျပြီး အဆင့်မြင့်လှသဖြင့် မည်သည့်အချိန်က မည်သို့ စီရင်ခဲ့ကြသည် ကိုပင် အစဖော်၍ မရပေ။

ထိုစဉ်က စာရေးသူမှာ လျှို့ဝှက် နက်နဲ ဆန်းကြယ်သော ပညာရပ်များကို စိတ်ဝင်စားသူတစ်ဦးဖြစ်သဖြင့် မဟာယာန ဗုဒ္ဓဘာသာနှင့် တန္တရ ဗုဒ္ဓဘာသာ အယူအဆများကို လက်လှမ်းမီသလောက် တတ်နိုင်သမျှ လေ့လာနေဆဲကာလ ဖြစ်သည်။ ဆရာတော်ဘုရားကြီးထံမှ မိမိ မသိနားမလည်သေးသော အတွေ့အကြုံ ပညာရပ်များနှင့် စပ်လျဉ်း၍ မိန့်ကြားချက်များကို နာယူမှတ်သားလျက် အဆုံးအမ ခံယူခဲ့သည်။ ဆရာတော်ဘုရားသည် စာရေးသူအား အထူးမှတ်မိနေပြီး သိလိုသော တရားဓမ္မပိုင်းဆိုင်ရာများကို ပြောဆို ဆွေးနွေး ဆုံးမ ဩဝါဒများ ပေးခဲ့ပေသည်။

ဆရာတော်ဘုရားကြီးကို နှစ်ရှည်လများ ဆည်းကပ် ကိုးကွယ်လာသောအခါ၌ ဆရာတော်ဘုရားသည် ဈာန်ဝင်စားနိုင်သူ ပုဂ္ဂိုလ်သူမြတ်တစ်ဦး ဖြစ်သည်ဟု ကြားသိနေရပေသည်။ အထူးသဖြင့် နေသဖြင့်က ရူတင်ကို ဆောက်တည်ပြီး မအိပ်ဘဲ နေနိုင်သော ထူးခြားဆန်းကြယ်သည့် အရှင်သူမြတ်တစ်ပါးဖြစ်ကြောင်း တွေ့ရပေသည်။

တစ်နေ့ ညနေစောင်းအချိန်၌ ဆရာတော်ဘုရားသည် တရားမှ ထပြီး ကျောင်းရှေ့တွင် ခေတ္တ ထိုင်နေတော်မူသည်။ ထိုစဉ် အနီးသို့ ခွေးကလေးတစ်ကောင် ပြေးလာကာ ဆရာတော်ဘုရား၏ ခြေတော်ကို သူ၏ ဦးခေါင်းနှင့် ပွတ်တိုက်ကာ အသံပြုသည်။ "ဒီခွေးကလေး ဘာဖြစ်လာတာလဲ" ဟု ထူးဆန်းသဖြင့် သေချာစွာ ဂရုတစိုက် ကြည့်မိရာ ခွေးကလေး၏ခြေထောက်တွင် သွေးစများကို တွေ့ရပြီး ပိုးထိလာကြောင်း သိရသည်။



"တကယ်တော့ ဒကာရယ်၊ သူ ငါ့ကို လာတိုင်တာပေါ့၊ လူစကားမတတ်တဲ့ တိရစ္ဆာန် ဖြစ်နေတော့ အမူအရာနဲ့ ပြရတာပေါ့၊ ငါကလဲ သူ့နဖူးကို ပွတ်သပ် မေတ္တာပို့ပြီး ခန္ဓသုတ်ကို ရွတ်တယ်၊ မကြာပါဘူး၊ ခွေးကလေးဟာ တစ်နေရာကို ထွက်သွားပြီး မြက်စားနေတော့တယ်" ဟု မိန့်ကြားသည်။ "မှန်ပါဘုရား၊ ခန္ဓသုတ်ဟာလည်း တကယ်ထူးမြတ်တဲ့ သုတ်တစ်ခုပါပဲ၊ သီလ သမာဓိ ပညာရှိတဲ့ပုဂ္ဂိုလ် ရွတ်ရင်တော့ ပိုပြီး ထက်မြက်တယ်လို့ ထင်မိပါတယ်" ဟု ပြန်လည် လျှောက်ထားလိုက်သည်။ ပရိတ်ရွတ်ခြင်း၊ ပုတီးစိပ်ခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ရာ၌မူ ဆောင်ရွက်သူ ပုဂ္ဂိုလ်၏ သီလစင်ကြယ်မှုနှင့် သမာဓိ အားကောင်းမှုမှာ အထူး အရေးကြီးလှပေသည်။

ဆရာတော်ဘုရားကြီး၏ မိန့်ကြားချက်ကို ကြားနာရင်း ခန္ဓသုတ်ကို ချီးမြှင့်စေလိုသော စိတ်ဆန္ဒ ဖြစ်ပေါ်လာသည်။ စာရေးသူတို့ ငယ်ရွယ်စဉ် ကိုရင်ဘဝက သင်ကြား ရွတ်ဖတ်ခဲ့ရဖူးသော အကြောင်းများကိုလည်း ပြန်၍ သတိရလာသည်။ ဆရာတော်ဘုရားကြီးအား လက်အုပ်ချီပြီး "ခန္ဓသုတ်ကို တပည့်တော်အား ချီးမြှင့်တော်မူပါ ဘုရား" ဟု လျှောက်ထားလိုက်သည်။ ဆရာတော်ဘုရားကြီးသည် ခန္ဓသုတ် ပရိတ်ပါဠိတော်ကို တည်ကြည်ငြိမ်သက်စွာဖြင့် ရွတ်ဆိုပြ၍ ချီးမြှင့်တော်မူသည်။

ခန္ဓသုတ်အကြောင်းကို စဉ်းစားနေစဉ် ဆရာတော်ဘုရားကြီးက ခန္ဓသုတ်ပရိတ်၏ အတ္ထုပ္ပတ္တိကို အတိုချုံး၍ ရှင်းလင်းမိန့်ကြားတော်မူသည်။ စာရေးသူတို့ကျောင်းသား ကိုရင်ဘဝက သိရှိခဲ့ဖူးသော အကြောင်းများနှင့်ယှဉ်၍ စိတ်အစဉ်တွင် ထင်မြင်လာမိသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မီးဖိုအနီး ထင်းခွဲနေသော ရဟန်းတစ်ပါးအား ထင်းပုံကြားမှ မြွေတစ်ကောင် ထွက်ကိုက်၍ ပျံလွန်တော်မူလေသည်။ ထိုအကြောင်းဖြစ်ရပ်ကို ရဟန်းတို့က မြတ်စွာဘုရားရှင်အား လျှောက်ထားကြလေသည်။ မြတ်စွာဘုရားရှင်က "ချစ်သားတို့၊ သေလွန်ပြီးသော ရဟန်းမှာ မြွေမျိုးလေးပါးတို့ကို မေတ္တာစိတ် မထားသဖြင့် အနိစ္စရောက်ရခြင်းဖြစ်သည်။ မြွေမျိုးလေးပါးတို့ကို မေတ္တာစိတ် ထားနိုင်ပါက မြွေမကိုက်ရာ၊ ကိုက်သော်လည်း မသေရာ။ ချစ်သားတို့၊ မြွေမျိုးအပါး လေးပါး ရှိလေသည်။ လေးပါး ဟူသည်မှာ ဝိရူပက္ခ မြွေမျိုးတစ်ပါး၊ ဧရာပထ မြွေမျိုးတစ်ပါး၊ ဆဗျာပုတ္တ မြွေမျိုးတစ်ပါး၊ ကဏှာဂေါတမ မြွေမျိုးတစ်ပါး ဟူ၍ မြွေမျိုး လေးပါးရှိကြကုန်သည်။ ထို မြွေမျိုးလေးပါးတို့ကို မေတ္တာစိတ် မှန့်စေသောကြောင့် မြွေကိုက်၍ သေလွန်ရလေသည်။ မေတ္တာစိတ်ထားသူ တစ်ဦးအား မြွေကိုက်၍ မသေရာ။ ချစ်သားတို့၊ ယနေ့မှစ၍ ကိုယ်ကိုလုံစေခြင်းငှာ မြွေမျိုးလေးပါးတို့ကို မေတ္တာစိတ်ထားကြကုန်လော့" ဟု အမိန့်ရှိတော်မူသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ထိုသို့ မိန့်တော်မူပြီးနောက် "ဝိရူပက္ခေဟိ မေ မေတ္တံ" အစရှိသော ခန္ဓသုတ် ပရိတ်တော်ကို ဟောတော်မူသည်။

ရှေးလွန်လေပြီးသောအခါ၌ မြတ်စွာဘုရားအလောင်းတော်သည် ရသေ့ဘဝဖြင့် တပည့်ငါးရာတို့နှင့်အတူ ဂင်္ဂါမြစ်အနီးတောအရပ်၌ သီတင်းသုံးနေတော်မူသည်။ တစ်နေ့သောအခါတွင် တပည့် ရသေ့တစ်ပါးမှာ မြွေကိုက်သဖြင့် ကွယ်လွန်ရလေသည်။



ထိုအကြောင်းဖြစ်ရပ်ကို တပည့် ရသေ့တို့က ဂုရုဆရာဖြစ်သော ဘုရားအလောင်း ရှင်ရသေ့အား လျှောက်ထားကြလေသည်။ ထိုအခါ ဘုရားအလောင်း ရှင်ရသေ့က "ငါ့ရှင် ရသေ့တို့၊ မြွေလေးပါးကို မေတ္တာပို့သပါမူကား ထိုရသေ့ကို မြွေမကိုက်ရာ၊ ကိုက်သော်လည်း အဆိပ် မတက်နိုင်သဖြင့် သေလွန်မည်ကိုထားဘိဦး၊ အနုမြူခန့်မျှ ဒုက္ခမဖြစ်ရာ၊ မေတ္တာမပို့သောကြောင့်သာ ထိုရသေ့ မြွေကိုက်၍ သေလွန်ရလေသည်။ ငါ့ရှင်တို့၊ ယနေ့မှစ၍ မြွေ ကင်း သန်း စသော သတ္တဝါတို့ကြောင့် ဘေးရန်မရှိစေခြင်းငှာ မြွေမျိုးလေးပါးနှင့်တကွ အန္တရာယ်ပြုတတ်သောသတ္တဝါတို့ကို မေတ္တာပို့သကြတုန်း" ဟု ဆုံးမတော်မူသည်။ ဝိရူပက္ခေဟိ မေ မေတ္တံ အစရှိသော ခန္ဓသုတ် ပရိတ်တော်ကို သင်ကြားပေးတော်မူလေသည်။

ရသေ့အပေါင်းတို့လည်း ဘုရားအလောင်း ဆရာ ရသေ့သင်ကြားပေးတော်မူသော ခန္ဓသုတ်ပရိတ်တော်ကို နေ့ည မပြတ်ရွတ်အံ သရဇ္ဈာယ်ကြလျက် မြွေမျိုးလေးပါးနှင့်တကွ အန္တရာယ်ပြုတတ်သော သတ္တဝါတို့ကို မေတ္တာပို့ကြကုန်သည်။ မြွေ၊ ကင်း၊ သန်း စသော သတ္တဝါတို့ကို မေတ္တာပို့၍ ရွတ်အံ သရဇ္ဈာယ်သော ခန္ဓသုတ် ပရိတ်တော်၏ အာနုဘော်တော်ကြောင့် ထိုသတ္တဝါများသည် သူတို့အား မတော်တဆ ထိပါး တိုက်ခိုက်သော်လည်း အန္တရာယ် မပြုကြပေ။ လွတ်ရာအရပ်သို့သာ ရှောင်ခွာထွက်သွားကြသဖြင့် ရသေ့အပေါင်းတို့မှာ မြွေ၊ ကင်း၊ သန်း အစရှိသော အဆိပ်ရှိသော သတ္တဝါတို့၏ အန္တရာယ်မှ ကင်းဝေးကာ ကိုယ်စိတ် ချမ်းသာခြင်းကို ရရှိကြ၍ ကသိဏ်း

ပရိက်နှင့် တကွ ဗြဟ္မဝိဟာရတရားတို့ကို ပွားများကျင့်ကြံ အားထုတ်နိုင်ကြသည်၊ ကာလကြာမြင့်သောအခါ၌ ဈာန် အဘိညာဉ် သမာပတ်ကို ရရှိကြကုန်ပြီး ဘဝပြောင်းသွားသော အခါ၌ မြတ်စွာဘုရားအလောင်း ရှင်ရသေ့နှင့်တကွ ဗြဟ္မာဘုံသို့ ရောက်ရှိကြကုန်သည်" ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ကြောင်း ယင်ကြား လေ့လာခဲ့ရဖူးလေသည်။

## ခန္ဓသုတ် ပါဠိတော်

(၁) သဗ္ဗာသီဝိသ ဇာတီနံ၊ ဒိဗ္ဗမန္တာ ဂဒံဝိယ။
ယံ နာသေတိ ဝိသံ ဃောရံ၊ သေသဉ္စာပိ ပရိဿယံ။

(၂) အာဏာက္ခေတ္တမှိ သဗ္ဗတ္ထ၊ သဗ္ဗဒါ သဗ္ဗပါဏိနံ။
သဗ္ဗသောပိ နိဝါရေတိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

(၃) ဝိရူပက္ခေဟိ မေ မေတ္တံ၊
မေတ္တံ ဧရာပထေဟိ မေ။
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊
မေတ္တံ ကဏှာဂေါတမကေဟိ စ။

(၄) အပါဒကေဟိ မေ မေတ္တံ၊ မေတ္တံ ဒွိပါဒကေဟိ မေ။
စတုပ္ပဒေဟိ မေ မေတ္တံ၊ မေတ္တံ ဗဟုပ္ပဒေဟိ မေ။

(၅) မာမံ အပါဒကော ဟိံသိ၊ မာမံ ဟိံသိ ဒွိပါဒကော။
မာမံ စတုပ္ပဒေါ ဟိံသိ၊ မာမံ ဟိံသိ ဗဟုပ္ပဒေါ။



(၆) သဗ္ဗေ သတ္တာ သဗ္ဗေပါဏာ၊
သဗ္ဗေ ဘူတာ စ ကေဝလာ။
သဗ္ဗေ ဘဒြာနိ ပဿန္တု၊
မာကိဉ္စိ ပါပမာဂမာ။

(၇) အပ္ပမာဏော ဗုဒ္ဓေါ၊ အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော ပမာဏဝန္တာနိ သရီသပါနိ။
အဟိ ဝိစ္ဆိကာ သတပဒီ၊ ဥဏ္ဏနာဘိ သရဗူ မူသိကာ။

(၈) ကတာ မေ ရက္ခာ၊ ကတံ မေ ပရိတ္တံ၊
ပဋိက္ကမန္တု ဘူတာနိ၊
သောဟံ နမော ဘဂဝတော၊
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

## ခန္ဓသုတ်၏ အနက်အဓိပ္ပာယ်

(၁)နှင့် (၂) နတ်၏မန္တန် နတ်ဆေးဝါးသည် လျှင်သော အဆိပ်ရှိသည့် မြွေမျိုးမှန်သမျှတို့၏ ပြင်းထန်သော အဆိပ်ကို ဖျက်ဆီးတတ်သကဲ့သို့ ခန္ဓသုတ်ပရိတ်တော်သည်လည်း အာဏာ တော်နှံ့ရာ စကြဝဠာ ကုဋေတစ်သိန်း၌ တည်ရှိကုန်သော ယ်သိမ်းသော သတ္တဝါတို့၏ အဆိပ်နှင့် ဘေးရန်အမျိုးမျိုးကို ယ်ဖျောက် ဖျက်ဆီး တားမြစ်နိုင်ရာသည်။ ထို ခန္ဓသုတ် ပရိတ် တော်ကို အို သူတော်ကောင်းတို့ ငါတို့ ရွတ်ဆိုကြကုန်စို့။

(၃) ငါ၏ မေတ္တာစိတ်သည် ဝိရူပက္ခ နဂါးမင်းမျိုးတို့နှင့် အတူတကွ ဖြစ်ပါစေသတည်း၊ ငါ၏ မေတ္တာစိတ်သည် ဧရာပထ နဂါးမင်းမျိုးတို့နှင့် အတူတကွ ဖြစ်ပါစေသတည်း။ ငါ၏မေတ္တာစိတ်သည် ဆဗျာပုတ္တ နဂါးမင်းမျိုးတို့နှင့် အတူတကွ ဖြစ်ပါစေသတည်း၊ ငါ၏မေတ္တာစိတ်သည် ကဏှာဂေါတမ နဂါးမင်းမျိုးတို့နှင့် အတူတကွ ဖြစ်ပါစေသတည်း။

(၄) ငါ၏မေတ္တာစိတ်သည် အခြေမရှိသော သတ္တဝါတို့၌ ကျရောက်ပါစေသတည်း။ ငါ၏မေတ္တာစိတ်သည် အခြေ လေးချောင်းရှိသော သတ္တဝါတို့၌ ကျရောက်ပါစေသတည်း။ ငါ၏ မေတ္တာစိတ်သည် အခြေများသော သတ္တဝါတို့၌ ကျရောက်ပါစေသတည်း။

(၅) အခြေမရှိသော သတ္တဝါတို့သည် ငါ့ကို မညှဉ်းဆဲစေသတည်း။ အခြေ နှစ်ချောင်းရှိသော သတ္တဝါတို့သည် ငါ့ကို မညှဉ်းဆဲစေသတည်း။ အခြေ လေးချောင်းရှိသော သတ္တဝါတို့သည် ငါ့ကို မညှဉ်းဆဲစေသတည်း။ အခြေ များစွာရှိသော သတ္တဝါတို့သည် ငါ့ကို မညှဉ်းဆဲစေသတည်း။

(၆) အကြွင်းမရှိ ခပ်သိမ်းကုန်သော သတ္တဝါများနှင့် ထွက်သက်ဝင်သက်ရှိ၍ ထင်ရှားရှိသော သတ္တဝါအားလုံးတို့သည် နှစ်သက်လိုလား တောင့်တအပ်၍ ကောင်းမြတ်သော ဣဋ္ဌာရုံတို့ကို ကြုံတွေ့ကြပါစေသတည်း။ ထို သတ္တဝါ တစ်စုံတစ်ဦးကို ဆင်းရဲဒုက္ခ မကောင်းကျိုးဟူသမျှတို့သည် မကျရောက်ပါစေသတည်း။



(၇) ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော်၊ ဓမ္မတရားတော်၏ ဂုဏ်တော်၊ အရိယာ သံဃာတော်၏ ဂုဏ်တော်တို့သည် အတိုင်းအတာမရှိ များပြားကြကုန်၏။ မြွေ၊ ကင်းမြီးကောက်၊ ကင်းခြေများ၊ ပင့်ကူ၊ အိမ်မြှောင်၊ ကြွက် ဟူသော ရင်ဖြင့် တွားသွားတတ်သည့် သတ္တဝါများကား အတိုင်းအတာရှိ၍ ကိလေသာရှိသူများ ဖြစ်ကြကုန်၏။

(၈) ငါသည် အကာအကွယ် အစောင့်အရှောက် အရံအတားကို ပြုခဲ့ပြီးပြီ ဖြစ်သည်။ ဘေးရန်ပြုမည့် သတ္တဝါများ ရှောင်ရှားကြကုန်လော့၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ရှိခိုးပါသည်။ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ အစရှိသော ခုနစ်ဆူကုန်သော မြတ်စွာဘုရားရှင်တို့အား ရှိသေမြတ်နိုး လက်စုမိုး၍ ရှိခိုးပါ၏။

ဂါထာနံပါတ် (၁)နှင့်(၂)မှာ ခန္ဓသုတ်၏ အမွှန်းဖြစ်ပြီး ရှေးဆရာကြီးများက ခန္ဓသုတ်ကို ရွတ်ချင် နာချင်လာအောင် ဗီဇဥ် ရေးသားထားခြင်း ဖြစ်သည်။ ခန္ဓသုတ် ပရိတ်တော်သည် နတ်တို့၏ မန္တန်ဆေးဝါးကဲ့သို့ အဆိပ်အားလုံးအပြင် အခြားသော ဘေးအန္တရာယ်တို့ကိုလည်း ပျောက်စေနိုင်သည်ဟု ဖော်ညွှန်းထားလေသည်။ သို့သော်လည်း ခန္ဓသုတ်၏ အဓိကဆိုလိုချက်မှာ အဆိပ်ရှိသော သတ္တဝါအားလုံး၏ ဘေးရန်မှ ကင်းပျောက် ကာကွယ်ရေးပင် ဖြစ်သည်။

ဂါထာအမှတ်(၃)မှာ မြွေနဂါး လေးမျိုးတို့ကို သီးခြား မေတ္တာပို့ချက် ဖြစ်သည်။ ဂါထာ(၄)မှာ ခြေမရှိ၊ ခြေ နှစ်ချောင်း၊

မြေခွေလေးချောင်းနှင့် ခြေအများရှိသော သတ္တဝါ အားလုံးကို လေးစုခွဲပြီး မေတ္တာပို့ထားပါသည်။ ဂါထာ(၅)မှာ သတ္တဝါလေးမျိုးတို့က မိမိအပေါ်သို့ မေတ္တာထားရန်နှင့် မညှဉ်းဆဲရန် သူတို့၏ မေတ္တာကို တောင်းခံထားခြင်း ဖြစ်သည်။

ဂါထာ(၃)နှင့် (၄)မှာ တစ်ဦးတစ်ယောက်ကို သီးခြား ရည်ညွှန်းသော ဩဒိသ မေတ္တာများ ဖြစ်သည်။ မေတ္တာပို့သော အစဉ်အလာအရ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မရည်ညွှန်းဘဲ သတ္တဝါအားလုံးကို ဖြန့်ပို့သော အနောဓိသ မေတ္တာကို ဂါထာ(၆)ဖြင့် ရည်ညွှန်း ဖော်ပြထားလေသည်။

ဂါထာ(၇)ဖြင့် ဘုရားသုံးပါး၏ ဂုဏ်တော်များဖြင့် ပရိတ်အကျအဘားကို ပြီးနောက် ဂါထာ(၈)ဖြင့် အန္တရာယ်ပြုမည့် သတ္တဝါဟူသမျှတို့အား ရှောင်ရှားရန် တောင်းပန်ထားသည်။ မိမိပို့သော မေတ္တာပရိတ်တန်ခိုးများ ပိုမိုထက်မြက်စေရန် နှင့်တော်မူပြီးသော ဘုရားရှင်များနှင့်တကွ ဝိပဿီ စသော ခုနစ်ဆူ ဘုရားရှင်တို့အား ရှိခိုးပူဇော်ခြင်း ပြုထားပေသည်။

ခန္ဓသုတ် ပရိတ်တရားတော်မှာ အလွန်တရာ အစွမ်းထက်မြက်၏။ တောတောင်များတွင် နေထိုင်ရသူများ၊ သွားလာလုပ်ကိုင်စားသောက်ရသော လုပ်သားပြည်သူများ၊ တောင်သူလယ်သမားကြီးများ မွေးမြူခံ့ရှုများပါက အဆိပ်ရှိသော သတ္တဝါများ၏ ဘေးအန္တရာယ်မှ ကင်းဝေးကြလိမ့်မည်ဟု ယုံကြည်မိသည်။ မြွေများကို မေတ္တာ အစဉ်ထားခဲ့သဖြင့် မြွေအန္တရာယ်မှ ကင်းလွတ်သော စာရေးသူ၏ ကိုယ်တွေ့ဖြစ်ရပ်အချို့ကိုလည်း အခြားအခန်းများတွင် ရေးသားခဲ့ပြီး ဖြစ်သည်။



မြတ်စွာဘုရားအလောင်းတော် နှစ်ဦးဘဝ ဘုရားဖြစ်ရန် အတွက် ပါရမီဖြည့်စဉ်က ဘဝပေါင်းများစွာ ကျင့်ကြံအားထုတ်ရာ၌ ဗြဟ္မယာနကျင့်စဉ်များကို လေ့ကျင့် အားထုတ်ဖူးကြောင်း ကျမ်းဂန်များတွင် ပါရှိပါသည်။ အထူးသဖြင့် သဗ္ဗညုတ ဉာဏ်တော်ကို မရရှိမီ ဘုရားဖြစ်ရန်အတွက် အပြင်းအထန် လေ့ကျင့်အားထုတ်ရာ၌ ယောဂီကျင့်စဉ်များကို လေ့ကျင့်အားထုတ်ခဲ့ဖူးကြောင်း ဆရာတော်ဘုရားက အမိန့်ရှိတော်မူလေသည်။

ဆရာတော်ဘုရား၏ ရှင်းပြချက်များကို ဂရုတစိုက် နားထောင်ရင်း ထိုနေ့က အင်း၊ ဆေး၊ မန္တန်၊ ယောဂီ ကျင့်စဉ် စသည်တို့နှင့် ပတ်သက်၍ ဆရာတော်ဘုရားအား မေးမြန်း လျှောက်ထားသည်မှာ အချိန် နှစ်နာရီကျော်ခန့် ကြာသွားပြီ ဖြစ်သည်။ ညဉ့်အချိန်ကြာမြင့်စွာ ဆွေးနွေး ပြောပြသည်ကိုပင် အလွန်တရာ ဝမ်းမြောက်ကျေနပ်မှု ဖြစ်မိသည်။ အချိန်မှာ ညနေ(၂)နာရီခန့် ရှိပြီ ဖြစ်သည်။ ဆရာတော်ဘုရား အနားယူသင့်ပြီဟု ယူဆမိသဖြင့် ဝတ်ပြည့်ကာ ပြန်ခွင့်ပြုပါရန် လျှောက်ထားပြီး အခန်းမှ ထွက်ခွာခဲ့သည်။

ဆရာတော်ဘုရား သီတင်းသုံးသော နေရာမှ လမ်းလျှောက်၍ ပြန်လာရင်း ဆရာတော်ဘုရား၏ ဘဝ အရိယာ သူတော်စင်တို့၏ ဘဝများကို စဉ်းစားရင်း ကြည်နူးသဒ္ဓါစိတ် ဖြစ်ပေါ်ရသည်။ ဆရာတော်ဘုရားကဲ့သို့ ပုဂ္ဂိုလ်သူမြတ်များနှင့် တွေ့ဆုံ ဖူးမြော် မေးမြန်းလျှောက်ထားရသည်ကို အလွန် ကျေနပ် ဝမ်းမြောက်မိသည်။ မိမိနှင့် အတူတကွ မြန်မာပြည်သူ ပြည်သားများနှင့် ကမ္ဘာသူ ကမ္ဘာသားများသည် ပုဂ္ဂိုလ်သူမြတ်များ၏ အရိပ်အာဝါသ

ကို ခိုလှုံပြီး ဓမ္မဝါဒီများ ဖြစ်နိုင်ပါက မည်မျှ ကောင်းပေမည်နည်းဟု တွေးမိသည်။

ညနေဘက် အလုပ်မှပြန်ချိန်၌ ဆရာတော်ဘုရားကို လှူရန် အပ်ထားသော ဇာတာတော်ကို ကန်တော့ကလေးတွင် သွားယူကာ အိမ်သို့ ပြန်ခဲ့သည်။ အိမ်ရောက်သောအခါ ဇာတာတော်ကို ထည့်ရန် ဇနီးဖြစ်သူနှင့် ကတ္တီပါအိတ်ကလေးတစ်ခု ချုပ်ကြလေသည်၊ နေ့လည်က မေးမြန်း လျှောက်ထားခဲ့သည်များကိုလည်း ပြန်လည် ရေးမှတ်ရသဖြင့် အတော်ညဥ့်နက်မှပင် အိပ်ရာသို့ ဝင်ကြသည်။

နောက်တစ်နေ့တွင် ဇာတာတော်ကို ကတ္တီပါအိတ်နှင့် ထည့်ပြီး ကလေးများနှင့်အတူ ဆရာတော်ဘုရားကြီး သီတင်းသုံး နေထိုင်ရာသို့ သွားရောက်ကြသည်။ ဆရာတော်ဘုရားမှာ မိတ္ထီလာသို့ ပြန်ကြွခါနီး ဖြစ်နေသဖြင့် လူထုပရိသတ်မှာ အတော်များပြားလျက် ရှိလေသည်။ ဆရာတော်ဘုရား အခန်းဝသို့ ရောက်ရှိသွားသောအခါ၌ ဆရာတော်ဘုရားက စာရေးသူကို လှမ်းမြင်သွားပြီး "ဒကာပါလား" ဟု အမိန့်ရှိလိုက်လေသည်။ အခန်းတွင်းသို့ဝင်ပြီး ဆရာတော်ဘုရားအနီးသို့ တိုး၍ ဝတ်ပြုရှိခိုးလိုက်သည်။

တပည့်ဒါယကာ အချို့အား သတိပဋ္ဌာန် တရား လေးပါးနှင့်ပတ်သက်၍ ဟောကြားဆုံးမ နေလေသည်။ မိန့်ကြားချက်များကို စိတ်ဝင်စားစွာ နားထောင်နေမိသည်။ လူအတော်ရှင်းသွားသောအခါမှ ဆရာတော်ဘုရား အနီးသို့ ချဉ်းကပ်ကာ အကျိုးအကြောင်း လျှောက်ထားပြီး ထန်းဖူးတွင် ရေးထားသော



ဆရာတော်ဘုရား၏ ဇာတာတော်ကို ဆက်ကပ် လှူဒါန်းလိုက်သည်။ ဆရာတော်ဘုရားသည် စာရေးသူ လှူဒါန်းသော ဇာတာတော်ကို တည်ကြည်ငြိမ်သက်စွာ လက်ခံယူတော်မူသည်။

အနီးတွင်ရှိသော စာရေးသူတို့ တက္ကသိုလ်နေစဉ်က ဆရာဖြစ်ခဲ့သော မြန်မာစာပါမောက္ခဟောင်းတစ်ဦးက ဝမ်းမြောက်ကြည်နူး သာဓု အနုမောဒနာ ခေါ်သည်ကို ကြားလိုက်ရသည်။ သူက ဝမ်းသာအားရဖြင့် စာရေးသူ လက်ကို ကိုင်ပြီး "တပည့်ရယ်၊ အလွန်တရာ မွန်မြတ်တဲ့ ကုသိုလ်ပါပဲ" ဟု ချီးကျူးပြောဆိုသည်။

ဆရာတော်ဘုရားသည် ဇာတာတော်ကို လက်ခံ ကြည့်ရှုပြီး ကတ္တီပါအိတ်တွင် ပြန်ထည့်ကာ နောက်ပါ ဦးပဥ္စင်း တစ်ပါးကို သိမ်းထားရန် ပေးလိုက်သည်။ ဗေဒင်လက္ခဏာဆရာ တစ်ဦး မဟုတ်သဖြင့် ဆရာတော်ဘုရား၏ ဇာတာတော်ကို အယူ့ တလည် ဖော်ပြရေးသားခြင်း မပြုတော့ပါ။ စိတ်နှလုံးချမ်းမြေ့ ငြိမ်းချမ်းခြင်းနှင့် ကျေနပ်ဝမ်းမြောက်ခြင်း သုခကို ခံစားရပြီး အောက်ထပ်သို့ ဆင်းခဲ့လေသည်။

ဆရာတော်ဘုရား၏ ထူးခြားချက်မှာ မည်သည့် ကိစ္စမျိုးကို မဆို လျှောက်ထားလိုက်ပါက အလွန်မှတ်မိနေတတ်သည်။ စာရေးသူတို့က မေ့မေ့ပျောက်ပျောက် နေတတ်သော်လည်း ဆရာတော်ဘုရားက မမေ့၊ တွေ့သောအခါ၌ ပြန်၍ မေးတတ်သည်။ ဤသည်မှာလည်း ထူးခြားချက်တစ်ရပ်ပင် ဖြစ်သည်။ ဆရာတော်ဘုရား၏ မိန့်ကြားချက်ဖြင့် ဒုက္ခ အခက်အခဲ တွေ့နေသော

အမျိုးသမီး ဒါယိကာမ တစ်ဦးအား အကူအညီ ပေးလိုက်သဖြင့် အခြေအနေ ကောင်းမွန်သွားကြောင်း လျှောက်ထားလိုက်သော အခါ၌ "သူတစ်ပါးကို ကူညီစောင့်ရှောက်ရတာ ကောင်းတာပေါ့ ဒကာရယ်" ဟု မိန့်ကြားလေသည်။

နောက်ပိုင်းများ၌ ဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းများမှာ အထူး ကျော်ကြားလာသဖြင့် လာရောက် ဖူးမြော်သူ ပရိသတ်များ တိုးတက် များပြားလာသဖြင့် သွားရောက် ဖူးမြော်ရန်ပင် မလွယ်ကူလှတော့ပေ။

၁၉၇၂-ခုနှစ်က ဖြစ်သည်။ တောင်ပုလုဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့သို့ ကြွရောက်ကာ အင်းလေး ဓမ္မာရုံတွင် ခေတ္တသီတင်းသုံးလျက် ရှိသည်။ ဆရာတော်ဘုရားကြီးထံ သွားရောက်ဖူးမြော်ရာ စာရေးသူကို ကြည့်ပြီး "ဒကာ အခု ဘာတွေ ကျင့်နေသလဲ" ဟု မေး၏။ "တပည့်တော် တရားထိုင်ခြင်းနဲ့ ကျန်းမာရေးအတွက် ဓယာဂ် ကျင့်စဉ်ကို လေ့ကျင့် အားထုတ်နေပါတယ် ဘုရား၊ ဖြစ်တာများ ရှိသလို မဖြစ်တာများလဲ ရှိပါတယ် ဘုရား" ဟု လျှောက်ထားလိုက်သည်။ ဆရာတော်ဘုရားကြီး၏ လက်ဖဝါးတော်ကို ထပ်မံ ဖူးမြော်ခွင့် ရရှိသဖြင့် ဖူးမြော်ခဲ့ရသည်။

ဆရာတော်ဘုရား အနီးပတ်ဝန်း ကိုင်ကာ အကုသိုလ် ထူပြောလှသော ဘဝနှင့် ကုသိုလ်တရားများကို အစဉ်မွှားများ ဒွေးထုတ်၍ ဓမ္မလမ်းကြောင်းပေါ်တွင် ရပ်တည်လျက်ရှိသော အရိယာသူတော်စင်တို့၏ ဘဝကို နှိုင်းယှဉ် လေ့လာမိသည်။ မျက်မှောက်



ဘဝမှာ လောဘ၊ ဒေါသ၊ မောဟ ဟူရားများဖြင့် ဖုံးလွှမ်းလျက် ရှိပြီး အကုသိုလ် ထူပြောလှသည်။

ဆရာတော်ဘုရားက စာရေးသူ တွေးတောနေသည်များကို သိနေသည့်အလား "သတ္တဝါတွေဟာ ဘဝအကြောင်းကံ ပါရမီ ရှိသလို ကျင့်ကြရတာပဲ" ဟု အမိန့်ရှိတော်မူလိုက်လေသည်။

* * *

အခန်း ( ၁၆ )

## ဖာလီတောင် ဆရာတော်ဘုရားကြီး

ဖာလီတောင် ဆရာတော်ဘုရားကြီးမှာ အလွန် ထူးခြားဆန်းကြယ်သော အရှင်သူမြတ်တစ်ပါး ဖြစ်သည်။ ၁၉၆၆-ခုနှစ်ကဟု ထင်ပါသည်။ ဆရာတော်ဘုရားကြီးသည် တောင်ဥက္ကလာပမြို့ သုမင်္ဂလ လမ်းမကြီးပေါ်ရှိ သာသနာ့ဗိမာန် ကျောင်းတိုက်ကြီးကို တည်ဆောက်ပြီး ရေစက်ချခြင်း လုပ်ငန်း ဆောင်ရွက်ရန်အတွက် ရန်ကုန်မြို့သို့ မလွဲမရှောင်သာ၍ ခေတ္တ ကြွရောက်တော်မူသည်။ ဆရာတော်ဘုရားကြီးမှာ အစဉ် တောရ ဆောက်တည်နေသော ပုဂ္ဂိုလ်သူမြတ်ကြီး ဖြစ်သည်နှင့်အမျှ တရားအားထုတ်နေရာမှ အခြားတစ်ပါးသို့ အလွန်တရာ ကြွခဲလှပေသည်။ အရေးတကြီး



အကြောင်းကိစ္စရှိမှသာ အခြေအနေအရ ကြွတတ်သော သဘောရှိသည်။

သရက်မြို့အနီး ဖာလီတောင်ပေါ်သို့ သွားရောက် ဖူးမြော်လိုပါကလည်း သွားသူတိုင်း တွေ့ရှိ ဖူးမြော်နိုင်ခြင်း မရှိပေ။ ကျောင်းတိုက် ဝင်းတံခါး အားလုံးကို ပိတ်ထားပြီး ဘစ်ပါးတည်း သီတင်းသုံးလျက် နေတတ်သည်။ ဆရာတော်ဘုရားကြီးကို ဖူးမြော်လိုပါက သီတင်းသုံးရာ နေရာသို့ လိုက်သွားပြီး အခြေအနေကို စောင့်ကြည့်ကာ ဖူးမြော်ခွင့်ပြုမှ ဖူးမြော်ရပေသည်။ အချို့ ပုဂ္ဂိုလ်များမှာ ဆရာတော်ဘုရား သီတင်းသုံးရာ နေရာသို့ ကုန်းတစ်တန်၊ ရေတစ်တန်၊ လှည်းဖြင့်တစ်ဖုံ၊ ခြေလျင်တစ်မျိုး သွားရောက်ကြပြီးမှ မဖူးမြော်ခဲ့ရဘဲ ပြန်လာခဲ့ရသူများလည်း ရှိပေသည်။ ဤအကြောင်း အခြေအနေများကို နောက်ပိုင်းများတွင် ရှင်းလင်းရေးသားပါမည်။

ထိုစဉ်က စာရေးသူနှင့်တကွ မိသားစုများမှာ ဆရာတော်ဘုရားကြီးအား ဖူးမြော်ရန်အတွက် ဆရာတော်ဘုရားကြီး ခေတ္တသီတင်းသုံးလျက်ရှိသော တောင်ဥက္ကလာပ ဖာလီတောင် ကျောင်းတိုက်သို့ ရောက်သွားကြလေသည်။ ကျောင်းတိုက်ဝင်း အတွင်း၌ ကားကြီး ကားငယ်နှင့် လူထုပရိသတ်များမှာ အထူး များပြားလျက်ရှိသည်။ လာသမျှ လူထုပရိသတ်များကို အဖူးမြော်ခံပြီး ပရိတ်ဆီများ တိုက်ကျွေးနေသော အချိန် ဖြစ်သည်၊ ပရိတ်ဆီ တိုက်ကျွေးခြင်းအကြောင်းနှင့် ပတ်သက်၍ "ထူးခြားဆန်းကြယ်သော ဘဝဖြစ်စဉ်များ" စာအုပ်တွင် ရေးသားဖော်ပြပြီး ဖြစ်သည်။

ကျောင်းတိုက်အပေါ်ထပ်ရှိ ခန်းမကြီးသဲတွင် လူထု ပရိသတ်များမှာ အထူးများပြားလျက်ရှိပြီး ဆရာတော်ဘုရားကြီးက ခန်းမထိပ်ရှိ ကုလားထိုင် တစ်လုံးတွင် ခပ်မတ်မတ် တည်ကြည်ငြိမ်သက်စွာ ထိုင်နေတော်မူသည်။ ဆရာတော်ဘုရားကြီး ထိုင်သော ကုလားထိုင်မှာ ရှေးခေတ် နောက်မှီပါသော ပက်လက်လှန်၍ ထိုင်နိုင်သည့် လက်တန်းနှင့် ကြိမ်ကုလားထိုင် အကြီးစားမျိုးဖြစ်သည်။ ထိုကဲ့သို့သော ကုလားထိုင်များမှာ ရှေးခေတ်က သက်ကြီးရွယ်ကြီးများနှင့် အရာရှိကြီးများ အသုံးပြုတတ်ကြပြီး နေ့ခင်းနေ့လယ်များ၌ ကျောချ မှောက်မှီကာ လဲလျောင်းအိပ်စက်နိုင်သော ကုလားထိုင်မျိုး ဖြစ်သည်။

ဆရာတော်ဘုရားသည် ထို ကုလားထိုင်ပေါ်၌ ခါးနောက်ပိုင်းတွင် မှီစရာ အခုအခံမရှိဘဲ တည့်မတ်စွာ ထိုင်နေတော်မူသည်။ စာရေးသူတို့ ရောက်သွားချိန်မှာ ဆွမ်းစားပြီး ၁၂–နာရီခန့် ရှိပြီဖြစ်သည်။ ဆရာတော်ဘုရားကြီးက လူထုပရိသတ်များအား တရားဓမ္မပိုင်းဆိုင်ရာ ကိုယ်ကျင့်တရား ကောင်းမွန်ရေးအတွက် တရားတော်များကို ဟောကြားဆုံးမတော်မူသည်။ အခြေခံအားဖြင့် သီလဝိသုဒ္ဓိ စင်ကြယ်ရေးအတွက် ဟောပြော ဆုံးမမှုများပြုလုပ်ပြီးနောက် ရတနာသုံးပါးနှင့်ဘာကွ သက်ဆိုင်ရာပုဂ္ဂိုလ်မြတ်များကို တိုင်တည်ပြီး ကံထိန်းနိုင်မည့် လူထုပရိသတ်များကို ပရိတ်ဆီများ တိုက်ကျွေးခြင်း ပြုသည်။[1]

---

၁။ ဗိုလ်မင်းဟံ၏ "ထူးခြားဆန်းကြယ်သော ဘဝဖြစ်စဉ်များ" စာအုပ်တွင် ပရိတ်ဆီနှင့်ပတ်သက်ပြီး ရှင်းလင်းဖော်ပြ ရေးသားထားပြီးဖြစ်သည်။



လူတစ်သုတ် တိုက်ပြီးသောအခါ၌ နောက်တစ်သုတ်ကို ဆက်၍ တိုက်သည်။ ဟောပြောဆုံးမခြင်း၊ ပရိတ်ဆီတိုက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နေသည်မှာ ချွေးတလုံးလုံးနှင့် ဖြစ်နေသည်ကို တွေ့ရသည်။ အချိန်မှာ တဖြည်းဖြည်း ညနေပိုင်းသို့ ရောက်လာပြီး ၅–နာရီခန့် ရှိပြီဖြစ်သည်။ ဆရာတော်ဘုရားကြီး၏ လှုပ်ရှားမှုဟူသရွေ့ကို မျက်ခြည်မပြတ် စောင့်ကြည့် ဖူးမြော်လျက် ရှိသည်။ ထိုနေရာတွင် အလွန်ထူးခြား၍ စိတ်ဝင်စားဖွယ်ကောင်းသော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာသည်။

ဆရာတော်ဘုရားကြီးသည် သက်တော်ကြီးလှပြီဖြစ်သော်လည်း ဤမျှ အချိန်ကြာမြင့်စွာ မလှုပ်မယှက် ထိုင်နေတော်မူနိုင်သည်ကို အံ့သြမိသည်။ ခြေထောက်နှင့် ခန္ဓာကိုယ် တစ်ခုလုံးမှာ တည်ငြိမ်လျက် ခါးမှ ဦးခေါင်းအထိ ဖြောင့်မတ်စွာ တစ်တန်းတည်း တည့်မတ်လျက်ရှိပြီး ဒူးပွဲပေါ်ရှိ ပရိတ်ဆီခွက်များကို ကိုင်သော လက်တစ်ဖက်သာ လှုပ်ရှားမှုပြုသည်။ မျက်နှာတော်မှာလည်း အစဉ် တည်ငြိမ်လျက်ရှိပြီး တရားဓမ္မပိုင်းဆိုင်ရာနှင့် ခေါ်ရှား လိုအပ်သော အကြောင်းကိစ္စများကို ဟောပြောမိန့်ကြားစဉ် ဘာစ်ခါတစ်ရံ ပြုံးယောင်သန်းနေသည်ကိုသာ တွေ့ရသည်။

စာရေးသူမှာ ကိစ္စတစ်ခုကြောင့် အောက်ထပ်သို့ ခေတ္တ ဆင်းသွားသည်။ အောက်ဆင်းသွားစဉ် ဇနီးဖြစ်သူအား ဆရာတော်ဘုရားကြီး၏ ဆောင်ရွက်မှုများကို ဆက်လက် စောင့်ကြည့် ဖူးမြော်နေရန် မှာခဲ့သည်။ အောက်ထပ်မှ ပြန်တက်လာသော အခါ၌လည်း ဆရာတော်ဘုရားကြီးကို နေ့လယ် ၁၂–နာရီက ပုံအတိုင်း ရှိနေသည်ကို တွေ့ရပေသည်။ ဤမျှ အချိန်ကြာ

အောင် တည်ကြည်ငြိမ်သက်ဖွယ် ဣန္ဒြေသိက္ခာဖြင့် ထိုင်နိုင်တော်မူသည်မှာ တော်ရုံတန်ရုံ ကျင့်ကြံ အားထုတ်မှုဖြင့် မဖြစ်နိုင်ကြောင်း ကောင်းစွာ နားလည် သဘောပေါက်မိသည်။

ထိုစဉ် အုံ့ဆိုင်း၍လာပြီး လေပြင်းများ ဇော့ယမ်း တိုက်ခတ်လာသည်။ ကျောင်းတိုက် အပေါ်ထပ်ရှိ တံခါးများမှာ လေပြင်း ဒဏ်ကြောင့် တုန်ခါလျက်ရှိသည်။ ကျောင်းတိုက်အတွင်းရှိ ပရိတ်ဆီ လာသောက်ကြသော လူထုပရိတ်သတ်များ၏ မျက်နှာပေါ်တွင် မိုးဒဏ်လေဒဏ်ကြောင့် အပြန်ခက်လိမ့်မည်ဟူသော စိုးရိမ်ကြောင့်ကြမှုများ အထင်းသား ပေါ်လွင်နေပေသည်။

လူအချို့မှာ ခေတ္တ ရုတ်ရုတ်သဲသဲဖြစ်သွားကြသည်ကို တွေ့လိုက်ရသည်။ စာရေးသူလည်း ဆရာတော်ဘုရားကြီးနှင့် မနီးမဝေးတွင် ထိုင်နေရာမှ ထလျှောက်ပြီး ဘေးထွက်ကာ ဆရာတော်ဘုရား၏ အနီးသို့ တိုးကပ်၍ နေရာယူထိုင်နေလိုက်သည်။ ဆရာတော်ဘုရားကြီးသည် အေးဆေးတည်ငြိမ်စွာ ပရိတ်ဆီတိုက်ခြင်းလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ရင်းမှ မျက်နှာကျက်သို့ မော့်ကြည့်ပြီး အ ငယ် ပြုံးတော်မူလိုက်သည်။ မိုးသက်လေပြင်းဒဏ်ကြောင့် ကျောင်းတိုက် တံခါးများကို ထပိတ်သော တပည့်ဒကာအချို့အား ဆရာတော်ဘုရားကြီးက လှမ်းပြီး 'ဟေ့–မပိတ်ကြနဲ့ကွ၊ မကြာခင် တိတ်သွားပါလိမ့်မယ်' ဟု အမိန့်ရှိလိုက်သည်။

ဆရာတော်ဘုရားကြီး အမိန့်ရှိပြီး ၁၀–မိနစ်ခန့်အတွင်း ကောင်းကင်မှာ ရုတ်တရက် လင်းသွားပြီး လေငြိမ်မိုးတိတ်ကာ



နေထွက်လာသည်ကို တွေ့လိုက်ရသည်။ စာရေးသူမှာ ဤထူးဆန်းသော ဖြစ်ရပ်ကိုကြည့်ပြီး အလွန်တရာ အံ့ဩမိပါသည်။ ကြီးကျယ်မြင့်မြတ်သော ဆရာတော် အရှင်သူမြတ်များသည် သူတို့၏ တန်ခိုးစွမ်းအင်များကို အကြောင်းမဲ့သက်သက် ထုတ်ဖော်ပြကြမည် မဟုတ်ပေ။

ဤ ထူးဆန်းသောဖြစ်ရပ်ကို အသေအချာ လေ့လာလိုသဖြင့် ထိုင်နေရာမှ အမြန်ထပြီး ကျောင်းတိုက် မြောက်ဘက်သို့ လျှောက်သွားကာ တံခါးပေါက်အပြင်ဘက်သို့ ထွက်ပြီး ဝရံတာမှ ပတ်ဝန်းကျင်ကို မျှော်ကြည့်လိုက်သည်။ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တို့တွင် နေရောင်မမြင်ရဘဲ မိုးများ အုံ့မှိုင်းမည်းမှောင်ကာ သဲသဲမဲမဲ ရွာချလျက်ရှိနေသည်ကို တွေ့ရပေသည်။

ဗာလိတောင် သာသနာ့ရိပ်မြုံ ကျောင်းတိုက်ဝန်းကျင်နှင့် အနီးအနားတစ်ဝိုက်တွင် ခိုးစဲပြီး ညနေခင်း နေရောင်ခြည်မှာ စိတ်ကြည်နူးဖွယ်ရာ ထွန်းလင်းတောက်ပလျက်ရှိသည်။ စာရေးသူလည်း ဝရံတာမှ ပြန် လာပြီး ဆရာတော်ဘုရားကြီးနားသို့ သွားကာ ဘေးတွင် ရိုသေစွာ ထိုင်ချလိုက်သည်။

စိတ်ပိညာဉ်ပိုင်းဆိုင်ရာ စွမ်းအင်သတ္တိများမှာ ထူးခြားဆန်းကြယ်သော သဘောကို ဆောင်ပြီး လူသာမန်တို့ ဉာဏ်မျက်စိဖြင့် ထိုးဖောက်သိမြင်နိုင်ရန်မှာ အလွန်တရာ ခက်ခဲနက်နဲသော ကိစ္စတစ်ရပ် ဖြစ်သည်။ ထိုစွမ်းအင် သတ္တိများမှာ သဘာဝလွန် စွမ်းအင်များဖြစ်သဖြင့် စိတ္တဗေဒပညာအရပင် ဆန်းစစ် ဝေဖန်

ပိုင်းခြား ဖော်ထုတ်ရန် မဖြစ်နိုင်သော အခြေအနေသို့ ရောက်ရှိနေပေသည်။

ယခုခေတ် စိတ္တဗေဒပညာနယ်ပယ်မှာ ပိုမို ကျယ်ပြန့်လာသော်လည်း စိတ်ပိုင်းဆိုင်ရာ သုတေသနပြုချက်များနှင့် ပတ်သက်၍ ရုပ်ခန္ဓာနှင့် တွဲဖက်လျက်ရှိသော စိတ်ပိုင်းဆိုင်ရာ တွေးခေါ် မြော်မြင်မှုများကိုသာ လေ့လာ ဖော်ထုတ်နိုင်ပြီး စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ သဘာဝလွန် တန်ခိုးစွမ်းအင်များနှင့် ပတ်သက်၍ မည်သည့် အတိုင်းအတာကိုမျှ ဖော်ထုတ် ညွှန်ပြနိုင်ခြင်း မရှိသေးပေ။ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ နယ်ပယ်မှာ အလွန်တရာ ကျယ်ပြန့်ပြီး လျှို့ဝှက်နက်နဲသော သဘောကို ဆောင်လျက်ရှိသည်။

ဆရာတော်ဘုရားကြီး၏ တရားဓမ္မပိုင်းဆိုင်ရာ ဆုံးမ သွန်သင်မှုများကို ဆက်လက် နားထောင်ပြီး အိမ်သို့ ပြန်ခဲ့လေသည်။ ညပိုင်း၌ ဘုရားဝတ်ပြုခြင်း၊ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးနောက် ထို အကြောင်းအရာများကို အမှတ်တရ ပြန်လည် စဉ်းစားရင်း မှတ်တမ်းတင်ခဲ့မိပါသည်။

စာရေးသူတို့ အသိုင်းအဝိုင်း သူငယ်ချင်းများထဲ၌ သူငယ်ချင်း ဗိုလ်ကြီးတစ်ဦးမှာ အတွင်းရေး အတွင်းဝန် အဖြစ် တာဝန်ထမ်းဆောင်နေရသူတစ်ဦး ဖြစ်သည်။ ထိုသူငယ်ချင်းဇနီးမောင်နှံမှာ ဘုရားတရား ကြည်ညိုကိုင်းရှိုင်းပြီး ရိုးသား တည်ကြည်စွာ နေထိုင်တတ်သူများ ဖြစ်သည်။ သူငယ်ချင်းမှာ အရက် အနည်းအပါး သောက်တတ်သည်မှလွဲ၍ အခြား အကုသိုလ်လုပ်ငန်းများကို တတ်နိုင်သမျှ ကင်းစင်အောင် နေတတ်သဖြင့် စာရေးသူက



သူ့ကို လေးစားခင်မင်မိသည်။ ဤကဲ့သို့ အကျင့် စာရိတ္တ ကောင်းမွန်သူများ အထူး လိုအပ်သည်ဟု တွေးမိပါသည်။ စာရေးသူက သူတို့ ဇနီးမောင်နှံကို အိမ်သို့ ဖိတ်ခေါ်ပြီး ဆရာတော်ဘုရားကြီး အကြောင်းကိုပြောပြကာ ကံသုံးပါးထိန်း၍ ပရိတ်ဆီသောက်ပါရန် ဆွေးနွေးတိုက်တွန်းသည်။

သူငယ်ချင်းဖြစ်သူမှာ ညဉ့်ခံပွဲများတွင် အရက်ကို မကြာခဏ သောက်နေရသဖြင့် 'သုရာမေယကံ'ကိုထိန်းသိမ်းရန်အတွက် အခက်အခဲဖြစ်နေသည်။ သို့သော်လည်း ဆရာတော် ဘုရားကြီးက နိုင်ငံရပ်ခြားသွားလာနေထိုင်ရသူများနှင့် မကျန်းမမာသူများအတွက် ခြွင်းချက်ပေးထားတော်မူသည်။ မူးယစ်စေလိုသော ဆန္ဒဖြင့် အပျော်အပါးသက်သက် သောက်ခြင်းကိုမူ တားမြစ်တော်မူကြောင်း အကျယ်တဝင့် ရှင်းပြလိုက်သည်။ သို့သော်လည်း ချက်ချင်းမဆုံးဖြတ်ဘဲ တစ်ရက်မျှ အိမ်တွင်ပြန်၍ စဉ်းစားပါရန်နှင့် နောက်တစ်နေ့တွင် သောက်လိုပါက ဆရာတော်ဘုရားကြီး ရန်ကုန်သို့ ခေတ္တကြွရောက်နေတုန်း ကြုံတောင့်ကြုံခဲ လောကုတ္တရာအခွင့်အရေးကြီးကို လက်မလွှတ်ဘဲ သွားရောက် ဖူးမြော် ပရိတ်ဆီသောက်ပါရန် တိုက်တွန်းပြောကြားလိုက်လေသည်။

သူငယ်ချင်း၏ ဇနီးဖြစ်သူ ဒေါ်အိအိကမူ ထိုနေ့ကပင် ပရိတ်ဆီသောက်ရန် ဆုံးဖြတ်ပြီး ဖြစ်သည်။ နောက်တစ်နေ့ နံနက်တွင် သူတို့ဇနီးမောင်နှံထံမှ ကံသုံးပါးထိန်း၍ ပရိတ်ဆီသောက်လိုကြောင်း မင်္ဂလာသတင်းကောင်းကို ကြားရလေသည်။ ထိုနေ့က တနင်္ဂနွေနေ့ ရုံးပိတ်ရက်ဟု ထင်မိပါသည်။ သူငယ်ချင်း

ဓနီးမောင်နဲ့က စာရေးသူကို လာခေါ်ပြီး တောင်ဥက္ကလာပသို့ သွားကြလေသည်။ လူထုပရိသတ်များမှာ ထုံးစံအတိုင်း အထွေ များပြား ပြည့်ကျပ်လျက်ရှိပြီး ဆရာတော်ဘုရားကြီးအား ကြည်ညိုဖူးမြော်လျက် ရှိကြသည်။ သူငယ်ချင်းဖြစ်သူ ဓနီး မောင်နှမှာ စာရေးသူ၏ အားပေးတိုက်တွန်းမှုဖြင့် ကံသုံးပါး ထိန်းပြီး ပရိတ်ဆီ သောက်ခဲ့ကြလေသည်။

ပရိတ်ဆီသောက်ပြီး တစ်နှစ်အကြာတွင် ထိုသူငယ်ချင်း ရုံးအလုပ်ဌာနတွင် ပြဿနာမျိုးစုံ ကြုံရလေသည်။ သူငယ်ချင်း ဖြစ်သူမှာ အခက်အခဲ အနှောင့်အယှက် အမျိုးမျိုးမှ လွတ် မြောက်ပြီး နိုင်ငံခြား တိုင်းပြည်များသို့ အကြိမ်ကြိမ် ခရီး တွက်ရသည့်အပြင် ကမ္ဘာတစ်ပတ်၌ ခရီးဆန့်ခဲ့ရလေသည်။ လုပ်ငန်းများကို အကျင့်သိက္ခာရှိစွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် ဘေးရန်ကင်းရှင်းကာ တိုင်းပြည်အတွက်လည်း တစ်နည်းတစ် အကျိုးပြုနိုင်သည်။

ဆရာတော်ဘုရားကြီး ပရိတ်ဆီကိုသောက်ရသဖြင့် အလုပ် အကိုင် တိုးတက်အောင်မြင်ကာ နိုင်ငံခြားသွားရသည် တစ်ထစ်ချယူဆပြီး မဝင့်ကြွားလိုပါ။ သူ၏ကံ ကံ၏အကျိုး တရားများနှင့် ဆရာတော်ဘုရားကြီး၏ လောကုတ္တရာ အထူး မျှော်ကိုး ညွှန်ကြားမှုများကို လိုက်နာသဖြင့် ကောင်းကျိုး ခံစားရသည်ဟုသာ ဆိုချင်ပါသည်။ ထိုစဉ်က သူငယ်ချင်း မိတ်ဆွေ အမြောက်အမြားကို လက်လှမ်းမီသလောက် စည်း သိမ်းသွင်းပြီး ဆရာတော်ဘုရားကြီးထံ ပို့ခဲ့သည်များကို ရေတွက် မည်ဆိုပါက အများအပြား ရှိပါသည်။



စာရေးသူကို ပရိတ်ဆီသောက်ရန် တိုက်တွန်း အားပေးခဲ့ သော သူငယ်ချင်းတစ်ဦး၏ အဖြစ်မှာမူ စိတ်မကောင်းစရာပင် ဖြစ်သေသည်။ ပထမအကြိမ် ဓာလီတောင် ဆရာတော်ဘုရား ကြီးကို တွေ့ဆုံစဉ်က ပရိတ်ဆီ မသောက်ဘဲ ပြန်ခဲ့သဖြင့် စာရေး သူကို ကားပေါ်တွင် တစ်လမ်းလုံး ပြစ်တင် ပြောဆိုလာသူ ဖြစ် သည်။ သူနှင့် စာရေးသူတို့ ရန်ကုန်တွင် ပြန်ဆုံကြသောအခါ၌ ဆရာတော်ဘုရားကြီးအကြောင်းကို ပြောသံဆိုသံ သိပ်မကြား ရတော့ပေ။ ဒီလူ စိတ်အပြောင်းအလဲ ဘယ်လိုများဖြစ်နေလဲဟု စိတ်ထဲတွင် တစ်မျိုးဖြစ်နေသည်။ ထိုသူငယ်ချင်းမှာ စိတ်မြန်တတ် သူ ဖြစ်သဖြင့် သူ့အား ဖွင့်ဟမေးမြန်းခြင်းမပြုဘဲ အကဲခတ်၍သာ နေသည်။

တစ်နေ့တွင် စာရေးသူထံ သူ ရောက်လာပြီး အရေးတကြီး ငွေ ခုနစ်ထောင်လောက် လိုကြောင်းနှင့် လုပ်ငန်းတစ်ခုတွင် ရင်းနှီးမြှုပ်နှံရန်အတွက် ဖြစ်သဖြင့် တစ်နှစ်အတွင်း ပြန်လည် ပေးဆပ်မည်ဖြစ်ကြောင်း အကူအညီ တောင်းလာလေသည်။ စာရေးသူများ လူချမ်းသာတစ်ဦး မဟုတ်သဖြင့် သူတောင်းသော အကူအညီကို ပေးနိုင်မည် မဟုတ်ကြောင်း ရှင်းပြသည်။ သူက "သူငယ်ချင်းမှာ မရှိမှန်းသိပါတယ်၊ ရနိုင်တဲ့ တစ်နေရာရာက ရှာပေးပါ၊ သိပ် အရေးကြီးနေလို့ပါ"ဟု အတင်းအကျပ် တိုက်တွန်းလေသည်။ အားနာလှသောကြောင့် အဒေါ်တစ်ဦး သဖွယ် ခင်မင်နေသူတစ်ဦးထံမှ တာဝန်ခံပြီး ချေးယူပေးလိုက်ရ လေသည်။

လပေါင်း အတန်ငယ်ကြာသောအခါ တစ်ညနေတွင် ထိုသူငယ်ချင်း၏ ယာဉ်မောင်းသူ မျက်စိမျက်နှာမကောင်းဘဲ အိမ်သို့ရောက်လာသည်။ သူက စာရေးသူကိုတွေ့သောအခါ "ဗိုလ်ကြီး ဒီကိစ္စကို ဘယ်သူမှတော့ မပြောပါနဲ့၊ ပြောရင် ကျွန်တော်လဲ ကျွန်တော့်ဆရာနဲ့ အိုးစားကွဲပြီး အလုပ်ပြုတ်ရပါလိမ့်မယ်၊ ဗိုလ်ကြီးသူငယ်ချင်းဟာ ဒီနှစ်ပိုင်းအတွင်းမှာ ဂိုဏ်းဆရာတွေနောက် လိုက်ပြီး ဖိုထိုးနေတယ်၊ အိမ်မှာရှိတဲ့ပစ္စည်းတွေလဲ ကုန်သလောက်ရှိသွားပြီ၊ ဆရာမလဲ ဒီအတွက် အတော် စိတ်ညစ်နေတယ်၊ ဗိုလ်ကြီး တတ်နိုင်သလောက်တော့ ဗိုလ်ကြီး သူငယ်ချင်းကို ကူညီပါ၊ ဒီကိစ္စကို ကျွန်တော့်ထံက သိတယ်ဆိုတာကိုလဲ ဘယ်သူ့ကိုမှ မပြောပါနဲ့"ဟု အစချီကာ ဖြစ်ကြောင်း ကုန်စင် သူ သိသမျှအကြောင်းအရာများကို ပြောပြလေသည်။

စာရေးသူက သိလိုသောအချက်များကို သူ့အား မေးပြန်းပြီး ကျေးဇူးတင်ကြောင်းပြောလျက် လက်ဖက်ရည်တိုက်ကာ ပြန်လွှတ်လိုက်လေသည်။ ထိုညတွင် သူငယ်ချင်းဖြစ်သူ အကြောင်းကို စဉ်းစားရင်း 'ငါ ဘယ်လိုကူညီရပါ့မလဲ'ဟု အကြံထုတ်နေမိသည်။ နောက်တစ်နေ့တွင် သူငယ်ချင်း၏ရုံးသို့ ဖုန်းဆက်၍ လိုက်သွားပြီး အခြေအနေကို အကဲခတ် လေ့လာမိသည်။ စာရေးသူက "သူငယ်ချင်း အရင်းအနှီး မြှုပ်နှံမှု လုပ်ငန်းတွေ အဆင်ပြေရဲ့လား"ဟု မေးလိုက်သည်။ သူက "သူငယ်ချင်းယူပေးတဲ့ငွေ မကြာမီ ပြန်ပေးနိုင်ပါလိမ့်မယ်၊ အခြေအနေ အဆင်ပြေပါတယ်"ဟုပြန်ဖြေသည်။



သို့သော်လည်း သူ့မျက်နှာကို အကဲခတ်လေ့လာလိုက်သောအခါ မျက်နှာပျက်နေပြီး သူ့အဖြေများမှာ ဟန်ဆောင်၍ ပြောနေကြောင်း ရိပ်မိလိုက်သည်။

"အခု သူငယ်ချင်း ဘာတွေ လုပ်နေသလလဲဆို သိနိုင်ခွင့်ရှိရင်လဲ သိပါရစေ" ဟု တည့်တည့်ကြီး မေးချလိုက်သည်။ သူက စာရေးသူကို အဓိပ္ပာယ်မရှိသောအကြည့်ဖြင့် ပြန်ကြည့်ပြီး "သူငယ်ချင်းကို ကျွန်တော် ပြောချိန်တန်ရင် ပြောပါ့မယ်၊ ယခုအချိန်မှာတော့ စောပါသေးတယ်"ဟု မတင်မကျ အဖြေတစ်ခုကို ပြန်ပေးလေသည်။

ထိုစဉ်ကပင် စာရေးသူ မကျေမနပ်ဖြစ်နေသည်ကို သူက အနည်းငယ် ရိပ်မိပုံရသည်။ ဖြစ်ရပ်အမှန်များကို အတိုချုံ့၍ ပြောရသော် သူသည် ဂိုဏ်းစရာအချို့ကို တွေ့ဆုံဆည်းကပ်ကိုးကွယ်ပြီး အဂ္ဂိရတ်ကို အကြီးအကျယ်ထိုးနေရာ ရှိသမျှပစ္စည်းတက်တက်ပြောင်နေပြီ ဖြစ်သည်။

တစ်နေ့တွင် စာရေးသူရုံးသို့ ဖုန်းဆက်ကာ အရေးကြီးသောကိစ္စတစ်ခုရှိ၍ ခေတ္တလာပါရစေဟုပြောပြီး သုတ်သီးသုတ်ပျာနှင့် ရောက်လာသည်။ သူရောက်လာသောအခါ၌ သူ့တွင် အရေးတကြီး ငွေတစ်သောင်းလောက် လုနေသဖြင့် ကူညီပါရန် မျက်ရည်ဝဲလျက် အကူအညီတောင်းလေသည်။ ယခင်ကလည်း ငွေခုနစ်ထောင်ခန့် ဆွဲပေးပြီးဖြစ်လျက် ထိုငွေကိုမှ ပြန်မဆပ်နိုင်သေးမီ ယခုတစ်ဖန် ငွေတစ်သောင်းလောက်ထပ်လိုပြန်သည်ဆိုသဖြင့် မလွန်လွန်းဘူးလားဟု သူ့အား ပြန်ပြောမိသည်။

သူ့အဖြစ်ကိုကြည့်ပြီး ကရုဏာဒေါသောဖြစ်လျက် "ခင်ဗျား ဒီငွေတွေကို ဘာလုပ်မလို့လဲ၊ ကျုပ်ကို ရှင်းရှင်းပြောပါ"ဟု ခပ်ပြတ်ပြတ်မေးလိုက်သည်။ ထိုအခါ သူက "သူငယ်ချင်းကို အမှန်အတိုင်းပြောရရင် ကျွန်တော့်ရဲ့ ဂိုဏ်းဆရာတစ်ဦးက အာမခံလို့ ငွေတစ်သောင်းခန့်ကို ဆရာ့ရဲ့ တပည့်တစ်ဦးကို လုပ်ငန်းကိစ္စတစ်ခု ဆောင်ရွက်ရန် ပေးလိုက်မိပါတယ်၊ သူတို့ကလဲ အရေးတကြီးလိုနေလို့ ၇–ရက်အတွက် ပြန်ပေးပါ့မယ် ပြောလို့ အခြား တစ်နေရာက ယူပေးလိုက်ရပါတယ်"ဟု ရှင်းပြလေသည်။ သူငယ်ချင်းဖြစ်သူက သူ၏ ဇာတ်ကြောင်း အစုံကို စာရေးသူအား သိစေလိုသောအချက်များကိုသာ စကား တန်ဆာဆင်ပြီး ပြောနေကြောင်း ရိပ်မိလိုက်သည်။

စာရေးသူမှာ အဖြစ်ကို စဉ်းစားမိပြီး သနား ကရုဏာသက်သည်နှင့်အမျှ မကျေမနပ်လည်း ဖြစ်မိသည်။ သူငယ်ချင်းဖြစ်သူမှာ ထိုငွေကို ပြန်၍ အစားမထိုးနိုင်ပါက တစ်ဖက်က တရားစွဲမည် ဖြစ်သဖြင့် အလုပ်ပြုတ်ပြီး ထောင်ကျတော့မည် ဖြစ်ကြောင်း စာရေးသူကို ပြောပြလေသည်။ "အချိန် အနည်းငယ်ပေးပါ၊ ကျွန်တော် ကြိုးစားကြည့်ပါဦးမယ်"ဟု သူ့ကို နှစ်သိမ့်ပြီး ပြန်လွှတ်လိုက်သည်။ ထိုသူ၏ သူငယ်ချင်း တစ်ဦးဖြစ်သူ ဦးစိန်မောင်ထံ ရုံးသို့ ဖုန်းဆက်ခေါ်ယူပြီး ဖြစ်ကြောင်းကုန်စင်များကို တိုင်ပင်ဆွေးနွေးကာ ဘယ်လို ကူညီရကောင်းမလဲဟု စဉ်းစားကြသည်။



စာရေးသူမှာ လခစားတစ်ဦးဖြစ်သဖြင့် ငွေပိုငွေလျှံလည်း မရှိပါ။ ယခင်က ယူပေးထားသော ငွေခုနစ်ထောင်ကိုလည်း ပြန်မဆပ်နိုင်သေး၍ မည်သို့ လုပ်ရမည်ကိုပင် စဉ်းစား၍ မရအောင် ဖြစ်နေကြောင်း ကိုစိန်မောင်ကို ရှင်းပြသည်။ ကိုစိန်မောင်မှာ ထိုသူငယ်ချင်း၏ အလွန်ရင်းနှီးသော သူငယ်ချင်းဖြစ်သဖြင့် ယင်းကိစ္စတွင် သူ တာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်း နောက်ဆုံးအဆင့် ငွေရှာမရပါက သူ့ဇနီး၏ လက်ဝတ်လက်စားများကို ရောင်းချ၍ ခေတ္တ စိုက်ထုတ် ကူညီရမည်ပင် ဖြစ်ကြောင်း ပြောသွားသည်။ ကိုစိန်မောင်၏ စေတနာကြောင့် အတော်စိတ်သက်သာမှုရသွားကာ သူ့ကိုလည်း စိတ်ထဲမှ ကြိတ်၍ ချီးကျူးမိသည်။ အမှန်ကိုဆိုရသော် ထိုသူငယ်ချင်းမှာ ရသမျှ ငွေများကို ဂိုဏ်းလုပ်ငန်းအတွက် လှူခြင်း၊ ဖိုထိုးပစ်ခြင်းဖြင့် ရှိစုမဲ့စု တက်တက်ပြောင်ခဲ့ခြင်း ဖြစ်သည်။ ထိုအကြောင်းများကို တွေ့ဆုံသဖွယ်ရေးပါက အလွန်တရာ စိတ်ဝင်စားဖွယ်ကောင်းသော ဖြစ်ရပ်မှန် ဝတ္ထုတစ်ပုဒ် ဖြစ်ပေမည်၊ သို့သော်လည်း အခြားသူများအား ထိခိုက်နစ်နာစေမည့် အကြောင်းအရာများဖြစ်နေသဖြင့် ရေးသားလိုစိတ် မရှိပါ။

ထို ပြဿနာ ဖြေရှင်း ပြီးသွားသောအခါ စာရေးသူက သူငယ်ချင်းကို အစစ အရာရာ သတိဝီရိယထားပြီး ဆရာတော်ဘုရားကြီး အဆုံးအမအတိုင်း လိုက်နာဆောင်ရွက်ရန် သတိပေးသည်။ ဝိဇ္ဇာဖြစ်ချင်လွန်းသဖြင့် ရှေ့လောတကြီး ဆောင်ရွက်ပါက အကျိုးထက် အကိုးကိုသာ ဖြစ်ပေါ်လိမ့်မည် ဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေး ပြောပြသည်။

တစ်နှစ်နှစ်ခန့်ကြာသောအခါ ဇာလီတောင် ဆရာတော်ဘုရားကြီးသည် တောင်ဥက္ကလာပ သာသနာ့ဗိမာန် ကျောင်းတိုက်သို့ ခေတ္တ ကြွရောက်လာသည်။ ထိုသူငယ်ချင်းကိုခေါ်၍ ဆရာတော်ဘုရား ရှေ့မှောက်သို့ သွားကြလေသည်။ ထိုအချိန်မှာ ညဦးပိုင်းအချိန်ဖြစ်သည်။ စာရေးသူတို့လူသိုက်ကို တွေ့လိုက်သောအခါ ဆရာတော်ဘုရားကြီး၏ မျက်နှာတော်မှာ အနည်းငယ် ဖြိုးယောင်သန်းလျက် ရှိသည်။ သင်္ကန်းအညိုရောင်ကြီးကို ဝတ်ထားသော ဆရာတော်ဘုရားကြီးမှာ အလွန်တရာ ကြည်ညိုဖွယ်ရာ ဖြစ်ပါသည်။

စိတ်ထဲတွင် "အင်း ဒီတစ်ခါတော့ ဆရာတော်ဘုရားကြီးကို ဖြစ်ကြောင်းကုန်စင် တိုင်တည်လျှောက်ထားပြီး ဒီလူ့ကိုတော့ ပြဿနာအရှုပ်ထဲက လွတ်အောင်ချွတ်မှပဲ"ဟု စိတ်ကူးထားလေသည်။ ဆရာတော်ဘုရားကြီးသည် တရားဓမ္မပိုင်းဆိုင်ရာ ကိစ္စများကို ဟောပြော ဆွေးနွေးဆုံးမရင်း တပည့်ဖြစ်သူများကို အကဲခတ်နေသည်။ စာရေးသူမှာလည်း အခွင့်သင့်လျှင် သင့်သလို ထိုကိစ္စကို ဖွင့်ဟလျှောက်ထားရန် အခြေအနေ စောင့်ကြည့်နေသည်။ ဆရာတော်ဘုရားကြီးအား တိုက်ရိုက် ဖွင့်ဟလျှောက်ထားရန် သင့် မသင့်ကိုလည်း ခေါင်းထဲတွင် စဉ်းစားနေမိသည်။ သူငယ်ချင်း ဖြစ်သူမှာ စိတ်တိုတတ်သူတစ်ဦး ဖြစ်သဖြင့် သူ့အကြောင်းကိစ္စများကို ဆရာတော်ဘုရားကြီးကို တိုက်ရိုက် လျှောက်ထားလိုက်ပါက ထ၍ ဒေါပွမည်ကိုလည်း စဉ်းစားဆင်ခြင်မိသည်။ တိုက်ရိုက်လျှောက်ထား၍တော့ မဖြစ်



သွယ်ဝိုက်ပြီး တစ်နည်းနည်းဖြင့် ဖွင့်ဟလျှောက်ထားမှ ဖြစ်မည်ဟု စိတ်ကူး ဆုံးဖြတ်လိုက်သည်။

ဆရာတော်ဘုရားကြီး စကားအနည်းငယ် ပြတ်သွားသောအခါ၌ စာရေးသူက လက်အုပ်ချီပြီး "အရှင်ဘုရား ဝိဇ္ဇာမဟိဒ္ဓိ လမ်းစဉ်တွေမှာ အင်းနဲ့ ဖိုထိုးခြင်းလုပ်ငန်းတွေဟာ အောင်မြင်မှု ရှိနိုင်ပါသလား"ဟု စကား အစဖော် လျှောက်ထားလိုက်သည်။ ဆရာတော်ဘုရားကြီးသည် ခေတ္တ တည်ကြည် ငြိမ်သက်သွားပြီး မျက်နှာကြက်ကို မော့ကြည့်ကာ အနည်းငယ် ဖြိုးတော်မူသည်။ ထိုအပြုံးမှာ အလွန်တရာ အဓိပ္ပာယ်ပြည့်ဝလှပေသည်။ တစ်ခန်းလုံးမှာ တိတ်ဆိတ် ငြိမ်သက်လျက် ရှိပြီး ဆရာတော်ဘုရားကြီး ဘာ ပြန်ဖြေမလဲ ဟု အာရုံစိုက် နားထောင်နေကြသည်။

"အေး ဒါကတော့ လောကီ ကိစ္စတွေပဲ၊ အမေး ရှိရင်တော့လဲ အဖြေရှိရမှာပေါ့၊ အင်း လုပ်တာကတော့ သူ့စည်းကမ်း နည်းလမ်းအတိုင်း လုပ်ရင် အမှားအယွင်း နည်းတယ်ပေါ့ကွာ၊ ဖိုထိုးတာတော့ အတော် ပိုက်ဆံ ကုန်တဲ့ အလုပ်ပဲ၊ မလုပ်တတ်ရင် ရှိသမျှ ပစ္စည်း တက်ကုန်ပြောင်ပြီး လူပါ ဒုက္ခရောက်တတ်တယ်"ဟု မိန့်ကြားပြီး ထိုသူငယ်ချင်းအား အဓိပ္ပာယ်ပါသော အကြည့်ဖြင့် တစ်ချက်မျှ စိုက်ကြည့်လိုက်လေသည်။

ဆရာတော်ဘုရားကြီးသည် ခေတ္တ တိတ်ဆိတ် ငြိမ်သက်စွာနေပြီး ရှေ့တူရူသို့ စိုက်ကြည့်နေသည်။ စာရေးသူတို့လူသိုက်မှာ

ဆရာတော်ဘုရားကြီး ဘာများ ဆက်၍ အမိန့်ရှိလိမ့်ဦးမည်နည်းဟု အာရုံပြု နားစွင့်နေကြသည်။

"ငါကတော့ မင်းတို့ တောလုပ် တောင်လုပ်တွေကို လျှောက်လုပ်မနေဘဲ အခြေခံအားဖြင့် သီလကို မြဲအောင်ထိန်းပြီး တရားထိုင်ခြင်း လုပ်ငန်းတွေကိုသာ စောက်ချ လုပ်စေချင်တယ်၊ ဒါမှ စိတ်တည်ငြိမ်ပြီး ကနဦးအစ သမာဓိစခန်းကို တည်ဆောက်နိုင်မယ်" ဟု အမိန့်ရှိတော်မူသည်။

"ဖိုထိုးကဲ့အလုပ်ဟာ ငွေကုန်ကြေးကျ အလွန်များပြီး လုပ်ရတာလဲ ပင်ပန်းတယ်၊ တစ်ခုခုဖြစ်ဖို့ကလဲ သိပ်မလွယ်လှဘူး၊ ရှေးတုန်းက ရန်ကုန်မြို့ ရပ်ကွက်တစ်ခုမှာ သင်္ဘောကြီးတစ်ယောက်ရှိတယ်၊ အဲဒီ သူဌေးကြီးဟာ အလွန်တရာ ကပ်စေးနဲတယ်၊ တစ်နေ့မှာ အဲဒီသူဌေးကြီးဟာ ဈေးအပြန်မှာ ဆိုက်ကားတစ်စီးကို ငှားပြီးစီးတယ်၊ ဆိုက်ကားခဘယ်လောက်ကျသလဲလို့မေးတော့ ဆိုက်ကားဆရာက တစ်ပဲကျပါတယ်လို့ပြောတော့ နှစ်ပြားရအောင် ဆစ်တယ်၊ နောက်ဆုံး သုံးပြားနဲ့ ဈေးတည့်ပြီး ငှားစီးလာတယ်၊ သူ့တိုက်ရှေ့ရောက်တော့ ငါးကျပ်ကြီးကို ထုတ်ပေးလိုက်တယ်၊ ဆိုက်ကားနင်းသူက ကျွန်တော့်မှာ ဆင်းရဲသားဖြစ်ပါတယ်၊ တစ်နေ့လုံးနင်းလို့တောင် ငါးကျပ်ပြည့်အောင် မရပါဘူး၊ အခုလို နံနက်ဈေးဦးပေါက်ကြီးမှာ ဘယ်လိုလုပ်ပြီး ငါးကျပ်တန်ကြီးကို ပြန်အမ်းနိုင်မှာလဲ၊ အကြွေရှိရင် ပေးပါလို့ ပြောတယ်၊ အချိန်ကလည်း နံနက်ပိုင်း၊ သူဌေးတိုက်ကလည်း ခြံဝင်းထဲမှာဆိုတော့ အနီးအနားမှာလဲ အမ်းစရာဆိုင်မရှိဘူး၊ ဒီတော့



သဌေးကြီးက ငါ့မှာ အကြွေနှစ်ပြား [illegible]ရှိတယ်၊ အဲဒါပဲ မင်းယူသွားတော့လို့ ပြောတယ်"

ဆိုက်ကားဆရာလဲ စိတ်ပျက်လက်ပျက်နဲ့ သဌေးပေးတဲ့ ပိုက်ဆံနှစ်ပြားကို ယူပြီး ပြန်ခဲ့တယ်၊ စိတ်ထဲမှာတော့ ဒီလောက်ချမ်းသာလျက်သားနဲ့ သူလိုဆင်းရဲတဲ့ ကျော့မွဲဆိုက်ကားသမားကို တစ်ပတ်ရိုက်ပြီး တစ်ပဲတန်တဲ့ခရီးကို နှစ်ပြားနဲ့ရအောင်စီးသွားတဲ့အတွက် စိတ်ထဲမှာ အတော်အခဲမကျေ ဖြစ်သွားတယ်၊ သူ ဆိုက်ကားဆိပ်ကို ပြန်ရောက်တော့ အပေါင်းအသင်း ဆိုက်ကားသမားတွေကို ပြန်ပြောပြတယ်၊ သူတို့အထဲက ခပ်မိုက်မိုက်ဆိုကားသမားတစ်ယောက်က "ဟေ့-ဒါ တို့လို ကျော့မွဲဆင်းရဲသားတွေကို သဌေးက အနိုင်ကျင့်တာပါပဲကွ၊ ဒီကောင်ကြီး ဒီလိုလုပ်တာတွေ များနေပြီ၊ ဒီ ကပ်စေးနဲကြီးကို ဆုံးမဖို့ အချိန်တန်ပြီလို့ တပ်လှန့်နိုးဆော်လိုက်တယ်"

"အဲဒီအချိန်မှာ ဆိုက်ကားသမားနှစ်ယောက်ဟာ သဌေးကြီးကို ချောင်းရိုက်ဖို့ တိုင်ပင်ကြတယ်၊ ညနေ အလုပ်သိမ်းချိန်လောက်မှာ ဆိုက်ကားသမားနှစ်ဦးဟာ သဌေးကြီးတိုက်ရှေ့ကိုသွားပြီး ချောင်းရိုက်ဖို့ အခြေအနေကို လေ့လာကြတယ်၊ တိုက်အဝက တစေ့တစောင်းကြည့်ကြပြီး ပြန်လ[illegible]ကြတယ်၊ အဲဒီအခါမှာ အညာခံလိုက်ရတဲ့ ဆိုက်ကားသမားက ဘယ်အချိန်မှာ ဘယ်လိုလုပ် ချောင်းရိုက်ရင် ကောင်းမလဲလို့ မေးလိုက်တယ်"

လိုက်လာတဲ့ အဖော်ဆိုက်ကားသမားက "ဟေ့-ချောင်းရိုက်ဖို့ မလိုတော့ဘူး၊ သူ့ကိစ္စနဲ့သူ ပြီးနေပြီလို့ ပြောလိုက်တယ်၊ [illegible]စ်ယောက်က ဘာဖြစ်လို့လဲကွ လို့ မေးလိုက်တယ်၊ အဲဒီ

အခါမှာ လိုက်လာတဲ့ ဆိုက်ကားသမားက မင်း သူတိုက်ထဲကို သေသေချာချာ မကြည့်ခဲ့ဘူးလား၊ ဖိုကြီးတစ်လုံး အကျအနဆင် ထားတယ်၊ မီးသွေးအိတ်တွေလဲ တိုက်ဘေးမှာ တွေ့ခဲ့တယ်၊ အဲဒီ တော့ ဒီသူဌေးကြီးကို ဒို့ ချောင်းရိုက်နေစရာ မလိုတော့ဘူး၊ သူ့ကိစ္စနဲ့သူ စီရင်ပြီးသား ဖြစ်သွားမှာပါ၊ မင်း စိတ်အေးအေး ထားပြီး စောင့်ကြည့်နေပါလို့ နှစ်သိမ့်လိုက်တယ်၊ ဒါနဲ့ပဲ ဆိုက် ကားသမားတွေလဲ သူဌေးကြီးကို ချောင်းရိုက်ဖို့ မကြိုးစားကြ တော့ဘူး၊ အစီအစဉ်ကို ဖျက်လိုက်ကြတယ်"

"နှစ်အတန်ငယ်ကြာတဲ့အခါမှာ သူဌေးကြီးဟာ ရှိတဲ့စည်းစိမ် အကုန်ပြုတ်လို့ တိုက်ကြီးပါရောင်းပြီး ဒီနေရာက မွဲပြာကျပြီး ပြောင်းပြေးသွားရတယ်၊ အေး မင်းတို့အထဲက ဖိုထိုးတဲ့လူတွေ ပါရင်လဲ သတိထားကြ၊ အဲဒီလို ဖြစ်သွားနိုင်တယ်၊ ဒီ အလုပ် တွေဟာ လောကီပညာတွေဖြစ်ပြီး လွယ်လွယ်နဲ့ မရနိုင်ဘူး၊ အတော် ခက်ခက်ခဲခဲ လုပ်ရတဲ့ ပညာတွေပဲ၊ ခွဲ သတ္တိ ပါရမီ အလွန်ထူးချွန်မှသာ အောင်မြင်နိုင်တယ်" ဟု ဆုံးမတော်မူလိုက် လေသည်။

ဆရာတော်ဘုရားကြီးသည် ထိုအကြောင်းအရာ ဆုံးသော အခါ ခပ်ပြုံးပြုံးနှင့် တိတ်ဆိတ်ငြိမ်သက်စွာနေပြီး တပည့်လူသိုက် အား အကဲခတ် ကြည့်ရှုနေလေသည်။ ဆရာတော်ဘုရားကြီး ဘာကိုရည်ရွယ်၍ အမိန့်ရှိသည်ကို ကောင်းစွာ နားလည် သဘော ပေါက်သဖြင့် ဆရာတော်ဘုရားကြီး၏ ဉာဏ်ပညာ ကြီးကျယ် မှုနှင့် ထွင်းဖော်သိမြင်နိုင်မှုစွမ်းအင်ကို သိရှိရသည့်အလျောက် များစွာ နှစ်သိမ့်ကျေနပ်မှု ဖြစ်ရလေသည်။



စာရေးသူ၏ ငယ်သူငယ်ချင်းမှာ ဆရာတော်ဘုရားကြီး မည် သို့မည်ပုံ ရည်ရွယ် အမိန့်ရှိသည်ကို သဘောပေါက်သွားသည့် အလျောက် ခပ်ကုတ်ကုတ် ထိုင်နေသည်ကို တွေ့ရလေသည်။ စိတ်ထဲတွင် ဒီတစ်ခါတော့ ဒီလူတစ်ယောက် ဖိုဒုက္ခမှ လွတ်မြောက် ပြီး အမြင်မှန် ရကောင်းလေရဲ့ဟု စိတ်ထဲတွင် စဉ်းစားမိသည်။ ဆရာတော်ဘုရားကြီးသည် ခေတ္တမျှ ငြိမ်သက်စွာနေတော်ပြီး "အေး တပည့်တွေကတော့ အမျိုးမျိုးပေါ့၊ ငါ ဆုံးမတာကို လိုက်နာတဲ့ လူတွေရှိသလို၊ မလိုက်နာတဲ့ လူတွေကလဲ ရှိကြတာပဲ၊ သတ္တဝါတွေ ဟာ သူ့ကံနဲ့သူ ဖြစ်ကြတာပဲ၊ တို့ကတော့ မိဘက သားသမီးကို ဆုံးမသလို၊ မြတ်စွာဘုရားရှင်က သတ္တဝါတွေကို ဆုံးမသလို တရားဓမ္မ လမ်းကြောင်းအတိုင်း လမ်းမှန်ရောက်အောင် ညွှန်ကြား ဆုံးမရတာပဲ၊ ဒီလုပ်ငန်းတွေက အလွန်တရာ ခက်ခဲပြီး လျှို့ဝှက် တဲ့ သဘောကိုဆောင်တယ်၊ တစ်ခုခုဖြစ်ဖို့ဟာလဲ မလွယ်ဘူး၊ မင်းတို့ သတိပညာဉာဏ်နဲ့ယှဉ်ပြီး လုပ်ကြပါ၊ သီလကို မြဲအောင် စောင့်ပြီး သမာဓိ ထူထောင်တဲ့ လုပ်ငန်းတွေမှာပဲ အာရုံစိုက် စေချင်တယ်၊ ငါ မင်းတို့ကို ပြောခဲ့တာတွေလဲ များပြီ၊ ငါ့ တပည့်တွေ အကုန်လုံး လောကီချမ်းသာနဲ့ လောကုတ္တရာချမ်း သာကို ရကြပြီး ဘေးအန္တရာယ်ကင်းရှင်းအောင် ငါ အမြဲမေတ္တာ ပို့လျက်ရှိနေပါတယ်"ဟု ဆက်လက်မိန့်ကြားတော်မူလေသည်။

ဆရာတော်ဘုရားကြီးသည် အခြား တရားဓမ္မပိုင်းဆိုင်ရာ ဟောပြောသွန်သင်ဆုံးမမှုများကို ဆက်လက်မိန့်ကြားရာ အချိန် ၃–နာရီခန့် ကြာမည်ဟု ထင်ပါသည်။ ထိုညက ဆရာတော်

ဘုရားကြီး၏ ခြေတော်စုံကို ဦးတိုက်ဝတ်ပြုကာ စိတ်နှလုံး ချမ်းမြေ့စွာဖြင့် ပြန်ခဲ့ကြလေသည်။

သူတော်ကောင်းအရှင်သူမြတ်များ၏ မေတ္တာရိပ်ကို ခိုလှုံရခြင်းမှာ စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာ ငြိမ်းအေးမှုကို ရရှိပြီး ကျေးဇူးကြီးမားလှကြောင်း ကောင်းစွာ သဘောပေါက် နားလည်ခဲ့သည်။ ထိုသူငယ်ချင်းကို ဆရာတော်ဘုရားကြီး ဆုံးမသည့်အတိုင်း ဖိုထိုးခြင်းလုပ်ငန်းကို လုံးဝ မဖြတ်နိုင်ပါက အနည်းအကျဉ်း လောက်သာ ပြုလုပ်သင့်ကြောင်း အကြံပေး ဆွေးနွေးလိုက်သည်။ သူက သိပ်ကျေနပ်ပုံ မရသည့်ပြင် ဆရာတော်ဘုရားကြီး၏ ဆုံးမသတိပေးမိန့်ကြားချက်များကို နားဝင်ပုံ မရချေ။ စာရေးသူထံသို့လည်း သိပ် မလာတော့ဘဲ အဆက်ပြတ်သလို ဖြစ်သွားတော့သည်။

ထိုသူငယ်ချင်းမှာ ဆရာတော်ဘုရားကြီး အဆုံးအမကို နာခံလိုက်နာခြင်း မရှိဘဲ သူ့လမ်းသူ ဆက်သွားနေလေသည်။ များမကြာမီ သူငယ်ချင်း၏ ဇနီးဖြစ်သူတို့ မိသားစုတွင် ငွေကြေးအခက်အခဲများ ဖြစ်နေသဖြင့် ရုံးဌာနတစ်ခုတွင် အလုပ်ဝင်လုပ်ပါရစေဟု အကူအညီတောင်းသည်။ သူငယ်ချင်းဖြစ်သူကလည်း သူ့ဇနီးအား အလုပ်ဌာနတစ်ခုတွင် အလုပ်ရှာပေးပါရန် ပြောလာသဖြင့် အလုပ်ရရှိရေးအတွက် တတ်နိုင်သလောက် လိုက်၍ ကူညီပြောဆိုပေးရသည်။ အခြားပုဂ္ဂိုလ်များကလည်း တတ်နိုင်သလောက် ကူညီကြသည်ဟု ထင်ပါသည်။ များမကြာမီ သူငယ်ချင်း၏ ဇနီးဖြစ်သူမှာ အစိုးရဌာနတစ်ခုတွင် အလုပ်ရသွားလေသည်။



တစ်နှစ်ခန့်အကြာတွင် သူငယ်ချင်းဖြစ်သူမှာ ငွေကြေးကိစ္စဖြင့်ပင် ရုံးတွင် ပြဿနာပေါ်သဖြင့် အလုပ်မှ နုတ်ထွက်လိုက်ရလေသည်။ စာရေးသူက တစ်ဆင့်ယူပေးသော ငွေများကိုလည်း အကျေအလည် ပြန်လည်မပေးဆပ်နိုင်သဖြင့် အတော်ပင် စိတ်ဆင်းရဲမှုခံကာ ဖြေရှင်းပေးလိုက်ရသည်။ သူငယ်ချင်းမှာ လူရိုးလူကောင်းတစ်ဦးဖြစ်ပြီး ဂိုဏ်းလိုက် ဖိုးထိုးမိသဖြင့် သူ့ဘဝတစ်ခုလုံးနှင့် မိသားစုများမှာ အကြီးအကျယ် ဒုက္ခရောက်ခဲ့ကြရလေသည်။ နောက်ဆုံးတွင် စိတ်ထိခိုက်ပြီး သက်နှင်းဘဝ်သွားသလိုလို ကြားလိုက်ရသည်။

စာရေးသူလည်း မိမိအလုပ်တာဝန်များ၊ အခြား လူမှု ကိစ္စများကို မအားမလပ်အောင် ဆောင်ရွက်နေရသဖြင့် သူတို့ ကိစ္စကို မမေးနိုင်တော့ပေ။ အမှန်ဆိုရသော် ဆရာတော်ဘုရားကြီး၏ အဆုံးအမကို မနာခံဘဲ စိတ်ထင်ရာလုပ်မိသဖြင့် မိသားစုအားလုံး ဒုက္ခရောက်ရသည့်အဖြစ်ကို တွေးမိပြီး သူငယ်ချင်းအတွက် အလွန်စိတ်မကောင်း ဖြစ်မိသည်။

ဆရာတော်ဘုရားကြီးသည် မြတ်စွာဘုရား သားတော် အရှင်သူမြတ် ပီသစွာ ဝိနည်း သိက္ခာပုဒ်တော်များကို တိကျစွာ လိုက်နာပြီး တပည့်များကိုလည်း လောကုတ္တရာလမ်းစဉ်တွင် လမ်းမှားသို့ မရောက်စေအောင် ပရိယာယ်သုံး၍ ဆုံးမပုံများမှာ အလွန်ကောင်းမွန်လှပေသည်။ ပညာဉာဏ် ကြီးကျယ်ခြင်းနှင့် နှစ်ရှည်လများ တစ်ပါးတည်း သီတင်းသုံးကာ ကျင့်ကြံအားထုတ်လာရာမှ ရရှိခဲ့သော ထွင်းဖောက်သိမြင်နိုင်သည့် ဉာဏ်အမြင်များနှင့် သမာဓိစွမ်းအင်များကြောင့် ဖြစ်မည်ဟု ထင်သည်။

တစ်ညနေတွင် စာရေးသူမှာ ယောဂီကျင့်စဉ်များ လေ့ကျင့်ပြုလုပ်ပြီးနောက် ခေတ္တအနားယူလျက်ရှိသည်။ ထိုစဉ် ခြံဝတွင် လူနှစ်ဦး ရောက်လာကြသည်ကို တွေ့ရပြီး တစ်ဦးမှာ မိတ်ဆွေ မျက်နှာသိဖြစ်၍ ကျန်တစ်ဦးမှာ လူစိမ်းတစ်ဦးဖြစ်သည်။ သူတို့နှစ်ဦးအား အိမ်ပေါ်တက်ကြပါဟု ဖိတ်ခေါ်ပြီး ဧည့်ခန်းတွင် ထိုင်စေသည်။ မိတ်ဆွေဖြစ်သူက ယခု လိုက်ပါလာသူမှာ ပုသိမ်မြို့မှ ဦးတင်ထွတ်ဆိုသူဖြစ်ကြောင်း ပြောပြပြီး မိတ်ဆက်ပေးသည်။ ထိုလူမှာ အသားဖြူပြီး နဖူးကျယ်ကာ အရပ် ခပ်ပုပ်ပုပ်ဖြစ်၍ အသက် ၅၀–ဝန်းကျင်ခန့်ရှိမည်ဟု ထင်ရသည်။

စာရေးသူအိမ်သို့ လာသောသူများမှာ များသောအားဖြင့် အကူအညီတစ်ခုလို၍ လာတတ်ကြပေသည်။ လက္ခဏာဗေဒင်ပညာ အနည်းငယ်တတ်သဖြင့် သူတို့တွင် ပေါ်ပေါက်နေသော လူမှုရေး၊ စီးပွားရေးနှင့် အိမ်ထောင်ရေး၊ အချစ်ရေးပြဿနာများကို လာရောက် မေးမြန်း ဆွေးနွေး အကြံဉာဏ်တောင်းကြခြင်းသာ ဖြစ်သည်။ စာရေးသူက "ဘာအကြောင်းကိစ္စများရှိပါသလဲ၊ ကျွန်တော် ဘာကူညီရမလဲ"ဟု သူတို့အား မေးရိုးထုံးစံအတိုင်း မေးလိုက်သည်။

ဦးတင်ထွတ်က "ကျွန်တော် ဇာလီတောင်ဆရာတော်ဘုရားကြီးရဲ့ တပည့်ပါ၊ ဗိုလ်ကြီးထံလာချင်လို့ ဒီက မိတ်ဆွေကို ခေါ်ပြီး လာခဲ့ပါတယ်"ဟု ဖြေသည်။

"ကျွန်တော်လည်း ဆရာတော်ဘုရားကြီးကို မဖူးရတာ ကြာပါပြီ၊ ဆရာတော်ဘုရားကြီးကို သိပ်ပြီး တွေ့ဆုံဖူးမြော်ချင်လှပါတယ်၊ ယခုတောင် ခင်ဗျားပြောလို့ ကျွန်တော့်စိတ်ဟာ



ဆရာတော်ဘုရားကြီးထံ ရောက်သွားပါတယ်"ဟု စာရေးသူက ပြောလိုက်သည်။

"ကျွန်တော် ဘာကူညီရမလဲ၊ ဗေဒင်တွက်ပေးရမလား"ဟု မေးပြီး အနီးရှိ ဗီရိုထဲမှ သင်္ချာပြက္ခဒိန်များ၊ ပေတံနှင့်မှန်ဘီလူးများကို ထယူလိုက်သည်။ သူမွေးနေ့ ခုနှစ် သက္ကရာဇ်၊ အချိန်နာရီတို့ကို မေးပြီး ထုံးစံအတိုင်း တွက်ချက်ကာ လက်ဖဝါးကို ဖြန့်ခိုင်းပြီး မှန်ဘီလူးတစ်ချပ်ဖြင့် လက္ခဏာကြည့်သည်။

ဦးတင်ထွတ်သည် စာရေးသူ၏ လုပ်ဆောင်မှုများကို အကဲခတ်၍ လေ့လာကြည့်ရှုနေသည်။ များမကြာမီ ဇနီးဖြစ်သူက စားစရာအချို့ကို စားပွဲပေါ်တွင် လာချပေးသဖြင့် စာရေးသူက သုံးဆောင်ကြပါဟု ပြောလိုက်သည်။

သူ၏ဇာတာနှင့်လက္ခဏာကို အသေအချာ စစ်ဆေးကြည့်ရှုပြီးသောအခါ "ကျွန်တော် ဗေဒင်ဆရာတစ်ယောက်လိုတော့ ဟောနိုင်လိမ့်မယ် မဟုတ်ဘူး၊ ကျွန်တော်သိသလောက် အနည်းအကျဉ်းတော့ ပြောပြပါမယ်"စကားပလ္လင်ခံပြီး အောက်ပါအတိုင်း ပြောလိုက်လေသည်။

"ခင်ဗျားဟာ ကျန်းမာရေးကောင်းပြီး ချမ်းသာသော အသိုင်းအဝိုင်းက မွေးဖွားလာသူဖြစ်တယ်၊ အသက် ၂၀–နှစ်နဲ့ ၃၅ နှစ်ကြားမှာ ဒုက္ခအမျိုးမျိုးတွေ့ခဲ့ရတယ်၊ ၃၅–နှစ်နဲ့ ၄၅–နှစ်ကြားမှာတော့ အခြေအနေ ကောင်းတွေကို တွေ့ကြုံရတယ်"ဟု ပြောလိုက်သည်။ သူက "ဗိုလ်ကြီးဟောတာတွေ မှန်ပါတယ်"ဟု ထောက်ခံ ပြောဆိုလိုက်သည်။

စာရေးသူက သူ့ဘဝနှင့် ပတ်သက်၍ အရေးကြီးသော ဖြစ်ရပ်များကို အတိုချုံ့ ပြောပြပြီးနောက် "ဒါတွေက အရေးမကြီးဘူး၊ ပြီးတာတွေ ပြီးခဲ့ပါပြီ၊ ခင်ဗျား ခုလောလောဆယ် ပြဿနာတစ်ခုနဲ့ ရင်ဆိုင်နေရတယ်၊ အဲဒီပြဿနာဟာ ခင်ဗျား ဘဝမှာ ကြီးကျယ်တဲ့ အပြောင်းအလဲတစ်ခုကို ဖြစ်ပေါ်စေပြီး ကံကြမ္မာဆိုးတစ်ခု ရင်ဆိုင်နေရတယ်"ဟု ပြောလိုက်သည်။

ဦးတင်ထွတ်လည်း မျက်နှာအနည်းငယ်ပျက်သွားပြီး "ကျွန်တော်လည်း ဒီကိစ္စအတွက်ပဲ မိုလ်ကြီးဆီ လာတာပါ၊ ဆရာတော်ဘုရားကြီးကလဲ မိုလ်ကြီးဟာ သူ့တပည့်ဖြစ်တယ်လို့ အမိန့်ရှိခဲ့ဖူးလို့ လာခဲ့ပါတယ်"ဟု ပြောလေသည်။

စာရေးသူမှာ အတော်ကလေး အစဉ်းစားရ ခက်နေသည်။ မိမိကိုယ်တိုင်က ဘာမျှ ကြီးကျယ်နေသူ မဟုတ်သဖြင့် ထိုကဲ့သို့သော ပြဿနာတွေ့နေသူတစ်ဦးကို မည်သို့ ကူညီနိုင်ပါမည်နည်းဟု စဉ်းစားမိသည်။ သို့သော်လည်း ငါ တတ်နိုင်သလောက်တော့ ကူညီရပေမည်ဟု ဆုံးဖြတ်ပြီး သူ့တွင် ဖြစ်ပေါ်နေသော အခက်အခဲပြဿနာများမှ လွတ်မြောက်စေရေးအတွက် တတ်သမျှ မှတ်သမျှပညာဖြင့် လုပ်ကိုင်ရမည့် အချက်များကို တစ်ခုစီ သူ့အား ပြောပြသည်။

ဦးတင်ထွတ်ကလည်း စာရေးသူ ပြောသမျှကို စာရွက်နှင့် လိုက်ကူးကား "မိုလ်ကြီးမှာတဲ့အတိုင်း ဆောင်ရွက်ပါ့မယ်"ဟု ဝန်ခံကတိပြုလေသည်။ ဆရာတော်ဘုရားကြီးကိုလည်း ရှိခိုးဆုတောင်းပါ၊ ကျွန်တော်ပြုလုပ်ပေးတဲ့ အစီအစဉ်များကိုလည်း ဆောင်ရွက်ပါ၊ ခင်ဗျား တွေ့ကြုံနေရတဲ့ အခက်အခဲ ပြဿနာ



တွေက လွန်မြောက်ရပါလိမ့်မယ်၊စိုးရိမ်မှုမဖြစ်ပါနဲ့၊ ရတနာသုံးပါးနဲ့တကွ ဆရာတော်အရှင်သူမြတ်များ၏ တန်ခိုးတော်ကြောင့် ဒီအခက်အခဲတွေက ကျော်လွန်နိုင်ပါလိမ့်"ဟု အားပေးစကား ပြောလိုက်သည်။

တစ်လခန့်ကြာသောအခါ၌ ဦးတင်ထွတ်နှင့် ဇနီးဖြစ်သူတို့ စာရေးသူအိမ်သို့ ရောက်ရှိလာကြပြီး သူတို့ပြဿနာ၏ နောက်ဆုံးအခြေအနေများကို ပြောပြကြသည်။ ယခင်က ပြောလိုက်သော အစီအမံများကိုလည်း နေ့ရက်အချိန်နာရီနှင့်တကွ တိကျစွာ သက်ဆိုင်ရာတို့တွင် ပြုလုပ်ခဲ့ပါပြီဟု ပြောပြကြသည်။ သူတို့နှင့် ဆွေးနွေး စကားပြောနေကြရင်းတွင်မှ ထိုပြဿနာကို ကူညီပေးနိုင်မည့်သူ တစ်ဦးကို ရုတ်တရက် စဉ်းစားမိလာသည်။

ထိုသူမှာ ရန်ကုန်မြို့တွင်လည်းမရှိ၊ နယ်တွင် ရောက်နေသဖြင့် သူ့ကို တွေ့ရန် မလွယ်ကူကြောင်း စဉ်းစားမိသည်။ စာရေးသူမှာလည်း ရုံးတာဝန်များ အလွန် များပြားနေသော ကာလဖြစ်သဖြင့် ထိုသူအား သွားရောက် တွေ့ဆုံရန် အချိန်မရှိ ဖြစ်နေသည်။ သူတို့ကိုယ်တိုင် သွားရောက် တွေ့ဆုံ၍လည်း အကြောင်းထူးမည် မဟုတ်သဖြင့် မည်ကဲ့သို့ ဆောင်ရွက်ပေးရမည်ကို စဉ်းစားရခက်နေသည်။

ဦးတင်ထွတ်တို့ ဇနီးမောင်နှံမှာ သူတို့၏ လူမှုရေးပြဿနာအတွက် အတော်ကလေး စိတ်ဆင်းရဲနေပုံရကြောင်း အကဲခတ်မိသည်။ ပြဿနာပေါ်သော လူများ၏ ထုံးစံအတိုင်း သူတို့၏ အခြေအနေအရပ်ရပ်ကို အသေးစိတ် ပြောပြနေခြင်းကို နားထောင်နေရသည်မှာ အချိန် တစ်နာရီခန့် ကြာမည်ဟုပင် ထင်

သည်။ စာရေးသူက "ဘဝတွင် တွေ့ကြုံ ရင်ဆိုင်ရမည့် ပြဿနာတွေကို တရားနှင့်ယှဉ်ပြီး တွေးတောကြံစည် ဆောင်ရွက်ပါ၊ လူ့ဘဝမှာ လူဖြစ်လာပြီးတဲ့နောက် လူမှုဒုက္ခပြဿနာတွေကို တစ်နည်းမဟုတ်တစ်နည်း ရင်ဆိုင်ရမှာ လောကဓမ္မတာပဲ ဖြစ်ပါတယ်၊ လူတစ်ဦးတစ်ယောက်ရဲ့ကံ၊ ကံရဲ့ အကျိုးဆက်တွေဟာ အလွန်တရာ ဆန်းကြယ်ပါတယ်။ မိမိကိုယ်တိုင်လဲ မသိနိုင်ပါ၊ တွေ့ကြုံလာရမယ့် ပြဿနာတိုင်းကို တရားနဲ့ ဖြေသိမ့်ခြင်းဟာ အကောင်းဆုံးနည်းပါပဲ"ဟု သူတို့စိတ်ချမ်းသာမှုရအောင် ပြောပြလိုက်သည်။ များမကြာမီ သူတို့ဇနီးမောင်နှံသည် နှုတ်ဆက်ပြီး ပြန်သွားကြသည်။

သူတို့ပြန်သွားပြီးနောက် ဤကိစ္စကို ကူညီနိုင်မည့်သူအား မည်သို့မည်ပုံ တွေ့နိုင်လျှင် ကောင်းမည်နည်းဟု စိတ်ထဲတွင် အစဉ်ကြံစည်စိတ်ကူးလျက်ရှိသည်။ တစ်နေ့တွင် မမျှော်လင့်ဘဲ ကိစ္စတစ်ခုဖြင့် အပြင်သွားရင်း ဌာနတစ်ခုသို့ ရောက်သွားလေသည်။ ထိုနေရာဌာနတွင် သူငယ်ချင်းအချို့ရှိသဖြင့် ခေတ္တဝင်ရောက်ခြင်း ဖြစ်သည်။

ထိုနေရာဌာနတွင် ဦးတင်ထွတ်တို့ကိစ္စနှင့်ပတ်သက်၍ အကူအညီတောင်းရန် တွေ့လိုသော ပုဂ္ဂိုလ်တစ်ဦးကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။ စာရေးသူက သူ့ကို ယခင်ကပင် နယ်တွင် ရောက်နေပြီး ရန်ကုန်တွင် မရှိကြောင်း ကြိုတင်သိပြီး ဖြစ်နေသည်။ ယခု ရုတ်တရက် ရန်ကုန်တွင် လာတွေ့ရသဖြင့် အတော်ကလေး အံ့အားသင့်သွားသည်။ "ဟော့–သူငယ်ချင်း မောင်ရင် နယ်မှာ မဟုတ်လား၊ ဘယ်လိုကိစ္စနဲ့ ရန်ကုန်ရောက်နေတာလဲ၊



ကိုယ်လဲ မောင်ရင့်ကို တွေ့ချင်နေတာနဲ့ အတော်ပဲ" ဟု ဝမ်းသာအားရ ပြောလိုက်သည်။ သူက "ကျွန်တော်လဲ ကိစ္စတစ်ခုနဲ့ ရန်ကုန်ရောက်နေတာ၊ ခုနစ်ရက်လောက်ရှိပြီ၊ တစ်ရက်နှစ်ရက်ဆို ပြန်တော့မယ်"ဟု ပြုံးပြုံးရွှင်ရွှင် ပြန်ဖြေသည်။

သူ့ကို စာရေးသူက တစ်နေရာသို့ ခေါ်သွားပြီး "ဦးတင်ထွတ်တို့ ကိစ္စကို အမျိုးချင်းဖြစ်နေသဖြင့် တတ်နိုင်သလို ကူညီပါရန်" အတိုချုံး၍ ရှင်းပြလိုက်သည်။ သူကလည်း ဒါက လူမှုရေးကိစ္စကလေးပါ၊ လူချင်းကလည်း အမျိုးချင်းဖြစ်နေတော့ သူ ပြောလိုက်ရင် ပြီးသွားနိုင်ပါတယ်"ဟု ပြောပြီး လူချင်းခွဲလိုက်ကြလေသည်။

ဆရာတော်ဘုရားကြီးက စာရေးသူနှင့် ဦးတင်ထွတ်ကို တွေ့ဆုံစေလိုက်ခြင်းကို ယခုမှပင် အဓိပ္ပာယ်ပေါက်တော့သည်။ ပိုမိုဆန်းကြယ်သည်မှာ ဦးတင်ထွတ်ကို ကူညီနိုင်သူနှင့် စာရေးသူတို့ သိကြောင်းကိုလည်း ဆရာတော်ဘုရားကြီးက ကြိုတင်သိနေကြပုံရသည်။ ထိုသူနှင့်စာရေးသူတို့မှာ တစ်မြို့တစ်နယ်စီ နေထိုင်ကြသော်လည်း တစ်ဦးနှင့်တစ်ဦး တွေ့ဆုံနိုင်အောင် အခြေအနေတို့က ဖန်တီးပေးလာသည်။ မည်သို့မည်ပုံ ဆက်စပ်ဖြစ်ပေါ်လာသော ဖြစ်ရပ်အကြောင်းတရားများလဲဟု စာရေးသူက စဉ်းစားဆင်ခြင်စဉ်းစားမိသည်။

ခြောက်လခန့်ကြာသောအခါ ဦးတင်ထွတ်တို့ ဇနီးမောင်နှံသည် စာရေးသူထံသို့ ပြုံးရွှင်သောမျက်နှာများဖြင့် ရောက်လာကြ၏။ သူတို့ကိစ္စမှာ အဆင်ပြေသွားသဖြင့် စာရေးသူကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောပြကြသည်။ ထိုကိစ္စအားလုံးမှာ

စာရေးသူ၏ အရည်အချင်း စွမ်းရည်ကြောင့် မဟုတ်ပါ။ ဇာလီတော်ဆရာတော်ဘုရားကြီးနှင့်တကွ ဆရာတော်အရှင်သူမြတ်များ၏ ကျေးဇူးတော်များနှင့် ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် အဆင်ပြေသွားခြင်းဖြစ်ကြောင်း သူတို့အား ရှင်းပြလိုက်လေသည်။

စာရေးသူအား ကျေးဇူးတင်ခြင်းထက် ရတနာမြတ်သုံးပါး၊ ဇာလီတောင်ဆရာတော်ဘုရားကြီးနှင့်တကွ ဆရာတော်အရှင်သူမြတ်များ အရပေါင်းကို သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ကြပါ၊ စာရေးသူအား ပေးကမ်းကျေးဇူးပြုမည့်အစား ထိုကုန်ကျငွေများကို သင်္ကန်း၊ ထီး စသည့် ဝတ္ထုပစ္စည်းများ ဝယ်ပြီး ဆရာတော်ဘုရားကြီးအား လှူဒါန်းပါရန် ပြောလိုက်လေသည်။ ထိုစဉ်က သူတို့ဇနီးမောင်နှံသည် သင်္ကန်း၊ ထီးများ ဝယ်ယူပြီး ဆရာတော်ဘုရားကြီးအား သွားရောက်လှူဒါန်းကြောင်း သိရသည်။ စာရေးသူထံသို့လည်း သင်္ကန်းတစ်စုံ ဝယ်လာပြီး သက်ဆိုင်ရာပုဂ္ဂိုလ်များကို လှူဒါန်းရန် ပေးအပ်သွားလေသည်။

စာရေးသူမှာ ထိုဖြစ်ရပ်ကို စဉ်းစားဆင်ခြင် မှတ်တမ်းတင်မိသည်။ ကျေးဇူးရှင် ဇာလီတောင်ဆရာတော်ဘုရားကြီး၏ အမြော်အမြင် ကြီးမားမှုကို လက်တွေ့သိရသဖြင့် ကြည်ညိုသဒ္ဓါ စိတ်များဖြစ်ပေါ်လာရသည်။ အမှန်ဆိုရသော် ထိုဖြစ်ရပ်ကို အကြောင်းတိုက်ဆိုင်မှုတစ်ရပ် ဖြစ်သည်ဟု ယူဆရန်မှာ မလွယ်ကူလှပေ။

* * *



## အခန်း (၁၇)

## ဇာလီတောင်နှင့် ရှင်ပြုမင်္ဂလာ

၁၉၇၅–ခုနှစ်က ဖြစ်သည်။ ရုံးပိတ်ရက်ဖြစ်သော တနင်္ဂနွေနေ့တစ်ရက်တွင် စာရေးသူလည်း အချိန်အား အနည်းငယ်ရသဖြင့် အိမ်ရှေ့တွင် ထိုင်၍ ပုတီးစိပ်နေသည်။ ထိုစဉ် စာရေးသူ၏ တူဖြစ်သူ မောင်မြင့်အောင်နှင့် ညီ့သည်ဇနီးမောင်နှံတို့ ကားတစ်စီးဖြင့် အိမ်ရှေ့သို့ ရောက်ရှိလာသည်။ အိမ်ပေါ်တက်လာကြသောအခါ၌ တူဖြစ်သူက သူ ခေါ်လာသည့် ညီ့သည်နှစ်ဦးနှင့် စာရေးသူကို မိတ်ဆက်ပေးသည်။

စာရေးသူက ထုံးစံအတိုင်း ဧည့်ခင်လက်ဖက် လာမေးကြသည်ဟုထင်၍ အနီးရှိ နှစ်တစ်ရာပြက္ခဒိန်များ၊ မုန့်ဘီလူးများ၊ သတ်များကို ယူ၍ ရေးသားတွက်ချက်ရန် အဆင်သင့်ပြုလုပ်သည်။

ထိုစဉ် သူတို့တွင် ဖြစ်ပေါ်နေသော ကျန်းမာရေးပြဿနာတစ်ခုကို ဖော်ထုတ်သိရှိရသည်။ ခင်ပွန်းဖြစ်သူက ထိုကိစ္စအတွက် တတ်နိုင်သလောက် ကူညီပါရန် မေတ္တာရပ်ခံသည်။ တတ်သမျှ ပညာဖြင့် နည်းလမ်းရှာကာ အကူအညီပေးလိုက်သဖြင့် စာရေးသူနှင့် သူတို့မှာ ရင်းနှီးခင်မင်သွားကြသည်။

တစ်နေ့တွင် ယောဂီကျင့်စဉ်များအကြောင်းကို ဆွေးနွေးရင်း အလွန်တရာ ထူးဆန်း အံ့ဩဖွယ်ကောင်းသော သူတော်စင်တစ်ပါးအကြောင်းကို သူတို့က ပြောပြလေသည်။ စာရေးသူက ထိုအကြောင်းရပ်များကို စာအုပ်စာတမ်းများရှိရင် လေ့လာလိုပါကြောင်း ပြောသဖြင့် များမကြာမီ စာအုပ်အချို့ယူလာကြသည်။ စာရေးသူလည်း ထိုစာအုပ်များကို ဖတ်ရှုလေ့လာနေစဉ် မိတ်ဆွေတစ်ဦးဖြစ်သော ဦးမောင်မောင် ဆိုသူ ရောက်လာသည်။

ဦးမောင်မောင်မှာ လျှို့ဝှက်နက်နဲဆန်းကြယ်သော ပညာရပ်များကို စိတ်ဝင်စားစွာ လေ့လာတတ်သူတစ်ဦးဖြစ်ပြီး ယောဂီကျင့်စဉ် စသည်များကိုလည်း ဝါသနာပါသည်။

စာရေးသူက ထိုစာအုပ်များ အကြောင်းကို ပြောပြီး အကြောင်းအရာ ဆက်နွှယ်နေသော အခြား စာအုပ်များ ဦးမောင်မောင်ထံတွင် ရှိပါက ခေတ္တငှားပါရန်နှင့် မရှိပါက နိုင်ငံခြားမှ မှာပေးရန် မေတ္တာရပ်ခံသည်။ ဦးမောင်မောင်ကပင် နိုင်ငံခြားသို့ မှာပေးသဖြင့် ၃-လခန့်အကြာတွင် စာအုပ်အတော်များများကို ရရှိစုဆောင်းမိသည်။ တစ်နေ့တွင် စာရေးသူအိမ်သို့ သူငယ်ချင်းတစ်ဦးဖြစ်သော ထင်ရှားသည့် စာရေးဆရာတစ်ဦး ရောက်ရှိလာသည်။ စာရေးသူမှာ နိုင်ငံကျော် စာရေးဆရာတစ်ဦး မဟုတ်သဖြင့် သူ့အား ထိုအကြောင်းဖြစ်ရပ်များကို ဘာသာပြန်၍ စာအုပ်ထုတ်ရန် တိုက်တွန်းသည်။



သူငယ်ချင်း စာရေးဆရာမှာ စာအုပ်များကို ယူသွား ဖတ်ရှုပြီးနောက် ဘာသာရပ်ကို မပိုင်သဖြင့် သူ မရေးသားလိုကြောင်း ပြော၍ စာအုပ်များကို ပြန်ပေးသည်။ ထိုအချိန်ကာလများအတွင်းက စာရေးသူအိမ်သို့ လာရောက်ကြသော နာမည်ရ စာရေးဆရာ မိတ်ဆွေတစ်ဦးနှစ်ဦးကိုလည်း ထိုအကြောင်းအရာများကို အနည်းငယ်ပြောပြပြီး ရေးသားကြပါရန် တိုက်တွန်းသော်လည်း မည်သူမျှ စိတ်ဝင်စားခြင်း မရှိကြပေ။

စာရေးသူမှာ ထိုစာအုပ်များကို ဖတ်ပြီး မည်သူမျှ မရေးသားလိုကြသဖြင့် မိမိဘာသာ ရေးတော့မည်ဟု ဆုံးဖြတ်ကာ အချိန်ရလျှင် ရသလို စတင်ပြန်ဆိုရေးသားသည်။ အကြောင်းအရာများမှာ ထူးဆန်းအံ့ဩဖွယ်ရာကောင်းသဖြင့် အကျဉ်းချုံး ရေးသား ထုတ်ဝေရန် ရည်ရွယ်သည်။ ထိုစဉ်အခါက တပ်တာဝန်အလုပ်များဖြင့် အချိန်အား မရှိအောင် ဖြစ်နေသောကြောင့် စိတ်တိုင်းကျ ပြီးပြည့်စုံသော စာမူတစ်ခု မဟုတ်သည်ကိုကား သတိပြုမိသည်။ အသေးစိတ် ပြန်ဆို ရေးသားပြန်ပါကလည်း အကုန် အကျခံပြီး ထုတ်ဝေမည့်သူ ရှိပါမည်လားဟု သံသယဖြစ်မိသည်။ သို့ဖြစ်၍ ရေးသာရေးရသည်၊ ရေးအား မရှိပါဟု ဆိုချင်သည်။

ရေကျော် ပညာအလင်းပြစာအုပ်တိုက်မှ ဦးခင်မောင်အေးကို သူ့ဆိုင်တွင် စာအုပ်ဝယ်ရင်းမှ ခင်မင်ခဲ့သည်မှာ နှစ်အတော်

ကြာပြီဖြစ်သည်။ သူကလည်း တစ်ခါတစ်ရံ စကားစပ်မိပါက "ဗိုလ်ကြီး ထူးထူးဆန်းဆန်း အကြောင်းအရာလေးများရှိရင် စာမူ တစ်ခုလောက် ပြုစုပေးပါ၊ ထုတ်ဝေချင်ပါတယ်" ဟု စာအုပ် ဝယ်တိုင်း မကြာခဏပြောဖူးသည်။ စာမူကို လက်နှိပ်စက်ရိုက် ပြီးသောအခါ၌ ဦးစွာ ပထမ ကြိုးကြိုးစားစား သူ့ထံသွား၍ စာမူကို ပြသည်။ ဦးခင်မောင်အေးက ထုတ်ဝေရန်အတွက် စိတ် မပါသလို ဖြစ်နေပြန်သည်။ သို့ဖြစ်၍ စာမူကို လက်ဆွဲအိတ်ထဲ ထည့်ကာ ပြန်ခဲ့ရလေသည်။

အခြား ထုတ်ဝေသူ သုံးလေးဦးခန့်ကို သွားရင်းလာရင်း တွေ့သဖြင့် စုံစမ်းထောက်လှမ်းကြည့်သော်လည်း စိတ်ဝင်စားမှု မပြကြပေ။ ကိုယ်တိုင်ထုတ်ဝေရန်မှာလည်း ရင်းနှီးမ,တည်ရန် ငွေမရှိသဖြင့် စိတ်ပျက်စွာဖြင့် စာမူကလေးကို စားပွဲအံဆွဲထဲတွင် ထည့်လိုက်ထားလိုက်တော့သည်။

သို့သော်လည်း စာရေးသူကား အားမလျှော့ပေ။ တွေ့သမျှ စာရေးဆရာ မိတ်ဆွေအချို့အား ထိုစာမူကိစ္စကို စကားစပ်မိ သလို ပြောပြတိုင်း အကြောင်းအရာက စိတ်ဝင်စားစရာ မကောင်း၊ စာရေးဆရာကနာမည်မကြီး စသည်ဖြင့် အမျိုးမျိုးဝေဖန်ချက် ပေးကြသဖြင့် ထိုစာမူကို ထုတ်ဝေရန် စိတ်မကူးတော့ပေ။

နိုင်ငံတကာ စာအုပ်နှစ်ပြပွဲကို ၁၉၇၂-ခုနှစ်တွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း အင်ဖွိုင်းခန်းမတွင် ကျင်းပလေသည်။ ထိုစဉ် စာအုပ်ပြပွဲသွားကြည့်ရာ ချင်းတွင်းစာအုပ်တိုက် ပြခန်းတွင် စာအုပ် များကို ဝင်ကြည့်ရင်း စာအုပ်တချို့ ဝယ်ယူသည်။ ချင်းတွင်း တိုက်မှ ဦးသိန်းလွင်နှင့် စကားစပ်မိပြီး မိတ်ဆွေ ဖြစ်သွား



ကြသည်။ စာရေးသူက မိမိ ပြုစုထားသော စာမူကလေး အကြောင်းကို ပြောပြသည်။ နောက်တစ်နေ့တွင် သူက ရုံးသို့ လိုက်လာပြီး စွန့်စား ထုတ်ဝေမည်ဆိုသဖြင့် စာမူကို ပေး လိုက်လေသည်။ စာအုပ်မှာ ထုတ်ဝေသည့်နေ့က တစ်နာရီခွဲ အချိန်အတွင်း အုပ်ရေ ၃၀၀၀ အချိန်ပိုင်းအတွင်း ကုန်သွား လေသည်။

မိမိ ပထမဆုံး ဘာသာပြန်ပြုစုသော စာအုပ်ကလေး စွံသွား သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရသော်လည်း ချင်းတွင်းတိုက်မှ ပေးကမ်းစွန့်ကြဲသော စာမူခ ကျပ်ငွေငါးထောင်ခန့် ရလိုက် လေသည်။ စာရေးဆရာ တက္ကသိုလ်စိန်တင်က ဆိုလျှင် ဗိုလ်ကြီး တို့များ စွံလိုက်တာ "ကျွန်တော် စာစရေးတုန်းက စာမူခ ငါးရာလောက်သာ ရခဲ့ဖူးပါတယ်။ အခုတော့ ပထမတစ်အုပ် တည်းနဲ့ ငါးထောင်ကြီးများတောင် ရပါလား"ဟု ထောပနာ ပြုလေသည်။

စာရေးသူမှာ စာမူခ ရသော ငွေကလေးကို ကျစ်ကျစ်ပါ အောင် ထုပ်ပြီး အိမ်သို့ ပြန်ခဲ့ကာ ဇနီးဖြစ်သူအား "ဟောဒီမှာဟော့ တို့အဓိဋ္ဌာန်တော့ ပြည့်ပြီ၊ သားကို ရှင်ပြုရမယ်"ဟု ပြောပြီး ဘုရားကျောင်းဆောင်တွင် တင်ထားလိုက်သည်။ ပထမဦးဆုံး အကြိမ် ပြုစုရေးသားသော လုံးချင်းစာအုပ်ဖြစ်သဖြင့် ရသော စာမူခကို သားဖြစ်သူ စိုးဝင်းအောင်အား ရှင်ပြုမည်ဟု နဂိုကပင် ရည်စွယ်ချက်ထားရှိခဲ့ပေသည်။

၁၉၇၆ ခုနှစ် မတ်လတွင် အလုပ်ဌာနမှ ခွင့်တစ်လယူပြီး သားဖြစ်သူ စိုးဝင်းအောင်အား ရှင်ပြုရန် မိသားစု အားလုံး

သရက်မြို့ ဇာလီတောင်သို့ သွားကြလေသည်။ စာရေးသူတွင် သားမွေးစဉ်က ရည်ရွယ်ချက်တစ်ခုရှိပါသည်။ သားဖြစ်သူအား စာရေးသူ ကြည်ညိုလေးစားသော ကျေးဇူးရှင် ဇာလီတောင် ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုပြီး ရှင်မြူစေလိုသည်။ သားရှင်ပြုစဉ် တောင်ပေါ်တွင် ဇနီးမောင်နှံနှစ်ဦး ကုသိုလ်ပွားများ တရားအားထုတ်ရန် စိတ်ကူးသည်။

မြို့ပေါ်တွင် ရှင်ပြုပါက ထုံးတမ်းစဉ်လာအရ ညှော်ခံကျွေးမွေး ပလိဘောဂတွေများပြီး ဦးနှောက်ခြောက်ရမည့် လူမှုဒုက္ခများကိုလည်း မခံစားလိုပေ။ သို့အတွက် သားဆယ်နှစ်သား အရွယ်ခန့်ကပင် ဇနီးဖြစ်သူအား "ဟော့–တို့သူသား ကြီးလာရင် ဇာလီတောင် ဆရာတော်ဘုရားကြီးဆီမှာပဲ သွားပြီး ရှင်ပြုကြမယ်" ဟု တိုင်ပင်ခဲ့ဖူးလေသည်။

ဇနီးသည်ကလည်း "ကိုကို ဒီလိုဆို မြင့်လဲ သဘောကျတယ်၊ မြို့ပေါ်မှာ ရှင်ပြုရင် ထုံးတမ်းစဉ်လာအရ လုပ်ရမည့်ကိစ္စတွေလဲ ငြီးလို့ စိတ်အေးရတယ်" ဟု သဘောတူလိုက်လေသည်။ အထူးသဖြင့် စာရေးသူ၏ ဇနီးမှာ အိမ်ထောင်သက် အနှစ် ၂၀–ကျော်ပြီဖြစ်သော်လည်း တစ်ကြိမ်တစ်ခါမျှ အယူအဆရေးရာများနှင့်ပတ်သက်၍ ဆန့်ကျင်ပြောဆိုခြင်း မရှိခဲ့ပေ။ မည်သည့်ကိစ္စကိုမဆို စာရေးသူ ဆန္ဒအတိုင်းသာ လိုက်လျောဆောင်ရွက်တတ်သော သဘောရှိသည်။ စာရေးသူကလည်း တစ်ကြိမ်တစ်ခါမျှ သူ့ဆန္ဒကို ဆန့်ကျင်သော လူမှုရေးကိစ္စများကို ဆောင်ရွက်ခြင်း မရှိခဲ့ပေ။



အခြား အကြောင်းတစ်ချက်မှာ ဆရာတော်ဘုရားကြီး ကလည်း ရန်ကုန်ကိုမကြွ၊ ပင့်၍လည်း ရလိမ့်မည် မဟုတ်ပေ။ သို့ဖြစ်၍ ဆရာတော်ဘုရားကြီး သီတင်းသုံးရာ သရက်မြို့အနီး ဇာလီတောင်သို့ မိသားစုအားလုံး သွားရောက်ကာ သားကို ရှင်ပြုရန် စီစဉ်ကြလေသည်။ ဆရာတော်ဘုရားကြီးထံသို့ သူငယ်ချင်း ဒါယကာတစ်ဦးကို စေလွှတ်ပြီး စာတစ်စောင် ဆက်ကပ်လှူဒါန်းကာ သားကို ရှင်ပြုချင်ကြောင်းနှင့် ခွင့်ပြုတော်မူပါရန် ကြိုတင် လျှောက်ထားလိုက်သည်။ ဘယ်နေ့ဘယ်ရက် လာမည်ဟူ၍ကား ထည့်သွင်းလျှောက်ထားခြင်း မပြုခဲ့ပါ။ ရှင်ပြုခါနီးတွင် ဆရာတော် ဘုရားကြီးအား လှူဒါန်းရန်အတွက် ပစ္စည်းများ ဝယ်ခြမ်း စီစဉ်ခြင်းဖြင့် မိသားစုအားလုံး အလုပ်များလျက်ရှိကြသည်။ ရှင်ပြုရာတွင် ကုန်ကျစရိတ်အဖြစ် စာမူခရသော ငွေငါးထောင်၊ စုဆောင်းထားသော ငွေငါးထောင်ခန့်နှင့် စုစုပေါင်းတစ်သောင်းနီးပါးခန့် ကုန်သည်ဟု ထင်ပါသည်။

၁၉၇၆–ခု၊ မတ်လ၁၅–ရက်နေ့ တပေါင်းလပြည့်ကျော် တစ်ရက်နေ့တွင် ခရီးထွက်ရန် ကြိုတင်စီစဉ်ကြသည်။ ထို အကြောင်းအရာများကိုမူ ဇနီးဖြစ်သူ ရေးမှတ်ထားသော မှတ်တမ်းမှ တစ်ဆင့် ပြန်လည်ကူးယူဖော်ပြပါသည်။

၁၉၇၆–ခု၊ မတ်လ ၁၅–ရက်နေ့မှာ တပေါင်းလပြည့်နေ့ ဖြစ်သည်။ ကျေးဇူးရှင် ဇာလီတောင် ဆရာတော်ဘုရားကြီး သီတင်းသုံးရာ အောင်လံတစ်ဖက်ကမ်း၊ ဇာလီတောင်သို့ ခရီး ထွက်ကြရမည့် နေ့မြတ်ကြီး ဖြစ်ပေသည်။

အဖိတ်နေ့တစ်ညလုံးမှာ နံနက် ခရီးထွက်ရန်အတွက် ပစ္စည်းများ ထုပ်ပိုးပြင်ဆင်ခြင်း၊ လှူဖွယ်ပစ္စည်းများ မကြွင်းမကျန်ရစ်စေရန် တစ်ခုစီစီစစ်၍ သိမ်းဆည်းထည့်ခြင်းဖြင့် မအားမလပ်နိုင်အောင်ရှိသည်။ မည်သို့ပင်ဖြစ်စေ၊ တစ်ဦးတည်းသောသားကို သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်၍ ရှင်သာမဏေပြုစေမည့် ခရီးစဉ်ဖြစ်သဖြင့် မိဘများအနေနှင့် မောရမှန်းပင် မသိပါ။

လပြည့်နေ့ နံနက် ၄–နာရီခန့် အိမ်သို့အရောက်လာရန် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးမှ စီးလုံးငှားထားသော ဟီးနိုးကားမောင်းသူကို မှာထားသည်။ ထိုနေ့ညတွင် အိပ်ရသည်ဟူ၍ မရှိလှပါ။ စိတ်က စောနေသဖြင့် ၄–နာရီမထိုးမီ ကြိုတင် အဆင်သင့်ဖြစ်စေရန် ပစ္စည်းများနှင့်တကွ မိသားစုအားလုံး ပြင်ဆင်ထားကြသည်။ လိုအပ်သော လှူဖွယ်ပစ္စည်းများ မကျန်အောင် သတိထားနေရသကဲ့သို့ ကလေးတွေအဖေ ကြိုက်တတ်သည့် ကွမ်းအစ် ကလေးလည်း ပါအောင် ဂရုစိုက်ရသေးသည်။

မှာထားသော အချိန်အတိအကျပင် ဟီးနိုးကားရောက်လာသည်။ ပြင်ဆင်ထုပ်ပိုးထားသောပစ္စည်းများ တစ်ခုမကျန်စေရအောင် ကားပေါ်သို့ သယ်တင်ကြသည်။ သားမှာ သူ့ပွဲဖြစ်သဖြင့် ရွှင်လန်းဖျတ်လတ်နေသကဲ့သို့ သမီးငယ်ကလေးမှာလည်း သူချစ်သော ခေါင်းအုံးငယ်ကလေးကို မကျန်ရစ်ရအောင် ရင်တွင်ပိုက်လျက် ကိုယ်နှင့်မကွာ အပါယူဆောင်ရှာသည်။ ကလေးများမှာ တစ်ကြိမ်တစ်ခါမျှ ဤကဲ့သို့သော မိသားစုနှင့် သိုက်သိုက်ဝန်းဝန်း ခရီးမသွားဖူးသေးသဖြင့် ရွှင်လန်းသော မျက်နှာကလေး



များမှာ ကြည်လင်လျက်ရှိနေကြသည်။ အထူးသဖြင့် အဘွား (ကျွန်မ၏မိခင်) ပါ မြေးရှင်ပြုပွဲအတွက် လိုက်ပါလာသဖြင့် အစစအရာရာ စားရေး သောက်ရေးမှအစ အားကိုးရသော အဘွား အနားမှာ ရှိနေသဖြင့် ပို၍ပင် ပျော်ရွှင်နေကြပုံရသည်။

အရုဏ်ကျင်း၍ အလင်းရောက်ရန်အချိန်မှာ များစွာ စောနေသေးသဖြင့် ကိစ္စအထူးအထွေရှိ၍ သွားကြလာကြသော ကားတစ်စီးတလေမှ လွဲ၍ လူသွားလူလာမရှိ၊ ကားလမ်းတစ်လျှောက်မှာ ဓာတ်မီးတိုင်ရှိ အလင်းရောင်မှလွဲ၍ မှောင်မည်းတိတ်ဆိတ်လျက် ရှိနေပေသည်။ နံနက်စောစောဖွင့်သော လက်ဖက်ရည်ဆိုင်ကလေးများနှင့်တကွ သဘော်ဆိပ်၊ ရထားဘူတာ စသည်သို့ သွားရန် ကိစ္စရှိသူအချို့လောက်ကိုသာ တစ်ခါတစ်ရံ ဖြတ်သန်းသွားကြသည်ကို တွေ့ရသည်။

ကားမှာ ကမ္ဘာအေးမှ စထွက်၍ ရှစ်မိုင်မှတစ်ဆင့် ပြည်လမ်းမကြီးအတိုင်း ပြေးလျက်ရှိရာမှ ကလေးများမှာ ပါလာသော မုန့်များကိုစားရင်း အပြင်မှ တွေ့မြင်သမျှ ရှုခင်းကိုကြည့်၍ လိုက်ပါလာကြသည်။ ဆောင်းနှောင်းကာလ၏ အအေးဓာတ်မှာ အငွေ့အသက်မျှ ကျန်ရှိနေသေးသဖြင့် ကားပြတင်းပေါက်မှ တိုးဝင်လာသော လေအေးမှာ တစ်ချက်တစ်ချက် စိမ့်၍ စိမ့်၍ ချမ်းသလို ရှိလာသည်။ ကလေးများ အအေးမိမည်စိုး၍ အနွေးထည်မှ ကြယ်သီးများကို လုံအောင် စေ့အောင် တပ်ပေးရသည်။

ရန်ကုန်နယ်နိမိတ်အလွန်လောက်တွင် ကားလမ်းတစ်ဖက်တစ်ချက်တွင်ရှိသော ခြံများရှိ သရက်ပင်ဟုထင်ရသော အပင်များအောက်တွင် မီးအုပ်ကလေးများဖြင့် ကလေးငယ်အချို့ကို

တွေ့မြင်ရသဖြင့် ညက ကြွေသော သရက်သီးကောက်နေသည်ဟု မှန်းဆမိသည်။ ထိုစဉ် ကျွန်မတို့ ဇာတိမြေ မအူပင်အပိုင် လက်ခုပ်ပင်ရွာကလေးတွင် နေစဉ် ကလေးဘဝက ကျွန်မ အစ်မကြီးနှင့် နှစ်ယောက် မနက် မိုးမလင်းခင် ဗီ့.အုပ်ကလေးနှင့် အဘွားခြံထဲက သရက်ပင်အောက်မှာ အိပ်ရေးပျက်ခံ၍ သရက်သီးကောက်ခဲ့ဖူးသည့် အတိတ်ကာလ ဖြစ်ရပ်ကလေးများကို တရေးရေး မြင်ယောင်မိပြန်သည်။

မကြာမီ အရုဏ်ကျင်း၍ တဖြည်းဖြည်းလင်းစပြုလာသည်။ နေထွက်ချိန်ဖြစ်သော်လည်း မြူခြေဆိုင်းနေသဖြင့် နံနက် ၁၀ နာရီခန့် အချိန်အထိ နေရောင်ခြည်ကို မမြင်ရပါ၊ ၁၁ နာရီ ကျော်လာပြီဖြစ်သဖြင့် 'အင်းမ'သို့ရောက်လျှင် ပါလာသော ထမင်းချိုင့်များကို ဖွင့်စားသူကစား၊ ဆိုင်တွင် ဝယ်စားသူက ဝယ်စားစသည်ဖြင့် ဝမ်းဖြည့်ကြရသည်။

မြူရှင်းသွားပြီဖြစ်၍ နေမှာ တဖြည်းဖြည်းပူပြင်းလာသည်။ အညာဒေသများသို့ ချင်းနင်းဝင်ရောက်လာပြီဖြစ်သဖြင့် ကားလမ်းဘေး တစ်ဖက်တစ်ချက်တွင် ထန်းပင်များ၊ ဆီးချုံများကိုသာ အများဆုံး တွေ့ရသည်။ ပပ်ကြားအက်နေသော ကွင်းပြင်တစ်လျှောက်မှာ နေပြင်းလာသည်နှင့်အမျှ အပူရှိန်တံလှပ်များ တရိပ်ရိပ်တက်နေသည်။ ဟိုနား သည်နား တစ်အိမ်တလေဆောက်ထားသော တဲငယ်ကလေးများနှင့် ပူပြင်းသော နေရောင်အောက်တွင် ဝမ်းရေးအတွက် သွားလာလှုပ်ရှားနေသော အညာသူ အညာသား အချို့ကို တွေ့မြင်ရသဖြင့် သူတို့၏ ဘဝကို စာနာသနားမိသည်။ ထိုစဉ် ပြည်မြို့သို့ရောက်ရှိလာရာ ရောက်



တုန်း ရောက်ခိုက်မို့ ရွှေဆံတော် မြတ်ဘုရားကို အချိန်လု၍ ဝင်ရောက် ဖူးမြော်လိုက်ကြသေးသည်။

ကားဆရာမှာ အောင်လံသို့ ရောက်လိုဇောဖြင့် အားစိုက်မောင်းလာခဲ့ရာ ခရီးအတော်ပင် တွင်လာခဲ့သည်။ အနီးအဝေးရှိ တောင်ကမူကလေးများပေါ်တွင် တည်ထားသော ထုံးရောင်ဖွေးဖွေး စေတီကလေးများမှာ ဝေး၍ ဝေး၍ ကျန်နေရစ်ခဲ့ကြသည်။ ဤမျှရေရှားသော၊ ခေါင်သော၊ ပူပြင်းသော၊ ခက်ခဲသော နေရာဒေသတွင် မဖြစ်–ဖြစ်အောင် စေတီ တည်ထားကိုးကွယ်ကြသော ပါရမီရှင်တို့၏ သဒ္ဓါတရားထက်သန်မှုကို လေးစားမိပြန်သည်။ ပူလှ၊ အိုက်လှ၊ ရေငတ်လှသည့်ကြားမှ နေ့ခင်းကြောင်တောင် သစ်ရွက်ခြောက်များ မီးခိုးတလူလူဖြင့် မီးလောင်နေသည်များ တွေ့ရပြန်သဖြင့် ပူပြင်းမှုကို ပိုမို လေးနက်အောင် သရုပ်ဆောင်နေသကဲ့သို့ ရှိပြန်သည်။

မကြာမီ အောင်လံအနီးသို့ တရွေ့ရွေ့ချဉ်းကပ်ရောက်ရှိလာပြီဖြစ်ရာ အောင်လံတစ်ဖက်ကမ်းရှိ ဇာလီတောင်ဆရာတော်ဘုရားကြီး သီတင်းသုံးရာ တိုက်ကျောင်းကို တောင်ထိပ် သင်ပင်များကြားမှ မှုန်ပျပျ စတင်တွေ့မြင်ရသဖြင့် ဆရာတော်ဘုရားကြီးအား ရည်မှန်းဦးချကန်တော့ရပါသည်။ မကြာမီ နာရီပိုင်းအတွင်း ဆရာတော်ဘုရားကြီးထံပါးသို့ ရောက်ရှိတော့မှာပါလားဟု ဝမ်းမြောက်ပီတိ ဖြစ်မိသည်။

ညနေ သုံးနာရီခန့်တွင် အောင်လံသို့ရောက်ရှိလာရာ မိတ်ဆွေတစ်ဦးအိမ်တွင် ခေတ္တအနားယူကြပြီး ညနေ လေးနာရီခန့်တွင်မှ အောင်လံတစ်ဖက်ကမ်းသို့ လှေငှား၍ ကူးကြရသည်။

မိသားစုနှင့်တကွ ဆွေမျိုးမိတ်ဆွေ ၂၀–ယောက်ခန့် ပါရှိသဖြင့် လှေနှစ်စင်းခွဲ၍ စီးကြရသည်။ တစ်ဖက်ကမ်းသို့ ဆိုက်ရောက်လျှင် လေးသောပစ္စည်းများကို လှည်းဖြင့်လည်းကောင်း၊ ကျန်ပစ္စည်းငယ်ကလေးများကို မိမိတစ်နိုင်စီ သယ်ပိုးလျက်လည်းကောင်း ဇာလီတောင်ပေါ်ရှိ ဆရာတော်ဘုရားကြီး ထံမှောက်သို့ အရောက် သွားကြရန် ခရီး စတင် ကြရသည်။ ရောဝတီ ကမ်းစပ်သောင်ပြင် တစ်လျှောက်မှာ အလွန်ကျယ်ပြန့်လှပြီး သဲများမှာ ခြေကျင်းဝတ် မြုပ်လောက်အောင် ထူထပ်လျက် ရှိသည်။ ခြေထောက်များမှာ သဲတွင် နစ်၍ နစ်၍နေသဖြင့် ခရီးမတွင်ဘဲ ခြေလှမ်းတိုင်း အားစိုက်ကာ ရုန်းကန်၍ သွားကြရသည်။

သဲသောင်ပြင် လွန်မြောက်၍ အနည်းငယ် လျှောက်လျှင်ပင် တိမ်ကောစ ပြုနေပြီး ဖြစ်သော ချောင်းရိုးကလေးကို ဖြတ်ကြရသည်။ ထိုနောက် ယာခင်း စိုက်ခင်းများ ဖြတ်ကျော်၍ လာခဲ့ကြရာ ခရမ်းပင်၊ ငရုတ်ပင်၊ ဖရဲပင်၊ ခရမ်းချဉ်ပင်တို့မှာ ခူးပြီး ဆွတ်ပြီး အကြွင်းအကျန်လောက်သာ အနည်းအပါး ကျန်နေသည်ကို တွေ့ရသည်။ 'အပင်ကြီးသော်လည်း၊ အသီးသေးသည်ညောင်၊ အမြင့်နီးသော်လည်း ခရီးဝေးသည့်တောင်' ဟူသော စကားအတိုင်းပင် ဆရာတော်ဘုရား သီတင်းသုံးသည့် တောင်ပေါ်မှ တစ်စွမ်းတစ်စ ထိုးထွက် ပေါ်လွင်နေသည့် တိုက်ကျောင်းကြီးကို မြင်တွေ့နေရသည်ဖြစ်ရာ ၁၅–မိနစ်ခန့် လျှောက်လျှင် ရောက်လိမ့်မည် ထင်ရသည်။ သို့သော်လည်း သဲသောင်ပြင်၊ ချောင်းရိုးလေးနှင့်တကွ ယာခင်းများ၊ တဲစု



ကလေးများ၊ လမ်းကျဉ်းကလေးများ အတိုင်း ဖြတ်ကျော်ကွေ့ပတ်၍ လျှောက်လာခဲ့ရသဖြင့် ညနေ နေဝင်ရီတရော အချိန်ရောက်မှပင် ဇာလီတောင်ခြေသို့ ချဉ်းကပ်မိတော့သည်။ တောင်ပေါ်သို့ ကွေ့ပတ်သော လမ်းကလေးအတိုင်း တက်လိုက်လျှင်ပင် သင်းပျံ့သော တမာပန်း ရနံ့ကလေးများက ကြိုဆိုနှုတ်ဆက်လျက် ရှိတော့သည်။

နောက်နေ့မှစ၍ 'သား'သည် သရဏဂုံ သက်နိုးတောင်းစသည်တို့ကို ဌာန်းကရိုဏ်းကျကျ ရွတ်ဖတ်နိုင်ရန် ဦးပဥ္စင်းထံတွင် သင်ယူသည်။ ယခင်အိမ်မှာ နေစဉ်ကတည်းက ကြိုတင်ကျက်မှတ်ထားသဖြင့် မကြာမီအချိန်အတွင်းမှာပင် အားလုံးကို ကောင်းစွာ ရွတ်ဖတ်နိုင်တော့သည်။ ဆရာတော်ကြီးသည် သားအား ရှင်မပြုမီ ကြိုတင်၍ ခေါင်းတုံးရိတ်ထားစေသည်။ သားအား ရှင်သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်း ချီးမြှင့်ရန် နေရာကို ဓမ္မာရုံတွင် ပြုလုပ်ရန် သတ်မှတ်ပေးသည်။

သာမဏေပြုပေးမည့်ရက်တွင် ဆရာတော်ကြီးသည် ဓမ္မာရုံနှင့် ပတ်ဝန်းကျင်ကို သန့်ရှင်းသပ်ရပ်မှု ရှိမရှိ စစ်ဆေးကြည့်ရှုတော်မူသည်။ ပြုလုပ်ဆောင်ရွက်ရန် လိုအပ်ချက်များကို ကိုယ်တိုင် စီစဉ် ညွှန်ကြားတော်မူသည်။ အလွန်စည်းကမ်းစနစ်ကြီးသော ဆရာတော်ကြီးဖြစ်၍ သတ္တဝါတို့၏စရိုက်နှင့်အညီ ဟောပြောသွင်သင် ဆုံးမတော်မူချက်များမှာ တစ်သက်တာ လိုက်နာ ကျင့်ကြံအားထုတ်ရမည့် နည်းလမ်းကောင်းများပင် ဖြစ်သည်။ ဤမျှ အကျင့်သီလ သမာဓိနှင့် ပြည့်စုံတော်မူသော ဆရာတော်ဘုရားကြီး

ကိုယ်တိုင် ဥပဇ္ဈာယ် ဆရာ အဖြစ် ရှင်သာမဏေ ပြုပေးသည့်အတွက် ရင်တွင်း၌ ဖြစ်ပေါ်သော ကျေနပ် ဝမ်းမြောက်မှု ပီတိ၏ အတိုင်းအတာကို ဖော်ပြနိုင်စွမ်းပင် မရှိတော့ပါ။

ရင်းနှစ်သည်းချာ သားရတနာအဖို့ စိုပြည်သော အသား၊ ရွှေဝါရောင် သင်္ကန်းနှင့် စိမ်းနေသော ဦးပြည်း ကတုံးတို့မှာ ကျက်သရေ ရှိလှ၍ ရှုမငြီးဖွယ် တင့်တယ်လှဖြင့် မိဘတို့၏ ရင်တွင်းဝယ် မဖော်ပြနိုင်လောက်အောင် ကျေနပ် သဘောကျလျက် ရှိနေမိကြသည်။ အလွန်တရာ ကြည်ညိုလေးစားရပါသော ဆရာတော်ဘုရားကြီးမှာ အညိုရောင်သင်္ကန်းကြီးဖြင့် တရားမမွှေ ဟောကြား ဆုံးမတော်မူလျက် ရှိပေသည်။

ထိုနေ့တွင် တောင်ပေါ်ရှိလူများနှင့် လာရောက်သမျှ ဧည့်သည်များအား ထမင်းကျွေးကာ အလှူဒါနပြုကြသည်။

ဆရာတော်ဘုရားကြီးသည် သား ရှင်သာမဏေအား ဝိနည်းတော်နှင့်အညီ ကျင့်ကြံ အားထုတ်စေသည်။ တောင်ပေါ်တွင် ချက်ပြုတ်ကပ်လှူသော ဆွမ်းကိုချည်း အားထား၍ ဆွမ်းဘုဉ်းပေးခြင်းကို ခွင့်ပြုတော်မမူဘဲ ကိုယ်တိုင်ကြွ၍ လှည့်လည်ဆွမ်းခံစေသည်။ ပထမနေ့တွင် ဆွမ်းခံကြွရာတွင် နယ်ကျွမ်းသော ကိုရင်ရှင်မဟိန္ဒကို ဦးဆောင်ကြွစေ၍ လမ်းပြပေးရန် စေလွှတ်တော်မူသည်။

ဇာလီတောင်ပတ်ဝန်းကျင်ရှိ ရွာကလေးများမှာ တောင်ခြေရင်းတွင် ကပ်နေသည် မဟုတ်ဘဲ ရွာကလေးများသို့ ရောက်ရှိအောင် အတော်ပင် လျှောက်ရသေးသည်။ ရွာဟုဆိုရသော်လည်း ရွာကလေးဆိုရရုံ အများဆုံး အိမ်ခြေ ၁၀–အိမ်မျှသာရှိသော



ရွာကလေးဖြစ်သည်။ ပထမဆုံးနေ့တွင် အုတ်ပုံရွာသို့ ကြွ၍ ဆွမ်းခံရန် စေလွှတ်တော်မူသည်။ ရှင်မဟိန္ဒမှာ ရှေ့က ဦးဆောင်ကြွလျက် သားကိုရင် ရှင်စိန္တာမဏိမှာ သပိတ်ကလေးပိုက်လျက် လိုက်ရသည်။ သား၏နောက်တွင်ကား ကျွန်မ၏ မောင်တော် စပ်သူ မောင်လှတင်မှာ တောင်ဝှေးတုတ်တစ်ချောင်းနှင့် ကပ္ပိယအဖြစ် လိုက်ပါသွားသည်။

သားမှာ ခုနစ်တန်းဖြေပြီးခါစ အသက် ၁၂–နှစ်ကျော်ကျော်မျှသာ ရှိသေးသည်။ မွေးစကတည်းက မြို့မှာနေ၍ မြို့မှာ ကြီးပြင်းလာရသူဖြစ်ရာ တောတောင်ခရီးကြမ်းကို တစ်ကြိမ်တစ်ခါမျှ သွားရောက်ခဲ့ဖူးခြင်း မရှိသေးပေ။ ဆွမ်းတစ်လုတ်ဘုဉ်းပေးနိုင်ရန် မည်မျှ ခက်ခဲပင်ပန်းစွာ ကြိုးပမ်းရသည်ကို ဝိနည်းအတိုင်း အသိပညာပေးသော ဆရာတော်ဘုရားကြီး၏စည်းစနစ်ကို အလွန်ကျေနပ်သဘောကျမိပါသည်။

ရဟန်းတို့၏ ကျင့်ဝတ်နည်းလမ်းအတိုင်း မိမိခြေသလုံးကို အမှီပြုလျက် ဆွမ်းခံပြီး ဘုဉ်းပေးရခြင်း၊ ဆွမ်းခံကြွရာတွင် ဣန္ဒြေကို စောင့်ထိန်းလျက် ရှေ့တူရူ လေးတောင် အကွာအဝေးလောက်ကိုသာ ကြည့်ရှုစေခြင်း စသော သိက္ခာပုဒ်များမှာ ရဟန်းတို့အဖို့ အလွန် အကျိုးကျေးဇူး များစေသော အချက်များ ဖြစ်ပေသည်။

ဆွမ်းတစ်နပ်မျှ ဘုဉ်းပေးရန်အတွက် တွေ့ကြုံရသည့်အခက်အခဲ ဒုက္ခကို သိရှိနိုင်ပြီး ဝိနည်းအတိုင်း သိက္ခာပုဒ်ကို စောင့်စည်းလျက် ကြွလှမ်းရသဖြင့် တစ်နည်းအားဖြင့် တရားကို ကျင့်ကြံအားထုတ်ခြင်းပင် ဖြစ်ပေသည်။ အချိုအချဉ် အငန်အစပ် သပိတ်

တွင်း လောင်းထည့်လှူဒါန်းသမျှ ဆွမ်း၊ ဆွမ်းဟင်း၊ မုန့်တို့ကို ဘုဉ်းပေးရခြင်းမှာလည်း ရသတဏှာကို ပယ်ဖြတ်စေ၍ တရားကျင့်နိုင်ရုံ အာဟာရဖြည့်ရသည့် သဘောကို သိရှိနိုင်ပေသည်။

သားကိုရင်တို့မှာ သာယာအေးချမ်းသော ဇာလီတောင်၏ နံဘေး၊ ကွေ့ပတ်ဆင်းသော လမ်းကလေးအတိုင်း ကြွဆင်းသွားကြရပေသည်။ ပတ်ဝန်းကျင် တစ်ခွင်လုံးတွင် ကျွန်းပင်၊ ဝါးပင်၊ တမာပင် စသည်တို့ ပေါက်ရောက်လျက် ရှိပေရာ တောလမ်းကလေးအတိုင်း မျက်စိတစ်ဆုံး ကြည့်ရှုနေမိရာမှ သားတို့မှာ တဖြည်းဖြည်း သစ်ပင်များကြားတွင် ပျောက်ကွယ်သွားတော့သည်။

ဆရာတော်ဘုရားကြီး၏ တိုက်ကျောင်းနှင့် ခပ်လှမ်းလှမ်း တောင်စောင်း တစ်နေရာတွင် ဆရာတော်ဘုရားကြီး တည်ထားတော်မူသော တောင်ဦးစေတီတော်မြတ် တည်ရှိရာ ထိုနေရာမှ လှမ်းမျှော်ကြည့်လျှင် တောင်ခြေမှ အနီးအနားရှိ ရွာကလေးများအထိ မှုန်ပျပျ တွေ့မြင်နိုင်ပေသည်။ သို့ဖြစ်ရာ သားကိုရင် ကြွရာလမ်းကို မြင်ရလိုမြင်ရငြား တောင်ဦးစေတီ ခြေတော်ရင်းသို့ အပြေးအလွှား သွားရောက် လှမ်းမျှော် ကြည့်မိကြသည်။

မျှော်လင့်သည့်အတိုင်းပင် တောင်ခြေမှ ခပ်ဝေးဝေးတစ်နေရာတွင် ရွှေရောင်သင်္ကန်းများ ဝတ်ရုံထားသော သပိတ်ပိုက်ထားသည့် ကိုရင်ကလေး နှစ်ပါးနှင့် တုတ်တစ်ချောင်းကိုင်လျက် နောက်မှ ထက်ကြပ်မကွာ လိုက်ပါလျက်ရှိသော ကပ္ပိယတစ်ဦးတို့သည် ကိုင်းပင်များကြား ရိုးပြတ်တစ်နေရာကို တရွေ့ရွေ့ဖြတ်ကျော်လျက် ရှိကြသည်ကို တွေ့မြင်နေရပေသည်။ သစ်ပင်ကိုင်း



ပင်များ ကြားမှ ပေါ်လာလိုက်၊ ပျောက်သွားလိုက်နှင့် ဝေး၍ဝေး၍၊ သေး၍ သေး၍ သွားသော ရုပ်ဆင်းသဏ္ဌာန်ကလေးများမှာ အရိပ်ကောင်းသော သစ်ပင်ကြီးများလည်း ရှိနေသဖြင့် တဲစုတစ်နေရာသို့ အရောက်တွင် ငါးမိနစ်မျှ ပျောက်ကွယ်လျက် ရှိပေသည်။

သားတို့ ဘယ်နေရာ ဘယ်လမ်းကများ ကြွသွားကြပါလိမ့်ဟု ပတ်ဝန်းကျင် နေရာအနှံ့ ရှာဖွေကြည့်ရှုနေစဉ်မှာပင် မမျှော်လင့်ဘဲ ဝေးလှသော ကွင်းပြင်ကြီးတစ်နေရာတွင် ဝါဝါအစက်အပြောက်ကလေးနှစ်ခုနှင့် ဖြူဖြူအစက်ကလေးတစ်ခုမှာ တစ်ဖက်ရွာရှိရာသို့ အတန်းလိုက် တဖြည်းဖြည်း ရွေ့လျားလျက် တောအုပ်ကလေးတစ်နေရာသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်ကို တွေ့မြင်လိုက်ရသည်။

ဘဝတစ်သက်တာတွင် ယနေ့အထိ တွေ့ကြုံရသော ဣဋ္ဌာရုံများတွင် သားကိုရင် ဆွမ်းခံကြွသွားသည့် ရုပ်အသွင်လောက် လှပသော၊ တင့်တယ်သော မြင်ကွင်းမျိုးကို မမြင်မတွေ့ဖူးသေးပါဟု ဝန်ခံချင်ပါသည်။ ကိုယ်တိုင် ဝမ်းနှင့် လွယ်၍ မွေးထားရသော သားပေကိုး၊ ကြည်ညိုလေးစားလှသော ဆရာတော်ကြီးက ဉပဇ္ဈာယ်ပြုပေးခြင်း၊ ချွေးနဲ့စာငွေဖြင့် အကုန်အကျခံ လှူဒါန်းရခြင်း၊ ပထမဆုံး သားကို ဘုရားရှင်၏ သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့် ရဟန်းသာမဏေပြုစေရခြင်း၊ အမြတ်ဆုံးသော အလှူဒါနတစ်ခု ဖြစ်ခြင်း၊ တစ်ဦးတည်းသော သားဖြစ်ခြင်း၊ မြင့်မြတ် အေးချမ်းသော နေရာဒေသဖြစ်ခြင်း၊ သာယာကြည်လင်သော အချိန်ရာသီဖြစ်ခြင်း၊ သဒ္ဓါစိတ်များ အဆက်မပြတ်

ယိုဖိတ်နေခြင်း ဤသို့သော အကြောင်းများကြောင့် ရဟန်းဒါယကာ၊ ရဟန်းဒါယကာမဖြစ်ရသော မိဘနှစ်ပါးမှာ အတိုင်းအဆမရှိ မည်မျှ ပီတိဖုံးလျက် ရှိကြမည်ကို မှန်းဆကြည့်နိုင်ပါသည်။

မျက်စိ၏ အင်အားအစွမ်းသတ္တိ ရှိသမျှကို အသုံးပြုလျက် သားကိုရင် ဆွမ်းခံကြွသွားသည်ကို မျက်စိတစ်ဆုံး လှမ်းမျှော်ကြည့်ပြီးနောက် အားမရနိုင်သေးဘဲ မှန်ပြောင်းတစ်ခု ယူခဲ့မိရင် ဒီထက်ပိုပြီး မြင်ရဦးမှာဟု တွေးမိပါသေးသည်။ ထိုခဏ၌ပင် ကိုရင်တို့ ပြန်ကြွလာလျှင် ဇရပ်မှ စောင့်၍ ဆွမ်းလောင်းရဦးမည်ကို သတိရကာ ကြိုတင်ပြင်ဆင်ထားနိုင်ရန်အတွက် ဇရပ်သို့ အလျင်အမြန် ပြန်ရသည်။ နံနက်စောစောကပင် မြတ်စွာဘုရားကို ဆွမ်းကပ်ပြီးဖြစ်၍ ဆရာတော်ဘုရားအတွက် ဆွမ်းများကို သီးခြားဦးဖယ်ထားလိုက်သည်။

သားမှာ သားငါးကို မကြိုက်၊ ပဲ၊ အာလူး စသည့် အသီးအနှံ အသက်လွတ် အစားအသောက်ဟင်းများကိုသာ ကြိုက်နှစ်သက်သဖြင့် ဆရာတော်ကြီးအတွက် ဆွမ်းဟင်းများ၊ သားအကြိုက်ဆွမ်းဟင်းများကို အဘွားလုပ်သူနှင့်အတူ နံနက်စောစောထ၍ ချက်ပြုတ်ထားပေသည်။ လောင်းလှူမည့် ဆွမ်း၊ ဆွမ်းဟင်းများကို အသင့်ပြင်လျက် ကိုရင်တို့ ပြန်ကြွလာမည့်လမ်းကို လှမ်းမျှော်စောင့်စား ကြည့်ရှုလျက်နေမိသည်။

လာပါပြီ၊ သားကိုရင်တို့ တောင်စောင်းမှ လမ်းကလေးအဟိုင်း ပြန်ကြွလာကြပါပြီ၊ ဇရပ်မှ အမေနှင့်အဘွားကလည်း လောင်းလှူမည့် ဆွမ်းဗန်းတပြင်ပြင်နှင့် ကိုရင်တို့မှာ ဇရပ်ရှေ့တွင်



ရပ်၍ သပိတ်ကို ဖွင့်၍ ဆွမ်းလောင်းလှူမှုကို ခံယူသည်။ ဦးဆောင်လာသော ကိုရင်ရှင်မဟိန္ဒာမှာ ဆွမ်းခံကြွခြင်း အလေ့အကျင့်ရှိပြီးသူဖြစ်၍ ဣန္ဒြေနှင့် ကြွလာနိုင်ပေသည်။ သို့ရာတွင် ကိုရင်နှစ်ပါးနှင့်ကပ္ပိယမှာ သက်နှုံးများ၊ အဝတ်များတွင် ချွေးများ ရွှဲနစ်လျက်ရှိကြသည်။

သား ကိုရင်မှာမူ သူများထက်ပိုသည်။ နေကလည်းပူ၊ ခရီးကလည်းကြမ်း၊ ဝေးကလည်းဝေး၊ မြေပြန့်တောက်လျှောက်လည်း မဟုတ်၊ အလေ့အကျင့်ကလည်း မရှိ၊ ကျင့်ဝတ်သိက္ခာအတိုင်းကလည်း လိုက်နာရသေး၊ ဆွမ်းခံအပြန် တောင်ခြေရောက်ပြီးခါမှ တောင်ပေါ်အရောက် ပြန်တက်ရသေး စသည်ဖြင့် ဆွမ်းတစ်နပ်အတွက် ဒုက္ခကိုသိရှိလာပြီးဖြစ်သည့်ပြင် ခြေထောက်များကနာ၊ ချွေးများလည်း သင်္ကန်းထစ်တည်လုံး ရွှဲရွှဲစို၊ မောလွန်းလို့ ဟောဟဲ ဟောဟဲနှင့် ရေကလည်း ငတ်သေး။

သို့ဖြင့် ဇရပ်ရှေ့တွင်ရပ်ရင်း ဆရာတော်ကြီး၏တိုက်ကျောင်းသို့ အမြန်ရောက်၍ နားလိုဇောဖြင့် သပိတ်ကို ဖွင့်လျက် "မြန်မြန်လောင်းပါ၊ မြန်မြန်လောင်းပါ" ဟူ၍ ပြော ှာသည်။

သားကိုရင်ကလေးမှာ ကြည်ညိုစရာ၊ ချစ်စရာ၊ သနားစရာကလေး ဖြစ်သော်လည်း ရင်တွင်းဝယ် ားဝ၏ အခက်အခဲအတွေ့အကြုံရှိမှု၊ ဝိနည်းအတိုင်း ဆောင်ရွက်ရမှုများကို များစွာကျေနပ်သဘော ကျမိပါသည်။ ရန်ကုန်တွင် ရှင်ပြုပေးလျှင် ဤအတွေ့အကြုံများကို မည်သည့် နည်းနှင့်မျှ ရရှိနိုင်လိမ့်မည် မဟုတ်ပါ။

ဆွမ်းလောင်းပြီး၍ ကိုရင်နှစ်ပါးမှာ သပိတ်ကိုယ်စီ ပိုက်လျက် ကျောင်းကြီးပေါ်သို့ အရောက် ခပ်သုတ်သုတ် ကြွသွားကြသည်။ ကျောင်းပေါ်သို့ကား ကျွန်မတို့ လိုက်မကြည့်ရပါ၊ နောင် သားရဲ့ပြောပြချက်အရ သိရသည်မှာ ကျောင်းပေါ်သို့ ရောက်လျှင် ဆွမ်းခံ၍ ရရှိသော ဆွမ်းနှင့် ဆွမ်းဟင်းများမှ ဦးစွာဖယ်၍ ဘုရားဆွမ်းတော်ကပ်ရသည်။ ပြီးလျှင် ဆရာတော်ကြီးအတွက် ဆွမ်းဦးဖယ်ရသည်။ ထိုနောက် သောက်ရေဖြည့်ခြင်း၊ တံမြက်လှည်းခြင်း စသည့် ကျောင်းဝေယျာဝစ္စများကို ဆောင်ရွက်ပြီးမှ ဆွမ်းဘုဉ်းပေးရသည်။

ဇာလီတောင်ပတ်ဝန်းကျင်ရှိ ရွာကလေးများ၊ တဲစုကလေးများတွင် နေထိုင်ကြသူများမှာ ဆင်းရဲသား တောင်သူယာလုပ်များဖြစ်၍ ပဲဟင်း၊ အာလူးဟင်း၊ ခရမ်းချဉ်းသီးဟင်း၊ အညာမုန့် စသည့် မိမိတို့ ယာမှထွက်သော အသီးအနှံဟင်းနှင့် အညာအစားအသောက်များသာ လှူဒါန်းလေ့ရှိရာ သားငါးမကြိုက်သော သားကိုရင်အဖို့ အဆင်ပြေလျက်ရှိသည်။ ဆွမ်းဦးဖယ်လျက် ကျောင်းဝေယျာဝစ္စပြုနေချိန်တွင် အပေါ်ဆုံးထပ်မှ ဆရာတော်ဘုရားကြီး၏ ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်လျက်ရှိသော အသံတော်မှာ အထူးပင် ကြည်နူးဖွယ်၊ ကြည်ညိုဖွယ်ကောင်းလှကြောင်း သားက ပြောပြသည်။

စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းလိုက်ကြသော ဆွမ်း၊ ဆွမ်းဟင်းနှင့် မုန့်များမှာ သပိတ်နှင့်အပြည့်ရှိသဖြင့် ကိုရင်တို့၏ ဝမ်းအတွက်သာမက ကျောင်းသားများပင် အဝစားကြရသည်။ (သပိတ်တွင်းမှ ရိုးရိုးမျှဖြစ်၍ သန့်ရှင်း လတ်



ဆတ်သော အညာမြေမှ အစားအသောက်များကို ယနေ့တိုင် သတိရ နေမိသေးကြောင်း သား... ပြောဆို တသလျက် ရှိပေသည်။)

ဆွမ်းဘုဉ်းပေးပြီးသည်နှင့် အနီးရှိ ဝါဆိုကျောင်းတွင် ခေတ္တနားရင်း ပုတီးစိပ်ရသည်။ ပြီးလျှင် တောင်ဦးစေတီသို့ သွား၍ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ ပရိတ်တော်များ ရွတ်ဖတ်ခြင်းဖြင့် ညနေစောင်းသွားတော့သည်။ ရေမိုးချိုး ကိုယ်လက်သန့်စင်ပြီးနောက် ညမိုးချုပ်ချိန်တွင် တောင်ဦးစေတီသို့ တစ်ဖန်သွား၍ ပရိတ်ရွတ် ပုတီးစိပ်ကြရပါသည်။ ဦးပဥ္စင်းငယ်ဖြစ်စေ၊ ကိုရင်ဖြစ်စေ၊ ကျောင်းသားဖြစ်စေ၊ တစ်ဦးဦးမှာ သားကိုရင်နှင့် အဖော်လိုက်၍ ဘုရားရှိခိုးခြင်း၊ ပရိတ်ရွတ်ခြင်းများ ပြုပေသည်။

မှတ်မိသေးသည်၊ တောင်ဦးတွင်ရှိသော စေတီ၏နောက်နားတွင် ကပ်လျက် ဇရပ်တစ်ဆောင်ရှိပြီး ဇရပ်နှင့်ကပ်လျက် ဗောဓိညောင်ပင်တစ်ပင်ရှိသည်။ ရဟန်းဒါယကာ ဒါယိကာမဖြစ်သော ကျွန်မတို့မှာ နေ့စဉ်ညဦးယံတွင် တစ်ကြိမ်၊ နံနက် ၄-နာရီတွင် တစ်ကြိမ် တောင်ဦးစေတီ၌ ဆီမီး၊ အမွှေးတိုင် စသည်ဖြင့် အမြဲမပြတ် ဆက်ကပ်လှူဒါန်း ပူဇော်လျက် ပဋ္ဌာန်းတော်များ ရွတ်ဖတ်ကြသည်။

ညဉ့်ဦးယံတွင် ဘုရားဝတ်ပြုရှိခိုးပြီး တောင်စောင်းမှ ပတ်ဝန်းကျင်ကို ရှုမျှော်ကြည့်မိသည်။ တောင်ဦးစေတီမှ သရက်မြို့ဘက်သို့ လှမ်းကြည့်လိုက်လျှင် သရက်ဘီလပ်မြေစက်ရုံမှ ထွန်း ထားသော မီးအလင်းရောင်မှာ ကောင်းကင်တွင် ဖြာလင်းလျက် ရှိသည်ကို တွေ့ရသည်။ အနီး အနား တောင်များတွင်လည်း ဟိုနား သည်နား

မီးရှို့ထားသဖြင့် မီးရောင်တလင်းလင်း၊ မီးခိုး တငွေ့ငွေ့ဖြင့် လမထွက်မီ ပတ်ဝန်းကျင် အမှောင်ထုကြားမှ ကွက်တိကွက်ကြား ထွန်းလင်းလျက်ရှိပေရာ ငယ်စဉ်က သင်ကြား ခဲ့ဖူးသော "တောခွင်၊ တောင်ထု၊ ပျော်ကြောင်း လှုသည်၊ တောင်သူ့မလေ့ ယာမီးကြွေ့သား" ဆိုသော စာဆိုအမော် ရှင်ဥတ္တမကျော်၏ တောလား ကဗျာကလေးကို ပြေး၍ သတိရမိ ပြန်သည်။

လပြည့်ကျော်ရက်များ ဖြစ်သဖြင့် လထွက် နောက်ကျ၍ နံနက် မိုးမလင်းမီ လေးနာရီအချိန် စေတီတော်သွားကာ ဘုရားဝတ်ပြုချိန်တွင် လမှာ ထိန်ထိန်သာလျက် ရှိနေဆဲ ဖြစ်သည်။ ဘုရား စေတီမှာ လရောင်နှင့် ဖွေးလျက်၊ ထီးတော်နှင့် စိန်ဖူး တော်မှာ တဖြတ်ဖြတ် ဝင်းလက်လျက်၊ တောင်ဦးတွင် ဖြစ်၍ အဆီးအတား မရှိ တိုက်နေသော လေနုအေးကြောင့် ဆည်း လည်းသံ ကလေးများမှာ သာတောင့် သာယာ မြည်လျက် ရှိသည်။

စေတီရင်ပြင်တစ်ခုလုံးမှာ ဆရာတော်ကြီး၏ တပည့်များ နေ့စဉ် ဝတ္တရားမပျက် လှည်းကျင်းထားသဖြင့် သန့်ရှင်းစွာ လရောင်အောက်တွင် ဖွေးလျက်ရှိသည်။ ရွက်ဟောင်းကြွေချိန် ဖြစ်၍ အမျိုးအမည် မသိခဲ့ရသော ရိုးတံကျဲနှင့် သစ်ပင်ကလေး တစ်ပင်မှာ မြတ်စေတီခြေတော်ရင်းတွင် ဝပ်စင်းခယ နေသယောင် ရှိတော့သည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ လေနုအေး၏ တိုက်ခတ်သံ၊ သစ် ရွက်လှုပ်သံ၊ ဆည်းလည်းသံမှတစ်ပါး တိတ်ဆိတ်ငြိမ်သက်လျက်



ရှိတော့သည်။ စေတီတော်ခြေရင်းတွင် လေကွယ်မည့် နေရာကို ရွေးချယ်လျက် ဖယောင်းတိုင်မီး၊ အမွှေးတိုင်တို့ဖြင့် မြတ်စေတီ အား ပူဇော်ကန်တော့ခြင်း ပြုသည်။ ပရိတ်တော်များကို တိုးတိုး ညင်သာ ရွတ်ဖတ်ကြရသည်မှာ ကြည်ညိုသဒ္ဒါစိတ် ထက်သန်မှု ပိုစေပြီး စိတ်နှလုံးအေးချမ်းလှသည်။

ပရိတ်တော်များ ရွတ်ဖတ်ရင်း၊ ပုတီးစိတ်ရင်းဖြင့် တဖြည်း ဖြည်း အရုဏ်ကျင်း၍ လင်းရောင်ပျိုးလာရာ ဘာသာဘာဝ ငှက်မျိုးစုံ၏ တေးဆိုသံ၊ သစ်ကိုင်းများပေါ်တွင် ဆင်းလိုက် တက်လိုက်ဖြင့် ပြေးလွှားဆော့ကစားနေကြသော အမြီးဖွားဖွားနှင့် ရှဉ့်ကလေးများ၏ အော်မြည်သံတို့ဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး နိုးကြား လှုပ်ရှားလာတော့သည်။ ဧရာဝတီမြစ်ပြင် တစ်ဖက်ကမ်း ဆီမှ နေမင်း၏ ရှေ့တော်ပြေး ရောင်ခြည်တန်းမှာ နီရောင် ဝါရောင် ငွေရောင်ဖြင့် တရွှေ့ရွှေ့ ထွန်းလင်းတောက်ပလာသည်။ မကြာမီ ပတ္တမြားလုံးကြီးသဏ္ဌာန် နီရဲရဲနေမင်းကြီးမှာ မြစ်ရေကို မျက်နှာစာပြုလျက် တစ်စတစ်စ ထွက်ပေါ်လာတော့သည်။ ဧရာဝတီ မြစ်ပြင်တွင် အရိပ်ထင်ဟပ်သဖြင့် အရှေ့ရပ် တစ်ခွင်တွင် နေနှစ်စင်း ထွက်ပေါ်သည့်နှယ် ကြည့်ရှု၍ မငြီးနိုင်အောင် ရှိတော့သည်။

တောင်ပေါ်တွင် အနည်းဆုံး ရှစ်ပါးသီလ စောင့်ထိန်းခြင်း၊ တရားမှတ်ခြင်း၊ ပရိတ်ရွတ်ခြင်း၊ ပုတီးစိပ်ခြင်းဖြင့် ကုသိုလ် တရားများ ပွားများစေနိုင်ခဲ့ပါသည်။ တစ်ခါတစ်ရံ ညောင်းညာ သည့်အခါ ကျောင်း၏အနီး ပတ်ဝန်းကျင်ကို လှေလာကြည့်ရှု မိသည်။ မြောက်ရုံ၏နောက်ဘက်တွင် ခုနစ်ရက်သားသမီးအတွက်

ဆရာတော်ဘုရားကြီးက ဖောမိညောင်ပင် ခုနစ်ပင်ကို ခုနစ်နေရာခွဲ၍ စိုက်ပျိုးထားသည်ကို တွေ့ရသည်။ ဘေးရန်ကင်းသောနေရာဖြစ်၍ သစ်တောက်ငှက်၊ ချိုးငှက်၊ ဥဩငှက် စသော ကျေးငှက် သာရကာတို့၏ အသံကလေးများမှာ သာယာနာပျော်ဖွယ်ရှိလှသည်။

ဆရာတော်ဘုရားကြီးသည် ကျေးငှက်ကလေးများ သောက်သုံးရန် ဖောမိပင်များ အနီးတွင် ရေများ ဖြည့်ထားစေသည်ကိုလည်း တွေ့ခဲ့ရပေသည်။ တောင်ဆင်းလမ်း၏ ဘေးတစ်ဖက်တစ်ချက် မြေသားနံရံတွင် အနုအရင့်အရောင် အမျိုးမျိုးရှိသော ကျောက်တုံးကြီးငယ်များကို တွေ့ရပေရာ အမှတ်တရ အိမ်သို့သယ်ဆောင်သွားရန် ကောင်းနိုးရာရာ ကျောက်တုံး အနည်းငယ်ကိုပင် ကောက်ယူ ထားလိုက်ပါသေးသည်။ သာယာအေးချမ်းလှသော ဤတောင်၊ ဤနေရာ၊ ဤဒေသသည် အောင်ရပ်ဌာနေ အောင်မြေ အစစ်အမှန် ဖြစ်ခဲ့ရသည်မှာ အံ့ဩဖွယ်ရာမဟုတ်တော့ပါ။

* * *

အခန်း(၁၈)

## ဆရာတော်ဘုရားကြီးအား ပြန်လည်ဖူးမြော်ခြင်း

နွေရာသီ အပူရှိန်အောက်တွင် ခရီးပြင်း နှင်ခဲ့ရသဖြင့် စာရေးသူမှာ ပင်ပန်း နွမ်းနယ်လျက် ရှိသည်။ အောင်လံသို့ရောက်သောအခါ၌ စာရေးသူတို့ ငယ်ငယ်ကတည်းက ကွဲကွာသွားကြသော အစ်မတော်စပ်သူ ဒေါ်ခင်ကြွေနှင့် ဦးဟူဒိုင်တို့က ဝမ်းသာအားရ ဆီးကြိုကြလေသည်။ သူတို့အိမ်တွင် ခေတ္တနားစဉ် စာရေးသူက ချက်ချင်း တစ်ဖက်ကမ်းသို့ ကူးချင်သည်။ ဆရာတော် ဘုရားကြီးအား အမြန် တွေ့ဆုံ ဖူးမြော်လိုစောကပြင်းထန်လျက်ရှိသည်။ ညနေ ၂–နာရီ အညာနေမှာ ချစ်ချစ်တောက် ပူးပြင်းလျက်ရှိသဖြင့် ဒေါ်ခင်ကြွေတို့က ခေတ္တနားပြီးနေအေးမှ ကူးပါဆိုသဖြင့် သူတို့အိမ်တွင် ခေတ္တနားကြသည်။

ဦးဟုဒိုင် ဒေါ်ခင်ကြွေတို့မှာ ရန်ကုန်မှ လာသမျှ လူကို သူတို့အိမ်တွင် ခေတ္တစခန်းချစေပြီးမှ တစ်ဖက်ကမ်းသို့ ပို့ပေးနေကျဖြစ်သည်။

ညနေစောင်း ၄–နာရီခန့်၌ လှေကြီးနှစ်စင်းကို စင်းလုံးငှားပြီး အောင်လံမှ ဧရာဝတီမြစ်ကို ဖြတ်ကူး၍ သရက်သို့အရောက် သွားကြလေသည်။ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း သရက်မြို့အနီး သဲသောင်စပ်တွင် လှေဆိုက်ကာ ပစ္စည်းများကို လှည်းနှင့်တင်ပြီး လူများမှာ ကုန်းကြောင်းလျှောက်၍ ဆရာတော်ဘုရားကြီး သီတင်းသုံးရာ တောင်ပေါ်သို့ တက်ကြလေသည်။ စာရေးသူမှာ သမီးငယ်လေး တင်မိုးအောင်နှင့် အတူ လှည်းတစ်စီးဖြင့် သွားကြသည်။ လမ်းမှာ အတက်အဆင်းများ၍ ဆိုးလှသဖြင့် လှည်းသမားနှင့်အတူ မကြာခဏ ဆင်းတွန်းရလေသည်။ စာရေးသူမှာ ကလေးကို လှည်းပေါ်တင်ပြီး နောက်က လျှောက်လိုက်ရသည်က များသည်။ တောင်ခြေရောက်သောအခါ၌ စိတ်အတွင်းတွင် နှစ်သိမ့်အေးငြိမ်း ချမ်းသာခြင်းတစ်ရပ်ကို ခံစားရသည်။ ဆရာတော်ဘုရားကြီး၏ မေတ္တာဟိန်းတန်များကို ခံစားရသည်ဟု ထင်မိသည်။ တောင်ပေါ်ရောက်သောအခါ၌ တောင်ကြောအတိုင်း လျှောက်သွားကာ ဆရာတော်ဘုရားကြီးကျောင်းဆီသို့ မျှော်ကြည့်မိသည်။ ကျောင်းတိုက်ကြီးတစ်ခုလုံးမှာ တိတ်ဆိတ် ငြိမ်သက်လျက်ရှိပြီး တံခါးအားလုံးပိတ်ထားသည်ကို တွေ့ရသည်။

လုံခြုံခြင်း၊ တိတ်ဆိတ်ငြိမ်သက်ခြင်းက ကျောင်းတိုက်ကြီး တစ်ခုလုံးကို စိုးလျက်ရှိသည်။ ကျောင်းတိုက်ဝင်း အတွင်းရှိသော



အသားမဲ ကိုရင်ကလေးတစ်ပါးကို စာရေးသူက "ဆရာတော်ဘုရားကြီး ရှိပါသလား"ဟု မေးလိုက်သည်။ ကိုရင်က "ဆရာတော်ဘုရားကြီး ကျောင်းတိုက်ထဲမှာ ရှိပါတယ်၊ ဒီနေ့တော့ တစ်ကြိမ်မှ ထွက်မလာသေးဘူး"ဟု ပြောသည်။

ကျောင်းတိုက်တံခါးအဝင်ဝတွင် မတ်တတ်ရပ်၍ လက်အုပ်ချီကာ စိတ်ဖြင့် "တပည့်တော်တို့ ရောက်လာကြပါပြီဘုရား" ဟု ကျောင်းတိုက်ကြီးသို့ မျှော်ကြည့်ကာ လျှောက်လိုက်သည်။ ခေတ္တမျှ ကြာသောအခါ ကျောင်းတိုက် ပထမထပ်မှ တံခါးတစ်ချပ်ပွင့်လာပြီး ဆရာတော်ဘုရားကြီးကို ဖူးမြင်လိုက်ရသည်။ ဆရာတော်ဘုရားကြီးက "မင်းဆွေအောင်တို့လား ဟေ့၊ အေးမင်းတို့ ရောက်လာကြပြီ မဟုတ်လား၊ နားကြဦး ငါ ညမှ ခေါ်မယ်" ဟု အမိန့်ရှိကာ တံခါးပြန်ပိတ်သွားလေသည်။ စာရေးသူလည်း ဇရပ်သို့ ပြန်လာကာ ကိုယ်လက်သုတ်သင် ခြေဆေးပြီး ခေတ္တအနားယူကာ ညနေစာ စားသောက်ရန် စီစဉ်ကြသည်။

ညနေစာ စားသောက်ပြီးနောက် တောင်ပေါ်အနီးအနား ပတ်ဝန်းကျင်တွင် နာရီဝက်ခန့် လှည့်လည်လေ့လာပြီး ဇရပ်သို့ ပြန်လာကာ မိသားစုနှင့်အတူထိုင်၍ စကားပြောကြသည်။ ည ၇–နာရီခန့်တွင် စောစောကတွေ့သော ကိုရင်မဟူရာက ဆရာတော်ဘုရားကြီး ခေါ်နေပြီဖြစ်ကြောင်း လာ၍ ပြောကြားသည်။ မိသားစုအားလုံးနှင့် ရန်ကုန်မှ လိုက်လာသော ရင်းနှီးသည့် မိတ်ဆွေအားလုံးနှင့်အတူ ဆရာတော်ဘုရားကြီး ကျောင်းပေါ်သို့ လိုက်

တက်သွားကြသည်။ မှောင်စပျိုးချိန်ဖြစ်သဖြင့် တောင်ပေါ်မှ မီးစက်ကလေးတစ်ခုမှ တထုတ်ထုတ်နှင့် မြည်လာပြီး တောင်ပေါ်ရှိ ကျောင်းတိုက် ဇရပ်များတွင် တပ်ဆင်ထားသော မီးလုံးများမှာ ခပ်မှိန်မှိန်လင်းလာသည်။

ကျောင်းတိုက်အပေါ်ထပ်ရှိ တပည့်ညှိသည်များကို လက်ခံတွေ့ဆုံသော အခန်းထဲတွင် တည်ကြည်ငြိမ်သက်စွာ ထိုင်နေတော်မူသော ဆရာတော်ဘုရားကြီးကို တွေ့ဆုံဖူးမြော်ရသည်။ စာရေးသူတို့ ထိုင်၍ ဝတ်ဖြည့်လိုက်သောအခါ ဆရာတော်ဘုရားကြီးသည် ခပ်ပြုံးပြုံး တစ်ချက်မျှ စိုက်ကြည့်ပြီး "အေး–မင်းက သိပ်မလောနဲ့၊ တရားလုပ်ငန်းဆိုတာ သိပ်လောလို့ ရတာမဟုတ်ဘူး၊ ကလေးတွေကလဲ ငယ်သေးတယ်၊ လူမှုကိစ္စ လုပ်ငန်းတာဝန်ဆောင်ရွက်စရာတွေကလဲ ကျန်သေးတယ်"ဟု အမိန့်ရှိလိုက်လေသည်။

ဆရာတော်ဘုရားကြီးသည် စာရေးသူစိတ်ထဲတွင် ဖြစ်ပေါ်ခံစားနေရသည်များကို သိနေသည့်အလား အထက်ပါအတိုင်း ဆုံးမတော်မူနေခြင်းဖြစ်သည်။ စာရေးသူ၏ တူတစ်ယောက်မှာ ဆံပင်ရှင်စုတ်ဖွားဖြင့် ပါလာသူဖြစ်သည်။ ဆရာတော်ဘုရားကြီးက သူ့ကိုကြည့်ပြီး "ဟော့ကောင် မင်းဆံပင်ကလဲ ရှည်လှချည့်လား၊ သရဲရုပ်ပေါက်နေတာပဲ၊ မင်းတို့ကောင်တွေက မသေခင်ထဲက သရဲဖြစ်နေကြတဲ့ ကောင်တွေ" ဟု ဆုံးမပြီး နောက်တစ်နေ့နံနက်တွင် ဆံပင်ရှည်ကို ဖြတ်ပစ်ရန် မိန့်ကြားလေသည်။ ဆရာတော်ဘုရားကြီး ဆုံးမမှုဟူသမျှသည် သူ့ဓိပ္ပာယ်နှင့်သူရှိကြကြောင်း



စာရေးသူ ရေးမဆွကပင် သိရှိခဲ့ရသည့်အလျောက် အာရုံစိုက်၍ နားထောင်နေသည်။

ဆရာတော်ဘုရားကြီးသည် လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး စသည်တို့နှင့်ပတ်သက်၍ တရားဓမ္မလမ်းကြောင်းများနှင့် ယှဉ်ပြီး ဆုံးမဩဝါဒပေးတော်မူသည်။ ရှင်ပြုမည့်သားငယ်အား ဦးပဥ္စင်းတစ်ပါးကိုအပ်ပြီး ရန်ကုန်က လေ့ကျင့်ခဲ့သော သင်္ကန်းတောင်း၊ ၁၀–ပါးသီလ၊ ရှင်ကျင့်ဝတ် စသည်တို့ကို နားလည် သဘောပေါက်မှု ရှိမရှိ စစ်ဆေးမေးမြန်းကာ အပ်နှံသည်။ "အေး–ကလေးက ငယ်တော့ သူ နားမလည်တာ မသိတာရှိရင် ထပ်သင်ပေးလိုက်" ဟု ဦးပဥ္စင်းကို ညွှန်ကြားလိုက်၏။ အထူးသဖြင့် စာရေးသူမှာ ဆရာတော်ဘုရားကြီးနှင့် တွေ့ဆုံဖူးမြော်ရခြင်း မရှိသည်မှာ ၁၂–နှစ်ခန့်ရှိပြီဖြစ်၍ ယခု သားရှင်ပြုမှပင် ပြန်လည်ဆုံတွေ့ကြရသဖြင့် အလွန်တစ်ရာ ဝမ်းမြောက်ကြည်နူးလျက်ရှိသည်။

အချိန်မှာ တဖြည်းဖြည်းညဥ့်နက်လာပြီး ညသန်းကောင်ယံသို့ နီးကပ်လာပြီဖြစ်သည်။ ထိုစဉ် ဆရာတော်ဘုရားကြီးက စာရေးသူဘက်လှည့်ပြီး "အေး–ငါ ရန်ကုန်မကြွတာ ဘယ်လောက် ကြာပြီလဲဆိုတာ မင်း သိသားပဲ၊ ဒီမှာ တစ်ပါတည်းတောရဆောက်တည်နေတာတောင် ငါ့မှာရှိတဲ့ အလုပ်တွေဟာ များလွန်းလို့ မပြီးနိုင်ဘူး၊ ကမ္မဋ္ဌာန်းတရားအားထုတ်တဲ့ လုပ်ငန်းဆိုတာ ဘယ်တော့မှ လွယ်လွယ်နဲ့ မဖြစ်ဘူး၊ ကြီးမားတဲ့ ဇွဲလုံ့လဝီရိယနဲ့ လုပ်ဆောင်ရတယ်"

"ငါ့မှာ သူငယ်ချင်းသုံးပါးရှိတယ်၊ မန္တလေးမှာ စာသင်လို့ ပရိယတ္တိလုပ်ငန်းပြီးတဲ့အခါမှာ သက်န်းတစ်ထည်၊ သပိတ်တစ်လုံးနဲ့ တောရဆောက်တည်ခဲ့တာ ယခုအချိန်ထိပဲ၊ ငါ့သူငယ်ချင်းအချို့ကတော့ မြို့ကျောင်းတွေမှာ နေခဲ့ကြတယ်၊ မင်းတို့ ခေတ်စကားနဲ့ပြောရရင် သူတို့ကတော့ မြို့ခိုတယ်ပေါ့ကွာ၊ ငါကတော့ တောခိုခဲ့တာ ယခုအချိန်အထိပဲ၊ ငါ ဘယ်လောက်ခက်ခက်ခဲခဲ ကျင့်ကြံအားထုတ်ခဲ့ရတယ်ဆိုတာ မင်းလဲ သိတန်သလောက် သိပြီးပြီပဲ၊ အထူးပြောနေစရာ မလိုဘူး"

"လူတွေဟာ ကိုယ့်လုပ်ချင်တာကို စိတ်ဆောပြီး လုပ်လို့ မရဘူး။ ဘဝဆက် ပါရမီရှိသလို ဆောင်ရွက်ကြရတယ်၊ ကိုယ့်အကြောင်းက ဘယ်လိုဖန်လာတယ်ဆိုတာ တစ်နေ့တော့ သိလာကြလိမ့်မယ်၊ ဘဝဆက် ပါရမီအရ ဒီနေရာကိုရောက်လာပြီး လောကုတ္တရာလုပ်ငန်းတွေလုပ်ရင်း ပါရမီဖြည့်နေရတာပဲ"ဟု ပြောကာ ဆရာတော်ဘုရားကြီးသည် အဝေးတစ်နေရာဆီသို့ မျှော်ကြည့်ရင်း ခပ်ပြုံးပြုံးထိုင်နေတော်မူသည်။

ဆရာတော်ဘုရားကြီးအမိန့်ရှိသော အကြောင်းဖြစ်ရပ်များမှာ ပညာစကားများပါဝင်ပြီး အလွန်အဓိပ္ပာယ်ရှိလှပေသည်။ အချို့ကိစ္စများတွင် ဉာဏ်မီသလိုသာ စဉ်းစားဆင်ခြင် သိနိုင်ကြပေသည်။

ဆရာတော်ဘုရားကြီးမှာ ဝိနည်းသိက္ခာပုဒ်ကိုအထူးတိကျစွာ လိုက်နာကျင့်ကြံသော ပုဂ္ဂိုလ်သူမြတ်တစ်ပါးဖြစ်သည်။ တပည့်များကို ဆုံးမရာ၌လည်း မဟုတ်တရုတ်လုပ်လာသူများ ဖြစ်ပါက



ချက်ချင်း သိပြီးအသက် ရာထူး ကြီးငယ် မရွေး ပြတ်ပြတ်သားသား ပြောဆို ဆုံးမတတ်သည်။ ညွှန်ကြားဆုံးမချက်များကို မလိုက်နာသူများကိုလည်း ပွင့်ပွင့်လင်းလင်း တိုက်ရိုက်ဆုံးမတတ်သဖြင့် အချို့လူများမှာ ဆရာတော်ဘုရားကြီး အနားသို့ မကပ်ရဲကြ၊ ဝေးဝေးက ရှောင်ကြသည်။

ဆရာတော်ဘုရားကြီးသည် တပည့်များအပေါ် သားသမီးအရင်းကဲ့သို့ သဘောထားပြီး အစစအရာရာ သည်းခံကာ စိတ်ရှည်လက်ရှည် ညွှန်ကြားဆုံးမတတ်သည်။ စည်းကမ်းနည်းလမ်းအတိုင်း မဆောင်ရွက်သူ၊ မလိုက်နာသူ တပည့်များကိုလည်း မျက်နှာသာ မပေး၊ ခပ်ပြတ်ပြတ်ဆုံးမတတ်ပေသည်။ သို့အတွက် စည်းကမ်း မလိုက်နာနိုင်သူ တပည့်များမှာ ရှောင်တတ်ကြကြောင်း စာရေးသူက ဖော်ပြရေးသားခြင်း ဖြစ်သည်။

ဆရာတော်ဘုရားကြီးသည် သန်းခေါင်းကျော် ၁–နာရီခန့်တွင် ကိုရင်လောင်းကို နံနက် ၁၂–နာရီ နေမွန်းမတည့်မီ ဆံချထားရန် မိန့်ကြားပြီး စာရေးသူတို့အား ပြန်လွှတ်လိုက်လေသည်။ စာရေးသူတို့လူသိုက်လည်း ဇရပ်သို့ပြန်ကာ အိပ်စက်အနားယူကြသည်။ တောင်ပေါ်တွင် ထွန်းထားသော ဓာတ်အားပေးစက်ငယ်ကလေး၏ ရပ်နားသွားသံကို ကြားလိုက်ရပြီး တစ်တောင်လုံး မှောင်မဲတိတ်ဆိတ်လျက်ရှိသည်။

ညအချိန်တွင် တောကောင်အချို့၏ အော်သံကို တစ်ခါတရံ ကြားရသည်။ နောက်တစ်နေ့နံနက်စောစောတွင် အိပ်ရာမှ ထပြီး ဇနီးဖြစ်သူနှင့်အတူ တောင်ဦးစေတီသို့သွားကာ ဖယောင်းတိုင်၊

အမွှေးတိုင်များ ပူဇော်လျက် ဘုရားဝတ်ပြုခြင်း၊ ပုတီးစိပ်ခြင်း ပြုလုပ်၍ နံနက် ၆–နာရီမှ ဇရပ်သို့ပြန်လာကာ နံနက်စာ စားကြသည်။ တောင်ပေါ်မှာ လမ်းလျှောက်ရင်း ဆရာတော်ဘုရားကြီး သီတင်းသုံးသော ကျောင်းတိုက်ကြီးသို့ မော့်ကြည့်ရာ တံခါးများ အလုံပိတ်ထားသည်။ အေးချမ်းငြိမ်သက်လျက်ရှိသည့် နံနက်ခင်းတွင် ဆရာတော်ဘုရားကြီးအမိန့်ရှိထားသည့်အတိုင်း ကိုရင်လောင်းအား ဓမ္မာရုံထဲတွင် ကိုရင်မဟူရာနှင့် ဦးပဥ္စင်းတစ်ပါးက ဆံချပေးလေသည်။

နံနက်ပိုင်းတွင် ဆရာတော်ဘုရားကြီးအတွက် ဆွမ်းဆက်ကပ်ပြီးသောအခါ ရန်ကုန်က ဝယ်လာသော လှူစရာများကို လှူရန်ရှိဖြစ်ကြောင်း လျှောက်ထားလေရာ "ငါ မအားသေးဘူးကွ၊ မင်းတို့နဲ့လဲ မတွေ့နိုင်သေးဘူး၊ ဆွမ်းကပ်ပြီး ပြန်ကြ၊ ညနေ လောက်မှ ငါ ပြန်လာမယ်" ဟု ပြောသဖြင့် ဆွမ်းကပ်ပြီး ပြန်ဆင်းခဲ့ရလေသည်။

ညနေ သုံးနာရီခန့်၌ ဓမ္မာရုံထဲတွင် ထိုင်၍ ပုတီးစိပ်နေသည်။ ဆရာတော်ဘုရားကြီးက ခေါ်သည်ဆိုသဖြင့် ဇနီးဖြစ်သူနှင့်အတူ ကျောင်းတိုက်ကြီးအပေါ်သို့ ခပ်သွက်သွက်တက်သွားသည်။ ဆရာတော်ဘုရားကြီးမှာ သက်န်းညိုကြီးကိုဝတ်ထားပြီး ချွေးတစ်လုံးလုံးနှင့် ရှိနေသည်ကို တွေ့ရသည်။ စာရေးသူမှာ ဆရာတော်ဘုရားကြီး ဘာတွေများ လုပ်နေသလဲဟု သိလိုစိတ်ဖြင့် စူးစမ်းသော အကြည့်နှင့် ကြည့်လိုက်သည်။ ဆရာတော်ဘုရားကြီးသည် စာရေးသူကို ခပ်ပြုံးပြုံးကြည့်ပြီး "ဟော့–ကလေးရှင်လောင်းကို မွှန်းမတည့်ခင် ဆံချပြီးရဲ့လား" ဟု မေးလိုက်သည်။ ထိုစဉ် ကတုံးနှင့် ကိုရင်လောင်းကလည်း ကျောင်းတိုက်ပေါ်သို့ လိုက်တက်လာသည်။

ရှင်ပြုရန်အတွက် ရန်ကုန်မှ ဝယ်လာသော သင်္ကန်းများ၊ မျက်နှာသုတ်ပဝါများ စသည့် ရဟန်းအသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ကုန် ဆွမ်းဆန်စိမ်းများကို ယခုပဲ လှူပါရစေဘုရားဟု လျှောက်လိုက်သည်။ ကျောင်းအောက်ထပ်သို့ဆင်းကာ ပါလာသောလူသိုက်နှင့် လှူဖွယ်ပစ္စည်းများကို တောင်းကြီး တောင်းငယ် ဗန်းကြီးဗန်းငယ်များနှင့် ကျောင်းတိုက်ပေါ်သို့ တင်ကြလေသည်။ စာရေးသူသည် သင်္ကန်းကိုးစုံထည့်ထားသော ဗန်းကြီးကို သယ်ဆောင်လာစဉ် ဇနီးဖြစ်သူက သားကိုရင်အတွက် ပရိက္ခရာထည့်ထားသော ဗန်းကို ရွက်ကာ တက်ခဲ့ပြီး ဆရာတော်ဘုရားကြီး လက်ဝဲဘက်ဘေးရှိ သစ်သားကွပ်ပျစ်ပေါ်တွင် ချထားသည်။ အခြား ပါလာသော မိတ်ဆွေသူငယ်ချင်း အမျိုးများကလည်း တစ်ယောက်တစ်လက်ဖြင့် ပစ္စည်းများကို ဝိုင်းဝန်းကူညီ သယ်တင်ပေးကြလေသည်။

ဆရာတော်ဘုရားကြီးသည် စာရေးသူတို့၏ လှုပ်ရှားမှုများကို ကြည့်ကာ စကားတစ်ခွန်းမျှ မမိန့်ကြားဘဲ ကုလားထိုင်ကြီးပေါ်တွင် ခပ်ပြုံးပြုံး ငြိမ်သက်စွာ ထိုင်နေတော်မူသည်။ လှူဖွယ်ပစ္စည်းများကို သယ်တင်ပြီးနောက် ဆရာတော်ဘုရားကြီးရှေ့၌ ထိုင်ကာ ဝတ်ဖြည့်လိုက်သည်။ ဆရာတော်ဘုရားကြီးသည် လှူဖွယ်ပစ္စည်းများကိုကြည့်ပြီး "မင်းတို့လှူစရာတွေက များလှချည်းလားကွ၊ ငါ ဒါတွေ မလိုပါဘူး၊ ငါ့မြေး ရှင်ပြုဖို့ဟာလဲ

ငါ့မှာ ပရိက္ခရာအစုံရှိပါတယ်၊ မင်းတို့ဝယ်လာဖို့ မလိုပါဘူး”ဟု အမိန့်ရှိကာ စာရေးသူတို့လှူသိုက်ကို အကဲခတ်ကြည့်လိုက်သည်။

“အေးလေ၊ မင်းတို့စေတနာကလဲ စေတနာပဲပေါ့လေ၊ ဒါတွေ အကုန်လုံး ငါ ပြန်လှူပစ်မှာပဲ”ဟု အမိန့်ရှိလိုက်သည်။ “မှန်ပါ့ဘုရား၊ ဆရာတော်ဘုရားကြီး အလိုရှိရာ ပြန်လည်စွန့်ကြဲနိုင်ရန်အတွက် စေတနာသုံးတန် ပြဋ္ဌာန်းပြီး တပည့်တော်က လှူခြင်းဖြစ်ပါတယ်”ဟု လျှောက်ထားလိုက်ကာ ပစ္စည်းအားလုံးကို လှူဒါန်းလိုက်လေသည်။ ဇနီးဖြစ်သူကလည်း လိုက်လံဝတ်ဖြည့် လှူဒါန်းသည်။ ထိုကဲ့သို့ လှူဒါန်းလိုက်ရခြင်းအတွက် စိတ်ထဲတွင် အတိုင်းမသိ ဝမ်းမြောက်ကြည်နူးမှု ဖြစ်ပေါ်ခံစားရသည်။ ကျောင်းမျက်နှာကြက်မှ အိမ်မြှောင်စုတ်ထိုးသံကို အဆက်မပြတ်ကြားလိုက်ရသည်။ ဆရာတော်ဘုရားကြီးက ဆုံးမဩဝါဒ အနည်းငယ်ပေးပြီး နက်ဖြန်တွင် ကိုရင်လောင်းကို သင်္ကန်းဆီးမည့်အကြောင်း မိန့်ကြားသည်။ စာရေးသူကလည်း ဝတ်ဖြည့်ကာ ကျောင်းတိုက်ပေါ်မှ ဆင်းခဲ့ကြသည်။

နောက်တစ်နေ့ ၁၇-၃-၇၆ နေ့ နံနက် ၆-နာရီခန့်တွင် စာရေးသူတို့လည်း မွှာရုံထဲ၌ ကိုရင်လောင်းကို သင်္ကန်းဆီးရန် ပြင်ဆင်နေကြသည်။ ဆရာတော်ဘုရားကြီးသည် တောင်ဝှေးကြီးတစ်ချောင်းနှင့် တိုက်ကျောင်းကြီးအပေါ်မှ ဆင်းကြွလာသည်။ မွှာရုံအဝသို့ ရောက်ရှိလာမှ စာရေးသူတို့က သတိပြုမိသည်။ မွှာရုံအတွင်း ခေတ္တကြွဝင်လာပြီး “ဟော့-ကိုရင်လောင်းကို သင်္ကန်းဆီး ဖို့ အဆင်သင့်လုပ်ထား၊ တောင်ဦးကို ခေတ္တသွားပြီး အခုပဲ ပြန်လာမယ်” ဟု အမိန့်ရှိလေသည်။ စာရေးသူက



ဆရာတော် ဘုရားကြီးနောက်က လိုက်သွားရန် စိတ်ကူးသော်လည်း ဆရာတော် ဘုရားကြီးက လိုက်စေလိုသောဆန္ဒ ရှိပုံမရ၊ မခေါ်သဖြင့် မွှာ ရုံတွင်း၌ နေခဲ့ကာ ကိုရင် သင်္ကန်းဆီးဖို့အတွက် စီစဉ်ဆောင် ရွက်လျက်ရှိသည်။

ထိုနေ့က ထူးထူးခြားခြား ဆရာတော်ဘုရားကြီးဆင်းကြွလာသဖြင့် တောင်ပေါ်တွင်ရှိသော ကိုရင် မဟူရာသည်ပင် အံ့အားသင့်သွားသည်။ တောင်ပေါ်ရှိခွေးများမှာ တစ်ကောင်နှင့်တစ်ကောင် အသံပေးခေါ်၍ ဆရာတော်ဘုရားကြီးနောက်သို့ တန်းစီ၍ လိုက်သွားကြလေသည်။ ထိုစဉ်က တောင်ပေါ်တွင် ခွေးကောင်ရေ ကိုးဆယ်ခန့်ရှိမည်ဟု ထင်ရသည်။ မည်သူတစ်ဦးတစ်ယောက်၏ နောက်ကိုမှ ဤမျှ စည်းစည်းလုံးလုံး သောင်းသောင်းဖြဖြ လိုက်ကြသည်ကို မတွေ့မြင်ခဲ့ဖူးပေ။ တစ်ကောင်နှင့်တစ်ကောင် ကိုက်ခဲမာန်ဖီမှုမရှိဘဲ နားရွက်ကလေးများကုပ်ကာ အမြီးကလေးများ တနံ့နံ့ပြုလျက် ပြေးလိုက်သွားကြသည်။ ခွေးသတ္တဝါများကိုကြည့်ပြီး စာရေးသူမှာ အထူးအဆန်း မြင်ကွင်းတစ်ရပ်ဖြစ်၍ အံ့ဩခြင်း ဖြစ်မိလေသည်။

ထိုနေ့က စာရေးသူက ကိုရင်မဟူရာကို ဆရာတော်ဘုရားကြီးသည် ကျောင်းတိုက်ပေါ်မှဆင်း၍ တောင်ဦးသို့ မကြာခဏ ကြွတတ်သလားဟု မေးကြည့်သည်။ ကိုရင်က ကျောင်းတိုက်အပေါ်မှ အလွန်တရာ ဆင်းကြွခဲကြောင်း၊ ကြွသည်ဆိုပါကလည်း ကျောင်းဝင်း သံဆူးကြိုးအတွင်း၌သာ တစ်ခါတစ်ရံ ကြွတတ်ကြောင်း ပြောပြသည်။ တောင်ဦးစေတီသို့ ဆရာတော် ဘုရားကြီး ကြွသွားပြီး ဘာလုပ်သည်ကိုတော့ မမြင်လိုက်ရ၍ **မသိပေ။**

ခွေးများ၏ ထူးခြားချက်ကိုကြည့်ပြီး ဆရာတော်ဘုရား ကြီး၏ သီလ သမာဓိ ပညာနှင့် မေတ္တာဟိတ်တန်ခိုးများကို ကြီးမားမှု ပိုမိုနားလည်သဘောပေါက်လျက် ကြည်ညိုသဒ္ဓါ စိတ်များ ဖြစ်ရပေသည်။

နံနက် ခုနစ်နာရီခန့်တွင် တောင်ဦးမှ ဆရာတော်ဘုရားကြီး ပြန်ကြွလာပြီး ဓမ္မာရုံအတွင်းသို့ ဝင်လာသည်။ စာရေးသူတို့ ကလည်း အဆင်သင့် လက်အုပ်ချီ၍ စောင့်မျှော်ကန်တော့နေ ကြသည်။ ဆရာတော်ကြီးကိုယ်တိုင် ဉပဇ္ဈာယ်ပြု၍ ကိုရင်အား "ရှင်စန္ဒာ[illegible]ဏီ"ဟု ဘွဲ့ချီးမြှင့်တော်မူသည်။ ကိုရင်အား ဆွမ်းခံ ကြွရမည့်အကြောင်းနှင့် အခြားဆုံးမစကားများ မိန့်ကြားပြီး "အေး- ငါ ကြွဦးမယ်"ဟု ပြောကာ ကျောင်းတိုက်ကြီးရှိရာသို့ ပြန်လည် ကြွသွားတော်မူသည်။

စာရေးသူတို့ ဖနီးမောင်နှံမှာ နှစ်ရှည်လများ မျှော်မှန်း စိတ်ကူး ထားသော ရည်ရွယ်ချက်တစ်ခု အောင်မြင်သွားသဖြင့် စိတ်အေး ချမ်းသာဖြစ်သွားရသည်။ မိမိတို့၏ ချွေးနဲ့စာဖြင့် စင်ကြယ်စွာ စုဆောင်းထားသော ငွေကြေးများနှင့် သားကို ရှင်ပြုလိုက်ရသဖြင့် ကျေနပ်အားရခြင်း ဖြစ်မိသည်။

သား ကိုရင်ဖြစ်ပြီးနောက် ဇာလီတောင်ပေါ်၌ ကိုးရက်ခန့် နေထိုင်ပြီး စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ လျှို့ဝှက်နက်နဲသော အကြောင်း အရာ ဖြစ်စဉ်များကို လေ့လာအားထုတ်ရန် အချိန်ရရှိခဲ့သည်။ ဆရာတော်ဘုရားကြီး၏ ထူးခြားဆန်းကြယ်သော ဖြစ်စဉ်ဖြစ်ရပ် များနှင့် တရားဓမ္မပိုင်းဆိုင်ရာ နက်နဲသော ပညာများကို



စူးစမ်းလေ့လာရန် အခြေအနေက ပေးလာသည်။ နံနက်အရုဏ် မတက်မီ မှုန်မွှားသော လရောင်အောက်တွင် တောင်ဦးစေတီ သို့ တစ်ဦးတည်း ထွက်ခဲ့သည်။ လက်ထဲတွင် နှစ်တောင့်ထိုး လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်၊ မီးခြစ်နှင့် ဆေးပစ္စည်းအချို့ ထည့်ထားသော သေတ္တာငယ်ကလေးကို ယူဆောင်လာသည်။

တစ်တောင်လုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိပြီး လှုသံ တိရစ္ဆာန်သံများ ကင်းဝေးလျက်ရှိ၍ ပိုးမွှားပုရစ်ငယ်ကလေးများ၏ အော်မြည်သံကလေးများလောက်သာ တစ်ခါတစ်ရံ ကြားနေရ သည်။ လေမှ တရှိုက်ရှိုက်မြည်လျက် ပြင်းပြင်းနှင့်မှန်မှန်တိုက်ခတ်လျက် ရှိသည်။ တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလျက် တောင်ဦးစေတီမှ ဆည်းလည်းခေါင်းလောင်းသံကလေးများကို ကြားနေရသည်။ စေတီရင်ပြင်တွင် လက္ခယ်ရာအရပ်၌ ဖယောင်းတိုင်နှင့်အမွှေးတိုင် များကို ပူဇော်ကာ အရှေ့ဘက်သို့ မျက်နှာမူ၍ ပါလာသော အခင်းပေါ်တွင် ပဒ္မာ ကြ[illegible]ပွင့် သဏ္ဌာန် စနစ်တကျ ထိုင်လိုက် သည်။

ခန္ဓာကိုယ်၏ တည်ငြိမ်မှုရရှိလာသည်နှင့်အမျှ တဖြည်းဖြည်း စိတ်တည်ငြိမ်မှု ရရှိလာသည်။ ပျံ့လွင့်နေသော စိတ်အာရုံများကို တည်ငြိမ်အောင် ထိန်းချုပ်ပြီးနောက် ထွက်လေ ဝင်လေကို ဖြည်းဖြည်းနှင့် မှန်မှန် ရှူရှိုက်သည်။ ဩဒိသ မေတ္တာနှင့် အနောဒိသမေတ္တာများကို အဆင့်ဆင့် စနစ်တကျ ပို့လွှတ်သည်။ ငြိမ်းချမ်းသော ဘဝရှင်များ၏ ဒေသတွင် ငြိမ်းချမ်းသော တရားကို ရှာလိုသော ဆန္ဒမှာ ပြင်းပြလျက်ရှိနေခဲ့သည်။

ဆရာတော် ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်များကို အောက်မေ့ ဆင်ခြင်ကာ စိတ် ပိညာဉ်ဖြင့် ဦးညွတ် ကန်တော့ လိုက်မိသည်။

**သတ္တဝါများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။**

**မိုလ်မင်းဟံ**
၁၁၃၊ ခနသိဒ္ဓိလမ်း၊
ကမ္ဘာအေးစာတိုက်၊ ရန်ကုန်မြို့။
ဖုန်း [၆၁၂၉၀]

၂၇-၇-၈၀

**အထွေထွေ မှီငြမ်းပြုသော စာအုပ်များ**

| | |
|---|---|
| ၁။ ဓိနတ္ထပကာသနီကျမ်း | ကျီးသဲလေးထပ် ဆရာတော် |
| ၂။ သီရိမင်္ဂလာပရိတ်တော် | ဗုဒ္ဓသာသနာအဖွဲ့ |
| ၃။ စံပြတဆယ့်ငါးစောင်တွဲ | ပိဋကတ်တော် ပြန့်ပွားရေး |
| ၄။ နိကာယ်ငါးရပ် ပိဋကတ်အဖွင့် | ဓမ္မာစရိယ ဦးမောင်မောင်လေး |
| ၅။ စွန်းလွန်းဂူကျောင်းဆရာတော် ဘုရားကြီး၏ ထေရုပ္ပတ္တိအကျယ် နှင့် တရားတော်များ | လယ်တီမဏ္ဍိုင် |
| ၆။ မှန်နန်းမဟာရာဇဝင်တော်ကြီး | တည်းဖြတ်သူ ဦးနိုကြော |